
၁၉၅၂-၅၃-ခ

မြို့ခရိုင်-ပြည်တော်သာဖွဲ့

အောင်ကြော်ခဲ့သမျှ



Tanintharyi Gallery မှာ E book အဖြစ်ပြန်လည် ထုတ်ဝေသည်။

Tel. Address "YUSAING RANGOON"

Telephone. Central. 278-

THE MERGUI TRADING COMPANY,

GENERAL IMPORTERS. EXPORTES & COMMISSION AGENTS.

22-24 Phongyi Street, Rangoon (Burma).

မြိတ်ကူးသန်းရောင်းဝယ်ရေးကုမ္ပဏီ

သွင်းကုန် ထုတ်ကုန်နှင့် အထွေထွေ ကုန်သည်များ

မြိတ်ကုန် အမျိုးမျိုး ရနိုင်ပါသည်။

ဒိုင်ဂံတော် အမိုးနှင့် ကုန်သည်များ အတွက်

မြိတ်သယ်ယူပို့ဆောင်ရေးကုမ္ပဏီ

အာဇာနည်သိန်းကြေ ရောက်ဘာခြိများ

မြိတ်မှိုင် ကတ္တလူနှင့် ကုလားကျွန်းတွင်၌ ရောက်ဘာခြိများ

စကားပြောကြေးနန်း ၈တို ၂၇၀။

ကြေးနန်းလိပ်"ယုဖိုင်-ရန်ကုန်"စာတိုက်လိပ် ၂၂-၂၄ ဘုန်းကြီးလမ်း၊ ရန်ကုန်။

တာဝန်ခံ အယ်ဒီတာ-ဦးချစ်စိန်၊ မြို့မဟန်ထောက်ကြီး မြိတ်မြို့။

ရန်ကုန်မြို့၊ သုခမ္မဝတီ စာပုံနှိပ်တိုက်တွင် နိုက်နိုပ်ခြင်း၊

မြိတ်ခရိုင် ပြည်တော်သာအဖွဲ့

မြိတ်မြို့မှ ထုတ်ဝေသည်။

ပြည်တော်သာ ယဇ်ပလ္လင်ရှေ့ဝယ်
မိုးဦးတို့၏ ဒွေအား လူအား
အကြံဥာဏ်အား
ခေတနာအားတို့ကို တင်သွူပူဇော်နေကြ
သူများအား ဤစာစောင်ဖြင့်
ဂုဏ်ပြုပါသည်။

ဇီဇဝါ စာအုပ်တိုက်
၂၅၊ နံ့သာလမ်း၊ ဗဟန်းရပ်ကွက်၊
အလုံပြည်နယ်၊ ရန်ကုန်မြို့။
01-2316270, 09-965055335,
09-30005436, 03-787878335

သဝမပ-၅၄၃-၁




★ ★ ★

"မဟာဒေသာ ဧရှ့် ဆန်း မစသေသော ဆေးသမား ဘယ်မှာဦးမလဲ၊ ဘဲဥတောင့် စေတနာ ကောင်းနှင့် မှားသွားခဲ့ရင်၊ ဒိအမှား ဒေဝဒတ်ကို အမှုန်ဖြစ်အောင် နောက်မှ ပြင်ယူမယ်၊ အမှား မှား လုပ်ခဲ့ရင် စေတနာကောင်းနှင့်သာ လုပ်ပါ။ ငါးအမှားမှားဟာ တွေ့တွေ့ ခဝဲဝဲ ဦးတုံ့ ဦးတို့ ခြေကြော်ခြေကြော်လယ့်လယ့် ဖြစ်ပြီး၊ ဘာမှမလုပ်ဘဲ သိုင်းနေတာထက် အဆ ပေါင်း မနေ့မတ္တက် နိုးဒေးဝင် ဖိုးဒြို့ ကောင်းတယ်၊ ဘဲဝါခြောင့်.... သက်ဆိုင်ရာ ပြည်တော်သားလုပ်ငန်းများကို လုံ့လဝိုရိယခံခဲ့ခဲ့ခဲ့ခဲ့၊ စည်းစည်းလုံးလုံး၊ သဒ္ဓိသဒ္ဓိရှင်းရှင်း ဆောင်ရွက်ကြပါလေ- ပြည်တော်သားရေ့မည်။"

(၁၉၅၃-ခု ဇန္နဝါရီလ ၆-ရက်နေ့ ညက နိုင်ငံတော်ဝန်ကြီးချုပ်၏

အသံလွှင့် ကြေငြာ ပွဲနှင်ကြားချက်မှ)

ဗြိတိန်ခရိုင် ပြည်ကောက်သာစာစောင်
အဖွဲ့ဝင်လူကြီးများ




ရှေ့တန်းဝဲမှယာ — ဦးခေါ်ဇင် (သမဝါယမမှူးအုပ်) ဦးမြသန်း (ထောက်ပံ့ရေး အရာရှိ တွဲဘက် စာတည်း) ဦးညိုပု (ခရိုင်ဝန် စာစောင်နာယက) ဦးချစ်စိန် (မြို့မဝန်ထောက်ကြီး စာတည်း) ဦးရွှေအင် (အလုပ်မဲ့နေကျော)

နောက်တန်းဝဲမှယာ — ဦးရွှေတင် (ပန်းချီ တာဝန်ခံ) ဦးအေး မြင့် (စာစောင် အတွင်းရေးမှူး) ဦးဘခင် (လက်ထောက် အလုပ်မဲ့နေကျော) ဦးအေးခေါင် (ဓာတ်ပုံကာဒန်ခံ)

ထောင့်ပုံ — ဦးဆန်းတင် (တွဲဘက်စာတည်း)

၁၉၅၂-၅၃ ခု
ဒြာဇ်ခရိုင် ပြည်တော်သင်အဖွဲ့



ရှေ့တန်း-ဝဲမှယာ ဦးစိန်ဖေ (ခရိုင်အင်ဂျင်နီယာ) ဦးဘထွန်း (ဖ-ဆ-ပ-လ) ဦးညီပု (ဥက္ကဋ္ဌ-ခရိုင်ဝန်) ဦးချစ်စိန် (အတွင်းရေးမှူး-မြို့ဝေနလောက်ကြီး) ဦးသိန်း (မြို့မ ရဲဝန်ထောက်)

အလယ်တန်း-ဝဲမှယာ ဦးလှရွှေ (ထောင်ပိုင်) ဦးမြသန်း (ဝေဘက်ပံ့ရေးအရာရှိ) ဦးဖေသစ် (ခရမြေဘဏ်ဝန်ထောက်) ဦးဘိုကြီး (ဟုတ်ပြင်းမြို့ပိုင်) ဦးအေားမြင့် (ပြည်သူ့ဆက်ဆံရေးအရာရှိ) ဦးအုန်းကြွယ် (တနင်္သာရီမြို့ပိုင်) ဦးစန် (မြင်းဘရော့ပိုင်းမြို့ပိုင်) ဦးဘိုးရွှန် (ဖ-ဆ-ပ-လ) ဦးဘဦး (ဖ-ဆ-ပ-လ)

နောက်တန်း-ဝဲမှယာ ဦးသူစိန် (မြို့ပိုအနောက်ပိုင်မြို့ပိုင်) ဦးအေးမောင် (ဖ-ဆ-ပ-လ) ဦးတူးစိန် (ခဲဒိုလ်မှူး) ဦးသိန်းတင် (ခရိုင်မီးသတ်အရာရှိ) ဦးထွေး (တိုးရွာန် ဆေးကု ဒေါင်စပက်ဘော်) ဦးဘိုးမြင့် (သစ်ဆာဝန်ထောက်) ဦးသိန်းသန်း (ကော့သောင်း နယ်ပိုင်ဝန်ထောက်) ဦးသော်ဇင် (သမဝါယမမြို့အုပ်) ဦးဘိုးသိန်း (ဖ-ဆ-ပ-လ)

တိုင်း ပြည်တော်သာအာဇံ ဥက္ကဋ္ဌကြီး၏

ဥပေဒခေတ်

"ပြည်တော်သာရမည်"

ပြည်တော်သာရမည့် ကျွန်တော်တို့ နိုင်ငံတော်ကြီး သာသာ ရမည် ဟူသောစကား လုံးများသည် လွတ်လပ်ရမည် တန္ခစ်အတွင်း လွတ်လပ်ရမည့် ဟူသော ပြည်ထောင်စု ဘခင်ကြီး ဒိုဝိဆျပ် အောင်ဆန်း၏ ကြွေးကြော် ချက်ကဲ့သို့ပင် နိုင်ငံတော်လူထုကြီး တရပ်လုံး၏ အခံကြွေထောက်ခံမှုကို ရရှိခဲ့သဖြင့် ကျွန်တော်တို့ နိုင်ငံတော်ကြီး သာယာတော့ မည်ဌာ မြေကြီးလက်ခတ်မလွဲတော့ပါ၊ ယခုပင်သာယာစပြုပါပြီ ဤမြတ်ခရိုင် ပြည်တော် သာမဏ္ဍစင်းတွင် ဖေါ်ပြပါရှိသော ဆောင်းပါးများ မှတ်တမ်း စစ်တမ်းအစီရင်ခံစာများက မြန်မာနိုင်ငံတော်၏ တောင်ဘက်အစွန်းအဖျား ယခင်ကနိုးကြားမှု တိုးတက်မှုလွန်စွာနည်း ပါးသေးသော အာညတြနယ်ခြား ဒေသ မြတ်ခရိုင်ငယ်ကလေးဖြင့်ပင် မည်မျှပြည်တော်သာ လျက်ရှိပြီကို ပြည်သူလူထုကြီးအား တင်ပြသက်သေခံလိုက်ပါပြီ၊ မြတ်ခရိုင် ပြည်တော်သာ အဖွဲ့ ဥက္ကဋ္ဌကြီး ဦးညီဝု မဂ္ဂဇင်းတာဝန်ခံ အတွင်းရေးမှူး ဦးချစ်စိန်နှင့် ခရိုင် ပြည်တော်သာ အဖွဲ့ဝင်များအား ၎င်းတို့၏ မွန်မြတ်သော ကြိုးပမ်းမှု အတုယူထိုက်သော စံနမူနာ မြန်မာ ပြည်တွင်ရှေးဦးစွာ ထုတ်ဝေလိုက်သော ပြည်တော်သာ မဂ္ဂဇင်းအတွက် တနေ့ခါရိုက်ပုံး တတိုင်းလုံးမှ အထူးပင် ဂုဏ်ယူကျေးဇူးတင် ထိုက်ပါပေသည်။

ပြည်တော်သာရမည့် ဟူသော စကားလုံးများသည် လွန်စွာတန်ဖိုး ကြွယ်ဝပါဒါနှင့် ပြည့်စုံ သော ဇာတ်သွားသယမန္တာန် ကြီးပင် ဖြစ်ပေတော့သည်၊ လွန်ခဲ့သော တန္ခစ်တာမှ အမျိုးကာ လက ရန်ကုန်မြို့ ပြည်လုံးကျွတ်ပြည်တော်သာ အစည်းအဝေးစင်မြင့်ပေါ်မှ မန်းမွတ်ထုတ် ဝေလိုက်သော ဤပြည်တော်သာ ဂါထာမန္တာန်တော်၏ အစွမ်းတန်ဖိုးကြောင့် နိုင်ငံတော် တဝှမ်းလုံးတွင် ပြည်တော်သာလုပ်ငန်းများ ရာနှင့် ထောင်နှင့် သောင်းနှင့် ချီ၍အကောင် အထည်ပေါ်လာခဲ့ရာ လူထုကြီးတရပ်လုံး တအံ့တသြ ဖြစ်ကြရပေပြီ၊ ကျွန်ုတ်ပဝနေခဲ့ကြရ သည်ကပင် ကောင်းသေးသည်ဟု ထင်မြင်နေကြသူများမှာ ယခုမှလွတ်လပ်ရေး၏ အရသာ ကိုတွေ့မြင်ကြရ၏၊ တေးအဆုံးသို့ကြားမှ အရေးကြီးလွတ်လပ်ရေးဟု ကျယ်လောင်စွာအော်ဟစ် စွပ်စွဲနေကြသူများပင်လက်မှိုင်ချရလေသည်၊ လွတ်လပ်ခြင်းစဟိုပယောဂဒုပယောဂ ပယော ဂအမျိုးမျိုးတို့ကြောင့် လုံးဝဖျက်သာယာမှု မရှိသေးသော ပြည်ထောင်စု မြန်မာနိုင်ငံတော် ကြီးအတွက် ယခုနိုင်ငံတော်အစိုးရတို့ ချမှတ်ပေးထားသော ပြည်တော်သာ စီမံကိန်းကြီး များထက် သင့်လျော်သော ဆေးစွမ်းကောင်းနှင့် ကုစားနည်းများရှိနိုင်မည်မဟုတ်ပါ။

ပြည်တော်သာရမည်။ သာလည်းသာလာပါပြီ။ အနှောင့်အရှက် အဖျက်အဆီးများကား ရှိပေသေး၏။ သို့သော်ငင်းတို့အတွက် စိတ်ပျက်ဝမ်းနည်းဖြစ်စရာမလို မိမိတို့လမ်းခရီးအတိုင်း သာ မှန်မှန်ကြိုး ဆက်လက် ချီဘက် ကြရပေမည်၊ အနှောက်အရှက် အဖျက်အဆီးများသည် လူထုကြိုးအား ပြည်တော်သာ လုပ်ငန်းရင်များကို ဆထက်ထမ်းပိုး ပိုမိုအားသွန်ကြိုးပမ်းကြရန် အားပေးလှုံ့ဆော် နေခြင်းများသာ ဖြစ်သည်ဟု ယူဆသင့်ကြပါသည်၊ ယူဆကြပါ၊ ရောင်ရဲသူဂုန်များ၏ ကျေးဇူးကြောင့် ကွန်ဝင်္ဘို၏ သက်ရှယ် နှုမယ်သေးသော တပ်မတော်များမှာ စစ်ခုနည်ဝပြိုးသော တပ်မတော်ကြီးဘဝသို့ ရောက်ရှိလာ၍ ပြည်ငမှ ကျူးကျော်သူများကိုပင် မောင်းနှင် တိုက်ထုတ်နိုင်သော အခြေသို့ ရောက်ရှိခဲ့ရလေပြီ၊ မောင်သောင်းကျန်း တလမ်းသွားများ အဝိဇ္ဇာသို့ ဇောက်ထိုး ဆင်းရန်အတွက် ခိုးဆိုးတိုက်ခိုက် နှောက်ယှက်ဖျက်ဆီး မီးတိုက်လူ သတ်စော်ကားမှု အရပ်ရပ်တို့ကို ပါရမီဖြည့်သည့်သဘော မြင့်မြတ်သော စိတ်ထားနှင့် မာစလုလင်ထုံး လက်သုံ့ပြု၍ ကျောင်းကန် တံတားလမ်းရေတွင်း တူးမြောင်းစသည်များကို မမောနိုင် မပန်းနိုင် ပြင်ဆင်ဆောက်လုပ်ခြင်းဖြင့် နေ့စဉ်နှင့်အမျှ ကုသိုလ်ပွားများလျက် နေကြရသည်မှာ မျက်စေ့လည်လမ်းမှားနေကြရှာသော ထို မောင်သောင်းကျန်းများကို ကျေးဇူးတင်ရမည်ကဲ့သို့ ရှိနေပါတော့သည်။

ပြည်တော်သာရမည်၊ လူထုကြိုးတရပ်လုံးမှာ ပြည်တော်သာ ဧခန်းသို့ ဖြောင့်ဖြောင့်တန်းတန်းကြိုး ချီဘက်လျက်ရှိနေပါပြီ တန္ဓစ်ကားပြည့်ခဲ့၍ တထစ်ကားတက်ခဲ့ပါပြီ၊ ၌တထစ်ကား အရေးကြီးဆုံးဖြစ်၍ တိုက်ပွဲကြီးတဝက် အောင်မြင်ခြင်းပင် ဖြစ်ပါတော့သည်၊ တန္ဓစ်ဟူသော အချိန်ကာလသည် အနှစ်ဘရာကျော် ကျွန်တွင်းနစ်ခဲ့၍ စစ်ဘေးစစ်ဒဏ် နှစ်ကြွမ်ဘိုင်တိုင် အလူးအလဲခံခဲ့ရသော လွတ်လပ်စ ပြည်ထောင်ရုမြန်မာနိုင်ငံတော်ကြီးကို ပြန်လည်ထူဆောင်ရန်နှင့် ခေတ်မှီတိုးတက်ပြီး နိုင်ငံများနှင့် ရင်ဘောင်တန်းလိုက်နိုင်အောင် အဆင့်အတန်းမြှင့်တင်ရေး ဆောင်ရွက်ရာတွင် အလွန်တိုတောင်းသွသော အချိန်ကာလက လေးမှာသာ ဖြစ်ပေသည်၊ မဆုတ်မနစ်သောသို့လ မဂ္ဂလျာဆေးဘဲသတ္တိဖြင့် ရှေ့သို့မျှား စွာချီတက်ကြရပေဦးမည်၊ ခရီးကာဝေးသော်၏ သို့သော် တယောက်ဘလက် ပြည်တော်သာသေဘ့ချက်ဖြင့် ကာဆီးဝိတ်ဆို့ လျက်ရှိသော တံခါးကြီးကို ဖွင့်ခဲ့ပြီး အတားအဆီးအနှောက်အရှက်ဟူသမျှတို့ကို ကျော်နင်းအောင်မြင်၍ ပြည်တော်သာ လွှေခါးကြီးကိုဘထစ်တက်ခဲ့ပါပြီ၊ လူထုကြိုးတရင်လုံးက စိတ်အားထက်သန် ပျော်ရွှင်စွာဖြင့် ရှေ့သို့ဆက်လက် ချီတက်၍ ပြည်တော်သာ အောင်ပန်းကို လက်တွဲမိုးရန်သာ ရှိပါတော့သည်။

ပြည်တော်သာရမည် ပြည်တော်သာစခန်း ပြည်ကော်သာ ပန်းတိုင်ကြီးကား နေရာတကာ ထွည်းနေ ထွေအောင်း မြင်းစေ့ငင်းမကျန် ပြည်တော်သာ ခြင်းပင်တည်း ကလေးများလည်း ပြည်တော်သာပါစေ မမွေးဖွားမီကစ၍ ကျောင်းနေသည့် အရွယ်သို့အောင် မဖိတ်မစင်ကျန်းမာသန်စွမ်းအောင် စောင့်ရှောက်ထိန်းသိမ်းကျွေးမွေး၍ သူတို့ ပြည်တော်သာပါစေ၊

ကျောင်းမနေရသည့်ကလေးဟူသ၍လုံးဝမရှိစေရအောင်ကျောင်းသူကျောင်းသားများလည်း ပြည်တော်သာပါစေ၊ သားကောင်း သမီးရတနာမွေးဖွားခြင်း အမျိုးသားများနှင့် ဗိုးတူဘောင် ဘက်ဝိုင်းပြည်၏တာဝန်ကို တာဘက်မှ ကူညီထမ်းရွက်နေကြသော အမျိုးသမီးများလည်း ပြည်တော်သာပါးစေအရွယ်ရောက်သူဘိုင်း အလုပ်လက်ရှိ ဝင်ငွေမျှာစွာဖြင့် ငမိအကျိုးနှင့် ဝိုင်းပြည် အကျိုးအတွက် တာဝန်ထမ်းရွက်၍ တမျိုးသားလုံး ပြည်တော်သာပါစေ၊ နာဖျားအိုမင်း ဆင်းရဲ ကျိုးကန်းသူနှင့်ရဟန်းရှင် လူများလည်း ကုသပေးကမ်း စောင့်ရှောက်ချီးမြှင့် ပူဇော်ခြင်းဖြင့် သူတို့ပြည်တော်သာပါစေ. လူသူမနီး ဘောကြို တောင်ကြား မျက်စေ့လည့် လမ်းမှားနေကြရှာသော သောင်းကျန်းသူများလည်း အမြင်မှန်ရကြ၍ သေနတ် လက်နက် မကိုင်ဆောင်ဘဲ ကိုယ့်ဝမ်းစာ ကိုယ်ရှာစားနိုင်ကြ၍ သူတို့ပြည်ဘော်သာပါစေ၊ တယောက် ကစ၍ တအိမ်လုံး တအိမ်ကစ၍ တရွာလုံး တရွာကစ၍ တနယ်လုံး တနယ်ကစ၍ တခရိုင်လုံး တခရိုင်ကစ၍ တတိုင်းလုံး တတိုင်းကစ၍ တပြည်လုံး ကလေးသူငယ်ကျောင်း သားကျောင်းသူ အမျိုးသမီးအမျိုးသား တောင်သူလယ်သမား လခစား လက်ခစား အမှထမ်းအရာထမ်း ပွဲစားကုန်သည် အတိုးကြိုး အမယ်ကြိုး ဘုန်းကြိုး မယ်သိလ ရဟန်းရှင် လူဘယောက်မကျန် အကုန်လုံး ပြည်ဘော်သာပါစေ သာဓုမည် ပြည်တော်သာဓုမည်။

(ပုံ) ဒေါ်နီချော

တိုင်းမင်းကြီး

၁၇-၈-၅၃


၁၃၁၅-ခု-ဝါခေါင်လဆန်း ၇-ရက်နေ့ တနင်္သာရီတိုင်း မော်လမြိုင်မြို့။

"ပြည်တော်သာဓုမည်"

ဗြဟ္မာ့နိုင်ငံ ပြည်တော်သာ မင်္ဂဇင်း ထုတ်ဝေရန် ဒေါ်ဘွဲ့ကြာ ဗြဟ္မာ့ဖြူ သစ်ရော ရွှေနေကုန်သည်ကြီး ဦးစံတင်က အသွားခွင့် ၃၀-တိဘိကို တည့်ဝင် လှူဒါန်းပါသဖြင့် မင်္ဂဇင်း ကောင်းဖြစ်ပေါ်အံ့မှ ကျေးဇူးဥပကာရ တင်ရှိပါကြောင်း။

မြို့တိုးခရိုင် ပြည်တော်သာအဖွဲ့


ပြည်တော်သာရွာမည့်



ဦးရေ		အမည်						စာမျက်နှာ
၁။	စာတည်း အမှာ	....	....	....	....	....	....	၉
၂။	နှစ်ချုပ်အစီရင်ခံစာ	....	ဒေါ်တွင်းရေးမှူး	....	....	....	....	၁၂
၃။	အောင်မြင်မှု	....	ဦးဘဦး	....	....	....	....	၅၃
၄။	အမှောင်မှသည်အသင်းသို့ ပညာရေး။		အလင်းရောက်- ဦးလှအောင်ရွှေ		....	....	....	၅၆
၅။	သင့်ကလေး၏ပညာရေး- ပြည်တော်သာမှအေး....		....	....	....	....	....	၆၃
	ကျွန်းမာရေး။							
၆။	အာရောဂျ	....	ဒေါက်တာ-ဂျူရီ	....	....	....	....	၇၀
၇။	ရင်သွေး	....	ဒေါက်တာ-မရွှေကြည်....		....	....	....	၇၅
၈။	ကိုယ် လက် ကြွန် ခိုင် ရေး		ဦးကျော်သန်း		....			၇၈
	စီးပွါးရေး။							
၉။	ဝသုန်ကျွမ်းမြေ	....	ဦးဆန်းတင်	....	....	....	....	၀၂
၁၀။	ငွေရည်	....	ဦးဆန်းတင်	....	....	....	....	၁၀၂
၁၁။	ငါးပိ	....	ခင်မောင်ဦး		....	....	....	၁၁၂
၁၂။	တံငါလုပ်ငန်း	....	ဦးဆန်းတင်	....	....	....	....	၁၁၆
	စာပေ။							
၁၃။	မဟာမင်းလှ မင်းခေါင်၏ 'ပြည်တော်သာ'		ကုသ	....	....	....	....	၁၂၉
	လယ်ယာ စိုက်ပျိုးရေး။							
၁၄။	မြေတွေရိုင်းမသွား စေနှင့်		ဦးလှမြင့်	....	....	....	....	၁၃၂
၁၅။	ကျေးငှက်	....	ဦးဆန်းတင်	....	....	....	....	၁၃၅
၁၆။	အုန်း	....	....	....	....	....	....	၁၄၁

မာတိကာ

စဉ်းရ	အမည်	စာမျက်နှာ
	အိမ်တွင်း လက်မှုပညာ။	
၁၇။	ငင်လယ်အမြဲတေ .... ရွှေပြိတ်ဆောင်	၁၄၅
၁၈။	တိုခဲ့ပြုပြင် နေသော အိုမ်တွင်း လက်မှုပညာ တရပ် ဦးအောင်သန်း	၁၄၉
၁၉။	ရက်ကန်း .... ဦးမြသန်း	၁၅၃
	သယ်ယူပို့ဆောင်ရေး။	
၂၀။	အသက်သွေးကြော .... ဦးဆန်းတင်	၁၅၆
	လူမှုရေး။	
၂၁။	ဆလုံ .... ဦးသိန်းတင်	၁၆၁
	ကယ်ဆယ်ရေး။	
၂၂။	ပန်းချီကားတချပ် .... ဦးမြသန်း	၁၆၆
	မီးဘေးကာကွယ်ရေး။	
၂၃။	ဒို့ရှာသူ .... ဦးဇော်ဖေ	၁၇၁
၂၄။	ပြည်တော်သာတမ်မတော် ဦးသိန်းတင်	၁၇၂
	ဖြိုဖြစည်ပင်ရေး။	
၂၅။	လှပ်စစ်ဓါတ်မီး .... ဦးအံနီ	၁၇၄
၂၆။	ဓေါ်ဦးစီးရင်း-ရေငတ်	၁၇၆
၂၇။	ပြည်တော်သာ ၊ စျေးကြီး ဦးအင်စိုး	၁၈၀
၂၈။	ကျေးငှားတင်လွှာ	၁၈၃



မောင်တင်

ဒီစာအုပ်ထဲမှာပါဝင်တဲ့ - ပိုင်ဆိုင်မှုသားရဲဘန်း
ထားဝယ်စုရုပ် ဖြတ်ပြီး၊
ကျွန်တော့် ဆိုင်မှ-ကျွန်းသားကောင်းများနှင့် မိတ်ဆွေတို့
လိုသော ဧခတ်ဆန်းပုံအမျိုးမျိုးတို့ကို အသားမှန်
ရိုက်ပြီး မှန်ကန်စွာဖြင့် ပြုလုပ်ပေးနေပါပြီ၊
မက်လာဆောင်များ အထူ ကြိုတင်ပြီး ရံစမ်းတော်မူပါ။

စာတည်းဒုက္ခ



ဤ စာစောင်ငယ်ဖြင့် နိုင်ငံတော် အစိုးရနှင့် မြိတ်ခရိုင် လူထုအား ''အောင်သွယ်'' ပေးရန် ရည်ရွယ်ပါသည်။

တဘက်မှ ပြည်တော်သာ ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ၏ မြင့်မြတ် သန့်ရှင်းသော စေတနာနှင့် ထိုစေတနာအရ လုပ်ကိုင်ခဲ့ လုပ်ကိုင်ဆဲ လုပ်ကိုင်လတ်တံ့သော စိမံကိန်းနှင့် လုပ်ငန်းစဉ်များကို မြိတ်ခရိုင်သူ ခရိုင်သားများအား အသိပေး ပြည့်နှန်ရန် ဖြစ်၍တဘက်မှမူမြိတ်ခရိုင်လူထု၏ ကြိုးပမ်းခဲ့၍ ကြိုးပမ်းရန်လည်း ကြိုရွယ်ထားသော ပြည်တော်သာ သဘောတရားများ သက်ရောက် အကြီးဝင်သည့် လုပ်ငန်းရပ်များကိုဂုဏ်း၊ ခရိုင် လူထုအနေဖြင့် လက်လှမ်းမမှီသော လိုအင်ဆန္ဒရပ်များကိုဂုဏ်း၊နိုင်ငံတော်အစိုးရအား တင်ပြ အစီရင်ခံခြင်း ဖြစ်ပါသည်။

သို့အားဖြင့် ခရိုင်လူထုသည် နိုင်ငံတော် အစိုးရ၏ စေတနာကို ပိုမိုသဘောပေါက် နားလည်လာမည်ဖြစ်သဖြင့် မိမိတို့အနေဖြင့် ဆထက်ထမ်းပိုး ပိုမိုအားသွန် ကြိုးပမ်းလိုစိတ်များ တဖွားဖွား ရင့်သန်တက်ကြွ လာစေမည် ဖြစ်သည်နှင့် အမျှ၊ ခရိုင်လူထု၏ ကြိုးပမ်းမှုကို သိရှိယုံမှတ်လာသော နိုင်ငံတော်အစိုးရကလည်း ဤခရိုင်လူထု၏ မှန်ကန်သော်လိုအင်ဆန္ဒရပ်များကို ပိုမို ရက်ရောစွာ ကူညီပိုင်းပင်း ဖြည့်တင်းစေပါရန် ရည်ရွယ်ခြင်း ဖြစ်ပါသည်။

သုဝဏ္ဏတိ-၅၄၀-၂

"၁၉၅၂-၅၃-ခု မြို့တိခရိုင် ပြည်တော်သာအဖွဲ့ ဆောင်ရွက်ခဲ့သမျှ" ဟူ၍ အမည်တပ် မှည့်ဆားသော်လည်း အမှန်မှာ ဤစာစောင်သည် ၁၉၅၂-၅၃ ခု နှစ်အတွင်း မြို့တိခရိုင် ပြည်တော်သာအဖွဲ့၏ ဆောင်ရွက်ခဲ့သမျှကိုသာ ရေးသားတော်ပြထားသည့်အစီရင်ခံစာ မတွာမျှသာ မဟုတ်ပါ။ အကြမ်းအားဖြင့် ခရိုင်ပြည်တော်သာအဖွဲ့ အတွင်းရေးမှူး၏ နှစ်ချုပ်အစီရင်ခံစာဖြစ်သော ပဌမပိုင်းတွင် ၁၉၅၂-၅၃ ခုနှစ်အတွင်း ဤ ခရိုင်တွင်ပြီးစီးအောင်မြင်ခဲ့သည့် နှစ်ချင်းပေါက် လုပ်ငန်းရပ်များအတွက် အစီရင်ခံစာဖြစ်၍ ဒုတိယပိုင်းတွင်မူ ပြည်တော်သာ နှစ်ရှည် စီမံကိန်းများ ဖြစ်သည့် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ သယ်ယူပို့ဆောင်ရေး၊ လူမှုရေး၊ မြို့ပြစည်ပင်ရေး စသော် ဤခရိုင်၏ အရေးအရာအကြောင်းခြင်းရပ်များကို စာရင်းအင်း ဂဏန်း စသည်တို့ဖြင့် ရတတ်သမျှသော ရှေးမှတ်တမ်းများမှ နှိုက်နှိုက်ချွတ်ချွတ် တိတိကျကျ ရှာဖွေစိစစ်တင်ပြထားပြီးလျှင် သက်ဆိုင်ရာ နိုင်ငံတော်အစိုးရဌာနများ၏ အကူအညီများကိုလည်း တောင်းခံထားပါသည်။

ထို့အပြင် ရှိခိုင်ပြည်မှ အင်းဝရွှေပြည်တော်ကို တမ်းတဟန် ရေးသားစပ်ဆိုထားသည့် စာဆိုကျော် အရှင်မဟာရဋ္ဌသာရ၏ ရတုတွင် "လူလည်း တထွေ၊ ရေလည်းတခြား၊ ဗျားလည်း တက်သက်" ဟူ၍ ရခိုင်ကမ်းမြောင့်ဒေသ ရေ-မြေနှင့် လူတို့နှင့် ဆန်းပြား ထူးထွေပုံတို့ကို ရေးသားဖွဲ့ခဲ့ စပ်ဆို ထားသကဲ့သို့ပင် ပြည်ထောင်စု ပြည်မတွင် ပါဝင်သော ခရိုင်တခုပင် ဖြစ်လင့်ကစား၊ ဆင်လုံ၊ ပဿူး၊ ယိုးဒယား စသော လူမျိုးများ၊ ဘိတ်ငါးပို၊ ဘိတ်လုံချည်၊ကနုကမာ၊ ကနုကမာထည်များဟူ၍ ဘိတ်အမည်နှင့် ယှဉ်ပြိုး နာမည်ကျော်ကြားနေသည့် ပစ္စည်းရပ်များအပြင် သတ္တုလုပ်ငန်း ကော်ပတ်လုပ်ငန်း စသော လုပ်ငန်းရပ်များနှင့် ဆန်းကြယ်စွာ ဖြစ်ထွန်းကြွယ်ဝနေသည့် မြို့တိခရိုင်၏ ထူးထွေသော အကြောင်းခြင်းရာများသည် ခရိုင်ရှိပုဂ္ဂိုလ်များအတွက် စိတ်ဝင်စားဘွယ်ရာ ဖြစ်တန်ရာသည်ဟူ၍ ယူဆသဖြင့်လည်း ထိုသည်တို့ကိုပါ ထည့်သွင်းခဲ့ပါသည်။

သို့ စာစောင်၏ရည်ရွယ်ချက်နှင့် မာတိကာစဉ်ကိုအစိုင်ခံပြီးနောက် စာစောင်ထုတ်ဝေနည်းကို တင်ပြလိုပါသေးသည်။

အဆိုပါ နည်းများမှာ ပြည်တော်သာ နည်းဟူ၍သာ လွယ်လွယ်နှင့် အထိရောက်ဆုံး စကားလုံးများကို အသုံးပြုလိုပါသည်၊ အကြောင်းမှာ စာစောင်ထုတ်ဝေရေးအတွက် လိုအပ်သည့် ငွေ ၄၀၀၀ အနက် ငွေ ၃၀၀၀ ကို မြို့နယ်ပြည်တော်

သာအဖွဲ့များက မိမိတို့အင်အားအလျောက် စေတနာဖြင့်ကောက်ခံ ပေးကြလျက် ကျန်ငွေ-၁၀၀၀ ကိုမူ ပြည်တော်သာရေးကို အားပေးသည့် ကုန်သည်ကြီးများ ထံမှ ကြော်ငြာခဖြင့် ပြည့်စုံစေခဲ့ခြင်းကြောင့် ဖြစ်ပါသည်။ ထို့အပြင် ပန်းချီ ဓါတ်ပုံ တို့ကိုလည်း သက်ဆိုင်ရာ ပန်းချီဆရာနှင့် ဓါတ်ပုံဆရာများက စေတနာ့ ဝန်ထမ်း ကူညီကြပါသေးသည်။

သို့ဖြစ်ပါ၍ ဤစာစောင်၏ ရည်ရွယ်ရင်းစေတနာကို နိုင်ငံတော် အစိုးရနှင့် မြိတ်ခရိုင်လူထုတို့ကသိရှိလျက်သို့သိရှိသည်နှင့်အမျှ လိုက်လျော ဆောင်ရွက်လျှင်ပင် ကြိုးပမ်းရကျိုးနပ်ပေသည်ဟု ပြည်တော်သာရေး အတွက် ကလောင်ဖြင့် အမှုထမ်း ကြသူ စာတည်းနှင့် အဖွဲ့ဝင်များသည် တင်းတိမ် ကျေနပ် ကြရပေမည် ဖြစ်ပါတော့ သတည်း။

"ပြည်တော် သာရမည်"

မြို့တံခါးရိုင်း (မျှော်လင့်ချက်) အဖွဲ့ ဖွဲ့စည်းခဲ့ကြပုံ

၁၉၅၂-၅၃-ခုနှစ်
နှစ်ချင်းပေါက် ပြည်တော်သာ လုပ်ငန်းရပ်များနှင့်
ပတ်သက်၍ မြို့တံခါးရိုင်း ပြည်တော်သာအဖွဲ့
အတွင်းရေးမှူး၏ နှစ်ချုပ်အစီရင်ခံစာ

(ဤစာစောင်ကို ၁၉၅၃-ခု၊ အောက်တိုဘာလအတွင်း ထုတ်ဝေခဲ့ပြီးဖြစ်ရာ ၎င်းတွင် ဖော်ပြထားသည့် ၁၉၅၂-ခု အောက်တိုဘာလ ၁-ရက်နေ့မှ ၁၉၅၃-ခု၊ ဩဂုတ်လ ၃၁-ရက်နေ့ အထိ ၁၁-လမျှသာ အချိန်ကာလအတွက်သာ ဖြစ်ပါသည်)


၁၉၅၂-ခုနှစ် ဩဂုတ်လ ၇-ရက်နေ့မှ ၁၇-ရက်နေ့တိုင် ရန်ကုန်မြို့၌ ကျင်းပခဲ့သည့် ပြည်လုံးကျွတ် ပြည်တော်သာ ညီလာခံသဘင်ကြီးတွင် သန္နေတည်ခဲ့သော မြို့တံခါးရိုင်း ပြည်တော်သာ အဖွဲ့သည် ၁၉၅၂-ခုနှစ် အောက်တိုဘာလ ၁-ရက်နေ့တွင် ဘွားမြင်ခဲ့ပေသည်။

တနည်းရှိ တိုင်းမင်းကြီး သီရိပျံချီ ဦးမိုးမြစ် ကိုယ်တိုင် မြတ်မြွှေသို့ ကြွရောက်လာ၍ အဆိုပါနေ့တွင် ပြည်တော်သာ စီမံကိန်း အကောင်အထည်ဖော်ရေးညွှန်ကြားချက် လက်စွဲနှင့်အညီ စံနစ်တကျ ဖွဲ့စည်းခဲ့လေသည်။

ပြည်တော်သာသည် လူထုအုံကြွမှု

မွေးဘွားစဖြစ်သော မြို့တံခါးရိုင်း ပြည်တော်သာအဖွဲ့သည် မည်သည့်စခန်းသို့ မည်ပုံလှမ်းရမည်ကို မသိဘဲ တွေဝေ ယောင်ချာလှည့် ရှိခဲ့ပါသည်။ ဤတွင် တနယ်ဘရိတိုင်း ပြည်တော်သာအဖွဲ့ ဥက္ကဋ္ဌကြီးနှင့် တကွ တနယ်ဘရိတိုင်းအတွက် ပြည်တော်သာ စီမံကိန်းများ အကောင်အထည် ဖော်ရန် တာဝန်ယူထားကြသည့် ကာကွယ်ရေးဝန်ကြီး ဦးဗမော်နှင့် ပညာရေးဝန်ကြီး ဦးသန်းအောင်တို့သည် ၁၉၅၂-ခု နိုဝင်ဘာလအတွင်းတွင် မြို့တံခါးသို့ကြွရောက်လာ၍ မြို့တံခါးရိုင်း ပြည်တော်သာအဖွဲ့ဝင်များအားလုံး၊ မြို့သူထုအားလုံး၊ ပြည်တော်သာစီမံကိန်း၏ သဘောနှင့် သဘာဝကို ကောင်းမွန်ရေလည်ပြတ်သားစွာ ဒေကျယ်တဝင့် ရှင်းလင်းပြောပြခဲ့ကြပါသည်။

ပြည်တော်သာ စီမံကိန်းသည် သာမန် အသက်မရှိသော စီမံကိန်းမျိုး မဟုတ်မှု၌ လွတ်လပ်ရေး ငြိမ်းချမ်း



ကားကွယ်ရေးဝန်ကြီး ဦးဗစ်ဆွ ဖြတ်ခြွေသို့ ကြွလာစဉ်က

ရေး-တည်တံ့ခိုင်မြဲရေး စသည်ဖြင့် နိုင်ငံတော်၏ သမိုင်းတလျှောက်တွင် ကဏ္ဍအဆင့်ဆင့် တမျိုးသားလုံး နိုးကြားအုံကြွ နိုင်ငံချစ်စိတ် ပြင်းပြခဲ့သည် နည်းတူ ယခု ပြည်တော်သာရေး အဆင့်တွင်လည်း ပြည်တော်ကြီး သာယာလာရအောင် မိမိတို့၏လုပ်အား၊ ဌေးအား အကြံဉာဏ်အား စသည်တို့ဖြင့် လှည့်နေ လေ့အောင်း မြင်းဇောင်းမကျန်သော တမျိုးသားလုံး၏ စိတ်ဓါတ်တွင် တက်ကြွ ပြင်းထန်လာစေမှုပင် ဖြစ်ကြောင်းကို အဆိုပါ ပုဂ္ဂိုလ်ကြီးများထံမှ မြတ်ခိုင် ပြည်တော်သာ အဖွဲ့သည် ကောင်းစွာ သဘောပေါက် နားလည်ခဲ့ရပေသည်။ ဤ နားလည်မှုသည် မြတ်ခိုင် ပြည်တော်သာ အဖွဲ့၏ စိတ်ဓါတ်ကို ပိုမိုမြင့်တင်ပေးခဲ့ လေသည်။


တိုအပြင် မိမိဌာနဆိုင်ရာ ဂိစ္စရပ်များအတွက် ဘဏ္ဍာ-ခုနှစ်၊ ဇန်နဝါရီလအတွင်း မြက်မြိုသို့ ကြွရောက်လာသော ဘဏ္ဍာရေးဝန်ကြီး ဦးတင်ကလည်း ခိုင်ပြည်တော်သာ အဖွဲ့ဝင်များအား ပြည်တော်သာ စီမံကိန်း လက်တွေ့အခက်အခဲများကို မှီးနှောဖလှယ် အကြံဉာဏ်ပေးခဲ့ပါသေးသည်။ ဤ ပုဂ္ဂိုလ်ကြီးများ၏ အကြံဉာဏ်ပေးချက် ဘွန်သင် ညွှန်ကြားချက်များသည် လည်း ခိုင်ပြည်တော်သာအဖွဲ့အတွက် တအားတက် ဖြစ်ခဲ့ပါသည်။

နိုင်ငံတော် ဝန်ကြီးချုပ်၏ အားပေးချက်


ယို့ထက်မှာမူ ဘဏ္ဍာ-ခုနှစ်၊ ဇန်နဝါရီလ ၆-ရက် နေ့တွင် အသံလွှင့် မိန့်ကြားသည့် နိုင်ငံတော် ဝန်ကြီး ချုပ်ဗိုလ်ချုပ်မှူးဟာ တွေ့တွေ့ဝေဝေ ရှိတုံချတုံ ကြောက်ကြောက်လန့်လန့် ဖြစ်နိုင်း ဘာမှမလုပ်တဲ့ ထိုင်းနတာဆက်အဆပေါင်း မရေမတွက်နိုင်အောင် ပိုကြီးကောင်းတယ်" ဟူသော ညွှန်ကြား အားပေးချက်သည် တနိုင်ငံလုံးအား ခြိုးခြံ ရည်ရွယ်သည် မှန်သော်လည်း ဤခရိုင်ပြည်တော်သာအဖွဲ့အား တိုက်ရိုက်နာမည်ခေါ်ကာ အားပေးနေသည့် အလားဖြစ်နေသဖြင့် ထိုပိန့်ခွန်းမှာချက်ကြောင့် တဒိန်ထိုး ငုမိလုပ်နိုင်ခဲ့ ကြောင်းကိုလည်း ဝမ်းမြောက် ကျေးဇူးတင်စွာ မှတ်တမ်းတင် အပ်ပါသည်။

မြို့နယ် ပြည်တော်သာ ညီလာခံများ

"ပြည်တော်သာ စီမံကိန်းကို ရှင်လုံးဖေါ်ရာတွင် ဦးစွာအခြေခံ နယ်လူထုတရပ်လုံးက စီမံကိန်းကြီးကို သိနားလည် သဘောပေါက်ရန် အထူးလိုအပ်လှပေသည်။ သို့ သဘောပေါက်မှသာ စီမံကိန်းကြီးကို သက်ဝင်ယုံကြည်မှု စိတ်ဝင်စားမှု ရှိမည်၊ ယုံကြည်မှုရှိမှ လက်ခံမည်၊ လက်ခံမှ အသိဉာဏ်နှင့် ယှဉ်သော လုပ်အားသစ်ကို ထောက်ခံမှုရမည်၊ ထောက်ခံချက်ရှိမှ အသိဉာဏ်နှင့် ယှဉ်သော လုပ်အားသစ်ကို စည်းရုံးရယူနိုင်မေမည်။ ထိုသို့ လူထုတရပ်လုံး လှည့်နေ လေ့အောင်း မြင်းဇောင်းမကျန် ကလေးလူကြီး ယောကျ်ားမိန်းမ အတိုးအို အမယ်အို ရုပာန်းရှင်လူမရွေး အားလုံး



မြို့နယ်ညီလာခံများ တံတွက် ဤသို့ ဆော်သြခြင်း




ဘုရင်ဖြစ်ခဲ့ လူဆု

အဆိုပါ နေရက်များတွင်ပင် ဘုဂဲ ပြင်းမြို့ ကျေးရွာ ၁၀-ရွာမှ ဂိုယ်စားလည်များ တက်ရောက်လျက် မြို့နယ်ညီလာခံကို နယ်အခြေအနေအလိုက် သိုက်သိုက် ဝန်းဝန်း ကျင်းပခဲ့လေသည်။

၁၉၅၂-ခု၊ နိုဝင်ဘာလ ၂၉-ရက်နေ့တွင် မြို့နယ်ညီလာခံ ကျင်းပရာ ဒုတိယသမ္မတ ဦးဘိုးလှိုင်၊ ဝန်ကြီးချုပ်ရုံး ဝန်ကြီးဌာနများမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ ညွှန်ကြားရေးမှူးများ၊ ပြည်နယ်ဝန်ကြီးဌာန

၂၀၀၀-ကျော် တက်ရောက်လေသည်။ လမ်းညွှန် ဆွေးနွေးပွဲ ပထမနေ့က ခရိုင် ပြည်တော်သာ အဖွဲ့ ဥက္ကဋ္ဌ ဦးချစ်စိန်ကိုယ်တိုင် တက်ရောက် ဖွင့်လှစ် မိန့်ခွန်း ပြောကြားလျက် လူထုညီလာခံသို့မူ တနသံာရီတိုင်းမင်းကြီး သီရိပုံရှိ ဦးမိုးမြစ် ကိုယ်တိုင် ကြွရောက်ကာ မိန့်ခွန်း စကား ပြောကြားပါသည်။ အဆိုပါ နေ့ညများတွင် မြတ်မြို့ကမ်းနားလမ်း ကွက်လင်းကြီး၌ ပျော်ပွဲ ရွှင်ပွဲ ပြဲပွဲ ပြိုင်ပွဲများဖြင့် ခြိမ့်ခြိမ့်ဗမောင်းမောင်း ကျင်းပကြပါသည်။

၁၉၅၂-ခု၊ ဒီဇင်ဘာလ ၁၄-၁၅-၁၆-ရက်နေ့ များမှာ ကော့သောင်းမြို့နယ် ညီလာခံ ကျင်းပရာ နေ့များ ဖြစ်ပေသည်။ ကျေးရွာပေါင်း (၁၆) ရွာမှ ကိုယ်စားလှယ်များ စုံညီစွာ တက်ရောက်ကြပေသည်။ မြန်မာလူမျိုး လူနည်းစုဖြစ်သော ဤမြို့နယ်တွင်လည်း ညီလာခံကိုမူ အထိုက်အလိုက် ခမ်းနားတင့်တယ်စွာ ကျင်းပခြင်းဆုံးခဲ့ပါသည်။



ကရင် ခုနစ်ဘုရား ပွဲများသည်း

ဤ ညီလာခံများ၏ ထူးခြားချက်များမှာ မြို့နယ် ပြည်တော်သာ ညီလာခံများ ကျင်းပရေး ညွှန်ကြားချက် စာအုပ်ကလေးအရ ကျေးရွာ ကိုယ်စားလှယ်များသည် မိမိတို့၏ ကျေးငှာသော ခရီးစရိတ်များကို ရယူနှင့် ရှိသည့်အတိုင်း မြို့နယ် ပြည်တော်သာ ညီလာခံ ကျင်းပမှု စီစဉ်ရေး အမှုဆောင်လူကြီးများက ထုတ်ပေးသည့် တိုင်အောင် လက်မခံဘဲ မိမိတို့ သဘောအလျောက် မိမိတို့ စရိတ်ဖြင့် တက်ရောက်ကြခြင်းဖြစ်လေသည်။

အချို့မှာ မိုင် ၃၀ ကျော်ခန့်ဝေးကွာသော အရပ်ဒေသများမှ လှေတစ်စင်း လှည်းတစ်စီးဖြင့် လမ်းတွင်တည် အိပ်လျက် လာရောက်ကြလေသည်။ အချို့မှာမူ လယ်ယာ ရိက္ခာသိမ်းဆိုခြင်း ဖြစ်သည့်တိုင်အောင် မိမိတို့ ဝမ်းရေးကို ပယ်ဖျက်ခဲ့၍ ညီလာခံကို တက်ရောက်ကြပါသည်။ အချို့ အဖျက်သမား မောင်သောင်းကျန်းတို့နှင့် နီးစပ်ရာ ကျေးရွာများမှ ဂုဏ်စားလည်များမှာမူ အခြား



တနသံာရီတွင် ညီလာခံများ၌

ကိစ္စ ရှိဟန်ဖြင့် တိတ်တခိုးတိတ် ထွက်လာ ရပြီးလျှင် မြို့နယ် ညီလာခံများကို တက်ရောက်ကြရရှာပေသည်။

ငှင်းတို့ ဤမျှ အလုပ်ပျက် အကိုင်ပျက် ခုကျခံကာ သက်စွန့်ကြိုးပမ်း လာခဲ့ရသလောက် မြို့နယ် ညီလာခံများတွင်သည်း ပြည်တော်သာ စိတ်ဓါတ်များ တဖွားဖွားနှင့် မြင်းပြစွာ ပေါ်ထွက် လာခဲ့ပေသည်။ သို့ဖြစ်သောကြောင့်လည်း ဤ ခရိုင်၏ ပြည်တော်သာညီလာခံများ အကောင်အထည် ဖော်ရာ၌ အောင်မြင်မှုတွင် မြို့နယ် ညီလာခံများ ကျင်းပခြင်း၏ အကျိုးအာနိသင် သည်လည်း များစွာ ပါဝင်ခဲ့သည်ကို မငြင်းဆန်နိုင်ပါ။

ရပ်ကွက် ဆွေးနွေးပွဲများ

ဤသို့ မြို့နယ် ညီလာခံများကို ကျင်းပ ပေးရုံနှင့် မကျေနပ်သေးဘဲ ပြည်တော်သာ စိမံကိန်းသည် လူထု အုံကြွမှုပင် ဖြစ်သည်ကို သဘောပေါက် နားလည်သော သက်ဆိုင်ရာ ခရိုင် ပြည်တော်သာ အဖွဲ့ဝင်များနှင့် မြို့နယ် ပြည်တော်သာ အဖွဲ့ဝင်များသည် ၁၉၅၂ ခုနှစ် ဒီဇင်ဘာလ တလလုံးလုံး နေ့စဉ်နေ့တိုင်း ညစဉ်ညတိုင်း တရပ်ကွက် ပြီး တရပ်ကွက် တရွာပြီး တရွာ ရပ်ကွက် ဆွေးနွေးပွဲများ၊ ကျေးရွာ ဆွေးနွေးပွဲများကို အနှံအပြား လိုက်လံ ဆောင်ရွ ကျင်းပ

ပေးပြီးလျှင် ရပ်ကွက်နှင့် ကျေးရွာများရှိ ခေါင်းဆောင်များ လူထုများ နှင့် ပြည်တော်သာ စီမံ ကိန်း၏ အခြေခံသဘောနှင့် ရည်ရွယ်ချက်များကို ဖိတ်ခြည်လက်ခြည် ဝေဘန်ဆွေးနွေး နှိုးနှောဖလှယ်ကြပေသေးသည်။ ဤဆွေးနွေးပွဲများသည်လည်း ပြည်တော်သာ စီမံကိန်း အကောင်အထည် ဖေါ်ရာတွင် အထောက်အပံ့ များစွာ ဖြစ်စေလေသည်။

တိုင်း ပြည်တော်သာ စည်းဝေး

တနသ်ာရီတိုင်း အတွင်း ပြည်တော်သာ လုံခြုံငန်း ရပ်များကို တာဝန်ကြီးရှာ ထမ်းဆောင်ကြရသော တိုင်း ပြည်တော်သာ ဒေသခံများအား ဂုဏ်ပြုဧည့်ခံလိုသည့် စေတနာ သဒ္ဓါတရားဖြင့်ငင်း၊ အဆိုပါ တိုင်း ပြည်တော်သာ အဖွဲ့ဝင် လူကြီးများ မြို့မြို့နှင့် မြို့ရိုင်း၏ အခြေအနေ လိုအင်ဆန္ဒ အရင်ရပ်တို့ကို လက်တွေ့ ဒီဇွမေ့ တွေ့ရှိ လေ့လာနိုင်ရန် ရည်ရွယ်ချက်ဖြင့်ငင်း၊ မြို့မြို့ လူထုအားလည်း တိုင်း ပြည်တော်သာ အဖွဲ့ဝင်များ စည်းဝေး ဆွေးနွေးကြပုံ ပြည်တော်သာ ကိစ္စရပ်များတွင် ဝေဘန်ကြပုံတို့ကို ဆည်းပူး နိုင်စေရန် သဘောဖြင့်ငင်း၊ ဒုတိယ အကြိမ်မြောက် တိုင်း ပြည်တော်သာ အစည်းဝေးပွဲကို မြို့မြို့တွင် ကျင်းပပါရန် ဖိတ်ခေါ်ခဲ့ပါသည်။


အဆိုပါ ဖိတ်ခေါ်ချက်ကို လက်ခံကာ တနသ်ာရီ တိုင်း ပြည်တော်သာ အဖွဲ့ဝင်များတို့သည် ၉-၁-၅၃ နေ့က မြို့မြို့သို့ အတူးလေယာဉ်ပျံဖြင့်ကြွရောက်ခဲ့ကြပါသည်။



တိုင်း-ဥက္ကဋ္ဌကြီး တာဝန် မရှိဖြင့် က ပြည်တော်သာ ပန်းစည်း ဆက်စဉ်ကို

လေဆိပ်တွင် မြို့မြို့ရှိ မီးသတ်အဖွဲ့၊ ကာကွယ်ရေး အဖွဲ့၊ ဂိုဏ်ဝန်ဆောင် မိခင်နှင့် ကလေးများ စောင့် ရှောက်ရေးအသင်း၊ တပ်ပေါင်းစုံ ချီးမြှင့်ရေး အမျိုးသို့ အသင်း၊ ကျောင်းဆရာများ အသင်း၊ ဖ ဆ ပ လ ခေါင်းဆောင်များနှင့် အစိုးရအရာရှိ ကြီး ငယ်တို့က တိုင်း ပြည်တော်သာ အဖွဲ့ဝင်များအား ကြိုဆိုကြပြီး လျှင် တိုင်း ပြည်တော်သာ အဖွဲ့ဥက္ကဋ္ဌကြီး သံရိပ္ပုံချို ဦးမိုးမြင့်အား မြို့မြို့ မြူနီစီပါလိ အဖွဲ့ဥက္ကဋ္ဌ ဦးအံနိမ်၏ သမီး မရှိခြင်းက ပြည်တော်သာ ပန်းစည်းကို ဆက်သ ပါသည်။

ဇနီနဝါရီလ ၁၀ ရက်နှင့် ၁၁ ရက်နေ့ ၂ ရက် တိုင် တိုင် အဆိုပါ ဒုတိယ အကြိမ်မြောက် တိုင်း ပြည်တော် သာ အဖွဲ့ စည်းဝေးပွဲသည် အကျိုးဒေနယ် ဆွေးနွေး လျက် လုပ်ဆောင်စရာရှိသမျှကို လုံးကိုင်ကြပါသည်။ အားလပ်ချိန်ဖြစ်သော နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် လည်း အားလပ်သည်ဟူ၍ မရှိဘဲ၊ ပျက်စီးနေသော ဖြတ်ဆင်ပ်ကန်း ဟံတားကြီး၊ဆိပ်ငယ်ဈေး၊ကျောင်းသား ၅၀၀-ဝင် ကျောင်းဆောင် ဆောက်လုပ်မည့်နေရာ၊



တိုင်း-ညီးသာခံ ဆွေးနွေးပွဲ

ပျက်စီးနေသော ဆေးရုံကြီး စသော လူထုနှင့် သက် ဆိုင်သော အဆောက်အဦးဌာနများသို့ စေ့ငှဲ့လည် အောင် လှည့်ပတ် ကြည့်ရှုလျက် လိုအပ်သည်တို့ကို အကြံပေးခြင်း အခွင့်အမိန့်ပေးခြင်း စသည်ဖြင့် ဆောင် ရွက် ပေးခဲ့ပါသည်။

အဆိုပါ စေတနာများကို တုန့်ပြန်သည့် အနေဖြင့် မြို့မြို့ရှိ အိမ်ရှေ့ လူမျိုးများအသင်း၊ တရုပ် လူမျိုးများ အသင်း၊ ပါကစ္စတန် ဗမာ မွတ်ဆလင် စသော လူမျိုးအလိုက် အဖွဲ့ အစည်းများ၊ မြူနီစီပါလ အဖွဲ့၊

ကာကွယ်ရေးအဖွဲ့၊ ဖဆပလအဖွဲ့ ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးသူငယ်များ စောင့်ရှောက်ရေးအဖွဲ့၊ ကျောင်းဆရာများ အသင်း စသော စေတနာဝန်ထမ်း အသင်းအဖွဲ့များ၊ အုပ်ချုပ်ရေးဌာန အမှုထမ်းအရာထမ်းများ၊ ယစ်မျိုးဌာန အမှုသမ်း အရာထမ်းများနှင့် ရဲအဖွဲ့တို့မှလည်း အလှည့် အလည် စေတနာ အလျောက် နံနက်စာ ညစာ လာဘ်ရည်ပွဲ စသည်တို့ဖြင့် လိုလေသေး မရှိအောင် ပြုစုပါသည်။


ဇန်နဝါရီလ ၁၂ ရက်နေ့တွင်မူ မြို့မြို့မှ ၅ ပိုင်နှံ ကွာဝေးသော ကုလားကွန်းဒေါ်ပင်လယ်ကွန်းကလေးသို့ တိုင်း ပြည်တော်သာ အဖွဲဝင်များ သည် တပျော်တပါး သွားရောက်ကြပြီးလျှင် အဆိုပါ ကွန်းသူ ကွန်းသားများအား ချီးကြူသည့်အခိုက် ပြည်တော်သာ စိမ်ကိန်းအကြောင်းကို တိုင်း ပြည်တော်သာအဖွဲ့ ဥက္ကဋ္ဌ ကြီးက မိန့်ကြားရာ အားလုံးမှာ ဇကွန်နဝ် ငမ်းမြောက်စွာ နားထောင် ခံယူနေသည်ကို တွေ့ရပေသည်။

ခရိုင် ပြည်တော်သာ စည်းဝေးများ

ဤသို့ တိုင်းပြည်တော်သာ စည်းဝေးများကို တိုင်း အတွင်းရှိခရိုင်မြို့ကြီးများ အသီးသီးသို့ လည့်လည်ကျင်း ပသည်ကို အတုယူပြီးလျှင် ခြတ်ခရိုင် ပြည်တော်သာ သတ္တမ အကြိမ်မြောက် စည်းဝေးကို ပုလောမြို့တွင် ၎င်း၊ အဋ္ဌမ အကြိမ်မြောက် စည်းဝေးကို တနသ်ာရီ မြို့တွင်၎င်း၊ လှည့်လည်ကျင်းပခဲ့ရာ ရည်ရွယ်ရင်းအတိုင်း ခရိုင်ပြည်တော်သာ အဖွဲဝင်လူကြီးများသည် နယ်၏ အခြေအနေတို့ကို ကိုယ်ထိလက်ရောက် သိရှိကြသည် နည်းတူ နယ်ခြားဆောင်များနှင့် လူထုများကလည်း ခရိုင် ပြည်တော်သာအဖွဲ့၏ ဆောင်ရွက်ပုံ ဆောင်ရွက်နည်း တို့ကို အပြန်အလှန် အကဲခတ် သိရှိနိုင်ကြပါသည်။ ခြောက်ယွေ့သော ရာသီအဟွင်းတွင် အဆိုပါ မြို့နယ် ၂-နယ်သို့သာ လှည့်လည် သွားရောက်ကျင်းပ နိုင်ခဲ့လျက် ကုန် ဘုတ်ပြင်းနှင့် ကောသောင်းမြို့များသို့မူ ရှေးဝေးကွာ လွန်းလှသည်တကြောင်း၊ ဝိုလ်းရာသီ ကျရောက်လာသည့်အတွက်ကြောင့် တကြောင်း မရောက်ရှိနိုင်ခဲ့ပေ။

စတင်ဖွဲ့စည်းခဲ့သော ၁၉၅၂-ခုနှစ် အောက်တိုဘာလ ၁-ရက်နေ့မှစ၍ ယခု အစီရင်ခံစာ ရေးသည့် ၁၉၅၃-ခု ဩဂုတ်လကုန် အထိ ခရိုင် ပြည်တော်သာ သာမန် စည်းဝေးပေါင်း (၁၂) ကြိမ် ကျင်းပခဲ့ပြီးလျှင် အရေးပေါ်အထူး အစည်းအဝေးကို (၇) ကြိမ် ကျင်းပခဲ့ပါသည်။

ဝန်းမြောက် ကျေးနွာ ဘွယ်ရာ မှာကား ခရိုင် ပြည်တော်သာ အဖွဲ့ အစည်းအဝေးပွဲများတွင် ကိစ္စရပ်တခုခုကို ကင်ပြစိစစ် ဆွေးနွေး ဝေဘန်ကြသည့် အခါတိုင်း အဖွဲဝင်တို့သည် မည်သူကိုမျှ မကြောက်မ၍ မထောက်မည့်ဘဲ ပြည်တော်သာ အခြေခံမူဖြစ်သည့် အများဆုံးသော အရေအတွက်အတို့ အကောင်းဆုံးသောအကျိုးဖြစ်ထွန်းစေမှုနှင့် ညွှန်ကြားချက်များနှင့် အညီသာ တဖြောင့်တည်း ဝေဘန် ဆုံးဖြတ်ကြပေသည်။ တခါတရံ အရာရှိများ ကိုယ် လူထုစိတ်ခါတိ ပြင်းထန်လွန်း၍ လက်မြန် ခြေမြန်ဟန် ပေါ်ပေါက်လာလျှင် လူထုကိုယ်စားလည်များက ထိန်းသိမ်းပေးရသည့် အခြေသို့လည်း ခဏိုက်ရောက်တတ်ပါသည်။ သို့နှင့် တခါက သူ့စည်းကို ယ့်စည်းတားကာ မာန်စောင် ရန်တင်းခဲ့သော အရာရှိနှင့် လူထု ခေါင်းဆောင် တို့သည် ပြည်တော်သာထမ်ဝိုးတွင်မူ၊ ဘက်ညီပျော်ရွှင်စွာဖြင့် အတူထမ်းရွက်ခဲ့ ကြပေသည်။ ရည်ရွယ်ချက် တူညီသော လုပ်ငန်းဖြင့် ညီညွတ်ရင်ခြင်းသည် လေးနက် ခိုင်မြဲလေစွ။




ခရိုင် ပြည်တော်သာ စည်းဝေးတိုင်းလိုလိုပင် နံနက် ၁၀-နာရီ အချိန်ခန့်က စတင်ကျင်းပတာဘ်၍ နေ့လည် ၁-နာရီ အချိန်တွင် နာရီဝက်နှင့် ခေတ္တရပ်နားပြီးလျှင် ၁-နာရီခွဲအချိန်တွင် ပြန်လည်ကျင်းပရာ အကြိမ်ပေါင်းများစွာ ညနေ ၆-နာရီခွဲ ၇-နာရီအချိန်ကျမှ စည်းဝေးကို ရပ်သိမ်းရတတ်လေသည်။ စည်းဝေးများ

သော်က်ဆိုင်ရာ သူဌေးကြီး ၂-ဦးတို့က လှူဒါန်းကြသဖြင့် ရရှိပြည်တော်သာ အဖွဲ့ဝင်များက ကျွန်တော်မူလတင် ပြသည့် နေရာကိုပင် ပြန်လည် ရွေးချယ်ကြပါသည်။

အထက်ပါ ကိစ္စကလေးမှာ နမူနာပြမျှသာ ဖြစ်ပါသည်။ စည်းဝေးတိုင်းတွင် ကိစ္စရပ်များကို မထောက်မညှာ ဘောနှောပြောဆိုကြ၏။ သို့သော် စည်းဝေးပွဲတွင် မည်မျှ ပြင်းပြင်းထန်ထန် အတိုက်အခံ ပြောဆိုဝေဖန် ဆွေးနွေးကြသော်လည်း စည်းဝေးပြီးလျှင် ညီရင်း အစ်ကိုကဲ့သို့ပင်ခင်မင်ရင်းနှီးစွာ သဘောထားကြပါသည်။



ခရိုင်-ညွှန်ကြားခန်းများ၌



အကျိုးဝင်စေနယ် ဆွေးနွေးကြသည့်

တွင် ဆွေးနွေးသည့်ကိစ္စရပ်များကိုလေ့ကျည်လျှောက်ပြီး တဖောက်တပေါက်ပြောဆိုနေကြခြင်း အလှူဦးမဟုတ်ဘဲ၊ မူနှင့် စပ်ဆိုင်လျက် ချက်ကျကျ မွေဒီဇွာန်အား ဖြင့်သာ ဝေဘန်ဆွေးနွေးကြခြင်း ဖြစ်ပေသည်။ ကိစ္စတရပ်တွင် တဦးနှင့်တဦး တဘက်နှင့်တဘက် အကျိုးအနယ် အတိုက်အခံ ဆွေးနွေးကြရာငယ် မိမိတို့ ယုံကြည်ချက်အရ ပြောဆိုဝေဘန်ကြခြင်း ဖြစ်သည့် အတွက် ဒီမိုကရေစီ စံနစ်အရ မဲခဲဆုံးဖြတ်၍ အနိုင်ရသော လူများစု၏ ဆန္ဒကို ရှုံးသည့် လူနည်းစုက ကျေနပ်ကြည့်ဖြူ ချိုပြုံးစွာပင် လိုက်နာထောက်ခံကြပါသည်။ မှတ်မိပါသေးသည် တနယ်ဂရိုမြို့တွင် ကျင်းပသော အဋ္ဌမ အကြိမ်မြောက် မြတ်ရိုင် ပြည်တော်သာ အစည်းဝေးတွင် မြို့မြို့ အထက်တန်း ကျောင်း တိုးချဲ့ရေး ဒေတွက် ကျောင်းသား ၅၀၀-ဝင် မြေနေရာအဆောက်အဦးအတွက် ရွေးချယ် ဝေဘန်ကြရာဝယ် ဦးကွင်္ဘအဖြစ် ဆောင်ရွက်သော ကျွန်တော်က တဘက်၊ ကျန် တဖွဲ့လုံးက တဘက် ဖြစ်နေ၍ ကျွန်တော်ပင် ကျေနပ်စွာ အရှုံးပေးလိုက်ရပါသည်၊ သို့သော် အားလုံးက ကျွန်တော် ရွေးချယ်သော မြေကို ပိုမို ကြိုက်ကြောင်း အဆိုပါ မြေမှာ ပိုင်ရှင်များ ရှိနေသည့်အတွက် ရနိုင်ဘွယ်ရာ အကြောင်း မရှိသဖြင့်သာ ကန့်ကွက်ကြခြင်း ဖြစ်ကြောင်း အကယ်၍သာ ကျွန်တော်က အဆိုပါ မြေကွက်ကို အလှူခံ၍ရနိုင်လျှင်ကား အားလုံးက ပိုမို ကျေနပ်စွာ သဘောတူညီ မည်ဖြစ်ကြောင်း ခြွင်းချက်ထားရှိခဲ့ပါသည်။ ကျွန်တော်လည်း ဖြတ်သို့ ရောက်ရှိ ကြိုးစားသည့်အခါ ကျွန်တော် ဆောက်လုပ်လိုသော မြေနေရာကွက်ကိုပင်

မှတ်မိပါသေးသည် ပဉ္စမအကြိမ်မြောက် ရိုင်ပြည် တော်သာ အစည်းအဝေးတွင် ဤသို့ပင် အပြန်အလှန် ဆွေးနွေးဝေဘန်ကြပြီးလျှင် စည်းဝေးပွဲကို ည ၇-နာရီခန့် အချိန်ကျမှ ဇနယောင်းတိုင်ကလေးများ အလင်းရောင်တွင် ရှင်သိမ်ရန် နိုင်ငံတော် သီချင်းကို ဆိုကြရာဝယ်၊ လူတိုင်း ဆိုဖို့ဆိုစဉ်မဟုတ်ဘဲ စိတ်ပါလက်ပါ ဆိုကြသည်ကို ကျွန်တော်ကောင်းစွာ သတိပြုမိပါသည်၊ သီချင်းဆိုရင်း ကျေနပ်နှစ်သိမ့်မှု ပီတိသောမနဿများ လည်း တစိမ့်စိမ့် ဖြစ်ပေါ်လာပါသည်။ ကျွန်တော်ကဲ့သို့ပင် အခြားအဖွဲ့ဝင်တိုင်းလည်း ဤခံစားမှုရရှိသည်ကိုရိပ်မိပါသည်။ ''ဒို့ပြေ ဒို့မြေ အကျိုးကို ညီညာစွာ ဒို့တတွေထင်းဆောင်ပါ ဒို့လေ၊ ဒို့တာဝန်ပေ၊ အတိုးတန်မြေ'' ဤအပိုဒ်များ သို့ ရောက်သောအခါ ကျွန်တော်တွင် တနေ့လုံး စည်းဝေးကို ထိန်းသိမ်း အုပ်ချုပ်လာရသည့် မောပန်းခြင်းတို့သည် မည်သို့ပျောက်ကွယ်သွားသည်ဟု မသိရှိလိုက်ရဘဲ ကြက်သီး တဖြန်းဖြန်း

ထသော ကျေနပ်မှုကြီးကိုသာ ဘဝင်အေးဆေးငင် ခံစားမိလိုက်ပါတော့သည်။

ခရိုင် ပြည်တော်သာ အက်မ ကိုင်ကြီးများ

၁၉၅၂-ခုနှစ် အောက်တိုဘာလ ၁-ရက်နေ့တွင် စတင် ဖွဲ့စည်းသော မြို့ခရိုင် ပြည်တော်သာ အဖွဲ့တွင် အောက်ပါ ပုဂ္ဂိုလ်ကြီးချုပ် ပါဝင်ပါသည်။

၁။ ဦးအုန်းဖေ ခရိုင်ဝန် ဥက္ကဋ္ဌ။
၂။ ဦးချစ်စိန် မြို့မ ဝန်ထောက်ကြီး အတွင်းရေးမှူး။
၃။ မစ္စတာ ဒေးလူ။ အာရှ ဘု (ညွှ) ခရိုင်ရဲဗိုလ်မှူး အဖွဲ့ဝင်။
၄။ ဒေါက်တာ ကျိုရှိ ခရိုင် ဆရာဝန်ကြီး မြို့မြို့ အဖွဲ့ဝင်။
၅။ ဦးစိန်ဖေ ခရိုင်အင်ဂျင်နီယာ မြို့မြို့အဖွဲ့ဝင်။
၆။ စိုက်ပျိုးရေး နယ်အုပ်အဖွဲ့ဝင်။
၇။ သမဝါယမ မြို့အုပ် အဖွဲ့ဝင်။
၈။ သင်္ဘောဝန်ထောက် မြို့မြို့ အဖွဲ့ဝင်။
၉။ ပညာအုပ် အဖွဲ့ဝင်။
၁၀။ မြေစာရင်း ဝန်ထောက် အဖွဲ့ဝင်။
၁၁။ နယ်ပိုင် ဝန်ထောက် ကော့သောင်း အဖွဲ့ဝင်။
၁၂။ မြို့ပိုင် မြို့အရှေ့ပိုင်း အဖွဲ့ဝင်။
၁၃။ မြို့ပိုင် မြို့အနောက်ပိုင်း အဖွဲ့ဝင်။
၁၄။ မြို့ပိုင် ပုလော အဖွဲ့ဝင်။
၁၅။ မြို့ပိုင် တနင်္သာရီ အဖွဲ့ဝင်။
၁၆။ မြို့ပိုင် ဘုတ်ပြင်း အဖွဲ့ဝင်။
၁၇။ လက်ထောက် ရိုင်ဖယ်သတ်အရာရှိ အဖွဲ့ဝင်။
၁၈။ ထောက်ပံ့ရေး အရာရှိ အဖွဲ့ဝင်။
၁၉။ တိရစ္ဆာန် ဆေးကု အင်စပိတ်တော် မြို့မြို့ အဖွဲ့ဝင်။
၂၀။ ဦးဘထွန်း ဖ-ဆ-ပ-လ အဖွဲ့ ဥက္ကဋ္ဌ မြို့တ အရှေ့ပိုင်း အဖွဲ့ဝင်။
၂၁။ ဦးခေးမောင် ဖ-ဆ-ပ-လ ဥက္ကဋ္ဌ မြို့တ အနောက်ပိုင်း အဖွဲ့ဝင်။
၂၂။ ဦးဘိုးသိန်း ဖ-ဆ-ပ-လ ဥက္ကဋ္ဌ တနင်္သာရီမြို့ အဖွဲ့ဝင်။
၂၃။ ဦးဘဦး ဖ-ဆ-ပ-လ ဥက္ကဋ္ဌပုလောမြို့အဖွဲ့ဝင်။
၂၄။ ဦးကျော်အေး ဖ-ဆ-ပ-လ ဥက္ကဋ္ဌ ဘုတ်ပြင်း အဖွဲ့ဝင်။
၂၅။ ဦးသာရွှေ ဖ-ဆ-ပ-လ ဥက္ကဋ္ဌကော့သောင်း အဖွဲ့ဝင်။
၂၆။ တိုက်ပိုင် ရဲဗိုလ် မြို့တ်မြို့အဖွဲ့ဝင်။

၁၉၅၂-ခုနှစ် ဒီဇင်ဘာလ ၁-ရက်နေ့မှ စတင်၍ ယစ်မျိုး မင်းကြီး အဖြစ်ဖြင့် ရန်ကုန်မြို့သို့ ရွှေ့ပြောင်း သွားသော ခရိုင်ဝန်မင်း ဦးအုန်းဖေ၏ နေရာတွင် မြို့တ ခရိုင်ဝန် အဖြစ် တွေ့ တိုးမြှင့်ခန့်ထားခြင်း ခံရသော မြို့မ ဝန်ထောက်ကြီး ဦးချစ်စိန်သည် ခရိုင် ပြည်ဘော်သာ အဖွဲ့ဥက္ကဋ္ဌ အဖြစ် ၁၉၅၃-ခု မေလ ၁၇-ရက်နေ့ အထိ ပူးတွဲ ထမ်းရွက်ခဲ့ပါသည်။

ထိုနောက် ၁၉၅၃-ခုနှစ် မေလ ၁၀-ရက်နေ့မှ စဘင်၍ ခရိုင်ဝန်မင်း ဦးညီပုသည် မြို့တ်ခရိုင်ပြည်ဘော်သာအဖွဲ့ဥက္ကဋ္ဌ အဖြစ် ယနေ့ထိတိုင် ဆက်လက် ထမ်းရွက်နေပါသည်။

မြို့တ်ခရိုင်၏ အရပ်ရပ် အခြေအနေ

မြို့တ်ခရိုင် အတွင်း ပြည်တော်သာ လုပ်ငန်းရပ်များကို စီစစ်ဝေဘန်ရာ၌ အဆိုပါ လုပ်ငန်းခွဲများ၏ နောက်ခံ ကားသဘွယ် ဖြစ်ပေါ်နေသည့် မြို့တ်ခရိုင်၏ အခြေအနေ အရပ်ရပ်ကိုပါ ထည့်သွင်းဖေါ်ပြမှသာလျှင် ပိုမို တိကျစွာ မှန်းဆနိုင်မည်ဟု ယုံကြည် မျော်လင့်ပါသဖြင့် အဆိုပါ နောက်ခံ ကားချပ်ကိုလည်း ဘင်ပြလိုပါသည်။

တည်နေပုံနှင့် အကျယ်အဝန်း။ ။မြို့တ်ခရိုင်သည် မြန်မာနိုင်ငံ၏ တောင်ဘက်အစွန်ဆုံး တနင်္သာရီ ကမ်းမြောင် ဒေသရိုင်းတခု ဖြစ်လျက် အလျားမှာ မြောက်ဘက် ထား၀ယ်ရိုင်နယ်စပ်မှသည် တောင်ဘက် ယိုးဒယားနယ်စပ်ကော့သောင်း (ဝိတိုရိယအင္ဂ) အထိ မိုင်ပေါင်း ၂၄၀ မျှရှိပြီးလျှင်၊ အနံမှာ အကျယ်ဆုံး နေရာ၌ မိုင် ၈၀ ခန့် ရှိ၍ အကျဉ်းဆုံး နေရာ၌ ၃၅—မိုင်ခန့် ရှိလေသည်။ မြေရေယာမှာ စတုရန်းမိုင် ၁၁၃၂၅ ရှိလေရာ မြန်မာနိုင်ငံတွင်း ခရိုင်များတွင် ဧရိယာအားဖြင့် အကျယ်ဝန်းဆုံး ရိုင်တခု ဖြစ်ပါသည်။ မြို့တ်ကွန်းစုဟူ၍ ခေါ်တွင်ရလောက်အောင် မြို့တ်ခရိုင် ကမ်းရိုးတန်းသဲ့သည် ကျွန်းကြီးကွန်းငယ်ပေါင်း (၈၀၀) ကျော် ရှိလှုက် ကမ်းမြောင်ဒေသ၏ ကျယ်ပြန့်သော ဧရိယာတို့မှာလည်း တနင်္သာရီ တောင်တန်းကြီးနှင့် တကွ တောင်စွယ် တောင်ပွားများ တောတန်းကြီးများ ရှိမြောင် ၈နိုင် စိမ့်စမ်း ပြစ်ချောင်း အင်းအိုင်များ ဖုံးအုပ်နေပြန်သဖြင့် အမှန်မှာ ယခုလက်ရှိအတိုင်း လူ

မြို့တွင်းလူထု၏ စေတနာ

ပြည်တော်သာရေးကို သဘောပေါက် နားလည်သော မြို့တွင်းလူထုသည် လွတ်လပ်သော နိုင်ငံသားပြည်စွာ မိမိတို့ နိုင်ငံ ရင်မြစ်အတွက် မိမိတို့ တတ်နိုင်သည့်ဘက်မှ ကြိုးပမ်း ထမ်းရွက်သည့် အနေဖြင့် နိုင်ငံတော် အစိုးရထံသို့ အကူအညီမယူဘဲ အောက်ဘော်ပါ လုပ်ငန်းရပ်များကို စေတနာ သဒ္ဓါတရား ရက်ရောစွာဖြင့် ဆောက်လုပ်လှူဒါန်းကြပါသည်။

မြို့တွင်း ဆေးရုံဝင်းအတွင်း သားဖွါးဆောင်

ဒုတိယ ကမ္ဘာစစ်ကြီး မဖြစ်မီက မူပြီးမပြတ် ကျူန်ရစ်ခဲ့သော တိုင်းတစ အဆောက်အဦးများမှာ စစ်အတွင်းက ပျက်စီးခဲ့ရသဖြင့် မြို့တွင်းဆေးရုံ အဆောက်အဦးများသည် စိတ်ပျက်ဝမ်းနည်းဘွယ်ရာအခြေအနေ ရှိနေခဲ့ပါသည်။ သားဖွါးဆောင်မှာလည်း ကုကျနန မရှိသေးသဖြင့် မြို့တွင်းတဦးဖြစ်သူ ရန်ကုန်မြို့ ပွဲစားကြီး ဦးပုံ့စိုင်သည် မြို့တွင်း ဆေးရုံဝင်းအတွင်း သားဖွါးဆောင် တဆောင် ဆောက်လုပ်နိုင်ပါရန် ၁၉၅၁ခု၀၀၀-တိတိလှူဒါန်းခဲ့ပါသည်။ အဆိုပါ သားဖွားဆောင် အုဒ္ဓမြစ်ကို ၁၉၅၃-ခုနှစ် မေလ ၅-ရက်နေ့က နိုင်ငံတော် ဝန်ကြီးချုပ် ဦးနုကိုယ်တိုင် ချမှတ်ပေးခဲ့ပါသည်။ မိုဃ်းရာသီဖြစ်သဖြင့် ပစ္စည်းပစ္စယများ ကျမ်းကျင်သော အလုပ်သမားများကို စုဆောင်းရှာဖွေနေခဲ့ရလျက် ယခုအခါမူ စတင်ဆောက်လုပ်နေပါပြီ။

မြို့တွင်း မိခင်နှင့်ခလေးများ စောင့်ရှောက်ရေး အသင်း၏ သားဖွါးဆောင်

ကမ္ဘာ့စစ်ပေါင်း ၁-လလျှင် ၈၀-ခန့် ဖွါးမြင်နေသော မြို့တွင်းအတွက် မြို့တွင်းဆေးရုံဝင်းအတွင်းရှိ သားဖွါးဆောင် တခုတည်းဖြင့်သာ လုံလောက်ခြင်းမရှိသေးဟု တိကျစွာ စုံစမ်းပြီးသည့်နောက် အသင်းတိုက်နှင့် ယှဉ်လျက် ၂၀၀၀၀-တန် သားဖွါးဆောင်ကို အသင်းရုံပုံငွေဖြင့်ဌင်း၊ အခြားပြင်ပ ပုဂ္ဂိုလ်ကြီးများထံမှ အလှူငွေကောက်ခံလျက်ဖြင့်ဌင်း ၁၉၅၃-ခု၊ မေလ ၁၇-ရက်နေ့က စတင် ဆောက်လုပ်ခဲ့ရာ ယခုအခါ လုပ်ငန်း၏ ၆၀-ရာခိုင်နှုန်း ပြီးစီးလျက် ရှိနေပါပြီ။ ၁၉၅၃-ခု၊ အောက်တိုဘာလ ၃၁-ရက်နေ့တွင် အပြီးသတ်နိုင်လိမ့်မည်ဟူ၍လည်း မျှော်မှန်းပါသည်။

နေထိုင်နိုင်လောက်သည့် ရေယာသည် ၃-ပုံ-တပုံခန့် ပျသာ ရှိလေသည်။

လူဦးရေ။ ။ ၁၉၄၈-ခုနှစ် သန်းခေါင်စာရင်း အကြမ်းအရ တခရိုင်လုံး၏ လူဦးရေမှာ ၁၈၅၀၀၇-ယောက်ခန့်မျသာ ရှိရာ၊ တုရန်းတမိုင်လျင် ပျမ်းမျခြင်း လူဦးရေ ၁၆-ယောက်ခန့်မျသာ ရှိသဖြင့် လူနေ အလွန်ကဲသည်ဟု ဆိုရပေမည်။ အဆိုပါ လူဦးရေအနက် မြန်မာလူမျိုးမှာ (၁၃၈၉၄) ကရင်လူမျိုးမှာ (၂၁၉၁) ယိုးဒယားလူမျိုးမှာ (၇၈၄၇) ပဒုံလူမျိုးမှာ (၇၁-၂၄) နှင့် အခြားလူမျိုးမှာ (၉၁၃၀) တို့ အသီးသီး ဖြစ်ပါသည်။

အရပ်ရပ် အခြေအနေ။ ။ပထဝီဝင် အနေအထားအရ ခရိုင်၏ သယ်ယူပို့ဆောင် ကူးသန်း သွားလာရေးသည် လွန်စွာပင် ခက်ခဲပင်ပန်း ကြုံကြောပါသည်။ ပညာရေးတွင်ဌင်း၊ ကျန်းမာရေးတွင်ဌင်း၊ လူမှုရေးကိုတွင်ဌင်း၊ များစွာခေတ်နောက်ကျလျက် ရှိနေသေးသည်ကို ဝမ်းနည်းဘွယ်ရာ တွေ့ရှိရပေသည်။ ဤကိစ္စရပ်များအကြောင်းကိုလည်း နောက်ပိုင်း ဆောင်းပုံများ၌ အကျယ်တဝင့် တော်ပြထားပြီး ဖြစ်ပါသည်။

စီးပွားရေး အခြေအနေ။ ။အနည်းငယ် ခဲ့ထွင် ....ရေးသားရပါလျှင်''ဝယ်နှင့်ငြမြေ'' ဟူသော ဆောင်းပါးဌ် တော်ပြထားသည့်အတိုင်း သတ္တုစျေးများအကောင်းခံ၊ ၁၉၅၀--၅၁ ခုနှစ်တွင် ဤ ခရိုင်၏ သောင်းကျန်းမှု အရှိန်တက်ခိုက်နှင့်ပက်ပင်းပါ ကြုံတွေ့ခဲ့ရသဖြင့် တောတွင်း တောင်နှ မျာဌ်သာ လုပ်ကိုင်ရသော သတ္တုတွင်း လုပ်ငန်းမှာ များစွာထိခိုက်နစ်နာခဲ့လေသည်၊ ယိုမျလောက် မဲခိုးဝါးခဲ့စေကာမူ ရော်ဘာ လုပ်ငန်းနှင့် တံငါလုပ်ငန်းတို့သည်လည်း အနည်းနှင့် အများ ထိခိုက်ခဲ့လေသည်။ ဤ ခရိုင်၏ အဓိက လုပ်ငန်းကြီး ၃-ရပ် တိုခိုက် နစ်နာခဲ့ရသည်နှင့် အမျ ခရိုင်၏စီးပွားရေး အခြေအနေကိုလည်း မှန်းဆ နိုင်ပါပြီ။

ဤသို့ဖြင့် ဤ ခရိုင်၏ အခြေအနေ အရပ်ရပ်ကို သိရှိထားပါက ဤသို့သော နောက်ခံကားပေါ်၌ ဆောင်ရွက်ပြီးစီးခဲ့သော ပြည်တော်သာ နှစ်ချင်းပေါက် လုပ်ငန်းရပ်များ၏ အဝိမ်းအနက်အဓိပ္ပါယ်ရသကို ပိုမိုပေါ်လွင်စွာ နှိုင်းဆဝေဘန် နိုင်လိမ့်မည်ဟု မြော်လင့်ပါသည်။

မြိတ်ဆေးရုံအတွက် ဒိုက္ခာအသင်း၏အကူ

မြိတ်မြို့သို့ ကြွရောက်လာသော နိုင်ငံတော်ဝန်ကြီးချုပ်၏ လက်ဦး မြိတ်မြို့ ဆေးရုံအတွက် လိုအပ်သည့် ကိစ္စရပ်များတွင် အသုံးပြုပါရန် မြိတ်မြို့ မြန်မာမူဆလင် ဒိုက္ခာများအသင်းကငွေ ၁၅၀၀-တိတိ ပေးအပ်လှူဒါန်း ပြီးလျှင် နောက် ၁၀၀၀-လည်း ထပ်မံ လှူဒါန်းပါသဖြင့် စုစုပေါင်း ၂၅၀၀ ဖြင့်ပါသည်။

ကျောင်းမြေနေရာ။ ။ပညာရေး မျက်စိ ပွင့်လင်းလာပြီ ဖြစ်သည့်အလျောက် ကျောင်းသား ဦးရေ အဆမတန် တိုးတက်လာရာတွင် လက်ရှိ မြန်မာနိုင်ငံတော် အစိုးရအထက်တန်းကျောင်းအဆောက်အဦးကြီးမှာ နေရာ မလုံလောက်နိုင်သည့် အတွက် ကျောင်းသား ၅၀၀ ဆန့်သည့် ၂-သိန်း ၄-သောင်းတန် အဆောက်အဦးကြီးတခုကို တိုးချဲ့ဆောက်လုပ်ရန် နိုင်ငံတော်ပြည်သူ့ စီးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့ကြီးက ဦးစီးဆောက်လုပ် ပေးရန် ဆုံးဖြတ်ခဲ့ပါသည်။

အဆိုပါ ကျောင်းဆောင်ကြီး ဆောက်လုပ်ရန် အတွက် မြေနေရာ ရွေးချယ်ရန် တာဝန် ယူရသည့် မြိတ်ရိုင် ပြည်တော်သာ အဖွဲ့သည် အောက်အခဲနှင့် ရင်ဆိုင်ခဲ့ရလေသည်။ လက်ရှိ ကျောင်းကြီး၏အနောက်တက်တွင် ကျောင်းဝင်းအတွင်း မြေနေရာကွက် ရှိသည်ပဲ့နှင့်သော်လည်း အဆိုပါ မြေကွက်သည် ကန်ကြီး၏ ဘေးတွင်ဖြစ်နေသဖြင့် ကန်ကြီးမှ စိမ့်ရေ များကြောင့် အဆိုပါမြေကွက်သည် အဆောက်အဦးကြီးတခု၏ ဝန်ချိန်ကို ခံနိုင်စွမ်း ရှိမရှိ သံသယ ဖြစ်ဘွယ်ရာအကြောင်း ရှိနေသည့်အတွက်ကြောင့်တကြောင်း၊ ခံနိုင်စွမ်း ရှိသည့် တိုင်အောင် အဆိုပါ မြေကွက်သည် ကျောင်းကြီး၏ နောက်ကွယ်လမ်းကြားတွင်ဖြစ်နေသဖြင့် ၂-သိန်းခွဲတန် ကျောင်းကြီးတခုကို ချောင်းထဲတွင် မြုပ်ထားရမည် ဖြစ်သည်တကြောင်း ဤအကြောင်းများကြောင့်အလွယ်တကူ ရရှိသားသော ထိုမြေကွက်ကိုမူ မနှစ်ခြိုက်ကြပေ၊ အဖွဲ့က နှစ်ခြိုက်သည့် မြေကွက်မှာ လက်ရှိကျောင်းကြီးနှင့်ဟပ်လွဲလွှဲရှိသော နေရာဖြစ်လေသည်။ သို့သော် အဆိုပါ မြေကွက်များမှာ ကျောင်းပိုင် မြေကွက်အပြင် မဲစွတာအဖွဲ့ပိုင်နှင့် ဦးတိုင်ဟိုတို့၏ မြေရာကွက်များ ပါဝင်နေပါသဖြင့်အကြပ်အတည်းတွေ့ပြေလည်သည်။ ပိုမို ကျော်ခဲ့သည့် ကိစ္စရပ်များမှာ အဆိုပါ ပုဂ္ဂိုလ်ကြီး ၂-ဦး၏ မြေရာကွက်များပေါ်တွင် ခိုင်ခံ့တောင့်တင်းသော အိမ် အဆောက်အဦးကြီးများ ရှိနေခြင်းပင် ဖြစ်လေသည်။

မည်သို့ပင် ဖြစ်စေ အဆိုပါ မြေကွက်ကို နှစ်ခြိုက်လွန်းလှသဖြင့် ဥက္ကဋ္ဌအဖြစ် ထိုစဉ်က ဆောင်ရွက်ခဲ့သူ ယခု အတွင်းရေးမှူးနှင့် အဖွဲ့ဝင် အချို့သည် အဆိုပါ ပုဂ္ဂိုလ်ကြီးများအား အကျိုးအကြောင်းကို ရှင်းလင်းပြောပြပြီးလျှင် အရဲ စွန့်လျက် မဲတွာ ရုပ်ခံကြရာ စေတနာသဒ္ဓါတရား များပြား ရင့်သန်ပြီး ဖြစ်သည့် ပုဂ္ဂိုလ်များ ဖြစ်ကြသည့်အတိုင်း မစ္စတာ အဖွယ်က ပိမိပိုင် ၂၅၀၀၀ တန်မြေနှင့် အိမ်ကိုင်၊ ဘီအိုစီသူဌေး ဦးတိုက်ဟိုက ပိမိပိုင် ၃၅၀၀၀ တန် မြေကွက်နှင့် အိမ်ကိုင်၊ မြိတ်မြို့သို့ ကြွရောက်လာသော နိုင်ငံတော် ဝန်ကြီးချုပ်၏ လက်တွင် ၁၅၅၃ ခု မေလ ၄ ရက်နေ့က ရေစက်ချ လှူဒါန်းခဲ့ကြပါသည်။ ဤမျှ စွန့်စွန့်စားစား လှူဒါန်းကြသူများအား ချီးကျူးထိုက်ပါပေသည်။ ဤမြေကွက်ကိုသာ မရရှိခဲ့ပါက ၂၄၀၀၀၀ တန်ကျောင်း အဆောက်အဦးကြီးသည် ချောင်းထဲတွင်မြုပ်နေရမည်မှာ အမှန် ဖြစ်ပါတော့သည်။

မြိတ်ရှိ ကျောင်းဝင်းအတွင်း ယာယီ ကျောင်းခန်းများ

အထက်ဘော်ပြပါ ကျောင်းသစ်ကြီးမဆောက်လုပ်နိုင်သေးမီအတွင်း ပိုးတက်နေသော ကျောင်းသား ဦးရေများအတွက် နေရာထိုင်ခင်း စာသင်ခန်းများ ရရှိရန် ကျောင်းအုပ်ကြီး ဦးသောင်းထွန်း ကိုယ်တိုင် ဦးဆီးလျက် ကျောင်းသား ၂၀၀ ဆန့်သည့် ၂၀၇၀ တန်တဲတန်းလျားကြီး တဆောင်ကို ပြီးမြောက်ကြောင်း၏ အကူအညီဖြင့် ဆောက်လုပ်ပြီးစီးခဲ့ပါသည်။

မြေကုတ်များ

မြိတ်မြို့လုံခြုံမှုအတွက် တလုံးလျှင် ၅၀၀ တန်သော ဗြေကုတ် ၂၂ လုံး တန်ဘိုး ၁၁၀၀၀ ကိုလည်း မြိတ်မြို့လူထုက ဝိုင်းဝန်းကူညီ ဆောက်လုပ် ကြပါသေးသည်။

သို့ဖြစ်ပါ၍ မြိတ်မြို့ပေါ်တွင် ပြည်တော်သာ နှစ်ဆတွင်း လူထု၏ သက်သက်အနေဖြင့် ပြုလုပ်ပြီးစီး လှူဒါန်း ခဲ့သည့် လုပ်ငန်း ရုပ်များ၏ တန်ဘိုးမှာ ၃၁၃၀၀၇၀ ဖြစ်ပါသည်။

နိုင်ငံ ပြည်တော်သာ အဖွဲ့မှ ကြီးကြပ်ဆောင်ရွက်ခဲ့သည့် ဌာနဆိုင်ရာ လုပ်ငန်းရင်းများ

လုပ်ငန်းနေရာ	လုပ်ငန်း အမျိုးအမည်	တန်ဘိုး
မြို့တော်မြို့	ဆောင်ဝင်းအတွင်း ထောင်ရဲကြပ် ၁၂-ဦးနှင့် အိမ်ထောင်စုများ နေထိုင်ရန် အဆောက်အဦးများ။	၄၁၁၉၅၅
မြို့တော်မြို့	ပြည်သူ့ဆက်ဆံရေး အရာရှိရုံးနှင့် အစိုးရစာကြည့်ခန်း။	၁၁၉၁၅
မြို့တော်မြို့	သီးသန့် ရဲဌာနဝင်းအတွင်း ရဲသားများ သုံးခေသာက်ရန် ရေတွင်းတလုံး။	၃၀၃၇
မြို့တော်မြို့	သီးသန့် ရဲဌာနာဝင်းကို သံဆူ ကြိုး ကာရံခြင်း။	၆၈၀၁
မြို့တော်မြို့	လေယာဉ်ပျံကွင်း အဝင်လမ်း ပြုပြင်ရန်။	၃၇၀၀၀
မြို့တော်မြို့	ကျောင်းသား ၅၀၀-ဆန့်သော နိုင်ငံတော်အစိုးရ အထက်တန်း ကျောင်း တဆောင်။	၂၄၇၄၅၂
ပုလောမြို့	ကျောင်းသား ၈၀၀-ဆန့်သော နိုင်ငံတော်အစိုးရ အထက်တန်း ကျောင်း တဆောင်။	၄၆၁၂၀၂

အထက်ဘော်ပြပါ လုပ်ငန်းရပ်များအနက် လုပ်ငန်းစဉ် ၁-မှ ၅-မှာ လမ်းပန်းနှင့် အဆောက်အဦးဌာန လုပ်ငန်းဖြစ်၍၊ ၆-နှင့် ၇-တို့မှာ ပြည်သူ့အိုးအိမ် ပြန်လည်ထူထောင်ရေးနှင့် မြို့နှင့် ကျေးလက် စည်ပင်ရေး အဖွဲ့၏ လုပ်ငန်းရပ်များ ဖြစ်ပါသည်။

လုပ်ငန်းစဉ် ၁-ကို ၁၉၅၃-ခု၊ ဇန်နဝါရီလ အတွင်း စတင်ဆောက်လုပ်ခဲ့၍၊ မူလက ၁၉၅၃-ခု၊ အောက်တိုဘာလ ၂၀-ရက်နေ့တွင် ပြီးစီးမည်ဟု ခန့်မှန်းခဲ့သော်လည်း (၃-၀-၅၃) နေ့က ပြီးစီးခဲ့ရာ မူလ ခန့်မှန်းခြေထက် စောလျ ပြီးစီးခဲ့ပါသည်။

လုပ်ငန်းစဉ် ၂-ကိုလည်း ၁၉၅၃-ခု၊ ဇန်နဝါရီလ အတွင်းပင် စတင်ဆောက်လုပ်ခဲ့၍ ၁၉၅၃-ခု ဇူလိုင်လ ၃၀-ရက်နေ့က ပြီးစီးခဲ့သဖြင့် မူလမှန်းထားသော ရက် အတွင်း ပြီးစီးခဲ့ပါသည်။

လုပ်ငန်းစဉ် ၃-နှင့် ၄-တို့မှာမူ ဓရိုင် အင်ဂျင်နီယာက တိုက်ရိုက်တာဝန်ယူ ဆောင်ရွက်ခဲ့၍၊ ယခုအခါ လုံးဝ ပြီးစီးသွားခဲ့ပါပြီ။

လုပ်ငန်းစဉ် ၅-မှာမူ သက်ဆိုင်ရာ မြို့ပြလေကြောင်း ဌာနက လိုအပ်သော ရံပုံငွေကို မြိတ်ရိုင် အင်ဂျင်နီယာအား ၁၉၅၃-ခု၊ ဧပြီလအတွင်းကပင် ပေးအပ်ခဲ့သော်လည်း ယခု အစီရင်ခံသည့် ၁၉၅၃-ခု၊ ဩဂုတ်လ ကုန်တိုင်အောင် ကျောက်များ အတော်အသင့် စုပုံထားသည်မှလွဲ၍၊ အခြားလုပ်ငန်းရပ်များ မမြင်ရသေးသည်မှာ ဝမ်းနည်းဘွယ်ရာပင် ဖြစ်ပါသည်။ ရွှေရာသီတွင် နေ့တိုင်း လေယာဉ်အင်အထွက်ရှိ၍၊ မိုးရာသီတွင် တာတ်လျှင် ၅-ကြိမ် လေယာဉ် အသွားအလာရှိသော မြို့တော်မြို့လေဆိပ်သို့အဝင်လမ်းမှာ လူအများဥဒဟို အသုံးပြုလျက်ရှိသော လမ်းပင်ဖြစ်လျက် ကျောက်တုံး ကျောက်ခဲ ချိုင့်ကွက်များ ပြည့်နှက်နေသည့် ဤလမ်းကို အသုံးပြုသည့် ခရီးသွား ခရီးလာများ၏ ဒုက္ခနှင့် အဆင်မပြေမှုကို တွေးဆသင့်ပါသည်။

လုပ်ငန်းစဉ် ၆-မှာ ယခုအခါ ပြည်သူ့ အိုးအိမ် ပြန်လည်ထူထောင်ရေးနှင့်မြို့နှင့်ကျေးလက်စည်ပင်သာယာရေး အဖွဲ့က တင်ဒါကို ရွေးချယ်ပြီးဖြစ်သည့်အလျောက် ကျောင်းမြေနေရာပေါ်ရှိ အိမ်အဆောက် အဦးများကို ဖြိုဖျက်နေခြင်း ပစ္စည်းပစ္စယများ ဈေးဆင်းခြင်း တို့ကို ယခု မိုးဦးတွအခါ ပြုလုပ် ဆောင်ရွက် နေလျက် ၁၉၅၃-ခု၊ အောက်တိုဘာလ ၁-ရက်နေ့တွင် စတင် ဆောက်လုပ်ရန် စီစဉ်ပြီးဖြစ်ရာ ၁၉၅၄-ခု၊ နှစ်ဦးတွင် ခန်းနားသော ၂-သိန်းခွဲတန် ကျောင်းကြီးတဆောင် ကို မြိတ်မြို့ပေါ်တွင် ပြင်ရရှိတော့မည် ဖြစ်ပါသည်။

လုပ်ငန်းစဉ် ၇ နှင့် ပတ်သက်၍မူ ၎င်းလုပ်ငန်းအတွက် တင်သွင်းသည့် တခုတည်းသောတင်ဒါသည် ဈေးနှုန်းအသင့်အတင့် များလွန်း နေသဖြင့် လက်ခံရကောင်းနိုးနိုးငြင်းပယ်ရကောင်းနိုးနိုးနှင့်ပြည်သူ့ဘဏ်းအိမ်နှင့် မြို့နှင့်ကျေးလက်စည်ပင်ရေး အဖွဲ့သည် ဝေခွဲမရနိုင်အောင် ဖြစ်နေသည်ဟု ကြားသိရပါသည်။ သို့သော် ပညာရေးနှင့် ပတ်သက်သော ဆောင်းပါးတွင်အကျယ်တဝင့် ရှင်းလင်း ဘော်ပြထားသည့်အတိုင်း ပုလောမြို့ လက်ရှိ နိုင်ငံတော်အစိုးရ အထက်တန်း ကျောင်းသည် လွန်ခဲ့သော ၄-နှစ်ခန့်ကစ၍ ၄၀း၀အိမ် သိမ်းအိမ် လှူအိမ် ဝယ်အိမ်စသော အမျိုးမျိုးနှုန်းဖြင့် ရရှိသော အိမ် ၉-ဆောင်တွင် တဲကွဲတပြား ဖွင့်လှစ်သင်ကြား နေရသည့်ပြင် အဆိုပါအိမ်များမှာလည်း လာမည့်နှစ်တွင် စာသင်ခန်းဖွင့်လှစ် သင်ကြားနိုင်လောက်အောင်အခြေအနေရှိတော့မည် မဟုတ်တော့ပါသဖြင့် ကျောင်းဆရာ ဆရာမများနှင့် ကျောင်းသူ ကျောင်းသားများ၏ သနားဘွယ်ရာ ဖြစ်ထွေကို ကောင်းစွာသိရှိရသော မြို့ခရိုင် ပြည်တော်သာအဖွဲ့သည် သက်ဆိုင်ရာ ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့်မြို့နှင့် ကျေးလက် စည်ပင်ရေးအဖွဲ့အား မရပ်မနား တိုက်တွန်းတောင်းပန်မှုကြောင့် ၁၉၅၃-ခု ဩဂုတ်လ ၂၄ ရက် နေ့တွင် အဆိုပါတင်ဒါကို လက်ခံလိုက်ပြီ ဖြစ်ကြောင်း ကြေးနန်းရရှိပါသဖြင့် ၁၉၅၃-ခု အောက်တိုဘာလ ၁-ရက်နေ့တွင် အဆိုပါ ကျောင်းဆောင်ကြီးကို စတင် ဆောက်လုပ် နိုင်တော့မည်ဟု ယုံကြည်ပါသည်၊ များစွာအားတက် မြော်လင့်ဘွယ်ရာ ဖြစ်ပါသည်။

ခရိုင် ပြည်တော်သာအဖွဲ့မှ ဦးစီးဆောင်ရွက်ခဲ့သော ပြည်တော်သာ လုပ်ငန်းစာရင်းများ

လုပ်ငန်းနေရာ	လုပ်ငန်း အမျိုးအမည်	နေ့မှုန်းခြေ ဇွေ	ဆန္ဒအလျောက် သုံးစွဲပိုင်ခွင့်ရံပုံငွေမှ	လူထု အကူအညီ
၁။ မြို့မြို့	ကမ်းနားလမ်း ရေဆိပ်ကျောက်တံတား	၂၀၀၀၀	၁၀၀၀၀	၁၀၀၀၀
၂။ မြို့မြို့	ဆေးရုံဝင်းအတွင်း အဝိစိရေတွင်း	၁၂၀၀၀	၁၁၀၀၀	၂၀၀၀



အထက်ဘော်ပြပါ လုပ်ငန်း အမှတ်စဉ် ၁-ကို အကျယ်ချဲ့၍ ရှင်းလင်းအစီရင်ခံလိုပါသည်။ တနေရာတွင် ပါရှိသည့် "အသက်သွေးကြော" ဟူသော ဆောင်းပါးဌ ဘော်ပြထားသည့်အတိုင်း ဤ ရိုင်၏ ကူးသန်း သွားလာမှုသည် ရေယာဉ်များ ပေါ်ခဲ့ သာ ရာခိုင်နှုန်းပြည့် အားထား နေရပေသည်။ တနေ့လျှင် မြို့မြို့ဆင်ဝန်းသို့ ရိုင်တွင်းရှိကျေးရွာအရပ်ရပ်မှ ရေယာဉ်အစင်း ၂၅-စင်းခန့် အဝင်အထွက်ရှိရာ မြို့ဆိပ်ကမ်းကို အသုံးပြုကြသူတို့၏ ၉၀ ရာခိုင်နှုန်းမှာ တောနေလူထု ဖြစ်ပါသည်။ အဆိုပါ တောနေလူထု ခရီးသည်များသည် မြို့ဆိပ်ကမ်းသို့ တက်ရောက်ရာတွင် ဆိပ်ခံတံတား တခုမျှ မရှိသဖြင့် အင်္ကျီအခဲ များစွာ တွေ့ကြုံရပါသည်။ ဘုန်းတော်ကြီးများ၊ ဘိုးမင်းမစွမ်းသူများ၊ ကလေးများ၊ သားသယ်အမေများ၊ ဝန်စည်ပါသူများ စသည်တို့သည် အခြိန်မတော် အချိန်တော် ကမ်းနားကျောက်တုံးကြီးများနှင့် ခုန်ကူးများကြားထဲမှ ပင်ပန်းကြီးစွာဖြင့်၊ တက်ရောက်သည်ကို တွေ့မြင် ရပေသည်။

သို့ဖြစ်၍ လုပ်ငန်းတည်ရာမှာ မြို့မြို့ ဖြစ်သော်လည်း လုပ်ငန်း၏ တိုက်ရိုက်နှင့် လတ်တလော အကျိုး သက်ရောက်မှုမှာ တောနေလူထု အပေါ်သို့သာ ဖြစ်ပါသဖြင့် မြို့ခရိုင် ပြည်တော်သာ အဖွဲ့သည် အဆိုပါ လုပ်ငန်းကို ဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့ကြပါသည်။

သို့ ဆုံးဖြတ်ခဲ့သည်နှင့် အညီ နိုင်ငံတော် ဝန်ကြီး ချုပ်ကိုယ်တိုင် ၁၉၅၃-ခု မေလ ၆ ရက်နေ့တွင် အဆို ပါ ကျောက်တံတားကြီးကို အုပ်မြစ်ချခဲ့၍ မြိတ် မြူနီစီ ပါယ်အဖွဲ့ ဥက္ကဋ္ဌ ဦးအုံနိုကိုယ်တိုင် တာဝန်ယူလျက် ဦးစီးဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်း၏ ၆၀ ရာခိုင် နှုန်း ပြီးစီးပြီ ဖြစ်သဖြင့် ၁၉၅၃-ခု စက်တင်ဘာလ ၁၅-ရက်နေ့တွင် အပြီးသတ်နိုင်မည်ဖြစ်ပါသည်။

လုပ်ငန်းစဉ် အမှတ် ၂-မှာ မြိတ် ဆေးရုံဝင်း အတွင်း ရေတွင်း တခုမျှ မရှိသဖြင့် ဆရာဝန်အပေါင်း နှင့် လူနာတို့သည် ရေအတွက် ခက်ခဲရောက်ရသည့် အကြောင်းကြောင့် မြိတ်ရိုင် ပြည်တော်သာအဖွဲ့သည် အဆိုပါ လုပ်ငန်းကို ဆုံးဖြတ်ချက် ချမှတ် လုပ်ကိုင်ခဲ့ ပါသည်။ လပ်ပန်းနှင့် အဆောက်အဦးဌာန ရိုင် အင်ဂျင်နိယာသည် ၎င် လုပ်ငန်းမျိုးတွင် ကျွမ်းကျင်မှု မရှိဟု ဆိုသဖြင့် ခရိုင်ဆရာဝန်ကြီး ဒေါက်တာ ဂျိုရှ် ကိုယ်တိုင် ဦးစီးဆောင်ရွက်ခဲ့ရာ ယခုအခါ ပေပေါင်း ၈၂-ပေအနက် အထိ တူးဖေါ်ပြီး၍ စက်တင်ဘာလ ၂၀-ရက်နေ့တွင် ထမြောက်ပြီးစီးမည်ဟု မြော်လင့်ပါ သည်။ ၎င် လုပ်ငန်းတွင် တတ်ကျွမ်းသူအဖြစ် ကိုယ်ဘိ ရင်ဘို ကူညီခဲ့သူ သံဘော့လိပ် ခဲတွင်းကိုယ်စားလည့် ဦးတိုနိသည် ရုတ်တရက် ကွယ်လွန် အနိစ္စရောက် ခဲ့ရှာသဖြင့် အနည်းငယ် နောက်တွန့် သွားခဲ့သော်လည်း မျော်မှန်းသည့်အတိုင်း ပြီးစီးမည် ဖြစ်ပါသည်။

အစိရင်ခံရန် ကိစ္စတရပ်မှာ မြိတ်မြို့ ဆေးရုံကြီး၏ အဆောက်အဦးများသည်အထက်တနေရာတွင်ဘဲပြ အစိရင်ခံခဲ့သည့်အတိုင်း အလွန်အမင်း ယိုယွင်းလျက် ပျက်စီးနေပါသည်။ အထူးသဖြင့် ဆေးရုံအရှေ့ဘက် တောင်ပံအဓိုးသည် ဓနိဖက်များနှင့် မိုးထားသဖြင့် ဝိုလ်းအခါတွင် မိုလ်းယို၊ နွေအခါတွင် မီးဘေးကိစ္စ လည်း စိုးရိမ်ရသဖြင့် အဆိုပါ အဓိုးများကို ပြင်ဆင် ပြီးလျှင် ပျဉ်အုင်းကြိုပ်မိုးရန် ရည်ရွယ် ခဲ့ပါသည်။ သို့ ရည်ရွယ်ချက်အတိုင်း ဒီဇိုင်ဘဲ ကောင်စီ လပ်းဝိုလ် မစ္စတာမားမားအား တွက်ချက်စေရာ ၎င ၂၃၀၀၀ ခန့်ကုန်ကြမည်ဟု အဆိုရှိသည့်အတွက် ၂၉-၁၂-၅၂ နေ့တွင် ကျင်းပသော မြိတ်ခရိုင် ပြည်တော်သာအဖွဲ့ ပဋိမအကြိမ်မြောက် စည်းဝေးက တိုင်းပြည်တော်သာ အဖွဲ့၏ ခွင့်ပြု သဘောတူညီချက်ရလျှင် ခွင့်ပြုရန် ဆုံး ဖြတ်ခဲ့လေသည်။ ပြည်တော်သာ ဆန္ဒအင်္ဂလျောက် သုံးစွဲ ဝိုင်ခွင့် ရံပုံငွေမှ လုပ်ငန်းတခုအတွက် ငွေ ၁၀၀၀၀-ထက် ပိုမသုံးရန် ပညတ်ချက် ရှိထားသဖြင့် ဒုတိယ အကြိမ်မြောက်၊ တိုင်းပြည်တော်သာ ညီလာခံ တက် ရောက်ရန် မြိတ်မြို့သို့ ကြွရောက်ကြသည့် တနယ်ခရီး တိုင်းပြည်တော်သာအဖွဲ့ဝင် ပုဂ္ဂိုလ်များအား ဆေးရုံ သို့ ပင့်ဘိတ်၍ ဖြစ်ပျက်နေသော အခြင်းအရာကိုပြသပါ သည်။ ၎င်တွင် တဲ့လုံးက အပိုးမိုးရန် တညီတညွတ် တည်း သဘောတူညီပြီးလျှင် အကူးကိစ္စတရပ် အနေဖြင့် အဆိုပါ ဆေးရုံအပိုး မိုးရန် ၎င ၂၀၀၀၀-ခန့် ခွင့်ပြုရန် သဘောတူညီကြောင်း မိန့်ကြားခဲ့ပါသည်၊ သို့ဖြစ် သည့်အတိုင်း ခရိုင်ပြည်တော်သာ အဖွဲ့က အဆိုပါ လုပ်ငန်းကို ဆောလျင်စွာ ဆောင်ရွက်ပါရန် ခရိုင် အင်ဂျင်နိယာအား တာဝန်လွှဲအပ်ခဲ့ ပါသည်။ သို့ တာဝန်လွှဲအပ်ခြင်း ခံရသော ခရိုင် အင်ဂျင်နိယာသည် ပစ္စည်းမရ သယောင်ယောင် အခြား အလက်အခဲများ ရှိသယောင်ယောင်နှင့် လုပ်ငန်းကို လုံးဝမစတင်ဘဲ ရှိနေခဲ့ရာ ၁၉၅၃-ခု၊ ဖေဖေါ်ဝါရီလ အတွင်း မြိတ်မြို့သို့ ကြွရောက်သည့် တနယ်ခရီတိုင်း ပြည်တော်သာအဖွဲ့ ဥက္ကဋ္ဌကြီး ဦးမိုးမြစ်ကိုယ်တိုင် ခေါ်ယူပြောဆို မေးမြန်း ရပ်ခံခဲ့လင့်ကစား မည်သို့မျှ ထူးထူးထွေထွေ ပေါ်လွင် ခြင်း မရှိခဲ့ပေ၊ ခရိုင် ပြည်တော်သာအဖွဲ့ ဥက္ကဋ္ဌနှင့် ခရိုင် ဆရာဝန်ကြီးတို့က အကြိမ်ကြိမ် အတန်တန် နှိုးဆော် တောင်းပန်သော်လည်း ထူးခြားချက် မရှိသည့်အတိုင်း နောက်ဆုံးတွင် လက်လျော့လိုက်ရကာ လုပ်ငန်း အတွက် ခွင့်ပြုငွေကို ပြန်လည်ရုပ်သိမ်းပြီးလျှင် အခြား လုပ်ငန်းများအတွက် လွှဲပြောင်းပေးခဲ့ရသည့် အခြေသို့ တိုင် စိတ်ပျက် ဝမ်းနည်းဘွယ်ရာ ခံစိုက်ရောက်ခဲ့ရ ပါသည်။

လုပ်ငန်းများ ခွင့်ပြုရေးတွင် ရိုက်နာသည့်ပုံ

ပြည်တော်သာ စီမံကိန်း အကောင်အထည် ဖေါ် ရေး ညွှန်ကြားချက်လက်စွဲ အပိုဒ် (၃၃) အရ သာမန် အားဖြင့် လုပ်ငန်းရပ်များကို မြို့နယ်နှင့် ခရိုင်ပြည်တော် သာ အဖွဲ့များက စီစစ်ပြီးလျှင် မိမိတို့ ထောက်ခံချက် များနှင့် အတူ တိုင်း ပြည်တော်သာ အဖွဲ့သို့ တင်ပြ၍၊ တိုင်း ပြည်တော်သာ အဖွဲ့ကမှသာ ခွင့်ပြုရမည်ဖြစ် သော်လည်း ၁၉၅၂-၅၃ ခုနှစ်၊ အတွက်မူ ပြည်တော် သာ စီမံကိန်းပွဲဦးထွက် နှစ်ဖြစ်သည်တခြောင်း ရံပုံငွေ များကို ခွဲဝေပေးသည့် အချိန်မှာလည်း အနည်းငယ်

ဖင့်နှိုးခဲ့သည့် တကြောင်း၊ အဆိုပါ အကြောင်းများကြောင့် နိုင်ငံတော် ဝန်ကြီးချုပ်က (၆-၁-၅၃) နေ့ည အသံလွှင့် ညွှန်ကြားချက် အမှတ် ၄-အရ၊ ရိုင် ပြည်တော်သာ အဖွဲ့အား လုပ်ငန်းနှင့်ပြုရန် အာဏာကို အထူး လွှဲပေးချက်တရပ် အနေဖြင့် ခွင့်ပြုခဲ့ပါသည်။

အဆိုပါ ညွှန်ကြားချက်အရ ရိုင် ပြည်တော်သာ အဖွဲ့သည် ကြီးလေးသော တာဝန်ရပ်များကို ထမ်း ဆောင်ရပါသည်။

ဝန်ကြီးချုပ်၏ ညွှန်ကြားချက် အမှတ် ၆-အရ၊ ဆန္ဒ အလျောက် သုံးစွဲပိုင်ခွင့် ရုံပုံငွေနှင့် လုပ်သော အလုပ် များသည် လူထုအတွက် တိုက်ရိုက်နှင့် လတ်တလော အကျိုးရှိသော လုပ်ငန်းများသာ ဖြစ်စေရမည် ဆိုသော အချက်နှင့် ညွှန်ကြားချက် အမှတ်-၇-အရ၊ အဆိုပါ လုပ်ငန်းရပ်များကို တောရွာများကိုသာ ဦးစားပေး၍ အလွန်လုံလောက်သော အကြောင်းပြချက်များ ရှိမှ သာလျှင် မြို့များတွင် သုံးရမည်ဟူသောအချက် ၂-ချက်ကို မူတည်၍ ရိုင် ပြည်တော်သာ အဖွဲ့သည် ရှေ့သို့ တင်ပြသည့် လုပ်ငန်းရပ်များကို စီစစ်ပါသည်။ အဆိုပါ မူ ၂-ရပ်နှင့် တိုက်ဆိုင် ကိုက်ညီမှသာလျှင် လုပ်ငန်း များကို ခွင့်ပြုခဲ့ပါသည်။

လုပ်ငန်းရပ်များတွင်လည်း တိုက်ရိုက်နှင့် လတ်တ လော အကျိုးရှိစေမည့် နှစ်ချင်းပေါက် လုပ်ငန်းရပ် များကို နှစ်ရှည် ပြည်တော်သာ စီမံကိန်းနှင့် တတ်နိုင် သမျှ ဟပ်မိစပ်မိ အောင်လည်း ကြိုးစားစီစဉ် ပေးခဲ့ပါ သည်။ ဥပမာ ဆိုသော် တိုက်ရိုက်နှင့် လတ်တလော အကျိုးရှိစေမည့် ရေတွင်းရေကန်များ တူးဖေါ်ခြင်း၊ ရေဆင်းတံတားများ ဆောက်လုပ်ခြင်း၊ လမ်းဖေါက် ခြင်း၊ တံတားဆောက်ခြင်း စသည်တို့ အပြင် ကျောင်း ဆောင်များ ဆောက်လုပ်ပေးခြင်း ဆည်မြောင်းများ ရှင်းလင်း ဆည်ဖို့ခြင်း စသည့် ပညာရေး စီမံကိန်း၊ လယ်ယာစိုက်ပျိုးမှု တိုးတက်ရေး စီမံကိန်းတို့နှင့်လည်း ဟပ်မိလေအောင် ထည့်သွင်း စီမံခဲ့ပါသေးသည်။

မြိတ်ခရိုင်တွင်၊ ပုလောမြို့နယ်၊ မြိတ်အရှေ့ဝိုင်း မြို့ နယ်၊ မြိတ်အနောက်ဝိုင်း မြို့နယ်၊ တနင်္သာရီ မြို့နယ်၊ ဘုတ်ပြင်းမြို့နယ်နှင့် ကော့သောင်းမြို့နယ်ဟူ၍မြောက်မှ တောင်သို့ အစဉ်အတိုင်း မြို့နယ် ၆-နယ်ရှိရာ ပြည် တော်သာနှစ်ချင်းပေါက် လုပ်ငန်း ရပ်များကို အောက် ပါအတိုင်း မြို့နယ်အလိုက် အစီရင်ခံအပ်ပါသည်။

ပုလောမြို့နယ်

ပုလောမြို့နယ်သည် စတုရန်း မိုင်ပေါင်း ၁၃၀၀ ခန့် ကျယ်ဝန်းလျက် ကျေးရွာအုပ်စု ၂၇-ခု ပါဝင်လေ သည်။ မြို့နယ် လူဦးရေ ၄၇၄၀ ခု အနက် မြန်မာလူမျိုး သည့် လူများစု ဖြစ်ပေသည်။ ဤ မြို့နယ် တလျှောက် မြိတ်မှ ထားဝယ်သို့ မော်တော်ကားလမ်းမကြီး ဖြတ် သန်းသွားလာခြင်းနှင့် အခြားရေလမ်းခရီးများမှာလည်း ပိုမိုလွယ်ကူသည့်အတွက် အခြား မြို့နယ်များနှင့် နှိုင်း စာသော် ဤ မြို့နယ်၏ လမ်းပန်း ဆက်သွယ်ရေးသည် သာလွန်ကောင်းမွန်သည်ဟု ဆိုနိုင်ပါသည်။ စီးပွားရေး လုင်ငန်းများ ဖြစ်သည့် သတ္တုတွင်းများ၊ ကော်ပတ်ခြံ များ၊ လယ်ယာများနှင့် တံငါလုပ်ငန်းများ ဖွံ့ဖြိုးရာ ဒေ သလည်း ဖြစ်သည့်အလျောက် ဒေခြား မြို့နယ်များထက် စီးပွားရေး အရတွင်သော်ငင်း၊ နိုင်ငံရေး နိုးကြားမှုတွင် သော်ငင်း၊ လူထုအသိဉာဏ်ဖွံ့ဖြိုးမှုတွင်သော်ငင်း သိသိ သာသာ ပိုမိုရင့်သန် ပါသည်။

ဤ နောက်ခံကားရှိသော ပုလောမြို့နယ်တွင် ပြည် တော်သာလုပ်ငန်းများ ပိုမိုတွင်ကျယ်အောင်မြင် ခဲ့သည် မှာ များစွာ မထူးဆန်းလှပါ။

ပုလောမြို့နယ် ပြည်တော်သာ အဖွဲ့ကို ၁၉၅၂ခုနှစ် အောက်တိုဘာလ ၁-ရက် နေ့တွင် စတင် ဖွဲ့စည်းခဲ့ ပါသည်။

ဤအဖွဲ့သည် ဤ အစီရင်ခံစာရေးသည့် အချိန်အထိ စည်းဝေးပေါင်း ၁၁-ကြိမ် ကျင်းပခဲ့ပါသည်၊

လူထု အား သက်သက်ဖြင့် ဆောင်ရွက်သည့် လုပ်ငန်းများ

	လုပ်ငန်းနေရာ	လုပ်ငန်းအမျိုးအစား	ကုန်ကျငွေ
၁။	ပြင်ဘုယ်ရွာ	ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း စာသင်ကျောင်း တဆောင်	၃၅၁၀
၂။	တိုရွာ	ရွာလယ်လမ်းကျောက်စရစ်ခင်းခြင်း	၂ ၀၆၀
၃။	ပုလောကုန်း	ဆင်ဝင်ကမ်းမှရွာလယ်သို့ လှည်းလမ်း	၁၁၁၀
၄၊	ပုလောကုန်း	ပြည့်တော်သာ လမ်းထိပ်မှ စာသင်ကျောင်းသို့-လမ်း	၄၇၆
၅။	နန်းတောင်	ပုလောမှ နန်းတောင်သို့ လှည်းလမ်းအရှည် ၅ ဖာလုံ၊ အနံ ၁၂ ပေ၊ အမြင့် ၄-ပေ၊	၇၀၅၀

အဆိုပါလုပ်ငန်း ၅-ရပ်အတွက် စုစုပေါင်း တန်ဘိုးမှာ ၁၄၉၉၆ ဖြစ်ပါသည်။ လုပ်ငန်းစဉ် ၁ မှာ ၁၉၅၂ ခုနှစ်နိုဝင်ဘာလအတွင်း စတင် ဆောက်လုပ်၍၁၉၅၃ ခုနှစ် ဇန်နဝါရီလအတွင်းပြီးစီးခဲ့ပါသည်။ကျန်လုပ်ငန်းရပ်များမှာ ၁၉၅၃ ခု ဖေဖေါ်လအတွင်း စတင်၍ ၎င်းလအဝှင်းအပြီးသတ်ခဲ့ပါသည်။

ပုလောမြို့နယ် ပြည်တော်သာအဖွဲ့ ဆန္ဒအလျောက်ရံပုံငွေနှင့်လူထုအကူအညီဖြင့် ပြုလုပ်သော လုပ်ငန်းများ

လုပ်ငန်းအမည်နှင့် နေရာ	ကုန်ကျမည့် နှိုန်းခြေငွေ	လူထုအကူအညီ	ဆန္ဒအလျောက် ရံပုံငွေမှ	ပြီးစီးသည့် နေ့ရက် သို့မဟုတ်ရာခိုင်နှုန်း
၁။ ပုလောမြို့ ကျောင်းသား ၁၅၀-ဝင် မူလတန်းကျောင်း	၇၀၀၀	၂၅၀၀	၄၅၀၀	၈၀%ပြီးစီးပြီ
၂။ ပြင်ဘုကျေးရွာ ရေတွင်း ၅လုံး	၂၂၅၀	၁၂၅၀	၁၀၀၀	၃၀-၄-၅၃
၃။ တောင်ယာကမ်းရွာ မူလတန်းကျောင်း	၂၂၁၂-၀၅	၁၂၁၂-၀၅	၁၀၀၀	၂၈-၅-၅၃
၄။ ပုလောကုန်းရွာ ခြောင်းဆုံတွင် ၇၂×၆ ပေ သစ်တံတား	၅၇၆	၃၂၆	၂၅၀	၁၀-၄-၅၃
၅။ ကျောက်ကာရွာရေဆိပ် ကျောက်တံတား	၄၀၃၃-၅၀	၂၂၃၃-၅၀	၈၀၀	၁၄-၅-၅၃
၆။ ကျောက်ကာရွာတွင် ရေတွင်း ၅လုံး	၅၁၁	၃၁၁	၂၀၀	၃၀-၄-၅၃
၇။ ကျောင်းနိမ့် မကျည်းကုန်းလမ်း ပြင်ဆင်ရန်	၂၀၁၀-၅၀	၁၃၁၀-၅၀	၇၀၀	၁၃-၅-၅၃
၈။ ပလ ဆားဖျော်ငး ရေဆိပ် ကျောက်တံတား	၁၇၅၀	၉၅၀	၈၀၀	၈၀%ပြီးစီးပြီ
၉။ ရှစ်ပုံရွာ ၂-ပိုင် ရွာသောလမ်း ပြုပြင်ရန်	၁၅၀၀	၇၅၀	၇၅၀	၃၀-၄-၅၃

ပုလေဘုံမြို့နယ် အဆက်

လုပ်ငန်းစဉ်နှင့်ခန့်ချ	ကုန်ကျမည့်ခန့်မှန်းခြေငွေ	လူထုတကူအညီ	ဆန္ဒပြသောက်ရုံငွေမှ	ပြီးစီးသည့် နေ့ရက်သို့မဟုတ်ရာခိုင်နှုန်း
၁၀။ တို-လေတပ်လမ်း ပြင်ဆင်ရန်	၁၀၄၃၃	၆၈၃၃	၃၆၀၀	၂၀-၃-၅၃
၁၁။ ပုလောကုန်းရွာ ရေဆိပ် ကျောက်ကံတားပြင်ရန်	၅၆၆	၃၁၆	၂၅၀	၁၀-၄-၅၃
၁၂။ ပုလောကုန်း ရွာလမ်း ပြင်ဆင်ရန်	၉၅၈	၇၀၈	၂၅၀	၁၅-၄-၅၃
၁၃။ ပုလောမြို့ မီးသတ် ရေလှောင်ကန် ၂-လုံး တူးရန်	၈၆၄	၉၄	၇၇၀	၁၀-၅-၅၃
၁၄။ ပုလောမြို့ ကျောင်းသား ကစား ကွင်း	၃၀၀	၁၅၀	၁၅၀	၈-၄-၅၃
၁၅။ ပုခလာ ကျောက်မှော် ကူးတို ဆိပ် သင်တံတား	၁၀၀၀	—	၁၀၀၀	၃-၅-၅၃
၁၆။ ခန္တီရွာ မူလတန်း စာသင်ကျောင်း	၂၀၀၂-၅၀	၁၀၀၂-၅၁	၁၀၀၀	၃၀-၄-၅၃
၁၇ တိုရွာ မူလတန်းကျောင်း	၅၄၁၃	၃၉၁	၂၅၀၀	၃၀-၆-၅၃
ထူးသည်မှာကား လူသားစင်စစ် တဘဝတည်းတွင် နှစ်ဘဝ ပြောင်းခဲ့ရခြင်းကြောင့် ဖြစ်ပါသည်။ မဆန်းရခြင်း အကြောင်းရင်းမှာကား ကွန်တော်နေရာတွင် ကွန်တော်ကဲ့သို့ တောင်သူလယ်သမား အလုပ်သမား တို့ကို နှစ်နှစ်ကာကာ ချစ်မြတ်နိုးသူတိုင်း ကွန်တော် အတွေ့အကြုံများကို တွေ့ကြုံရပါလျှင် ကွန်တော်ကဲ့သို့ ပင် ဖြစ်ရမည်မှာ မလွဲဖြစ်သည့်အတွက် မဆန်းလှခြင်း ပင် ဖြစ်ပါသည်။

တစိမ့်စိမ့် တွေးခဲ့ဖူးပေသည်။ တစိမ့်စိမ့် တွေးတိုင်း ဟရေးရေးပေါ်သည့် မြင်ကွင်းမှာ တံလျှပ်ပင် ဖြစ်ပေသည်။ ထပ်ဖန်တလဲလဲ ဝေဖန်လိုက်တိုင်း စီစစ်စဉ်းစားလိုက်တိုင်း တံလျှပ်ကိုပင် ရောဟူ၍ တွေးထင်မိကာ တံလျှပ်နောက်ကိုပင် တကောက်ကောက် လိုက်ရန် ဆုံးဖြတ်ချက် ချမှတ်လိုက်လေသည်။

လယ်လုပ်သူတိုင်း လယ်ပိုင်ရေး၊ အလုပ်သမားဘဝမြှင့်တင်ရေး၊ ပြည်သူ့လက်ဝယ် အာဏာရရှိရေးတို့ကို အာပေါင်အာရင်းသန်သန်နှင့် အမြဲတန်း ကြေးကြော်နေသော ကွန်မြူနစ် တံလျှပ်ကို အကယ်ပင် သီတာရေအေးဟူ၍ မှတ်ထင်မှားခဲ့သော ကွန်တော်သည် ဖယောင်ဝါးသော တော်လှန်ရေးသမားအဖြစ် တောတွင်းသို့ သက်ဆင်းခဲ့ပါသည်။

ကွန်တော်၏ ရဲဘော် ရဲဘက်ဟောင်းများသည် တော်လှန်ရေး အောင်မြင်မှုအတွက် ဆိုကာ အခွန်ဘဏ္ဍာတော်များကို နည်းအမျိုးမျိုးနှင့် နှိုက်ခဲကောက်ခံကြပါသည်။ ရွာကရွာသို့ ဝင်ပြီးလျှင် တောတွင်းရဲဘော်များသည် "ကဲ....ဘကြီးတို့ ဘကြီးတို့ ခုထွန်ယက်နေတဲ့ လယ်ဟာ ဘကြီးတို့ လယ်ပိုင်မှတ်သလား။ ဘကြီးတို့ ထွန်ယက်နေတဲ့ လယ်တွေကို လိုချင်ရင် ကွန်တော်တို့ လယ်သမား သဇင်ထဲ ဝင်ကြ ဝင်ထားပြီးလို့ ကွန်တော်တို့ဆီမှာ မှတ်ပုံတင်ထားပြီးသားရှိရင် မကြာမီ အောင်မြင်တော့မဲ့ တော်လှန်ရေး အပြီးမှာ တခါတည်း ငေပေးမယ် နို့မဟုတ်ရင် ဟိုအချိန်ကျမှ တော့ လားမလုပ်နဲ့ မရတော့ဘူး ကဲ-ဝင်ချင် ဝင်ကြ လူတယောက် မှတ်ပုံတင်ခ ဒီ-ထဲဘဲ၊ ဘကြီးတို့ အိမ်မှာ (၄) ယောက်ရှိရင် (၄) ယောက်စလုံး ဝင်ထား ဒါမှ (၄) မယောက်အတွက် ရမယ်" ဟူ၍တနည်း။

ထိုနောက် တဆင့်တက်၍ နောက်တကြိမ်တွင် မူကား "ကဲ— နောင်ကြီးရွာဟာ အမြင်အင်မတန်

တိုးတက်လာပါပြီ။ တော်လှန်ရေး အင်အားစုမှာ ထိပ်တန်းကဲ့၊ ဒါကြောင့် တောင်သူလယ်သမားး သမဂ္ဂထက် အဆင့်အတန်း ပိုမိုမြင့်တဲ့ ပါတီထဲကို ဝင်ကြပါကဲ့-ကဲ့- ဝင်ကြေး တယောက်ကို ၅-ဖြစ်ပါတယ် ပေးကြပါ'' ဟူ၍ တဖုံ။

နောက်တကြိမ်တွင်လည်း ထပ်လာပြန်သေးသည်။ ''ကဲ့-ကဲ့-နောင်ကြိုးတို့ အမကြိုးတို့ ဘဝသစ် မြင့်တင်ရေး ပန်းတိုင်ကို ရောက်အောင်ဟာ တော်လှန်ရေး လုပ်နေရပါတယ်။ ကျန်ဘော်တို့တွေဟာ တလ ၂၀၀/ လောက် ရနေတဲ့ စားရေးကြီးဘဲ အေ အေးနေရင် နေနိုင်တာပေါ့ ခုဟာ ခင်များတို့ ဘဝကို မြှင့်တင်ပေးချင်လွန်းလို့ အဆင်းရဲ အပင်ပန်းခံပြီး သက်စွန့်ကြိုးပမ်း တော်လှန်ရေး လုပ်နေရတာပါ ဒီအတွက် ဒီတော်လှန်ရေး အောင်မြင်မှဟာ ခင်များတို့ အကျိုးတွေဘဲ၊ ဒါကြောင့် ဒီတော်လှန်ရေး အောင်မြင်ဘို့ တာဝန်ဟာ ခင်များတို့ တာဝန်တွေဘဲ၊ တော်လှန်ရေး အောင်မြင်အောင် လက်နက်လဲ လိုပါတယ်၊ လူလဲ လိုပါတယ်။ ဒါကြောင့် လက်နက်ဝယ်ဘို့ ငွေ ၁၀၀၀/ ရယ် တော်လှန်ရေး တပ်မတော်သားတွေ အတွက် ခင်များတို့ ရွာက လူဆယ်ယောက် ထည့်ပေးပါခင်များ'' ဟူ၍ တလမ်း။

ရံဖန်ရံခါလည်း စစ်ဆိုတာ ရှေ့ပိုင်း စစ်မျက်နှာတွင် တိုက်နေရုံနဲ့ မပြီးဘူး နောက်တန်းက ထောက်ပံ့မှုက အမှန်အတိုင်း ပိုပြီး အရေးကြီးတယ်။ လက်နက်စုဆောင်းရေး၊ ရိက္ခာသိမ်းရေး၊ ဆေးဝါး ရှာဖွေရေး၊ အဲဒါတွေဟာလဲ ငွေမရှိရင် မဖြစ်ပြန်ဘူး၊ ဒါကြောင့် ခင်များတို့ ရွာက နောက်ထပ် ငွေ ၅၀၀ ပေးစေချင်ပါတာပဲ ဟူ၍ တလီ။

တခါတရံ ''ကဲ....ကဲ တိုက်ပွဲထွက်မဲ့ အာဇာနည် တော်လှန်ရေး တပ်မတော်သားတွေကို တိုက်ပွဲမထွက်ခင် အတွက် စားနိုင်ဘို့ ထမင်းထုပ် (၇၀) ပေးပါအုံး'' ဟူ၍ တသွယ်။

စသည်ဖြင့် နည်းအမျိုးမျိုး ပရိယာယ်အသွယ်သွယ်ဖြင့် ငွေနည်းများကို ရှာကြံတွက်ပါသည်။

ထိုသည်သာမက ဘဏ္ဍာကောက်နည်း မျိုးစုံကိုလည်း တွေ့ရပါသေးသည်။ ရေပက်မဲဝင် လွှတ်ပေါက်မရှိအောင် အခွန်တဏ္ဍာတော်များကို ကောက်နိုင်စွမ်းရှိသူများ ဖြစ်သဖြင့် ၎င်းတို့အား ဘဏ္ဍာတော် မင်းကြီးများအဖြစ် ခန့်ထားနိုင်လောက်ပါပေသည်။ သာမန်လယ်မြေတို့ကို ကောက်သည်အပြင်နိုင်ငံတော်အစိုးရက သောင်းပြောင်း ဥယျာဉ်ဟု သာမန်အားဖြင့် ညွှာတာကောက်ယူလေ့ ရှိသော ခြံမြေများမှ ခြံမြေတခုတည်းတွင် ဒူးရင်းပင် မည်မျှ မည်၍ ရှိသည် ကွမ်းသီးပင် အုန်းပင် စသည်တို့ကိုပင် စေ့ရေတွက်ပြီးလျှင် တပင်လျှင် သီးထွက်မည်မျှ ရှိရာသည်။ အသီးတရာလျှင် မည်မျှ စည်းကြပ်သင့်သည် ဟူသော စည်းကြပ်ပုံ တွက်ချက်နည်းဖြင့် တွက်ချက်၍ ကောက်ခံတတ်ပါသည်။ သာမန် နိုင်ငံတော် အစိုးရက ၃-ကျပ်ခန့် ကောက်ခံ စည်းကြပ်သော သောင်းပြောင်း ဥယျာဉ်ခြံတခြံသည် ကျွန်တော်တို့ ကွန်မြူနစ်များ ကောက်ခံသည့်အတိုင်း ဆိုလျှင် ၇၀ ခန့် ရရှိတတ်ပါသည်။

ထို့အပြင် အလုပ်သမားရေးရာ တာဝန်ခံ ကျွန်တော်တို့ ပါတီ ရဲဘော်များကလည်း ကျွန်တော်တို့နယ် အတွင်းတွင် ကျရောက် နေသော ကော်ပတ်ခြံများ၏ ပိုင်ရှင်များအား တလလျှင် ကော်ပတ်ခြစ် အလုပ်သမားများ ရရှိနေသော ၆၀-မှသည် ၁၀၀ အထိ တိုးမြှင့်ပေးရန် လုပ်သားများအား ဆေးဝါး အခမဲ့ ကုသပေးရန် စသည်တို့ကို တောင်းဆိုပေးရာ စီးပွါးရေးသမားများဖြစ်၍ ၎င်းတို့ ခြံကို ကျွန်တော်တို့ကဖျက်ဆီးမည်ကို ကြောက်ရွံ့နေရှာသော ကော်ပတ်ခြံပိုင်ရှင်များက လိုက်လျောကြရပါသည်။ ဤတွင် ကျွန်တော်တို့၏ အလုပ်သမားရေးရာ ပါတီ ခေါင်းဆောင်များက အလုပ်သမား သမဂ္ဂရုံပုံငွေဟူ၍ ၎င်းတို့အပိုရရှိသည့် တလ ၄၀ အနက် တယောက်ထံမှ တလ ၂၀ ဖြတ်ရာ ၎င်းတို့မှာလည်း ဤကဲ့သို့ ဖြတ်သည့်တိုင် တလ ၂၀ အပို ရသေးသောကြောင့် ကျေနပ် ကျေးဇူးတင်စွာ ပေးကြရှာပါသည်။ ကျေးဇူးလည်းအတင်ခံရငွေလည်းရသော ဤ ငွေရှာနည်းကို ကျွန်တော်တို့ အထူး သဘောကျ ကြပါသည်။ အချို့ ခြံများမှာမူ ပိုင်ရှင်များ လုံးဝ စွန့်လွှတ်ထားသဖြင့် ကျွန်တော်တို့က လူတယောက်လျှင် တနေ့ ၃-ကျပ် ပေးပါက၊ မည်သူမဆို ခြစ်နိုင်သည်ဟု ခွင့်ပြုထားရာ တနေ့လျှင် လူတယောက် ကော်ပတ်ခြစ်ခ အစေး (၁၂) ဂါလံအထိ

ရန်ိုင်သည်အားလျော်စွာ ကျွန်တော်တို့အား ဒို ပေးပြီး သည်တိုင်အောင် ၎င်းတို့အတွက် ဒို ခန့်ကျွေးသဖြင့် ဝမ်းမြောက် ကျေနပ်ကြရှာပါသည်။ သို့သော် ၎င်းတို့မှာ မိမိတို့ ကော်ပတ်ပင်များ မဟုတ်သည့်အတိုင်း တွက်ကိန်း ကြေအောင် အစေး ထုတ်နိုင်သမျှ ထွက်စေရန် ခြစ်ကြရာ ကော်ပတ်ပင်များ၏ဖြစ်ထွေကို မြင်ရသည်မှာ ကျွန်တော်တို့ပင် တခါတရံ စိတ်မချမ်းမသာ ဖြစ်ကြရပါသည်။ မည်သို့ပင် ဖြစ်စေ၊ အလကားရလျှင် ယူချင်တတ်သော လူ့သဘောတရားကို ကောင်းစွာသိသော ကျွန်တော်တို့ပါတီခေါင်းဆောင်များမှာ အခွင့်ကောင်း ယူလျက် ကျွန်တော်တို့လည်း လိုအပ်သော ငွေနှင့် တကွ ၎င်းဘို၏ ထောက်ခံမှုကိုပါ ရလျက် ၎င်းတို့တွင် လည်း အလိုပြည့်စေသော ဤ စီမံကိန်းကိုကား လက် မလွှတ်နိုင်ကြပါ။

ထို့အပြင် အလွန် စူးရောက်စွာမြင်သော အမြင်နှင့် ရန်သူ အစိုးရတပ်များ ကျွန်တော်တို့ စခန်းများကို မလာရောက်နိုင်စေခြင်းငှါ စစ်ရေးအရ၊ တံတားများကို ဖေါက်ခွဲဖျက်ဆီးကြရပါသည်။ ကျွန်တော် မှတ်မိပါသေးသည်၊ ထားဝယ်ခရိုင် ထားဝယ်မြို့နယ် ရွှေဂူတံတားကြီးကို ဤနည်းအတိုင်း ဖြိုခွဲပစ်လိုက်ရပါသည်။ ဤ တံတားကြီး ပျက်စီး သွား သ ဖြင့် လူအများမှာ တဘက်ကမ်းမှ တဘက်ကမ်းသို့ လေယဉ်ကလေးများ ဖြင့် ပင်ပန်းကြီးစွာ ကူးသန်းသွား လာ ကြရ ပါသည်။ ဤသို့ ကူးသန်းသွားလာရရာတွင် သောင်းကျန်းသူများနှင့် ကပ်ပါးရပ်ပါး လုပ်ဘတ်ကြသော စီးပွါးရေး သောင်းကျန်သူများက ဤသို့ စံနစ်မကျဘဲ လူအများ ပေါက်လွတ်ပစ်စား သွားလာဖြတ်သန်း နေလျှင် ရန်သူ သူလျှိုများ ပါလာတတ် ခြင်းကြောင့် ကူးတို့ လိုင်စင် ပေးသင့်ကြောင်း ဤသို့ ပြုလျှင် တော်လှန် ရေး ရံပုံငွေ လည်း တဘက်တလမ်းမှ ရစရာရှိကြောင်း အကြံဉာဏ် ပေးသဖြင့် ဤကိစ္စကို ပါတီ ခရိုင် ကော်မိတီတွင် တင် ပြကြပါသည်။

(၇)ဦး ပါဝင်သော ပါတီ ခရိုင် ကော်မိတီတွင် ဤ ပြဿနာကို စဉ်းစားကြရာ ကျွန်တော်က ဤတံတား ကို ကျွန်တော်တို့ကပင် ကျွန်တော်တို့၏ စစ်ရေးအရ ချိုးဖျက်ခဲ့ခြင်းကြောင့် တောင်သူလယ်သမား ကျေးရွာ လူထုမှာ ကျွန်တော်တို့ကြောင့် ပင်ပန်းကြီးစွာ ကူးသန်း ထွားလာ နေရသည့် အပေါ်တွင် ကွန်တော် တို့က လိုခဲ့လိုင်စင်ခဲ့မည်သူအား ရောင်းချလိုက်၍ ကျေးရွာ ထဲမှာ ပိုက်ဆံအကုန်အကျခံပြီး ကူးတို့ ကူးရမည်မှာ ထပ်ဆင့်မတရား နှိပ်စက်ရာ ကြမည်ဖြစ်သဖြင့် စည်းရုံး ရေးတွင် များစွာ ထိခိုက်ဘွယ်ရာ ရှိသဖြင့် ဤအဆိုကို ကွန်တော်ကပင်ပြင်းထန်စွာ ကန့်ကွက် ပါသည်။ သို့ သော် ကွန်တော်၏ ကန့်ကွက်ချက်မှာ ရှုံးနိမ့်၍ အဆိုပါ ကူးတို့လိုင်စင်ကို ၇၀၀၀၊ ဖြင့် ရောင်းချခဲ့ကြပါသည်။

ဖက်ဆစ် ဝါဒ

ဤသည်များသာ မဟ ဖက်ဆစ်ကျပန်နည်း ဆင်ဆင် ပါတီဝင် များသည် တစတစ ကျင့်သုံး လာသည် ကို လည်း တွေ့မြင်လာရပြန်ပါသည်။ မူလ စည်းရုံးမှု အင် အား လုံးဝမရှိစဉ်က သူဌေးဘဉ်းစားများ လေထက်ပင် ပြောကာ သုံးနှုံးလာသော ရွှေကိုယ်တော်မြတ်တို့သည် စည်းရုံးရေး အင်အား အတော်အသင့် တောင့်တင်း လာရုံမက နောက်လိုက် လက်နက်ကိုင် အပြည့်အစုံ တပ်သား ၁၀၀-ကျော်လည်း ရရှိခဲ့ကာ ဘော်စများ လည်း အတော်ရှင်လာပြီ ဖြစ်သည့်အတွက် လေပြောင်း လာပါတော့သည်။မူလက "ကွန်တော်တို့ကို ထောက်ခံ ကြပါခင်ဗျား ကျေးဇူးပြုပြီး ကူညီကြပါ ခင်ဗျား ဟူ သော လေသံမှသည် " ကျွပ်တို့ကို ထောက်ခံကြရ မယ်။ ကျွပ်တို့ကို မကူညီရင် တော်လှန်ရေး ရန်သူ၊ တော်လှန်ရေး ရန်သူမှန်သမျှ သုတ်သင်ပစ် ရမယ်" ဟူသော လေသံသို့ ပြောင်းကာ သေနတ်တဝင့်ဝင့်နှင့် ပလွှားလာကြပြီ ဖြစ်ပါသည်။ စံပြအနေဖြင့် တရွာတွင် ပါတီက မတရားလုပ်သည်ကို မခံနိုင်သဖြင့် ခေါင်းခံ ကာ ပြောတတ်သူများကိုလည်း တော်လှန်ရေး ရန်သူ အဖြစ် ရွာသားများရှေ့တွင် သတ်ပြပါသည်။

ထိုနောက် ရွာသားများအား ပြည်သူ့လွှတ်မြောက် ရေး တပ်မတော် အရံတပ်သားများ အဖြစ် ရွာကင်း များကို မစောင့်မနေရ စောင့်စေခဲ့ ပါသည်။ ပစ္စည်း ရိက္ခာများကို တရွာမှတရွာ ထမ်းရွက် သည့် ပိုးခိုင်း ပါတယ်။ စစ်တဲတန်းလျား များလည်း မလုပ်မနေရ ဆောက်လုပ် ပေးစေခဲ့ ပါတယ်။ အရွယ် ကောင်း ယောကျ်ားကလေး များအား လှည့်ဖျားကာ လွှတ် မြောက်ရေး တင်မဝံ့ဂ်ထဲသို့ အနှုနည်းဖြင့် ဖြစ်စေ၊ ၎င်းတို့မက်လုံးကို ဘန်းပြကာ ဖြစ်စေ၊ ရွာရှိသြဇာရှိသူ အချောင်သမားများမှ တဆင့်ဖြစ်စေ၊ စုဆောင်းခဲ့ ပါ သည်။

ရွာများတွင် ဆွေမျိုးသားချင်း တောင့်တင်းရှိ ရပ်ရည် အသင့်အတင့်ရှိသော အမျိုးသမီးများကိုလည်း တန္ဓယ်ငင် တစင်ပါ သဘောမျိုးဖြင့် သိမ်းပိုက်ကာ သံယောဇဉ်ကြိုးကို ပါတီဝင်များသည် ရှည်ရှည်လျှန် ထားလိုက်ပါသည်။

ပစ္စည်းမဲ့လူတန်းစား ခေါင်းဆောင်များ၏ဖိန

တော်လှန်ရေး တပ်တွင်း အဖြစ်အပျက်များကို သိမြင်ရပါက အပြင်အပ လူထုအား အသက်ပါအုံတိုင်း ဆက်ဆံနေသည်မှာ အုံသြဘွယ် မဟုတ်ကြောင်း ဝန်ခံရပါမည်။

တောခိုစအခါက "ခေါင်းဆောင်နှင့် ငယ်သား တပ်မိုလ်နှင့်တပ်သားခွဲခြားခြင်းမရှိပါဘူးအဆင့်အတန်း အတူတူထားမယ် တန်းတူအခွင့်အရေး ရစေမယ်" ဟု ညာဝါဖြန်းသန်းချက်များ တို့သည် မကြာမီအတွင်း ဇာတိရုပ် ပေါ်လာကြပါသည်။

ခေါင်းဆောင်နှင့် တပ်မိုလ်၊ တပ်မှူးဆိုသူတို့သည် အမဲသားဘူး ဝက်အူတောင့် ကြက်ဥ၊မုံ့ သေတ္တာ အ မျိုးမျိုး၊ ထောပတ်၊ နို့၊ သကြား၊ ကော်ဖီ၊ အိုမာတင်း ဟောလစ်၊ (၅)သုံးလုံး စီးကရက် စသည့် အရသာ မျိုးစုံ အစာအာဟာရများကို စားပြီးလျှင် ၅၀၀-၆၀၀ တန် နာရီများကို ပတ်ခါ အခကာင်းဆုံး ဖေါင်တိန် များကို သုံးကြပါသည်။ "ပတ်ကား ၅၁ ထက် ကောင်းတဲ့ ပတ်ကား ၁၀၂ ဆိုဒါမျိုး ရှိရင် သုံး လိုက်ချင်ပါသေးရဲ့" ဟူ၍ပင် ခေါင်းဆောင် တဦးက ပြောဘူးပါ သေးသည်။ တဲတန်းလျားမှာလည်း အ ကောင်းဆုံးမိုးလေအလုံခြုံဆုံးရှိပြီးလျှင် ဒွိယံဒွိယံ ကြင် ယာဇတ်မျာနှင့် စံမြန်းတော်မူသတတ်။

ခေါင်းဆောင်မို့ အနည်းငယ် နှာစေး ချောင်းဆိုး ဖြစ်လျှင် ထားဝယ် ရန်ကုန်မြို့မှ တလုံးလျှင် ၁၀၀ ၂၀၀-တန် ဆေးများကို မရ ရအောင် မှာယူ သုံးစွဲကြ ပေသည်။

ပစ္စည်းမဲ့ လူတန်းစားခေါင်းဆောင်များ၏ ဖိမ်ခံပုံ မှာကား တော်ရုံ တန်ရုံ ဝန္ဓရင်များ၏ ဖိမ်ခံပုံထက်ပင် လွန်ကဲလွန်စွာတကား။

တော်လှန်ရေးငယ်သားများ၏ ဘဝ

ထိုသည်၏ အခြားမဲ့၌ စစ်မျက်နှာ ရှေ့တန်းက အသေခံတိုက်ကြရသော ရဲဘော်ကလေးများမှာမူ လုံး တီးထမင်း မျှစ်ရေလုံပြာဘ်နှင့် ပဲပြုတ်တို့ကို ထည်လဲ အ မျိုးမျိုးဖြင့် စားသောက်ကြရ၍ မိုဃ်းရွာလျှင် အစို နေ ပူလျှင် အခြောက် ဖြစ်သည်။ ထည်လဲ ကင်းမဲ့သည့် စုတ်ပြတ်သော အဝတ်တို့ကိုသာ ဝတ်ရသည်။ လူကြီး တွေ နာရီကောင်းများ ပတ်ကြသလို ရဲဘော်များမှာ လည်း သူတို့အထိုက်အလျောက် ဝဲကိုယ်စီ၊ ပွေးကိုယ်စီ နှင့် မိုဃ်းမလုံ့တလုံ တဲတွင် ညအိပ်ရာဝင် ဝဲကုတ်ရင်း ဖိမ်ခံကြရပါသည်။ ဗျားနာ လာပြန်လျှင်လည်း ကွိနိုင် နှင့် ဆားခါးက လွဲ၍ ဆေး နတ္ထိ။

ကွန်တော်သည် ငယ်သားများနှင့် လက်ပွန်းတတီး နေတတ်၍ သူတို့ဘဝကို စိတ်ဝင်စားစွာ လေ့လာ တတ်သည်အတိုင်း မြို့နယ် ညီလာခံတခုတွင် ရဲဘော် ကလေးများ စုရုံး၍ ပွစိပွစိနှင့် တီးတိုးပြောနေကြသည် ကို ကွန်တော် အမှတ်တမဲ့ ကြားမိသည်မှာ "ဒို့× ခေါင်းဆောင်ကြီး သခင်သန်းထွန်း ပြောတာကို ဒို့- ကြားဘူးဒါကတော့ ကွာ- ရဲဘော်တွေကို ပိုးမွေးသလို မွေးရမဲတဲ့၊ ခု- ဒို့ ဒီထားဝယ်ရိုင်မှာတော့ ဒို့.... ရဲဘော်တွေကို ခွေးမွေးသလို မွေးနေပါပခကာ ကွာ" ဟု ပြောဆိုနေကြပါသည်၊ ဤတွင် ကွန်တော်သည် ပါတီဧရိုင် ကော်မီတီသို့ ဤသတင်းကို ပြောပြလျက် ရဲဘော်များ၏ မကျေနပ်မှုသည် ပါတီအတွက် အရေး အကြီးဆုံး ပြဿနာရင်ကြီး ဖြစ်သဖြင့် အမြန်ဆုံး ခေါ် ယူဖြေရှင်းပြီး ကျေနပ်အောင် ဆောင်ရွက်သင့်ကြောင်း အဆိုသွင်းပြီး ခိုင်မှစ၍ ရဲဘော်များ၏ ဘဝသည် အနည်းငယ် မြင့်တက်လာပါသည်။

"ခေါင်းဆောင်ကို ခေါင်းဆောင်လို့ မြင်ရမယ်"

သို့တိုင်အောင် ခေါင်းဆောင်များက ငယ်သားများ အား အမြဲ တစေ ပို့ချ နားသွင်း နေသည်မှာကား "ခေါင်း ဆောင် ကို ခေါင်း ဆောင် လို မြင်ရမယ်။ ခေါင်းဆောင်တွေဟာ တော်လှန်ရေးကို ရှေ့ဆောင်မှ ပေးနေတယ်၊ ရှေ့ဆောင်မှ မရှိတဲ့ တော်လှန်ရေးဟာ ကျဆုံးမယ်၊ ဒါကြောင့် ရှေ့ဆောင်မှ ပေးဆွဲနေတဲ့ ခေါင်းဆောင်တွေကို အမျှဉ်ဆုံး အခွင့်အရေးပေးရ

မယ်၊ သူဘို့ရဲ့ အာဟာရ ပြည့်တင်းမှုအတွက် အစားအသောက် ကောင်းကောင်းလိုတယ်သူတို့ရဲ့ ကျန်းမာမှု အတွက် ဥဆေးကောင်းကောင်းလိုတယ်၊ ဦးနှောက်ကို များများအသုံးပြုရတဲ့ ခေါင်းဆောင်တွေ ခေါင်းအေးအေးနှင့် စိတ်ကြည်လင်မှု ရရှိအောင် ငယ်သားတွေက ကြိုဆ အားပေးရမယ်၊ ခေါင်းဆောင်တွေ စိတ်ညစ်အောင် မလုပ်ရ၊ ရဲဘော်ဟောလဲ ခေါင်းဆောင်ဖြစ်လာရင် ဒီအခွင့်အရေး ရမှာဘဲ၊ ဒီလို ရဲဘော်တွေကို ပညာပေးထားရက်နှင့်မှ ရဲဘော်တွေက ခေါင်းဆောင်တွေကို မကျေမနပ် ဖြစ်ကြရင် ရဲဘော်တွေဟာ ခေါင်းဆောင်ကို အန့်တုဆန့်ကျင်တာဘဲ့၊ ခေါင်းဆောင်ကို ဆန့်ကျင်တာဟာ ပါတီကို ဆန့်ကျင် စော်ကားခြင်း ဖြစ်တယ်။ပါတီကို ဆန့်ကျင်တာဟာ ၊တော်လှန်ရေးကို ဆန့်ကျင်တာဘဲ့၊ တော်လှန်ရေးကို ဆန့်ကျင်တာဟာ ပြည်သူလူထုကို သစ္စာဖေါက်တာဘဲ့၊ ပြည်သူလူထုကို သစ္စာဖေါက်သူဟာ ပြည်သူလူထု ရန်သူဘဲ့၊ ပြည်သူလူထု ရန်သူဟာ ရန်သူတို့ သွားရာလမ်း အဘိုင်းသုတ်သင် ရှင်းလင်းခြင်းကို ခံရမှာဘဲ၊ ဒါဟာ ငါတို့ တာဝန်ဘဲ''။

ဤ သင်တန်း၏ အချုပ်မှာ ''မင်းတို့ ရဲဘော်ကလေးတွေ ငါတို့ ခေါင်းဆောင်လုပ်သမျှခံ၊ ထားရာက နေ၊ ရိုးတိုးရေားတားး မလုပ်နဲ့၊ လုပ်ရင် သတ်ပစ်မယ်'' ဆိုခြင်းသော ဖြစ်ပေသည်။

ဤမျှဆိုလျှင် ပစ္စည်းမဲ့ လူတန်းစား ခေါင်းဆောင်များ၏ ပစ္စည်းမဲ့ လူတန်းစားနှင့် ဆက်ဆံပုံနှင့် တော်လှန်ရေး တပ်တွင်း ငယ်သားများအား ဆက်ဆံပုံတို့ကို သိသာလောက်ပါပြီ။

အပြင်မှန်

တနေ့တွင် ကျန်တော်သည် စည်းရုံးရေး တာဝန်နှင့် ရွာတရွာသို့ ဆိုက်ရောက် ခဲ့ရာ ကျန်တော်နှင့် အကျွမ်းတဝင် ဖြစ်နေသော အဘိုးအို တယောက်က။ ''အောင်ရွေရယ် ငါတခုမေးပါရစေကွယ် နင်တို့သတ်ရင်လဲ ခံရမှာဘဲ ဒါပေမဲ့ ငါ့ကိုတော့ မသတ်လောက်ဘူး ဆိုပြီး ဓမေးပါရစေကွယ် နင်တို့ တောင်သူ လယ်သမားများ အလုပ်သမားတွေ ဒုကောင်းစားဒုအောင်လုပ်နေတဲ့ တော်လှန်ရေးဆိုတာ ဘယ်အထိအောင် မြင်နေပလဲ ကွယ် ငါတို့ရွာတော့ လူတွေလဲမရှိကူး။ မြို့ကို ပြေးကုန်ကြပြီ။ သေတဲ့လူတွေလဲ သေကုန်ပြီ လယ်လဲ မလုပ်ရတော့ဘူး ညလဲ ကောင်းကောင်း မအိပ်ရတော့ဘူး။ အဲဒါ ဒို့ကို မသနားတော့ဘူးလား ကွယ်'' ဟု မေးပါသည်။

ကျန်တော်သည် ရုတ်ချင်း ဘာမျှ မဖြေတတ်ပါ။ ကြက်သေသေကာ အဘိုးအိုအား ငေးမောကြည့်ရှုနေပါသည်။ အလှည့်ကျောင်း၍ အာဝဇ္ဇန်း ရှင်ပါသည် ဆိုသော ပါတီစည်းရုံးရေးမှူး ဘယောက်ပင် ဖြစ်လင့်ကစား မှန်ကန်နေသော အဖြစ်အပျက်ကို ထိုးဖေါက်ခြင်းငှါ မစွမ်းနိုင်တော့ပါ။

ထိုညတညလုံး ကျန်တော်သည် အိပ်မပျော် တော့ပါ။ ကျန်တော်၏ သုံးနှစ်တာမျှသော တော်လှန်ရေး အောင်မြင်မှုကို စစ်တမ်းထုတ်ကြည့် နေပါသည်။

လယ်လုပ်သူတိုင်း လယ်ပိုင်ရေးဟု အမြုံပ် တစိစိ ထွက်အောင် ကျန်တော်တို့အော်နေသည်တွင် တကယ် လက်တွေ့မှာမူ လယ်သမားများ လယ်ပိုင်ဘို့ ဝေးစွ ရှိရုံးစွဲ လယ်ကလေးများပင် ချုံးနွှယ် ပိတ်ပေါင်းများ ဖုံးအုပ်လျက် တောရိုင်းဒေသ ဖြစ်ခဲ့ချေပြီ။

ငှင်းတို့၏ သက်သာချောင်ချိရေး အတွက်တော် လှန်နေပါသည် ဆိုပြီးလျှင် ငှင်းတို့၏သွားရေးလာရေးမှာ ကျန်ဘေးတို့ ချိုးခဲ့သော တံတား များကြောင့် ပိုမိုခက်ခဲပေသည်၊ စီးပွါးရေး လုပ်ငန်း မရှိဘဲ ကျန်တော်တို့၏နည်းဗျူဟာမျိုးဖြင့် ခွဲခန့်သော အခွန်အတုတ်များကို ကြီးလေးစွာ ထမ်းဆောင် နေကြရသဖြင့် ကြပ်တည်း ခဲနေပေတော့သည်။

ပစ္စည်းမဲ့ လူတန်းစားဘဝ မြှင့်တင် ပေးမည်ဟု ကျန်တော်တို့၏ကြွေးကြော်သံ အကြားတွင် လယ်သမားများ အိုးမဲ့ အိမ်မဲ့ ဖြစ်ကြရလေပြီ။ တောသူတောင်သားများသည် ကျန်တော်တို့ ရန်သူ ဖဆပလ အစိုးရ ကြီးစိုးရာ မြို့ကြီးများသို့သာ တဖွဲဖွဲ ပြေးကြလေကုန်ပြီ။ ကျန်တော်တို့က ဘဝသစ် ထူထောင်ပေးမည် ဆိုသော သူများသည် လင်ကွဲ သားကွဲ လင်သေ သားသေ ဖြစ်ကြရလေပြီ။ ရွာများလည်း မီးလောင်စာ ဖြစ်ကြရ လေပြီ။ ကျန်တော်တို့အကျိုး ပြုမည် ဆိုသူတို့မှာ ပြေးစရာ

လည်း မြေမရှိ။ ပေးစရာလည်း ငွေမရှိ ဖြစ်ကြပြီ။ ကျွန်တော်တို့ တောခိုစက အကယ်ယုံကြည်၍ ပြုပြုငှါ စေတနာကြည်ဖြူ ပြုံးချိုစွာနှင့် ဆီးကြိုကြသူများ တို့သည် ကျွန်တော်တို့ တောခိုပြီး သုံးနှစ် အကြာတွင်မူ ကျွန်တော်တို့၏ အချိန်မရွေး သုတ်သင်ရှင်း လင်းမည့် သေနတ်များကို ကြောက် ရွံ့သဖြင့်သာ ဟန်လုပ်ကြိုဆို နေကြသော်လည်း ၎င်းတို့ အပြုံးသည် သဘာဝမကျ တော့ပေ။ကျွန်တော်တို့အား ချစ်အားကိုး မဟုတ်တော့ဘဲ ရွံကြောက်ကြီးသာ ဖြင့်နေပေသည်။ အရှင်လတ်လတ်နှင့် သေနေကြသူများသာ ဖြစ်ပေသည်။

ကျွန်တော်တို့ ပြုမူချက်များကို မခံရပ်နိုင် ဖြစ်သော်လည်း မဝေဘန်ရဲ၊ မြင်တွေ့နေရပါသော်လည်း၊ မမြင်ဟန်ဆောင်ရပါသည်။ ပြောလိုလှသော်လည်း မပြောရဲကြပါ။ ဝေဘန်လိုသော်လည်း မဝေဘန်ရဲကြပါ။

တောင်သူ လယ်သမား များမှာ ကျွန်တော် တို့၏ သေနတ်ဒင် အောက်တွင် ပြားပြားဝပ်မှု အလူးအလဲ ခံရကြပါသည်။ ရွာများသည်လည်း ကြက်သရေမရှိတော့ပါ။ ပစ္စည်းမဲ့ လူတန်းစားတို့၏ ပုန်းရှိုးကွယ်ရှိုးနှင့် ငိုသံ ရှိုက်သံ ညည်းညူသံတို့ သည်သာလျှင် ကျွန်ုတော်တို့ ဝိုင်နယ်တွင် ပဲ့တင်ထပ်နေချေပြီ။

အလင်းရောင်ဆို

အမှုမဲ့ အမှတ်မဲ့ နေစဉ် လုပ်စရာရှိသည်တို့ကို စေတနာအလျောက် လူမအား စိတ်မအား လုပ်ကိုင်နေရစဉ် သတိမထားမိသော်လည်း အဘိုးအိုက လှန်ိုးသလို နိုးမိရာမှ ကျွန်တော်တို့ တော်လှန်ရေး၏ အောင်မြင်မှုကို ဆန်းစစ်လိုက်သော အခါကျမှသာလျှင် ဤသည်မျှားကို အစီအစဉ်အလိုက် တွေးမိပါတော့သည်၏ အခြားမဲ့၌-

ကျွန်တော်သည် ပြင်းပြစွာ တုန်လှုပ်သွားမိသည်။ ယူကြိုးမရ ဝမ်းနည်း တသမိသည်။ရှက်လည်း အလွန်ရှက်မိသည်။ တုန်လှုပ်မိသည်မှာကား၊ ဤအခြေအနေထိအောင် ဖြစ်မည်ဟု အမှတ်မဲ့နေစဉ်က မတွေးမိခဲ့ ယခုမှ ဤမျှ ဆိုးယုတ်နေသော အခြေအနေကို တွေးမိသဖြင့် တုန်လှုပ်မိသည်။ ယူကြိုးမရ ဖြစ်ရသည်ကား ကျွန်တော်၏ စေတနာနှင့် တကယ်ဖြစ်အင် တို့မှာ ကျွန်တော် ဤမျှ(၃)နှစ်တာမျှ ကာလပတ်လုံး ကြိုးပမ်းမှု၏ အဆုံးဉ် စကြဝဠာ ဟံတိုင်းတမျှ ကွာခြားနေခြင်းကြောင့် ဖြစ်သည်၊ ရှက်မိသည် မှာကား တောင်သူလယ်သမား အလုပ်သမား လူထုကြီး တရပ်လုံးအား ကျွန်တော်တို့ အမြဲပ်တစ်စိနေအောင် ပေးခဲ့သောကတိများနှင့် ယခုသူတို့လက်တွေ့ ခံစားနေရသော ဘဝဖြစ်အင်သည် လုံးဝဆန့်ကျင်နေသောကြောင့် ဖြစ်ပါသည်။

ဤတွင် ကျွန်တော်သည် ကျွန်တော်တို့ ရန်သူဆိုထားသည့် ဖဆပလ အဖိုးခ၏ဝါဒ လုပ်ငန်းစဉ်နှင့် ဆောင်ရွက်ပြီးစီးခဲ့သမျှကို နားစွင့်မိ၏။ ကျွန်တော် အံ့သြကြေနပ် လောက်အောင် ကျွန်တော်၏ စေတနာတို့ကို ကျွန်တော် ရန်သူဆိုသည့် ဖဆပလ အစိုးရက အောင်မြင်ထိရောက်စွာ ဆောင်ရွက်လျက် ရှိချေပြီ။

တောင်သူလယ်သမားတိုင်း လယ်ပိုင်ရေး လယ်ယာမြေ နိုင်ငံပိုင် ပြုလုပ်ရေး အက်ဥပဒေကို နိုင်ငံတော် ဖဆပလ အစိုးရက စတင် အကောင် အထည် ဖော်နေပြီ မဟုတ်ပါလော။

အလုပ်သမားများ ဘဝသစ် ထူထောင်ရေး အလုပ်သမားများ၏ အခွင့်အရေးကို အက်ဥပဒေများဖြင့် ပြဋ္ဌာန်းကာ ကာကွယ်ရံသာမက အလုပ်သမား ဘဝသစ် မြှင့်တင်ရေးအတွက် လုပ်ငန်းရပ်အသီးသီးကို ဆောင်ရွက် အောင်မြင်နေပြီ မဟုတ်ပါလော။

ပြည်သူ့လက်ဝယ် အာဏာ ရှိရေး၊ ဒီမိုကရေစီ ဒေသန္တရ အုပ်ချုပ်ရေး အက်ဥပဒေကို ကျောက်ဆည်၊ မိတ္ထီလာ၊ အင်းစိန်နှင့် ကျောက်ဖြူ ခရိုင်တို့တွင် စတင် စမ်းသပ် အကျောင်အထည် ဖော်နေပြီ မဟုတ်ပါလော။

ဤသို့လျှင် ကျွန်တော် မူလက လိုက်လိုက်လဲလဲ သက်ဝင်ယုံကြည်နေသော ကွန်မြူနစ်ဝါဒနှင့် လုပ်ငန်းစဉ်သည် ကျွန်တော်၏ ဘာဝရည်ရွယ်ချက်ကြီး (၃) ရပ်ကို ကျွန်တော်ကိုယ်တိုင် (၃) နှစ်တိုင်တိုင် သက်စွန့်ဆုံးဖြုး အပင်ပန်း အဆင်းရဲခံကာ လုပ်ကိုင် ရာတွင် မဖြည့်စွမ်းနိုင်ရုံမျှမကဆန့်ကျင်၍ သာလွန် ဆိုးဝါးစေသော အကျိုးကိုသာ ပေးသည် ကိုငဲး၊ တဘက်မှမူ ကျွန်တော်တို့ ကွန်မြူနစ်များက ဖော်ကြပြန် သည်ဟု စွပ်စွဲခဲ့သည့် ဖ-ဆ-ပ-လ အစိုးရ မှာမူ၊ကျွန်တော်၏ ဘဝ ရည်ရွယ်ချက်ကို ကျွန်တော်တို့ကဲ့သို့ မသော အဖျက်

ကောင်များ၏အနှောက်အယှက်များ ကြားထဲမှပင်လျှင် အောင်မြင်ထိရောက်စွာ ဆောင်ရွက်နေပြီကို တွေ့ရပြန်သဖြင့် တမဟုတ်ခြင်း ကျန်တော်သည် ကြီးစွာသော နှောင့်တုံ့ရခဲ့ပါသည်။

ဤသည်ပင်လျှင် ကျန်တော် အမှောင် တွင်းမှ အလင်းသို့ ရောက်ခြင်း၏ အကြောင်းရင်းပင်တည်း။

ကျန်တော်အလင်းသို့ ရောက်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းရပါလျှင်-

ကျန်တော်ပင်ပန်း ဆင်းရဲသည်ကို ကြောက်သဖြင့် မဟုတ်ပါ။ သုံးနှစ်တိုင်တိုင် နေပူ မိုးသီးရွာမရှောင် ခရီးကြမ်းနှင်၍ အဝတ်တသည် ကိုယ်တခုဖြင့် ဖြစ်သလိုနေ ဖြစ်သလို စားနိုင်ခဲ့သော ကျန်တော်အဘို့ ပင်ပန်း ဆင်းရဲသည်ကို ဘာမထိပင် ဖြစ်ပါသည်။ အမှန်မှာ ထားဝယ် ပါတီခရိုင် ခေါင်းဆောင် များတွင် ကျန်တော်လောက် အပင်ပန်း အဆင်းရဲခံနိုင်သူ တဒယောက်မျှ မရှိပါ။

အစိုးရစစ်တပ်ကြီးထိုးစစ်ဆင်လာမည်ကို ကြောက်သဖြင့်လည်း ကျန်တော်အလင်းသို့ ရောက်ရခြင်းမဟုတ်ပါ။ တိုက်ပွဲပေါင်းများစွာတွင် ရှေ့တန်းမှ ခေါင်းဆောင်ခဲ့ပြီး သေကံမရောက် သက်မပျောက်၍သာ ကျန်ရသူ ကျန်တော်အတွက် သေရခြင်းသည် မထူးဆန်းလှပါ။

ကျန်တော် ကြောက်လန့် တုန်လှုပ်ခဲ့သည်မှာ မှန်ပါ၏။ သို့သော် အပင်ပန်း ဆင်းရဲမှုနှင့် သေခြင်းကိုမူ မကြောက်ပါ။ ကျန်တော် ကြောက်သည်ကား ကျန်တော်ဘဝ ရည်ရွယ်ချက် ဖြစ်သော တောင်သူလယ်သမား၊ အလုပ်သမားတို့သည် ကျန်တော်တခါက သက်ဝင်ယုံကြည်ခဲ့သော ကွန်မြူနစ်ဝါဒအောက်တွင် အမှောက်မှောက် အမှားများ ပြုခဲ့မိသော ကျန်တော်တို့ကြောင့် ဒုက္ခကြီးစွာ ရောက်ရမည်ကို ကျန်တော် အကြောက်ဆုံးပင် ဖြစ်သည်။

ထိုကြောင့် ကွန်မြူနစ် အမိုက်မှောင်ကို ကြောခိုင်းကာ ကျန်တော်သည် ပြည်တော်သာ လင်းရောင်ခြည်သို့ မျက်နှာမူ ချီတက်နေပါပြီ။ ကျန်ခတော် မိုက်မှားခဲ့သမျှကို အတိုးချ၍ ကျန်တော်၏ ရာဇဝင်ကြွေးကို ဆပ်ရန် ကျန်တော် ဘဝ ရည်မှန်း ချက် ကြီးကို ဖြည့်တင်းရာ ပြည်တော်သာ စီမံကိန်း ကြီးကို အကောင်အထည် ဖေါ်ရန်နှင့် ကျန်တော်ဘဝ ယုံကြည်ချက်ကြီးကို ဖျက်ဆီးရာ ကွန်မြူနစ် ရန်သူများကို တိုက်ခိုက်ချေမှုန်းရန် ကျန်ကော်၏ ဘဝတခုလုံးကို ပြည်တော်သာ ယဇ်ပလ္လင်ရှေ့ဝယ် တင်လှူပူဇော်ပြီး ဖြစ်ပါတော့သတည်း။

လူထုစီးပွားကျေးဇူးဂေဟာနှင့်
ချေးပေါ်ပေါ်ဆိုင်ကို တွေ့ပြီးပြီလား

ယခုနေ့ကြွခဲ့ပါ

CENTRAL STORES

ဗဟိုရုံစတိုး ထားဝယ်ရုံရပ် ဖြတ်မြို့။

စားကုန် သောက်ကုန် အမျိုးမျိုး၊ သောက်ဆေး စားဆေးအမျိုးမျိုး၊ အလှကုန်
အမျိုးမျိုးနှင့်အခြား ကုန်အမျိုးမျိုးရရှိနိုင်ပါပြီ။



ပညာရေး ရောင်ခြည်များ ယှက်သန်း၍ ပြုနေပြီ ဖြစ်သော ဖြတ် ခရိုင်၏ ဘရက်ဝိုး။

"ကျွန်းကြီး တကျွန်းပေါ်သို့ သင်သည် တနည်းနည်းဖြင့် ရောက်ရှိသွား၍ အဆိုပါ ကျွန်းသူ ကျွန်းသားများက သင့်အား ဘုရင့် အဖြစ် မြှောက်တင်ခြင်း ခံရပါပြီဆိုပါစို့။ သင်သည် ထိုကျွန်းပေါ်တွင် သက် ဆုံးတိုင် မင်းမူလိုပါလျှင် အဆိုပါ ကျွန်းသူ ကျွန်းသားများအား ပညာကို မပေးပါလင့်"။

နိုင်ငံရေးဗေဒ ပညာရပ်များကို တဘက်ကမ်းတပါရဂူ မြောက်ခဲ့သော သွားလေသူ ဗြိတိသျှ အစိုးရတို့သည် ၅၅ အထက်ပါထုံးကို နှလုံးသွင်းကာ မြန်မာနိုင်ငံတွင် အမိုက်မှောင် ဇာတ်ကို ဆင်းခဲ့လေ ရကား ဗြိတ်ခရိုင်သည်လည်း အသို့လျှင် ပညာအရာ၌ ထူးချွန်လွန်ကဲနိုင်ပါ အံ့နည်း။

၅၅သို့ရှိရာတွင် ဗြိတ်ခရိုင်သည် နိုင်ငံတော်၏ အစွန်အဖျားတွင် တည်ရှိနေသည်တကြောင်း သွားရေးလာမှုခက်ခဲဝေးလံသည်တကြောင်း။ ခရိုင်တွင်း မှိတင်း နေထိုင်ကြသူ များမှာလည်း ပညူး ယိုးဒယား တရုပ် စသည့် အရောရော အနှောနှော လူတို့သာလျှင် များပြားနေသည်တကြောင်း ၅၅ အကြောင်း များကြောင့် ဗြိတ်ခရိုင်၏ ပညာရေးသည် အခြားခရိုင်များနှင့် နှိုင်းစာသော် ပိုမိုမေးမှိန်နေသည်ကို ဝန်ခံရပေမည်။

စာရင်းအင်းနှင့် တွက်ချက် တင်ပြရသည် ရှိသော် အလျားမိုင် ၂၄၀၊ အနံ မိုင် ၈၀ ခန့် ရှိ၍ လူဦးရေ ၂-သိန်းနီးပါးရှိသော ဗြိုနယ် ၆ နယ် အပါအဝင် ဗြိတ် ခရိုင်အတွင်းဝယ် ပြည်တော်သာ ခေတ်မှတိုင်မီက-

အထက်တန်း ကျောင်း—၂ ကျောင်း။
အလယ်တန်း ကျောင်း—၂ ကျောင်း။
မူ လ တန်း ကျောင်း—၇၄ ကျောင်း။

တို့သာရှိ၍ ပြုပြင်ရုံးစိုက်ရာ မြို့များဖြစ်သော တန်ဆာရီ ဘုတ်ပြင်းနှင့် နယ်ပိုင်ရုံးစိုက်ရာ ကောသောင်းမြို့တို့တွင် မူလတန်းကျောင်းများသာရှိသည်ကို ထောက်ရှုရှိုင်း။ ဘုတ်ပြင်းမြို့ နယ်တနယ်လုံးနှင့် ကောသောင်း မြို့နယ် တနယ်လုံးအတွက် အဆိုပါမူလတန်းကျောင်းများ တကျောင်းစီသာရှိသည်က ထောက်ချင့်ခြင်းအားဖြင့်လည်း ခရိုင်၏ပညာရေးအခြေအနေကို သိသာလောက်ပေပြီ။

ပညာရေး ကျန်းမာရေး လမ်းပန်း ဆက်သွယ်ရေး လူမှုရေး စီးပွါးရေးတို့ မည်သည့် တခုတည်းသော သံကြိုး၏ ကွင်းဆက်များ သဘွယ် တခုနှင့် တခု ဆက်စပ်တွဲကင်နေရခြင်း ဖြစ်လေရာ အခြေခံ ပညာရေး ကွင်းဆက်သည် ၅၅မျှ ညံ့ဖျင်း အောက်ကျ နေခြင်းအတွက် အခြား ကွင်းဆက်များ၏ အင်အား ပမာဏကိုလည်း အကဲခတ်နိုင် ပါသည်၊ သဘာဝ မိခင်၏ ကြင်နာမှု ကြောင့် သဘာဝတွင် သယံဇာတ မြေပေါ် မြေအောက် ဇရေအောက်ပစ္စည်းများ ပေါကြွယ် သဖြင့်သာ စီးပွါးရေးတွင် အသင့်အတင့် ခေါင်းထူနိုင်သည်ဟု ဆိုသော်လည်း အခြားကျန်းမာရေး လမ်းပန်းဆက်သွယ်ရေး လူမှုရေးတို့ တွင်ကား စိတ်မချမ်းမြေ့ ဘွယ်ရာ အောက်ကျနောက်ကျ နိုင်လှပေသည်။

ပြည်တော်သာ ပညာရေး ရောင်ခြည်

ဤမှု ပညာမဲ့ခြင်းတည်းဟူသော အပိုက်ဝိုက်ပုံကြီး ဖုံးလွှမ်းရာ မြို့တိ ခရိုင်အဘိုမှ ပြည်တော်သာ ဘဝသစ် ဖန်တီးမှု ပညာရေး စီမံကိန်း ရောင်ခြည်၏ ထိန်လင်း စူးယှဉ်သည့် ပေါ် လွင် လာ ပေ တော့ သည်။ ဘာသစ် ဖန်တီးမှု ပညာရေး စီမံကိန်း၏ အရှိန် အဝါသည် ဤ ခရိုင်တွင် ပိုမိုထွန်းပြောင်မည်ဟု ဆိုလိုခြင်း ဖြစ်ပါသည်။

ကျောင်းများ ပိုမိုဖွင့်လှစ်ရေး

ပြည်တော်သာ နှစ်ဝယ် အထက်တွင် ဘော်ပြထား ထည့် ကျဲကျဲင်းများအား ထပ်ဆင့်၍ မူလတန်းကျောင်း ၂၃-ကျောင်းကို ပိုမို ဖွင့်လှစ် ပေးဆားပါပြီး မကြာမီ ရက်အနည်းငယ် အတွင်း ကျောင်း (၆) ကျောင်း ကို လည်း ထပ်မံဖွင့်လှစ် ဦးမည် ဖြစ်ပါသည်။

တနယ်ဘရိမြို့ရှိ မူလတန်းကျောင်းကိုလည်း အလယ်တန်းကျောင်း အဖြစ် တိုးမြှင့်နိုင်ရေးအတွက် သက်ဆိုင်ရာ မြို့နယ် ပြည်တော်သာအဖွဲ့နှင့် ခရိုင် ပြည်တော်သာအဖွဲ့သည် တနယ်ဘရိမြို့ပေါ်တွင် ၅၃၊၄၄/တန် ကျောင်း အဆောက် အဦး တဆောင်ကို အစိုးရနှင့် လူထု ပူးပေါင်းလျက် ဆောက်လုပ်ပြီးစီးခြင်း ကျောင်းသားများ စုဆောင်းထားရှိခြင်း စသော ဆောင်ရွက် ဘွယ်ရာ ရှိသမျှတို့ကို ဆောင်ရွက် ပြီးစီးခဲ့သည့်အတိုင်း ပညာမဲ့ကြီးထဲမှ ၁၅-၀-၅၃ နေ့စွဲပါ ကြေးနန်း စာတွင် ကျောင်းဖွင့်ရန် အမိန့်ကို ရရှိပြီးဖြစ်ရာ ယခုအခါ အဆိုပါ ကျောင်းကို စတင်ဖွင့်လှစ်နေပြီ ဖြစ်သည့် အတွက် တနယ်ဘရိမြို့နယ်၏အနှစ်နှစ်အလလမှတောင့်တမှုသည် ၌ ပြည်တော်သာ ခေတ်တွင်မှပြည့်မြောက်ရလေသည်။

ထိုနည်းအတူ မြို့တိမြို့ အလယ်တန်း ကျောင်းကို အထက်တန်းကျောင်း အဖြစ်သို့ တိုးမြှင့်ရေးနှင့် ပတ်သက်၍လည်း ခရိုင်ပြည်တော်သာ အဖွဲ့နှင့် သက်ဆိုင်ရာ မြို့နယ် ပြည်တော်သာ အဖွဲ့တို့သည် အထက်ဘော်ပြပါ နည်းအတိုင်း မဆုတ်မနစ် မရမနေသော ဇွဲဖြင့် ဆောင်ရွက်ခဲ့သည်တကြောင်း။ တနယ်ဘရိတိုင်း ပြည်တော်သာအဖွဲ့ ဥက္ကဋ္ဌကြီးနှင့် တကွ အဖွဲ့ဝင်များ၏ စွမ်းစွမ်းတမန် ထောက်ခံ ဆော်သြပေးမှကြောင့် တကြောင်း ပညာမင်းကြီးထံမှ သြဂုတ်လ ၁၅ ရက်နေ့စွဲဖြင့်ပင်လျှင် မြို့တိမြို့ နိုင်ငံတော်အစိုးရ ဒုတိယ အထက်တန်းကျောင်းကြီး တဆောင်ကို စတင်ဖွင့်လှစ်ခွင့် ရရှိသည့်အတိုင်း ယခုအခါ အဆိုပါကျောင်းကြီးကိုစတင်ဖွင့်လှစ်နေပါပြီ၊

ကျောင်း အဆောက်အဦး လုံလောက်အောင် ဖြည့်စွက်ပေးရေး

ခရိုင်လူထုက မိမိတို့ ခရိုင်အတွင်း ကျောင်း အဆောက်အဦး နေရာထိုင်ခင်းများ လုံလောက်ရေးနှင့် ပတ်သက်၍ ပြည်တော်သာ စိတ်ဓါတ်နှင့် အားထုတ် ကြိုးပမ်းမှု ပြုနေကြသည်ကိုသည်း ဝန်းခမြာက်ဘွယ်ရာ တွေ့မြင်ရပေတော့သည်။ နိုင်ငံတော် အစိုးရထံမှ အကူ အညီ လုံးဝမဲယူဘဲ မြိတ်ခရိုင် လူထု၏ ကြိုးပမ်း ထားချက်များမှာ-

မြို့နယ်။	ကျေးရွာ	ကုန်ကျငွေ။	အပြီးသတ်နေ့။
မြိတ် အရှေ့ပိုင်း	ပင်းဘိုရွာ	၇၀၀	၁၀-၆-၅၃
″	မြိတ်မြို့ အစိုးရ		
″	တန်းမြင့်		
″	ကျောင်းဝင်း		
″	အတွင်း တဲတန်း		
″	လျားတဆောင်	၂၀၇၀	၂၁-၆-၅၃
အနောက်ပိုင်း	ကုလားကျန်း	၂၅၀၀	ဖေဖေါ်ဝါရီလ
″	ကပရွာ	၆၅၀၀	″
″	ကတန်ရွာ	* ၇၅၀၀	မတ်လ
ပုလော မြို့နယ်	ပြင်ဘုငယ်ရွာ	၃၅၀၀	ဧပြီလ
ဝေါင်း	၆-ကျောင်း	၂၂၇၇၀	

* စာသင်ကျောင်းနှင့်-စာကြည့်တိုက်တွဲလျက် ဆောက်သည်၊

နိုင်ငံတော် အစိုးရနှင့် လူထု ပူးပေါင်းဆောက်လုပ်ထားသည့် ကျောင်းများမှာ

ကျေးရွာအမည်	ကုန်ကျငွေ	ဆန္ဒအလျောက် ရံပိုငွေ	လူဦးအကူအညီ	ပြီးစီးသည့်နေ့ သို့မဟုတ် ပြီးစီးသည့် ရာခိုင်နှုန်း
မြောက် အရှေ့ပိုင်း ခြိုနယ်				
ပလုံးရွာ	၅၃၇၆	၃၂၅၆	၂၁၂ ၀	၆၀%
မြစ်ငယ်ရပ်	၆၀၆–၁၅	၆၀၆–၁၅	–	၂၅-၃-၅၃
မြောက်မြို့အလယ်တန်းကျောင်း	၂၆၂၀	၁၅၃၃	၁၀၆၅	ဇွန်လအတွင်းပြီး
တုံးဇောရွာ	၅၃၇၆	၃၂၅၆	၂၁၂၀	၈၀%
စန္ဒဝတ်ရွာ	၁၀၀၀	၁၈၀၀	–	၄၀%
တွဲကူးရွာ	၅၃၇၆	၃၂၂၅	၅၆၁၄	၁၀%
ရှမ်းချောင်း	၅၃၇၆	၃၂၂၅	၂၁၄၃	
ပသောင်း	၂၃၇၀	၁၇၇၀	၆၀၀	
ရေပုံးရွာ	၄၄၃၄	၃၀၀၃–၁၀	၁၃၃၀–၂၀	၉၀%
မြောက် အနောက်ပိုင်း ခြိုနယ်				
ဝါရစ်ရွာ	၅၄၁၃–၃၆	၃၂၂၃	၂၁၀၉–၃၆	၂၅-၇-၅၃
မြောင်းလွှော်	၅၃၇၆	၃၂၂၃	၂၁၅၀	၃၁-၈-၅၃
ညောင်ဘီး	၅၄၂၆–၁၅	၃၂၂၄	၂၂၀၂–၁၅	၃-၇-၅၃
မအိုင်ရွာ	၆၃၇၄	၄၂၂၄	၂၁၅၀	၂၅-၈-၅၃
ကတ္တလူရွာ	၅၃၇၆	၃၂၂၃	၂၁၅၀	၃၁-၈-၅၃
တောနောက်လယ်	၅၃၇၆	၃၂၂၃	၂၁၅၀	၄ရင်း
စခမ်းသစ်	၅၀၆၂–၁၀	၃၂၂၃	၂၆၃၀–၁၀	၂၁-၇-၅၃
ကုလားကျွန်း	၁၀၀၀	၀၀၀၀	–	၂၁-၈-၅၃
ပုလော ခြိုနယ်				
ပုလောမူလတန်းကျောင်း	၇၀၀၀	၄၅၀၀	၂၅၀၀	၆၀%
တောင်ယာကမ်း	၂၂၁–၁၅၂	၁၀၀၀	၁၂၁–၁၅၂	၂၀-၅-၅၃
ခရိုရွာ	၂၀၀၂–၅၀	၁၀၀၀	၁၀၀၂–၅၀	၃၀-၄-၅၃
တို	၅၄၁၃	၀၀၅၂	၂၆၅၃	၃၀-၆-၅၃
ပုလောကုန်း	၅၀၀၁	၂၀၀၀	၃၀၀၁	၃၀-၅-၅၃
ကျောင်းနိုင့်	၁၅၀၁	၁၅၀၀	–	
မြင်ဘု ဖေါင်းတောရွာ	၄၅၀၀	၂၀၀၀	၂၅၀၀	
ပလ	၂၅၀၀၀	၀၀၀၀၀	၁၅၀၀၀	၂၀%

ကျေးရွာအမည်	ကုန်ကျငွေ	ဆန်ခဲအလျောက် ရရှိငွေ	လူထုအကူအညီ	ပြီးစီးသည့်နေ့ သို့မဟုတ် ပြီးစီးသည့် ရာခိုင်နှုန်း
တနင်္သာရီ ခြိုနယ်				
အရှေ့မြောက်တုံးရွာ	၅၃၇၄	၄၃၇၄	၁၀၀၀	၇၀%
ညောင်ပင်ကွင်း	၅၃၇၄	၄၀၇၄	၅၀၀	၈၅%
ရေဘော်ရွာ	၅၃၇၄	၄၀၇၄	၅၀၀	၇၀%
တကူရွာ	၅၃၇၄	၄၀၇၄	၅၀၀	၈၀%
တနင်္သာရီ	၅၃၇၄	၅၃၇၄	–	၇၀%
မလေဝမ်း ကော့သောင်း ခြိုနယ်				
ကော့သောင်း	၁၇၀၀၀	၁၉၀၀၀	၇၀၀၀	၂၅%
ဘုတ်ပြင်း ခြိုနယ်				
ဘုတ်ပြင်းမြို့	၅၃၇၄	၅၃၇၄	–	၂၅%
စတိန်ရွာ	၅၃၇၄	၃၅၀၀	၁၈၇၄	၂၀%
အောက်လိပ်ရွာ	၄၅၀၀	၃၅၀၀	၁၀၀၀	၂၀%
အတွင်း ဘုတ်ပြင်း	၄၀၀၀	၃၀၀၀	၁၀၀၀	၂၀%
ကျောင်းပေါင်း၃၄-ကျောင်း	၁၆၁၆၀၉-၄၁	၉၅၄၁၃-၆၅	၆၆၁၉၅-၇၆	

အထက်ပါအတိုင်း မြို့ခံရိုင် ပြည်တော်သာ အဖွဲ့နှင့် သက်ဆိုင်ရာမြို့နယ် ပြည်တော်သာ အဖွဲ့ တို့သည် နှစ်ချင်းပေါက် ပြည်တော်သာ လုပ်ငန်းရပ်များကို နှစ်ရှည် ပြည်တော်သာ စီမံကိန်းနှင့် ဟင်မိ ကပ်မိအောင် ကြိုးစား ဆောင်ရွက်ခဲ့ပြီးလျှင် နိုင်ငံတော်အစိုးရ အနေနှင့်ဖြင့်လည်း ကျောင်းသုံး ပရိဘောဂများ အတွက် ဤခရိုင်အတွင်း ကျောင်းများအား ပြည်တော်သာနှစ် အတွင်းတွင် ငွေပေါင်း ၁၈၆၀၅-ကို ခွဲဝေသတ်မှတ် ပေးခဲ့ပါသည်။

ထိုသည်သာမက တနေ့တခြား တိုးတက်များပြား ခဲ့သော မြို့ကျောင်းသားထု အတွက် လက်ရှိ နိုင်ငံ တော် အစိုးရတန်းမြင့်ကျောင်းကြီး၏ အဆောက်အဦး နေရာတိုင်းသည် လုံလောက်ခြင်း မရှိသည့်အတွက် နိုင်ငံတော် ပြည်သူ့ အိုးအိမ်ခြံမြေလည်ထူထောင်ရေးနှင့် မြို့ ရွာ စည်ပင်ရေး အဖွဲ့က ကမကထ ပြုလုပ်ပြီးလျှင် ၂၄၇၄၄၉ တန် ကျောင်းသား ၅၀၀-ဝင် ကျောင်း အဆောက်အဦးကြီးကို ၁၉၅၃ ခု အောက်တိုဘာလ ၁ ရက်နေ့တွင် စတင် ဆောက်လုပ်နိုင်ရန် စီမံမှုများ အဆုံးအသတ် ပြီးစီးနေပါပြီ။ ထိုကြောင့် ၁၉၅၄ ခု ဇွန်လ ၁ ရက်နေ့ ကျောင်းဖွင့်ချိန်တွင် အဆိုပါ ကျောင်း ဆောင် ကြီး သည် ၎င်းတို့ စွင့်စွင့် ကြွားကြွားဝင့်လျက် မြို့မြို့၏ ကြက်သရက်ကို တင့်ဖြိုးဝေဆာ ဧစေတော့မည် ဖြစ်ပါသည်။

ထို့အပြင်လည်း ပုလောမြို့ နိုင်ငံတော် တန်းမြင့် ကျောင်းသည် ယခုအချိန်အထိမူ ၎င်းအိမ် သိမ်းအိမ် ဝယ်အိမ် လှူအိမ် စသော နည်းအမျိုးမျိုးနှင့် ရရှိထား သည့် အိမ် (၉) ဆောင်တွင် အတန်း အသီးသီးတို့ အကွဲကွဲအပြားပြား ဖွင့်လှစ်ထားရ ပါသည်။ အချို့ အတန်းများမှာ အိမ်အောက်ထပ်တွင် ဖွင့်လှစ်ထားရ သဖြင့်၎င်း၊ အချို့အတန်းများမှာ မြေစိုက် ဝါးတဲတန်း လျားများတွင် ဖွင့်လှစ်ထားရသဖြင့်၎င်း၊ အချို့၎င်းအိမ် များမှာလည်း နှစ်ပရိစ္ဆေဒ ကြာမြင့်ပြီဖြစ်သည့်အတွက် မိုးယိုပေါက်ပြဲ ယိုင်လဲလှုမတတ် ဖြစ်နေသဖြင့်၎င်း၊ အဆိုပါ အတန်းအသီးသီးတွင် စာသင်ကြား ပို့ချနာယူ ရန်သည့်ဆရာဆရာမများနှင့်ဦးရေ ၈၀၀ နှစ်ရှိသော ကျောင်းသား၊ ကျောင်းသူများ၏ ဖြစ်အင်ကို မှန်းဆနိုင် ပါသည်။

အဆိုပါ ပြဿနာကို ဖြေရှင်းရန် အတွက် နိုင်ငံတော် ပြည်သူ့အိုးအိမ် ပြန်လည် ထူထောင်ရေးနှင့် မြို့ရွာ စည်ပင်ရေးအဖွဲ့သည် ၄၄ ၄ သိန်းခွဲတန်ကျောင်းသား ၈၀၀ ဆန့် ကျောင်းအဆောက်အဦးကြီးတခုကို ပုလောမြို့တွင် ဆောက်လုပ်ရန် စီမံစိုင်းပြင်းနေပါပြီ။ ရိုင်ပြည်တော်သာ အဖွဲ့ကလည်း ကျောင်းမြေနေရာ ရွေးချယ်ရေး တင်ဒါများကို ရွေးချယ်ထောက်ခံရေး စသည့် ပဏာမ ဆောင်ရွက်မှုများကို ကူညီဆောင်ရွက်ပေးပြီးဖြစ်ရာ၊ နိုင်ငံတော် အိုးအိမ်ပြန်လည်ထူထောင်ရေး အဖွဲ့ကြီးက ဆက်လက်၍ ကြိုးပမ်းဆောင်ရွက်ပေးပါလျှင်မူ ၁၉၅၄ ခု ဇွန်လ ၁ ရက်နေ့ ကျောင်းဖွင့်ချိန်တွင် မြတ်မြို့ကဲ့သို့ပင် ပုလောမြို့ သည်လည်း ကျောင်းဆောင်သစ်ကြီးဖြင့် ဝင့်ကြွားနိုင်ပေမည် ဖြစ်ပါသည်။

အလျှင်းသင့် သဖြင့် ငမ်းမြောက် ကျေးဇူးတင်စွာ တော်ပြုရမည်ဆိုပါလျှင် မြတ်ရိုင် ပြည်တော်သာ အဖွဲ့၏ ထောက်ခံချက်အရ နိုင်ငံတော် ပြည်သူ့ အိုးအိမ် ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာ စည်ပင်ရေး အဖွဲ့က ဤရိုင်တွင်းရှိ တနယ်ရိမြို့နယ် တကူကျေးရွာ ဘုတ်ပြင်းမြို့နှင့် ကော့သောင်မြို့ မူလတန်း စာသင်ကျောင်း ၃ ကျောင်းတို့ အတွက် အမိုးမိုးနိုင်စိမ့်သောင်္ဂါ ဒါနိုသွပ်ပြားချပ်ရေ ၄၆၅ ချပ်ကို အမေ့ ပေးပို့ထောက်ပံ့ခဲ့ပါသေးသည်။

"ဆရာများ ရှိရေး"

နိုင်ငံတော်အစိုးရက ကျောင်းများမြည်မျှပင်ဖွင့်လှစ်နှင့်ပေး၍ ကျောင်းအဆောက်အဦးများ နန်းတော်တမျှ ဟိန်းနေလျက် ကျောင်းသားများ ထောင်သောင်းမက များပြားနေစေကာမူ လိုအပ်သော အရည်အချင်းနှင့် ပြည့်စုံသည့် ဆရာဆရာမများမရရှိသရွေ့ကာလပတ်လုံး အထက်ဖေါ်ပြပါပြည့်စုံချက်တို့သည် အဓိပ္ပါယ်မရှိလှပါ။

တိုကြောင့် ဆရာဆရာမများရှိရေးအတွက်လည်း နိုင်ငံတော် အစိုးရနှင့် ခရိုင် ပြည်တော်သာ အဖွဲ့တို့သည် တော်သင့်သော ပုဂ္ဂိုလ်များကို ရွေးချယ်ကာ ယခု ပြည်တော်သာ နှစ်တွင် ရန်ကုန်မြို့၌ ဖွင့်လှစ်ထားသည့် အလယ်တန်း ဆရာဖြစ် ၂ လသင်တန်းသို့ ပုဂ္ဂိုလ် ၂၉းကိုငင်း ဓမ်လမြို့ငင်ဖွင့် ဖွင့်လှစ်မည့် မူလတန်း ဆရာဖြစ် တနှစ်သင်တန်းသို့ ပုဂ္ဂိုလ် ၁၇၉းကိုငင်း ပို့လွှတ်ခဲ့ပါသည်။

အထက်ပါပုဂ္ဂိုလ်များအပြင်မေလအတွင်းက မော်လမြိုင်မြို့၌ ဖွင့်လှစ်ခဲ့သည့် အရေးပေါ် ဆရာဖြစ် ၂လ သင်တန်းသို့လည်း ဤခရိုင်မှ ၂၂ ဦးကို ပို့လွှတ်ခဲ့၍ သင်တန်းများ ပြီးဆုံးခဲ့ပြီး ပြန်လည်ရောက်ရှိလာကြပြီး ဖြစ်သည့် အတိုင်း အဆိုပါ ဆရာ ဆရာမ ၂၂ ဦးအား တော်သင့်သော အသစ်ထပ်မံ ဖွင့်လှစ်သည့် မူလဘန်းကျောင်းများနှင့် အခြားကျောင်းများသို့ စေလွှတ်ခန့်ထားပြီးပါပြီ။

သို့သော်လည်း မြတ်ခရိုင်၌ ကျောင်းဆရာများ ရရှိရေး ပြဿနာသည် ခက်ခဲမြဲ ခက်ခဲလျက် ရှိနေသည်ကိုကား ဝမ်းနည်းစွာ ဝန်ခံရပေဦးမည်။ ထိုကြောင့်ပင် အချို့သော မူလတန်းကျောင်းများတွင် ကျောင်းသား ၁၀၀ ခန့်ရှိပါလျက် ဆရာ တယောက်တည်းနှင့်ပင် မနိုင်မနင်း သင်ကြားလျက် ရှိနေရပါသည်။ မြတ်ခရိုင် ပြည်တော်သာ အဖွဲ့သည် ဆရာများ ရရှိရေးအတွက် ပညာတတ် လူငယ်များအား တိုက်တွန်း နှိုးဆော်ထားပါသည်။ ဤအတောအတွင်းတွင်မူကား ပညာရေးဌာနက ဤခရိုင်သို့ ဆရာများကို ပိုမိုစေလွှတ်သင့်ပါသည်။

"ဆင်းရဲနွမ်းပါးသော ကျောင်းသားများအား အထောက်အပံ့"

ပြည်တော်သာ နိုင်ငံဘွင် ဆင်းရဲသဖြင့် ပညာမရခဲ့ပါ ဟူသော အဖြစ်ကို ပယ်ဖျက်ရန် ကြိုးပမ်းနေသည့် အတိုင်း ဆင်းရဲနွမ်းပါးသော ကလေးများ၏ ပညာရေးကို ပိုမို ဂရုပြု စောင့်ရှောက်အားပေးလျက် ရှိနေပါသည်။

အထူးသဖြင့် နိုင်ငံတော် သမတကြီး၏ ထူးကဲသော စေတနာအရ ပြည်ထောင်စု တခုလုံး အထူးသဖြင့် မဖွံ့ဖြိုးသေးသော ဒေသများမှ ဆင်းရဲနွမ်းပါးသော ကလေး ၂၀၀အား ရန်ကုန်မြို့သို့ နိုင်ငံတော် အစိုးရ၏ စရိတ် စကသက်သက်ဖြင့် ခေါ်ယူသင်ကြားပေးရန် စီစဉ်ရာတွင် ပြိတ်ခရိုင် ဖဆပလ အဖွဲ့မှ ကမကထ ပြုလုပ်ရွေးချယ်ပြီးလျှင် ကော့သောင်းမြို့နယ်မှ ကလေး ၅ ယောက် ကျန် ခရိုင်တွင် အခြားမြို့နယ်များမှ ၅ ယောက်စုစုပေါင်း ၁၀ယောက်တို့အား ရန်ကုန်မြို့သို့ စေလွှတ်ပို့ဆောင်ခဲ့ပြီးပါပြီ။

"ကျောင်းသုံး စာအုပ်များ ဌါးရုံးရေး"

ကျောင်းသုံး စာအုပ်များလွယ်လင့်တကူ ရရှိအောင် စီမံပေးသော နိုင်ငံတော် အစိုးရ ဆောင်ရွက်ချက်သည် ထိရောက် အဘိုးတန်လှပေသည်။ ပြင်ပ စာအုပ်ဆိုင်မှ စာအုပ်စျေးများထက် နိုင်ငံတော် အစိုးရပညာရေး ဌာနမှဖြန့်ချိရောင်းချလျက် ရှိသည့် ကျောင်းသုံးစာအုပ်များ၏ နှုန်းသည် အဆမတန် ချိုသာလျက် ရှိနေသဖြင့် အတော်အသင့် ဆင်းရဲနွမ်းပါးသော ကလေးသူငယ်များပင်လျှင် အဆိုပါ စာအုပ်များကို မဝှါးရန်းတော့ဘဲ ကျေနပ်ဝမ်းမြောက်စွာ အပြီးအပိုင် ဝယ်ယူနေကြပါသည်။

"အသက်မွေးဝမ်းကျောင်း ပညာရပ်များ"

ဒေနှောင်အဖွဲ့မှ လွှဲအပ်မြောက်လျက် လွတ်လပ်သော နိုင်ငံတော်၏ ဂုဏ်ဝြဲနှင့် လိုက်လျောစေရန် ပညာရေး စံနစ်ကိုလည်း အသွင်ပြောင်းနေပြီဖြစ်ရာ သင်ပညာရပ်များ ဖြစ်သော သက်မွေးဝမ်းကျောင်းမှပညာရပ်များကို စာတင်သင်ကြားရန် စီစဉ်ပြီး ဖြစ်ပါသည်။

မြို့မြို့ နိုင်ငံတော် အစိုးရ အထက်တန်းကျောင်း၌ စတုတ္ထတန်းမှ သတ္တမတန်းအထိ ကျောင်းသူများကို ဆရာမ ဒေါ်ရွှေကျင်သည် သူနာပြုအတတ်နှင့် အိမ်တွင်းသိပ္ပံ ပညာရပ်များကို သင်ကြားနေပြီး ဖြစ်ပါသည်၊ လိုအပ်သောပစ္စည်းပစ္စယအချို့ကိုလည်း ရှိပြီဟု သိရှိရပါသည်။

ကျောင်းသား ကလေးများအတွက်လည်း ကြိမ်ထိုးလုပ်ငန်း၊ သစ်သားလုပ်ငန်း၊ သံဖြူလုပ်ငန်း၊ အရွဲလုပ်ငန်း စသည့် လက်မှုလုပ်ငန်းရပ်များကို သင်ကြားပေးရန် ဆိုင်ရာက စတင်စီမံနေပြီဟုလည်း သိရှိရပါသည်။

ထို့အပြင် မော်လမြိုင်၌ ဖွင့်လှစ်သည့် ဆေးတက္ကသိုလ်ဝင် သင်တန်းသို့လည်း ၎င်း ရိုင်မှ ကျောင်းသား (၈) ယောက်ကို ယခုနှစ်အတွင်းပင် နိုင်ငံတော်အစိုးရ၏ အထောက်အပံ့ဖြင့် စေလွှတ်ခဲ့ပါပြီ။

"တိုးတက်မှု"

ဤသို့လျှင် နိုင်ငံတော်အစိုးရနှင့် ရိုင်လူထု၏ အတက်ဘက်မှ မဆုတ်မနစ်သော ကြိုးပမ်းမှုကြောင့်-

ထို့အပြင် ပညာဥာဏ် ထူးချွန်၍ ဆင်းရဲသော ကလေးများအား တက္ကသိုလ် ပညာရပ်များကို ဆက်လက် သင်ကြားစေလိုသော နိုင်ငံတော် ဝန်ကြီးချုပ်၏ ဆန္ဒအရ၊ မြို့ရိုင် ပြည်တော်သာ ပညာရေး လက်အောက်ခံအဖွဲ့သည် ၁၉၅၃-ခုနှစ် မတ်လအတွင်းတွင် ကျင်းပပြီးစီးခဲ့သော တက္ကသိုလ်ဝင် စာမေးပွဲ၌ ဖြေဆိုအောင်မြင်ခဲ့သော ကျောင်းသားများအနက် ပညာဥာဏ် ထူးချွန်၍ ဆင်းရဲနွမ်းပါးသည့် ကလေး (၇) ယောက်တို့အား ရွေးချယ်ပြီးလျှင် တနသံာရီ တိုင်းမင်းကြီးထံ ထောက်ခံထားပြီး ဖြစ်ပါသည်။ ဤကိစ္စ၌လည်း နိုင်ငံတော် အစိုးရ၏ သက်ညှာမှုနှင့် ဝန်ကြီးချုပ်တို့၏ စေတနာသည် ထူးကဲစွာ ပေါ်လွင်လာပြီး ဖြစ်ပါသည်။

ဆင်းရဲနွမ်းပါးသော ကျောင်းများ၏ စာပေ သင်ကြားရေးနှင့် ပတ်သက်၍ ဘိတ်သားတယောက် အနေဖြင့် ဝင့်ဝါဂုဏ်ယူဘော်ပြခွင့်ပြုပါလျှင် မြို့ရိုင် လူထု၏ ကြိုးပမ်းမှုသည်လည်း ပေါ်လွင်လာမည် ဖြစ်ပါသည်။ ရန်ကုန်မြို့၌ နေထိုင်ကြသော မြို့သူမြို့သားအများပေါင်းတို့သည် မြို့အသင်းဟူ၍ ဖွဲ့စည်းထားကြလျက်၊ အဆိုပါ အသင်းက လွန်ခဲ့သည့် ၃ နှစ်မှစ၍ နှစ်စဉ် ပညာထူးချွန်လျက် ဆင်းရဲနွမ်းပါးသော မြို့ရိုင်မှ ကျောင်းသူ ကျောင်းသား များအား တနှစ်လျှင် ၂-ယောက်ကျစီ တက္ကသိုလ် ပညာရပ်များကို သင်ကြားနိုင်ပါရန် တလလျှင် ငွေ ၁၀၀ တိတိ ထောက်ပံ့နေပါသည်။ ယခုအခါ အဆိုပါ အသင်းကြီးမှ ထောက်ပံ့နေသော ကျောင်းသားများမှာ ၇ ယောက်ရှိနေပြီ ဖြစ်လျက် ရန်ကုန်တက္ကသိုလ်၌ အပတ်အကုတ် ထူးချွန်စွာ စာပေရပ်များကို လေ့လာ သင်ကြား ဆည်းပူးနေကြပါသည်။ ဤသို့အားဖြင့် နိုင်ငံတော် အစိုးရ၏ ဝါဒနှင့် ရည်ရွယ်ချက်တို့သည်တထပ်တည်းကျအောင် ကြိုးစားဆောင်ရွက်နေသော မြို့လူထုအတွက် အဘယ်မှာလျှင် ဝမ်းမြောက် ဂုဏ်မယူဘဲ နေနိုင်ပါတော့အံ့နည်း။ ဂုဏ်ယူသူအား အပြစ် ဆိုသင့်ပါ၏လော။

ခုနှစ်	မူလတန်း		အလယ်တန်း		အထက်ဘန်း	
	ကျောင်း ဦးရေ	ကျောင်းသား ဦးရေ	ကျောင်း ဦးရေ	ကျောင်းသား ဦးရေ	ကျောင်း ဦးရေ	ကျောင်းသား ဦးရေ
ပြည်တော်သာမဝိုင်မှ ၁၉၄၆ ၄၇ခုနှစ်။	၅၀	၄၆၅၄	မရှိ	–	၁	၈၃
ပြည်တော်သာ ၁၉၅၂-၅၃ခုနှစ်။	၇၅	၈၃၀၂	၂	၈၀၁	၂	၁၄၃၅
၁၉၅၃-၅၄ခုနှစ်။	၉၈	၁၀၀၃၅	၂	၈၀၃	၃	၂၀၄၇

အထက်ပါ အတိုင်း တဟုန်ထိုး တိုးတက်ခဲ့ရာ ၂ အောင်မြင်မှုများအတွက် ဖြိတ်ခရိုင် ပြည်တော်သာအဖွဲ့သည် အဘယ်မှာလျှင် ပီတိမဖြစ်ဘဲ နေနိုင်ပါအံ့နည်း။

"လူသစ်တည်၍-ပြည်သစ်ဆောက်အုံ"

ဤသို့ အောင် မြင် နေမှု တွင် ဆင့် ကဲ၍ လူထု ပညာရေး ကောင်စီကလည်း ဤခရိုင်သို့ ၁၉၅၃ ခု ဇန်နဝါရီလအတွင်းတွင် လူထုပညာရေးမှူး ဦးသိန်း အား စေလွှတ်ခြင်းဖြင့် အားတင်း ပေးခဲ့ပါသေးသည်။ အဆိုပါ ပညာရေးမှူးသည် ရိုင်တွင်း မြို့နယ်ကျေးရွာများပါမဲ့ကျန် အစိုးရ ရုပ်ရှင် ဌာနနှင့် ပူးပေါင်းလျက် သွားလာ လှည့်လည်ခဲ့ပြီးလျှင် ခရိုင်၏ အခြေအနေကို စုံစမ်းခဲ့ပါသည်။ လူထုပညာရေးဌာနသစ်များ ဖွင့်လှစ်သည့်ကျေးရွာများကိုလည်း ရှာဖွေခဲ့ပါသည်။

ဘုန်းတော်ကြီးကျောင်းများအား ထေခဲံပုံကြေး

ဦးသိန်းသည် ဤသို့ ရိုင်းအနှံအပြား လှည့်လည် သွားလာခဲ့ရာမှ-

(၁) မော်တိုး အရှေ့ဘုန်းတော်ကြီးကျောင်း
(၂) အနောက်သာရဖို ဘုန်းတော်ကြီးကျောင်း
(၃) အထက်လယ်သစ် ဘုန်းတော်ကြီးကျောင်း
(၄) ဘုန်လောကျောက်မော်ဘုန်းတော်ကြီးကျောင်း
(၅) ဘုန်လော-သမီးလှ အရှေ့ပိုင်း ဘုန်းတော်ကြီးကျောင်း

မြိတ်အရှေ့ပိုင်း မြို့နယ်အတွက်-

(၁) မြိတ်မြို့ မြိတ်တောင်ရပ် ဘုန်းတော်ကြီးကျောင်း
(၂) စဉ့်ဝတ်ရွာ ဘုန်းတော်ကြီး ကျောင်း
(၃) ကဲကူးရွာ ဘုန်းတော်ကြီးကျောင်း

အစရှိသည့် ဘုန်းတော်ကြီး ကျောင်းပေါင်း (၈) ကျောင်းကို ကျောင်းဆိုင်ရာ ပစ္စည်း အရာရပ်အပ်နှင်းရန်အတွက် လူထုပညာရေး ကော်မတီစိသို့ အစီရင်ခံထားခဲ့ပါသည်။

သတ္တမ အပတ် သင်တန်းတက်ရောက်ရန် အတွက်လည်း မြိတ်ခရိုင်မှ၊ အမျိုးသား ၃ ယောက် နှင့် အမျိုးသမီး ၂ ယောက် ပေါင်း ၅ ယောက်ကို ကောင်စီ ဒုတိယ ဥက္ကဋ္ဌ မြို့မ ကျောင်းအုပ်ကြီး ဦးဘလွင် တိုင်းမှူး ဦးခဖအောင်တို့ ကိုယ်တိုင် ၁၉၅၃-ခုနှစ် ဧပြီလ ၂၀ ရက်နေ့တွင် ကြိုဆောက်ရွေးချယ်ခဲ့ကြပါသည်။

ဦးသိန်း ရွေးချယ်ထားခဲ့သော လူထု ပညာရေး ဌာနသစ်များဖြင့်သော မြိတ် အနောက်ပိုင်း မအိုင်ရွာနှင့် တနင်္သာရီမြို့တို့ အတွက် ဆဋ္ဌမ အပတ် သင်ဘန်းဆင်း လူထုပညာရေးမှူး ၄ ယောက်တို့သည် မြိတ်ရိုင်တွင်းသို့ ဇွန်လ အတွင်းကပင် ရောက်ရှိ ဖွင့်လှစ်နေကြပြီ။

ဦးသိန်းနှင့် တကွ မြိတ်ခရိုင် ပြည်တော်သာ အဖွဲ့တို့၏ တောင်းဆိုချက်များ အရ မြိတ်ခရိုင် ကော်သောင်းမြို့နယ်သို့ ဘဝသစ်ဖန်တီးရေးအဖွဲ့ ဧလွှတ်သင့် မသင့် စသည်တို့ကို အသေးစိတ် စစ်ဆေးစုံစမ်းလေ့လာရန်အတွက် ဇူလိုင်လ ပဉ္စမ အပါတ်တွင် တိုင်းမှူး ဦးကျော်သန်းသည် ကော်သောင်း မြို့နယ်သို့ အနှံအပြား လှည့်လည် ကြည့်ရှုခဲ့ပါသည်။ အဆိုပါ အဖွဲ့ကိုလည်း အမြဲနိုဆုံး ဧလွှတ်မည်ဟု ယုံကြည်လျက် ရှိနေပါသည်။

အထက်ပါအတိုင်း နိုင်ငံတော် အစိုးရ၏ ဘဝသစ်ဖန်တီးမှု ပြည်တော်သာ ပညာရေး ဧမံကိန်း သည် အစိုးရနှင့် လူထုတို့၏ ဦး ပဲ့ ပူးပေါင်း ထမ်းဆောင်မှုကြောင့်အတိုင်းမသိ တိုးတက်အောင်မြင်လျက် ရှိသည်ကို အကြောင်းပြုလျက် မြိတ်ခရိုင်အတွက် ၅ အချိန်သည် ပညာရေး ရောင်ခြည်များ ယှက်သန်းစ ပြုနေနေသည့် အရက်ဦးဟု ခေါ်ဆိုထိုက်သည်ပင် ဖြစ်ပါသတည်း။

ခရိုင်လူဆု၏ ကျန်းမာရေးဘတ်
ခရိုင်ပြည်တော်သာ
အဖွဲ့၏
ဆောင်ရွက်ချက်များ။

အာရောဂျ

* ရေးသူ ဒေါက်တာ ကျိုကြီ *

ပြည်တော်သာနိုင်ငံဝယ် ပထမမဟာမိုင်ကြီးဖြစ်သော ကာယဗလမဏ္ဍိုင်ကို မြေတောင်မြောက်မြှင့်တင် ပေးရပေမည်။ ဤအခြေခံအချက်ကို နားလည်သဘောပေါက်သော မြို့ရိုင် ပြည်တော်သာအဖွဲ့သည် အာရောဂျ၊ ဇရမံ၊ လာဘံဆိုသည့် ကြီးမားဆုံးသော ကျန်းမာမှု ဆုလာဘ်ကြီးကို ခရိုင်လူထုအား ကြိုးစား အားသွန် ဖြန့်ဝေပေးခဲ့ပါသည်။


ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ အစွန်အဖျား ခရိုင်တစု ဖြစ်နေခြင်း၊ သွားလမ်း လာလမ်း ခက်ခဲခြင်း၊ စီးပွါးရေး၊ ပညာရေး၊ လူမှုရေးစသည့် အရေးအရာ အဖြာဖြာတို့ ညံ့ဖျင်းအောက်ကျခဲ့ရသည်နှင့်အမျှ၊ မြို့ရိုင် ကျန်းမာရေးအခြေအနေသည် ကြံ့လိုခဲ့ခဲ့ရကာ၊ မြို့ရိုင် ပြည်တော်သာ အဖွဲ့အတွက် ပြည်တော်သာ ခေတ်ဝယ် တာဝန်ပိုမိုကြီးလေး လာခဲ့လေသည်။

ကာကွယ်ရေး။ ။ကြိုတင် ကာကွယ်ရေး သည် ကုသရေးထက် ပိုမိုကောင်းမွန်သည်ဟူသော ရှေးသမ္မာ တော်ကြီးများ၏ ထုံကို နှလုံးသွင်းလျက်၊ မြို့ခ်ရိုင် ပြည်တော်သာ ကျန်းမာရေးလက်ခံအောက်ခံ အဖွဲ့သည် ခရိုင်သူ ခရိုင်သားတို့၏ ကျန်းမာမှုအတွက် ကြိုတင် ကာကွယ်မှုများကို ပိုမိုဦးစားပေး ဆောင်ရွက်ခဲ့ပါသည်။ နှစ်စဉ် နှစ်တိုင်း ကျောက်ရောဂါ၊ ဝမ်းရောဂါ စသော ခဲ့ဆုံးဝါးသည့် ရောဂါနှစ်ကပ် မြို့ရိုင်သို့ နာရီသံ ပတ် ပေးထားသည့်နှယ် အချိန်မှန်မှန်ကြီး အလည် အပတ် လာရောက်တတ်လျက်၊ ရာထောင်မကသော လူသတ္တဝါများ၏အသက်ကို ဝါးမျိုခဲ့ကြလေသည်။

ကျောက်ရောဂါ အပြင်းအထန်ဆုံး ဖြစ်ပွါးကူးစက် မှုနှုန်းခဲ့သော ၁၉၅၁-ခု ညြဂုတ်လမှ ၁၉၅၂-ခု မေလ အထိ စဉ်းစားလိုက်တိုင်း ကြက်သီးမွေးညှင်းများထဘွယ်ရာ ဖြစ်ပါတော့သည်။ ရုံးမှတ်တမ်းများအရ၊ မြို့ရိုင် တမြို့တည်းတွင်ပင် အဆိုပါ (၉) လ အတောအတွင်း လူပေါင်း (၉၈၅) ယောက် ပျက်စီး ဆုံးပါး ခဲ့ရလေသည်။ ခရိုင် အနှံ့အပြား အတွက်မူ မည်မျှ များပြားခဲ့မည်ကို ဆင့်ချိန်နိုင်ပါသည်။ ဤသို့ အသက်ပေါင်း များစွာ ထိခိုက် ဆုံးပါးခဲ့ရရုံသာမက အဆိုပါ (၉) လအတွင်း မြို့ရိုင်မြို့ ဆေးရုံသို့ တက်ရောက် ကုသသော ကျောက်ရောဂါ အတွင်း လူနာများ အတွက် အစားအသောက် ခေါင်းစဉ်အောက်တွင် မြို့ပြုနှုန်း စီပါယ် အဖွဲ့သည် ငွေ ၆၉၄၀/-ကို သုံးစွဲ ကုန်ကျခဲ့ရလေသည်။ ဤမျှဖြင့်ပင် ကြောက်ဘွယ်လိလိ ကျောက်ကြီးရောဂါ၏ လူ့အသက်နှင့် ငွေကို စုတ်ယူညှင်းဆဲ ပုံကို ထင်ရှား သိသာ လောက်ပေပြီ။

ပြည်တော်သာ နှစ် အတွင်းဝယ်၊ ဤကဲ့သို့သော ခဲ့ဆုံးပါးမှုများကို တကြိမ် အကြွမခံနိုင် တော့ပါ။ ၁၉၅၃ ခုနှစ် ဇန်နဝါရီလ၌၊ တနင်္ဂနွေတပါတ်အတွင်း တွင်ပင်၊ ကလေး လူကြီးပေါင်း၊ ၆၀၀၀ ကျော်ကို ကျောက်ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးခဲ့ပါသည်။ ပြည်သူ့ကျန်းမာရေးဌာန အဖွဲ့သားများလည်း ကော့သောင်း၊ ဘုတ်ပြင်း၊ ပုလော၊ ပလောက်ရွာစသော ခရိုင်၏မြောက်စွန်းမှတောင်စွန်းသို့ ရွာသိမ်ရွာငယ်များ ပတ်မကျန် အနှံ့အပြား သွားရောက်လှည့်ပတ်စေပြီးလျှင် ကျောက်ရောဂါ ကာကွယ်ရေး ဆေးများကို ပြင်းပြင်း ထန်ထန် ထိုးနှံစေခဲ့လေသည်။ ဤကြိုးပမ်းမှု၏ အကျိုးအားကြောင့် ပြည်တော်သာ နှစ်ဝယ်၊ ကျောက်ကြီး ရောဂါကြောင့်၊ ဤရိုင်အတွင်း တယောက်မျှပင် အဖိတ်အစင်မရှိခဲ့ကြောင်း ဝမ်းခြောက်စွာ ကြေငြာအပ် ပါသည်။

ကာလဝမ်းရောဂါ၏။ ။ရာဇဝင်မှာလည်း ကျောက်ရောဂါ၏ ရာဇဝင်နည်း နှင့်နှင်ပင်ဖြစ်ပါသည် လူတိုင်းပင် နွေရာသီသို့ ကျရောက်လာသည့် အခါ၌၊



ထိုရည်ရွယ်ချက်ဖြင့်၊ မြို့ခရိုင်ပြည်တော်သာ အဖွဲ့၏ မြို့ရိုင်ဖဆပလအဖွဲ့နှင့်မြို့မြုံနိုစီပါဃ်အဖွဲ့တို့ပူးပေါင်းကာ ၁၉၅၃ခု ဧပြီလ (၁၀) ရက်နေ့တွင်မြို့မြို့သန့်ရှင်းနေ့တွ သတ်မှတ်ပြီးလျှင် အဆိုပါအဖွဲ့ဝင်လူကြီးများ ကိုယ်တိုင် နှီးဆော်ကာ၊ မြို့မြို့ မီးသတ်အဖွဲ့ဝင်များ ကာကွယ်ရေးအဖွဲ့ဝင်များနှင့်စစ်ဝန်ထမ်းတပ်သားများစုစုပေါင်းအားလုံး(၁၀၀၀)ခန့်တို့သည် မော်တော်လှေလိကာ ကြီး (၂၂) စီးဖြင့် တနေ့လုံး



အမှိုက်သရိုက် များကိုရှင်းလင်းကြပါသည်ဌာနက်ကြိုတင်၍မြို့လူထုအားလည်းအသိပေးပြီးဖြစ်သည့်အတိုင်း မြို့လူထုသည်လည်းဒိဝိတိုးအိမ်ဝင်းအတွင်းရှိအမှိုက် သရိုက်များကို ရှင်းလင်းလျက် အထက်ဖေါ်ပြပါစေတနာ့ဝန်ထမ်းခေတ်သစ်မောင်မာစုများက ထိုအမှိုက်များကိုအမှိုက်ပုံသို့ကားကြီးများဖြင့် သယ်ယူကြလေသည်။

ဤသေမင်းတမန် ပေါ်လာ နိုးဖြင့် ရုန့်ကြောက် ကြီး ကြောက်နေကြပါသည်။


ဤရောဂါဆိုးကို ကာကွယ်ရန်အတွက် ကျန်းမာရေးအဖွဲ့သား များသည် မြို့မြို့ပေါ်နှင့် ရိုင်အနှံ့ အပြားရှိ ကျေးရွာများ၏ ရေတွင်းတိုင်းကို ၁၉၅၃ ခု-မတ်လ (၁) ရက်နေ့မှစတင်ပြီးလျှင် ပိုးမွှားများ ကာကွယ်ရန် ဆေးများကို ခတ်ခဲ့ကြပါသည်။


ဤအကဲအခဲပြဿနာသည် ရောဂါဆိုးများနှင့် ဒွန်တွဲပါတတ်လေသည်။ ရေရှားပါးသဖြင့်၎င်း၊ သောက်ရေသုံးရေ မကောင်းမွန်သဖြင့်၎င်း၊ ရောဂါ ပိုးမွှားများ ပါရှိခဲ့သည်မှအစ ကာလဝမ်းရောဂါနှင့်ဝမ်းနှင့် စပ်ဆိုင်သော် ရောဂါဘယများမြို့မြို့တွင်ထူပြောလှလေသည်။ အရပ်ထဲရှိရိုးရိုးရှေတွင်းများသည် နွေကာလတွင် မြို့မြို့တမြို့လုံးအား ရေလုံလောက်စွာ မပေးစွမ်းနိုင်ခဲ့ပေ။ ထိုကြောင့် ရိုင်ပြည်တော်သာ အဖွဲ့က ရေအလွန်ရှားပါး၍ ဆင်းရဲသား ရပ်ကွက်ဖြစ်သော နောက်လယ်ရပ်တွင် အငိစိုရေတွင်းဆန်ဆန် ပြွန်ရေတွင်း တတွင်းကို ပြန်လည်တူးဖေါ်ပေးခြင်း သည်၎င်း၊ ကံကြီးရပ်ကွက်တွင် ရိုးရိုးရေတွင်းတတွင်းကို တူးဖေါ်ပေးခြင်း သည့်၎င်း၊ များစွာဆိုလျော်သင့်မြတ်လှပေသည်။ ထို့အပြင် ဆရာဝန်များနှင့် လူနာများ အတွက် အခက်အခဲကို ပြေပြစ်သွားစေရန်၊ မြို့ဆေးရုံဝင်းအတွင်းတွင် ရိုင်ပြည်တော်သာ အဖွဲ့က ငွေ (၁၀၀၀၀) မ,တည်၍ ပြွန်ရေတွင်းတတွင်း တူးဖေါ် ပေးနေသည် မှာလည်း အထူးအားရ ကျေးဇူး တင်ဘွယ် ဖြစ်လေသည်။

အထူးသဖြင့် မြို့မြို့၊ ကျန်းမာရေး အတွက် ဂေါ်ကောင်း ရေသန့်များကို လုံလောက်စွာ ပေးရေးသည် အထူး အရေးကြီးလှသဖြင့်၊ မြို့မြို့ မြုံနိုစီပါဃ်အဖွဲ့၏ ကျန်းမာရေး အရာရှိအဖြစ် ကျွန်တော်သည်၊ မြို့မြို့၊ တမြို့လုံး၌ ပြွန်ရေတွင်းများ တူးဖေါ်ရေး စီမံကိန်းကို တင်ပြထားပြီးဖြစ်ပါသည်။


ပတ်ဝန်းကျင်ကျန်းမာသန့်ရှင်းရေး

ပတ်ဝန်းကျင် ကျန်းမာသန့်ရှင်းရေး၏ အကျိုးအာနိသင်ကို အသိနည်းနေသောရိုင်လူထုအားထိုးသန့်ရှင်းရေး အကျိုးရှိပုံကို အသိပေးရန်မှာ ကျွန်တော် အပါအဝင် ခရိုင်ပြည်တော်သာအဖွဲ့၏တာဝန်ပင် ဖြစ်ပေသည်။






အိုးစည် ပုံမောင်းများနှင့် ဖျော်ရွှင် ဆူညံစွာဝံ့ အားတက်သရော သယ်ယူရွင်းလင်း နေကြသည်မှာ အားရဝမ်းသာကောင်းလှပေသည်။ မော်တော် လော်လှီပိုင်ရှင်များ အသင်းကလည်း မော်တော်ကားနှင့် ဓာတ်ဆီကြိုပါအစွမ်းလှူဒါန်းလေသည်။ သယ်ယူသူများကလည်း အခမဲ့ ချေးတုံးလုံးနှင့် လှုပ်ကိုင်ကြသဖြင့်၊ ရပ်ကွက်လူစု များက မနေနိုင်တော့ဘဲ၊ ထမင်းဆုပ်ခပ်းသူပေး ဖျော်ရည်တိုက်သူတိုက် ဆေးလိပ်သူသူသူနှင့် ပျော်ဖွယ်



ရာကြိုးဖြစ်နေပါသည်။ လူ (၁၀၀၀) တိတိ မော်တော်ကားကြိုးအစီး (၂၂)စီးဖြင့် တဒန္ဒလုံး သယ်ယူသည့် အမှိုက်ပုံကြိုးသည် ညနေပိုင်းတွင် တောင်ပုံကြိုးသဘွယ် မြင့်မား မိုမျောက်နေလေတော့လျက်ရှိမှာလည်း သိသိသာသာကြီး ရှင်းလင်းလျက် ရှိနေပေတော့သည်။ အလုပ်ကို တန်ဘိုးထားခြင်း၊ ပြည်သူ့နိုင်ငံသားဝတ္တရားကျေပွန်စွာ ဆောင်ရွက်သော စိတ်ဓာတ်များပါ ဒွန်တွဲပေါ်လွင်လာပါတော့သည်။



ဘီ-စီ-ဂျီ

ကျောက်ကြီးရောဂါနှင့် ကာလဝမ်းရောဂါ တို့လောက်အမြင် အထင်အားဖြင့် လောလော လတ်လတ် ကြောက်မက်ဘွယ် ကောင်းဟန်မတူသော်လည်း ပြည်ထောင်စုသားတို့အား တဖြည်းဖြည်း ဝါးမျိုလျက်ရှိသည့် အဆုတ်နာရောဂါကို ကာကွယ်ရန် အတွက် ယခုနောက်ဆုံးပေါ်ဆေးမှိ ထိုးဆေးဖြစ်သော (ဘီ-စီဂျီ) ထိုးဆေးကို ထိုးနိုင်ရန် ဤရောဂါသို့ ဒေါက်တာဝင်မောင်ညိမ်း အမှူးပြုသော ဘီ-စီ-ဂျီ-အဖွဲ့သည် ၁၉၅၂ခု နိုဝင်ဘာလထဲတွင် ရောက်ရှိလာပြီးလျှင်၊ ရွှေဥ အတွင်း အနှံအပြား သို့ သွားရောက်လျက် လူပေါင်း ၂၁၄၆၀ ကိုဆေးထိုးပေးခဲ့ပါသည်။ သို့ဖြင့် အဆုတ်နာရောဂါကိုလည်းဟန့်တားရန်ကြိုးစားခဲ့ပါသည်။

ဒုက္ခများ ရောဂါ

ကျွန်တော် ထားဝယ်မြို့တွင် ရိုင်ဆရာဝန်ကြီးအဖြစ် ဆောင်ရွက်ခဲ့စဉ်က ဧမ်းသပ် အောင်မြင်ခဲ့သည့် နည်းအတိုင်း ဤရိုင်တွင်လည်း၊ ရိုင်တွင်းရှိ ကျောင်းဆရာများ၊ ဘုန်းတော်ကြီးများ၊ ကျေးရွာသူကြီးများမှတဆင့် ဒုက္ခများရောဂါ ကာကွယ်ရေး ဆေးပြားများကို စနစ်တကျ တိကျသော ညွှန်ကြားချက် များနှင့် ဝေငှဖြန့်ဖြူးခြင်းအားဖြင့် ဒုက္ခများရောဂါကိုလည်း ကြိုတင်ကာကွယ်ရန် စီစဉ်နေပါသည်။

ကုသရေး

မြို့တွင်း၊ ဆေးဆိုင် ကလေးများ မှီလိုပေါက်ခဲ့သည်ကို ထောက်ခြင်းအားဖြင့်၊ လွန်ခဲ့သောအချိန်ကာလများက၊ မြို့ဆေးရုံမှ လူနာများသည် အပြင် အပ ဆေးများကိုသာ ဝယ်ယူအားထားရခြင်း ထင်ရှားလေသည်။ ဤအခြေအိုးကို ကျွန်တော်ရောက်လာသည့် အချိန်မှစ၍ တားဆီးခဲ့ပြီးလျှင် ပြည်တော်သာနှစ်အတွင်း ဝယ်၊ ရန်ကုန်မြို့ ဆေးဘက်ဆိုင်ရာ ဗဟိုရုံးသို့သွင်ရေး ဌာနမှတန်ဘိုး ငွေစုစုပေါင်း ၅၉၄၁၅-တန် ဆေးများကို မှာယူရန်ခဲ့ပြီးလျှင်၊ အတွင်းအပြင် လူနာများအား လိုလေသေးမရှိရအောင် ကုသခဲ့လေသည်။ယခု နောက်ဆုံးပေါ် ဝေါစားလျက်ရှိသော ပင်နင်စလင် ကဲ့ရိုမက်ဆိတင် စသော ဆေးများကိုပင် သာမန် ဆင်းရဲသား လူတန်းစား လူနာများအတွက် လုံလောက်စွာ အခမဲ့ ပေးကမ်းကုသခဲ့ပါသည်၊ ဘဏ္ဍာရေး ဝန်ကြီးဦးတင် မြို့ဆေးရုံသို့ ကြွရောက်လှည့်လည် စစ်ဆေးကြည့်ရှုစဉ်က၊ တနေ့လျှင် ၃၆-တန်ဘိုး ဆေးကို ရရှိကုသနေခဲသာ လူနာတယောက်ကို မြင်ခဲ့ရ ပါသည်၊ ထိုကြောင့်ပင် အပြင်အပမှဆေးဆိုင်ရှင်များနှင့်ဆရာဝန်များမှာ မိမိတို့ဝင်ငွေလမ်း အတော်အသင့်ပိတ်ဆို့နည်းပါးသွားသဖြင့်၊ ကျွန်တော်အား အနည်းငယ် မြို့ငြင်ကောင်း မြို့ငြင်ပေလိမ့်မည်။ သို့သော် ဤအမူအရာသည် ပြည်တော်သား၏ အခြေခံမူ မဟုတ်ပါလော့။

မြို့ဆေးရုံ၏တိုးတက်မှုများ

အဆက်တွင် ပြဆိုခဲ့ပြီးသည့် အတိုင်း ၁၀၀၀ဝတန် မြို့နှံရေတွင်းတလုံး၊ မြို့မှတဘက်ကမ်းသူများ အကူအညီဖြင့် ကျွန်တော်ကိုယ်တိုင် ဦးစီးတူးဖေါ်လျက်ရှိရာ မကြာမီ အတွင်း ရေများကို လုံလောက်စွာ ရရှိတော့မည်ဟု ယုံကြည်ပါသည်။

ဝင်းထရံမရှိသဖြင့်၊ ကျွဲနွားများ၊ လူရွှဲ လူပျမ်းများ ဥဿဟို အချိန်မရွေးအချိန်ရှိ ဆေးရုံဝင်းအတွင်းမှ ဖြတ်သန်း သွားလာသဖြင့်၊ ဆေးရုံအလုပ်သမား များနှင့် လူနာများအား အနှောင့်အယှက် ဖြစ်နေရ သည်ကို ကျွန်တော်သည်၊ မြို့ပေါ်မှ သစ်စက် ပိုင်ရှင်များ၊ ငွေကြေးတတ်နိုင်သူများထံမှ လိုအပ်သောသစ်များကို အလှူခံခဲ့ရာ (၆၅၀၀) တန် သစ်များကို အလွယ် တကူပင် ရရှိခဲ့ပါသည်။

လက်သမားခ၊သံဘိုးကတ္တရာစေးဘိုးအတွက်လိုငွေ (၁၀၀၀) ကိုမူ၊ ခရိုင်ပြည်တော်သာအဖွဲ့မှ ကောက်ခံရရှိခဲ့ရာ၊ ယခုအခါ မြို့ဆေးရုံကို ဝင်းခြံ သပ်သပ်ယပ်ယပ်ဖြင့် မြင်နိုင်ပြီဖြစ်ပါသည်။

အထူးဝမ်းမြောက်ဘွယ်ရာ သတင်းတရပ်မှာ မြို့မြို့သား စ်သူ၊ ယခုရန်ကုန်မြို့နေ ပွဲစားကြီး ဦ ယုဆိုင်က မြို့ဆေးရုံဝင်းအတွင်းအလွန်ကောင်းမွန်သပ်ယပ်သေါ ဇော်မိုသားဖွါးဆောင်တခုကိုဆောက်လုပ်ရန်အတွက် ရက်ရောစွာဖြင့် ငွေ (၅၀၀၀၀) ကိုပေးလှူခဲ့ရာ အဆိုပါ သားဖွါးခ x ဝင်အတွက် အုဒ္ဓမြစ်ကို နိုင်ငံတော်ဝန်ကြီး ချုပ် ဦးနုကိုယ်တိုင် ၁၉၅၃-ခု၊ မေလ (၅) ရက် နေ့က ချမှတ်ပေးခဲ့ပါသည်။ ဆောက်လုပ်နေဆဲဖြစ်သော အဆိုပါ သားဖွားဆောင်ကို ၁၉၅၃-ခု၊ နှစ်မကုန်ဆုံးမီပင် အပြီးသတ်နိုင်မည်ဖြစ်ပါသည်။

ခိုကျောအသင်းမှလည်း မြို့ဆေးရုံ အတွက် နိုင်ငံတော် ဝန်ကြီးချုပ် ဦးနုရောက်ရှိစဉ်က ငွေ (၂၅၀၀) လှူဒါန်း သေးရာ အထူးပင်ကျေးဇူး ဥပဒေရ တင်ရှိကြောင်း ဘော်ပြအပ်ပါသည်။

ဆေးရုံဝင်းအတွင်း လျှပ်စစ်ဓာတ်မီးကို ယခုမူ စက်အတွက် စရိတ်စက ကြီးလေးနေသေးသဖြင့် ညဉ့်သန်းခေါင် အထိသာ ထွန်းညှိပေးနိုင်ပါ သေးသည်။ ဓာတ်မီးကြိုး အဆက်အသွယ်များကိုလည်း (၃၀၀၀) ဘိုးခန့် မျှသာ ဆက်သွယ်ထားရပါသည်၊ ပြည့်ပြည့်စုံစုံ ဆက်သွယ်ရန် လိုသေးသောငွေ (၇၀၀၀) ရရှိရေး အတွက် ကျေးဇူးဆပ်သောလူနာများက ထည့်ဝင် လှူဒါန်းသည့် ''အထူးရံပုံငွေ'' တရပ်ကို ဖွင့်လှစ် ထားရန် မကြာမီ

အလောအတွင်း အထမမြောက် ပြည့်စုံမည်ဟု မျှော်မှန်းပါသည်။

စစ်ဒါဏ်ကြောင့် အလူးအလဲ ခံလိုက်ရသော မြို့တော်ဆေးရုံဝင်းအတွက် ၁၉၅၃-ခု၊ ၅၄-ခုနှစ်ဘဏ္ဍာတော်နှစ်အတွင်းတွင်လိုအပ်သောအောက်ပါအဆောက်အဦးသစ်များကို ခရိုင်ပြည်တော်သာအဖွဲ့မှ တောင်းဆို ထားရာ၊ နိုင်ငံတော်အစိုးရက လိုက်လျော ခွင့်ပြုလိမ့်မည်ဟု ယုံကြည်ပါသည်။

(က) ယခုလက်ရှိဆေးရုံကြီးအရှေ့ဘက်တောင်ပံမပြီးပြတ်သေးသည်ကို ပြင်ဆင် အပြီးသတ်ခြင်း၊ အမိုးပြန်လည် မိုးခြင်း၊ ခန့်မှန်းခြေကုန်ကျငွေ၊ ၄၀၇၃ ဒ။

(ခ) ဆေးရုံကြီး၏ အနောက်ဘက် တောင်ပံကို အသစ်ဆောက်လုပ်ခြင်း၊ ခန့်မှန်းခြေ ကုန်ကျငွေ ၁၂၉၄၆၉။

(ဂ) ဆေးရုံဝင်းအတွင်း ရေပြွန်နှင့် ပိုက်လုံးများ တပ် ဆင် ရေး၊ ခန့်မှန်းခြေ ကုန်ကျငွေ ၃၂၀၆၅။

ခရိုင်အတွက် အစီအစဉ်များ

ပြည်တော်သာနှစ်မတိုင်မီက၊ ဤခရိုင်တွင် မြို့မြို့နှင့် ကော့သောင်းမြို့ နှစ်မြို့သာလျှင် ဆရာဝန်နှင့် ဆေးရုံများ ကျန်စွာရှိပါသည်၊ ပြည်တော်သာနှစ်ဝယ် ဆရာဝန်နှင့် (၃) နှစ်တာမျှ ကင်းကွာလျက် ရှိခဲ့သော ပုလောမြို့သို့ ဆရာဝန်ကလေး တဦးအား စေလွှတ် ပေးပို့ နိုင်ခဲ့ရာ ပုလောမြို့နယ် လူထုမှာ ပုလောမြို့နှင့် မြို့နယ် လူထုမှာ များစွာနှစ်ထောင်းအားရ ဖြစ်ကြရပါသည်။

ထို့အပြင်၊ တသက်လုံး ဆေးရုံ မရှိခဲ့ရဘူးသော တနယ်ဘနီမြို့သည် ပြည်တော်သာ နှစ်တွင်မှ၊ ဆေးခန်းကို ရရှိခဲ့လေသည်၊ ဆရာဝန်၊ ဆရာမ ဆေးပညာများ၊ ဆေးဝါးကိရိယာအစုံအလင်ဖြင့် ကွန်ဘော် ကိုယ်တိုင် ပေးပို့ စေလွှတ်ခဲ့ရာ၊ ၁၉၅၃-ခု၊ မေလ (၂၃) ရက်နေ့တွင် တနယ်ဘနီမြို့တွင် ဆေးရုံကို ဖွင့်လှစ်နိုင်ခဲ့ပါသည်။ ပြည်တော်သာ၏ အရသာကို လက်တွေ့ ခံစားလိုက်ရသော တနယ်ဘနီမြို့နယ်လူထုမှာ ဝမ်းသာမဆုံး ဖြစ်နေကြ ရှာပါသည်။ အခိုက်အတန့် အားဖြင့် အစိုးရ ညှဉ်ရိသာတွင် တွေ့ဘဲ့ရေးမှ ဖွင့်လှစ်ထား သော်လည်း ၁၉၅၃-ခု ၅၄-ခု နှစ် အတွင်းတွင် လူနာ (၂၀) ဆန့်သော ဆေးရုံအဆောက်အဦးကို ဆောက်လုပ်ရန် ခွင့်ပြုချက် ရထားပြီးဖြစ်ပါသည်။ ဆေးရုံ မြေနေရာကိုသည်း ရွေးချယ်ထားပြီးဖြစ်ပါသည်။

ထို့အတူ သောင်းကျန်းသူများဒါဏ်ကြောင့် ပျက်စီးသွားရသော ပလောက်ရွာနှင့် ဘုတ်ပြင်းမြို့များ အတွက်လည်း (၇၅၃၀၀) ခန့်တန် ဆေးရုံ တခုစီကို ၁၉၅၃-ခု ၅၄-ခုနှစ် အတွင်းဆောက်လုပ်နိုင်လိမ့်မည်ဟု မြော်လင့်ပါသည်။

ဤသည်တို့မှာ ပြည်တော်သာကျန်းမာရေး စီမံကိန်းနှင့် ပတ်သက်၍ ကွန်တော်အပါအဝင် ဖြစ်သော မြို့တခုခုရိုင် ပြည်တော်သာအဖွဲ့၏ ဆောင်ရွက်ခဲ့သမျှတို့ ဖြစ်ပါသည်။

ခိုင်မြဲ တည်ကြည်သည့် ယုံကြည်မှု၊ မဆုတ် မနစ် သောဇွဲ၊ အများကောင်းကျိုးကို ရှေ့ရှုသော ဝန်ထမ်း စိတ်ဖြင့်ပြည်တော်သာဒေသတိုင်သို့ ဆက်လက်တက်လှမ်းမည် ဖြစ်ပါကြောင်းသာဖြင့်။

ခင်ဇော်

ဟော်တယ်ဆိုင်ကြီး

ထားဝယ်ခုရပ်-ဖြောက်ဖြူ။

အနုံအရသာထူးကဲသော တရုပ်ဟင်းလျာများ အပြင်၊ စိတ်ကြည်လင် ရွှင်လန်း ကျန်းမာခြင်းနှင့် ညီ ညွတ် စေ သော အခြား စား သောက် ဖွယ် ရာ အမျိုးမျိုးတို့ကို မိတ်ဆွေများ စိတ်တိုင်းကျအောင်

နေ့—ည

မရွေး

ရောင်းချနေပါကြောင်း

အမြန် ကြွရောက် သုံးဆောင်တော် မူကြပါခင်များ။



ရင်ဖွင့်

ဒေါက်တာ-မရွှေကြည် ရေးသည်

အစဉ် တစိုက် တိုးတက် အောင်မြင်လျက် ရှိသော မြောတ်မြို့ ကိုယ်ဝန်ဆောင် ဓိုင်နှင့် နို့စို့ကလေး သူငယ်များ စောင့်ရှောက်ရေး အသင်း၏ အတိတ် ပစ္စုပ္ပန်နှင့် အနာဂတ်။

မြောတ်မြို့ ကိုယ်ဝန်ဆောင် မိခင်နှင့် နို့စို့ကလေး သူငယ်များ စောင့်ရှောက်ရေး ဟူသော အသင်းသည် ၁၉၂၂-ခု နှစ်တွင် ထိုစဉ်က အရေးပိုင် မစ္စတာ ဘီဒင်နှင့် ထိုစဉ်က ဆရာဝန်ကြီး ဒေါက်တာ မီးန္ဓန်းတို့ ကြီးမှူး ပြုလုပ်သည့် ကလေးပြပွဲ ပြီးပွဲမှ စတည် ပေါက်ပွားလာသည်ဟု မြို့နေ သက်ကြီးသူတို့ထံမှ ကြားသိရပါသည်။

၁၉၃၇-ခု နှစ်တွင် မြောတ်မြို့ ဈေးတန်းရပ် ဒေါ်ရှူးစူ နေအိမ်တွင် ခေတ္တအသင်းတည်ရာဌာန ဖွင့်လျက် လာရောက်ပြကြသော ကလေးများအား အဖွဲဝင်တို့က နို့ဆီ အဝတ်အထည်နှင့် အဆေးများကို ပေးကမ်း ငေဒခဲ့လျက် စာရေးသူသည် အသင်း၏အဘွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သော ၁၉၃၈-ခု နှစ်တွင်မှ အသင်းတည်ရာ ဌာနကို မြောတ်မြို့ မြို့နိုစီပါယ်ရုံးအောက်ထပ်ခန်းသို့ ပြောင်းရွှေ့ ဖွင့်လှစ်ခဲ့ပြီးလျှင် စာရေးသူ ကပင် တာဝန် ယူလျက် မြောတ်မြို့ဆေးရုံ၌ ကိုယ်ဝန်ဆောင်များအား တပါတ်လျှင် တကြိမ်ကျ စမ်းသပ်ကြည့်ရှု ပေးခဲ့ပါသည်။

စစ်အတွင်း အသင်း ကြီးသည် ဓေတ္တ ရပ်နားခဲ့၍ စစ်အပြီး ၁၉၄၅-ခု နှစ်တွင် ပြန်လည် အသက်ဝင်ခဲ့ပါသည်၊ ထိုစဉ်က အရေးပိုင် မစ္စတာ မေဘာရီ၏ ဇနီးက ဥက္ကဋ္ဌ အဖြစ်ဖြင့်ငင်း၊ စာရေးသူက အတွင်းရေးမှူး အဖြစ်ဖြင့်ငင်း၊ ဆောင်ရွက် ကြ၍ အရေးပိုင်မင်း ထိုစဉ်က ခရိုင်ရဲဗိုလ်မှူး ဦးဘငြိမ်း ဆရာဝန်ကြီး ဦးကျော်ဇံ ဆရာဝန် ဦးတိုးမောင် မြောတ်မြို့ရှိ မျက်နှာဖုံး လူကြီးများဖြစ်ကြသော ဦးဘစိုး တန်ဘစိန် ဦးရွှေခမ်း မစ္စတာ ဟာဂျီယူစွတ်နှင့် မြို့မိမြို့ဘများ၏ အားတက်သရော ကြိုးပမ်းမှုကြောင့် ၂-သောင်းတန် အသင်းတိုက်ကို မြို့၏ ကြက်သရေဆောင်အဖြစ် ဆောက်လုပ် ပြီးစီးခဲ့ပါသည်။

လွတ်လပ် ပြီးနောက်

အရေးပိုင် မစ္စတာ မေဘာရီ ပြောင်းရွှေ့ သွားပြီးနောက် မြောတ်မြို့ ဘီအိုစီကိုယ်စားလှယ် သူဌေးကတော် ဒေါ်သင်းညွှန့်သည်၎င်း၊ ထိုနောက် ခရိုင်ဝန် ဦးနန်းညွန့်၏ ဇနီး ဒေါ်ခင်စိန် ထိုနောက် ဒေါ်တင်တင် (ကရင်သူပုန်လက်ချက်ဖြင့် ကျဆုံးသွားရသော ခရိုင်ဝန် သီဟသူခဦးဌေး၏ ဇနီး) ခရိုင်ဝန် ဦးတက်တိုး၏ ဇနီး ခရိုင်ရဲဗိုလ်မှူး ဦးဘဦး၏ဇနီး ဒေါ်စိန်းရင် ဒေါ်ညာစိ စသည် ဖြင့် အသီးသီး တဦးပြီးတဦး ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့ ကြပြီးနောက် ယခုနှစ်တွင်မူ စာရေးသူအား ဥက္ကဋ္ဌအဖြစ်ငင်း ဒေါ်မမကြိုးအား အတွင်းရေးမှူးအဖြစ်ဖြင့်ငင်း ရွေးကောက်တင်မြှောက်ကြပါသည်။

အသင်း၏ ဆောင်ရွက်ချက်များ

အသင်းတိုက်တွင် အင်္ဂါနေ့ နံနက် ၈နာရီမှ ၁၀ နာရီအထိ သောကြာနေ့တွင် ညနေ ၂ နာရီမှ ၄ နာရီ အထိ တပါတ်လျှင် ၂ ကြိမ်ကျ ကိုယ်ဝန်ဆောင် မိခင်နှင့် နို့စို့ကလေးများအား စမ်းသပ် ကြည့်ရှုခြင်း နို့ဆီ နို့မှုန့် ဆပ်ပြာ အဝတ်အထည် အစရှိသည်တို့ကို ဝေငှခြင်း ဆေးများ ပေးခြင်း စသည်တို့ကို ဆောင်ရွက်ပါသည်။ ပြည်ထောင်စုကြီး၏ အနာဂတ် ရတနာ များဖြစ်သည့် ကလေးသူငယ်များ၏ ကျန်းမာရေးကို စေတနာ ထားကြရာသော အသင်းဝင် အရာရှိကတော်များနှင့် မြို့နေအမျိုးသမီးများတို့သည် တပါတ်လျှင် ၄ယောက်ကျ အသင်းတိုက်သို့ လာရောက်ကြလျက် အထက်ပါ ကိစ္စများကို ဆောင်ရွက်ကြပါသည်။ တလလျှင် ဖျမ်းမျှခြင်း ကလေး ၈၀ ခန့် မွေးဖွားသော မြောတ်မြို့တွင် ရံဖန်ရံခါ လာရောက်ပြသကြသော ကိုယ်ဝန်ဆောင်နှင့် ကလေးများ ကြိတ်ကြိတ်တိုးမျှ စည်ကားလှသဖြင့် မနိုင်မနင်း ဖြစ်တတ်ကြသော်လည်း စိတ်ရှည် ပျော်ရွှင်စွာဖြင့်ပင် လုပ်ကိုင်ကြပါသည်။


မြို့ရွာ ရောဂါဘယ ရာသီ ဥတု အခြေအနေ အရ လိုအပ်သော အခါများ၌ ကျောက် ရောဂါနှင့် ဝမ်း ရောဂါကာကွယ်ရေးဆေးများကိုလည်း မြောတ်မြို့ ဆေးရုံကြီး၏ အကူအညီဖြင့် ထိုးနှံပေးပါသေးသည်။

လွတ်လပ်ရေးပွဲတော် အခါကြိုးများတွင်လည်း နှစ်စဉ်နှစ်တိုင်း ဤအသင်းမှ ကြိုးမှူးခဲ့ပြီး ပြိုင်ပွဲကို စီစဉ်ကျင်းပကာထိုက်သင့်သော ဆုများဖြင့် ချီးမြှင့်ပါသေးသည်။

၁၉၅၁ ခုနှစ်မှ စ၍ အသင်းဘွင် မင်းစေတယောက် ခန့်ထားနိုင်ခဲ့၍ မကြာသေးမီက ရန်ကုန်မြို့ အဖွဲ့ချုပ်မှ (Lady Health Visitor) ဆရာမ ဒေါ်စိန်ပုနှင့် ဒေါ်အောင်ဘိုအား ပေးပို့ခဲ့ပါသည်။ အသင်းမှ ဆရာမ နယ်လီပေါအား အသင်းရုံးပုံဆွေနှင့် ဌာနရမ်းထားပါသည်။ ယခုအခါ အသင်းကြီးဌာ ဆရာမသုံးဦးရှိနေပြီဖြစ်ရာ အထက်ဖေါ်ပြပါ လုပ်ငန်းများကို အသင်းတိုက်၌ ဆောင်ရွက်ခဲ့ကြသည် အပြင် ဆရာမများက လည်း ရပ်ကွက်များသို့လှည့်လည်လျက် မိခင်နှင့်လေးများတို့၏ ကျန်းမာမှုအခြေအနေကို လိုက်လံမေးမြန်းစစ်ဆေး ကူညီပေးလျက် ရှိနေပါသည်။

ဖြိုနယ်များတွင် အသင်းတည်ထောင်ခြင်း


ယခုနှစ်အတွက် ထူးခြားစွာ ဆောင်ရွက်ချက်မှာ စာရေးသူသည် ဒုတိယ ဥက္ကဋ္ဌဖြစ်သူ ဒေါ်ခင်ဝန်၏ ဇနီး ဒေါ်ကျင်စီ၊ အတွင်းရေးမှူး ဒေါ်မမကြီး၊ ယင်နှစ်ကအထူး ကြိုးစားခဲ့သော အသင်း အတွင်းရေးမှူး



လူဝင်လူထွက် ကြိုးကြပ်ရေးဝန်းထောက် ဦးဘအေး၏ ဇနီး ဒေါ်မြနှင်းတို့နှင့် အတူ ဒေါ်ခင်ဝန် ဦးဆွစ်စိန်လူမျိုးစု လွတ်တော်အမတ် ဦးသာရွှေတို့၏ အကူအညီဖြင့် ကောင်းသောင်း၊ ဘုတ်ပြင်း၊ တနယ်ဘိုး၊ ပုလောမြို့တို့သို့ လှည့်လည်လျက် ကိုယ်ဝန်ဆောင် မိခင်နှင့် ကိုးကွယ်လေး သူငယ်များ စောင့်ရှောက်ရေး အသင်းများ ဖွဲ့စည်းရန် စုံစမ်း ကြိုးပမ်းခဲ့ရာ တနယ်ဘိုနှင့် ပုလောမြို့များတွင် အောင်မြင်စွာ ဖွဲ့စည်းနိုင်ခဲ့ပါသည်။ အင်အား နည်းပါးလျက် ရှိသော တနယ်ရှိ အသင်းအား မြိတ်မြို့အသင်းမှ မြေတောင်မြောက် အားပေးသည့် သဘောဖြင့် ၎င်း ၁၀၃ ကို မတည်ရုံပုံငွေအဖြစ် အကူအညီ ပေးခဲ့ပါသည်။ အဆိုပါ အသင်း ၂-သင်းသည် ညီးတဖြည်းဖြည်း တိုးတက်မှု ရရှိနေသည်ဟု သိရှိရပါသည်။

အသင်း၏ သားဖွါးခန်း အဆောက်အဦး

လစဉ် မွေးဖွါးသော မြို့ကလေးဦးရေအတွက် လုံလောက်စေရန် မြို့ဆေးရုံကြီးအတွင်းရှိ သားဖွါးခန်း အပြင် အသင်းဌာလည်း သားဖွါးခန်း တဆောင်



အမှန်ပင် လိုအပ်သည်ဟု ယုံကြည်ယူဆသည့်အတိုင်း ဥက္ကဋ္ဌဖြစ်သော စာရေးသူသည် နိုင်ငံတော် အစိုးရ၏ ပြည်တော်သာ ဆန္ဒအလျောက် သုံးစွဲပိုင်ခွင့် ရုံပုံငွေမှ မဲတောင်းခံဘဲ ဖြို့ပေါ်ရှိ ကုမ္ပဏီကြီးများ သူဌေးများ စေတနာထက်သန်သော မြို့မိမြို့ဘများထံမှ အလှူငွေ ကောက်ခံကာ အသင်းတိုက်နှင့် ဆက်လျက် ၂၀၀၀ တန် သားဖွါးဆောင် တခုကို (၁၆-၅-၅၃) နေ့က စတင် ဆောက်လုပ်လျက် ရှိရာ အောက်တိုဘာလ အတွင်းတွင် ပြီးစီးလိမ့်မည်ဟု မြော်လင့်ပါသည်။ ဤအဆောက်အဦး ဆောက်လုပ်ရာတွင် ပုံများ ရေးဆွဲပေးခြင်း ကျွမ်းကျင်မှုအကြံဉာဏ်များကို ထက်သန်စွာပေးသော ခရိုင်အင်ဂျင်နီယာဦးစိန်ဖေအောင်၊ အဆောက်အဦး ဆောက်လုပ်ရေးအတွက် တာဝန်ယူ ဆောင်ရွက်သော ဒြတ်ဆေးရုံမှ အငြိခဲစား ဦးအောင်သိန်းအား ထင်းကျေးဇူးတင်ဘွယ်ရာ ဖြစ်ပါသည်။

ရန်ကုန်အဖွဲ့နှင့်အခြားပုဂ္ဂိုလ်များ၏စေတနာ

ဤမြို့တော်အသင်းအား ရန်ကုန်မြို့ အဖွဲ့ချုပ်ကြီးက အမြဲတစေ လိုအပ်သော အကူအညီကို မှန်မှန်ပေးနေသည်အတိုင်း ယခုအခါအဖွဲ့ချုပ်မှတဆင့် (Unicef) ခေါ် ကမ္ဘာ့ကုလသမဂ္ဂ ကလေးသူငယ်များ စောင့်ရှောက်ရေး ရံပုံငွေ အဖွဲ့ကြီးမှ ဤအသင်း အတွက် သားဖွား ကိရိယာတန်ဆာပလာများကိုပေးပို့ရန်ခဲ့ပြီး ဖြစ်သည့်အတွက် သားဖွားဆောင် အပြီးနှင့် ဆိုလျှင် လွန်စွာအဆင်ပြေ ပေလာရပါသည်။ တနင်္သာရီ မြို့နယ် သဘော့လိပ် ခဲတွင်း ကုမ္ပဏီမှလည်း ၁၉၅၃-ခုနှစ်မှ စ၍ တနှစ်လျှင် အလှူငွေ ၁၀၀၀ အသင်းသို့ ထည့်ဝင်လှူဒါန်းပါသည်၊ အသင်း၏တည်ကြည်သော သဘောမှန်ကန်သောစေတနာ မျက်နှာမလွှဲသော ဖေါ်ရွေမှုစနစ်ကဲ့သော လုပ်ငန်းများကြောင့် လူထု၏ ငွေအား လူအား အကြံဉာဏ် အားနှင့် စေတနာ အားတို့ကို ဒေသင်းကြီးသည်ရယူခဲ့သည်အလျောက် ယခုအခါတွင် အသင်းသည် ဘဏ္ဍာရေး တွင်ငင်း၊ လုပ်ငန်းစဉ်တွင်ငင်း၊ တည်တံ့ရုံသာမက တိုးတက်လှုပ်ရှိနေသည်ကို ငမ်းမြောက်စွာဖြင့် ဘော်ပြအပ်ပါသည်။

အသင်းပိုင် ၂၅၀၀၀/တန် အဆောက်အဦး တခု အပြင် နောက်ထပ် ၂၀၀၀၀/တန် သားဖွား ဆောင်ကို ဆောက်လုပ် နိုင်ခဲ့ခြင်း၊ ဘဏ္ဍာရေး အသင့်အတင့် ဖူလုံခြင်း၊ အသင်းသူများ ညီညွတ်ပျော်ရွှင်စွာ ဆောင်ရွက်ခြင်း စသည့်အပေါ်ယံ အောင်မြင်မှုထက် အသင်း၏ မူလ အခြေခံ ရည်ရွယ်ချက်ဖြစ်သော နို့စို့ကလေး သူငယ်များ၏ အသေအပျောက်သည် သိသိသာသာ လျော့နည်းလာခြင်း မိခင်တို့၏ကျန်းမာမှု အခြေအနေသည် ကျေနပ်ဘွယ်ရာ တိုးတက် လာခြင်း စသည့် အောင်မြင်မှု အစစ်အမှန်ကြောင့် ကျွန်မတို့၏ အသင်းသည် ကျေနပ်ဝမ်းမြောက် ဝင့်ဝါ ဂုဏ်ယူလိုပါသည်။ ဤအောင်မြင်မှု များသည် အစဉ် အဆက် အထက်ထက်က ဆောင်ရွက်ခဲ့ကြသော အမှုဆောင် များ၏ ကြိုးပမ်းမှုများ လူထု၏ စေတနာများနှင့် ရန်ကုန်မြို့ အဖွဲ့ချုပ်၏ ကူညီမှုများကြောင့်သာ ဖြစ်ပါသည်။

ရည်ရွယ်ချက်

သားဖွားဆောင် ပြီးစီးသည်နှင့် တပြိုင်နက် ကိုယ်ဝန်ဆောင်များအား အသင်း၏ သားဖွား ဆောင်၌ သားဖွားစေခြင်း မိခင်သင်တန်းများ ဖွင့်လှစ် ပေးခြင်း အချိန်ပြည့် ဆရာဝန်တဦး ထားရှိခြင်း ကလေးပြဿဒါးပြင်ပွဲများ ပြုလုပ်ပေးခြင်း အာဇာနည် မိခင်များ ပြုပွဲကျင်းပခြင်း စသည်တို့ကိုလည်း ပြုလုပ်ရန်ကြိုးစားပါသည်၊

နိုင်ငံတော် အစိုးရ၏ ပြည်ဘော်သာ ကျန်းမာရေး စီမံကိန်းကို ထောက်ခံအားပေးသော အားဖြင့် လက်ရှိ ပြည်ထောင်စု၏ကလေး ၁၀၀၀-လျှင် ၁၉၂-ယောက် ကျ ဆုံးပါးလျက်ရှိသော နှုန်းကို မြို့တခရိုင် အတွက် ဤအသင်းမှ လျော့နည်း ကျဆင်း လာရအောင် အားသွန်ကြိုးပမ်းလျက် တဆင့်မှတဆင့် တအားမှ တအားသို့ ဗမာ့ရင်သွေး ကလေး ငယ်များ အတွက် တို့ တက်ဆောင်ရွက်မည် ဖြစ်ပါသတည်း။

SIN AH HOTEL

ကြွလာတော်မူကြပါ

မြို့တွင်းတော်ကြီးတွင် အစားအစာအကောင်းဆုံးနှင့် ဈေးအသက်သာဆုံးဆိုင် ဘယ်မှာရှိတယ်ဆိုဒါလဲ သိဘို့လိုသေးဒါဒေါ့.... မိဘ်ဆွေတို့ ကျွန်တော်များ ဟော်တယ်ဆိုင်သို့ တခါလောက် ကြွရောက်ခဲ့ပါ၊ အမျိုးစုံတာဆွတ်-ဈေးနှုန်းသက်သာတာတွေကို အကျိုးခံစားရပါလိမ့်မည်၊

တံရှင်ဟင်းလျာအမျိုးမျိုး
ခေါက်ဆွဲကြော်
ကြာဇံကြော်
ပေါက်စီများ
အချိုပွဲအမျိုးမျိုး

မင်္ဂလာ ပွဲနေ့ပွဲတိုင်းများ အတွက်လည်း အောင်ဒါများကို လက်ခံနေပါသည်။

စင်အာ ဟော်တယ်ဆိုင်ကြီး
ထားဝယ်စုရပ် မြို့မြို့။

ကိုယ်လက်ကြွန်ခိုင်ရေး

ရေးသူ-ဦးကျော်သန်း၊ ကိုယ်လက်ကြွန်ခိုင်ရေးမှူး

မလင်္ဂါတန်ကို အကောင်အထည် ဖော်ခိုင်စေရန် အပူတပြင်း စိုင်းပြင်းလျက် ရှိသော နိုင်ငံတော်အစိုးရသည် အစိုးရ၏ လုပ်အား သက်သက်ဖြင့်ငင်း၊ သူထုရော အစိုးရပါ ငိုင်းဒန်ကူညီ ထုပ်ကိုင် ဆောင်ရွက်သည့် ပြည်တော်သာ နည်းအားဖြင့်ငင်း၊ အမျိုးမျိုး အဖုံဖုံ အစုံစုံသော ထိန်းညှိ ဤနည်း အခြိန်ညှိနည်းများဖြင့် ကြိုးပမ်းဆောင်ရွက်လျက် ရှိပေသည်။

ဤမည်သော မလင်္ဂါတန်ထဲတွင် တပါး အပါအဝင် ဖြစ်သော ကာယမလ ဖွံ့ဖြိုးရေးနှင့် ကိုယ်လက်ကြွန်ခိုင် ကျန်းမာရေးဘက်တွင် ထိရောက်စွာ ဆောင်ရွက်နိုင်ရန် အတွက် နိုင်ငံတော်အစိုးရသည် အမျိုးသားကိုယ်လက် ကြွန်ခိုင်ရေး ကောင်စီ အက်ဥပဒေများ ရေးဆွဲပြီး ၁၉၅၀ ခုနှစ်ကစ၍ အမျိုးသား ကိုယ်လက်ကြွန်ခိုင်ရေး ကောင်စီကြီးကို တည်ထောင်ဖွင့်လှစ် ပေးခဲ့သည်။

ထို အမျိုးသား ကိုယ်လက်ကြွန်ခိုင်ရေး ကောင်စီကြီးသည် 'မြန်မာတမျိုးသားလုံး ကိုယ်လက်ကြွန်ခိုင်ရမည်' ဟူသော ကြွေးကြော်သံဖြင့် မိမိ၏ လုပ်ငန်းစဉ်ကြီးကို စတင် အကောင်အထည်ဖော်သည့် အနေအား ဖြင့် မြန်မာပြည်ရှိ ခရိုင် အသီးသီး တို့မှ အမျိုးသား အမျိုးသမီးတို့ကို ခေါ်ယူကာ သင်တန်းများကို ပေးခဲ့ သေသည်၊ သို့ဖြစ်၍ ယခုအခါ မြန်မာပြည်တွင်းရှိ ခရိုင် တိုင်းတွင် ကိုယ်လက်ကြွန်ခိုင်ရေးမှူး အမျိုးသား တာ ယောက်နှင့် အမျိုးသမီး တယောက်စီ ရှိကြ၍ နယ်ပါသ ကျယ်ဝန်းသော ခရိုင်မြို့ကြီးများတွင်မူ အမျိုးသား နှစ် ယောက်အထိ ရှိကြလေသည်၊ ထို အမျိုးသား အမျိုး သမီးတို့၏ တာဝန်များမှာ ၎င်းတို့နှင့် သက်ဆိုင်သော ခရိုင်မြို့နယ်အတွင်း၌ ကစားခုန်စားရေးနှင့် ပတ်သက် သော ပြဿနာများ အမျိုးမျိုး ဤနည်းမာရေးကို အားပေး သော ကိုယ်လက်လှုပ်ရှား အားကစားမှု အဖုံဖုံနှင့် အဆိုပါ ကိုယ်လက်ကြွန်ခိုင်ရေးဘက်တွင် လူထု ဒေါင်းတို့ စိတ်ပါဝင်စား လာစေရန် စည်းရုံးခြင်း အားကစားနည်းလေ့ကျင့်ခြင်းများ ကစားနည်းဥပဒေ များကို ပြဿနာတင်ကြားပေးခြင်း ရှာသီးလိုက် သင့်လျော် သည့် အားကစားပွဲများကို ဦးစီးခြင်းတို့ ဆောင် ပြုလုပ်၍ ကျင်းပပေးခြင်း အစရှိသည့် လုပ်ငန်းများကို ရပ်ရွာ လူထု အကူအညီ ပြုပြဆိုင်ရာ အင်ချုပ်မှ အကြီးအကဲ များ၏ အကူအညီတို့ကို ယူလျက် လုပ်ကိုင်ဆောင်ရွက် ကြရလေသည်။

ယခုအခါ အဆိုပါ ကိုယ်လက်ကြွန်ခိုင်ရေး လုပ်ငန်း များနှင့် ပတ်သက်၍ မြို့တိုမြို့ကြီးပေါ်တွင် ဆောင်ရွက်ခဲ့ ပြီးသော လုပ်ငန်းများ ဆောင်ရွက်ဆဲ ဆောင်ရွက် လတ်တံ့သော လုပ်ငန်းများကို အစီရင်ခံရမည် ဆိုပါက နှစ်ဦးအစ နှစ်ပါတ်လည် လွတ်လပ်ခရေး ပေးအောင်ပွဲများ ဆင်ယင်ကျင်းပခဲ့သည့် အခါတိုင်း လွတ်လပ်ရေး ပြေး ခုံ ကစားပွဲများတွင် မီတာ ၁၀၀-၂၀၀-၄၀၀-၈၀၀ တမိုင်နှင့် ၇-မိုင်အထိ တာတို တာရှည်ပြေးပွဲများ တာ တို ရေကူး ပြိုင်ပွဲနှင့် တာရှည် ရေကူး ပြိုင်ပွဲများ စက် ဘီး အမြန်စီးပြိုင်ပွဲများ ကွင်းပြင် ကစားပွဲများ ဖြစ်ကြ သည့် အဝေးခုန်ခြင်း အမြင့်ခုန်ခြင်း တန်းအများ ခုန် ပြေးခြင်း သံလုံးပစ် လှံတံပစ် သံပြားဝိုင်းပစ် လွန်ဆွဲ ပွဲ ချောတိုင်တက်ပွဲများနှင့် လေးသူငယ်များအတွက် ကိုယ်လက် လှုပ်ရှားမှု လေ့ကျင့်ကော်း ပြပွဲများ စတင် ပျော်ရွှင်ဘွယ်ရာ ကစားပြိုင်ပွဲ ပြေးပွဲများကို ကျင်းပ ပြုလုပ်ခဲ့ရာ အထူးအောင်မြင်ခဲ့ပါသည်။

အဆိုပါ ဖော်ပြခဲ့ပြီးသော အားကစား ပြိုင်ပွဲများ တွင် လှံတံပစ်နှင့် သံပြားဝိုင်း ပစ်ပွဲများမှာ မြို့တိုမြို့ ပေါ်တွင် တခါတရံမျှ မကျင်းပခဲ့ဘူးသော ပြိုင်ပွဲများ ဖြစ်လေသည်။ ဤသို့ အသစ်အဆန်း ပြိုင်ပွဲများပင် ဖြစ်လင့်ကစား ရိုင် ကိုယ်လက် ကြွန်ခိုင်ရေးမှူး၏ အ ထူးဂရုတစိုက် သင်ပြလေ့ကျင့် ပေးမှုတို့ကြောင့် ပြိုင် ပွဲ၏ စံချိန်များမှာ ပဌမနှစ်ပင် ဖြစ်သော်လည်း စံချိန် များမှာ ညံ့လွန်းသည်ဟု မဆိုနိုင်ပါ၊ နောင်နှစ်များတွင် တိုးတက်ဘွယ်ရာ အလားအလာ များစွာ ရှိသည်မှာ ယုံမှားဘွယ်ရာ မရှိတော့ပါ၊ အခြားသော ပြေးပွဲခုန်ပွဲ များ၏ စံချိန်များမှာလည်း အထူးကွောင်းမွန်၍ မမှဉ် စံချိန်နှင့် များစွာမကွာလှပါ။

၁၉၅၂-ခု ဖေဖော်ဝါရီလ အတွင်းတွင် ပြုလုပ်ကျင်းပခဲ့ပြီးသော မြန်မာ့ညီညွတ်ရေးပဒေသာပွဲ ပြိုင်ပွဲကြီးသို့ မြတ်မြို့မှ ယှဉ်ပြိုင်သူ သုံးဦးကို မြတ်မြို့မြေမ ကိုယ်လက် ကြန့်ခိုင်ရေး ကောင်စီမှ စေလွှတ်ခဲ့ရာ ယှဉ်ပြိုင်သူတဦးမှာ အဆိုပါ အိုးလံပစ် ပြေးပွဲ၏ ကျောင်းပေါင်းစုံ ပြေးခုန်ပြိုင်ပွဲတွင် အငေးခုန်နှင့် ခြေတချောင်း ထောက် အမြင့်ခုန် ယှဉ်ပြိုင်ပွဲများ၌ ပဌမ အသီးသီး ဆွတ်ခူး ခဲ့သည်သာမက မြန်မာပြည် ကျောင်းပေါင်းစုံ၏ စံချိန်ကို ချိုးပြီး စံချိန်သစ် တည်ထွင်ခဲ့ ပေသည်၊ မီတာ (၁၅၀၀) တာဝေး ပြေးပွဲတွင် ငင်ရောက် ယှဉ်ပြိုင်သူမှာလည်း စတုတ္ထ ရရှိခဲ့ပေသည်။

ဖေဖော်ဝါရီလမှ ပြေလ နွေရာသီ အချိန်အခါ အတွင်းတွင်လည်း ကြက်တောင် ရိုက်ပွဲ တင်းနစ် ဘော်လုံးရိုက် ပြိုင်ပွဲများကို ပြုလုပ်ကျင်းပ ပေးခဲ့သည်၊ မိုးရာသီ တွင် လည်း လူကြုံကြိုက် အားကစား ဆုံးဖြစ်သည့် အမှတ်ပေး ဘော်လုံး ပွဲနှင့် တပွဲရုံး တပွဲထွက် ဘော်လုံးပွဲများကို ပြုလုပ်ကျင်းပခဲ့ရာ အထူး ချောမောစွာ အောင်မြင်ခဲ့သည့် အပြင် မြန်မာပြည် အမျိုးသား ကိုယ်လက်ကြန့်ခိုင်ရေး ကောင်စီမှ ပြုလုပ်ကျင်းပသော ခရိုင်ပေါင်းစုံ ဘော်လုံး ဒိုလ်လုပွဲ ကျင်းပရာ မော်လမြိုင်မြို့သို့ မြို့ရိုင်မှလည်း တက်ရောက် ယှဉ်ပြိုင်ခဲ့ လေသည်။ အဆိုပါ ဘော်လုံးပွဲ များသည် လွန်ခဲ့သည့် ၃-နှစ်ခန့် ကာလအချိန်အတွင်းတွင် အခြေအနေ မကောင်းမှုနှင့် အကြောင်း မညီညွတ်မှုတို့ကြောင့် မကျင်းပနိုင်ခဲ့သည်ကို မြတ်မြို့တွင် မြေမ ကိုယ်လက် ကြန့်ခိုင်ရေး ကောင်စီ ဖွဲ့စည်း တည်ထောင် ခဲ့ပြီးသည့် အခါမှ တဖန် ပြန်လည်၍ ခရိုင် စည်းရုံးရေးမှူး၏ ကြီးပမ်းစည်းရုံးမှုဖြင့် ယခင် ၁၉၅၂-ခုနှစ်မှ ကျင်းပခဲ့ရာ ဘော်လုံးပွဲတိုင်းတွင်ပင် လာရောက် အားပေးကြည့်ရှုကြသော ပွဲကြည့် ပရိသတ်များမှာ ပိုက်ဆံ မပေးဘဲ ကြည့်ရှုရသည့်အတွက်ကြောင့်လော မသိပါ၊ ကြက်ပုံမကျ စည်ကားခဲ့ပါသည်။

ဘော်လုံး ပွဲများ ပြီး ဆုံး၍ ဆောင်းဦး ပေါက်စ အောက်တိုဘာလ အတွင်းသို့ ရောက်ခဲ့ပြန်သော် လာမည့် နှစ်ပါတ်လည် လွတ်လပ်ရေး အောင်ပွဲများတွင် ယှဉ်ပြိုင်ကြရန်အတွက် လေ့ကျင့် နေကြသော ပြေးခုန် ကစားသူများကို လေ့ကျင့်ရေးများ ပြသပေးပါသည်။ ထို့အပြင် မြတ်မြို့ပေါ်တွင် တခါတရံမျှ ပြုလုပ်ကျင်းပခြင်း မရှိခဲ့ဘူးသော ဘော်လီဘော ယှဉ်ပြိုင် ကစားပွဲများကို အမှတ်ပေးပွဲနှင့် တပွဲရုံး တပွဲထွက် ယှဉ်ပြိုင်ပွဲများကို ပြုလုပ်ကျင်းပခဲ့ရာ အထူး အောင်မြင်သည့် အပြင် ပြိုင်ပွဲ အသစ်အဆန်း ဖြစ်သော ထိုပွဲအတွက် လူတိုင်းပင် စိတ်ဝင်စားလာကြသည့် အလျောက်၊ အစဦးနှစ်ပင် ဖြစ်လင့်ကစား ပါဝင် ယှဉ်ပြိုင် ဆင်နွှဲခဲ့သော အသင်းပေါင်းမှာ ၁၂ သင်းထိ ရှိခဲ့လေသည်။

ကာယဗလ ကိုယ်အလှနှင့် အလေးမ,လိုက်စားသူများသည် မြတ်မြို့ပေါ်တွင် ယခင် ၁၉၄၇ မှ ၁၉၄၉ ခု နှစ်များအတွင်းတွင်မူ အထူး များပြားခဲ့သော်လည်း ၁၉၅၀ ခုနှစ်နှစ်မှစ၍ တဖြည်းဖြည်း ပျောက်ကွယ်ခဲ့ရာ အဆိုပါ လိုက်စားသူများသည် မရှိသလောက်နည်းပါးခဲ့လေသည်၊ ၁၉၅၁ ခုဠ် မြတ်မြို့ပေါ်တွင် မြို့မ ကိုယ်လက်ကြန့်ခိုင်ရေး ကောင်စီ ပေါ်ပေါက်လာပြီး ၎င်း၏ ကြီးပမ်းမှုကြောင့် ယခုအခါ အလေးမ,နှင့် အားကစား နယ်အတွင်းသို့ စိတ်ပါဝင်စားလာက် သက်ဆင်းလိုက်စားလာကြရှိသူ ဦးရေမှာ ယင်စံချိန်ထက်ပင် များပြားလာက် အဆိုပါ အားကစား လေ့ကျင့်ရန် နေရာဌာနများမှာလည်း (၀) ဌာနထက် မနည်း တည်ရှိနေပေသည်၊ အဆိုပါ ဌာနတို့မှာ ရပ်ကွက်အလိုက် ဝါသနာပါသူများ စုရုံးလျက် ရပ်ကွက်မီးသတ်ဌာန အဆောက်အဦးအချို့တို့တွင်၎င်း၊ နေအိမ်များတွင်၎င်း၊ စခန်းချ ပြုလုပ်လေ့ကျင့်လျက် ရှိကြပေသည်၊ သို့ဖြစ်၍ အခြေအနေ ကောင်းမွန်စွာ မရှိသေးသော အားကစားဌာနများအစား ကောင်းမွန်ခံ့ညားစွာ အဆင့်အတန်းမှီသော ဗဟိုအားကစားရုံ တခုကိုလည်း ဆောက်လုပ်နိုင်ရေးအတွက် မြတ်မြို့ မြို့မကိုယ်လက် ကြန့်ခိုင်ရေး ကောင်စီမှ အထူးကြိုးစားဆောင်ရွက်လျက်ရှိပေသည်။ ထို့ပြင် ယခုလာမည့် နှစ်အတွင်းတွင်လည်း ကာယဗလ အားကစားမှနှင့် ပတ်သက်၍ အလေးမ ပြိုင်ပွဲများ ကိုယ်အလှ ပြိုင်ပွဲများကို ပြုလုပ်ကျင်းပရန် အတွက်ကိုလည်း အဆိုပါ ကောင်စီကြီးမှ အထူးစဉ်းစားလျက် ရှိပေသည်။

ကျွန်တော်ဘို၏ အမျိုးသား ကိုယ်လက်ကြန့်ခိုင်ရေး ကောင်စီကြီးသည် "**မြန်မာ တမျိုးသားလုံး ကိုယ်လက်ကြန့်ခိုင်ရမည်**" ဟူသော ကြွေးကြော်သံနှင့် ညီစေရန် ကိုယ်ကာယ ကြန့်ခိုင်မှု လုပ်ငန်းများကို အ



မြိတ်မြို့ပေါ်ရှိ ယခု လက်ရှိ ဘုရားငါးဆူရပ် ကစား ကွင်းကြီးမှာသည်း မြင်မကောင်းလောက် အောင်ပင် မြေမှာ တဘက်သို့ နိမ့်လျော် ကျနေသည့် အတွက် ၎င်းကစားကွင်းကြီး မြေညှိရန် မြိတ်မြို့ မြေမ ကိုယ်လက် ကြန့်ခိုင်ရေး ဥကောင်စီကြီးမှ ကြိုးစားခဲ့သည်။ ၎င်း က စားကွင်းကြီးကို မြေညှိမည် ဆိုပါက မည်၍ မည်မျှ ကုန် ကျမည်ကို ခန့်မှန်းခြေစာရင်း ပြုလုပ်ခဲ့ရာ မြိတ်မြို့ ခရိုင် အင်ဂျင်နီယာ၏ အစီရင်ခံချက်အရ အလိုရှိသော ကစားကွင်း၏ အကျယ်အဝန်း အလျားကိုက် (၂၅၀) အနံ ကိုက် (၁၅၀) ရှိသော အတွက် မြေညှိပါက ကုန်ကျမည့် ခန့်မှန်းငွေမှာ ၄၀၀၀၀ (လေးသောင်း ကျပ်တိ) ခန့် ဖြစ်ကြောင်းကို စာရင်း ပြခဲ့ပါသည်၊ အဆိုပါ ခန့်မှန်းငွေ ၄၀၀၀၀-မှာ မြေညှိရုံပင် ရှိပေ သေးသည်၊ မြေညှိ ပြီးသည့် အခါ ကစားကွင်းကို အကာအရံများ ကာထားခြင်း၊ လူကြည့်ရန် အတွက် အဆောက်အဦးများ ဆောက်လုပ် ခြင်းနှင့် အခြား သော အားကစားရုံနှင့် ကြက်တောင်စိုး ရိုက်ကွင်း တင်းနစ်ဘော် ရိုက်ကွင်းများကိုလည်း ထိုကစားကွင်း အတွင်း၌ပင် တည်ဆောက်ရန် လိုပေသေးသည်။ မြေ ညှိရာတွင် ကုန်ကျငွေ ၄၀၀၀၀ အတိ ကုန်ကျမည်ဟု ခန့်မှန်းထား ခြင်းမှာလည်း ရိုးရိုးကူလီ များဖြင့် မြေညှိ သည့်အတွက် ကြောင့်သာ ဖြစ်၍ မြေတူး စက် အစ ရှိသည့် ခေတ်မှီ မြေညှိကရိယာများဖြင့် ပြုပြင်မည် ဆို ပါက အဆိုပါ ခန့်မှန်းခြေ ငွေထက် အဆပေါင်း များ စွာ သက်သာနိုင်ဘွယ်ရာ အကြောင်းများ ရှိပေသည်။ အားတက်မျော်လင့်ဘွယ်ရာအချက်မှာကား တနယ်ရှိ

မျိုးသားများဘက်တွင်သာ ဆောင်ရွက် လုပ်ကိုင်ကြ ခြင်းပြုဘဲ အမျိုးသမီးများ သည်လည်း ကိုယ်ကာယ ကြန့်ခိုင်မှု လေ့ကျင့်ခြင်းတို့ကို စံနစ်တကျ လိုက်စား လာကြရန် ရည်ရွယ်သောအားဖြင့် ၁၉၅၃ ခု ဖေဖော် ဝါရီလမှ မဲလအထိ အမျိုးသမီးများကို ခရိုင်အလိုက် တခရိုင် တယောက်ကျ ဖြင့် ခေါ်ယူလျက် ကြန့်ခိုင်မှု နည်းပြ သင်တန်းများ ပေးခဲ့လေသည်၊ သို့ဖြစ်၍ မြိတ် မြို့အတွက် ကြောသေးမီ အချိန်ကာလ ရောက်ရှိလာခဲ့ သော ကိုယ်လက်ကြန့်ခိုင်ရေး အမျိုးသမီး စည်းရုံးရေး မှူးသည်လည်း မြိတ်မြို့ပေါ်ရှိ အမျိုးသမီးများ ကျန်းမာ ရေးနှင့် ကိုယ်လက်ကြန့်ခိုင်ရေးကို လိုက်စားလာကြရန် အတွက် ကိုယ်လက်ကြန့်ခိုင်ရေးအမျိုးသမီးအသင်းများ ဖွဲ့စည်းတည်ထောင်၍ငင်း၊ကျောင်းသူကလေးများအား မိန်းလေးများနှင့် သက်ဆိုင်သည့် အားကစား နည်း များ ကြက်တောင်ရိုက်ခြင်း အစရှိသည်တို့ကို လုပ်ငန်း စဉ်အနေဖြင့် စည်းရုံးပြသလုက်နှိုးအမျိုးသမီးဌာန တွင်လည်း အမျိုးသားများနည်းတူ ကိုယ်လက်လှုပ်ရှား အားကစားမှုတို့ကို ရင်ဘောင်တန်း လိုက်စားသွားနိုင် ရန်အတွက် အားကစားရုံတရုံကိုလည်း ဆောက်လုပ်ရန် အထူးကြိုးစားဆောင်ရွက်လျက် ရှိလေသည်။

ဤသို့အားဖြင့် မြိတ်မြို့ကြီးပေါ်တွင် ယ့်မြို့ကိုယ်လက် ကြန့်ခိုင်ရေး ကောင်စီကြီးမှ အကူအညီဖြင့်ငင်း၊ အစိုးရ ၏ ထောက်ပံ့မှု ဖြင့်ငင်း၊ နိုင်ငံတော် အမျိုးသား ကိုယ်လက်ကြန့်ခိုင်ရေး လုပ်ငန်းကြီးကို အကောင် အထည် ဖော်သွားရာတွင် တွေ့ရသော အက်အခဲ များကိုလည်း ဖော်ပြရလျှင် အထူးသင့်လျော်လိမ့်မည် ဟု ယူဆမိပါသည်။

လုပ်ငန်းများကိုအကောင်အထည်ဖော်လုပ်ကိုင်သွား ရာတွင် တွေ့ရသော အခက်အခဲများမှာ အခြား မဟုတ် ပါ၊ ငွေရေးကြေးရေး မလုံလောက်မှုကြောင့် ဆုံးဖြတ် ချက်အတိုင်းကိုစေ့ငှအောင် အကောင် အထည်ဖော်၍ မလုပ်ကိုင်နိုင် ခြင်းနှင့် လက်ရှိ ကစားကွင်း များ၏ အခြေ အနေမကောင်းမွန်မှုနှင့် အဆင့်အတန်းမမှီသည့် အတွက်အားကစား လောကကြီး၏ အဆင့်အတန်းကို တိုးတက်မှု ရှိသင့်သလောက် မတိုးတက် ခြင်းပင် ဖြစ် ပါသည်။

တိုင်းမဲငးကြီး ဦးမိုးဖြစ်နှင့် ခေတ္တ ရွှေ့ဝန် ဦးချစ်စိန်တို့၏ ကြိုးပမ်းဆောင်ရွက်ချက်ကြောင့် ရန်ကုန်မြို့စစ်ရုံးချုပ် အင်ဂျင်နီယာ ဌာနမှ မြေညီစက်တခုကို မကြာမီ အတွင်း ပေးပို့ပါးရခဲ့တော့မည်ဟု သိရှိရပေသည်။

ယခုအခါ ကစားကွင်း များနှင့် အားကစား အဆောက်အဦးများ ဆောက်လုပ်ရန် အတွက် လည်း မြန်မာပြည် အပျိုးသား ကိုယ်လက် ကြန့် ခိုင် ရေး ကောင်းကြီးမှ မြို့တိုမြို့ မြို့မ ကိုယ်လက် ကြန့်ခိုင်ရေး ကောင်စီသို့ ငွေ(ပေါင်း(၁၄၀၀၀)တသောင်း လေး ထောင် အကို ထောက်ပံ့မည်ဟု အခကြောင်းကြားထား ပါသည်၊အဆိုပါ ထောက်ပံ့ငွေ ၁၄၀၀၀ မျှနှင့်လည်း အလိုရှိသော အဆောင်အဟန်းမြိသည့် ကစားကွင်းမျိုးကို တည်ဆောင်ဆောက်လုပ်နိုင်ရန်မှာ ယခုအချိန်အခါ၌ အထူး ခဲယဉ်းပေသေးသည်၊ သို့ဖြစ်၍ နိုင်ငံတော် အစိုးရ၏ ထောက်ပံ့ငွေကိုသာ လုံးလုံးအားကိုးအား ထားပြုလျက် ကစားကွင်း ကစားရုံသစ်များ တည် ဆောက်မည် ဆိုပါက ရုတ်တရက်အားဖြင့် အကျိုး ခံစားနိုင်ဘိုရာ မျော်လင့်ချက် နည်းပါးလျက်ပင် ရှိသေး သည့်အတွက် ကျန်အလိုရှိသော ငွေအင်အားများကို မိမိတို့ အကျိုးခံစားရမည့် မြို့ခံလူ မြို့သူမြို့သား၊ မြို့လူထု အပေါင်းတို့က နိုင်ငံတော်အစိုးရ၏ ထောက်ပံ့ငွေထက် တဝက်ခန့်မျှ၊ သို့မဟုတ် ၅၀ထက်မနည်းသော အလှူငွေ များ ပါဝင်၍သော်ငင်း၊ လုပ်ငန်းအတွက် အလိုရှိသော လုပ်အားများကို ပေးလှူ၍သော်ငင်း၊ လူအင်အား ငွေ အင်အား အရင်းအနှီးဖြင့် တပါတည်း တည်ဆောက် မည်ဆိုပါက မိမိတို့မြို့အတွက် ကြက်သရေဆောင်မည့် ကစားကွင်းကြီးမှာ တမဟုတ်ချင်း ဆောလျင်စွာ ပြီးစီး နိုင်ဘွယ်ရာ နည်းလမ်းများ ရှိပေသည်။

သို့ဖြစ်၍ မြို့မြေပေါ်တွင် အဆင့်အတန်းမှီ ကစား ကွင်းကြီးပေါ်ထွန်းလာနိုင်ရန်မှာ မြို့နေလူထု အပေါင်း တို့၏ လက်တွင်း၌ တာဝန်ကျရောက် နေပေသည်၊ မိမိတို့ မြို့ခံလူများကမိမိတို့ အကျိုး ခံစားရမှု အတွက် ငင်း၊ အားကစားအဆင့်အတန်း တိုးတက်သည်ထက် တိုးတက်လာစေနှင့်ငင်း၊ မိမိတို့ မြို့သည်အဆင့်အတန်း မှီသော ကစားကွင်း ပိုင်သည်ဟူသော ဂုဏ်ယူကြွားဝါ မှုမျိုးကို ခံယူလိုပါကငင်း၊ မိမိဘို့၏ လုပ်အားနှင့် ငွေ အားတို့ကို တတ်နိုင်သဖြင့် ရှာကြံ အကူ အညီပေး၍ ဂုဏ်ယူဘွယ်ရာ အဆင့်အတန်းမှီ အားကစားကွင်းကြီး အားကစားရုံကြီးများကို တည်ထောင်ဆောက်လုပ်ကြ ပါရန် လေးစားစွာ မေတ္တာရပ်ခံ ရေးသားလိုက်ပါ သည်၊

အာရိုးအကိုကြီး ကျဒဝတ် အင်ကုမ္ပဏီ
တလိုင်းဈေးနှင့် ဈေးတန်းရပ် ဖြတ်ဖြို့။

Messrs R. Akoojee Jadwet & Co,
Talaingzoo and Zedan Quarters.
P.O. Box No. 58.

General Merchants and Commission Agents
I.B.P. Agent, Adamjee Hajee Dawood & Co. Ltd,
Agent.

နွားခေါင်းတံဆိပ် မီးချစ် ကိုယ်စားလှည့်
ဝါတ်ဆီ၊ ရေနံနှင့်၊ စက်ဆီအမျိုးမျိုး။ အလှကုန်နှင့် စားကုန်သောက်ကုန်အမျိုးမျိုးကို
အကိုးအကန်း ချိသာစွာဖြင့် ရောင်းချနေဖြီ။
စမ်းသပ်ဝယ်ယူဆက်သွယ်တော်မူကြပါ။

သုစဓဝတီ-၅၄၃-၀၀

ဝသုန်ဦးဖြေ

ရှာဖွေ စုဆောင်းတင်ပြသူ-ဦးဆန်းတင်
(တွဲဘက်စာတည်း)

☆

> နိုက်နိုက် ချွတ်ချွတ် ရှာခဖွ စုဆောင်း တင်ပြ ထားခဲသော မြိတ် ခရိုင်၏ အဓိက ဒီးပွားရေး လုပ်ငန်းဖြစ်သည့် သတ္တုတူးလုပ်ငန်း၏ နောက် ကြောင်း ရာဇဝင် အဆင့်ဆင့် တိုးတက် လာပုံနှင့် နေင်း အလေး အလာများ။

"ဒို့ ဘိတ် နယ်ထဲကမြေကို ဘယ်နေရာမဲ့ဆို တူးကြည့်ဟော့ ကြိုက်တဲ့နေရာတူး သတ္တုတွေရမယ် ကုန်ကုန် ပြောမယ်ကွယ် ခ-ဦး ရပ် စကားပြော နေတဲ့ ဟောဒီနေရာမှာဘဲ တူးကြည့် သတ္တုအမှန် တွေ့ရမယ် အေး-အနည်းနဲ့ အများ ဆိုတာသောက်ဘဲ ကွာ မယ်" ဟု-

သတ္တုလုပ်ငန်း ဗဟုသုတ ကြွယ်ဝခဲ့ထိုလုပ်ငန်း ဖြင့် ပင် အကျိုးပေးနေသူ မြန်မာလုပ်ငန်းရှင်ကြီး တဦး၏ စိတ်အား ထက်သန်စွာ ပြောဆိုသည့် စကားများကို ကြားယောင်လျက်ရှိနေပါသည်။

မှန်ပါသည် စစ်မဖြစ်မီက နိုင်ငံတော်၏ ငင်ငွေ ၁၀ပုံတပုံကို ရရှိစွမ်းစေသော သတ္တုတွင်း လုပ်ငန်း၌ မြိတ်ရိုင်းသည် အခရေးပါ အရာရောက်သော အခန်းမှ ပါဝင်ခဲ့ပါသည်။

ရှာဖွေလုပ်ငန်း

သတ္တုတွင်း လုပ်ငန်းမှာ ယခု ရေတွင်းတူး ယခု ရေကြည်သောက် ဆိုသလို မလွယ်ကူ မမြန်ဆန်ပါ၊ ငွေကို မြေထဲသို့ ဖြုန်းကြမြှုပ်နှံ၍ လုပ်ငန်းကို တစ တစ ကြီးပွား တိုးတက်အောင် ခဲ့ကြရာမှ မိမိ၏ မြှုပ်နှံထားသော ငွေပင်ငွေရင်း၏ အသီး အပွင့်ကို တဖြည်းဖြည်း ပြန်လည်ဆွတ်ခူး ရရှိအပ်သည့် ရှေ့ရည် လုပ်ငန်းဖြစ်ရကား သောင်းကျန်းမှု များကြောင့် တိုင်း ပြည်အခြေအနေ မငြိမ်မသက် မရေမရာသော ဤအခါ မျိုးဌာ ဤလုပ်ငန်းကို အဓိက်အတန့်အားဖြင့် စွန့်လွှတ် ထားရမည်သာပင် ဖြစ်ပါသည်။ ဤတွင် ရှေးအထက် ကျော်ကာရီ ပဝေသဏီမှစ၍ ဤလုပ်ငန်းကို စီးပွားရေး လုပ်ငန်းတရပ်အဖြစ် ဖြင့် လုပ်ကိုင်ခဲ့သော မြိတ်ရိုင်း၏ ဖြစ်အင်ကို တင်ပြလိုပါသည်။

သတ္တုလုပ်ငန်း ရာဇဝင်

မြိတ်ရိုင်း သတ္တုလုပ်ငန်း၏ ရာဇဝင်ကို လေ့လာ နိုင်ရန် ရှေးဟောင်းစာပေများ နည်းပါးလှ ပေသည်၊ သို့သော် မြိတ် ထားဝယ် ရိုင်းကို မြန်မာဘုရင် အလောင်းဘုရား သိမ်းယူသော ၁၇၅၉-ခုနှစ် မတိုင်မီ ကာလကပင် အဆိုပါ ရိုင်းများအတွင်း၌ နိုင်ငံသားတို့ နည်းများအရ သတ္တုလုပ်ငန်းလုပ်ကိုင်လျက် ရှိကြောင်း သာဓကများကို များစွာသော သတ္တုတွင်းများ၌ တွေ့ရှိ ရကြောင်း၊ မစ္စတာ ဂျေ ဂွင်ဂိဘရောင်း ဆိုသူက၊ နိုင်ငံ ခြားတော် သတ္တုလုပ်ကိုင်ရေး အကြံပေး အဖွဲ့မှ ၁၉၁၀ ခုနှစ်တွင် ထုတ်ဝေသော သတ္တုတွင်းများနှင့် စင်လျှံး ဟော ပြောချက်များ၌ ဘော်ပြထားခဲ့လေသည်။

၁၈၂၅ ခုနှစ်တွင် အင်္ဂလိပ်တို့က တနင်္သာရီတိုင်းကို သိမ်းယူပြီးနောက် ၁၈၃၉ ခုနှစ်တွင် (Dr. Helfer) ဆိုသူသည်၎င်း၊ ၁၈၄၁ ခုနှစ်တွင် (Captain-G.B. Tremenhere) ဆိုသူသည်၎င်း၊ ၁၈၄၃ ခုနှစ်တွင် (Mr. O!Riley) ဆိုသူသည်၎င်း၊ ၁၈၅၆ ခုနှစ်တွင် (Dr. Oldham) ဆိုသူသည်၎င်း၊ ၁၈၇၁ ခုနှစ်တွင် (Mr. Mark Fryar) ဆိုသူသည်၎င်း၊ မြိတ်ရိုင်းအတွင်း လှည့်လည်ခဲ့ကြပြီးလျှင် ဓါတ်သတ္တု ပင်ရင်း အခြေအမြစ်များကို စမ်းသပ်ပြီးနောက် ၎င်းတို့ စူးစမ်းရှာဖွေတွေ့ခဲ့သမျှကို စာရွက်စာတမ်းများ ရိုက်နှိပ် ဖြန့်ချိခဲ့ကြပါသည်။

အင်္ဂလိပ်အစိုးရသည် ၁၈၉၁-၉၂ ခုနှစ်အတွင်း၌ မြိတ် ခရိုင်အတွင်းသို့ သတ္တုတွင်း အင်ဂျင်နီယာ တဦးစီ အုပ်ချုပ်သောအဖွဲ့ကြီးသုံးဖွဲ့ကို စေလွှတ်၍၊ ဓါတ်သတ္တု များ၏ အခြေအမြစ်ကို စမ်းသပ်စေပြီးလျှင်၊ ၎င်းတို့ ရှာ ဖွေတွေ့ရှိချက်များကို အစီရင်ခံစာတစောင် ရေးသားခဲ့ ပါသည်။ ဤစာရွက်စာတမ်းနှင့် အစီရင်ခံစာအားလုံးတို့

ဝေဒနာ ကျွန်ုပ်



ဦးဆန်းတင်
ရေးသည်

မှာ၊ ရိုင်၏ ဝါတ်သတ္တုပင်ရင်း အခြေအမြစ် များကို ယေဘူယျအားဖြင့် ဘော်ပြထားသော ဘူမိဗေဒဆိုင်ရာ စာပေရပ်များသာလျှင် ဖြစ်ပေသည်။ သတ္တုလုပ်ငန်းကို စီးပွါးရေးတရပ် အနေအားဖြင့် ဤရိုင်အတွင်း၌ ကြာမြင့်စွာလုပ်ကိုင်ခဲ့သော နေရာတို့မှာ၊ လေငမ်း၊ လေညာကရသူရိ၊ ချောင်းတနောင်း၊ ဘုတ်ပြင်း၊ ဘဘော့လိပ် ပလောက်နှင့် ကဟန်းရွာများဖြစ်ကြောင်းကိုလည်းအင်္ဂလိပ် အစိုးရက Burma-its Peoples and Production တွင်ဝင်း၊ Geological Paperson Burma တွင်ဝင်း။ ၁၈၈၂ ခုနှစ်ဆိုလောက်ကပင် ဘော်ပြထုတ်ပြန်ခဲ့လေသည်။

မြိတ်ခရိုင်ဝန်ရုံး မှတ်တမ်းများအရ၊ ၁၈၈၇ ခုနှစ်တွင် မလေငမ်းကျေးရွာ တဝိုက်တွင် နှစ်စဉ် လဲလှယ်ခွင့်ရှိသောလက်မှတ်များဖြင့် ခဲမဖြူသတ္တုကို နိုင်ငံရင်းသားနည်းများနှင့် လုပ်ကိုင်နေသော သတ္တုတွင်းကလေးများ ပိုင်ရှင် ၄၀ မျှပင် ရှိကြောင်း၊ ၎င်းတို့မှာ ၁၈၄၂-ခုနှစ် ဆီကပင် အဆိုပါ လုပ်ငန်းကို ဘိုးဘွားစဉ်ဆက် လုပ်ကိုင်ခဲ့သော တရုပ် ယိုးဒယား စပ်မွှားပြစ်ကြောင်းကို အခိုင်အမာ တွေ့ရှိရပြန်လေသည်၊ ထိုစဉ်က သတ္တုများ၌ အကောက်တော်ငွေကို တဘာရာ (သုံးပိကယ် သို့မဟုတ် ပေါင် ၄၀၀) လျှင် ဒို/-နှုံး ကောက်ခံကြောင်း၎င်းတို့သည် ခဲမဖြူများကိုအရှည်ကျိုအတုံးပြု၍ ဒီနန်မြို့သို့ တင်ပို့ရောင်းချကြောင်းနှင့် မလေငမ်းမြို့နယ်မှ အရှည်ကျိုအတုံးပြုပြီး ခဲမဖြူ ၁၈၉၁ ခုနှစ်တွင် ၂၂ တန်၊ ၁၈၉၂ ခုနှစ်တွင် ၃၃ တန်နှင့် ၁၈၉၃ နှစ်တွင် ၁၇ တန်ထွက်ကြောင်း ကိုလည်း အဆိုပါ မှတ်တမ်းထဲ၌ ရေးမှတ်ထားခဲ့ပါသည်။

ငွေပင်ငွေရင်းနှင့် မ,တည် လုပ်ကိုင်ရသော သတ္တုတွင်းကြီးများတည်ထောင်ရန် ၎ကာမဖြစ်သော သတ္တုစမ်းသပ်ခွင့်လိုင်စင်များကို ၁၈၉၇ခုနှစ်လောက်တွင် စတင်၍ အင်္ဂလိပ်လူမျိုးတို့က ဤရိုင်အတွင်း၌လျှောက်ထားခဲ့ပါသည် ဤရုံးမှတ်တမ်းများအရ နိုင်ငံသားဖြစ်သော မြန်မာတို့မှာ ဤလုပ်ငန်း၌မျက်စိပွင့်ခြင်း နှောက်နှေးသည်နှင့် အမျှပင်၊ ဝင်ရောက် လုပ်ကိုင် ရာ၌ နှောက်နှေးကြန့်ကြာခဲ့ပါသည်။

လာဘ်မြင်သောအင်္ဂလိပ်အစိုးရသည်၊ မြေမျက်နှာပြင်မှအနက် ၂ပေ အတွင်း သတ္တု ရှာဖွေခွင့် လိုင်စင်သတ္တု တူးဖေါ် စမ်းသပ်ခွင့် လိုင်စင်နှင့် သတ္တု လုပ်ကိုင်ရန် အငှါး ပတ်ဘာနှင့် စင်လျင်းသောနည်း ဥပဒေများကို ၁၈၉၄ ခုနှစ်တွင်ဝင်း၊ နိုင်ငံ ရင်းသားတို့ လုပ်ကိုင်နည်းအရ သတ္တု လုပ်ကိုင်ရန် နည်းဥပဒေ များကို ၁၈၉၉ခုနှစ်တွင်ဝင်း စံနစ်ဟက္ကူ ပြုပြင်ခဲ့လေသည်။ ယခုအခါ ရိုင်ရုံးများ၌ သုံးနေသော သတ္တုတွင်းဆိုင်ရာလက်စွဲ ဥပဒေရပ်များမှာထိုစဉ်က နည်းဥပဒေများကိုတော်နှင့် လျော်ညီအောင် တစ တစပြောင်းလဲပြင်ဆင်ခဲ့ခြင်းမျှသာလျှင်ဖြစ်ကြောင်းကို စိတ်ဝင်စားဘွယ်ရာတွေ့မြင်ရပါသည်။

နှေးပဝေသဏ်ကပင် နိုင်ငံရင်းသားတို့နည်းအရ ဤရိုင်တွင် သတ္တု လုပ်ကိုင်ခဲ့ခြင်းကို ထောက်စာကာ သတ္တုဘွင်းကြီးများ ဝေါ်စား လာသော အချိန်၌ပင် အဆိုပါ နိုင်ငံရင်းသားတို့နည်းဖြင့် သတ္တု လုပ်ကိုင်သူများအား အထူး အခွင့် အရေးပေးသည့် အနေဖြင့် ၁၈၂၀ ထက် မပိုသောဆင်းရဲသား ပတ္တာခေါ်သတ္တုတွင်းကလေးများကိုလုပ်ကိုင်ခွင့်ပေးရန် နေရာ များနှင့် တကွ ဥပဒေရပ်များကိုပါ အင်္ဂလိပ် အစိုးရတို့က သီးသန့်သားရှိခဲ့ရာ ယခုတိုင်ပင် တည်မြဲနေလေသည်။

မြိတ်ခရိုင်အတွင်း သတ္တုတွင်းကြီးများလုပ်ကိုင်မှုကို ၁၈၉၇ခုနှစ် သောက်မှစ၍လူမျိုးခြားများက စတင်လုပ်ကိုင်ခဲ့၍ နိုင်ငံရင်းသားအနှိမ့်မှာလည်းထိုလုပ်ငန်း၌ တစတစပါဝင် လုပ်ကိုင်ခဲ့ကြပါသည်၊ လုပ်ငန်း မှာလည်း တဖြည်းဖြည်း တိုးတက်ကြီးပွားခဲ့ပါသည်။ ပဌမ ကမ္ဘာစစ်ကြီးဖြစ်ဆဲနှင့် ဖြစ်ပြီး နှစ်များ၌ အဖြိုက်နက်တူးဖေါ်ခြင်းကိုအတူးသဖြင့် အင်္ဂလိပ် အစိုးရတို့က အားပေးခဲ့သည်တွင်သတ္တုတူးဖေါ်ရေး လုပ်ငန်းမှာလည်းများစွာ အဆင့်အတန်း တိုးတက်လာခဲ့ပါသည်။

ပထမ ကမ္ဘာ စစ်ကြီးပြီးဆုံးပြီး နောက် ကူးသန်းရောင်းဝယ်မှုမှာ အဘက်ဘက်မှညံ့ဖျင်းလာရာ သတ္တုများ၏ ဈေးနှုန်းများအဆမတန် ကျဆင်းသောဘဝ၃၃ဝခုနှစ်တိုင်သော အခါတွင် ဤရိုင်အတွင်း၌ သတ္တုတွင်းအင်္ဂါးပတ္တာကြီး ပေါင်း ၅၀ ကျော်မျှပင် ထုတ်ပေးထားရှိခဲ့လေသည်။ထိုစဉ်ကသတ္တုတွင်းလုပ်ငန်းကိုအစိုးရက ကူညီသောအားဖြင့် ထိုသို့သတ္တုဈေးနှုန်းများ ကျဆင်းလျက် ရှိသည်ကို အကြောင်းပြု၍ ၁-၁၀-၃၀နေ့မှစ၍ သတ္တုတွင်းများတွင် ကောက်ယူနေကြဖြစ်သော အခွန်ငွေများကို ကောက်ယူခြင်းမှ ရုပ်စဲခဲ့ပြီးလျှင် နောင်

ခေတ်ကောင်းလာသောအခါမှ အဆိုပါအခွန်ကျန်ငွေများကို ကောက်ယူရန် အကြွေးစာရင်းအဖြစ်သာ မှတ်သားထားနိုင်ခဲ့လေသည်။ ထိုပြင် ခဲမဖြူကျေး ကုန်ခြင်းကို ကာကွယ်ရန်အတွက်၊ ခဲမဖြူအထွက် ကန့်သတ်ရေး ဧပြီကိုးအရ ၁၉၃၄-ခုနှစ် ဇွန်လ ၁၁-ရက်နေ့မှစ၍ ခဲဖြူစင်းသပ်ရှားဖွေရန် လုံခြုံစင်များ ထုတ်ပေးခြင်းကို ရပ်စဲထား ခဲ့လေသည်။ ဤအချိန်သည် ဗြိတိန်ရိုင်၏ သတ္တုလုပ်ငန်း ရာဇဝင်တွင် မှေးမှိန်သော ကဏ္ဍတခုပင် ဖြစ်ခဲ့ပါသည်။

ခဲမဖြူစမ်းသပ်ရာဖွေခွင့် လိုင်စင်များ ပိတ်ပင်ထားခြင်းကို ၁၉၃၇-ခုနှစ် ဧပြီလ ၂၀ ရက် နေ့မှ တဖန် စတင်၍ ပြန်လည်ဖွင့်လှစ်ထုတ်ပေး ခဲ့ပြီးလျှင် ယင်းက ကောက်ခံခြင်း ရပ်နားထားခဲ့သောသတ္တုတွင်း အခွန်ကျန်ငွေများကိုပါ ပြန်လည် ကောက်ခံခဲ့ လေးသည်။ ဤအချိန်မှစ၍ ဒုတိယကမ္ဘာစစ် ဖြစ်ပွားသော အချိန်အထိ ဤရိုင်အတွင်း သတ္တု လုပ်ငန်းမှာ တရှိန်ထိုး ကြီးပွားလာပြီးလျှင် ခရိုင်၏အဓိက စီးပွားရေးလုပ်ငန်း တရပ် အသွင်သို့ ကူးပြောင်းခဲ့ပါသည်။

ဒုတိယ ကမ္ဘာစစ် ခေတ်

ဒုတိယကမ္ဘာစစ် ဖြစ်၍ အင်္ဂလိပ်တို့ မဟုတ်မှာမို အချိန်အထိ ဤခရိုင်တွင် ခဲသတ်ဝှေ့ ၄ စင်း မျှပင် ရှိခဲ့ပါသည်။ အင်္ဂလိပ်အစိုးရ ဆုတ်ခွာသော အခါ ၎င်းတို့၏ မြေလှန်စနစ်အရ ကရသူရိရွာနှင့် သိန္နော ရွာရှိ ခဲသတ်ဝှေ့ တို့ကို တင်္ဂနိုင်သမျှ ဖျက်ဆီးခဲ့ ပါသည်။ အင်္ဂလိပ်လူမျိုးတို့ပိုင်ဆိုင်သော အခြားသတ္တုကွင်းများ ရှိပစ္စည်း ပစ္စယများ ကိုလည်း အသုံးမပြု နိုင်အောင် ဖျက်ဆီးခဲ့ကြပါသည်။ သို့ရာတွင် တစုံတရာ ပြုလုပ်ရန် အချိန်မရသော သဘော်လင်နှင့် ယမုံလျော်ရွာများရှိ ခဲသတ်ဝှေ့များမှာ ကတိုက်ကမှိုက် ဆုတ်ခွာ ရခြင်းကြောင့် အကောင်း ပကတိပင် ကျန်ရစ်ခဲ့ ပါသည်။ သဘော်လင် ခဲသတ်ဝှေ့ကို သတ်ဝှေ့ အလုပ်သားတို့ စုပေါင်း စောင့်ရှောက် ထားခြင်းကြောင့် တစုံတရာမျှ မှုပျက်စီးခဲ့ဧကာမူ ယမုံရွာရှိ ခဲသတ်ဝှေ့ကိုမူ စပ်ကူးမတ်ကူး ကာလတွင် လူမသမာတို့က ဓမ်တို့ အလိုရှိသော ပစ္စည်းများကို ခုတ်ခဲဖျက်ဆီး ယူငင်သွားသဖြင့် စက်အချို့မှာပျက်စီးလွက်ရှိသည်ကို ဤစာရေးသူသည် ယခု သတ္တုတွင်း ဌာနဝန်ကြီး ဦးမဆွေ၏ အမိန့်အရ သတ္တုတွင်းဆိုင်ရာ ကျပန်အရာရှိတဦးနှင့်အတူ လိုက်ပါ၍သွားရောက် စစ်ဆေးကြည့်ရှုရာ၌ တွေ့ရှိခဲ့ရပေသည်။

ကျပန်ခေတ်တွင် သတ္တုတွင်းများကို ကိုယ်ပိုင် လုပ်ကိုင် လိုသူတို့အား လုပ်ကွက်ခွင့်ပြု၍ မလုပ်ကိုင်လိုသော သတ္တုတွင်း များမှမူ ကျပန်တို့သည် ကောင်းနိုး ရာရာ ပစ္စည်းပစ္စယများကို မိမိတို့လုပ်ကိုင် လိုသော သတ္တုတွင်းများသို့ ရွှေ့ပြောင်း ယူဆောင်၍ လုပ်ကိုင်ခဲ့ကြ ဘည်သာမက ဝယ်ယူရန် ကုမ္ပဏီများကိုပါ တည်ဆောင်၍ သတ္တုလုပ်ငန်းကို လုံးဝပိတ်ပင် သိမ်းပိုက် လုပ်ကိုင်ခဲ့ကြပါသည်။

စံစမ်းခေတ်

စစ်ပြီးခေတ်တိုင်လျှင် ကျပန်တို့ထံမှ သတ္တု များမှာ ထားဝယ် ခရိုင်နှင့် မြိတ်ခရိုင်အတွင်း အနှံအပြားကျန်ရှိခဲ့သည်ကိုအကြောင်းပြု၍ ၁၉၄၆ခုနှစ် ပထမ ၆လ တွင်သတ္တုတွင်းများဖွင့်လှစ်ခြင်းကို ဇွတ်ပိတ် ထားပြီး လျှင်အဆိုပါသတ္တုများကို အင်္ဂလိပ်အစိုးရက ပိုက်စိပ် တိုက်ရှာဖွေသိမ်းယူခဲ့ပါသည် ၎င်းအပြင် စစ် အတွင်း မြန်မာပြည်မှတိမ်းရှောင်နေကြသော သတ္တုတွင်း ပိုင်ရှင်များကိုလည်း မြန်မာပြည်သို့ ဆောလျင်စွာ ပြန်လာစေ၍ မိမိတို့သတ္တုတွင်းမှ ကျောနများ သိမ်းယူ၍ အခြားသောသတ္တုတွင်းများတွင်သွားရောက် တပ်ဆင် ဒေသုံးပြုသောပစ္စည်းများကို လိုက်လံကြည့်ရှုစစ်ဆေး တောင်းယူခွင့်များကို အစိုးရ ကလိုက်လျောခွင့်ပြု ဆောင်ရွက်ပေးခဲ့ပါသည်။ သို့ရာတွင် ကျပန်တို့ လက်နက် ချအပ်ပြီး နောက်အင်္ဂလိပ် အစိုးရများက ရုတ်တရက် တိုင်းပြည်ကို ပြန်လည် အုပ်စီးခြင်း မပြုမီကာလအခိုက်အတန့်တွင်ပင် မသမာသူတို့က ကျပန်များ စွန့်လွှတ် လိုက်သော သတ္တုတွင်းမှ မိမိတို့ အလိုရှိရာပစ္စည်းများကို တိတ် တဆိတ် ယူငင်ကြကြောင်းကိုလည်း သိရှိရလေသည်။ ဤတွင်လည်းသတ္တုတွင်းများမှ ပစ္စည်း ပစ္စယများမှာလျော့ပါးခဲ့ပါသေးသည်။

ဤသို့လျှင် စစ်ပြီး ခေတ်တိုင်လာ၍ စစ်အတွင်းက သတ္တုတွင်းများ၌ အဆုံးအရှုံးတို့ကို တွက်ဆသော အခါ မြန်မာတပြည်လုံးတွင် သိန်းပေါင်း ၆၀၀-ထက် မနည်း ကြောင်းကို တွေ့ရှိခဲ့ ပေသည်။

ပြန်လည်ထူထောင်ရေးခေတ်

၁၉၄၆ခုနှစ်၌ သတ္တုတွင်းများကို သတ္တု တွင်း ပိုင်ရှင်များသည် စစ်ပြီးခေတ် ကုန်ဈေးနှုန်းများ အဆ

မတန်ကြေးမြင့်နေသောအကြောင်းမှပင် ပြန်လည်ထူထောင်ရန် ကြိုးစားကြရာပါသေးသည်။ သို့ရာတွင် ခရိုင်တခုလုံး၌အင်္ဂလိပ်အစိုးရတို့ထွက်ပြေးစဉ်က ဖျက်ဆီးခဲ့ခြင်း၊ လူပန်များ စိုးမိုးစဉ် ပြန်လည်ပြုပြင်ရန် လစ်ဟင်းခဲ့ခြင်း၊ လူမသမာတို့က စင်ကူးမတ်ကူး ကာလတို့တွင် လုယက်ယူငင်ခဲ့ခြင်း၊ ခရီးလမ်းပန်း ဆက်သွယ်မှု ချို့တဲ့ခြင်း၊ လိုအပ်သော စက်ကိရိယာနှင့်ပစ္စည်းများ ရှားပါးခြင်း၊ ပို့ဆောင်ရေး ယာဉ်များ နည်းပါးခြင်း၊ အလုပ်သမားများလျော့ပါးနေခြင်း၊ မြို့ရွာ ပြေဒဏ်ခြင်း စသော အခက်အခဲပေါင်းများစွာနှင့်ရင်ဆိုင်ခဲ့ရသော ပြန်လည်ထူထောင်မှုသည် နှေးကွေးကြန့်ကြာခဲ့ပါသည်။

၁၉၄၆ခုနှစ် ဒီဇင်ဘာလ ကုန်လွှင် ဤခရိုင်၌ ပြန်လည်ဖွင့်လှစ်၍ သတ္တုလုပ်ကိုင်နေသော သတ္တုတွင်းဦးရေမှာ (၁၀)မျှသာပင်ဖြစ်ပါသည်။ ၁၉၃၀ ခုနှစ်တွင် လုပ်ကိုင်နေသောသတ္တုတွင်း ဦးရေ(၂၅၆)နှင့် ၁၉၃၉ခုနှစ်မှဦးရေ(၂၆၃)တို့နှင့် နှိုင်းယှဉ်ပါလျှင်မည်မျှပျက်စီးဆုတ်ယုတ်ခဲ့သည်ကိုသိရှိနိုင်ပါသည်။ ၁၉၄၇ ခုနှစ်တွင် လုပ်ကိုင်နေသော သတ္တုတွင်းဦးရေ(၆၇)အထိတိုးတက်ခဲ့ပါသည်။

၁၉၄၈-ခုနှစ်လွတ်လပ်ရေးရရှိပြီးနောက် ရှေးသရော အခါကပင် လူမျိုးခြားတို့ လက်ဝါးကြီးအုပ်၍ လုပ်ကိုင်ခဲ့သော ဤသတ္တုတွင်း လုပ်ငန်းတွင် နိုင်ငံရင်းသားတို့က ပြန်လည်အုပ်စီးရန် အခါအခွင့် သင့်ခဲ့သည်ကို ရှေ့ရှု၍ သတ္တုတွင်းဦးရေ (၁၂၃)အထိပင် ဖွင့်လှစ်လုပ်ကိုင်ခဲ့ပါသည်။

သောင်းကျန်းမှုများ

ဤသို့ ပြန်လည် ထူထောင်ရေး လုပ်ငန်း များမှာ ၁၉၄၉-ခုနှစ် ပဌမ ၆-လ ကုန်ဆုံးသည်အထိပင် လုပ်ကိုင်ခဲ့၍ သတ္တုတွင်းဦးရေ(၁၃၁)အထိ တိုးတက်လုပ်ကိုင်နိုင်ကြ သော်လည်း ၁၉၂၉-ခုနှစ် ဒုတိယ ၆-လ အတွင်း၌ အမျေားအပြား တည်ရှိသော ပုလေဝမြို့နယ်အတွင်းမှစတင်၍ ကရင်သောင်းကျန်းဆူပူမှုများ ပေါ်ပေါက်ခဲ့လေရာ သတ္တုတွင်း တည်ရှိရာ ဒေသတို့မှာ များသောအားဖြင့် တောတောင် စိမ့်ပြင် ဒေသများဖြစ်၍ သောင်းကျန်းသူများ စိုးမိုးရာ နယ်အတွင်း၌ ကျရောက်သောစံုကြင့် ပြန်လည်ထူထောင် ပြီးစီးသမျှသော သတ္တုတွင်း တို့ကိုပင် လက်လွှတ်ခဲ့ရ ပြန်လေသည်။ ပြီးစီးသော ထူထောင်မှုလုပ်ငန်းနှင့် တပိုင်းတစ်မျှသာလျှင် ပြီးစီးသော လုပ်ငန်း ဟူသမျှမှာ သောင်းကျန်းမှုကြောင့် မြေမဲ့ သေက်သော အခြေအနေ၏ ဝဂယက်အတွင်း၌ နစ်မြုပ် ပျက်စီးလုမတတ် ဖြစ်ခဲ့ရပါတော့သည်။

၁၉၅၀-ခုနှစ်တွင် ၁၉၃၉-ခုနှစ် နောက်ပိုင်း အခြေအနေအတိုင်းပင်တည်ရှိရာမှ ပုလေဝမြို့နယ်ရှိ သတ္တုတွင်း အားလုံးကို ပိတ်ထားခဲ့ရသည်အထိပင် အခြေအနေ ဆုတ်ယုတ်ညံ့ဖျင်း လာခဲ့ပါသည်။ လုပ်ကိုင်နိုင်သော သတ္တုတွင်းဦးရေမှာလည်း သိသိသာသာပင် ကျဆင်းခဲ့၍ ဘုတ်ပြင်း မြို့နယ်အတွင်း နိုင်ငံရင်းသားနည်းနှင့် လုပ်ကိုင်သော သတ္တုတွင်းဦးရေ အနည်းငယ်တိုးလာသည်မှ တပါး သတ္တုတွင်း ကြီးများ ဦးရေလျော့ပါးလာခဲ့ပါသည်။

၁၉၅၁-ခုနှစ်တွင် သောင်းကျန်းသူ များ၏ ရန်မီးသည် ဘုတ်ပြင်းမြို့နယ်နှင့် တနင်္သာရီမြို့နယ် အတွင်းသို့ ပြန့်နှံ့ကူးစက် လာပြီးလျှင် ထိုမြို့နယ်များ၌ သတ္တုတွင်း အချို့ကို ပိတ်ထားခဲ့ရ ပြန်လေသည်။ ၁၉၅၂-ခုနှစ်တွင်မူ ဘုတ်ပြင်းမြို့နယ် ကမ်းမြောင် ဒေသရှိ သတ္တုတွင်း အားလုံးလိုလိုပင် ပိတ်ထားရ၍ ငှင်းမြို့နယ်တွင် ပဉ်ကပြုနှင့် ကရသူရိကျေးရွာ နယ်မြေများ အတွင်းရှိ သတ္တုတွင်းအချို့နှင့် လမ်းပိကျန်းပေါ်ရှိ သတ္တုတွင်း အချို့သာလျှင် လုပ်ကိုင်နိုင်ကြပါတော့သည်။

၁၉၅၁-ခုနှစ်မှာ ခဲမဖြူနှင့် အဖြိုက်နက် ဈေးများအငြင် ရိုင်၏အခြားလုပ်ငန်းတခု ဖြစ်သော ရော်ဘာဈေးနှုန်းများမှာ တဟုန်တည်း တိုးတက်ခဲ့လေရာ ခဲမဖြူတတန်လျှင် ၁၀၀၀၀/ဈေး အထိ အဖြိုက်နက် သတ္တုတတန်လျှင် ၂၀၀၀၀/ကျော် ဈေးမျှ အထိပင် တိုးတက်လာခဲ့သဖြင့် သောင်းကျန်းမှုများ မရှိ၍ ပြည်ရွာငြိသက်ခဲ့ပါလျှင် ဤခရိုင်၏ သတ္တုတွင်းလုပ်ငန်းနှင့် သက်ဆိုင်သူ ဟူသမျှမှာ နိုင်ငံတော် ဝန်ကြီးချုပ် မိန့်ကြားသည့်အတိုင်း ရွှေမိုး ငွေမိုးရွာသကဲ့သို့ အကျိုးစီးပွား တရှိန်ထိုး တိုးတက်မည်နှင့်အမျှပင် စစ်အတွင်းက အပျက်အစီးဟူသမျှကိုလည်း ခေတ်မီသောစက်ကိရိယာတို့ဖြင့် အစားထိုး၍ သတ္တုလုပ်ငန်းကိုလည်း ရှေးအထက် အရင် အခါများကထက် ပိုမို တိုးချဲ့၍ခမ်းနားကြီးကျယ်စွာ လုပ်ကိုင်နိုင်ကြမည်မှာ အမှန်ပင် ဖြစ်ခပသည်။ သို့ရာတွင် ဤခရိုင်ရှိ သတ္တုတွင်း လုပ်ငန်း၏

သမိုင်းတလျှောက်တွင် အသားထဲက လောက် ထွက်သော သွေးဆိုးများ၏ ဘေးဒါဏ်ကြောင့် တသက်တခါဆိုသလို ကြုံခဲ့သည့် အခွင့် အရေး ကြီးကို လက်လွတ်ခဲ့ရသည် အခြေနှင့် ကြုံခဲ့ရသည် နှင့်အမျှပင် သတ္တုတွင်းလုပ်ငန်းတွင် လုပ်ကိုင်ခဲ့သည့် ထောင်ပေါင်းများစွာသော သူတို့မှာလည်း မိမိတို့နှင့် မဆီ မဆိုင် မတတ်ကွမ်းသော လုပ်ငန်းများတွင် စိတ်ပါဝင်စားခြင်းကင်းမဲ့စွာဖြင့်အသက်မွေးဝမ်းကျောင်းအတွက် အောင့်အင်းလုပ်ကိုင်ရသော ဘဝသို့ရောက်ရှိစေတော့၏။ ဤမျှယူကြုံးမရဘွယ်အဖြစ် အပျက်ကို ဤခရိုင်၏ သတ္တုတွင်းလုပ်ငန်း၏ သမိုင်းစဉ်တွင် အဆိုးဝါးဆုံး ကဏ္ဍအဖြစ် ဤတွင်မှတ်တမ်းတင်ထား အပ်ပေသည်။

မြိတ်ခရိုင်ရှိသတ္တုများ

ဖေါ်ပြခဲ့သော ဘူမိဗေဒ စာပေရပ် အသီးသီးတို့အရ မြိတ်ခရိုင်တွင် တူးဖေါ် ရရှိနိုင်မည့် သတ္တုများမှာ ခဲဖြူ၊ နောက်စိမ်း၊ အဖြိုက်နက်၊ ရွှေ၊ ခဲမဲပ်၊ သံ၊ ကြေး၊ အင်တီမွန်နီ၊ ကျောက်မီးသွေးနှင့် လမ်းခင်းကျောက်များဖြစ်သည်ဟု ခဲမဖြူ၊ ခနောက်စိမ်း၊ အဖြိုက်နက်၊ ရွှေ နှင့် လမ်းခင်းကျောက်များကို စစ်မဖြစ်မီ ကာလ ကပင် တူးဖေါ်လုပ်ကိုင်လျက် ရှိပါသည်။ ကျန် သတ္တုများ အနက် တန်ဘိုး ရေးနှုန်းနှင့် ကုန်ကျမည့်ငွေကို တွက်ချက်ပါလျှင် အကျိုးမရှိလှ၍ငင်း သယ်ယူပို့ဆောင်မှု စရိတ်ကြီးလေးခြင်းကြောင့်ဝင်း ကျောက်မီးသွေးမှာ အသက်နှုန်းသေး၍ အသုံးပြုနိုင်လောက်အောင် ရင့်ကျက်ခြင်း မရှိသေးသောကြောင့်သော်ငင်း၊ လုပ်ကိုင်ခြင်း မရှိဟု သိရှိရပါသည်။ လက်ရှိသောင်းကျန်းမှုများ အခြေအနေ ငြိခဲ့ချမ်းခဲ့ပါလျှင်၊ အင်တီမွန်နီ ခေါ်သတ္တုကို စမ်းသပ်လုပ်ကိုင် ရန်သတ္တု တွင်းလုပ်ကိုင်သူအချို့က စိုင်းပြင်းလျက်ရှိကြောင်းကိုလည်းကြားသိရပါသည်။

သတ္တုတွင်းများ၏ စာရင်းအင်းများ

ဤခရိုင်ရှိ သတ္တုတွင်း များနှင့် စပ်လျဉ်း သော စာရင်းဇယားများကို နောက်ဆက်တွဲ စာရင်းတွင်အကျယ်တဝင့် ဖေါ်ပြပါရှိပါသည်။သို့ဖြစ်၍ အဆိုပါ စာရင်း မှကောက်နှုတ်ထားသော စုစုပေါင်း ဂဏန်းများကို သာလျှင်အောက်တွင်နှိုင်းယှဉ်ဖေါ်ပြအပ်ပါသည်။

Messrs. A. Sattar & Sons,

Dawazu Qtr. Mergui.

အစပ္ပဒုဆတ်တားအင်ဆန်း

ထားဝယ်စုရပ်–မြိတ်မြို့

We deal in Rations, Tinned Provisions
Medicines, Toilets, Perfumery etc.,
also best Quality Shweletwa,

Price Moderate

Trial solicited.

စားကုန်များ သံစည်သွတ် စားကုန်များ ရွှေလက်ဝါးရိုးလုံး
ဆေးအကောင်းဆုံးကို အဘိုးချိုသာစွာ ရနိုင်ပြီ
စမ်းသပ်ဝယ်ယူကြပါ။

ตารางแสดงจำนวนและมูลค่าการส่งออกสินค้าที่สำคัญของประเทศไทย ไปยังประเทศต่างๆ ในรอบ ๑๐ ปี

ประเทศ	ปี ๒๔๗๓		ปี ๒๔๗๔		ปี ๒๔๗๕		ปี ๒๔๗๖		ปี ๒๔๗๗		ปี ๒๔๗๘	
	จำนวน	มูลค่า	จำนวน	มูลค่า	จำนวน	มูลค่า	จำนวน	มูลค่า	จำนวน	มูลค่า	จำนวน	มูลค่า
	ตัน	บาท	ตัน	บาท	ตัน	บาท	ตัน	บาท	ตัน	บาท	ตัน	บาท
อังกฤษ	๑๕๓๕	๑๓๕๕๕๕๕	๑๕๕๕	๑๓๕๕๕๕๕	๑๕๕๕	๑๓๕๕๕๕๕	๑๕๕๕	๑๓๕๕๕๕๕	๑๕๕๕	๑๓๕๕๕๕๕	๑๕๕๕	๑๓๕๕๕๕๕
ฮ่องกง	๑๕๕๕	๑๓๕๕๕๕๕	๑๕๕๕	๑๓๕๕๕๕๕	๑๕๕๕	๑๓๕๕๕๕๕	๑๕๕๕	๑๓๕๕๕๕๕	๑๕๕๕	๑๓๕๕๕๕๕	๑๕๕๕	๑๓๕๕๕๕๕
ญี่ปุ่น	๑๕๕๕	๑๓๕๕๕๕๕	๑๕๕๕	๑๓๕๕๕๕๕	๑๕๕๕	๑๓๕๕๕๕๕	๑๕๕๕	๑๓๕๕๕๕๕	๑๕๕๕	๑๓๕๕๕๕๕	๑๕๕๕	๑๓๕๕๕๕๕
ฝรั่งเศส	๑๕๕๕	๑๓๕๕๕๕๕	๑๕๕๕	๑๓๕๕๕๕๕	๑๕๕๕	๑๓๕๕๕๕๕	๑๕๕๕	๑๓๕๕๕๕๕	๑๕๕๕	๑๓๕๕๕๕๕	๑๕๕๕	๑๓๕๕๕๕๕
อินเดีย	๑๕๕๕	๑๓๕๕๕๕๕	๑๕๕๕	๑๓๕๕๕๕๕	๑๕๕๕	๑๓๕๕๕๕๕	๑๕๕๕	๑๓๕๕๕๕๕	๑๕๕๕	๑๓๕๕๕๕๕	๑๕๕๕	๑๓๕๕๕๕๕
ออสเตรเลีย	๑๕๕๕	๑๓๕๕๕๕๕	๑๕๕๕	๑๓๕๕๕๕๕	๑๕๕๕	๑๓๕๕๕๕๕	๑๕๕๕	๑๓๕๕๕๕๕	๑๕๕๕	๑๓๕๕๕๕๕	๑๕๕๕	๑๓๕๕๕๕๕
สหรัฐอเมริกา	๑๕๕๕	๑๓๕๕๕๕๕	๑๕๕๕	๑๓๕๕๕๕๕	๑๕๕๕	๑๓๕๕๕๕๕	๑๕๕๕	๑๓๕๕๕๕๕	๑๕๕๕	๑๓๕๕๕๕๕	๑๕๕๕	๑๓๕๕๕๕๕
ฮอลันดา	๑๕๕๕	๑๓๕๕๕๕๕	๑๕๕๕	๑๓๕๕๕๕๕	๑๕๕๕	๑๓๕๕๕๕๕	๑๕๕๕	๑๓๕๕๕๕๕	๑๕๕๕	๑๓๕๕๕๕๕	๑๕๕๕	๑๓๕๕๕๕๕
เบลเยี่ยม	๑๕๕๕	๑๓๕๕๕๕๕	๑๕๕๕	๑๓๕๕๕๕๕	๑๕๕๕	๑๓๕๕๕๕๕	๑๕๕๕	๑๓๕๕๕๕๕	๑๕๕๕	๑๓๕๕๕๕๕	๑๕๕๕	๑๓๕๕๕๕๕
อิตาลี	๑๕๕๕	๑๓๕๕๕๕๕	๑๕๕๕	๑๓๕๕๕๕๕	๑๕๕๕	๑๓๕๕๕๕๕	๑๕๕๕	๑๓๕๕๕๕๕	๑๕๕๕	๑๓๕๕๕๕๕	๑๕๕๕	๑๓๕๕๕๕๕
เดนมาร์ก	๑๕๕๕	๑๓๕๕๕๕๕	๑๕๕๕	๑๓๕๕๕๕๕	๑๕๕๕	๑๓๕๕๕๕๕	๑๕๕๕	๑๓๕๕๕๕๕	๑๕๕๕	๑๓๕๕๕๕๕	๑๕๕๕	๑๓๕๕๕๕๕
สวีเดน	๑๕๕๕	๑๓๕๕๕๕๕	๑๕๕๕	๑๓๕๕๕๕๕	๑๕๕๕	๑๓๕๕๕๕๕	๑๕๕๕	๑๓๕๕๕๕๕	๑๕๕๕	๑๓๕๕๕๕๕	๑๕๕๕	๑๓๕๕๕๕๕
นอร์เวย์	๑๕๕๕	๑๓๕๕๕๕๕	๑๕๕๕	๑๓๕๕๕๕๕	๑๕๕๕	๑๓๕๕๕๕๕	๑๕๕๕	๑๓๕๕๕๕๕	๑๕๕๕	๑๓๕๕๕๕๕	๑๕๕๕	๑๓๕๕๕๕๕
สวิตเซอร์แลนด์	๑๕๕๕	๑๓๕๕๕๕๕	๑๕๕๕	๑๓๕๕๕๕๕	๑๕๕๕	๑๓๕๕๕๕๕	๑๕๕๕	๑๓๕๕๕๕๕	๑๕๕๕	๑๓๕๕๕๕๕	๑๕๕๕	๑๓๕๕๕๕๕
ประเทศอื่นๆ	๑๕๕๕	๑๓๕๕๕๕๕	๑๕๕๕	๑๓๕๕๕๕๕	๑๕๕๕	๑๓๕๕๕๕๕	๑๕๕๕	๑๓๕๕๕๕๕	๑๕๕๕	๑๓๕๕๕๕๕	๑๕๕๕	๑๓๕๕๕๕๕
รวมทั้งสิ้น	๑๕๕๕	๑๓๕๕๕๕๕	๑๕๕๕	๑๓๕๕๕๕๕	๑๕๕๕	๑๓๕๕๕๕๕	๑๕๕๕	๑๓๕๕๕๕๕	๑๕๕๕	๑๓๕๕๕๕๕	๑๕๕๕	๑๓๕๕๕๕๕

စစ်ပြီး ခေတ်တွင် မည်သည့် ကုန်ပစ္စည်းမဆို ဈေးနှုန်းကြီးမြင့်နေသည်တွင် ထပ်ဆင့်၍ ၁၉၅၀-၅၁ ခုနှစ်များ၌ ဖေါ်ပြပြီးခဲ့သည့်အတိုင်း သတ္တုဈေးနှုန်း များများစားပင်ကောင်းမွန်ခဲ့သဖြင့်၊ အထက်ပါနိုင်းယှဉ်ချက်ဇယားတွင်ဖေါ်ပြအပ်သော ဝင်ငွေသို့မဟုတ်တန်ဘိုးဂဏန်းများကို တစုံတရာ ပမာဏမထားသင့်ပါ တန်ဘိုးမှာ စင်စစ် ကုန်ဈေးနှုန်းများ၏ အတက်အကျကိုမှီငြမ်းပြု၍ နိမ့်ချို မြင့်ချို ဖြစ်တတ် သည်မှာ ဓမ္မတာသာလျှင်ဖြစ်ပါ၍ စီးပွားရေး၏ အခြေအနေအစစ်အမှန်ကိုအကဲခတ်သူသည် ကုန်စည် ထုတ်လုပ်မှု တိုးတက်သည်လော့ပါးသည်ဟူသော ထွက်ကုန်ပမာဏကိုသာလျှင် အဓိကထား၍ စီစစ်ရန်လိုအပ်ပါသည်။ ထိုအတူသာလျှင် သတ္တုတွင်းများအပေါ်၌ ကောက်ယူသော အကောက်အခွန်များသည်လည်း တိုင်းပြည်၏ ဝင်ငွေဖြစ်စေကာမူ ပခါနထားရန် လိုအပ်မည်မဟုတ်ပါ ၎င်စစ် ကုန်ပစ္စည်း ထုတ်လုပ်ခြင်း တိုးတက်သည်နှင့်အမျှသာလျှင် အခွန်အခများ များပြားလာမည်မှာ မလွဲမရှောင်သာ ဖြစ်သော ကိစ္စတရပ်ဖြစ်၍ အခွန်အခ အနေအားဖြင့် ဝင်ငွေ တိုးတက်မှုမှာလည်း ကုန်ပစ္စည်းထုတ်လုပ်မှု၏ ဟိုးတက်မှ ဆုတ်ယုတ်မှုတို့တွင်မှီ ငြမ်းပြုနေပါကြောင်း သိရှိနိုင်ပါသည်။

ယွင်းယှဉ်တင်ပြအပ်သော ဇယားကိုဝေဘန်ပါလျှင် စစ်ပြီး ခေတ်တွင် လုပ်ကိုင်သော သတ္တုတွင်း ဦးရေမှာ စစ်မဖြစ်မီကစံချိန်၏ ထက်ဝက်ကျော်မျှ နည်းပါးခဲ့သည်ကို အကြောင်းပြု၍ သတ္တုတွင်း အလုပ်သမားများ၏ ဦးရေမှာလည်း ထိုအချိုးကျသို့တည်း ဟုတ်များသောအားဖြင့် ထိုအချိုးထက်ပင် လျော့ပါးလျက်ရှိပါသည်။ သို့ဖြစ်၍ စစ်မဖြစ်မီကသတ္တုတွင်း အလုပ်သမားအားလုံးအနက် အချို့မှာ သတ္တုတွင်းလုပ်ငန်းမှ မလုပ်ကိုင်ရသည်ဖြစ်၍ အခြားလုပ်ငန်းရပ်များတွင် လုပ်ကိုင်၍ သမုဒ္ဒရာဝမ်းတထွာဂ့ုဖြစ်သည်အားလျော်စွာ မြည့်တင်း နေရကြောင်း ထင်ရှား သိသာနိုင်ပါသည်။

သတ္တုအထွက် တန်ချိန်များမှာလည်းစစ်ပြီးနှစ်များတွင် ပြန်လည် တူထောင်ရေးကာလသည်း တဘက်မှ ရွက်ဆောင်နေရခြင်းကြောင့် တဝက်ဝကျော်မျှနည်းပါး ခဲ့ရပါသည်။ ဤသို့တဝက်ကျော်မျှ နည်းပါးခဲ့ရသဖြင့်လည်း အမှန်အားဖြင့် ဒင်ပြည့် ကျပ်ပြည့်တွက်မည်ဖြစ်ပါလျှင် ရရှိမည် ဖြစ်သော တန်ဘိုး ဝင်ငွေမှာ အချို့ကပင် ယုတ်လျော့ခဲ့ရပါသည်။ သို့ပါ၍အကျဉ်းအားဖြင့်ဆိုပါလျှင် စစ်ပြီးခေတ်တွင် သတ္တုတွင်းလုပ်ငန်းသည်တဝက်ကျော်မျှပင်ပျက်စီးယုတ်လျော့လျက်ပင်ရှိသေးပါသည်။

ဤတွင် အထူးသဖြင့် ဘော်ပြလိုသည်မှာ ၁၉၄၇ ခုနှစ် လောက်ဆီမှစ၍ ပြန်လည် ထူထောင်မှုကို အပြီးသတ်ဆောင်ရွက်ပြီးစီးခဲ့သော သဘော့လိပ် ခဲကုမ္ပဏီပိုင်၏ ခဲသတ်ဘေသည် စစ်ပြီး နှစ်များတွင် စစ်မဖြစ်မီကထက် သတ္တုအထွက် ပိုမိုလာခဲ့သည်အား လျော်စွာ တန်စွင့်လျှင် ခဲမဖြူသတ္တု တန်ချိန် ၈၀၀မှ ၉၀၀ အထိပင် ထွက်ရှိခဲ့သည်ကို ထောက်ရှုပါလျှင် စစ်ပြီးခေတ်၌ နိုင်ငံရင်း သားများပိုင် အခြားသော သံတွုအထွက်ပမာဏမှာ သိသိသာသာပင် ဆုတ်ယုတ်နေသည်မှာ ထင်ရှားနေပါသည်။

လုပ်ငန်းတိုးတက်ရေးအတွက်လိုအပ်သည်များ

ဤသို့လျှင် လောကဓံတရား၏ စီမံရာကို ခံရသည်အားလျော်စွာ ဤရိုင်၏ ဝင်ငွေပမူစီးပွါးရေး တရပ် ဖြစ်သော သံတွုလုပ်ငန်းမှာလည်း သောင်းကျန်းမှုများ၏ အဖျက်အဆီးများအကြားတွင် မွေးမြို့ကျ ဆုံးနေခဲ့ ရပြီ ဖြစ်ပါသည်။ ''ပြည်တော်သာမြေ'' ဟု ကြွေးကျော်လွှက်ရှိသော ပြည်တော်သာ စီမံကိန်းများမှာ မမြို့မဖြစ်သော လူထုသက်သာချောင်ချိမှု လုပ်ငန်း အရပ်ရပ်ကို အင်တိုက်အားတိုက် မဆောင်ရွက်နေသည်အားလျော်စွာရှိပြီး ဖြစ်ပါလျက် အခါမသင့်အခွင့်မသာ၍ မွေးမြို့နိုင်တိမ်မြုပ်နေရသော ဤလုပ်ငန်း၏ ပြန်လည်ထူထောင်မှုကို ပိုမို ချီးမြှင့်အားပေးထိုက်သည်သာဖြစ်ပါ၏။

အကြမ်းအားဖြင့် ဤလုပ်ငန်းကို စစ်ဆေးရပါလျှင် ဆုပူသောင်းကျန်းမှုများ ပပျောက်လာပြီးသည့် နောက် ပိုင်းတွင် လိုအင်လွှက်ရှိမည်ဖြစ်သော ကိစ္စ အရပ်ရပ်တို့မှာ-

၁။ **ငွေပင်ငွေရင်း**။ ''လုပ်ငန်းကို ပြန်လည် ထူထောင်မှု အတွက် ဖြစ်စေ၊ တိုးတက်အောင် ချဲ့ထွင်ရာ၌ဖြစ်စေ၊ မြို့ပြန်နှံရန်လိုအပ်သည်မှာ ငွေပင် ငွေရင်းပင် ဖြစ်ပါသည်။ အချို့သော သတ္တုတွင်းတို့မှာ ခေတ်မှီစက်ကိရိယာတို့နှင့် လုပ်ကိုင်ပါက အမှန်ပင်ဖြစ်မြောက်အောင်မြင် အကျိုးခံစားရတွယ် ရှိသော်လည်း သတ္တုတွင်း ပိုင်ရှင်တို့က မှတည်ငွေရင်းကို မစိုက်ထုတ်နိုင်ခြင်းကြောင့် အကျိုးရှိသင့်သလောက် အကျိုးမရှိဘဲ

ဆုံးရှုံးနေကြပါသည်။ ၎င်းတို့မှာ များသောအားဖြင့် သတ္တုလုပ်ကိုင်ရန် ရေလုံလောက်စွာရရှိမှု ချို့ယွင်းလျက်ရှိတတ်လေရာ သဘာဝအားဖြင့် နိုင်ငံရင်းသားနည်းဖြင့် ရေသွယ်ယူမရရှိနိုင်ခြင်းကြောင့် သတ္တုတွင်းများမှာ ထွက်သင့်သလောက် သတ္တုမထွက်သည်ကို သိရှိရပါသည်။ ၎င်းသတ္တုဘွင်းတို့တွင် များသောအားဖြင့်၊ ချောင်းရေများကို စက်ဖြင့်တင်ယူ လုပ်ကိုင်နိုင်ပါလျှင် အကျိုးရှိမည်ပင် ဖြစ်သော်လည်း ထိုစက်ကိရိယာအတွက် ငွေပင်ငွေရင်း မမြှုပ်နှံနိုင်၍ ဖြစ်ကတတ်ဆန်း လုပ်ကိုင်နေရခြင်းဖြစ်လေရာ ဤသို့သော ကိစ္စရပ်တွင် ၎င်း ပြန်လည် ထူကောင်ရေး တွင်၎င်း၊ နိုင်ငံတော်အစိုးရ၏ ချေးငှါး ထုတ်မံသော ငွေရင်းကို လိုအပ်ပါသည်။

၂။ **လမ်းပန်းဆက်သွယ်မှုများ။** ။သတ္တုတွင်းလုပ်ငန်းတွင် အရေးကြီးသော အချက်တခုအနေအားဖြင့် ရွှေးပဓေသကိမ္မစ၍ပေါ်လွင် နေသော ကိုစွတရပ်မှာ လမ်းပန်းဆက်သွယ်မှုပင်ဖြစ်ပါသည်။ သတ္တုတွင်းကောင်းများစွာတို့မှာ စင်စစ်သတ္တုတွင်း ရှာဖွေစမ်းသပ်သူတို့၏ နှံစပ်ကျမ်းကျင်မှုကြောင့် တွေ့ရှိလာရခြင်း နည်းလှပါသည်။ အခါများစွာပင်တောတွင်းဦ ဝှမ်းလည်သော မုဆိုးများ၊ ကရင်လူမျိုးများ၊ တောနေလူများတို့ကထုတ်ဘော်ညွှန်ကြား၍တွေ့ရှိခဲ့လေရာများသော့အားဖြင့် သတ္တုတွင်းတို့မှာ ခရီးလမ်း မသင့်သော တောကြီး တောင်ကြီးများတို့အလယ်ဦသာ ကျရောက်နေတတ်ပါသည်။ ဤလုပ်ငန်း၏ အောင်မြင်မှုမှာ စင်စစ်အားဖြင့် သတ္တုကို အနည်းဆုံးသော ကုန်ကျစရိတ်ဖြင့် ထုတ်ယူ ရရှိနိုင်မှုပင် ဖြစ်လေရာ သတ္တုတွင်း အများမှာ သယ်ယူ ပို့ဆောင်မှု စရိတ်စက ကြီးမား၍ အကျိုးရှိသင့်သမျှ မရှိကြပါ။ ဤခရိုင်အတွင်း ရှိသတ္တုတွင်းများအတွက် အသုံးဝင်နေသော ကုန်းလမ်းများကို ကြည့်ရှုပါလျှင်-

(၁)	တနင်္သာရီ သဘော့လိပ်လမ်း	၁၀မိုင်။
(၂)	ဆင်ဒင်-တကူလမ်း	၁၃မိုင်။
(၃)	ပလောက် ကထောင်းနှိ ကမြုပြင်	၁၂မိုင်။
(၄)	ကျောက်ဖြူတောင်-အင်္ဂမြေ	၁၄မိုင်။
(၅)	မလိဝမ်းသတ္တုတွင်းလမ်း	၃၀မိုင်။
		၀၇မိုင်။

အစုစုပေါင်း ၀၇ မိုင်မျှ ဖြစ်ပါသည်။ ၎င်းတို့မှာ အင်္ဂလိပ် အစိုးရလက်ထက်ကပင်ဖောက်လုပ်ထားသော လမ်းများ ဖြစ်ပါသည်။ စစ်ပြီး ခေတ်တွင် တနင်္သာရီ သဘော့လိပ်လမ်းတခုသာလျှင် သဘော့လိပ် ကုမ္ပဏီမှ နှစ်စဉ် ပြုပြင်ထား၍ ကောင်းမွန်နေပါသည်၊ ကျန်ရှိသော လမ်းများမှာ များစွာ ပြုပြင်ရန် လိုအပ်ပါသည်။ ထိုအတူပင် ဂျပန်များ ဖောက်လုပ်ခဲ့သော တနင်္သာရီမို့တောင်လမ်းမကြီးကို ပြုပြင်ရန် လိုအပ်ပါသည်။

သတ္တုတွင်းများ၏ သယ်ယူပို့ဆောင်မှု စရိတ်စကနှင့် ခရီးလမ်း၏ နှေးကွေး ကြန့်ကြာမှုအတွက် အခက်အခဲများကို ကျော်လွှန်ရန်မှာ လမ်းများကို တတ်နိုင်သမျှ တိုးချဲ့ဖောက်လုပ်ခြင်းသာလျှင်ဖြစ်ပါသည်။ ဤတွင် တိုက်ရိုက်အားဖြင့်အကျိုးခံစားရမည်ဖြစ်သော သတ္တုတွင်း ပိုင်ရှင်များကလည်း နိုင်ငံတော်အစိုးရနှင့် အတူလက်တွဲ၍ ဆောင်ရွက်ကြ လိမ့်မည်ပင်ဖြစ်ရာ နှစ်ဦးနှစ်ဝအကျိုးရှိမှုကို လွယ်လွယ်ကူကူပင်ဆောင်ရွက်နိုင်လိမ့်မည်ဟု မျှော်လင့်ရပေသည်။

ထူးခြွန်လာမည့် အချက်တရပ်မှာ တနင်္သာရီ၊ မို့တောင်လမ်း မကြီးကို ပြန်လည်ပြုပြင်၍သာကောင်းမွန်လာခဲ့ပါလျှင်၊ ၎င်းလမ်းကြီး၏ ခဲယာတို့ရှိ တောကြီးတောင်ကြီးများအတွင်းမှ သတ္တုတွင်းကောင်းများ အများအပြားပင် ပေါ်ထွန်းလာမည့်အလား အလာများရှိပါသည်။ ထိုအတူပင် ကော့သောင်းမြို့ပါချုန်မြစ်ကမ်းပါးတလျှောက်တွင် မလိဝမ်းရွာမှဆက်လက်၍မြောက်ဘက်ရှိ ဘန်းဟူ နိစသော သတ္တု တွင်းများသို့ ၎င်းဘုတ်ပြင်းမြို့နယ် လေညာရွာမှ နတ်မြင်း သတ္တုတွင်းဆီသို့ပင်း လမ်းများဖောက်လုပ်နိုင်ခဲ့ပါလျှင် ယိုးဒယားမြန်မာနယ်စပ်၏ လုံခြုံမှုမှာ ယခုထက်ပင် ပိုမိုကောင်းမွန်လာသိမ့်မည် အပြင် ထိုလမ်းများ၏ ဝဲယာတို့တွင်လည်း သတ္တုတွင်းကောင်းများ ပေါ်ပေါက်လာဘွယ်ရာရှိပါသည်။ ခရီးလမ်း ညှို့ဖျင်းသဖြင့် သတ္တုများအဖောက်အသင့်တွေ့နိုပါလျက် မလုပ်မကိုင်နိုင်ဆသော ဒေသများ ဤခရိုင်အတွင်း၌များစွာပင်ရှိသေးလေရာ သတ္တုလုပ်ငန်း၏ တိုးတက်မှုအတွက်လမ်းများ ပိုမိုဖောက်လုပ်ရန်အမှန်လိုအပ်လျက်ရှိပါသည်။

ထား၀ယ် ခရိုင်သည် မြိတ်ခရိုင်ထက် ယခုအချိန်အထိ သတ္တုအထွက်တွင် များပြားပိုမိုခဲ့ရခြင်းမှာလည်း လမ်းပန်းဆက်သွယ်မှုသာလွန်၍သာလျှင် ဖြစ်ပါသည်။ ဘူမိဗေဒ စာပေရေးအသီးသီးတို့ အရသော်၎င်း၊ ယခု

အချိန်သို့ တွေ့ရှိလုပ်ကိုင်နေသော သတ္တုတွင်းများကို ကြည့်ရှုဝေဘန်ခြင်းဖြင့် သော်၎င်း၊ တနင်္သာရီ ရိုးမတောင်နှင့် နီးကပ်နိုင်သမျှ နီးကပ်သော သတ္တုတွင်းများမှာ အခြားသောသတ္တုတွင်းများထက် သတ္တုထွက်ပိုမိုသည်ကို သိရှိနိုင်ပါသည်။ သို့ပါ၍ ရှေးပဝေသဏီ ဧရာပင် မြန်မာ-ယိုဒယား နယ်စပ်အရောက် လမ်းများဖောက်လုပ်တည်ရှိခဲ့သော ထားဝယ်ခရိုင်တွင် ရိုးမတောင်တန်းတလျောက်၌ သတ္တုတွင်းကောင်းများစွာကိုတွေ့ရှိသည်ဖြစ်၍ သတ္တုအထွက်ပိုမိုခဲ့ပေသည်။ မြိတ်ခရိုင်တွင်လည်း ထိုသို့တနင်္သာရီရိုးမတောင်ဆိုသို့ လမ်းများဖောက်လုပ်နိုင်ပါလျှင် မြိတ်ခရိုင်၏ သတ္တုလုပ်ငန်းအခြေအနေမှာ ယခုထက် ပိုမိုကောင်းမွန်လာရမည်ပင် ဖြစ်ပါသည်။ ဤသည်ကို ထောက်ရှု၍လည်း တနင်္သာရီမို့တောင်လမ်း၏ အရေးကြီးပုံကို သာမိုသင့်လှပေသည်။

၃။ **ဘူမိဗေဒစာဓပရဝိများ။** ။လွန်လေပြီးသောအခါက ဘူမိဗေဒပါရဂူတို့သည် မြိတ်ခရိုင်အတွင်း၌ သတ္တုနှင့်စပ်လျဉ်း၍ တွေ့ရှိချက်တို့ကို ရေးသားထုတ်ဝေခဲ့သော စာရွက်စာတမ်းများအနက် အစိုးရဘူမိဗေဒပါရဂူမစ္စတာ၊ ဂျေဂျေ၊ အေ၊ ပေ့ (Mr. J.J.A. Page) ဆိုသူ၏ ၁၉၀၇-၀၈ ခုနှစ်များ အတွင်း၊ မြိတ်ခရိုင် အတွင်း၌ လှည့်လည်စုံစမ်း အစီရင်ခံစာမှာ နောက်ဆုံးဖြစ်၍၊ ၎င်းနောက်တွင်မူ ယခင်ကရေးသားခဲ့ပြီးသော စာရွက် စာတမ်းများမှ ကောင်းနိုး ရာရာကို ထုတ်ဘော်ရေးသားချက်များသာ တွေ့ရှိခဲ့ပါသည်။

ထူးဆန်းနေသောအသွင်တရပ်မှာ ထိုထိုသော ဘူမိဗေဒစာပေရပ်များ၌ မြေပုံများဖြင့် ကူးကျနှုန်းဖေါ်ပြပါရှိခြင်း နည်းပါးပြီးလျှင် မြိတ်ခရိုင်အတွက်မှာ လုံးဝပင် မတွေ့ရှိခဲ့ပါ။ တည်နေရာ တရင်းရပ်ကို ဘော်ပြရာ၌ မြေပုံကိုသာလျှင် အဓိကသဟဲပြုရလေရာ မြေပုံမပါ စာချည်းသက်သက် ရေးသားဖေါ်ပြချက်တို့မှာ၊ ဆားမပါသည့်ဟင်းကဲ့သို့သာလျှင် လိုရင်းသို့မရောက် ပေါ့ပျက်ပျက် နိုင်လှပါသည်။ ဤတွင် ဘူမိဗေဒပါရဂူ ဘို့စူးစမ်းလေ့လာစဉ်က ဤခရိုင်အတွက် အိန္ဒိယမြေတိုင်း ဌာနမှ တိုင်းတာပြီးသော၊ မြေပုံများမရှိသေး၍ ဖြစ်ပေလိမ့်မည်ဟုသာ တွေးထင်ဘွယ်ရာ ရှိပါသည်။ အမှန်မှာ ၎င်းတို့က သတ္တုများတွေ့ရှိသည်ဟု ဘော်ပြသောဒေသအားလုံး လိုလိုပင် ယခုအခါသတ္တုများ လုပ်ကိုင်လျက် ရှိကြပြီဖြစ်၍၊ ၎င်းတို့မရောတ် ပေါက်ခဲ့ဟုန် တူသော တနင်္သာရီရိုးမတောင်နှင့် နီးကပ်သော နယ်စပ်ဒေသ တလျောက်ကို နိုင်ငံတော်အစိုးရ ဘူမိဗေဒပါရဂူများက လှည့်လည် စစ်ဆေး၍ စာရွက်စာတမ်းများ ထုတ်ဝေရန် အချိန်တန်ပေပြီ။

၄။ **ကျမ်းကျင်သူပါရဂူများ။** အဖြိုက်နက် မူးကို ထားဝယ်ခရိုင်၌ တူးဖေါ်စက လုပ်ငန်းတိုးတက်မှုကို ရည်စူး၍ အင်္ဂလိပ်အစိုးရတို့က ရှေးဦးစွာ ဘူမိဗေဒနှင့် သတ္တုလုပ်ငန်းမှတွင် ကျွမ်းကျင်သူ တယောက်၊ ၎င်းနောက် လက်ထောက်တယောက်နှင့်အကူအညီများကို ၁၉၀၇-၀၀ခုနှစ်ဆီမှစတင်ထား၍၍၊ ဓာတ်သတ္တုများကို စစ်ဆေးရန် ခဲတံခွဲရုံတခုလည်း ထားရှိခဲ့ လေသည်။ ၎င်းတို့သည်ဘူမိဗေဒဆိုင်ရာ စုံစမ်းမှုအရေးရပ်ကို ကျွန်စွာ ဆောင်ရွက်ခဲ့သည်သာမဟု၊ သတ္တုတွင်း လုပ်ကိုင်သူတို့အား လိုအပ်သောအကူအညီ အကြံဉာဏ်များကို ပေးခြင်းဖြင့် သတ္တုတွင်းလုပ်ငန်းတွင် အဘိုးတန်သော အကူအပံ့များကို ဖြစ်စေခဲ့လေသည်။

မြိတ်ခရိုင်၏ သတ္တုတွင်း လုပ်ငန်းများကို ပြန်လည် ထူထောင်၍ ခေတ်မှီသော အဆင့်အတန်းသို့ မြှင့်တင်ရန်အတွက် ထိုသို့သောပါရဂူများကို လိုအပ်လျက်ရှိပါသည်။ နိုင်ငံတော်အစိုးရသည် ထိုပါရဂူ များကို နိုင်ငံရင်းသားများ အထဲမှ ရရှိရန်ခဲယဉ်းပါလျှင် နိုင်ငံခြားမှပင် ရှာဖွေ၍ ထားရှိရန် တိုက်တွန်းလိုပါသည်။ ယခုအချိန်အထိ ဤခရိုင်၏ သတ္တုလုပ်ငန်းမှာ ဤသို့ ကျွမ်းကျင်သော ပါရဂူတို့၏ အကူအညီ မရရှိခဲ့သဖြင့် တိုးတက်မှုရှိသင့်သလောက် မရှိသေးသည်သာမက ဆုံးရှုံးခဲ့သူများလည်း များစွာပင်ရှိခဲ့ပြီ ဖြစ်ကြောင်းကို အထူးခြွေထွင်ရန် လိုအင်မည်မဟုတ်ပါ၍ အဆိုပါ ပါရဂူများကို၊ မြောက်ထားဝယ်ခရိုင် နှစ်ခုအတွက်ဖြစ်စေ၊ တခုခိုအတွက် ဖြစ်စေ သီးသန့်ထားရှိ သင့်ပေသည်။

၅။ **ကျမ်းကျင်သော အလုပ်သမားများ။** သတ္တုတွင်း လုပ်ငန်းကို တိုးချဲ့ လုပ်ကိုင်ရန် အတွက် ကျွမ်းကျင်သောအလုပ်သမားများ၊ စီမံအုပ်ချုပ်သူများကို အထူးပင်လိုအပ်လျက်ရှိပါသည်။ ၎င်းတို့မှာ ဤလုပ်ငန်းအတွက် မရှိမဖြစ်သော လက်တွေ့ ပညာသည်များဖြစ်လေရာ၊ ထူးချွန်သော သူတို့အား ရွေးချယ်၍ နိုင်ငံခြားသို့ပညာတော်သင်များအဖြစ် စေလွှတ် သင်

ကြားစေပြီးလျှင် နောင်တွင်ဘူမိဗေဒ ပညာရပ်များနှင့် လက်တွေ့သတ္တုတွင်းလုပ်ကိုင်မှုဆိုင်ရာ ပညာရပ်များကို နိုင်ငံတော်အတွင်း၌ သီးသန့်ကျောင်းတခု ဖွင့်လှစ် နိုင်သည်အထိ နိုင်ငံတော်အစိုးရက ကြိုးစား ဆောင်ရွက်သင့်ပေသည်။ သို့မှသာလျှင် နောင်သတ္တုတွင်းလုပ်ငန်းကို တိုးချဲ့သုပ်ကိုင်လာသော အခါတွင်ဖြစ်စေ၊ သတ္တုလုပ်ငန်းကို ပြည်သူပိုင် လုပ်သော အခါတွင် ဖြစ်စေ၊ လိုအပ်သော ကျွမ်းကျင်သည့် အလုပ်သမားများ၊ ပညာသည်များကို နိုင်ငံရင်းသားထဲမှ ရရှိနိုင်ပါလိမ့်မည်။

၆။ စက်ကိရိယာများ။ စစ်ဖြစ်ပြီးနောက် နိုင်ငံတော် အစိုးရက ထုတ်ငှေခဲ့သော သတ္တုတွင်း နှစ်ချုပ် အစီးနင်းခံစာများ အရ သတ္တုတွင်းများ ပြန်လည် ထူထောင်မှုသည် လိုအပ်သောက်ရိယာများ ရှာပါးခြင်း၊ အဆမတန်စျေးကြီးခြင်းတို့ကြောင့် နှောင့်နှေးကြန့်ကြာခဲ့ကြောင်း သိရှိရပါသည်၊ ပမာဆိုသော် စစ်မဖြစ်မီက လက်မဝက်ထူသော သံပြားများကို ထားဝယ်မြို့၌ ပိုက်လုံးများပြုလုပ်၍ ရောအားဖြင့် ငြှောက်ပို့သော မော်နီတာ (Monitor)များအတွက် ရေသွယ်ယူရန် လုံလောက်စွာ ရရှိခဲ့ပါသည်။ သို့သော် စစ်ပြီးခေတ်၌မူ မရရှိနိုင်တော့ပါ။ အနည်းငယ်မျှ ခေတ်မှီသော ကိုဒုယာစက်မှုသမားကို အစားထိုးလိုပါလျှင် နိုင်ငံခြားသို့ မှာယူရသည်အထိပင် နိုင်ငံတွင်း၌ ရှားပါးနေပါသည်။ ဤတွင်ရှိုင်တွင်း၌ နိုင်ငံရင်းသားနည်းဖြင့် လုပ်ကိုင် နေသော သတ္တုတွင်းများ၏ ရှေ့သို့တဆင့်တိုး၍ ခဲ့ထွင် ရန်မှာ ရေလုံလောက်စွာရနိုင်သော သတ္တုများ အတွက်တွင် ဆိုခဲ့သောပိုက်လုံးမျိုးဖြင့် ရေကိုသွယ်ယူ၍ လူအားဖြင့် မြေကိုတူးဖြိုမည့် အစား ရေအားဖြင့်ဖြိုသော မော်နီတာ ခေါ် ရေပန်းကိရိယာများကို အသုံးပြုရမည်ပင် ဖြစ်ပါသည်။ ထိုပြင်သတ္တုတွင်းသုံး အခြားသော ပစ္စည်းများလည်း အလွန်ပင် ဈေးကြီးမြင့်လျက်ရှိပါသည်။

သတ္တုတွင်း လုပ်ငန်းသုံး ပစ္စည်းများကို ဖေဖေဝါသီသီ သက်သက် သာသာနှင့် ရရှိနိုင်ရေးမှာ သတ္တုလုပ်ငန်း ပြန်လည်ထူထောင်မှုအတွက် အထူးပင် အရေးပါ အရာရောက်မည်ဖြစ်သည်ပြင် စစ်ပြီးခေတ် ပြန်လည် ထူဆောင်ပြီးသော လုပ်ငန်းများသည် သောင်းကျန်းမှု၏ဒဏ်ခံရသောအခါတွင် ကြေမွ ပျက်စီး ခဲ့ရပြီဖြစ်၍ သတ္တုလုပ်ငန်း ပြန်လည်ထူထောင်ရေးကို စိတ်ပျက် လွယ်ကူဖြစ်နေကြသော သတ္တုတွင်းရှင် များကို နိုင်ငံတော်အစိုးရက ပြန်လည် ထူဆောင်ရေး၌ တဖန် စိတ်ပါဝင်စားလာအောင် တာဘက်တလမ်း ကူညီလိုပါလျှင် သတ္တုတွင်း လုပ်ငန်းသုံး စက်ကိရိယာများ အတွက်တွင် သက်သာသော ဈေးနှုန်းဖြင့် ရရှိနိုင် စေရန် သွင်းကုန်ဥပဒေများနှင့် အကောက်တော်ခွန် များကို အဆိုပါပစ္စည်းများအတွက် လျော့ပေါ့ပေးခြင်း၊ ပစ္စည်းများကို ကန့်သတ်ထားသော ဈေးနှုန်းဖြင့် ရောင်းချစေခြင်းတို့ကို စီစဉ်ပေးသင့်ပါသည်။

ဤထက်ပိုမိုထိရောက်စွာ ၎င်းပစ္စည်းများကို သတ္တုတွင်း ပိုင်ရှင်တို့ သက်သာချောင်ချိသော ဈေးနှုန်းဖြင့် ဖေဖေဝါသီသီရနိုင်ရန်မှာ သတ္တုတွင်းပိုင်ရှင်များအသင်းသို့တည်းမဟုတ် "ထားဝယ်သတ္တုတွင်းများအဖွဲ့ချုပ်" ကဲ့သို့သောအသင်းများအား လျော့ပေါ့သောသွင်းကုန်ဥပဒေများ၊ အကောက်တော်ခွန် နှုန်းများဖြင့် သတ္တုတွင်းပိုင်ရှင်များ အတွက် လိုအင်သော ပစ္စည်း ပစ္စယများကို နိုင်ငံခြားမှတိုက်ရိုက် မှာယူ ဖြန့်ချီ စေသင့်ပါသည်။ သို့မှသာလျှင်လည်း စစ ၂ -ကြိမ်၊ သောင်းကျန်းသူတို့ အကြိမ်ကြိမ်ဖျက်ဆီးခဲ့သော ဤစီးပွားရေး လုပ်ငန်းသည် ဆောလျင်စွာ နလံထူနိုင်တော့မည် ဖြစ်ပါသည်။

၇။ စံပြသတ္တုတွင်းများ။ စံပြ ကျေးရွာများကို တည်ထောင်ပေးခြင်းအားဖြင့် ကျေးရွာများ၏နေထိုင်မှုအဆင့်အဘန်းကို တိုးမြှင့်ပေးနိုင်မည်သာ ဖြစ်ပါလျှင် သင့်လျော်သောဒေသ၌ သတ္တုတွင်းတခုကို စမ်းသပ်၍ နိုင်ငံတော်အစိုးရက စံပြသတ္တုတွင်း အနေ အားဖြင့် လုပ်ကိုင်ပြခြင်းဖြင့် သတ္တုလုပ်ငန်းကိုလည်း တိုးတက်စေနိုင်လိမ့်မည်ဟု မြော်လင့်ရပေသည်။ လက်ရှိ သတ္တုတွင်း လုပ်ကိုင်မှုမှာ ရွေးကျသောနည်းစနစ်များကြောင့် သော်၎င်း အုပ်ချုပ်စီမံမှု၊ လုပ်ကိုင်မှုတို့၌ ကျွမ်းကျင်ခြင်း လိုအပ်သေးသောကြောင့် သော်၎င်း၊ အောက်တန်းကျသူသည်သာမက သတ္တုတွင်း အလုပ်သမားတို့၏ နေထိုင်မှုအဆင့်အတန်းမှာ များစွာ နိမ့်ကျလှသက် သန့်ရှင်းစင်ကြယ်ရေး၊ ကျန်းမာရေး တို့၌ များစွာပင် ပြုပြင်ပေးရန် လိုအပ်နေပါသည်။ နိုင်ငံတော်အစိုးရက လည်း၊ သတ္တုတွင်းတိုင်းကို လှည့်လည်စစ်ဆေး အကြံပေး ညွှန်ကြားမှုကို စွေ့ဌအောင် ပြုလုပ် နိုင်လိမ့်မည်မဟုတ်သည့်အားလျော်စွာသင့်တော်သောနေရာများ၌ နိုင်ငံတော်အစိုးရပိုင် စံပြသတ္တုတွင်း များကို ဖွင့်လှစ်

လုပ်ကိုင် ပြုနိုင်မည်ဖြစ်ပါလျှင် လုင်ငန်း၏ တိုးတက်ကြီးပွား မှုကို တန်ဖိုးတလမ်းအားဖြင့် အထောက်အပံ့ဖြစ်စေလိမ့်မည်ဟု ယုံကြည်ရပေသည်

၈။ သတ္တုလုပ်ကိုင်ခြင်း။ ကေတီအေ အစီရင်ခံစာစာမျက်နှာ ၆၇-တွင် ဤခရိုင်၌တွေ့ရှိထားပြီးသော သတ္တုများနှင့်နေရာများကို ဘော်ပြ ပါရှိပါသည်။ ဤတွင် ရှာဖွေတွေ့ရှိသော ဧဒေသပေါင်း ၂၈-နေရာ အနက်၊ ဟန်ကပ္ပြ၊ ဟိုစန်မကောင်၊ ဆင်ဒင်၊ တက္ကု တို့မှ တပါး၊ ကျန်ရှိသော (၂၄)နေရာ တို့မှာAlluvial ခေါ် မြင့်သောဒေသများမှ ရေစီးအားဖြင့် သယ်ယူ ပို့ဆောင်ခဲ့၍ နိမ့်သောဒေသတွင် စုဆောင်း တည်ရှိနေသောသတ္တုများ တွေ့နိုင်သော ဒေသများသာလျှင် ဖြစ်ပေသည်။ ကရသူရိ၊ ခဲချောင်း၊ သိန္နောနှင့် တွင်တွေး ရွာများတဝိုက်တွင် ယခုလုပ်ကိုင်နေသောသတ္တုများ၏ အမျိုးအစားကို အခြိုပါ အစီရင်ခံစာ၌ တစုံတရာ မဘော်ပြ ထားသော်လည်း ၎င်းဒေသ များမှာလည်း Alluvial Deposit ခေါ် ဒေသပင် ဖြစ်ပါသည်။ သို့ဖြစ်၍ မြေတ်ခရိုင်ရှိ ယခုလုပ်ကိုင်နေသော သတ္တု များမှာ Alluvial Deposit မြေနိမ့်တွင်တည်ရှိသော သတ္တုများသာလျှင် များပြားပါသည်။

ဤခရိုင် Alluvial Deposit မှာ နှစ်မျိုး နှစ်စား ရှိပါသည်။ တမျိုးမှာ ထိုမြေနိမ့်တွင်တည်ရှိသော သတ္တုမြေသည် များစွာပင် ထူထပ် ကောင်းသဖြင့် အနက်ပေများစွာသို့သည်ကို အကြောင်းပြု၍ သဘော်လိပ် ကဲ့သို့ ခဲသင်္ဘောဖြင့် လုပ်ကိုင်နိုင် ပါသည်။ အခြားတမျိုးမှာ သတ္တုမြေသည် သဘော်လိပ် ကဲ့သို့ ခဲသင်္ဘော ခုတ်နိုင်လောက်အောင် ထူထပ် မကောင်းသဖြင့် ခဲသင်္ဘောဖြင့် လုပ်ကိုင်၍ အကျိုးမရှိပါ။ ဤခရိုင်၏ ဒုတိယအမျိုးအစား သတ္တုမြေမှာ ခဲသင်္ဘောဖြင့် လုပ်ကိုင်နိုင်သော သတ္တုမြေများထက် များပြားပါသည်။ ထိုပြင်များစွာသော ထိုသတ္တုမြေတို့မှာ မြစ်ချောင်း ပင်လယ် ကမ်းနားနှင့် နီးစပ်သဖြင့် ပင်လယ်ရေတက်ချိန်တို့တွင် ရေစုအောက်၌ နစ်မြုပ်၍ နေသော ဧဒေသများပါဝင်သဖြင့် များပြားပါသည်။

ထိုသို့ မြေနိမ့်၌တည်ရှိသော သတ္တုများကို ရယူရန် လုပ်ကိုင်နိုင်သောနည်းများမှာ (ခဲသင်္ဘောဖြင့်လုပ်ကိုင်ခြင်းမှတပါး)

(၁) ကျင်ခွက်ဖြင့် ကျင်ယူခြင်း။

(၂) ရေသွယ်ယူ၍ သတ္တုမြေကိုဖြိုပြီး ရေမြောင်းများ ချ၍ သတ္တုကိုရယူခြင်း။

(၃) ရေပန်း ကိရိယာဖြင့် သတ္တုမြေကို ဖြိုပြီး ရေမြောင်းချ၍ သတ္တုကိုရယူခြင်း။

(၄) မြေမျက်နှာပြင်ထက် နိမ့်သောမြေကိုဖြစ်စေ။ မြင့်သောမြေကိုဖြစ်စေ၊ ရေပန်း ကိရိယာဖြင့် သတ္တုမြေကို ဖြိုပြီ. ရေအားဖြင့် မြင့်သော နေရာ၌ တည်ရှိသော ပျဉ်မြောင်းသို့ ပို့ဆောင်၍ သတ္တုကို ရယူခြင်း။

(၅) မြေအောက် တူးဖေါ်နည်း။

(၆) DraglineExcavater ခေါ် မြေတူးစက်ဖြင့် သတ္တုမြေကို တူးဖေါ် သယ်ယူ၍ ရေမြောင်း ရှိရာသို့ ပို့ဆောင်ပြီး သတ္တုများကို ရယူခြင်း။

တို့ ဖြစ်လေရာ၊ ထိုသို့ တန်ဖေလျှင် နာရီ အနည်းငယ်စီမျှ ရှေ့အောက်တွင်နစ်မြုပ် နေတတ်သော မြေနိမ့်များတွင် ရှိသည့် သတ္တုကို လုပ်ကိုင်ရာ၌ အမှတ်စဉ် (၃) (၄) (၅) ရှိ နည်းတို့ကို အသုံးမပြုနိုင်သဖြင့် ဤရိုင်ဒ္ဒ ရှေးကျလှသော အမှတ်စဉ် (၁) နှင့် (၂) နည်းကို အသုံးပြုကြပါသည်။ သို့ရာတွင် ဤနည်းတို့ မှာလည်း သတ္တုမြေသည် ရေအောက်၌ နစ်မြုပ်နေသောအချိန်၌ မလုပ်ကိုင်နိုင်သဖြင့် အလုပ်ချိန် နည်း၍ အကျိုး မရှိလှပါ။ အမှတ်စဉ် (၆)ပါ နည်းမှာ ခေတ်မှီ စက်ကိရိယာကို အသုံးပြုရမည် ဖြစ်သည်ပြင် ဆိုခဲ့သောသတ္တုမြေ မျိုးကို အကျိုးဖြစ်ထွန်းအောင် လုပ်နိုင်မည့် အလားအလာ ရှိပါသဖြင့် ငွေပင်ငွေရင်း မှ,တည်နိုင်သူတို့က ဖြစ်စေ၊ နိုင်ငံတော်အစိုးရကဖြစ်စေ၊ စံပြအနေအားဖြင့် စမ်းသပ် လုပ်ကိုင်ရန် သင့်လျော်ပါလိမ့်မည်။ ဤမြေတူးစက်များဖြင့် လုပ်ကိုင် နည်းကို S.V. Griffith ရေးသော Alluvial Pros pecting and Mining စာမျက်နှာ ၁၁၂ မှ ၁၂၀ အထိတွင် အကျယ် တဝင့် ဖော်ပြထားပါသည်။

၉။ စိုပေါင်းလုပ်ကိုင်မှုများ။ သတ္တုလုပ်ကိုင်ရာ၌ လူအင်အားထက် သဘာဝ အလျောက် ရရှိနိုင်မည့် အင်အားကို သတ္တုတွင်း ပိုင်ရှင်တို့က ရှာဖွေကြလေ


၁၉၅၂ ခုနှစ်	၁၁၀၀၃၂၁၄ ပေါင်
၁၉၅၁ ခုနှစ်	၃၃၇၂၄၆၁၂ ပေါင် *
၁၉၅၀ ခုနှစ်	၁၂၂၅၅၆၃၆ ပေါင် *

(* ကော့သောင်းမှ တင်ပို့ ရောင်းချသော ရော်ဘာများပေါင်ချိန် ၇၆၉၀၀၀ ပေါင်မျှ ခန့်မှန်း ထည့်သွင်း ထားသည်)

နှစ်မျှသာ ဖြစ်လေရာ သောင်းကျန်းမှု များကြောင့် ရော်ဘာထွက် ပေါင်ချိန်မှာ ယုတ်လျော့ လျက်ပင်

ရှိနေကြောင်းသိရှိနိုင်ပါသည်၊ အထူးသဖြင့်မှာ ပုလော်မြို့နယ်အတွင်းရှိ ရော်ဘာခြံများစွာတို့မှာ သောင်းကျန်းမှုများကြောင့် မလုပ်ကိုင် နိုင်ကြခြင်းကြောင့် ဖြစ်လေသည်၊ ဖျမ်းမျှခြင်းအားဖြင့် မြေတ်ခရိုင်၏ ထွက် ရော်ဘာတန်ချိန်မှာ ၅၂၅၀ နှင့် ၆၁၀၀-ခန့် အတွင်းဖြစ်လေရာ မြန်မာတပြည်လုံး၏ ရော်ဘာထွက် တန်ချိန်၏ တဝက်မျှပင် ရှိလေသည်။

မြေတ်ခရိုင် ရော်ဘာများမှ ဝင်ငွေ

ရော်ဘာ စေးနှုန်း ကောင်းမွန် ခဲ့သော ၁၉၅၀-ခုနှစ်မှ ၁၉၅၂-ခုနှစ်များ အတွင်း၌ ရော်ဘာတပေါင်လျှင် တကျပ်မှ စတင်တိုးတက်ပြီးလျှင် ၃-၀၀ အထိပင် အဘိုးရခဲ့သဖြင့် မြေတ် ခရိုင်၏ ရော်ဘာခြံ များမှ ဝင်ငွေမှာ စုစုပေါင်း ဖျမ်းမျှခြင်းအားဖြင့် တန်၄၀လျှင် (၂) ကုဋေကျော်မျှ ဖြစ်ပါသည်၊ သာမန်နှစ်များ၏ ဝင်ငွေမှာ ၅သန်း ၆သန်းခန့် ဖြစ်ပါလိမ့်မည်၊ ရော်ဘာ လုပ်ငန်းမှာ စိုက်ပျိုးခြင်းနှင့် စိုက်ပျိုးပြီး (၇) နှစ် အတွင်း၌ ပြုပြင်ပေးရခြင်းတို့ အတွက် ငွေရင်း မြှုပ်နှံ ပြီးနောက် (၇) နှစ် လွန်သည်မှ စ၍ ဝင်ငွေကို မှန်မှန် ပြန်လည် ရရှိနိုင်သဖြင့် ငွေရင်းမြှုပ်နှံ လုပ်ကိုင် နိုင်သူများ အတွက် အထူးပင် သင့်လျော်လှလေသည်။

မြန်မာပြည် ရော်ဘာလုပ်ငန်းမှ ဝင်ငွေနှင့် ရော်ဘာ ကုန်ချောများ အတွက် ထွက်ငွေ

ယနေ့ အသုံးပြုလျက် ရှိသော လူ့အသုံးအဆောင် ပစ္စည်းများ၌ ၇၀ ရာခိုင်နှုန်း တို့တွင် ရော်ဘာစေးများ ပါဝင်လျက်ရှိသဖြင့် မြန်မာပြည်သည် ရော်ဘာ ကုန်ကြမ်းကို နိုင်ငံခြားသို့ တင်ပို့ရောင်းချ၍ ရော်ဘာဖြင့် ပြုလုပ် ထားသော အသုံးအဆောင် ပစ္စည်း များကို တဖန်ပြန်လည် ဝယ်ယူအသုံးပြုရလေရာ အောက်ဖေါ်ပြပါ ဝင်ငွေ-ထွက်ငွေ ဇယားကို ကြည့်ရှုလေ့လာခြင်း အားဖြင့် ကုန်ကြမ်းမှ ကုန်ချော အဖြစ်သို့ မစွမ်းဆောင်နိုင်သော မြန်မာပြည် ရော်ဘာကုန်ကြမ်းတင်ပို့ခြင်းနှင့် ရော်ဘာကုန်ချောများ တင်သွင်းခြင်းတို့ ဘိုး ငွေများကို ဘော်ပြသော ဇယား။

ခုနှစ်	ရော်ဘာကုန်ကြမ်း ထုတ်လုပ်ခြင်း		ရော်ဘာ ကုန်ကြမ်း တင်ပို့သော		ရော်ဘာကုန်ချော တင်သွင်းသော		တရားခြင်း အချ
	တန်ချိန်	ကုန်ကျငွေ	တန်ချိန်	တန်ဘိုး	တန်ချိန်	တန်ဘိုး	
		(ကျပ်)		(ကျပ်)		(ကျပ်)	
၁၉၃၆-၃၇	စာရင်း	မရ	၉၂၉၂	၆၉၀၀၅၅၃	စာရင်းမရ	၁၅၄၉၅၇၉	
၁၉၃၇-၃၈	စာရင်း	မရ	၉၃၁၇	၆၉၁၉၀၀၀	″	၁၉၇၉၀၀၀	
၁၉၃၈-၃၉	၉၉၀၀	စာရင်းမရ	၉၄၂၈	၅၉၅၈၀၀၀	″	၁၇၂၆၀၀၀	
၁၉၃၉-၄၀	၁၀၄၇၀	၎င်း	၉၉၇၁	၅၀၁၁၀၀၀	″	၂၄၀၂၂၃၀	
၁၉၄၀- ၄၁	၁၃၃၃၉	၎င်း	၁၂၇၀၃	၉၆၁၃၀၀၀	″	၅၄၆၀၄၉၁	
၁၉၄၁-၄၂	၁၁၂၄၄	၎င်း	၁၀၇၅၆	၆၁၀၇၆၂၀	″	၅၆၇၃၅၂၆	
၁၉၄၂-၄၉	၅၆၀၀	၎င်း	၅၆၂၀	၃၀၀၀၀၀	″	၂၆၆၁၀၀၀	
၁၉၄၉- ၅၀	၁၀၀၀	၎င်း	၅၀၀	၂၅၀၀၀	″	၁၃၃၀၀၀	

နိုင်သေးသော မြန်မာနိုင်ငံ၏ ဖြစ်အင် တရုတ်ကို အသိ နာဘွယ်ရာ တွေ့ရှိရမည် ဖြစ်ပေသည်။

သို့ဖြစ်၍ ၁၉၄၀–၄၁ ခုနှစ်တွင် တင်သွင်းသော ကုန်ချောများ၏ တန်ဘိုးငွေမှာ ငွေကျပ်၅.၅ သန်းမျှ ဖြစ်၍ ၁၉၄၇–၄၈ ခုနှင့်တွင်မူ ထိုထက်ပင် ပိုမိုခဲ့ပါသည် ၁၉၄၇–၄၈ခုနှစ် ရော်ဘာ ကုန် ချော များ တင်သွင်းသည်အနက်။

မော်တော်ကား အပြင်တိုင်ယာ	၂၉၆၇၇
၎င်း အတွင်း တိုင်ယာ -	၃၅၀၁၁
ဘိုင်စကယ် အပြင်တိုင်ယာ-	၁၃၈၁၉
၎င်း အတွင်း တိုင်ယာ-	၁၆၂ ၆၃၃
ရော်ဘာဘိနပ် အရံပေါင်း-	၁၅၇၈၀၅ မျှ

ပါဝင်၍ အခြား အစုစုတန်ဘိုး- ၅၂၇၀၀၀ ကျပ် တန်သော အထွေထွေ ပစ္စည်းများ ပါဝင်ပါသည်။

အကြံ ပေးချက်များ

ရော်ဘာ ကုန်ကြမ်းများမှာ အထက်တွင် ဖော်ပြ အပ်သည့်အတိုင်း ကမ္ဘာက အသုံးပြုရန် လိုသော တန်ချိန်ထက် ပိုမို ထွက်ရှိသောကြောင့် ဈေးနှုန်းများ မကြာခဏပင် ကျဆင်းခဲ့ရလေသည် မြန်မာပြည်၏ဝင် ငွေမှာရော်ဘာကုန်ကြမ်းမှသာလျှင် ရရှိမည်ဖြစ်၍ ထိုသို့ ဈေးနှုန်းများ ကျဆင်းသည်နှင့်အမျှ တိုင်းပြည်၏ ဝင် ငွေကိုလည်း လျော့ပါးစေလိမ့်မည်ပင် ဖြစ်ပေသည်။

အကယ်၍သာလျှင် ရော်ဘာကုန်ချော အချို့ကို တိုင်းပြည် အတွင်းမှ ထွက်အောင် ပြုလုပ်နိုင်မည် ဖြစ် ပါက ရော်ဘာ ကုန်ချော များအတွက် ကုန်ကျမည့် ထွက်ငွေ အချို့ကို တားဆီးနိုင်လိမ့်မည် ဖြစ်သည့်အ ပြင် ရော်ဘာကုန်ကြမ်း အချို့ကိုလည်း ပြည်တွင်း၌ အသုံးပြုနိုင်ပြီးလျှင် ပိုလျှံသောရော်ဘာ ကုန်ကြမ်းကို သာ တင်ပို့ခြောင်းချမည် ဖြစ်သဖြင့် အကယ်၍ ရော်ဘာ ကုန်ကြမ်း ဈေးနှုန်းများ ကျဆင်းစေကာမူ အတော် အသင့် ခံနိုင်ရည် ရှိပါလိမ့်မည်၊ ထို့အပြင် ရော်ဘာ ကုန်ကြမ်း လုပ်ငန်းကိုလည်း ဈေးနှုန်းကျဆင်းမှုကြောင့် အထက်အရင်ကကဲ့သို့ ပြင်းထန်စွာ ထိခိုက်ခြင်းမှကာ ကွယ် နိုင်ပါလိမ့်မည်။

ရော်ဘာ ကုန်ချော လုပ်ငန်း

ယခုအခါ မြန်မာပြည်တွင်း၌ ရော်ဘာဘိနပ်များ ကို စတင်လုပ်ကိုင်နေသော မြန်မာပြည် ရော်ဘာလုပ် ငန်းများ ကုမ္ပဏီတခုကို တည်ထောင်ထားပြီး ဖြစ်လေ ရာ ၎င်းလုပ်ငန်းနှင့် အခြားသော ပြည်တွင်းဖြစ် ဘိနပ် လုပ်ငန်း စသည့် အသေးအဖွဲ့ လုပ်ငန်းတို့တွင် ရော် ဘာကုန်ကြမ်းတန်ချိန် ၅၀၀ ခန့်မျှသာလျှင် အသုံးပြု ကြောင်း သိရှိရလေသည်။

၁၉၅၁ ခုနှစ်တွင် မြန်မာပြည်အတွင်း၌ စစ်ဘက် ဆိုင်ရာတွင် အသုံးပြုနေသော ပို့ဆောင်ရေးယာဉ်များ မပါဘဲ အခြား သယ် ယူပို့ ဆောင်ရေး ယာဉ်ပေါင်း ၂၁၀၀၀ မျှရှိလေရာ ၎င်းတို့ အတွက် မော်တော်တိုင် ယာ တစ်နှစ်လျှင် ၎ သောင်းမှ ၅ သောင်းအထိပင် အလိုရှိပါလိမ့်မည်။

သို့ဖြစ်၍ မြန်မာပြည် အတွင်း၌ မော်တော်ကား တိုင်ယာ စက်ဘီးတိုင်ယာနှင့် ရော်ဘာ ဘိနပ် လုပ်ငန်း များကို စမ်းသပ် လေ့လာ၍ စတင် လုပ်ကိုင်သင့်ပါပြီ သို့မှသာလျှင်လည်း ရော်ဘာကုန်ချော အတွက် တိုင်း ပြည်၏ ငွေထွက် ပေါက်ကို ပိတ်ဆို့ နိုင်မည်သာမက တိုင်းပြည် အတွင်း စက်မှု လက်မှု လုပ်ငန်း တရပ်ကို တိုးတက် ဖြစ်ထွန်း လာစေနိုင် လိမ့်မည် ဖြင့်ပါသည်၊ ရော်ဘာ ကုန်ကြမ်းကို အလွယ်တကူ လိုသလောက် ရရှိနိုင်သောကြောင့်လည်း ထိုသို့ စက်ရုံများကို တည် ဆောက်၍ မိမိ၏ တိုင်းပြည်တွင် သုံးရန် လိုအပ်သော ပစ္စည်းများကို လုပ်ကိုင်ခြင်းမှတဆင့်တိုးချဲ့၍ ထိုပစ္စည်း များကို အခြားတိုင်းပြည်သို့ တင်ပို့ ရောင်းချနိုင်သော တိုင်းပြည် အဖြစ်သို့ အထိ လွယ်ကူစွာပင် ကူးပြောင်း နိုင်ပါလိမ့်မည်၊ အကယ်၍ စစ်မက် ဖြစ်ပွားခဲ့လျှင်လည်း ကျပန် ခေတ်ကကဲ့သို့ လမ်းခရီးများ ပိတ်ဆို့နေသော ကြောင့် ရော်ဘာကုန်ကြမ်း လုပ်ငန်းကို လုံးဝရပ်နား ထားရသော အခြေနှင့်ကြုံကြိုက်ရန် မရှိတော့ပါ။

သို့ပါ၍ အကြောင်းကြောင်းကို ထောက်ရှု ပါလျှင် မြန်မာပြည် ရော်ဘာ ကုန်ကြမ်း လုပ်ငန်းသည် ပြည် တွင်း၌ ရော်ဘာကုန်ချော ပစ္စည်းကို ဖြစ်မြောက်အောင် စက်မှုလက်မှုလုပ်ငန်းတည်ထောင်မှုအတွက် အဘိုးတန် လှသော အထောက် အပံ့ ဖြစ်သည်သာ မက ထိုသို့ တည်ထောင်မှသာလျှင်လည်း တနှစ်ထဲက် တနှစ် တိုး တက် အထွက်ပိုလာမည့် ရော်ဘာ ကုန်ကြမ်း လုပ် ငန်းကို စီးပွားရေး လုပ်ငန်း တရပ် အဖြစ်ဖြင့် အဓွန့် ရှည်စွာ တည်တန့် စေနိုင်လိမ့်မည် ဖြစ်၍ ပြည်တွင်း၌ ရော်ဘာ ကုန်ချော ဖြစ်မြောက်အောင် လုပ်ကိုင်နိုင် ရေးမှာ နိုင်ငံတော်၏ စီးပွားရေးအတွက် အရေးတကြီး ပင် လိုအပ်နေပြီ ဖြစ်ပါကြောင်း ရေးသားဟော်ပြအပ် ပါသတည်း။

ငါးပိ

စရုးသူ-ခင်မောင်ဦး

"မမာဝီဒီ၊ ထမင်းစားတတ်သည်၊ ငါးပိလိပါသည်" ဟူသော သီချင်းကလေးကို၊ ဤငါးပိဆောင်းပါး ရေးရန် စတင်လိုက်သောအခါ ပြေးရှိသတိရလာမိပါ၏။ မြန်မာ တိုင်းရင်းသားများ၏ ထမင်းစားဝိုင်းတွင် မပါလျှင်မပြီးသည့် ဟင်းခွက်တခု ဖြစ်ကြောင်း၊ ဤသီချင်းက တင်စားထားခြင်းပင် မဟုတ်ပါလော။

ငါးပိထွက်သည့် မြစ်ဝကျွန်းပေါ်ဒေသ ရခိုင်တိုင်းနှင့်တနင်္သာရီတိုင်းတို့အနက်ငါးပိအများဆုံးထွက်သည့် ဒေသသည် တနင်္သာရီတိုင်း မြိတ်ခရိုင်ပင်ဖြစ်လေသည်။


ဤတွင် မြိတ်ခရိုင်မှ ထွက်သည့် ငါးပိ အကြောင်းကို ရေးသားဖေါ်ပြရမည်ဆိုလျှင် မြိတ်ခရိုင်မှ ထွက်သည့် ငါးပိသည် မြစ်ဝကျွန်းပေါ်မှ ထွက်သည့် ငါးပိကဲ့သို့ ငါးကို ပြုလုပ်သည့် ငါးပိ မဟုတ်ဘဲ ငွေး ခေါ် ဖြူဖတ်ဖတ် ငုဒွန်သေးများဖြင့် ပြုလုပ်သော ငွေး(ဝါ) ပုဇွန် ငါးပိသာလျှင်ဖြစ်လေသည်သို့သော်မြန်မာပြည်အလယ်ပိုင်းနှင့် မြစ်ဝကျွန်းပေါ် ဒေသများမှ ငါးဖြင့် ပြုလုပ်သည့် ငါးပိတွင် ဤပုဇွန်ငါးပိကိုပါသိမ်းကြုံးခေါ်ဝေါ်ခဲ့ကြခြင်းကြောင့် မြိတ်ခရိုင်မှ ထွက်သည့် ငွေးခေါ် ပုဇွန် ငါးပိမှာလည်း ငါးပိဟူ၍အမည်တွင်နေခြင်းပင်ဖြစ်လေသည်။

ငွေး

ငွေးခေါ် ဖြူဖတ်ဖတ် ပုဇွန် သေး က လေး များ၏ ကိုယ်လုံးသည် သာမန် အားဖြင့် နှမ်းစေ့ခန့် ရှိပြီး၊ ကြီးလျှင် မီးစျက်တံ အလုံးခန့်ရှိ၏၊ အရှည်ကား တလက်မ၏ ၄ ပုံ တပုံ၊ ကြီးလျှင် ၂ ပုံ တပုံနှုန့် ရှိလေသည်၊ ကိုယ်ခန္ဓာသည် သေးငယ်၍ အလွန်နူးညံ့လျက် ပြောင်အိအိဖြင့် ကော်ကဲ့သို့ ဆေး ကပ် ကပ် နိုင်လှ၏၊ ဤငွေးခေါ် ပုဇွန်ကလေးများသည် ပင်လယ်ရေညှိနှင့် ရေမြုံဝ် သို့မဟုတ် ပင်လယ်ငါးကြီး ငါးငယ်များ၏ အညစ်အကြေးတို့မှ ဖြစ်ပေါ်လာသော သန္ဓေကောင်များ ဖြစ်သည်ဟု အဆိုရှိလေသည်၊ ၎င်းတို့သည် ပင်လယ်နက်အတွင်း၌ မနေကြဘဲ ကမ်းခြေ မှ ရတိမ်အနှံ့အပြားတွင် သန်းပေါင်းများစွာ အစုလိုက်အဖုဝ်လိုက် ရေစုန်ရေဆန် ကူးလူး နေတတ် ကြလေသည်၊ ခေအားသော ရာသီဥတုများတွင် အပွားများဆုံး ဖြစ်၍ ထိုရာသီများ၌ တံငါသည်များမှာ ငွေးကောင် အရများကြ၏၊ သေးငယ် နူးညံ့သော သတ္တဝါများ ဖြစ်ခြင်းကြောင့်ပူအိုက်သည့်ဥတုများတွင်မူ အပူရှိန်ကြောင့် အရည်ပျော်ပြီး သေကြေပျက်စီး တတ်ကြသဖြင့် နွေရာသီတွင် တံငါသည်တို့မှာ ငွေးကောင် အရနည်းတတ်ကြလေသည်။ အဆိုပါ ငွေးခေါ် ပုဇွန်ကလေးများတွင် 'လင်းဒုတ်' နှင့် 'ငွေးနီ' ဟူ၍ နှစ်မျိုးနှစ်စား ကွဲပြားပြန်သေးရာ လင်းဒုတ်သည် အသားပေါ်ပြီးအရွယ်ကြီးသည့်အပြင် နူးညံ့ပျော့ပြောင်းလွန်းသဖြင့် ငါးပိ ဖြစ်လာသောအခါ တန်ဘိုးကြီးကြီး ရပေသည်။

ပုဇွန်သေးကလေးများ ဘမ်းနည်း

အဆိုပါ ငွေးခေါ် ပုဇွန်သေးကလေးများကို တံငါသည်တို့သည် နည်း၃-နည်းဖြင့် ဘမ်းဆီးကြ၏၊ ပဌမနည်းကား 'ဝွ' ခေါ် အကွက်သေးငယ်သော ပိုက်စပ်ကို ကမ်းခြေပတ်လည်တွင် လက်ဖြင့်တွန်း၍ ထိုးယူ ဘမ်းဆီးသည့် နည်းပင်ဖြစ်၏။ ဒုတိယနည်းကား လှေငယ်တစင်းတွင် ပိုက်နှစ်ခုကို တောင်ပံ သဘွယ် တပ်ဆင်ထားကာ ပင်လယ်ရေ အတက်အကျတွင် ရေကြော အ




ပင်လယ်ဆဲတွင် "ငွေး" ပမ်းသည့် "ဝွ" ခံ လှေတစီး

တိုင်း မျော၍ ခံယူခြင်းပင်ဖြစ်ပြီး၊ တတိယ နည်းကား စမ်းငှားခေါ် ထောင်ချောက် တမျိုးဖြင့် ဘမ်းဆီးသည့် နည်းပင်ဖြစ်လေသည်။

ဤနည်း သုံးနည်း အနက် ပထမ နည်းကား သူ ဆင်းရဲ တံငါသည်တို့ အသုံးပြုရသည့် ဘေးအန္တရယ် အများဆုံးသော နည်းပင်ဖြစ်၏ အဘယ်ကြောင့်ဆို သော် တံငါသည် ခမြာမှာ တယောက်လျှော် (မြို့တစ်ကားဖြင့် 'ကုတ်' သည်ဟု ခေါ်၏) ၁၀-ပေကျော် ကျော်ရှိသည့် လှေကလေးဖြင့် ပင်လယ် ရေကျွန်းတွင် ရွာမှ ဝေးထိုး စခန်းသို့ ထွက်ခွာခဲ့ရ၏။ ရေကျွန်းကို လိုက်၍ တခါတရံအချိန်မတော် ညမှောင် မိုက်နိုက် တွင်လည်း သွားရာတတ်သည် ဝေးထို စခန်းသို့ ရောက်သောအခါ တိုယိတုံးလုံးဆွဲတိုပြီး ရေစပ်ထဲသို့ 'ဝွ' ခေါ် ပိုက်တဆုဖြင့် ငွေးများကို ထိုးရသည် (၀၂) ဘန်းရသည်၊ ထိုအခါ ရေအောက်ရှိ လိပ်ကျောက်ဆူး ခေါ် ဦးခေါင်းတွင် ဆူးချွန်ရှိသည့် ငါးတမျိုးနှင့် တိုးမိသောအခါ လိပ်ကျောက်ဆူးစူးမိသဖြင့် ရှိသည့်ဒဏ်ရာကြောင့် တလခန့်ဝေဒနာကို မနှမလှ ခံစားကြရတတ်သည်။ သို့မဟုတ် ပင်လယ်ငါးကြီးများ ငါးမန်ကြီးများ မိကျောင်းကြီးမျိုးနှင့် တိုးမိတတ်သဖြင့် အသက်သေဆုံးကြရသေး၏၊ ထိုသို့သော ဘေးအန္တရာယ် များလှသည့် နည်းအစားဒုတိယ တာဘိယနည်းကို ဘာကြောင့် မလုပ်သလဲဟု မေးလာသည်ရှိသော် ဒုတိယနည်းနှင့် တတိယနည်းမှာ ပိုက်ဆံအကုန်အကျများသောကြောင့် ဖြစ်သည်ဟု ဖြေဆိုရပေမည်၊ သို့ဖြစ်၍ ပထမနည်းကို မည်သို့ပင် ဘေးအန္တရာယ် များစေကာမူ ငွေရေးအနှစ်းငယ်သာ တတ်နိုင်ရှာသည့် အဆင်းရဲဆုံးသော တံငါသည်များက လုပ်ကိုင်ကြရရှာသည်။

ငါးဝိအမျိုးအစား

ဖေါ်ပြခဲ့သော နည်းသုံးနည်းဖြင့် ပြုလုပ် ရရှိသည့် ငါးဝိကို ထိုးငါးဝိ "ဒံငါးပ်" စသားခေါ် ကျားပါးစပ် ငါးဝိ ဟူ၍ သုံးမျိုးသုံးစားဖြစ်ပေါ်လာပြန်လေသည်ထို သုံးမျိုး သုံးစားအနက် ထိုးငါးဝိသည်အကောင်းဆုံးဖြစ်ပြီး ကျားပါးစပ် ငါးဝိမှာ အညံ့ဆုံးဖြစ်လေသည်။ အများအားဖြင့် ကျားပါးစပ် ငါးဝိကို တရုပ်လူမျိုးကုန်သည်ကြီးများက ငွေပင်ငွေရင် များစွာမြှုပ်နှံ၍ လုပ်ကိုင်နေကြလေသည်။ ကျားပါးစပ်ငါးဝိသည်အညံ့ဆုံး အမျိုးအစား ဖြစ်ရသည်မှာ အခြားကြောင့် မဟုတ်ပေ စခန်းခေါ်ထောင်ချောက်များတွင် ပိုက်များ ချည်နှောင်ထားပြီး ရေတက် ရေကျ ငွေးကောင်များကို ခံယူဘမ်းဆီးကြသည်၊ တိုသို့ ပင်လယ် ရေတက် ရေကျ ငွေးကောင်များကို ခံယူဘမ်းဆီး ကြရ သဖြင့် အမြဲတစေ ပင်လယ်ရေတက်ရေကျတွင် မြောရှုပါလာလေ့ရှိသည့် သစ်ရွက်များ သစ်ကိုင်းများ ပင်လယ်သစ်သီးများ အပြင် ငါးအသေးစားများပါ စနှားအတွင်းရှိ ပိုက်ထဲတွင် ဝင်ရောက်ငြိတွယ်၍သာ နေတတ်လေသည်၊ ကျားပါးစပ် လုပ်ငန်းမှာ ကြီးကျယ်သည့် လုပ်ငန်းတရပ် ဖြစ်သောကြောင့် ပိုက်ထဲတွင် ဘမ်းဆီး ရမိသည့် ငွေးကောင်များနှင့် ငါးအသေးများထဲမှ သစ်ရွက်သစ်ကိုင်းများကို ရွေးထုတ် ဖယ်ပစ်ရန် အချိန်မရ ကြတော့ဘဲ ရောရှိလှမ်းပြီး အချိန်ကျသည့်အခါတွင်လည်း ရောရှိ ထောင်းကြရ လေသည်၊ ဤအကြောင်း များကြောင့် ကျားပါးစပ် ငါးဝိများမှာ ထိုးငါးဝိများ ကဲ့သို့ ပြောပြောင်း နူးညံ့ခြင်းမရှိဘဲ ကြမ်းကြမ်း တမ်းတမ်းဖြစ်၍ နေသည့်အပြင် အရောင်အဆင်း မှာလည်း ခဲခြောက်ခြောက် ဖြစ်နေတော့သည်၊ မည်သို့ပင်ဖြစ်စေ စီးပွားရေး လုပ်ငန်းတွင် အမြင်ကွယ်လှပြီ ဖြစ်သည့် တရုပ်ကုန်သည်ကြီးတို့မှာ မိမိတို့၏ ကျားပါးစပ် ငါးဝိ များကို ထိုးငါးဝိ အကောင်းစားများဖြင့် ပြောပြောင်းနူးညံ့လာအောင် နှင့် အနံ့အသက်များ ရလာအောင် ရောနှောကြလေသည်၊ အရောင်အဆင်းရရှိရန်မူ ပန်းရောင်ဆိုးဆေးများဖြင့် ဆိုးကြလေသည်။



ငွေးမျိုးစုန့်သေး များကို ဆားဖြင့်ရောပြီးနောက် နေမှုပြင်တွင် လှန်းနေကြစဉ်

ဤသည်တို့ကား တရုပ်ကုန်သည် ကြီးများ တို့၏ ကျားပါးစပ် ငါးဝိလုပ်ငန်း တစိပ်တဒေသပင် ဖြစ်လေသည်၊ ဆင်းရဲသား စံတငါသည်များ ပြုလုပ်သည့် ထိုးငါးဝိ လုပ်ပုံလုပ်နည်းကား ဘမ်းဆီးရရှိသည့် ငွေးခေါ် ပုဇွန်သေးကလေးများကို ဝါးဖျာ ဒရကြမ်း ပေါ်တွင် ဖြန့်၍ နေလှမ်းကြရသည်၊ နံနက်နေရောင်ခြည် ရသည့် အချိန်မှစပြီး နေ့လည်ပိုင်းသို့ ရောက်သောအခါ ငွေးခေါ် ပုဇွန်သေးများ အပေါ်တွင် ဆားဖြူးပေးရသည်၊ ညနေ နေဝင်ချိန်တွင် ငွေးကောင်နှင့် ဆားကိုသမသွားအောင်



ဒွေးခေါ် ဝုဇ္ဈနိသေးများကို နေလှန်းပြီးနောက် ငါးပိဖြစ်လာအောင် နင်းခြေနေစဉ်

ညက်ညက်ကြေသည် အထိ နင်းခြေကြရသည်၊ ဤသို့ ငါးပိ ဖြစ်အောင် နေလှမ်း ရာတွင် နေ ၂-ရက်ခန့် လှန်းရသည့် ငါးပိကို အများသုံး ငါးပိ ဟု ခေါ်ပြီး နေ ၄-ရက်ခန့် လှန်းရသည့် ငါးပိကို "မြို့သုံး ငါးပိ ချော" ဟု ခေါ်ဆိုပြန်လေသည်။

တံငါသည်တို့၏ ဘဝ

ဤသို့ဖြင့် မြိတ်ခရိုင်မှ တနှစ်လျှင် ဖိုမမျှခြင်းအား ဖြင့် ငါးပိ အလေးချိန်ပေါင်း ပိသာ ၃-သန်းကျော် ထွက်ပြီး တန်ဘိုး ငွေမှာ ငွေသုံးသန်းကျော် ဖြစ်လေသည်၊ သို့သော် ဤမျှ များကြွယ်သည့် ဝင်ငွေအနက် အသက်ဆိုးများ နေပူ မုန်းရွာ နေညဟူ၍ မခံခြားနိုင်ဘဲ ငါးပိဖြစ်ရေးကို ကြိုးပမ်းရရှာသည့် တံငါသည်တို့ မည်မျှ ရကြပါ သနည်းဟု စစ်တမ်း ထုတ်လိုက်သည် ရှိသော် ၎င်းတို့သည် ပြဆိုခဲ့သည့်အတိုင်း ပင်ပန်းကြီးစွာဖြင့် ဘဝကို စတင်ခဲ့၍ ၎င်းဘဝတွင်ပင် သံသရာလည်ကာ ထိုဘဝ၌ပင် ပင်ပန်းကြီးစွာအဆုံးသတ်ရပေသည်၊ လူဟူ၍ ဖြစ်လာရာ၌ တည်နေရုံမျှအပ အခြားမည်သည့် လူ့အခွင့်အရေးကို မရကြရှာပေ၊ လူ့အခွင့်အရေးများကိုလည်း မသိကြရှာပေ၊ နေထွက်မှသည် နေဝင်၊ နေဝင်မှသည် နေထွက်၊ တနှစ်မှသည် တနှစ်သို့ ပြင်းထန်သော ရာသီဥတုနှင့် ပတ်ဝန်းကျင် တွင် ပေါက်ဖွားကြီးပြင်းလာကြရရှာသဖြင့်၊ ၎င်းတို့၏ ဘဝသည် လူ့ဘဝနှင့် တူသည်ဆက် ပင်လယ်သတ္တဝါ၏ ဘဝနှင့်သာ သဏ္ဌာန်တူနေပေသည်၊ ဤကဲ့သို့ဆိုလျှင် ၎င်းတို့၏ လူမှုရေး၊ ပညာရေး အခြေအနေ တို့သည် မည်မျှလွှင်လောက်ပေပြီ။

၎င်းတို့၏ စီးပွားရေး ကြံလိမ္မာနှင့် အသိဉာဏ်ပညာ ခေါင်းပါးမှုတို့ပေါ်တွင်အခွင့်အရေးယူကာ အမြတ်ကြီး စားတို့မှာမူ ၎င်းတို့ အလိုရှိသည့်ကုန်များကို ငါးပိပေး ပေးကာ ကုန်များပေါ်တွင် ဈေးမြှင့်တင်လျက် ငါးပိများ ပေါ်တွင်ကား၊ ဈေးချထားကြပေရာ၊ တံငါသည်တို့သည် မိအေးနှစ်ခါနာ ဆိုသကဲ့သို့ ဖြစ်ကြရရှာသည်၊ အမှန်မှာ ဖွံ့ဖြိုးခြင်းမရှိသေးသော ဒေသများတွင် တွေ့ကြုံလေ့ရှိသည့် ပြဿနာ၃ပ်မျိုးများပင် ဖြစ်ပေသည်။

သို့သော်၊ 'လယ်ယာလုပ်ငန်း တိုးတက်ရေး၊ကျေးလက်ကြီးပွားရေး' နှင့် 'ဖွံ့ဖြိုးခြင်းမရှိသေးသည့် ဒေသများတွင် ဘဝသစ် ဖန်တီးရေး' ဟူသော ပြည် တော်သာ စီမံကိန်းများအရ၊ နိုင်ငံတော် အစိုးရက၊ တံငါလုပ်ငန်း ခဲ့ထွင်ရေး'နှင့် ဘဝသစ် ထူထောင်ရေး အဖွဲ့များဖြင့် ပြုလုပ်ဆောင်ရွက်နေပြီ ဖြစ် သော ကြောင့်၊ ပင်လယ်ထဲတွင် ကြီးခြင် ပင်လယ်ထဲတွင်ပင် ဘဝအဆုံးသတ်ကြရရှာသည့် အဖြစ်မှ ဆင်းရဲသား တံငါသည်များ လွတ်ကင်းကြရပေတော့မည်။

ငါးပိရေးကျဆင်းရေး

ငါးပိလုပ်ငန်းနှင့် တံငါသည်တို့၏ ဘဝကို ဤမျှ ရေးသားပြီးနောက် ယနေ့ ငါးပိရေးနှန်း ကျဆင်းရေး ကိုပါ၊ အနည်းငယ် အကြံပေးလိုသေး၏၊ ငါးပိကို မြန်မာပြည်သူ ပြည်သား များက နေ့စဉ် စားသုံးနေကြခြင်း ဖြစ်၏၊ မြန်မာပြည်သူ ပြည်သားများဟု ဆိုရာ၌ အမှန်မှာ တောင်သူလယ်သမား၊ အလုပ်သမား အစရှိသည့် ဆင်းရဲသားလူထုက အများဆုံးအစိတ်အပိုင်းက ပါဝင်နေကြ၏၊ ထိုကြောင့် ငါးပိ အများဆုံး စားသည့် အစိတ်အပိုင်းသည်ဟောင်သူလယ်သမား အလုပ်သမား တို့သာလျှင် ဖြစ်လေသည်၊ ထိုကြောင့် ဆင်းရဲသားလူထု သက်သာချောင်ချိရေးအတွက် ယနေ့ ငါးပိရေးနှုန်း ကျဆင်းရေး ပြဿနာကိုပါ ထည့်သွင်း စဉ်းစားဖြေရှင်းရပေမည်။

ပဋမဦးစွာ ငါးပိဖြစ်အောင် လုပ်ကြရသည့် တံငါသည်များမှာ ကျေးရွာရှိ ဈေးဆိုင်များမှဖြစ်စေ၊ ကျေးရွာများသို့ လှည့်လည်လျက် ငါးပိများ ဝယ်ယူနေကြသည့် ငါးပိကုန်လှေများမှ ဖြစ်စေ၊ ငါးပိပေးဖြင့် ရိက္ခာများကို အကြွေး ဝယ်သည်က များလေသည်၊ ငါးပိကုန်လှေများက တံငါသည် များထံမှာ ရရှိသည့် ငါးငိုများကို မြိတ်မြို့သို့ တင်ပို့ကြပြီးနောက် ရန်ကုန်

မော်လမြိုင် အစရှိသည့် မြို့ကြီးများသို့ မတင်ပို့မီ ငါးပိကို ဂိုဒေါင်တွင် သိုလှောင်ကြရသည်၊ ထို့နောက် ငါးပိများကို ဆားဖြင့်ရောရှေ့ နှင်းကြရသေးသည်၊ ငါးပိ အချိန် တထောင်တွင် ဖျမ်းမှုခြင်းအားဖြင့် ဆားဒသာ ၅၀-ခန့်ရောရသောကြောင့် တန်စ်လျှင်ငါးပိအလေးချိန် ၃သန်းကျော်အတွက် ဆား အချိန်ပေါင်း တသိန်း ငါးသောင်းကျော် ဝယ်ယူရလေသည်။ မြိတ်ခရိုင် ပလနယ်မှ ဆားထွက်သည် ဆိုသော်လည်း မလုံလောက်သဖြင့် ထားဝယ်နယ်မှ လာရောက်၍ ရောင်းချသည့် ဆားများကို ဈေးကြီးခပ်းကာ ဝယ်ယူကြရလေသည်၊ ၎င်းပြင် ငါးပိအချိန် ၃-သန်းကျော် တင်ပို့ရေးအတွက် ဂုံအိတ်ပေါင်း ၉-သောင်းခန့် ဝယ်ကြရပြန်သည်။

မြိတ်မြို့မှ ငါးပိကုန်သည် ကြီးများက ရန်ကုန်မြို့ရှိ ငါးပိပွဲစားကြီးများထံ တင်ပို့၏၊ ငါးပိပွဲစားကြီးများက တဖန် အနယ်နယ် အရပ်ရပ်ရှိ ကုန်သည် ကြီး ငယ်များထံ တင်ပို့ ကြပြန်၏၊ နယ်ကုန်သည်များ လက်တွင်းမှ ကျေးရွာ ဈေးဆိုင်ငိုင်ရှင်တို့က တဆင့်ခံဝယ်ယူရောင်းချကြရ၏၊ ထိုသို့ တဆင့်ပြီးတဆင့် လက်ကမ်း၍ သွားသည်နှင့်အမျှ ကုန်ကူးသည့် စရိတ်များ အမြဲတယူမှုများကြောင့် ငါးပိဈေးနှုန်းမှာလည်း တက်၍ တက်၍ သွားလေတော့ရာ နောက်ဆုံးတွင် မြန်မာပြည် အရပ်ရပ်၌ တောင်သူ လယ်သမား အလုပ် သမားဆင်းရဲသားတို့ စားသုံး ဝယ်ယူသော အခြေတွင် ဈေး အဆမတန်ကြီးမား၍ နေပေးတော့သည်။

နိုင်ငံတော် အစိုးရ၏ တာဝန်

သို့ဖြစ်၍ ယနေ့ ငါးပိ ဈေးနှုန်း ကျဆင်းရေးမှာ နိုင်ငံတော်အစိုးရ၏ လက်ဝယ် ရှိနေသည်၊ နိုင်ငံတော် အစိုးရက တံငါသည်များအတွက် မရှိမဖြစ်သည့် ရိက္ခာ ဈေးနှုန်း များကို ကန့်သတ်ပေးရမည်၊ ငါးပို လုပ်ငန်း အတွက် မရှိလျှင် မဖြစ်သည့် ဆားကို လုံလုံ လောက်လောက် တွက်အောင် ဆောင်ရွက်ပေးရပေမည်၊ နိုင်ငံခြားမှ ဈေးကြီးပေး၍ ဝယ်ယူခံရသော ဂုံအိတ်များအတွက် နိုင်ငံတော်အစိုးရက ဂုံလျော် ပင်များ စိုက်ပျိုး၍ ဂုံအိတ်စက်တည်ထောင်ပေးရပေမည်၊ ကုန်သည်ပွဲစားများ၏ အမြတ်ကြီးမား စနက်မှ လွတ်ကင်းစေအောင် သမဝါယမ စုပေါင်းရောင်းဝယ်ရေး စနစ် ဖြစ်အောင် ဖန်တီးပေးရပေမည်။

ငါးဖို စည်သွတ် လုပ်ငန်း

အမှန်မှာ ငါးပိသည် အပုပ်အစပ်ပေါ်မှ ဖြစ်တည်လာရသည့်ပြင် လုပ်ကိုင် ချိန်တွင် စနစ်တကျ မရှိခြင်း တလက်မှ တလက်သို့ ရာသီဥတု အမျိုးမျိုးတွင် အချိန်ကြာမြင့်စွာ ကူးပြောင်းရခြင်း၊ ထုပ်သည့် ထားသော ဂုံအိတ်၊ တောင်း စသည်တို့၏ လုံခြုံမှု မဲ့ခြင်း စသည်တို့ကြောင့် ငါးပိနှင့်လောက်ကောင်သည် အဘက်ဖြစ်နေပေသည်၊ ဤမျှကုန်းမာရေးနှင့်ဆန့်ကျင်သော အစားအစာများကို စားလျက်နှင့် ဝမ်းရောဂါ အစရှိသည့် ရောဂါများ မကင်းဝေးသည်ကို နိုင်ငံခြားသားများ အတို့ထူးဆန်းအံ့သြဘွယ်ရာ ဖြစ်နေပေသည်၊ ရောဂါ မဖြစ်ရခြင်း၏ အကြောင်းမှာ ငါးဒိုကို အစိမ်းလိုက် စားသောက်သုံးဆောင် ကြသည်ထက် မီးပြင်း ထက်တွင် တင်၍ ကျိုပြီးမှသော်၎င်း၊ မီးခဲခဲနဲ့ခဲတွင် ဖုတ်ကင် ပြီးမှသော်၎င်း၊ မီးပေါ်တွင် ဟင်းချို ဟင်းလေးတို့၌ ချက်ပြုတ်ပြီးမှ စားသောက်ကြခြင်းကြောင့်သော်၎င်း ဖြစ်ပေသည်၊ အကယ်၍သာ ထိုသို့ပြုလုပ်စီမံခြင်း မရှိဘဲ ငါးပိကို အမြဲအစိမ်းလိုက် စားသောက်ရမည်ဆိုပါက မြန်မာလူမျိုးတို့ထက် ရောဂါထူပြောမည့် လူမျိုးရှိစာ အကြောင်းမမြင်ပါ။

သို့ဖြစ်၍ ငါးပို ထုတ်လုပ်ရေးတွင် ပိုမို စနစ်တကျ သန့်ရှင်းစွာဖြင့် ပြုလုပ်ရန်နှင့် ထိုသို့ ပြုလုပ် ပြီသား ငါးပိကိုလည်း စည်သွတ်ရန် နိုင်ငံတော် အစိုးရက စီမံနိုင်မည်ဆိုလျှင် ကုန်းမာရေး လွယ်ကူစွာ သယ်ယူရေးတို့တွင် များစွာအထောက်အပံ့ ဖြစ်မည်မှာ မလွဲသည့်အပြင် နိုင်ငံခြားမှ ဝယ်ယူစားသုံး နေရသည့် စည်သွတ် ဘူးများအစား ငါးပို စည်သွတ် ဘူးများက နိုင်ငံခြားသို့ ထွက်ခွေနည်းအောင် ဝိဘဝင်စေမည့်အပြင် စနစ်တကျ လုပ်နိုင်သည်ဖြစ်ပါက နိုင်ငံခြား သို့လည်း တင်ပို့ရောင်းချခြင်းဖြင့် ဝင်ငွေကောင်းလာမည့်အရေးကို မြင်မိပါသည်၊

ထိုကြောင့် အတွေးသစ် အယူအဆ သစ်တို့ကို တင်ပြနိုင်ပြီ ဖြစ်သော ၅၂ ပြည်တော်သာ ခေတ်တွင် ပြည်တော်သာ အစိုးရက မြိတ်ခရိုင် ငါးပို လုပ်ငန်းကိုလည်း အားပေးသင့်ပြီ ဖြစ်ပါကြောင်း တင်ပြအပ်ပါသတည်း။

တံငါလုပ်ငန်း

(ရေးသူ-ဦးဆန်းတင်)

-o-

မြန်မာ့အိမ်ထောင်စု၏ စားသောက်မှု စရိတ်စကကို ဆန်းစစ် ကြည့်ရာ၌ ဆန်အတွက် ၃၀-၃၅-ကုန်ကျတိုင်း ငါး-ငါးပိ စသည်တို့ အတွက် ၅-၆-မျှ ကုန်ကျကြောင်း၊ မစ္စတာ ဘင်နိုဆင်၏ အစီရင် ခံစာတွင် ဘော်ပြထား သည်ကို တွေ့နိုရပေသည်၊ အယုတ်သဖြင့် အဆင်းရဲဆုံး မြန်မာ့အိမ်ထောင်စုသည်ပင်လျှင် ငါး မပါနိုင်က ငါးဝိ ရှည် တခွက်လောက် ပါမှပင် ဗမာ့ ထမင်းပွဲ ဝိသဒ္ဓိ စားရာ၌ လေးလေးပင်ပင် ရှိပါသည်၊ ဤသည်ကို မဆို ထားဘိ နိုင်ငံခြားရောက် ဗမာအမျိုးသား အမျိုးသမီး တို့ ဘာသာပင် ငါးဝိရည် လွမ်း၍ ပြည်တော်သူပြန်ကာ ကျွင်လည်ကြရသည်မှာလည်း အနန္တပင်။

သို့ကြောင့် ဤငါး ငါးပိ စသည် တို့မှာ အဘယ်မျှ အရေးပါ အရာရောက်၍ ပြည်တွင်းရောင်းဝယ် ဖေါက် ကားမှု၌ မည်မျှ ဒရိုး တွင် လျက် ရှိကြောင်း သိသာ ထင်ရှားလှပေသည်။

ပထဝိဝင်၏အင်္ဂေအနေနှင့် သဘာဝ၏ ဖန်တီးမှု တို့ကြောင့် အောက် မြန်မာပြည် ချောင်း၊ မြောင်း၊ အင်းအိုင် ပေါများ၍ ပင်လယ်နှင့် နီးစပ်သော ကမ်း မြောင် ဒေသတို့မှာ မြန်မာ့ ဟင်းလျာ ငါး၊ ငါးပိ များ အတွက် ဖူလုံလျက်ရှိရာ စိမ်းစား ငါးပိ၊ ငါးခြောက် တို့ကြောင့် ဗမာပြည်တပြည်လုံးတွင် ကျော်ဇော ထင် ရှားလှသော ဖြတ်ရိုးသည် ဤငါးပိ လုပ်ငန်းများဖြင့် အထက်အောက် မြန်မာပြည်ဒေသ တဝိုက် ရောင်းချ နိုင် သည်အထိ ဒွေဝင်လမ်းဖြောင့်လျက် ရှိပေသည်။

ဖြတ်ခရိုင် တံငါလုပ်ငန်း ရာဇဝင်

အင်းဒခေတ်ကောင်းစားစဉ်က ပွဲနွဲ့ခဲ့သော ဝန်ကြီး ပဒေသ ရာဇာ၏ တျာဘွဲ့ များတွင် ငါးပိ အကြောင်း ထည့်သွင်း ဖွဲ့နွဲ့ခဲ့သည်သာမက ဒင်္ဂလိပ်ပိုင် အောက် မြန်မာပြည်မှ အထက် မြန်မာပြည်သို့ ၁၈၆၁-၆၂၊ ခု နှစ်မှ ၁၈၆၈-၆၉ ခုနှစ်အတွင်း ငါးပိ ငါးခြောက် တန် ချိန် ၁၆၀၀၀မျှပင် တင်ပို့ ရောင်းချခဲ့ကြောင်း မှတ် တမ်းအရ အောက် မြန်မာပြည်၏ တံငါ လုပ်ငန်းမှာ မည်မျှ ရှေးကျသော ကာလကပင် တည်ရှိ ခဲ့ကြောင်း ခန့်မှန်းနိုင်ပါသည်။

ဖြတ် အကျဉ်း

မြို့ရိုင်းသည် တနင်္သာရီ ရိုးမတောင်နှင့် ပင်လယ် ပြင်စပ်ကြားတွင်အကျယ်ဆုံးသော နေရာတွင်မိုင်(၈၀) မျှရှိ၍ ရိုင်းအတွင်းရှိ များစွာသော မြစ်ချောင်းတို့မှာ အနောက်ဘက်ရှိ ပင်လယ်ပြင်သို့ ဦးဆင်းကြသည်၊ အနောက်ဘက် ပင်လယ်ပြင်တွင်မူ ကျွန်းကြီးကျွန်းငယ် (၈၀) ကျော်တို့မှာ စီရရှိကြွေဖြန့်၍ တည်ရှိလေရာ ဤခရိုင်၏ ငါးဘဏ်ရာဒဿတို့မှာ ရောဝတီမြစ်ဝကျွန်း ပေါဒေသကဲ့သို့ ကုန်းမြေဝိုင်းနေသော ရေအင်းများ မဟုတ်ဘဲကျွန်းများနှင့် ပင်လယ်ကမ်းရိုးတန်းစပ်ကြား၌ ပင်လယ်ပြင်သာ ဖြစ်ပေးတော့သည်၊ ဤပင်လယ်ပြင်မှာ အင်ဒမန်ပင်လယ်ပြင်၏ တစိတ် တဒေသ ပင်ဖြစ်ပေ သည်။

အင်ဒမန်ပင်လယ်ပြင်ကို လေ့လာပါလျှင် ရခိုင်ရိုး မတောင်တန်းသည် နေဂရေအင္ဂအလွန်တွင် ပင်လယ် ရေအောက်သို့ နှိမ့်ရိုင်းငုပ်လျှိုးခဲ့ပြီးနောက် အင်ဒမန်နှင့် နိကိုဘာကျွန်းများ အဖြစ် တဖန်ရေပြင်ပေါ်သို့ စွန်း ထွက်လာပြီးလျှင် ရေအောက်သို့တဖန် ငုပ်လျှိုး၍ ဧမ ကြာကျွန်း၌ တောင်တန်းများဖြင့် ဆက်စပ်သွားလေရာ (၁) နေဂရေ အင္ဂနှင့် အင်ဒမန်ကျွန်း စပ်ကြား (၂) အင်ဒမန်ကျွန်းနှင့် နိကိုဘာကျွန်း စပ်ကြားနှင့် (၃) နိကိုဘာကျွန်းနှင့် စုမတြာကျွန်းစပ်ကြားသုံးနေရာ တွင် ပင်လယ်ရေလက်ကြားအဖြစ် ထွန်းပေါ်ပြတ် တောက်လျက် ရှိသည်မှတပါး အင်ဒမန်ပင်လယ်သည့် အရှေ့ဘက်တွင် မလေးကျွန်းဆွယ်နှင့် တနင်္သာရီကမ်း ရိုးတန်းနှင့် အနောက်ဘက်တွင် အင်ဒမန်နှင့် နိကိုဘာ ကျွန်းစုတို့အလယ်တွင် ပင်လယ်ရေအင်းကြီး သဘွယ် တည်ရှိနေပေသည်၊ သို့ဖြစ်၍ ဓမ္မအောက်တွင် နစ်မြုပ်

နေသော ရခိုင် ရိုးမတောင်တန်း၏ အဆက်တောင်စွယ် အပေါ်မှသာလျှင် ဘင်္ဂလားအော်ရှိ အပေါ်ယံရေ များဖြင့် ကူးပြောင်းလှည့်လည် နိုင်သဖြင့်၎င်း၊ ဧရာဝတီ မြစ် သံလွင်မြစ် စသည့်ဖြစ်ပေါ်ငြားများစွာတို့မှ ရေချို များ စီးဆင်းခြင်းကြောင့်၎င်း အင်ဒမန် ပင်လယ်တွင်း ရှိရေမှာ အငံဓါတ်နည်းပါး သည်သာမက ရေအောက် တွင် နှစ်မြုပ်လျက်ရှိသော ရခိုင်ရိုးမတောင်စွယ်ကလည်း အင်တာတိုက်သမုဒ္ဒရာမှ လေသောပင်လယ် အောက် ရေစီးမဝင်လာနိုင်ရန် တားဆီးလျက် ရှိသဖြင့်လည်း မြေတ်ခရိုင်၏ အနောက်ဘက် ပင်လယ်ပြင် ဧသသည် အတူးသဖြင့် ရေသတ္တဝါများ ခိုလှုံရန် သဘာဝအနေ အထားရာသီဥတုဖြင့် ညီညွတ်လှ သဖြင့် ရေသတ္တဝါ များ ပေါများကြောင်း အဆိုရှိလေသည်။

ငါးဘုံးချိန်

မြေတ်ခရိုင်၌ ငါးဘမ်းခြင်းကို များသော အားဖြင့် သတင်းကျွတ်လမှ နယုန်လပြည့်အထိ နှစ်စဉ် ဂ လ ဓ လ ခန့်လုပ်ကိုင် ကြသော်လည်း ၎င်းများကိုဘမ်း ယူ၍ လုပ်ကိုင် ရသော ငါးပို လုပ်ငန်းကုမ္ပဏီ တန့်စ်လုံး ပေါက်ပင် လုပ်ကိုင်ကြပါသည်၊ မိုးသံဥတုအခင်္ဂ လွှင်း လေငြင်းထန်၍ ငါးဘမ်းခြင်းကို ရပ်နားထား ကြရ လေသည်၊ငါးပိုလုပ်ငန်းကိုမူ အရှေ့ဘက်ဆီမှ လေငြင်း ထန်စွာ တိုက်တော်သော ဆောင်းရာသီ အတွင်း ပင်လယ်ကမ်းခြေသို့ ငွေးခေါ် ပုဇွန်ကလေးများ ချဉ်း ကပ်လာ ရောက်ခြင်းဌ၊ မတတဲနိုင်၍ အနည်းငယ် ဆုတ်ယုတ်သည်မှတပါး ရပ်နားခြင်းမရှိပေ။

ငါးဘမ်းခြင်းကို ၁၄ ရက်တာပတ်တွင် ဂ ရက် ဓ ရက်ခန့်လုပ်ကိုင်၍ တန့်စ်လုံးတွင် ရက်ပေါင်း ၁၂၀ မှ ၁၄၀ အထိ လုပ်ကိုင်ကြပြီးလျှင် ငါးပိလုပ်ငန်းမှာ ၁၄ ရက်တပတ်လျှင် ၇ ရက်ခန့် ကျဖြင့် တန့်စ်လျှင်ရက် ပေါင်း ၁၁၀ ခန့်လုပ်ကိုင်ကြရသည်၊ အလုပ်လုပ်သော လများ၏ ကျန်ရှိသော အချိန်အတွင်း၌မူ လုပ်ငန်း အ တွက် ကြိုတင်ပြင်ဆင်ခြင်း ဘမ်းဆီးရမ်းသော ငါးများ ငွေးများကို ငါးခြောက် ငါးပိပြုလုပ်ခြင်း ကိရိယာများ ကို ပြင်ဆင်ခြင်း၌ အချိန်ကုန်ကြရလေသည်။

ငါးဘမ်းနည်းများ

သို့ဖြစ်၍ မြေတ်ခရိုင်၏ ငါးဘမ်းနည်းတို့မှာ (၁) မြစ် ချောင်းဘဝနှင့် ရေစီးကြောင်းတို့တွင် ယာယီသို့မဟုတ် အခိုင်အမာစိုက်ထူ ထားသော ငါးဘမ်းခြင်း (၂) ပင် လယ် ရေအတက်အကျကို လိုက်၍ပိုက်များဖြင့် ငါးများ ထောင်ဘမ်းခြင်းစသည်တို့ ပါဝင်ဘဲ ညသာမက ပိုမိုထူး ခြားချက်မှာ (၃) ငါးဘမ်းကိရိယာမပါဘဲ ရေ သဒ်ီ သဒ်ီခွန် ၈နေ့ကမ်းများကို ပင်လယ်ကျွန်းများနှင့် ရေတိမ်သောကင်းခြေများ၌ရှာဖွေဘမ်းယူခြင်း၊ (၄) ရေငုံ့ ကိရိယာကိုအသုံးပြု၍ ပင်လယ်ရေအောက်တွင် ကနေကမ်းများကို ရှာဖွေယူခြင်း၊ (၅) ရေနက်ငါးဘမ်း တန်ဆာများကို အသုံးပြု၍ ပင်လယ်ပြင်တွင် ငါးဘမ်း ခြင်းဟု အမျိုးမျိုးအစားဧားပင် ကွဲပြားလျက်ရှိရာ။

(၁) မြစ်ချောင်းအနှံ့ ရေစီးကြောင်းတို့တွင် ယာယီ သို့မဟုတ်အခိုင်အမာ စိုက်ယူ ထားသော ငါးဘမ်းခြင်းတို့ကို များသောအားဖြင့် အနီးအပါး နေလူ များ၏စားသောက်မှု အတွက်မျှသာအဓိကခရည်ရွယ်ရင်း ဖြစ်၍ လူအများအပြားနေထိုင်သောမြို့များ ရွာများအနီး အပါးတွင်သာတည်ရှိတတ်လေသည်ဘမ်းဆီးရရှိသော ငါး များကို နိုးစပ်ရာမြို့များသို့ ပို့ဆောင်၍ ဟင်းလျာအဖြစ် ရောင်းချကြရလေသည်၊ တခါတရံ ဈေးမကို သောအခါ ရှေ့ရနိုင်လျှင် ရေခဲဖြင့် စိမ်ထား၍ဌင်း သို့မဟုတ် ငါး ခြောက်ပြုလုပ်၍ဌင်း ရောင်းချကြလေသည်။

(၂) ပင်လယ်ရေအတက်အကျလိုက်၍ ပိုက်များ ငါးမျှားချိတ်များဖြင့် ငါးထောင်ဘမ်းခြင်းတို့မှာ ဘမ်း ဆီးရရှိသော ငါး ပုဇွန်ငွေး စသည် တို့ကို ငါး ခြောက် ပုဇွန်ခြောက် ငါးပိများ ပြုလုပ်ရန် လိုအပ်သည် ဖြစ်၍ ပင်လယ် ကမ်းခြေမှ သို့မဟုတ် ပင်လယ်ကျွန်း များမှ သုံးမိုင်အတွင်းတွင် ရေသတ္တဝါများ ပေါများ လှသော နေရာ အနီးအပါး၌ အိမ်များ ဆောက်လုပ် နေထိုင် လုပ်ကိုင်ကြရလေသည်၊ ဤငါးဘမ်းနည်းမှာ စီးပွားရေး လုပ်ငန်း တရပ်အဖြစ် အခြားသော ဒေသသို့ တင်ပို့ ရောင်းချရန်ဖြစ်၍ ဤရိုင် ငါးဘမ်းခြင်း တို့တွင် အကြီး အကျယ်ဆုံးဖြစ်သော ကျားပါးစပ်လုပ်ငန်း ပါဝင်လေ သည်း ဘဲမဲမိသော ငါးအချို့ကို ရေခဲဖြင့် စိမ်၍ အ ခြားသော ဆိပ်ကမ်းမြို့များသို့ မော်တော် စက်လှေ များ ဖြင့် တင်ပို့ရောင်းချခြင်းများကို မကြာမီ ၂-နှစ်ခန့်က စတင်ပြုလုပ်ခဲ့လေသည်။

(၃) နှင့် (၄) ငါးဘမ်းနည်းအမျိုးအစားများတွင် အကြီးဝင်သော ငါးဘမ်း ကိရိယာမပါဘဲ၊ကနေကမာ၊ သဒ်ီ၊ သဒ်ီမွန်း၊ ဓရွှေတိုစသည့် ပင်လယ်ထွက် ပစ္စည်း

ကိရိယာများကို အသုံးပြု၍ မြေတ်ကျန်းစုအတွင်း မိမိတို့နှစ်သက်ရာ ဒေသများ၌ ငုပ်ယူကြသော်လည်း ကျန်းများပေါ်မှ ပင်လယ်ထွက် ပစ္စည်းများကိုမူ ရေငုပ်ကိရိယာမပါဘဲ ရှာဖွေခွင့် လိုင်စင်ရသူကသာလျှင် ရှာဖွေယူငုပ်ခွင့်ရှိလေသည်၊ ထိုသို့ပုလဲအင်းများ၌ လုပ်ကိုင်နည်းနှစ်ရပ်အဟိုင်း ယခုတိုင်ပင် ဆက်လက်လုပ်ကိုင်လျက်ရှိကြလေသည်။

(၅) ရေနက်တွင် ငါးဘမ်း ကိရိယာများဖြင့် ငါးဘမ်းခြင်းကို စစ်မဖြစ်မနေကပင် မြေတ်ခရိုင်ရေပြင်၌စက်ပူဘက်မှ တရုပ်လူမျိုးများ တိဘ်တဆိတ်သာဆောက်လုပ်ကိုင်ကြသည်၊ စနစ်မှာ ခေတ်မှီစနစ်ဖြစ်၍ ငါးများသိုလှောင်ရန် သဘော်ကြီးတစင်းနှင့် ငါးဘမ်းရန် သဘော်ကလေးနှစ်စင်းမျှပါ၍ရရှိခဲ့မှီခိုရန်ရေခဲသေတ္တာကြီးများအဆင်သင့်ပါရှိလေသည်ငါးဘမ်းနည်းမှာ ဒိုင်းနမိုက်နှင့် ဖေါက်ခွဲ၍ ငါးသေများပေါလာလျှင် သဘော်ကလေးနှစ်စင်းကို ခုတ်ဆောင်း၍ ၎င်းတို့တွင်ချည်ထားသောပိုက်ဖြင့် ဆယ်ယူခြင်း၊ အခြားတနည်းမှာ လမူးကဲ့သို့ တိုင်များစိုက်ထူ၍ ပိုက် ကွန် ကြီး များဖြင့် ရေအောက်တွင် ငါးထောင်မြှုံးကဲ့သို့ တည်ဆောက်ပြီးလျှင် ထိုမြှုံးအတွင်းသို့ ငါးများဝင်စေရန် ငါးဘမ်းသမားတို့က ရေငုပ်၍ ငါးများ မောင်းသွင်းခြင်းပင်ဖြစ်လေသည်၊ မြဘ်ခရိုင်ရေနက်ပင်လယ်၌ ထိုသို့နည်းဖြင့် ဘမ်းဆီး ရမိသောငါးများမှာ မြေတ်ခရိုင်သားတို့စားသုံးခြင်းနည်းလှ၍ အရိုးနည်းပါးသော ကလငုခေါ် ငါးများပင်ဖြစ်သော်လည်း ၎င်းတို့မှာ မလေးကျန်းစွယ်စက်ပူနှင့် ဒီနန်မြို့များက ကြိုက်နှစ်သက်ကြောင်းသိရှိရလေသည်။

စစ်ပြီး ခေတ်တွင် ကော့သောင်း ပင်လယ်ထွက် ပစ္စည်းကုမ္ပဏီက ထိုပင်လယ်နက် ငါးဘမ်းလိုင်စင်များကို နိုင်ငံတော်အစိုးရထံမှ တဦးတည်း ခံယူလုပ်ကိုင်ခဲ့သော်လည်း အကြောင်းကြောင်းကြောင့်လုပ်ငန်းမှာ တွင်ကျယ်သင့်သလောက် မတွင်ကျယ်လှကြောင်း သိရှိရပေသည်။

ငါးဘမ်းကိရိယာများ

တကျောင်းတဂါထာ တရွာတပုဒ်ဆန်း ဆိုသကဲ့သို့ ပင်အသုံးပြုသော ငါးဘမ်းကိရိယာတို့မှာငါးများဘမ်းဆီးရမိပုံ၌ ကူညီကြသော်လည်း ဒေသအလိုက် အခေါ်အဝေါ်တို့မှာ ကွဲပြားကြလေသည်၊ ဥတ်ပြုပြီးဖြစ်သည့်

များကို ပင်လယ်ကျန်းများနှင့် ရေတိမ်များတွင် ရှာဖွေငုပ်ယူခြင်းနှင့် ရေငုပ်ကိရိယာကို အသုံးပြု၍ ကနုကမာငုပ်ယူခြင်း တို့မှာ ရှေးပဝေသဏီ ကပင် ကနုကမာမှ ရရှိသော ပုလဲများ အတွက် ကျော်ဇောလှ ပေသည်၊ ပုလဲများကို ကနုကမာများမှ ရရှိလေရာ မြဘ် ခရိုင်၏ ပုလဲများမှာ အရည် အသွေး တောက်ပ ကောင်းမွန်လှသည့်ပြင် အရွယ်အစားမှာလည်း အခြားသော ပုလဲများထက် ကြီးလှသဖြင့် လန်ဒန်၊ ပါရစ်နှင့် အခြားပုလဲ ရောင်းဝယ်သော ဒေသ များဟူ အတော်ပင် နံမည်ကြီး၍ ဈေးကောင်း ရခဲ့ဘူးကြလေသည်။

ပုလဲအင်း

မြေတ် ခရိုင်၏ ကနုကမာ၊ သဒိန္ဓန်၊ ပုလဲလုင်ငန်းကို ရှေး ပဝေသဏီကပင် ပင်လယ်ကျန်းများ၌ မှီတင်း နေထိုင်ကြသော ဆလုံများက စတင်လုပ်ကိုင်ခဲ့လေသည်၊ ရှာဖွေရရှိသော ပင်လယ်ထွက် ပစ္စည်းများကို ဆလုံတို့သည် တရုပ်ကုန်သည် များထံ ယူဆောင်၍ အလိုရှိသောပစ္စည်းများဖြင့် လဲလှယ်ကြလေသည်၊ ၁၈၉၁-ခု နှစ်တိုင်လျှင် ထိုလုပ်ငန်း၏အလားအလာကို ထောက်ရှု၍ အင်္ဂလိပ်အစိုးရက အဆိုပါပင်လယ်ထွက် ပစ္စည်းများ ရှာဖွေ တွေ့ရှိသော မြေတ် ကျန်းစုကို (၅) နေရာ ပိုင်းခြားပြီးလျှင် ထိုပစ္စည်းများ ရှာဖွေခွင့်ကို လေလံတင် ရောင်းချခဲ့လေသည်၊ လေလံဆွဲဝယ် ရရှိသူသည်၊ မိမိ ပိုင်နယ် အတွင်း၌ ပင်လယ်ထွက် ပစ္စည်း များကို (၁၀) လံအထိ ရေတိမ်များ ကျန်းများတွင် ဆလုံများအား ရှာဖွေ ယူဆောင် ရောင်းချခွင့်၊ ရေနက်များတွင် ရေငုပ်တန်ဆာများဖြင့် ငုပ်ယူခွင့်၊ ကနုကမာ၊ ပုလဲ၊ သဒိ၊ သဒိန္ဓန်၊ ခရုဒေတိ၊ ပင်လယ်မျှော် စသည်တို့ကို စုဆောင်းခွင့် နှင့်ငံခြားသို့ တင်ပို့ ရောင်းချခြင်း လေသည်။

၁၉၀၀–၀၁ ခုနှစ်မှစတင်၍ ရေငုပ် ကိရိယာမပါဘဲ ပင်လယ်ထွက် ပစ္စည်းများ ရှာဖွေယူငင် ခွင့်သက်သက်ကိုသာ လေလံဖြင့် ရောင်းချ၍ ရေငုပ်ကိရိယာဖြင့် ကနုကမာ ငုပ်ယူသောလှေများကိုမူ တန်စ်လျှင် နှစ်တစင်းလျှင် လိုင်စင်ခွန် ၄၀၀ ပေးဆောင်၍လိုင်စင်ရယူစေခဲ့လေသည်။ထိုလှေများမှာ ကနုကမာခွန်နှင့် ပုလဲလုင်ငန်း ယက်သက်ကိုသာလျှင် လုပ်ကိုင်ခွင့်ရှိ၍ ရေအနုပ်ပေ (၀၀) လံမှအလံ (၃၀) အတွင်းရှိရေငုပ်

(၃) နံပါတ် (၃) နည်းအရ ရေငုံပက်ရိယာမပါဘဲ ဘော်ပြပါ ပင်လယ်ထွက် ကနုကမာ၊ သဗီ၊ သဒီခွန်၊ ခရစေတီ၊ ပင်လယ်မြွေ့ စသည်တို့ကို ကျန်းများပေါ်မှ ရှာဖွေယူရာ၌ မထူးလှပါ။ သို့သော် ဤ လုပ်ငန်း၌ လုပ်ကိုင်ကြသော ဆလုံလူမျိုးတို့မှာ ရေငုပ်ကျင်လည်သည့်အလျောက်၊ တခါတရံ ၁၀ လံမျှ အထိ နက်သော ရေပြင်အောက်မှ အဆိပ်ပါပစ္စည်းများကို ရေငုံပ်တန်ဆာမပါ ဗလာသက်သက်ဖြင့် ငုပ်ယူကြ လေသည်၊ ထိုပြင် မှတ်သားဘွယ် တရုပ်မှာ အဆိပ်ဆလုံလူမျိုးတို့သည် ငါးအုပ်ငါး (၈) တောင်မှ (၁၆) တောင်အထိ ရှည်သော ငါးကြီးတုန်းများ၊ ပင်လယ်ပြင်၌ ပေါနေသောအခါ လှေကလေးများဖြင့် သွားရောက်၍ မြှုံနှံဖြင့် ထိုးကြ လေသည်၊ မြှုံနှံထိသော ငါးကြီးသည် ရေသို့ ငုပ်လျှိုးကူးပြေးသောအခါ မြှုံနှံတွင်တပ်ထားသော ရှည်လျားသော ကြိုးခွေကို လျှော့ပေးလေသည်၊ ကြိုးကုန်သော်လည်း ငါးကြီးမှာ ကူးပြေးလျက်ပင် ရှိခဲ့လျှင် လှေကလေးသည် ပြင်းစွာသော အဟုန်ဖြင့် ငါးကြီး၏ ဆွဲဆောင်ရာသို့ လိုက်ပါရလေသည်၊ ငါးကြီးပင်ပမ်း၍ မကူးနိုင်မှပင် နီးစပ်ရာပင်လယ်ကမ်းသို့ ဆွဲတင်သတ်ဖြတ်၍ငါးခြောက်များ ပြုလုပ်ရောင်းချကြလေသည်။

(၄) နံပါတ် (၄) နည်းမှာ ဒေတ်မှီ ရေငုံပ်ကိရိယာကို ဝတ်ဆင်၍ ၁၀ လံမှ ၁၉ အထိ နက်သော ရေပြင်၌ ကနုကမာ ငုပ်ယူသူ တို့အား ရှာရှိုက်ရန်လေကို လှေ သို့မဟုတ် စက်လှေပေါ်မှပိုက်လုံးဖြင့် အဆက်မပြတ်ပေးခြင်းဖြင့် ရေအောက်တွင် ကနုကမာကို ရှာဖွေငုပ်ယူနည်းပင် ဖြစ်လေသည်၊ ရေငုံပ်သူ တို့မှာ စွန့်စွန့်စားစား အသက်ဖြင့် ရင်းနှီးလုပ်ကိုင်ရကြ၍၊ စစ်မြေပြင်မိုက ဂျာပန်၊ မနီလာ၊ မလေးနှင့် တရုတ်ရေငုပ် သူတို့ မရှိတော့သဖြင့် မြန်မာအချို့ လုပ်ကိုင်ကြရာ ယခုအခါ အဆိုပါ လှေများမှာ တန့်စ်လှင် ၄–၅ စင်းမျှသာ ရှိခဲ့ပါသည်၊ စင်စစ် မြန်မာလူမျိုးများမှာ ၅၂ ရေငုပ် လုပ်ငန်း၌ ကျွမ်းကျင်မှု ခေါင်းပါးလျက်ပင် ရှိပါသေးသည်။

(၅) ပင်လယ်ရေနက် ငါးဘမ်းနည်းမှာ ပိုက်ကြီးများကို ဓရအောက်တွင် ငါးထောင်မြှုံးကဲ့သို့ တပ်ဆင်အတိုင်း မြှတ်ခရိုင်၏တံငါလုပ်ငန်းများမှာ နှစ်ပရိဘောဂအားဖြင့် ကြာမြင့်ခဲ့သည်အားလျော်စွာ ရိုင်အတွင်း၌ အသုံးပြုနေသော ငါးဘမ်းကိရိယာတို့မှာ ရိုင်၏ အခေါ် အဝေါ်အားဖြင့် မူကွဲလျက်ရှိလေသည်၊ သို့သော် ဘမ်းဆီးပုံခြင်းမှာ နိုင်ငံတော်အစိုးရက ငြင်းဆန်း ထားသော ကိရိယာများနှင့် တူညီကြသည်သာဖြစ်၍ အခွန်တော် စည်းကြပ်ရာ၌ အခက်အခဲများ မရှိခဲ့ပါ။

(၁) ဘော်ပြခဲ့ပြီးသော နံပါတ် (၁) နည်း အရ မြစ်ဝ ချောင်းဝနှင့် ရေစီး ကြောင်းများ၌ ယာယီ သို့မဟုတ် အခိုင်အမာ စိုက်ထူ ဘမ်းဆီးရာ၌ အသုံးပြုသော ငါးဘမ်းကိရိယာနှင့် အခွန်တို့မှာ–

(၁)	စခွားကြိုး၊ တန့်စ်လှင်	အခွန်တော်	၄၀
(၂)	စခွားငယ်	" "	၂၅
(၃)	တလိုင်းပုံး	" "	၂၀
(၄)	တချပ်လမူး	" "	၂၀
(၅)	တိုက်မြုံး	" "	၁၀
(၆)	လမူးပြေး	" "	၇

ဖြစ်၍–

(၂) နံပါတ် (၂) အမျိုး အစားအရ ပင်လယ်ပြင်နှင့် ရေစီးကြောင်းတို့တွင် ရွှေ့ပြောင်း နိုင်သော ပိုက်များ၊ ငါးမျှားချိတ်များကို အသုံးပြု၍ ဘမ်းဆီး ရာတွင် အသုံး ပြုရသော ငါးဘမ်း ကိရိယာနှင့် အခွန်တော်တို့မှာ–

(၁)	ပိုင်၊ အခွန်တော်တန့်စ်လှင်၊ လူတယောက်လှင်–		၃-နှုန်း
(၂)	ငါးမန်းပိုင်	" "	၃-နှုန်း
(၃)	ပိုက်မင်းသားအခွန်တော်တန့်စ်လှင်		၂၀
(၄)	မျောပိုက်ကြီး	" "	၅၀
(၅)	မျောပိုက်ငယ်	" "	၂၀
(၆)	ပိုက်ချမ်းငယ်	" "	၂၀
(၇)	ငါးသလောက်ပိုက်	" "	၂၀
(၈)	ကမ်းရိုက်ပိုက်	" "	၁၅
(၉)	ပိုက်ဖြူငယ် (ဇလွယ်ပိုက်)	" "	၂၅
(၁၀)	၈-၀ သို့မဟုတ် ရင်တွန်း	"	အခွန်မရှိ
(၁၁)	ချောင်း ခံ၈-၀	" "	၁၀
(၁၂)	ခံလှ၊ ဖေါင်စခွား၊ တုံတုံး	" "	၁၅ စီ
(၁၃)	ကျား ပါးစပ်	" "	၄၀၀တို့

ဖြစ်လေသည်။

ထားရှိ၍ ငါးဘမ်းသူတို့က ငါးများကိုမြုံးဝင်သို့ တဖြည်းဖြည်း မောင်းနှင်ဝင်ရောက်စေခြင်းပင် ဖြစ်လေရာ၊ ပင်လယ်နက်ဒေသ များတွင် ရေမျက်နှာပြင် ကြည်သင်လှသဖြင့် ငါးများကို ပိုက်တွင်းသို့ ဝင်ရောက်မိနေသည်ကို အတိုင်းသားမြင်နိုင်လေသည်၊ ငါးများမိနေသောအခါ ပိုက်များကို ဆွဲတင်၍ ငါးများကို ထုတ်ယူကြလေသည်၊ ထိုးပိုက်များကို အရှည်အတိုင်းအတာအလျောက်အခွန်တော် ကောက်ယူလေရာ၊ အခွန်တော်ဝင်ငွေမှာ အများဆုံး နှစ်တွင် ကျဉ်းဘမ်းနည်းမှ အခွန်တော် ၁၃၀၀ မျှသာ ရရှိကြောင်း သိရှိရလေသည်။

စာရင်းအင်းများ

တငါလုပ်ငန်းမှာ ပြည်တွင်းရိက္ခာ ဖူလုံရေးအတွက် သော်ငြင်း တိုင်းပြည်၏ ဝင်ငွေတိုးတက်ရေးနှင့် လုပ်ငန်းခွင် လုပ်ကိုင်သူများ ချောင်ချိရေးအတွက်သော်ငြင်း များစွာအရေးပါအရာရောက်သော လုပ်ငန်းတရပ်အနေဖြင့် များမြားမုတ်မတ်တည် ရှိနေစေကာမူ၊ ထိုးလုပ်ငန်းနှင့်ပတ်သက်၍ ယုံကြည် အားထား လောက်သော့ စာရင်းအင်းများ တိကျစွာကောက်ယူမှု မှုိသေးသည်မှာ ဝမ်းနည်းဘွယ်ပင်ဖြစ်ပါသည်၊ စာရင်းအင်းများမှာ လုပ်ငန်းတရပ်ကို ပြုပြင်မြှင့်တင်ရန် စီးမံကိန်းရေးဆွဲရေး အတွက် အထူးလိုအပ်ပေသည်၊ တငါလုပ်ငန်းနှင့် ပတ်သက်၍ အထူးသဖြင့် စစ်ပြီးခေတ်တွင် စာရင်းများစုံလင်စွာမရရှိခဲ့ပါ။

တငါအခွန်တော်နှင့်ဝင်ငွေ

စစ်မဖြစ်မီက စာရင်းများ အရ မြိတ်ခရိုင် တငါအခွန်တော်မှ ဝင်ငွေမှာ နှစ်စဉ် ၄၆၀၀၀ မှ ၆၆၀၀၀ အကြားတွင်ရှိလေသည် စစ်ပြီးနှစ်များတွင် ၁၅၀၇၅၅ - ထိပင် ၁၉၅၁-၅၂ ကကောက်ခံရရှိခဲ့ပါသည်၊ ခရိုင်အတွင်းစားသုံးခြင်းကို ချန်လှပ်၍ အခြားသောဆိပ်ကမ်းမြို့နှင့်နိုင်ငံခြားသို့တင်ပို့ရောင်းချသောငါးပိငါးခြောက်နှင့်ပင်လယ်ထွက် ပစ္စည်းများ၏ တန်ဘိုးမှာ ၆၃၀၀၀၀- မှ ၁၀၀၀၀၀၀ ကျော်ထိပင်ရှိခဲ့ ပေသည်၊ ဤတွင်ခရိုင်အတွင်း၌ သုံးစွဲ သော ပစ္စည်းများ၏တန်ဘိုးကိုပါ ထည့်သွင်းရေတွက်ပါလျှင် မည်မျှများပြားမည်ကို ခန့်မှန်းနိုင်ပါသည်၊ မြိတ်ခရိုင်၏စီးပွားရေးလုပ်ငန်းကြီးများတွင် တငါလုပ်ငန်းလည်း အပါအဝင်ဖြစ်လေရာ ဤလုပ်ငန်း၌ လုပ်ကိုင်နေသော အလုပ်သမားဦးရေမှာအကြမ်းအားဖြင့် ၇၀၀၀ နှင့် တသောင်းစပ်ကြားတွင် ရှိပေလိမ့်မည်ဟု ခန့်မှန်းရပါသည်

နိုင်ငံတော်နှင့် တငါလုပ်ငန်း

မြန်မာနိုင်ငံတော်သည် သဘာဝအလျောက် ငါးများခပါများလှသည့် အင်းဒိုင်ချောင်း ပင်လယ်များများပြား၍ ငါးများစွာ ထွက်ရှိမည့် အလားအလာရှိသော်လည်း ယနေ့အထိတွင်မူ ဗျမ်းမှုန်ငြင်း အားဖြင့် ၁၉၃၆ ခုနှစ်မှ ၁၉၄၁ နှစ် အတွင်းတွင်နိုင်ငံခြားမှ ငါးခြောက် စသောစားသုံးကုန်တန်ဖိုးလျှင် ၁၀၈၁၀ တန်မျှ တင်သွင်းနေရလျက် နှစ်ပြုလျှင်မြန်မာပြည်မှမူ ၅၀၁ တန်မျှသာတင်ပို့နိုင်သဖြင့် နှစ်စဉ် ထိုပင်လယ်ထွက် ပစ္စည်းများအတွက် ကျပ် (၅၂) သိန်း ခန့်မျှ ယိုဖိတ်လျက်ရှိပါသည်၊ စစ်ပြီးကာလ နှစ်အတွင်းတွင် ကုန်ဈေးနှုန်းများကြီးမြင့် သဖြင့် တင်သွင်းသော ငါးတန်ဖိုးနှုန် နှည်းပါးလှသော်လည်း တန်ဘိုးမှာ စစ်မဖြစ်မီက ထက်ပင်များပြား ခဲ့ကြောင်း ဧအောက်ပါ ဇယားအရ သိရှိနိုင်ပါသည်။

ဖြန်မာငြည် ငါးဈောက်များ တင်သွင်း တင်ပို့ခြင်း စာယာ။

ဒုန်စ်	သွင်းကုန်		ထုတ်ကုန်		တကြောင်းအရာ
	တန်ချိန်	တန်ဘိုး	တန်ချိန်	တန်ဘိုး	
၁၉၃၆-၃၇	၁၂၆၇၆	၆၀၉၅၀၇၆	၃၁၂	၁၀၇၆၃၀	ဖျမ်း မျှ တင်သွင်း
၁၉၃၇-၃၀	၁၁၉၅၀	၅၉၃၁၀၀၀	၃၁၇	၁၇၉၆၆၂	သော တန်ချိန် တ
၁၉၃၀-၃၉	၁၀၂၀၀	၅၂၂၀၀၀၀	၆၉၂	၁၉၂၃၀၆	နှစ် လျှင်၊ ၁၀၀၁၀
၁၉၃၉-၄၀	၁၀၁၀၄	၅၁၀၄၉၀၀	၄၀၂	၁၉၀၉၇၀	တန် တန်ဘိုး
၁၉၄၀-၄၁	၈၂၆၂	၄၇၃၆၄၇၂	၁၃၀၀	၄၅၅၆၅၂	၅၄၃၃၄၉၀/-
၁၉၄၁-၄၂	၃၂၀၀	၆၃၂၇၀၀၀	*	*	နှင့်ထုတ်ကုန် ၅၀၁
၁၉၄၂-၅၀	၄၆၀၀	၉၃၀၀၀၀၀	*	*	တန်၊ တန်ဘိုး
					၂၄၁၂၆၀/-
					*စာရင်း မရ

သို့ဖြစ်လေရာ တငါ လုပ်ငန်းတွင် ရှေးဦး ပဌမ အဆင့်အနေအားဖြင့် နိုင်ငံတော်သည် အဘက်ဘက်မှ ချဉ်ယှင်း နေသော လုပ်ငန်းကို ပြုပြင်ခြင်း အားဖြင့် နိုင်ငံခြားအတွင်း ငါးပါ၊ ငါးခြောက်စသည့် တငါကုန် ပစ္စည်းများ စားသုံးရန် လုံလောက်စွာ ရရှိနိုင် မှုကို ဖန်တီးသင့် လေသည်၊ ဒုတိယ အဆင့်မှာ ထိုသို့ဖူလုံ ပြီးနောက် နိုင်ငံခြားသို့ တံငါ ထွက်ကုန် ပစ္စည်းများ တင်ပို့နိုင်သည်အထိ လုပ်ငန်းကို မြှင့်တင်ရန် ဖြစ်လေသည်။

မြိတ်ခရိုင်အတွက် လိုအပ်သည်များ

ဆိပ်ကမ်း ဆိပ်ရပ် ။ မြိတ်ခရိုင်၏ တငါ လုပ်ငန်းတွင် ဆိပ်ကမ်း ဆိပ်ရပ်ကိုဆိုင်များက ချေးငှါးခြင်း ထွက်ရှိသော ငါပိ၊ ငါခြောက်များကို ၎င်းတို့ကပင် ပေါက်ဈေး ထက် နိမ့်စသော ဈေးနှုန်းများဖြင့် သိမ်းယူခြင်း တည်း ဟူသော ငါးပိဝယ်း၊ ငါးခြောက်ဝယ်း စနစ်ဖြင့် လုပ် ကိုင်လျက် ရှိခဲ့သည်မှာ ယခုတိုင်ပင် ဖြစ်လေသည်၊ စင်စစ် ၎င်းတို့မှာ လယ်ရိုင်ရှင် ကြီးများက သီးစားကို စပါးပေး စနစ်ဖြင့် ခေါင်းပုံဖြတ် သကဲ့သို့ပင် တငါ လုပ်ကိုင် သူများအား ရှေးပဝေသဏီမှစ၍ သွေးစုတ် နေသူများသာ ဖြစ်ပေသည်၊ တငါ လုပ်ကိုင် သူများ ကလည်း ၎င်းတို့ဒွေရှင်းမပါဘဲ လုပ်ငန်းကို မလုပ်နိုင် သဖြင့်သာ ၅၏အတိုင်း ခံနေ ကြရခြင်း ဖြစ်လေသည်၊ ၅၏မြောက်မှားနေသော စနစ်ကို ဖြိုဖျက်သင့်ပေပြီ။

စစ်ပြီးကာလ နိုင်ငံတော် အစိုးရက ချေးငှါးသော တငါအမတော်ကြေး ငွေများကို နောက်ဆက်တွဲ စာ ရင်းတွင် ဘော်ပြထား ပါသည်၊ ၅၏စာရင်းအရ မြိတ် ခရိုင်တွင် အများဆုံး ချေးငှါးသောနှစ်တွင် ငွေပေါင်း-၄၅၀၀၀-မျှ ချေးငှါးခဲ့၍ တဦးလျှင် ၆၀၀ ခန့် ရရှိခဲ့ ကြောင်း သိရှိရပါသည်၊ ယခုအထိမှာ ထို ချေးငှါးငွေ များကို နှစ်စဉ်ပင် မှန်ကန်စွာ ပြန်လည် ပေးဆပ်ကြ ကြောင်း သိရှိရပါသည်၊ ထိုအမတော် ငွေများ မလုံ လောက်သဖြင့် ငွေရှင် ကြေးရှင်တို့ ထံမှ ငွေကိုလည်း တငါသည်များက တဘက်တွင်းချေးငှါးလျက်ပင် ရှိလေ ရာ ငွေရှင်များ၏ ချယ်လှယ် မှုကို တငါ လုပ်ငန်းမှ

ဖယ်ရှား လိုပါလျှင် နိုင်ငံတော် အစိုးရသည် ထိုထက် ပိုမိုချေးငှါးရမည် ဖြစ်ပါသည်၊ ထိုသို့ ချေးငှါးရာ၌ တရားဝင် လုပ်ငန်းအတွက် အမှန်လိုအပ်သောငွေများကို ထုတ်ချေးနိုင်ရန်ကိုငှင်း၊ ထိုသို့ ထုတ်ချေးရာ၌ လွယ်ကူလျှင် မြန်စေရန်ကို သော်ငှင်း အာမခံပစ္စည်း တင်နိုင်မှသာ ချေးငှါးရမည်ဟူသော သတ်မှတ်ချက်ကို လျော့ပေါ့ရန် ကိုငှင်း၊ ကျန်တရားဝင် မှလည်း ချေးငှါးသောငွေများကို မဆုံးရှုံးရန် နိုင်ငံတော်အစိုးရက တငါအမတော်ကြေး ချေးငှါးရေး စနစ်သစ်များ တည်ထွင်ရန် လိုအပ်နေပါသည်။

သယ်ယူပို့ဆောင်ရေး။ ဘဏ်ဆိုးရမိသော ငါးများကို လတ်လတ်ဆပ်ဆပ် ဈေးမှီရောင်းချ နိုင်ရန် လျင်မြန်သော သယ်ယူ ပို့ဆောင် မှုကို လိုအပ်နေပါသည်၊ထို့ပြင် ထိုသို့သယ်ယူပို့ဆောင်ရန် လိုအင်သော ကာလ အပိုင်း အခြားတွင် ငါးများမှာ လတ်ဆတ်စွာ ရှိစေရန် အစီအစဉ်များ ရှိသင့်ပါသည်၊ ပမာဆိုသော် ရေခဲစိမ်ခြင်း သို့တည်းမဟုတ် ငါးများကို ဘဏ်ဆိုးရမိသည်မှ ပို့ဆောင်လိုသော ဒေသသို့ ရောက်သည်အထိ အသက်ရှင်လျက်ပင် ရှိစေရန် လေဝင်ကန် များကို လိုအပ်ပါသည်၊ ဤကိစ္စတို့မှာ ခရိုင်၏ လက်ရှိ အခြေအနေနှင့် နှိုင်းစာလျှင် အတော်ပင် အလှမ်းဝေးလျက်ပင် ရှိသော်လည်း လုပ်ငန်းနှင့် လုပ်ကိုင် သူများ၏ အကျိုးကို ရှေ့ရှု၍ စဉ်းစား သင့်သည်မျှမက် မဖြစ်နိုင် ဘွယ်ရာအကြောင်းလည်း မရှိလှပေ။

ငါးခြောက်ဖြူလုပ်ငှါလောင်ခြင်း။ ထိုသို့ပြုလုပ်ရန် မဖြစ်သောဒေသများနှင့် ငါးခြောက် သက်သက် လုပ်ကိုင်သော လုပ်ငန်းတွင်သာ ငါးခြောက်လုပ်ငန်းကိုသာ အားပေး သင့်ပါသည်၊ စင်စစ် ဤလုပ်ငန်းမှာ ငါးခြောက် ဖြစ်ပြီး ဘဝတွင် တလက်မှ တလက်သို့ ကူးပြောင်းပြီးမှသာလျှင် စားသုံးသူများထံသို့ရောက်ရှိနိုင်သဖြင့် လုပ်ကိုင်သူများ၌ အကျိုးမများလှသည်နှင့် အမျှပင် စားသုံးသူများကလည်း သက်သာချောင်ချိစွာမရနိုင်ပေ ဤတွင်ငါးခြောက် လုပ်ငန်းအတွက် အသုံးပြုသောဆားများတွင် အကောက်မယူသင့်ဟု ရှေးကပင် ထောက်ခံထားသော အချက်တခု ရှိပေသေးရာ တငါလုပ်ငန်းကို တိုးတက်မြင့်တင်မှုတွင် အကြီးဝင်သည်အားလျော်စွာ နိုင်ငံတော်အစိုးရက အရေးယူစဉ်းစားသင့်ပေသည် အိန္ဒိယပြည်တွင် ငါးခြောက်လုပ်သော ဆားများ၌ ဤသို့ပင် အကောက်အခွန် မယူခကြောင်း သိရှိရလေသည်။

ပင်လယ်နက်၌ငါးဘဏ်ခြင်း။ ဆိုခဲ့ပြီး သောအချက်တို့မှာ ယေဘူယျအားဖြင့် ရိုးရိုး၏ တငါလုပ်ငန်း တရပ်လုံးနှင့် သက်ဆိုင်သော်လည်း၊ ဤခရိုင်၌ ယခုမှ ပင်နိုးကြားစပြုလာသော ပင်လယ်နက် ငါးဘမ်းခြင်းကို သီးသန့်၍ ဟော်ပြလိုပါသည်။

မြိတ်ခရိုင်၏ ပင်လယ်ပြင်၌ စက်ပြီးကာလတွင်၊ စက်ဘုမှ ရာသီအလိုက် အလုပ်သားများကို တင်သွင်းပြီးလျှင် ကော့သောင်း ငင်လယ်ထွက်ပစ္စည်း ကုမ္ပဏီက လိုင်စင်များယူ၍ မြိတ်တောင်ဘက် မိုင် ၁၀၀ နှံ့ကာ ဝေးသော လမ်းပိကျန်းတိုက်တွင် ငါးဘမ်းခဲ့ပါသည်။ သို့ရာတွင် ထိုသို့ဘမ်းဆီးခြင်းမှာလည်း များစွာမကြီးကျယ်လှပါ ၎င်းကုမ္ပဏီတခုသာလျှင် ထိုသို့ငါးဘမ်းဆီးရန်လိုင်စင်ရသဖြင့် လုပ်ငန်းမှာလည်း တွင်ကျယ်သင့်သလောက် မတွင်ကျယ်ပါ၊ ၎င်းပင်လယ်ပြင်မှာ ယခင် အင်္ဂလိပ်အစိုးရ လက်ထက်မှစ၍ ငါးများစွာ ပေါလှသည်ဟု သတင်းကြီးလျက် ရှိသည်သာမက စက်ဘုမှ တရုပ်လူမျိုးများ မကြာခဏ လာရောက်၍ တိတ်တဆိတ် ငါးဘမ်းခြင်းမှ တပါး ဤစစ်ပြီးကာလတွင် ကော့သောင်း ပင်လယ်ထွက် ပစ္စည်းကုမ္ပဏီက လိုင်စင်ယူ၍ ငါးဘမ်းသည်မှာ ရှေးဦးစွာ ပဌမပင် ဖြစ်သည်။

မြိတ်ခရိုင်၌ ငါးထွက်တန်ဆိုနှုန်းကို တိုးတက်စေရန် ဤပင်လယ်နက်ငါးဘမ်းလုပ်ငန်းကို လက်ရှိအခြေအနေထက် တိုးမြှင့်ပေးရန်သင့်လေရာ ဤလုပ်ငန်းကို လေ့လာရန်အတွက် ၁၉၅၃ ခုနှစ်အတွင်းက ငါးဘက်ဆိုင်ရာအရာရှိ ဦးဘကျော်သည်၎င်း၊ ကျပန်တငါးကုမ္ပဏီ၏ ကိုယ်စားလည်များနှင့် ဒိုလ်လက်ျာ တို့သည်၎င်း မြိတ်မြို့သို့ လာရောက်ခဲ့ကြပြီးနောက် ၎င်းလုပ်ငန်းကို မြန်မာပိုင်ကုမ္ပဏီတခုနှင့် ကျပန်ကုမ္ပဏီတခုတို့ စုပေါင်း၍လုပ်ကိုင်ကြလိမ့်မည်ဟု သတင်းစာများ၌ ထွက်ပေါ်ခဲ့သည်ကိုဘတ်ရှုရလေသည်၊ သို့ဖြစ်၍ လားမည်နှစ် အတွင်း၌ ဤလုပ်ငန်းကို ကျန်စွာပင် လုပ်ကိုင်တော့မည်ဟု မြော်လင့်ရပေသည်။

အထူးသဖြင့်မှာ မြိတ်ခရိုင်၏ ပင်လယ်ကမ်းခြေသည် မိုင် ၃၀၀ ထက်မနည်း ရှည်လျားပြန့်ကျယ်သည့် အာလော်စွာ ပင်လယ်နက် ငါးဘဏ်း လိုင်စင်ကို ကုမ္ပဏီ တခုတည်းအားသာလျှင် မပေးအပ်ဘဲ အခြားလုပ်ငန်လိုသော ကုမ္ပဏီများပါ ဝင်ရောက်လုပ်ကိုင်စေသင့်ပေ၏၊ ထိုပြင်ဝင်း ပင်လယ်ပြင်ဒေသသို့ ကြိုဖန်သွားရောက်မှပင် အစိုးရဒရာရှိများ ရောက်ရှိသဖြင့် ထိုပင်လယ်ပြင်သို့ လာရောက်၍ ငါးများတိတ်တဆိတ် ဘင်းယူခြင်းဒိုင်း နမိုက်များကို အသုံးပြုခြင်း စသည်မတရားမှုမျိုးကို ပပျောက်နိုင်ရန်အတွက် ထို့ပြင်ပင်လယ်နက် ငါးဘဏ်ခြင်းကို လည့်လည်စစ်ဆေးရန် အရာရှိတဦး တယော်က်အား သီးသန့်တာဝန်ပေးရန် သို့မဟုတ် ခန့်ထားရန် သင့်ပါသည်၊ ဥင်းအရာရှိမှာ ငါးဘဏ်ခြင်း သိုလှောင်ခြင်း အခြောက်လှမ်းခြင်း စသည်တို့၌ ကွန်းကျင်တတ်သိ၍ နည်းပေးလမ်းပြ ပြုလုပ်နိုင်ပါက ပိုမိုရှိသင့်လျော်ပါလိမ့်မည်။

ထို့ပြင် ၁၉၁၀ ခုနှစ်ဆီက တနင်္သာရီ တိုင်းမင်းကြီး မစွတာခရစ္စတီ၏ အစီရင်ခံစာတွင် ဘော်ပြအပ်သည့် ပင်လယ်နက် ငါးဘမ်းပိုက်များ အပေါ်၌ အခွန်တော်သွတ်ငြမ်းခွင့် ပြုရန်ထောက်ခံ ထားချက်ကို ပြန်လည်စဉ်းစား၍ လုံးဝ မလွတ်ငြိမ်းစေကာမူ လုပ်ငန်းကို ခိုးမြှင့်သော သဘောဖြင့် လျှော့ပေါ့ ကောက်ခံသင့်လေသည်၊ ထိုပြင် ထိုသို့ ပင်လယ်နက် ငါးဘမ်းလိုင်စင် ရသူတို့ ခေတ်မှီကိရိယာဖြင့် မော်တော်စက်များကို ဝယ်ယူ အသုံးပြုနိုင်ရန်နှင့် ကွန်းကျင်သော ငါးဘမ်းသမားများကို မြန်မာပြည်တွင်းသို့ တင်သွင်းနိုင်ရန် ကိစ္စများတွင် နိုင်ငံတော်အစိုးရက လိုက်လိုက်လျောလျော ဆောင်ရွက်ပေး သင့်ပါသည်၊ ထိုပြင်အမတော်ငွေများကိုလည်း လုံလောက်စွာထုတ်မ,ခြေငှါး သင့်ပါသည်။

ငါးမွေးမြူခြင်း

ဆိုခဲ့ပြီးသော လုင်ငန်းတို့မှာ သဘာဝအလျောက် ပင်လယ် မြစ်ချောင်းများ၌ ဖြစ်ထွန်းနေသော ငါးများနှင့် စပ်လျဉ်းသော လုင်ငန်းများသာပင် ဖြစ်သေးလေရာ ဝငါလုင်ငန်းကို ချဲ့ထွင်လုင်ကိုင်ရာ၌ ငါးမွေးမြူရေးကို မမေ့သင့်ပေ၊ ကမ္ဘာ့ တိုးတက်နေသော တိုင်းပြည်များတွင် ဤငါးမွေးမြူရေးကို ကျေးလက်လုပ်ငန်းတရပ်သဘွယ်ပင် ဖြစ်ထွန်းစွာလုပ်ကိုင်လျက် ရှိကြလေသည်။

ဤငါးမွေးမြူရေးကို တရုတ်ပြည်တွင် "မင်" နန်းဆက်စိုးစံခဲ့သော ၁၃၆၈ ခုနှစ်ဆီမှပင် စတင်တည်ရှိခဲ့၍ ဥရောပတိုက် ဘိုဟီမီးရားပြည်တွင် ၁၄၆၇ ခုနှစ်ဆီမှ စတင်ခဲ့ကြောင်း ဘတ်ရှ်ရလေသည်၊ ယခုအခါ အိန္ဒိယ၊ပြင်သစ် ဂျာမနီ အမေရိကံပြည်၌ များစွာပင် ထွန်းကားနေပေသည်၊ အရှေ့ အာရှတောင်ပိုင်း၌ မနီလာ ပင်လယ်ကွေ့ တဝိုက်ရှိ ငါးမွေးမြူရာ ဒေသတို့မှာ မြန်မာငွေ ၁၃၅ သိန်းခန့်ဖြင့်ပင် မ,တည် ထား၍ အထူးပင် ခေတ်မှီသော စီးပွားရေးတရပ် အဖြစ် အကျိုးခံစားနေရပေ၏။

ငါးမွေးမြူရေး လုပ်ငန်းတွင် ငါးကလေး များဖေါက်ခြင်း၊ ငါးကလေး များကို သီးသန့် မွေးမြူခြင်း၊ သို့မဟုတ် မြစ်ချောင်း အင်းအိုင်များ၌ လျော့ပေါ့မည့် ငါးအတွက် အစားထိုးခြင်း စသည်ဖြင့် သဘာဝထွက်ကုန်၏ အခြေအမြစ်ကို တိုးတက်မှုလုပ်ငန်းများအတွက် အသုံးပြုရသဖြင့် တငါ လုပ်ငန်းကို ကြီးကျယ်စွာ လုပ်ကိုင်သည့် ဘိုင်းပြည်တိုင်း အတွက် မရှိမဖြစ်သော လုပ်ငန်းရပ်ပင် ဖြစ်လေရာ ဤလုပ်ငန်းရပ်ကို လေ့လာ၍ မြန်မာပြည်တွင် တည်ထွင်သင့်ပေ၏။

သုဓတသနလုပ်ငန်း

သို့ဖြစ်၍ ငါးမွေးမြူနည်း၊ ဘဏ်ဆိုးနည်း၊ တင်ပို့ရောင်းချရန် စီမံနည်း၊ တာရှည်ခံရန်ပြုပြင်နည်းစသော အခြောက် လုပ်ခြင်း၊ မီးတင်ခြင်း၊ အချဉ် ထည့်ခြင်း စသည့်လုပ်ငန်းအရပ်ရပ်ကို စံနစ်တကျ လေ့လာ သင်ကြား၍ နိုင်ငံတော်အတွင်း၌ အနှံအပြား ဖြန့်ဖြူးရန်မှာ အမှန်ပင် လိုအပ်လျက် ရှိုင်ဖြစ်ကြောင်း ပေါ်လွင်နေပြီဖြစ်ပါ၍ တငါလုပ်ငန်းကို အမှန်ပင် တိုးတက်အောင် ရွက်ဆောင်လိုပါလျှင် သုတေသနလုပ်ငန်းကို ငွေကုန်ကြေးကျခံ၍ ပြုလုပ်ရန် မနှောင့်နှေးသင့်ပေ။

သို့ဖြစ်၍ အင်္ဂလိပ်အစိုးရတို့လက်ထက်မှစ၍ အစိုးရ၏အားပေးမှု လစ်ဟင်းလျက်ရှိသော ဤလုပ်ငန်းကို အစွမ်းကုန် မြှင့်တင်၍ ထွက်ကုန်ကို တိုးတက် စေရန်မှာ ပြည်တော်သာဧတ်ဝယ် နိုင်ငံတော် အစိုးရ၏ ရက်ရောစွာ ထောက်ပံ့မှု၊ အားသွန် ကြိုးပမ်းမှု၊ နည်းပေးညွှန်ကြားမှုတို့ကို လိုအပ်လျက်ရှိပါကြောင်း။

ဖြတ်တောက်ခြင်းခံရသော ကုမ္ပဏီများ၏ ကြေးစာရင်းဆိုင်ရာ အကျဉ်းချုပ်။

ခုနှစ်	အစိုးရပိုင်				သမဝါယမ				ပုဂ္ဂလိက				စုစုပေါင်း			
	ကုမ္ပဏီ အရေအတွက်	ရင်းနှီးမြှုပ်နှံမှု	အမြတ်ငွေ	ဆုံးရှုံးငွေ	ကုမ္ပဏီ အရေအတွက်	ရင်းနှီးမြှုပ်နှံမှု	အမြတ်ငွေ	ဆုံးရှုံးငွေ	ကုမ္ပဏီ အရေအတွက်	ရင်းနှီးမြှုပ်နှံမှု	အမြတ်ငွေ	ဆုံးရှုံးငွေ	ကုမ္ပဏီ အရေအတွက်	ရင်းနှီးမြှုပ်နှံမှု	အမြတ်ငွေ	ဆုံးရှုံးငွေ
၁၉၄၈-၄၉	၂၂	၁၅၅၅	၅၅၅	-	-	-	-	-	၅၅၅	၁၅၅၅	၅၅၅	-	၂၂	၁၅၅၅	၅၅၅	-
၁၉၄၉-၅၀	၂၂	၁၅၅၅	၅၅၅	-	-	-	-	-	၅၅၅	၁၅၅၅	၅၅၅	-	၂၂	၁၅၅၅	၅၅၅	-
၁၉၅၀-၅၁	၂၂	၁၅၅၅	၅၅၅	-	-	-	-	-	၅၅၅	၁၅၅၅	၅၅၅	-	၂၂	၁၅၅၅	၅၅၅	-
၁၉၅၁-၅၂	၂၂	၁၅၅၅	၅၅၅	-	-	-	-	-	၅၅၅	၁၅၅၅	၅၅၅	-	၂၂	၁၅၅၅	၅၅၅	-
၁၉၅၂-၅၃	၂၂	၁၅၅၅	၅၅၅	-	-	-	-	-	၅၅၅	၁၅၅၅	၅၅၅	-	၂၂	၁၅၅၅	၅၅၅	-
၁၉၅၃-၅၄	၂၂	၁၅၅၅	၅၅၅	-	-	-	-	-	၅၅၅	၁၅၅၅	၅၅၅	-	၂၂	၁၅၅၅	၅၅၅	-
၁၉၅၄-၅၅	၂၂	၁၅၅၅	၅၅၅	-	-	-	-	-	၅၅၅	၁၅၅၅	၅၅၅	-	၂၂	၁၅၅၅	၅၅၅	-
၁၉၅၅-၅၆	၂၂	၁၅၅၅	၅၅၅	-	-	-	-	-	၅၅၅	၁၅၅၅	၅၅၅	-	၂၂	၁၅၅၅	၅၅၅	-
၁၉၅၆-၅၇	၂၂	၁၅၅၅	၅၅၅	-	-	-	-	-	၅၅၅	၁၅၅၅	၅၅၅	-	၂၂	၁၅၅၅	၅၅၅	-
၁၉၅၇-၅၈	၂၂	၁၅၅၅	၅၅၅	-	-	-	-	-	၅၅၅	၁၅၅၅	၅၅၅	-	၂၂	၁၅၅၅	၅၅၅	-
၁၉၅၈-၅၉	၂၂	၁၅၅၅	၅၅၅	-	-	-	-	-	၅၅၅	၁၅၅၅	၅၅၅	-	၂၂	၁၅၅၅	၅၅၅	-
၁၉၅၉-၆၀	၂၂	၁၅၅၅	၅၅၅	-	-	-	-	-	၅၅၅	၁၅၅၅	၅၅၅	-	၂၂	၁၅၅၅	၅၅၅	-
၁၉၆၀-၆၁	၂၂	၁၅၅၅	၅၅၅	-	-	-	-	-	၅၅၅	၁၅၅၅	၅၅၅	-	၂၂	၁၅၅၅	၅၅၅	-
၁၉၆၁-၆၂	၂၂	၁၅၅၅	၅၅၅	-	-	-	-	-	၅၅၅	၁၅၅၅	၅၅၅	-	၂၂	၁၅၅၅	၅၅၅	-
၁၉၆၂-၆၃	၂၂	၁၅၅၅	၅၅၅	-	-	-	-	-	၅၅၅	၁၅၅၅	၅၅၅	-	၂၂	၁၅၅၅	၅၅၅	-
၁၉၆၃-၆၄	၂၂	၁၅၅၅	၅၅၅	-	-	-	-	-	၅၅၅	၁၅၅၅	၅၅၅	-	၂၂	၁၅၅၅	၅၅၅	-
၁၉၆၄-၆၅	၂၂	၁၅၅၅	၅၅၅	-	-	-	-	-	၅၅၅	၁၅၅၅	၅၅၅	-	၂၂	၁၅၅၅	၅၅၅	-
၁၉၆၅-၆၆	၂၂	၁၅၅၅	၅၅၅	-	-	-	-	-	၅၅၅	၁၅၅၅	၅၅၅	-	၂၂	၁၅၅၅	၅၅၅	-
၁၉၆၆-၆၇	၂၂	၁၅၅၅	၅၅၅	-	-	-	-	-	၅၅၅	၁၅၅၅	၅၅၅	-	၂၂	၁၅၅၅	၅၅၅	-
၁၉၆၇-၆၈	၂၂	၁၅၅၅	၅၅၅	-	-	-	-	-	၅၅၅	၁၅၅၅	၅၅၅	-	၂၂	၁၅၅၅	၅၅၅	-
၁၉၆၈-၆၉	၂၂	၁၅၅၅	၅၅၅	-	-	-	-	-	၅၅၅	၁၅၅၅	၅၅၅	-	၂၂	၁၅၅၅	၅၅၅	-
၁၉၆၉-၇၀	၂၂	၁၅၅၅	၅၅၅	-	-	-	-	-	၅၅၅	၁၅၅၅	၅၅၅	-	၂၂	၁၅၅၅	၅၅၅	-
၁၉၇၀-၇၁	၂၂	၁၅၅၅	၅၅၅	-	-	-	-	-	၅၅၅	၁၅၅၅	၅၅၅	-	၂၂	၁၅၅၅	၅၅၅	-
၁၉၇၁-၇၂	၂၂	၁၅၅၅	၅၅၅	-	-	-	-	-	၅၅၅	၁၅၅၅	၅၅၅	-	၂၂	၁၅၅၅	၅၅၅	-
၁၉၇၂-၇၃	၂၂	၁၅၅၅	၅၅၅	-	-	-	-	-	၅၅၅	၁၅၅၅	၅၅၅	-	၂၂	၁၅၅၅	၅၅၅	-
၁၉၇၃-၇၄	၂၂	၁၅၅၅	၅၅၅	-	-	-	-	-	၅၅၅	၁၅၅၅	၅၅၅	-	၂၂	၁၅၅၅	၅၅၅	-
၁၉၇၄-၇၅	၂၂	၁၅၅၅	၅၅၅	-	-	-	-	-	၅၅၅	၁၅၅၅	၅၅၅	-	၂၂	၁၅၅၅	၅၅၅	-
၁၉၇၅-၇၆	၂၂	၁၅၅၅	၅၅၅	-	-	-	-	-	၅၅၅	၁၅၅၅	၅၅၅	-	၂၂	၁၅၅၅	၅၅၅	-
၁၉၇၆-၇၇	၂၂	၁၅၅၅	၅၅၅	-	-	-	-	-	၅၅၅	၁၅၅၅	၅၅၅	-	၂၂	၁၅၅၅	၅၅၅	-
၁၉၇၇-၇၈	၂၂	၁၅၅၅	၅၅၅	-	-	-	-	-	၅၅၅	၁၅၅၅	၅၅၅	-	၂၂	၁၅၅၅	၅၅၅	-
၁၉၇၈-၇၉	၂၂	၁၅၅၅	၅၅၅	-	-	-	-	-	၅၅၅	၁၅၅၅	၅၅၅	-	၂၂	၁၅၅၅	၅၅၅	-
၁၉၇၉-၈၀	၂၂	၁၅၅၅	၅၅၅	-	-	-	-	-	၅၅၅	၁၅၅၅	၅၅၅	-	၂၂	၁၅၅၅	၅၅၅	-
၁၉၈၀-၈၁	၂၂	၁၅၅၅	၅၅၅	-	-	-	-	-	၅၅၅	၁၅၅၅	၅၅၅	-	၂၂	၁၅၅၅	၅၅၅	-
၁၉၈၁-၈၂	၂၂	၁၅၅၅	၅၅၅	-	-	-	-	-	၅၅၅	၁၅၅၅	၅၅၅	-	၂၂	၁၅၅၅	၅၅၅	-
၁၉၈၂-၈၃	၂၂	၁၅၅၅	၅၅၅	-	-	-	-	-	၅၅၅	၁၅၅၅	၅၅၅	-	၂၂	၁၅၅၅	၅၅၅	-
၁၉၈၃-၈၄	၂၂	၁၅၅၅	၅၅၅	-	-	-	-	-	၅၅၅	၁၅၅၅	၅၅၅	-	၂၂	၁၅၅၅	၅၅၅	-
၁၉၈၄-၈၅	၂၂	၁၅၅၅	၅၅၅	-	-	-	-	-	၅၅၅	၁၅၅၅	၅၅၅	-	၂၂	၁၅၅၅	၅၅၅	-
၁၉၈၅-၈၆	၂၂	၁၅၅၅	၅၅၅	-	-	-	-	-	၅၅၅	၁၅၅၅	၅၅၅	-	၂၂	၁၅၅၅	၅၅၅	-
၁၉၈၆-၈၇	၂၂	၁၅၅၅	၅၅၅	-	-	-	-	-	၅၅၅	၁၅၅၅	၅၅၅	-	၂၂	၁၅၅၅	၅၅၅	-
၁၉၈၇-၈၈	၂၂	၁၅၅၅	၅၅၅	-	-	-	-	-	၅၅၅	၁၅၅၅	၅၅၅	-	၂၂	၁၅၅၅	၅၅၅	-
၁၉၈၈-၈၉	၂၂	၁၅၅၅	၅၅၅	-	-	-	-	-	၅၅၅	၁၅၅၅	၅၅၅	-	၂၂	၁၅၅၅	၅၅၅	-
၁၉၈၉-၉၀	၂၂	၁၅၅၅	၅၅၅	-	-	-	-	-	၅၅၅	၁၅၅၅	၅၅၅	-	၂၂	၁၅၅၅	၅၅၅	-
၁၉၉၀-၉၁	၂၂	၁၅၅၅	၅၅၅	-	-	-	-	-	၅၅၅	၁၅၅၅	၅၅၅	-	၂၂	၁၅၅၅	၅၅၅	-
၁၉၉၁-၉၂	၂၂	၁၅၅၅	၅၅၅	-	-	-	-	-	၅၅၅	၁၅၅၅	၅၅၅	-	၂၂	၁၅၅၅	၅၅၅	-
၁၉၉၂-၉၃	၂၂	၁၅၅၅	၅၅၅	-	-	-	-	-	၅၅၅	၁၅၅၅	၅၅၅	-	၂၂	၁၅၅၅	၅၅၅	-
၁၉၉၃-၉၄	၂၂	၁၅၅၅	၅၅၅	-	-	-	-	-	၅၅၅	၁၅၅၅	၅၅၅	-	၂၂	၁၅၅၅	၅၅၅	-
၁၉၉၄-၉၅	၂၂	၁၅၅၅	၅၅၅	-	-	-	-	-	၅၅၅	၁၅၅၅	၅၅၅	-	၂၂	၁၅၅၅	၅၅၅	-
၁၉၉၅-၉၆	၂၂	၁၅၅၅	၅၅၅	-	-	-	-	-	၅၅၅	၁၅၅၅	၅၅၅	-	၂၂	၁၅၅၅	၅၅၅	-
၁၉၉၆-၉၇	၂၂	၁၅၅၅	၅၅၅	-	-	-	-	-	၅၅၅	၁၅၅၅	၅၅၅	-	၂၂	၁၅၅၅	၅၅၅	-
၁၉၉၇-၉၈	၂၂	၁၅၅၅	၅၅၅	-	-	-	-	-	၅၅၅	၁၅၅၅	၅၅၅	-	၂၂	၁၅၅၅	၅၅၅	-
၁၉၉၈-၉၉	၂၂	၁၅၅၅	၅၅၅	-	-	-	-	-	၅၅၅	၁၅၅၅	၅၅၅	-	၂၂	၁၅၅၅	၅၅၅	-
၁၉၉၉-၂၀၀၀	၂၂	၁၅၅၅	၅၅၅	-	-	-	-	-	၅၅၅	၁၅၅၅	၅၅၅	-	၂၂	၁၅၅၅	၅၅၅	-

ปีเตอร์ตัด ตารางเปรียบเทียบการเลือกตั้งสมาชิกสภาผู้แทนราษฎร

ที่นั่ง	ผู้มีสิทธิเลือกตั้ง		ผู้มาใช้สิทธิเลือกตั้ง															
					บัตรดี						บัตรเสีย							
					แบบแบ่งเขต				แบบบัญชีรายชื่อ		แบบแบ่งเขต				แบบบัญชีรายชื่อ			
	ชาย	หญิง	รวม	ร้อยละ	ชาย	หญิง	รวม	ร้อยละ	ชาย	หญิง	ชาย	หญิง	รวม	ร้อยละ	ชาย	หญิง	รวม	ร้อยละ
๑๕๐	๑๐๓,๗๐๙	๑๐๓,๗๐๙	๒๐๗,๔๑๘	๖๔.๐๐	๖๔,๐๐๗	๖๔,๐๐๗	๑๒๘,๐๑๔	๖๔.๐๐	๖๔,๐๐๗	๖๔,๐๐๗	๑,๐๐๗	๑,๐๐๗	๒,๐๑๔	๑.๐๐	๑,๐๐๗	๑,๐๐๗	๒,๐๑๔	๑.๐๐
๑๐

၁	၂	၃	၄	၅	၆	၇
ကွင်းလယ်	၁၀၀၀၀၉	၁၂၀၀၀၀	၁၀၀၀၀၀	၁၀၀၀၀၀	၁၂၀၀၀၀	၁၂၀၀၀၀
ကြီးပါး	၁၂၀၀၀၀	၁၂၀၀၀၀	၁၂၀၀၀၀	၁၂၀၀၀၀	၁၂၀၀၀၀	၁၂၀၀၀၀
ငါးသေး	၁၀၀၀၀၀	၁၂၀၀၀၀	၁၂၀၀၀၀	၁၂၀၀၀၀	၁၂၀၀၀၀	၁၂၀၀၀၀
ပုစွန်ဖြူ	၁၂၀၀၀၀	၁၂၀၀၀၀	၁၂၀၀၀၀	၁၂၀၀၀၀	၁၂၀၀၀၀	၁၂၀၀၀၀
ပုစွန်ဝက်	၁၂၀၀၀၀	၁၂၀၀၀၀	၁၂၀၀၀၀	၁၂၀၀၀၀	၁၂၀၀၀၀	၁၂၀၀၀၀
ပုစွန်ကုလား	၁၂၀၀၀၀	၁၂၀၀၀၀	၁၂၀၀၀၀	၁၂၀၀၀၀	၁၂၀၀၀၀	၁၂၀၀၀၀
ပုစွန်ဖားကြီး	၁၂၀၀၀၀	၁၂၀၀၀၀	၁၂၀၀၀၀	၁၂၀၀၀၀	၁၂၀၀၀၀	၁၂၀၀၀၀
ပုစွန်ဖားသေး	၁၂၀၀၀၀	၁၂၀၀၀၀	၁၂၀၀၀၀	၁၂၀၀၀၀	၁၂၀၀၀၀	၁၂၀၀၀၀
ပုစွန်ဝါး	၁၂၀၀၀၀	၁၂၀၀၀၀	၁၂၀၀၀၀	၁၂၀၀၀၀	၁၂၀၀၀၀	၁၂၀၀၀၀
ပုစွန်ဦးခေါင်း	၁၂၀၀၀၀	၁၂၀၀၀၀	၁၂၀၀၀၀	၁၂၀၀၀၀	၁၂၀၀၀၀	၁၂၀၀၀၀
ပုစွန်ဦးခေါင်းသေး	၁၂၀၀၀၀	၁၂၀၀၀၀	၁၂၀၀၀၀	၁၂၀၀၀၀	၁၂၀၀၀၀	၁၂၀၀၀၀
ပုစွန်ဦးခေါင်းကြီး	၁၂၀၀၀၀	၁၂၀၀၀၀	၁၂၀၀၀၀	၁၂၀၀၀၀	၁၂၀၀၀၀	၁၂၀၀၀၀
ပုစွန်ဦးခေါင်းဝက်	၁၂၀၀၀၀	၁၂၀၀၀၀	၁၂၀၀၀၀	၁၂၀၀၀၀	၁၂၀၀၀၀	၁၂၀၀၀၀
ပုစွန်ဦးခေါင်းကုလား	၁၂၀၀၀၀	၁၂၀၀၀၀	၁၂၀၀၀၀	၁၂၀၀၀၀	၁၂၀၀၀၀	၁၂၀၀၀၀
ပုစွန်ဦးခေါင်းဖားကြီး	၁၂၀၀၀၀	၁၂၀၀၀၀	၁၂၀၀၀၀	၁၂၀၀၀၀	၁၂၀၀၀၀	၁၂၀၀၀၀
ပုစွန်ဦးခေါင်းဖားသေး	၁၂၀၀၀၀	၁၂၀၀၀၀	၁၂၀၀၀၀	၁၂၀၀၀၀	၁၂၀၀၀၀	၁၂၀၀၀၀
ပုစွန်ဦးခေါင်းဝါး	၁၂၀၀၀၀	၁၂၀၀၀၀	၁၂၀၀၀၀	၁၂၀၀၀၀	၁၂၀၀၀၀	၁၂၀၀၀၀

ပြည်တော်ဆင်း

ပြင်ဆင်ထားသည့် ပင်လယ်ဘဝသတ္တဝါများ နှစ်စဉ်ပေးဆောင်ရမည့် အခွန်ဘဏ္ဍာများ

ဇယား ၉ ဒေသအကြီးစား ဓာတ်မြေဆီလွှာအမျိုးအစားများအလိုက် ဧကတစ်ဧကလျှင် ပျမ်းမျှအသားတင်ဝင်ငွေ (၂၀၁၀-၁၁ စီးပွားရေး)

ଜିଲ୍ଲାରେ ଥିବା ବିଭିନ୍ନ ପ୍ରକାରର ଅଫିସ୍ ଓ ସେମାନଙ୍କରେ କାର୍ଯ୍ୟ

ଅଫିସ୍	ଅଫିସର୍	କ୍ଲର୍କ	ଅନ୍ୟାନ୍ୟ କର୍ମଚାରୀ	ମୋଟ
ଜିଲ୍ଲାପାଳଙ୍କ ଅଫିସ୍	୦୦୦୬୮	୦୦୦୬୮	୦୦୦୬୮	୮୬-୮୬୬୮
ଅତିରିକ୍ତ ଜିଲ୍ଲାପାଳଙ୍କ ଅଫିସ୍	୦୦୦୮୮	୦୦୦୬୮	୦୦୦୬୮	୮୬-୦୬୬୮
ଉପଜିଲ୍ଲାପାଳଙ୍କ ଅଫିସ୍	୦୦୦୦୬	୦୦୦୦୬	୦୦୦୦୬	୦୬-୬୬୬୮
ତହସିଲଦାରଙ୍କ ଅଫିସ୍	୦୬୬୬୬	୦୦୦୬୬	୦୦୦୬୬	୬୬-୦୬୬୮
ବ୍ଲକ୍ ଅଫିସ୍	୦୦୮୮	୦୦୦୦୬	୦୦୦୦୬	୦୬-୬୬୬୮
ଅନ୍ୟାନ୍ୟ ଅଫିସ୍	୦୬୮୬୮	୦୦୦୦୮	୦୦୦୦୮	୬୬-୭୬୬୮

ပြောက်ခရိုင်တငါခွန်တော် ဇယား။

ရုန်စ်	ကောက်ခံငွေ			စုစုပေါင်း	လွှတ်ငြိမ်းချမ်းသာခွင့်ပေးသည့်အခွန်ဘော်		ကောက်ခံရငွေ		
	အခွန်တော်ကျန်ငွေများ	ယခုနှစ် အခွန်တော်			အခွန်တော်ကျန်ငွေများမှ	ယခုနှစ်အခွန်တော်မှ	အခွန်တော်ကျန်ငွေများမှ	ယခုနှစ်အခွန်တော်မှ	ကောက်ခံရန်ကျန်ငွေ
		လိုင်စင်များ	အငှါးအခိုင်						
ခရေဒေ - ဂါ	မရှိ	၄၃၀၀၂	၈၇၀၀	၅၁၂၀၂	-	-	-	၅၁၂၀၂	-
ခရေဒေ - ဒါ	မရှိ	၅၅၀၀၀	၀၀၆၄၃	၅၅၆၄၃	-	-	-	၅၅၆၄၃	-
ခရေဒေ - ဒဲ	မရှိ	၀၀၆၀၀	၀၀၆၀၀	၀၀၆၀၀	-	-	-	၀၀၆၀၀	-
ခရေဒေ - ဒဲ	မရှိ	၀၀၆၀၀	၀၀၆၀၀	၀၀၆၀၀	-	-	-	၀၀၆၀၀	-
ခရေဒေ - ဒါ	မရှိ	၀၀၆၀၀	၀၀၆၀၀	၀၀၆၀၀	-	-	-	၀၀၆၀၀	-
ခရေဒေ - ဒါ	မရှိ	၀၀၆၀၀	၀၀၆၀၀	၀၀၆၀၀	-	-	-	၀၀၆၀၀	-
ခရေဒေ - ဒါ	မရှိ	၀၀၆၀၀	၀၀၆၀၀	၀၀၆၀၀	-	-	-	၀၀၆၀၀	-
ခရေဒေ - ဒါ	မရှိ	၀၀၆၀၀	၀၀၆၀၀	၀၀၆၀၀	-	-	-	၀၀၆၀၀	-
ခရေဒေ - ဒါ	မရှိ	၀၀၆၀၀	၀၀၆၀၀	၀၀၆၀၀	-	-	-	၀၀၆၀၀	-
ခရေဒေ - ဒါ	မရှိ	၀၀၆၀၀	၀၀၆၀၀	၀၀၆၀၀	-	-	-	၀၀၆၀၀	-
ခရေဒေ - ဒါ	မရှိ	၀၀၆၀၀	၀၀၆၀၀	၀၀၆၀၀	-	-	-	၀၀၆၀၀	-
ခရေဒေ - ဒါ	မရှိ	၀၀၆၀၀	၀၀၆၀၀	၀၀၆၀၀	-	-	-	၀၀၆၀၀	-
ခရေဒေ - ဒါ	မရှိ	၀၀၆၀၀	၀၀၆၀၀	၀၀၆၀၀	-	-	-	၀၀၆၀၀	-
ခရေဒေ - ဒါ	မရှိ	၀၀၆၀၀	၀၀၆၀၀	၀၀၆၀၀	-	-	-	၀၀၆၀၀	-
ခရေဒေ - ဒါ	မရှိ	၀၀၆၀၀	၀၀၆၀၀	၀၀၆၀၀	-	-	-	၀၀၆၀၀	-
ခရေဒေ - ဒါ	မရှိ	၀၀၆၀၀	၀၀၆၀၀	၀၀၆၀၀	-	-	-	၀၀၆၀၀	-



ဦးထိုးဖြင့်ပင် သတ္တုစေ့ကိုဆေးကြာချိ



သည်းတွင်းမှာရှိ လင်းမျှားကိုတိုးဖွဲ့ဖမ်းသုပ်ချိ



ပုလဲခြိုနယ် ပြည်ထောင်သာ ဇနီး
ကိုယ်စားသွယ် ဦးသင်းပုံ။



ရေတွင်းဖြင့် ငွေဖြိုလွှင်း



ရေပန်းစေါင်းစေ့နိုဘာဖြင့်လုပ်ကိုင်ခြင်း။

ကလွင်တုန်းခြင်း၊

ဘုရား ၅ ဂုဏ် ရက်နေ့တွင် တနင်္သာရီမြို့နယ် ပြည်ဘော်သာ
တမဲ့ဥဒ္ဒေသ ရှိုင်းမင်းက ယေဟောဝါဆီးကို ဖွင့်သွင်းပေးခဲ့ပုံ။

စစ်ဗိုလ်ချုပ်ထောက်တပ်ဖွဲ့ဖြင့်ရန်ကုန်မြို့သို့ ပညာသင်ရန် သွားရောက်မည့် ဖြာဝဲခရိုင်ရှိကျောင်းသား၁၀-ဦးကို
ဖြတ်ခရိုင်ပြည်ဘတ်သာကဲ့ဥဒ္ဒေသနှင့် ခရိုင် ဗဟိုလည်ဥဒ္ဒေသတို့နှင့် အာဂုဒတွဲပြင်ရပုံ။

ဖြတ်ဖြို့ စစ်ဗိုလ်ချုပ်ကျောင်းသူများ။


ကျိုက်တုန်းမြားဘုရားကို ဒုံရင်သန်နေသည်ကို
တွေ့ပြင်ရပုံ။




ဆရာဝန်ကိုယ်တိုင် လူနာများကို
စမ်းသပ်ပြီး ဆေးထိုးပေးခဲ့ပုံ။




ရေဘေးဖြင့်ပြုလုပ်ရန် မော်နီဘာဘတ္တာမှ
ပိုက်လုံးဖြင့်ရေသွယ်ယူပုံ။



တနင်္သာရီမြို့ တလယ်ဘန်းခက္ခာင်းသား ဘဒ္ဒိုဘား
ကျောင်း ဖွင့်သည့် ၁၁-၈-၅၃ ရက်နေ့က စတင်၍
ဝန်ဆင်း ဆာဂျားနှင့်တကွ တွေ့မြင်ရပုံ။



ကလေးများတွေ့ တွေ့လေးချိန်နေပုံ။



စနေ့ကာ သာရဖုံ ရွာ ပြည်တော်သာ
တံတားကို ဥက္ကဋ္ဌနှင့် တန်ဖိုးဝင်များ
သွားရောက်ဖွင့်လှစ်စဉ်

ပြောင်မင်းကွင်းရွာလူထုတိတား။

ဒိုင်ခံချုပ်သားတို့နည်းတရ သတ္တုဘူးဖော်ခြင်း ၊

သတ္တုဖြေမှုန်းကို ကျင်ခွက်မှုန်းဖြင့် ကုင်၍!


ဖြေကိုရေဖြင့် နူးပျစေ၍ သတ္တုတူးခါနီး

လယ်သစ်စွာ ရေဆိပ်ကျော ကိတိတား

ဖြတ်နှင်ခဲ့ ပြည်တော်သာ လုပ်ငန်းများ။




တနယ်ဒီဖြို့ ချောင်းငယ်ရင်ကွက်လမ်းကို
မေးဝှေးနှင့်ကြည့်နေပုံ။




တနယ်ဒီဖြို့ ဆင်ပြေ ကျောက်
လှေကားနှင့်



လူထုက ဆောက်ပေးသည့် တနယ်ဒီဖြို့နေတိုန်းလွှဲ




တနယ်ဒီဖြို့ ပြုစုခဲ့သည့် မင်္ဂလာ
ဈေးဆိုင်တံတား။




တနယ်ဒီဖြို့ စာသင်ကျောင်းဆောက်လုပ်ရန်
တိုင်ထူနေစဉ်


ဖြတ်ရိုင်း ဖြည့်တော်သာ လုပ်ငန်းများ။



မီးသတ်ခရေလျှောင်ကန်တွင် တုတ်များ သယ်နေသော တန်သိ.ရီ ဖြည့်တော်သာ လူငယ်များ။




တန်သင်္ဘွဲ့ ခေကြည့်တိုက် ဆောက်လုပ်နေဆဲပုံ။



တန်သင်္ဘွဲ့ မီးသတ်ရေလျှောင်ကန်ပြုလုပ်ရန် သစ်ခဲ ဆိပ်မှ တုတ်နှင့် သဲများ သယ်ယူနေစဉ်



ညောင်ပင်ကွင်းရွာ ကျောင်းတိုင် ထူနေပုံ။




တန်သင်္ဘီဖြို့ မီးသတ် ရေလျှောင်ကန် လုပ်ကိုင်နေပုံ။

ဖြိုတ်ခရိုင် ပြည်တော်သာ လုပ်ငန်းများ။



ကတန်ခွာ လူထုတံတား။



ကမန္ဒာပြည်တော်သာစက်ခွင်။



ကတန်ခွာပြည်တော်သာ၊ စာသင်ကျောင်း။




ကရင် ဗမာ ချစ်ကြည်ခွာဖြိုး




ဝါးရုံခြောင်းကို ခုတ်တွင်နေပုံ။


ဖြိုးမြင့်ရေးရှိ ပြည်တော်သာ လုပ်ငန်းများ။




ဆောက်လုပ်နေဆဲ ညောင်ဒင်ကွင်းရွာ
စာသင်ကျောင်း




သာရပုံ နေဆင်ဘုံတိုးကို ဆောက်လုပ်ရန်
တိုင်ထူနေကြပုံ



တကူးသို့ ချောင်းကူးဘုံတား စတင်
ဆောက်လုပ်စဉ်။




တကူရွာ ပြည်တော်သာစာသင်ကျောင်း
ဆောက်လုပ်နေဆဲး



သကျက်ရွာ၊ ပြည်တော်သာ လယ်ချောင်းတံတားကို
ကခုင်ဗမာ ပူပေါင်းကာ ဆင်မျှားနှင့်

ဖြတ်ခရိုင် ပြည်တော်သာ လုပ်ငန်းများ။



ဒေးကဖိတောင်ဝူချောင်းဖေါက်လုပ်နေပုံး



မအိုင်ဂြည်ဘော်သာ ဧရိတွင်းဖြိုးမြောက်နေပုံ။




ကတ္တလူ ပြည်တော်သာချောင်း



ဝါရစ်ချောင်းကြီး ဖွင်းလင်းပြီးနေပုံ။



ကတ္တလူ ပြည်တော်သာကျောက်တံတား လုပ်နေပုံး




ညောင်ကိုး ဒေးကဖိတံတား။


ဖြိုက်ခရိုင် ပြည်တော်သာ လုပ်ငန်းများ။




မြင်ကွင်းအလယ်တန်းကျောင်းကိုဖွဲ့ရန်။



ဒီးဆင်ရေလျှောင်ကန်ကို အစပဲ့ ကူညီတူးဖော်နေကြသူများ။



နောက်လယ်ရပ် အဝိမ်းရောဂါကင်း ပျက်ပဲ့ခဲ့ အခြံက်သဖွက်များကို ဤသို့ရေဖြင့်မွှေတ်ထုတ်ပြီး



မနေ့ပမရင်းခြေသင်း ရှင်းလင်းတဲ့ပြီး။



ခရိုင်ပြည်တော်သာအဖွဲ့ဝင်များ စခန်းဆေးကုနဲ့၊


ဖြတ်ခရိုင် ပြည်တော်သာ လုပ်ငန်းများ။



နန်းတောင် လူထုလမ်း




တို-ဝဖိတ်လမ်း



ပြုန်းနဲ့သည့် တန်ခွေ့ သာရုံ ရေဆိပ်တံတား




ရှင်ပုံလမ်း




ပုလဲကုန်းလမ်း


ဖြတ်ခရိုင် ပြည်တော်သာ လုပ်ငန်းများ။




မလောနှောကျောင်း ပြည်တော်သာ လမ်းဖေါက်
လုပ်နေကြောင်းကားသွားစဉ်၊




နန်းတောင်လမ်းကျောက်စရစ်ခင်းနေပုံ၊




မလောဆိပ်ကမ်း ပြည်တော်သာ တံတား။



ပုလောဆိပ်ကမ်း ပြည်တော်သာ တံတား။



ကြောင်ကိုးရွာစာသင်ကျောင်းတက်သွက်
လမ်များ။



မာဇိုင်ရွာ ပြည်တော်သာ စာသင်ကျောင်း
တဝက်ပြီးမြောက်နေပုံ၊



သဖြေမြရိန်။ ဇမ္ဗူဒီပတွင်၊ တံဆိပ်
ခင်ဝိုင်း၊ ရွှေသမိုင်းနှင့်၊ တိုင်းကားသိဝိ၊
နှံ့သိကြေငြာ၊ စည်ပင်သာလှုင်၊ ကျေးရွာခရိုင်၊
နိုင်ငံများထွေ၊ အိမ်ခြေပြည့်သိပ်၊ ပွဲဆင်ပရိုးနာ၊
လယ်ယာ ကန်ချောင်း၊ ဘုရား ကျောင်းနှင့်၊ လမ်း
ကြောင်းဇရပ်၊ မဏ္ဍပ်သဘင်၊ တွင်းပြင်ပတ်လည်၊
ကြာနှင့်၊ အစာ အစား၊ ကျိစ့်
ထား၍၊ လေးပါးစပ်အင်၊ ပြည့်စုံ
လင်လျက်၊ မြင်း ဆင် ရထား၊
ခြေသည်များလည်း၊ ပြည့်သား
အိမ်ခြေ၊ လက်နက်တွေနှင့်၊ ဗိုလ်
ခြေနှင်းချောက်၊ မြစောင့်ရှောက်
၍၊ အင်ခြောက် မည်ထူး၊ တံခါး
မှူးမှ။ ကျေးဇူးမြင့်ကြယ်၊ မှကြီး
ငယ်၌၊ ရည်ရွယ်ဆုံးဖြတ်၊ စီရင်
တတ်သား၊ အ မတ် ခေါင် ထိ၊
ပညာရှိနှင့်၊ ပြည်ကြီးတန်ဆောင်
ထွတ်မင်းခေါင်တွင်၊ ပြည်ထောင်
ဘက်ချင်း၊ မိတ်ဆွေငင်းမူ၊ အ
ခင်းရှိခါ၊ ကိုယ် တွက် တာ သို၊
ညီညာ ဆောင်ပို့၊ အင်မချို၍၊
မြင့်မိုရ် အောက်ဝယ် ခုံလောက်
ပတ္တမြား၊ သုံးလုံးကြားက၊ နတ်
များရန်စစ်၊ လာသည်ဖြစ်လည်း၊

ကုန်သည် ရောင်းဝယ်၊ သူကြွယ်သူဌေး၊ နွယ်ရှေး
စဉ် လျောက်၊ ရွှေ ငွေ ကျောက် လည်း၊ လောက်
လောက် လုံလုံ၊ ထည်မျိုးစုံမူ၊ တောင်ပုံမြင့်ဖျား၊ လွန်
ပေါများ၍၊ ဝတ်စား တန်ဆာ၊ လိုရာမတ၊ သာမောလှ
သား၊ အရိုင်္ဂမည်၊ ထိုရွှေပြည်ကို။

ရွှေပြည်ပုရ၊ အရိုင်္ဂ၌၊ ပြင်ပရန်မီး၊ ကာရံ ဆီးသား၊
မြို့ကြီးဆိုင်းဆိုင်း၊ ထန်းပြိုင်းပြိုင်းတည့်၊ တံတိုင်းခြံခြံ၊
ခိုင်ကြဲကြံထက်၊ ခံ့ခံ့မောက်မို၊ သူရဲခိုသည်၊ လူဗိုလ်
ကွယ်လောက်၊ လက်နက်ပေါက်နှင့်၊ အမြောက်ရထား၊
ဆွဲသွားခိုင်အောင်၊ မြို့ထိပ် ခေါင်ဝယ်၊ လွှဲရှောင် စရာ၊
ခန့်တာ ကျယ်ဝေး၊ သူရဲပြေးမှာ၊ ဖွေးဖွေး ရောင်လက်၊
တံခါးထက်တွင်၊ သုံးဆက်မြင့်ဖြိုး၊ လယ်ပေါမိုးလျက်၊
ပြင်ဦးတန်ဆောင်း၊ မတင့်တောင်းတည့်၊ ကျုံးမြောင်း
နက်ကျယ်၊ မြို့ပြင်ဝယ်မူ၊ ဆန်းကြယ်စီရင်၊ တိုးမောင်း
တင်လျက်၊ မြင်းဆင်ကတုပ်၊ ငြောင့်လေတ်လည်း၊ နတ်
ဦးက်ကုယ်ပင်၊ ခုတ်လိုက်နှင်လိမ့်၊ ပစ္စင်ပြင်နား၊ မြင်းရ
ထားနှင့်၊ တံခါးရွက်ပြိုင်၊ တုရိုက်တိုင်ကား၊ ပေါက်ခိုင်
တန်စို၊ အစွယ်တိုနှင့်၊ မုန်ယိုတန်မဲ့၊ အားကုန်ခဲ့လည်း၊
တိမ်းငဲ့စောင်းပင်း၊ မရှိလျင်းတည့်၊ ပြည်တွင်းရှိမှာ၊ ရတ
နာမျိုး၊ ရွာသည့် ဝိုလ်းသို့၊ အဘိုးထိုက်စွာ၊ ရေကန်
ကသစ်ဘုန်းခေါင်၊ ပြိုင်တိုင်းအောင်သို့၊ မြရောင်မြေပေါ်၊
ဘက်မမြောက်၍၊ ဇေယျော်ထပ်ဆင့်၊ ဝေရှာလွှင့်သည်၊
မြွေနှင့်ဖားနွယ် စင်းစင်းတည်း။

အထက်ပါ ကောက်နုတ်ချက်များကို မြန်မာပညာရှိ
မဟာမင်းလှ မင်းခေါင် ဘွဲ့ခံ ဦးရွှန်း စိုကုံးနှုန်းမဲ့
အပ်သော ဥမ္မာဒန္တီပျို့မှ ထုတ်နှုတ်ခေါ်ပြလိုက်ခြင်း
ဖြစ်ပါသည်။

မဟာမင်းလှမင်းခေါင်သည် ဥမ္မာဒန္တီပျို့ အစ
တွင် သိဝိတိုင်းအဝင် အရိုင်္ဂပုရမင်း နေပြည်တော်ကြီး
၏ သာယာပုံ အသွယ်သွယ်တို့ကို အ သေး စိတ် ခဲ့
ထွင်ကာ စပ်ဆိုထားလေရာ သူ၏ ပြည် တော် သာ
ပင် ဖြစ်သည်နှင့် အမျှ အထူးပင် စိတ်ဝင်စားဘွယ်
ကောင်းလှပေသည်၊ ဤကောက် နုတ် ချက်များ မှာ
မဟာမင်းလှမင်းခေါင်၏ ပြည်တော်သာ အစစ်ပင်
မဟုတ်ပါလော။

မဟာမင်းလှမင်းခေါင်၏ အရိုင်္ဂပုရ မင်း နေပြည်
တော်ကြီးသည် မည်မျှ သာယာခဲ့ကြောင်းများကို
စာရှုသူ အပေါင်းတို့ သိရှိနားလည် ဝေဖန် အကဲခတ်
နိုင်ရန် အောက်တွင် အသေးစိတ် ဖေါ်ပြ ပါတော့အံ့၊

စိတ်ဒေါသရဲစွန်းစိုက်ကာ အရိုင်းပုရ မင်းနေပြည်ကြီး သာယာပုံ အခြေသနစ်များကို တွေးဆစ်ပြီးလျှင် သန့်စင်အရသာလူးများကို ခံစားလှည့်ကြ ပါကုန်လော့။

ပြည်တော်သာ အရိုင်းပုရ

ဇမ္ဗူဒိဝ် ကွန်းပေါ်ရှိ သိဝိတိုင်းအဝင် အရိုင်းပုရ နေပြည်တော်ကြီးကား လွန်စွာမှပင် စည်ပင်သာယာပါဘိတောင်း၊ ထိုအရိုင်းပုရ ပြည်ကြီးတွင် များလှစွာသော ကျေးလက်ရိုင်တို့ဖြင့် ပြည့်လျှမ်းလျက်ရှိတော့၏။ အထူးထူးသော ဆိပ်ကမ်း ဈေး ပွဲရုံတို့ဖြင့် ပြည့်နှက်လျက်ရှိ၏၊ လယ်ယာ ကုန်ချောင်းတို့လည်း များလှစွာ၏။ အိမ်ခြေ အများဖြင့်လည်း စည်ကားဝေဆာလှပါ၏၊ ဘုရားကျောင်းများနှင့် တကွ ခရီးလမ်းကြောင်းများပေါ်တွင် ဇရပ် မဏ္ဍပ်တို့ဖြင့်လည်း ပြည့်ဝလျက် အခါအားလျော်စွာ ပွဲသဘင်များကို ဆင်ယင်ကျင်းပနိုင်ခြင်းတည်း။

ထိုအရိုင်းပုရ ပြည်ကြီးတွင် သူဌေး သူကြွယ်နှင့် ရွှေ ငွေ ကျောက်သံ ပတ္တမြား စသောရတနာတို့သည် ပေါလှတော့၏။ ဝတ်စားဆင်ယင်ရန် အထည်မျိုးစုံမှာကား တောင်ပုံ ရာပုံမျှ ပေါများပေရကား၊ ပြည်သူပြည်သားတို့မှာ မိမိတို့အလိုရှိရာများကို မတောင့်တရဘဲ ပြည့်စုံကြသည်ချည်းပင်။

ထိုပြည်ကြီးတွင် ပြင်ပမှ လာသော ဘေးရန်များကို ကာဆီးနိုင်ရန် များလှစွာသော အစီအစဉ်တို့ကို ပြုလုပ်ထားပေသတတ်။ ခိုင်ခံ့သော တံတိုင်း မြို့ရိုးကြီးများကို ပြုလုပ်ထားသည့်ပြင် ထန်းပင်အများကိုလည်း အပြိုင်းပြိုင်း ခြံရံ၍ စိုက်ထားလေသည်၊ မြို့ရိုးကြီးပေါ်တွင်ကား စစ်သည်သူရဲများ ခိုနေနိုင်ရန်အတွက် သူရဲခိုများကို ပြုလုပ်ထားပေသည်။ သူရဲခိုများအပြင်သူရဲပြေးခေါ် လမ်းများကိုလည်း လုပ်ဆောင်ထားသည်ဖြစ်ရာ အစမြောက်ရထားများကို ဆွဲဆောင်ယူငင်၍ သွားသာအောင် ကျယ်ဝန်းပါပေသည်။

ထို မြို့ရိုးကြီး တံတိုင်းကြီးတွင် မြို့တံခါးကြီးများကိုလည်း တပ်ဆင်ထားပေသည်၊ ထိုတံခါးများအထက်တွင်းကား လယ်ပေါ်အမိုး သုံးဆက်ဖြင့်ပြီးသော ပြဒိုးတန်းဆောင်များကို တည်လုပ် မွမ်းမံထားသည်ဖြစ်ရာ လွန်စွာမှပင် တင့်တယ်ပါဘိတောင်း။

မြို့ရိုး အပြင်ဘက်တွင်ကား ကျယ်ဝန်းနက်ရှိုင်းသော ကျုံးမြောင်းများကိုလည်း တူးဖေါက်ထားပေရာ ရန်သူများ အလွယ်တကူနှင့် မချဉ်းကပ်နိုင်ကြပေ၊ ကျုံးမြောင်းထိပ်တွင် ဆန်းကြယ်စွာ စီရင်ထားသော တံမြက်များကိုလည်း ပြုလုပ်ထားပေသည်။

ရန်သူများ ထိုးဖေါက်၍ မဝင်လာနိုင်ခစ အံ့သောငှါ ခြောင့်နှင့် ခလုပ်များကို တပ်ဆင်စိုက်ထူထားပေရာ အရဲတိုး၍ ဝင်ရောက်လာပါက မုချ ပျက်စီးသွားရမည်သာတည်း။ ပစ္စင်၏ အပြင်ဘက် တခါးရွက် များနှင့် ပြီင်လျက်ရှိသော တိုရိုးတိုင်များကား လွန်စွာမှပင် ခိုင်မာတောင့်တင်းကြပေရကား သန်မာ ထွားကျိုင်းသော ဆင်ပေါက်များသော်မှ အားကုန်တွန်းကြပါသော်လည်း အနည်းငယ်မျှ လှုပ်ခါသွားလိမ့်မည် မဟုတ်ချေ။

အရိုင်းပုရ နေပြည်တော်ကြီးတွင်းရှိကား ရတနာမိုးရွာသွန်းဖြိုးလေသည့်အဟန် လွန်စွာမှပင် ဝပြော ပြည့်လျှမ်းပါပေသည်။ ထိုမျှမကသေး၊ လွန်စွာ ပဏာရသော ကြာမျိုး ငါးပါးနှင့် ပြည့်စုံသည့် ရေကန်များကိုလည်း တူးလုပ်ထားပေသည်။ အခြားအစာ ဆန်ရေစပါးများကားကို ကျီများတွင် ထည့်သွင်းသိုလှောင်ထားပေသည်၊ ငတ်မွတ်မည်ကို စိုးရွံ့မှတ္ထပ် မရှိချေ။

ငှင်းပြင် ဆင်တပ် မြင်းတပ် ရထားတပ် ခြေသည်တပ် တည်းဟူသော စစ်အင်္ဂါ ၄ ပါးတို့ဖြင့် အခါမလင့် ကာကွယ် စောင့်ရှောက်ထားလျက် ရှိရကား ပြည်သူပြည်သားအပေါင်းတို့မှာ အလွန် အေးချမ်းသာယစွာ နေခွင့်ရကြပေတော့သည်။

အင်္ဂါ ၄ ပါးနှင့် ပြည့်စုံသော တံခါးမှူးမှစ၍ မြင့်ကြွယ်သော ဂုဏ်ကျေးဇူးအပေါင်းတို့ဖြင့် ပြည့်လျှမ်းကြသည့် မှူးမတ်ပညာရှိအပေါင်းတို့သည် ထိုအရိုင်းပုရ ပြည်ကြီးခွဲ နေထိုင်ကြကုန်၏၊ ထိုမျှမကသေး အရိုင်းပုရ ပြည့်ရှင်သည် အခြား ပြည်ထောင်ဘက် မင်းများနှင့်လည်း မိတ်ဆွေ ဖွဲ့ထားသည် ဖြစ်ရာ အရေးကိစ္စပေါ်လာသော အခါ အကူအညီ များစွာ ရရှိနိုင်ပေသည်။

အရိုင်းပုရ ပြည်ကြီးသည် ဤကဲ့သို့ အဘက်ဘက်တွင် ပြည့်စုံသာယာ ဝပြော ပေရကား ပြည်သူ ပြည်သားတို့မှာ ပူပင်သောကမရှိ လွန်စွာမှပင်အေးချမ်းကြဘိ၏။

သို့ဘိရကား မြင့်မိုရ် တောင်အောက် ပတ္တ မြားခုံလောက် ဥလုံးအကြားရှိ အသူရာပြည်မှ ရန်သူ အသူရာ စစ်တပ်များ ချီတက် တိုက်ခိုက် လာသောအခါ တိုင်းဌ ပင်လယ် ကသစ်ပင် ပေါက်ရာ တာဝတိံသာ နတ်ပြည်ရှင် သိကြားမင်းသည် မိမိခန်သူများ အပေါ် တွင် အနိုင်ရလိုက်ဘိ သကဲ့သို့ ဤ အရိုင်ဌပုရ ပြည်ရှင် ဘုရင် မင်းမြတ် သည်လည်း လာသမျှသော ရန်သူ အပေါင်းတို့အား မြေသည် ဖါးကို အနိုင်ရ သကဲ့သို့ပင် မှု၍ တိုက်ခိုက် ဖြိုလွှင့် နိုင်မည်သာတည်း။

ဤသို့လျှင် ပညာရှိ မဟာမင်းလ မင်းခေါင် ဘွဲ့ခံ စာဆိုတော်ကြီး ဦးချုန်းသည် အရိုင်ဌပုရ ပြည်ကြီး သာယာဘွယ် အသွယ်သွယ်ကို ဥာဏ် စုံ ချယ် ကာ ဥန္ဒာဒန္တိ ပျို့ထဲတွင် အသေးစိတ် စပ်ဆိုထားပေရာ လွန်စွာ မှပင် ကဗျာဂုဏ် ရသမြောက်ပါပေသည်။

မဟာမင်းလ မင်းခေါင်၏ "ပြည်တော်သာ" အရိုင်ဌပုရ ပြည်ကြီးကဲ့သို့ ကွန်ပ်တို ပြည်ထောင်စု မြန်မာနိုင်ငံတော်သည်လည်း ဘေးရန် ကင်းဝေးခဲ့ သုးလိမ်းရှိ ရွှင်ဖိန်းပိတိ ပျော်ဘွယ် အတိနှင့် သာလှင် မကြေမို့ အတွင်း ဘဝသစ် စခန်းသို့ မုချတက်လှမ်း ရောက်ရှိ နိုင်ပါစေသောဝ်။

"ပြည်တော် သာရမည်"
(ကုသ)
ဥပစာ ကောလိပ် ကျောင်းအုပ်
မော်လမြိုင်မြို့။
၂၀-၇-၂၃


ဦးအောင်သင်-ဒေါ်ထွေး

စက္ကူဇရာနှာ အစာမစံခဲ့ပိုင်

မြိတ်မြို့

ကျွန်တော်များဆိုင်တွင် ပြုလုပ်ပြီး ရွှေ,ငွေ,စိန်,ကျောက်,အထည်အမျိုးမျိုး ရွှေပြား, ငွေပြား, ရွှေဒင်္ဂါး, ရွှေဆိုင်းမှစ၍ ကျောက်အမျိုးမျိုး ပုလဲအမျိုးမျိုး ဘိတ်ရက်လုံချီများနှင့် ပိုးထည်အမျိုးမျိုးများကို လိုသလောက် ရနိုင်ပါသည်။

ကျွန်းမာ ချမ်းသာတော်မူကြပါစေ။



လယ်ယာလုပ်ငန်းတိုး တက် ရေး နှင့် ကျေးလက် ကြီးပွား ရေး ပြည်တော်သာ စီမံကိန်း တွင် မြေတိုင်းခရိုင်၏ ပါဝင်ဆောင်ရွက်ချက်။

ရေးသူ-ဦးလှမြင့် စိုက်ပျိုးရေးနယ်အုပ် ထားဝယ်နှင့် မြိတ်

ဧရိယာ အားဖြင့် မြေကမ္ဘေပါင်း (၇၂၄၈၀၀) ရှိသော မြိတ်ခရိုင်တွင် တောတောင် ချောက်မြောင်များ ပေါများ ထူထပ်လွန်းလှသဖြင့် ထွန်ယက် စိုက်ပျိုးနိုင်လောက်သည့် မြေရေယာမှာ (၁၇၆၂၇၄) ခန့်မျှသာ ရှိလေသည်။

ခရိုင်၏ အဓိက စီးပွားရေး လုပ်ငန်းများ ဖြစ်သော သတ္တုတွင်းလုပ်ငန်း၊ တံငါသုပ်ငန်း၊ ရော်ဘာ၊ အုန်း၊ ဘူးရင်း၊ ဥယျာဉ်ခြံ လုပ်ငန်းများ နောက် ဆွယ်တွင် လယ်ယာစိုက်ပျိုးရေး လုပ်ငန်းလည်း ပါဝင် ပါသည်။ ခရိုင်တွင်း လူဦးရေမှာ (၁၀၅၀၀၇) မျှသာ ဖြစ်သည်ဖြင့် ဧရိယာ အကျယ် အဝန်း၏ ပမာဏနှင့် နှိုင်းစာလျှင် လူနေ ကြဲသော ခရိုင်တခု ဖြစ်ပေသည်။ သို့ဖြစ်သည့် တိုင် လယ်ယာလုပ်ငန်း ဖွံ့ဖြိုးခြင်း မရှိသည့် အတွက် ဤခရိုင်တွင်း လူဦးရေအတွက် စားသုံးရန် မလုံလောက်သော ဆန်တန်ချိန် (၈၀၀၀) ခန့်ကို နှစ်စဉ် မော်လမြိုင် ထားဝယ်နှင့် ရန်ကုန်မြို့များမှ တင်သွင်းရပေသည်။

သို့ဖြစ်လင့်ကစား လယ်ယာ လုပ်ငန်း တိုးတက် ရေးနှင့် ကျေးလက် ကြီးပွားရေး ပြည်တော်သာ စီမံကိန်းကို အကြွင်းမဲ့ဆောက်ခံ ယုံကြည်ကြသည့်အတိုင်း မြိတ်ခရိုင် ပြည်တော်သာ အဖွဲ့သည် ၁၉၅၃-၅၄ ခုနှစ် အတွင်းတွင် ခရိုင်တွင်း ဆန်စပါး ဖူလုံရေး အတွက် ရည်ရွယ်ချက်-

(က) ခရိုင်တွင်း မြေလပ် မြေရိုင်းများကို တိုးချဲ့ စိုက်ပျိုး စေရေး။

(ခ) လက်ရှိ စိုက်ပျိုးနေသည့် မြေများ၏ အခြေအနေကို အထွက် ပိုမို လာစေရန် ပြုပြင် ဆောင်ရွက်ခြင်း

စသည်တို့ကို စွမ်းစွမ်းတမှန် ဆောင်ရွက် နေပါသည်။

အထက်ပါ ဆောင်ရွက်ချက် များကို အသေးစိတ် သရုပ်ဖော်ပြရသော်-

လုပ်ငန်းအမည်	စစ်မြေစိုက်ပြီ	စစ်အတွင်း	စစ်ပြီး ၁၉၅၁-၅၂
	ဖြတ်ခရိုင်အတွင်း	ဆန်စပါး	စိုက်ပျိုးသော ဧရိယာ
လယ်မြေကော	၁၄၀၀၀	၇၅၀၀၀	၁၄၃၅၂
ယာမြေကော	၄၀၀၀	၄၀၀၀	၁၇၉၉
စုစုပေါင်း-	၁၈၀၀၀	၇၉၀၀၀	၁၆၁၁၁

အရှေ့ပိုင်းနှင့် မြောက်အနောက် ပိုင်းမြို့နယ်များတွင် ၁၉၅၃ ခု ဖေဖော်ဝါရီလမှ စတင်၍ ၁၉၅၃ ခု ဇွန်လ တိုင် ဤရိုင်းအတွင်း ဖြစ်ပေါ်ခဲ့လှသည့် လည်ချောင်းကွဲ ရောဂါနှင့် ဒေါင့်သန်းနာသည် ကွဲန္ဓားများပေါ်တွင် ဖိစီးနှိပ်စက်လေရာ မြောက်ရိုင်း ပြည်ဘေဘသား၏ အလျင်အမြန်တောင်းဆိုချက်အရ မော်လမြိုင်၊ သထုံ ခရိုင်များမှ ဆရာများ ဖြည့်တင်းကူညီသောကြောင့်သာ ကောင်ရေပေါင်း ၆၀၄ မျှသာ ပျက်စီးခဲ့ရလေသည်၊ ဤကပ်ကြောင့် လယ်ယာလုပ်ငန်းသည် ဤခရိုင်အတွင်းတွင် အနည်းငယ် နောက်တွန့်ခဲ့ရပေသည်။

ခရိုင်တွင်း မြေလွှတ်ဌေရိုင်းများ တိုးချဲ့စိုက်ပျိုးရေးနှင့် ပတ်သက်၍ ဆောင်ရွက်ခဲ့သမျှကို ဘော်ပြပြီးသည်တွင် ဒုတိယအချက်ဖြစ်သော လက်ရှိ စိုက်ပျိုးနေသည့် လယ်မြေများ၏ ပတ်ဝန်းကျင် အခြေအနေကို ပြုပြင်ပေးခြင်းနှင့် စပ်လျဉ်း၍ အစီရင်ခံရမည် ဖြစ်ပါသည်။

မြောက်ခရိုင်၏ လယ်မြေများသည် များသော အားဖြင့် အချဉ်ဓါတ် ပိုမိုလွန်ကဲနေသော မြေချဉ်များ ဖြစ်သည်အားလျော်စွာ စပါးစိုက်ပျိုးရန်အတွက် ညှံ့ဖျင်းလွန်းလှသဖြင့် အခြားခရိုင်များတွင် ကြားရခဲလှသော မြေအမျိုးအစား (R ၆) (R ၇) အထိပင် ဖြစ်နေပေသည်။ ဤကဲ့သို့သော မြေအမျိုးတွင် စပါးစိုက်ပျိုးခြင်းသည် ကုန်ကျစရိတ်နှင့် စပါးထွက်သည့် အကျိုးခံစားခွင့်ရှိလောက်အောင် ကွာခြားနိုင်စရာအကြောင်းမရှိပါ။ အချို့ တောင်သူလယ်သမား များမှာ လင်းနို့ချေးငါးမှုန့် ပုဇွန်ခြောက်မှုန့်များကို မြေဩဇာသဘွယ် အနည်းအကျဉ်း အသုံးပြုလေ့ပြုထ ရှိကြပါသည်၊ အများအစားမူကား မသုံးကြပါ။

သို့ဖြစ်၍ လောကဓါတ်နည်းဖြင့်ဘော်စပ်ပြုပြင်ထားသော အရိုးမှုန့် မြေဩဇာများကဲ့ မြောက်မြို့ အစိုးရစိုက်ပျိုးရေးဌာနက မှာယူပြီးလျှင် တောင်သူလယ်သမားများအား ဝေငှရောင်းချနေပါပြီ၊ အရိုးမှုန့်မြေဩဇာများ အသုံးပြုခြင်းဖြင့် အကျိုးကျေးဇူး သက်ရောက်ပုံများကို တောင်သူလယ်သမားများ မျက်မြင်ကိုယ်တွေ့ ဖြစ်စေရန် စပြုကွက်များကို တခရိုင်လုံး အနှံ့အပြား ပြုသပါသည်၊ မြေ တကေ အတွက် မြေဩဇာတိုး ၁၀ မှ ၁၅ ကျပ် အထိ သုံးခြင်းအားဖြင့် သာမန် တကေလျှင် စပါး (၁၅) တင်း ထွက်သော မြေကွက်သည် တင်း (၃၀) နှင့် ထွက်ရှိလာနိုင်ကြောင်းကဲ့ ၎င်းတို့ မျက်မှောက်ထင်ထင် မြင်နိုင်စွမ်းသောင့်၊ ပြထားပါသည်။

အထက်ပါ ဇယားအရ စစ်မဖြစ်မီကထက် ဤခရိုင်အတွင်း ဆန်စပါး စိုက်ပျိုးသော ရေယာသည် (၁၀၉၉) ကေ နည်းပါး ယုတ်လျော့ခဲ့လေရာ ၁၉၅၃ ၅၄ ခုနှစ်အတွင်း စစ်မဖြစ်မီ ရေယာကို ပြန်လည် မိုးနိုင်ရေးအတွက် ရိုင်ပြည်တော်သာ အဖွဲ့သည် နိုင်ငံတော် အစိုးရက ပေးအပ်သည့် လက်နက်ခကောင်းများဖြစ်သော တိုးချဲ့မြေ တကေအတွက် ဆုဘောင်ငွေ ၁၀ ရိုးမြှင့်ခြင်း၊ လယ်ယာ အမတော်ကြေးများ ပိုမိုထုတ်ဝေပေးခြင်း၊ လယ်မြေ တိုးပွားရေး အမတော်ငွေများ ချေးငှါခြင်း စသည်တို့ကို နိုင်နင်းအကင်းပါးစွာ အသုံးချခဲ့ပါသည်၊ ထိုကြောင့်လည်း ဩဂုတ်လကုန်တွင်မှ လယ်ယာစိုက်ပျိုးသော ရေယာကို စတင်ခန့်မှန်းနိုင်မည် ဖြစ်သည့်အလျောက် ယခုအချိန်တွင် စာရင်းအင်းအတိအကျ မပြောဆိုနိုင်သေးသော်လည်း ဧရိယာတိုးချဲ့ရေးသည် အရှေ့ရင်မှ ရှိသည့် သတင်းများအရ ဤ ခရိုင်တွင် ဤ ပြည်တော်သာနှစ်အတွင်းတွင် ရည်မှန်းသည့်အတိုင်း အမှန်ပင် ထမြောက်အောင်မြင်ပါလိမ့်မည်ဟု ယုံကြည်ပါသည်။

အလျဉ်းသင့်သဖြင့် ဤ လယ်ယာမြေ တိုးချဲ့မှုအောင်မြင်ရေးအတွက် လိုအပ်သည့် အချက်များကို ဘော်ပြရလျှင်-

(၁) လယ်သမားများ ရဲတင်းစွာ လယ်မြေများကို လုပ်ကိုင်နိုင်ရန်အတွက် သောင်းကျန်းဆူပူမှုများ နည်းပါးလာရလေအောင် သက်ဆိုင်ရာမှ လုံခြုံရေး အစီအစဉ်များကို ပိုမိုထိရောက်စွာ ဆောင်ရွက်ပေးရန်။

(၂) ယခင်က အကြောင်းအမျိုးမျိုးတို့ကြောင့် မလုပ်ကိုင်နိုင်ဘဲ လွှတ်ထားရသော လယ်မြေများကို လုပ်ကိုင်သူတိုအား မြေခွန်တော် ချမ်းသာခွင့် ပြုပါရန်။

(၃) တိုးချဲ့မြေ တကေ လျှင် ၁၀/ နှုန်းကို ဆက်လက် ချိုးမြှင့်ပါရန်။

(၄) လိုအပ်သော ထွန်၊ ထယ်၊ ကိရိယာ ကွဲန္ဓားများ ဝယ်ယူရန် အတွက် အမတော်ကြေးများကို လုံလောက်စွာ ထုတ်ချေးရန် စသည်တို့ ဖြစ်ပါသည်။

ဤတွင် မြောက်ခရိုင်အဘွင်း လယ်ယာလုပ်ငန်းနှင့် ပတ်သက်၍ ကံဆိုးမိုးမှောင် ကျခဲ့ရသည့် သတင်းကို ဝမ်းနည်းစွာ ဇောဘ်ပြရပါလျှင် တနသံာရီမြို့နယ်၊ မြောက်

တောင်သူလယ်သမား လူတန်းစားသည် ''ရှေးထုံးကိုလည်းမပယ်နှင့်'' ဆိုသည့် ဝါဒကို အပြင်းအထန် ယုံကြည်တတ်ကြသော အစဉ်အလာသမားများဖြစ်ကြသည်တွင် ၎င်း ရိုင်ရှိ တောင်သူလယ်သမားတို့သည်လည်း ခွင်းချက်ထဲတွင် မပါရှိပါ။

ၿငိမ်းတို့၏ ထွန်ယက်လုပ်ကိုင်နည်းမှာ လွန်စွာပင် ရှေးကျလှပေသေးသည်၊ ထိုကြောင့် မြေတိုင်းမြို့ အစိုးရစိုက်ပျိုးရေး ဌာနမှ ခေတ်မှီ၍ တွက်ခြေပိုရှိသော သိပ္ပံထယ်များသုံးခြင်း၊ အထွက်ပိုမိုရရှိစေသော စံမှီ မျိုးကောင်း မျိုးသန့်များကိုသာ စိုက်ပျိုးခြင်းကြောင့် ရရှိစေမည့် အကျိုးအာနိသင်များကို တိုက်တွန်း ရှိုးဆော်ခဲ့သည်သာမက စံပြကွင်းများကိုလည်း ခရိုင်အနှံ့အပြားတွင် လုပ်ကိုင်ပြသပါသည်။

အထက်ပါ ဆောင်ရွက်ချက်များသာမက အမြော်အမြင်ကြီးသည့် မြိတ်ရိုင်း ပြည်တော်သာ အဖွဲ့သည် နှစ်ချင်းပေါက်ပြည့်တော်သားလုပ်ငန်းများကိုလည်း နှစ်ရှည်ဖြစ်သော လယ်ယာလုပ်ငန်း တိုးတက်မှုစီမံကိန်းနှင့်လာ၍ ဟပ်မိအောင် စီမံဆောင်ရွက်ခဲ့ပါသေးသည်။

အဆိုပါ လုပ်ငန်းရပ်များမှာ

အမှတ်စဉ်	လုပ်ငန်းအမည်	ပြီးမြောက်သည့် နေ့	လူသုံးစားရေ ဆန့်အလျောက် သုံးနိုင်ခွင့်ရုံရွေ	လူသုံးစားရေ ကုန်ကျငွေ	ခန့်မှန်းခြေ ကုန်ကျငွေ	အကောင်အထည် ဖော်ဆောင်သူ အဖွဲ့အစည်း
၁။	ပါရစ်ချောင်း အရှည် ၂မိုင်ကို တူးဖြောင့်ခြင်း	၅၊၅၊၅၃	၃၀၀၀-၀၀	၃၀၎၀-၁၀	၆၀၀၀-၀၀	မြိတ် အနောက်ပိုင်း ဝါရစ်ကျေးရွာ
၂။	တောင်ဘုချောင်း တူးဖေါက်ခြင်း	၅၊၆၊၅၃	၃၀၀၀-၀၀	၁၆၇၃-၀၀	၂၆၇၃-၅၀	မြိတ် အနောက်ပိုင်း ဧကမိကျေးရွာ
၃။	အနောက်ချောင်း တူးဖေါက်ခြင်း	၅၊၇၊၅၃	၁၀၀၀-၀၀	၁၅၇၇-၅၀	၂၅၇၇-၅၀	၎င်း
၄။	ကန်းဇင်ချောင်း ပြုပြင်ခြင်း	၅၊၇၊၅၃	၀၀၀၀-၀၀	၀၅၇-၀၀	၁၀၅၇-၀၀	၎င်း
၅။	ကလိချောင်း ဦး တိုးချဲ့ပြုပြင်ခြင်း	လုပ်ကိုင်ဆဲ	၆၀၀၀-၀၀	၄၀၀၀-၀၀	၁၀၀၀၀-၀၀	ပလော ပလော ကျေးရွာ
၆။	မဇော်ချောင်း အရှည် ၆မိုင် ခန့်ကို တူးဖြောင့်ရန်	၅၊၁၊၅၃	၂၀၀၀-၀၀	၂၂၀၀-၀၀	၄၂၀၀-၀၀	မြိတ် အရှေ့ပိုင်း မဇော် ကျေးရွာ

စသည်တို့ကို ဆောင်ရွက် ခဲ့ရာ သာမန် အားဖြင့် ၎င်း လုပ်ငန်းရပ်များ၏ အကျိုးအာနိသင်ကို အကဲဖြတ်ရန် ခက်ခဲမည် ဖြစ်ပေသည်။

အမှန်မှာ ၎င်း ချောင်း (၆) ချောင်းသည် ကွေ့ကောက်ခြင်း၊ သောင်တွန်းခြင်း၊ ရေစီး အဆိုးအတားများ ပိတ်ဆို့နေခြင်း၊ သစ်ပင် သင်္ဘတ် ချုံ နွယ် ပိတ်ပေါင်းများ ကာဆီးနေခြင်း စသည်တို့ကြောင့် ချောင်းရေများ နှစ်စဉ် နှစ်ဝိုင်း လျှံကျသည်နှင့် အမျှ ၎င်း ချောင်းကမ်းများ နံဘေး ဝဲယာတို့ရှိ လယ်ကေပေါင်း (၃၀၀) ခန့်ကို ရေနစ်ခြင်းခံခဲ့ရပေသည်။ ထိုကြောင့်လည်း အဆိုပါ ရေနစ် ကွင်းများမှ စပါးထွက်သည် နည်းလှပေရာ အထက်ဘော်ပြပါ ပြည်တော်သာ နှစ်ချင်းပေါက် လုပ်ငန်း (၆) ရပ်ကြောင့် လယ်ကေ (၃၀၀၀)မှ စပါးထွက်သည် သိသိသာသာ တိုးတက်လာမည် ဖြစ်သည်ပြင် အဆိုပါ ချောင်းငယ် ကလေးများကိုလည်း သက်ဆိုင်ရာ ရွာနိုးချုပ်စပ်များမှ ခရီးလမ်းကြောင်းသဘွယ် အသုံးပြုနိုင်ပေသေးသည်။

အဆက်ဘော်ပြပါ ဆောင်ရွက်ချက် များကို ခြုံ၍ကြည့်ပါလျှင် မြိတ် ခရိုင်အတွင်း လယ်ယာ လုပ်ငန်းတိုးတက်ရေး ပြည်တော်သာစီမံကိန်းသည် တွန်းသစ်စနေသတွယ် မျော်လင့်ချက် ရောင်ခြည် များနှင့် ပြိုးပြိုးပြက်ရှိနေပါတော့သတည်း။

ကြေးငုံးကြောင် ရေး



လယ်ယာမြေ တိုးချဲ့လုပ် ကိုင် မှု အား ခြိမ်းခြောက်နေသော အပျက်အဆီး တခုကို ရင်ဆိုင်ကြပါစို့။

ကျွန်း ဖူလုံရေး

မဟာနေမျိုး ဝမ်းသတိုး၏ ကွမ်းဘိုးကိုမျှ ကျေအောင် ပြည်တွင်းရိက္ခာ မဖူလုံကြသော ကမ္ဘာ့ တိုင်းပြည်များ အလယ်တွင် မြန်မာ့ဆန်သည် သတင်းကြီးလှ၏၊ မျက်နှာပန်းလှ၏၊ ဤ ဆန်ကို အကြောင်းပြု၍ပင် မြန်မာကို လူသိများခဲ့၏၊ မိတ်ဖွဲ့လိုကြ၏၊ စကား ကမ်းလှမ်းလိုကြ၏။ မြန်မာ့ဆန်သည် ကမ္ဘာ့ရိက္ခာပြဿနာ အခက်အခဲကို ကူညီဖြေရှင်းနေရ၏၊ သို့ ဖြစ် ၍ လည်း သောင်းကျန်းမှုများကြောင့် ပျက်စီး ယိုယွင်း ခဲ့ရသည့် နိုင်ငံတော်၏ စီးပွားရေးကို ပြည့်တင်းနိုင်ခဲ့၏၊ ဤသို့ လျှင် မြန်မာဆန်သည် မြန်မာ့ အသက်သွေးခဲသာမက ကမ္ဘာ့အသက်သွေးခဲလည်းဖြစ်၏၊သို့သော် ဤဆန်မှာ သယံဇာတ မိုးပေါကျ မဟုတ်ပါ၊ မြေကိုထွန်ယက်သည်မှစ၍ ဆန်အဖြစ်သို့ ရောက်သည်အထိ တောင်သူလယ်သမားနှင့် ကျွန်းတို့က နေပူမရှောင် မိုးရွာမငြင်း ထန်ပြင်းသော ရာသီဥတုကို ဂရုမမူဘဲ ဒူးတူပေါင်ဘက် ခွေးရည်သန်စက်ဖြင့် ကြိုးပမ်း၍ရလာသော ပစ္စည်းပင် မဟုတ်ပါလော၊ ဤသို့လျှင် ကျွန်းတို့သည် နိုင်ငံတော်၏ စီးပွားရေး တောင့်တင်းမှုတွင် တဘက်တလမ်းကူညီနေသော ကျေးဇူးရှင်များပင် မဟုတ်ပါလော၊ ၎င်းတို့ ဖူလုံရေး တိုးပွားရေး အသေအပျောက်နည်းပါးရေးတို့မှာ နိုင်ငံတော်၏ အဓိက စီးပွားရေး လုပ်ငန်း အတွက် သော့ချက်များဟု ဆို သင့်ပါသည်၊ တနည်း အားဖြင့် ဆိုသော် ကျွန်းများ ဖူလုံသည်နှင့်အမျှ လယ်ယာ လုပ်ငန်း များလည်း တိုးတက်နိုင်၍ ဆန်စပါးအထွက်လည်းများပြားလာမည် ဖြစ်၏။

ကွေးသောလက်ကို မဆန့်မိ ဆန့်သော လက်ကို မကွေးမိ ဟူသော ဗုဒ္ဓဘာသာဝင်တိုင်း နားလည်သည့် သဒ်ါသရုပ်ပြ ဝါကျသည် ကျွန်းများတွင် ပိုမို၍ မှန်ကန်ဘွယ်ရာ ရှိလှပါသည်၊ အကြောင်းဆိုသော် သာယာသော နံနက်ခင်းတခု၏ နေရောင်ခြည်အောက်၌ ဝိန်းဝိုသော မြက်နုများဖြင့် မြသားအသွင် ဆောင်နေသော ကျွန်စားကျက်တွင် ကျွန်များ စီရရိမြက်စားနေသည့် သဘာဝ ပန်းချီကားတခုကို စာရေးသူသည် ငေးမော နေခဲ့ဘူးရာ မ လှမ်းမ ကမ်း တွင် ကျွဲ တကောင်သည် မြက်စားနေရာမှ တချက်မျှသာ အလန့်တကြား လေထဲသို့ခုန်လိုက်သည်ကို မြင်ရ၍ မြေသို့ကူးသည်နှင့် အနည်းငယ် လူးလွန့်ပြီး အသက်ပျောက်နေသည်ကို တွေ့ခဲ့ရပါသည်၊ နှေးနှဲးတွင် မြွေကိုက်သည် ထင်မှတ်၍ အနီးအပါးမှ မြွေကိုရှာဖွေလိုက်ပါသေးသည်။မတွေ့၍လည်း မကျေမချမ်း ဖြစ်ခဲ့ပါခဲ့သေးသည်၊ သို့ရာတွင် နေမဝင်မီပင် ထိုစားကျက်မှ ကျွဲများအနက် ၅ ကောင်ခန့် ဤနည်းဖြင့် သေဆုံးကြောင်း သိရှိရ၍ပင် ကျွန်းရောဂါ၏ ဆိုးရွားပုံ ကြောက်မက်ဘွယ်ရာ မြန်ဆန်လှပုံကို ကိုယ်ရှိနားလည်ခဲ့ရပါတော့သည်။

သို့သော် ကျွန်း၏ တန်ဘိုးကို သိသူနည်းလှသော ဤ ခေတ်တွင် ကျွန်းခရာဂါဟု ကြားရုံနှင့် နကမ္မတိတုန်လှုပ်သူရှားလှသည် ကျွန်းနှင့် လယ်သမား၊ လယ်သမားနှင့် ကျွန်းဟု လုပ်ဘော် ကိုင်ဘက်များ ဖြစ်သည့်အားလျော်စွာ လူ့လောကစာပေတွင် မကြာခဏ ယှဉ်တွဲတင်ပြခြင်း ခံရသော လယ်သမား များကပင် ဂရုမူသင့်သလောက် ဂရုမမူကြသည်မှာ ကျွန်းရောဂါ၏ ကြောက်မက်ဘွယ် ကောင်းပုံကို သိ နားလည်မှု ခေါင်းပါးလွန်းပင်ရှိသေး၍သာပင်။

သော ကဲ့သ်ွားဖုလုံရေးပြဿနာ အတွက် ကဲ့သ်ွား ရော ဂါကို ထိရောက်စွာ နှိမ်နင်းရန်မှာ ပြည်သူ လူထု၏ အကူအညီနှင့် နိုင်ငံခတာ် တိရစ္ဆာန် ဆေးကု ဌာန၏ ထထကြွကြွ လုပ်ကိုင် ဆောင်ရွက်မှုကို လိုအပ်လျက်ရှိ ပေပြီ။

မြိတ် ခရိုင်အတွင်း ကဲ့သ်ွားရောဂါ

သောင်းကျန်းမှု ကြောင့် စာရင်းမရ ယူနိုင်သော ကျေးရွာအုပ်စု ၂ ၄-အုပ်စုတို့ ဆုန်လှပ်၍ ကျန်ရှိသော ကျေးရွာ အုပ်စုပေါင်း ၇၉ မှ ကောက်ယူ ရရှိသော စာရင်းအရ မြိတ်ခရိုင်အတွင်း၌ ကဲ့ကောင်ရေ ၃၃၀၁၀ နှင့် နွားကောင်ရေ ၉၀၆၃ မျှရှိရာ ဤခရိုင်၌ လယ်ယာ လုပ်ငန်း များတွင် ကဲ့များကို ခိုင်းစေ၍ သယ်ယူ ပို့ဆောင်ရေး လုပ်ငန်းတွင် နွားများကို အသုံးပြုခဲ့ပါ သည်။

၁၉၅၃ ခုနှစ် ဖေဖော်ဝါရီလမှစ၍ မြိတ်အရှေ့ပိုင်း မြို့နယ် တိုးမျောရွာတွင် ကဲ့နွားများ၌ လည်ချောင်းကွဲ ရောဂါစတင်၍ ဖြစ်ပွားခဲ့ပါသည်၊ ဖြစ်ပွားစတွင် အသေ အပျောက်များလှပါ၊ ထိုလအတွင်းမှာပင် တနင်္သာရီမြို့ နယ် ဇဲရွာ၌ ရောဂါဖြစ်ပွားပြီးနောက် ရောဂါမှာ တဖြည်းဖြည်း ပြန့်ပွားခဲ့ရာ မတ်လနှင့်ဧပြီလအတွင်းမှာ အ ပြင်းထန်ဆုံး ဖြစ်ပွားလာပါသည်၊ ရောဂါဖြစ်ပွားသော ကျေးရွာ အုပ်စုပေါင်းလည်း ၁၀ ခန့် ဖြစ်လာပြီးလျှင် မြို့နယ်သုံးနယ်အတွင်း၌ ပြန့်နှံ့ခဲ့ပါသည်။ ကဲ့နွားရောဂါ ဖြစ်၍ သေဆုံးကြောင်း အစီရင်ခံစာ များကိုလည်း သက်ဆိုင်ရာ သူကြီးများ ထံမှ ဆက်တိုက် ရရှိပါတော့ သည်၊ ကဲ့နွားများလည်း အတုံးအရုံးသေဆုံးခဲ့ပါသည်၊ ထိုနောက် ၁၉၅၃ ခု မေလအတွင်း၌ပင် နောက်ထပ် ကျေးရွာအုပ်စု ၂ စုတွင် ဖြစ်ပွားကြောင်း အစီရင်ခံစာ ကို ရရှိပါသည်၊ ၎င်းတွင် အနှစ်နာဆုံး ကျေးရွာမှာ တနင်္သာရီမြို့နယ် လယ်သစ်ကျေးရွာပင် ဖြစ်လေရာ ၎င်း ကျေးရွာ၌ ရှေးဦးစွာ လည်ချောင်းကွဲ ရောဂါဖြစ်၍ လည်ချောင်းကွဲရောဂါ ဆေးထိုးနှံပြီးနောက် ဒေါင့် သန်း ရောဂါတဖန် ၁၉၅၃ ခု ဇွန်လအတွင်းဖြစ်ပွားရာ ဤနှစ်ကြိမ်တွင် အစုစု ကဲ့ ၁၆၁ ကောင်နှင့် နွား ၄ ကောင်မျှ သေဆုံးခဲ့ပါသည်၊ ၎င် ရွာတရွာတည်း၏ ကဲ့နွား အဖိတ်အစင်မှာ မြိတ်အရှေ့ပိုင်း မြို့နယ် တခု လုံးထက်ပင် များပြားပါသည်။

ကဲ့နွား အဖိတ် အစင်များ

အကြောင်းကြောင်းကြောင့် စက်ဖြင့် ထွန်ယက်ခြင်း မပြုနိုင်သေးသော ပြည်ထောင်စု အတွက်တွင် စစ်အ တွင်းက ကဲ့နွားများ အများအပြား သေဆုံးခဲ့သည်ကို အကြောင်းပြု၍ ကဲ့နွားဦးရေ လျော့ပါးမှုတွင် ယိုပေါက် ကြီးတခုဖြစ်သော ကဲ့နွား သတ်ဖြတ်ခြင်းကို ပိတ်ပင်ရန် အက်ဥပဒေတရပ်ကို နိုင်ငံတော် အစိုးရက ပြဋ္ဌာန်း ကာကွယ်ခဲ့ပေသည်၊ ၎ အက်ဥပဒေ ကိုပင် ပြင်ဆင် ချက်များ ဖြည့်စွက်၍ ပြုပြင်ခဲ့ရာ ယခုအခါတွင် ဟင်း ချက်ပြီးသား အသားကိုပင် တွေ့ရှိပါက တရား စွဲဆို နိုင်သည်အထိ ခိုင်လုံခဲ့ပြီးဖြစ်ပါသည်၊ ၎ါမျှ ကြပ်တည်း စွာ တားမြစ်ထားသည့် အကြားမှပင် ကဲ့နွား များကို တိတ်တဆိတ် သတ်ဖြတ် စားသောက် ကြသေးသော် လည်း ပြောပလောက်အောင် မများပြားလှပေ၊ တိုင်း ပြည် ငြိမ်သက်လာသည်နှင့် အမျှ ၎ါသို့ မတရား သတ် ဖြတ်မှုများကို ထိရောက်စွာ ကွပ်ညှဉ် အရေးယူနိုင်ပါ လိမ့်မည်။

သတင်းစာများတွင် သောင်းကျန်းမှုများ၏ နောက် ဆွယ်၌ ကဲ့နွား များကို လုယက် ယူငင် သွားသော သတင်းနှင့် တခါတရံ ကဲ့နွားများကို နိုင်ငံတော် အ တွင်းမှ ကုန်းလမ်း ခရီးများဖြင့် ထုတ်ဆောင်၍ ယိုး ဒ ယား ပြည်တွင်းသို့ သွားရောက် ရောင်းချသောသ တင်းများလည်း ပါရှိတတ်လေရာ ၎ါသည်တို့မှာကဲ့နွား အများ အတွက် ဒုတိယ ယိုပေါက်ပင် ဖြစ်ပါသည်၊ အခြေအနေအရ ၎ါယို့ခပေါက်ကို ထိန်းသိမ်းဂိတ်ဆို့ရန် မှာ သောင်းကျန်းမှု များကို အဆုံးတိုင် ငုတ်သင် မ ပင်ထမြောက်ပါလိမ့်မည်။

သို့ရာတွင် သောင်းကျန်းမှုများ ငြိမ်းချမ်းသည် ဖြစ် စေ၊ မငြိမ်းချမ်းသည် ဖြစ်စေ အဓိက အရေး ကြီး၍ ကြောက်မက်ဘွယ်ရာ အကောင်းဆုံးသော ယိုပေါက် ကြီးမှာ ကဲ့နွား ရောဂါသာလျှင် ဖြစ်ပါသည်၊ ကဲ့ နွား ရာ ထောင် တို့မှာ ကူးစက်တတ်သော ရောဂါကြောင့် တိုတောင်းလှသော အချိန်အတွင်း၌ ဆုံးရှုံးနိုင်ပါသည်၊ ဆုံးရှုံးလည်း ဆုံးရှုံး ခဲ့ဘူးကြောင်းကို ကြုံတွေ့ခဲ့သည်နှင့် အညီ သာဓက ခိုင်လုံစွာ တင်ပြ နိုင်ပါသည်၊ ပြည် တော်သာ စီမံကိန်း အရ လယ်ယာ မြေ များကို တိုးချဲ့လုပ်ကိုင် နေကြပြီဖြစ်ရာ ၎ါ အဓိက အရေးကြီး

လွှတ် ခဲ့ပါသည်။ ဤတွင် ခရိုင်ရှိ ဆရာများနှင့် ပူးပေါင်း၍ အစု သုံးစု ခွဲပြီးလျှင် ရောဂါ ဖြစ်ပွားသော ကျေးရွာများနှင့် ၎င်းရွာများနှင့် နီးစပ်သော ရွာများသို့ စေလွှတ်၍ လည်ချောင်းကွဲ ရောဂါဆေးကို အနှံ့အပြား ထိုးနှံ့စေခဲ့ပါသည်။ ၁၉၅၃-ခုနှစ်ဇွန်လ ဒုတိယ ရက်သတ္တပါတ် တိုင်သောအခါ ရောဂါအခြေအနေကို လုံးဝ ထိန်းသိမ်း နိုင်ခဲ့၍ ကျေးရွာပေါင်း များစွာမှ ရောဂါထပ်မံ မဖြစ်ပွားကြောင်း အစီရင်ခံခဲ့ကြပါသည်။

၁၉၅၃ ခုနှစ် ဇန်နဝါရီလမှ စ၍ ၁၉၅၃-ခုနှစ် ဇွန်လကုန် အထိ ဤ ခရိုင်အတွင်း လည်ချောင်းကွဲ ရောဂါ ကာကွယ်ရေး ထိုးနှံ့ပြီးသော တိရစ္ဆာန် အရေအတွက်မှာ ကျေ ၄၉၅၂-ကောင် နှင့် နွား ၂၄၄၉-ကောင်ဖြစ်ရာ စုစုပေါင်း ကျွဲနွားကောင်ရေ ၇၄၀၁-ဖြစ်ပါသည်၊ နောက်ဆုံး လယ်သစ်ရွာ၌ ဖြစ်ပွားသော ဒေါင့်သန်း ရောဂါအတွက်၊ ကာကွယ်ရေး ဆေးမှာ ဇွန်လ အတွင်းတွင် မှာထားသည်ဖြစ်၍ ဇူလိုင်လတွင်မှ ထိုးနှံ့ရမည် ဖြစ်ကြောင်း သိရှိရပါသည်။

သောင်းကုန်းမှုများ ကြောင့်သော်၎င်း၊ ရာသီဥတု စွတ်စို ထိုင်းခိုင်းစ ပြုပြင်ဖြစ်၍ သော်၎င်း၊ ကျွဲနွားများမှာ ခရိုင်ဓလေ့အရ ဥဒဟို လွှဲထားသဖြင့် စုရုံးရန် ခက်ခဲ၍၎င်း၊ လယ်ယာများ စတင်လုပ်ကိုင်ချိန်တန်နေသဖြင့် ကျွဲနွားရှင် တို့သည် မိမိတို့ ကျွဲနွားများကို ဆေးများ မထိုးနှံလိုကြသဖြင့်၎င်း၊ တိရစ္ဆာန်ဆေးကု ဆရာများမှာ များစွာပင် ကြိုးပမ်း ဆောင်ရွက် ကြပါသည်၊ ဤမျှ များပြားသော ကျွဲ နွား ဦးရေများ တို့ကို တိုတောင်းလှသော ကာလ အပိုင်းအခြား အတွင်းတွင် ပြီးစီးအောင် ဆေးထိုးနှံနိုင်၍ မကြုံဘူးသော လျှင်မြန်ခြင်း ပြင်းထန်ခြင်းဖြင့် တပြိုင်နက် အနှံ့အပြား ပေါ်ပေါက်ခဲ့သော ရောဂါ အဟုန်ကို ရပ်တန့်စေနိုင် ခဲ့သော အောင်မြင်မှုများအတွက် တိရစ္ဆာန် ဆေးကုဘက် ဆိုင်ရာ အမှုထမ်းတို့အား အထူးချီးကျူးအပ် သည်နှင့် အမျှ ၎င်းတို့ အသုံး ပြုသော ရောဂါ ကာကွယ်ရေး ဆေး၏ ထူးခြားသော စွမ်းရည်ကိုလည်း အသိအမှတ် ပြုရပေမည်။

ဤသို့ ရောဂါဖြစ်ပွားခြင်းအတွက် ဤမျှ ဆေးထိုးနှံ ရုံမျှဖြင့် မပြီးစီးသေးပါ၊ ရောဂါဖြစ်ပွားခဲ့သော ရွာများ တွင် ယခု ဆေးထိုး ပြီးစီး ခဲ့သည်မှ ဖြစ်စေ ရောက်

ဆုံးရှုံးမှုများ

ဤကဲ့သို့ ကျွဲနွား ရောဂါများ ပေါ်ပေါက်ကူးစက် ခြင်းကြောင့် ၅ လအတွင်း သေဆုံးရသော ကျွဲဦးရေ မှာ ၆၀၄ ဖြစ်ပါသည်၊ ဤတွင် ရွာသူကြီးများအား မတိုင်တန်းရှိ သော်၎င်း၊ ရွာသူကြီးများ အစီရင်ခံရန် ပျက်ကွက်ရှိ သော်၎င်း စာရင်းမရရှိသည့် ဦးရေများ ကျန်ရှိဦး မည်ဖြစ်ရာ အမှန်သေဆုံးသော ဦးရေမှာ ထိုထက် ပင်များပြား ပါလိမ့်မည်၊ ဤသို့ ၅ လအတွင်း သေဆုံး သော ကျွဲနွား အရေအတွက်သည် ဤ ခရိုင်အတွင်း ၁၉၃၉ ခုနှစ် တန့်လုံး ကျွဲနွားရောဂါကြောင့် သေဆုံး ခဲ့သော ဦးရေ (၆၂၇) နှင့် ၁၉၄၀ ခုနှစ် တန့်လုံးတွင် ရောဂါကြောင့် သေဆုံးသော ဦးရေ (၇၁၄) နှင့် နှိုင်း ယှဉ်ပါလျှင် မည်မျှများပြားကြောင်းကို သိရှိနိုင်ပါသည် အပြင်း ထန်ဆုံး ဖြစ်ပွား ခဲ့သော လယ်သစ်ရွာတွင် ၇-၆-၅၃ နေ့မှ ၁၅-၆-၅၃ နေ့အတွင်း ရောဂါကြောင့် ကျွဲနွားကောင်ရေ (၁၀၄) မျှပင် သေဆုံးခဲ့ပါသည်။

နိဂုံးတော်အစိုးရ၏ကုသကာကွယ်ခြင်းများ

ရောဂါစတင်ဖြစ်ပေါ်သော အချိန်၌ မြို့ခရိုင်ရှိ တိရစ္ဆာန်ဆေးကု လက်ထောက်ဆရာ ၂ ဦး နှင့် အင်စ ပိတ်တော် တဦးသည် ကျေးရွာများသို့ ခရီးထွက်၍ ကာကွယ်ရေး ဆေးများ ထိုးနှံပေးခြင်း ရောဂါဖြစ်ပွား သော ကျွဲနွားများကို မဖြစ်ပွားသော ကျွဲနွားများနှင့် ခွဲခြားထားရန် စားကျက်နှင့် တကွ နေရာများ စီမံပေး ခြင်း၊ ရောဂါဖြင့် သေဆုံးသော အသေကောင်များကို စည်းကမ်းတကျ မြှုပ်နှံခြင်း ရောဂါဖြစ်ပွားနေသော ကျေးရွာများ၌ ကျွဲနွားကူးသန်းသွားလာခြင်းကို တား မြစ်ခြင်း စသည်တို့ကို မအားမလပ် ဆောင်ရွက်ခဲ့ကြပါ သော်လည်း ၁၉၅၃ ခုနှစ် မတ်လနှင့်ဧပြီလ အတွင်းသို့ ရောက်လာ၍ ရောဂါဖြစ်ပွားမှုမှာ တပြိုက်နက်တည်း ကျေးရွာအများသို့ အနှံ့အပြား ပြန့် နှံ့ လာသော အခါ လက်ရှိ ဆရာဦးရေမှုနှင့် ရောဂါကို အချိန်မှီ တားဆီးနိုင် မည်မဟုတ်ဟုသိရှိရသည်နှင့်အညီ ဆရာအပိုများပေးပါ ရန် မြို့ခရိုင် ပြည်တော်သာအဖွဲ့က တောင်းဆိုရာတွင် တိုင်း ပြည်တော်သာ အဖွဲ့ကလည်း အရေးယူ ဆောင် ရွက်သည့် အလျောက် သက်ဆိုင်ရာ ဌာနက အပို တိရစ္ဆာန်ဆေးကု လက်ထောက်ဆရာ ၄-ဦးကို ဧပြီလ တတိယ ရက်သတ္တပါတ် အတွင်းတွင် ဤ ခရိုင်သို့ စေ

ငွေ ၆၀၀၀၀ ခန့်နှင့် ခရီးသွားခြင်း ပိုမိုမည်အတွက် ခရီးစရိတ် အတွက် ပိုမိုကုန်ကျမည့် ငွေ ၃၂၀၀-ခန့် စုစုပေါင်း ငွေ ၆၃၂၀၀-ခန့်ကို လာမည့် ၂ နှစ်အတွင်း နိုင်ငံတော်အစိုးရက ရောဂါများ ရှင်းရှင်းပပျောက်ရေး အတွက် ပိုမိုကုန်ကျရဦးမည် ဖြစ်ပါကြောင်း။

ဒုတိယမွေးဖွားချက်များ

ဤတွင် ဤသို့ ရောဂါကြောင့် ကျွန်ုပ်များ သေဆုံးရခြင်း အဆုံးအရှုံးမှ သခင်ကိုးစာ အမြတ်ထုတ်ယူရန် လိုအပ်ပါသေးသည်။ များစွာသော အဓိရင့်ခံစာများအရ ရောဂါ ဤကဲ့သို့ အလျင်အမြန် ကူးစက်ရခြင်း၏ အရင်းအမြစ်ကို စိစစ်သောအခါ-

(၁) ရောဂါသည် ထုံးစံအတိုင်း၊ စားကျက်မှ ရှေးဦးစွာ ပေါ်ပေါက်သော်လည်း သက်ဆိုင်သူတို့က တိုင်ကြားရန် ပျက်ကွက်ခဲ့ခြင်း။

(၂) အသေကောင်များကို မြေမြှုပ်ခြင်း၊ မီးရှို့ခြင်း မပြုလုပ်ဘဲ မြစ်တွင်းသို့ မျှောပစ်ခြင်း။

(၃) ရောဂါဖြစ်ပွားနေသော ကျွန်ုပ်များအား ရောဂါမဖြစ်သော ကျွန်ုပ်များနှင့် သီးခြား စားကျက်သီးခြားခြံ စသည်တို့ကို ပိုင်ရှင်များက စီမံပေးရန် ပျက်ကွက်ခဲ့ခြင်း။

(၄) ရောဂါဖြစ်နေသော ရွာမှ ဖြစ်စေ၊ ပြင်ပမှ ဖြစ်စေ၊ ကျွန်ုပ်များ ထွက်ဝင်ကူးသန်း သွားလာခြင်းတို့ကို တားဆီးရန် ပျက်ကွက်ခဲ့ခြင်း စသော ပျက်ကွက်လစ်ဟင်း ချွတ်ယွင်းချက် များခြင်းကြောင့် ဖြစ်ကြောင်း သိရှိရသည်ဖြင့်၊ အချို့သော ရွာသူကြီးများနှင့် ရွာသားများမှာ ကာကွယ်ရန် ဆေးထိုးနှံ့ခြင်းကိုပင် သံသယရှိခဲ့ကြခြင်း၊ မထိုးလိုရှိ အမျိုးမျိုး ကဖျက် ယဖျက် ပြုလုပ်ကြခြင်း၊ ဆေးထိုးနှံ့ပြီးသော ကျွန်ုပ်များ သေဆုံးခြင်းမှာ ပင်ကိုယ်က ရောဂါရှိနေပြီးသော ကျွန်ုပ်များဖြစ်၍ သေဆုံးခြင်းဟု မသိနားမလည်သဖြင့် ဆေးလိုးရှိပင် သေဆုံးသလိုလို သက်သက်မကင်း ဖြင့်ခဲ့ခြင်းစသော ဗဟုသုတ ခေါင်းပါးမှု များကိုလည်း တွေ့ရှိရပါသည်။

အမှန်မှာ တနသံာရီဖြူနယ် အတွင်း၌ ကျွန်ုပ် ရောဂါ ဖြစ်ပွားခြင်းကို သက်ဆိုင်ရာ ရွာသားနှင့် သူကြီးတို့က သာဓိပေးရန် ပျက်ကွက် လစ်ဟင်း မှုကြောင့် တိုင်း တကြိမ်ကျစီ ထပ်မံ ထိုးခြင်းဖြင့် အနည်းဆုံး ၄-ကြိမ်ခန့် ထိုးနှံ့ရဦးမည် ဖြစ်ပါသည်၊ ယခုဆေးထိုးနှံ့သောအခါတွင် ထိုးနှံ့ခဲ့သော ရွာတိုင်း၌ ကျွန်ုပ်များ အားလုံး ကုန်စင်အောင် ထိုးခဲ့ရသေးသည် မဟုတ် သဖြင့် လည်း နောင် ထိုးနှံ့သော အခါ၌ ယခု ထိုးခဲ့ပြီးသော ဦးရေထက် ပိုမိုများပြားစွာ ထိုးနှံ့မှသာလျှင် လုံလောက်သော ကာကွယ်ခြင်း မည်ပေမည်၊ ဤသည်တို့အဘက်လည်း တိရစ္ဆာန် ဆေးကုဌာနဆိုင်ရာ အမှုထမ်းတို့က ယခင် ကြိုးပမ်းတစားး ဆောင်ရွက် ခဲ့သည်ဆက် ပိုမို ရွက်ဆောင်လိမ့်မည်ဟု မြော်လင့်ရပေသည်။

ကုန်ကျငွေများ

ဤသို့ ရောဂါကို တားဆီးကာကွယ်ရသည်အတွက် နိုင်ငံတော် အစိုးရ၌ တိုးတက်ပိုမိုကုန်ကျရသော ငွေများမှာ-

(၁) အထူး အလုပ်ဝတ္တရား ဆောင်ရွက်ရန် ခန့်ထားသော အပိုတိရစ္ဆာန်ဆေးကု လက်ထောက်ဆရာ ၄ ယောက်အတွက်-

လစာငွေ	၂၇၀၉
ခရီးစရိတ်ငွေ	၁၉၂၅

(၂) ခရိုင်ရှိ တိရစ္ဆာန် ဆေးကု လက် ထောက် ဆရာ နှင့် အင်စပိတ်တော်တို့ သာမန် နှစ်များထက် ပိုမို ခရီးသွား ရသည်အတွက် ပိုမိုကုန်ကျ ငွေ ၁၂၀

(၃) ကျွန်ုပ် ၇၄၀၁ ကောင်ကို ဆေး ထိုးနှံ့သည့် အတွက် ကုန်ကျသော ဆေးဘိုးငွေ (ဖျန်းမျှတကောင်လျှင် ၅-နှုန်း) ၁၄၀၁၀

စုစုပေါင်း ၁၈၅၀၅

မှု ဖြစ်လေရာ ရောဂါ ဖြစ်ပွားပြီးသော ရွာများတွင် နောက်ထပ်၆ မဖြစ်ပွားရအောင် ကာကွယ်မှုအတွက် ၆ လလျှင် တကြိမ်ကျဖြင့် အနည်းဆုံး ၄ ကြိမ်မှ ထိုးနှံ့ရလိမ့်ဦးမည်ဖြစ်၍ ဤသို့ ထိုးနှံ့ခြင်း၌ ခရိုင်အတွင်းရှိ ဆရာနှင့် အင်စပိတ်တော်တို့နှင့်သာ ဆောင်ရွက်မည်ပင် ဖြစ်သော်သည်း ထိုးနှံ့မည့် ဆေးအဘွက် ကုန်ကျမည့်

ကျွန်းသကောင်များ မြစ်ထဲဘွင် မျောနေသည်ကို မြင်ရ မှပင် ရောဂါ ဖြစ်ကြောင်း သိရှိရခဲ့ လေသည်၊ ထိုပြင် ရေမှမျောလာ၍ ပဂရာ ရှေ့တွင် တင်နေသော ကျွန်း သေကောင်တခု၏ အနီး မြစ်တွင်း၌ ကျွန်အများရေဆင်း သောက်နေသည်ကို စာရေးသူကိုယ်တိုင် မြင်ခဲ့ပါသည်၊ ဤသည်တို့မှာ စင်စစ် ရောဂါ၏ ကြောက်မက်ဘွယ် အန္တရာယ်ကို ကျေးရွာ လူထုက သဘော မပေါက် နားမလည် သေးကြောင်း သာဓက များပင် ဖြစ်ပါ သည်။

အကြံပေးချက်

ဒီမိတို့ ဆုံးရှုံးမှုကို မည်သူမဆို ကာကွယ် လိုကြ သည်မှာ ဓမ္မဘာပင်ဖြစ်၍ အကောင်းပြုသည်ကို မသိ နားမလည်ခဲ့သာ ဤကဲ့သို့ ဖြစ်ခဲ့လေရာ ကျွန်းရောဂါ နှင့် ပတ်သက်၍ ကြောက်မက် ဘွယ်ရာ ကောင်းပုံ၊ ဖြစ်ပွားပုံ။ ကူးစက်တတ်ပုံ၊ လတ်တလော ဖြစ်ပွားမှုကို



ဆေးထိုး ပေးရာတွင် ဤသို့ ကဲ့သို့ကောင်းသင်း
ဟန်ဆောင် ချေခဲ့ပုံး

မပြုံးပွားရန် ကာကွယ်နည်း၊ အသေကောင် များကို စီမံနည်း၊ ဆေးထိုးနှံခြင်း၏ အကျိုးအာနိသင် စသည် တို့ကို ကျေးရွာလူထု သဘောပေါက် နားလည်အောင် စီမံရန် လိုအပ်ပါသည်။

တိရစ္ဆာန်ဆေးကု လက်ထောက် ဆရာများသည် နယ်လှည့် ထွက်သောအခါ ဖြစ်စေ၊ မြို့ပိုင်များ၊ ခရိုယာ ဝန်ထမ်း မှူးများ၊ နယ်ထွက်သောအခါ ဖြစ်စေ၊ ရွာ သူကြီးနှင့်တကွ ရွာသားများအား စုရုံးစေ၍ ဤအချက် များကို ပြောကြားခြင်းမှာ စရိတ်စက အကုန် နည်းမည်



ဆေးရုံသို့ပို့သူ

မှန်သော်လည်း သောင်းကျန်းမှုပုံးကြောင့် နယ်လှည့် ထွက်ခြင်းမှာ နည်းပါးလာခြင်း၊ ကျေးရွာများ၌ ကြာ ရှည်စွာ မနေလိုခြင်း၊ ရွာသားများ ကလည်း ဝေးလံ သော ဒေသများမှ သူကြီးနေထိုင်ရာ ရွာသို့ လာရောက် ရန် ခဲယဉ်းခြင်းတို့ကြောင့် ဤနည်းမှာ ငြိမ်းချမ်းသော အခါတွင်သာ သင့်တော်၍ အရာရောက် ပါလိမ့်မည်၊ သို့သော်လည်း ဤနည်းကို လိုက်နာနိုင်သမျှ လိုက်နာ သင့်ပါသည်။

ထိုထက် ကောင်းသောနည်းမှာ သရုပ်ပြပုံ များကို ရေးဆွဲ၍ ကျေးရွာများသို့ ဝေငှခြင်း၊ ရောဂါ၏ အ ကြောင်းခြင်းရာ လက္ခဏာ ကူးစက် ပြန့်ပွား ခြင်းကို ကာကွယ်နည်း၊ စားကျက်နှင့် ခြံများကို ခဲခြား ထား



ထိုးဆေးရမိသည့်

နည်း၊ ကျွန်းများ ကူးသန်းသွားလာခြင်းကို တားမြစ်ခြင်း၊ အသေကောင် များကို စီမံခြင်း၊ ဆေးထိုးနှံခြင်း၊ စသည်တို့ အစုံအလင် ပါရှိသော စာတမ်း များနှင့် နံရံကပ် ကားချပ်ကြီး များကို နိုင်ငံတော် အစိုးရက ရိုက်နှိပ်၍ ရွာများတွင် အနှံအပြား ဝေငှခြင်းပင် ဖြစ်လေရာ ဤနည်းမှာ ဒွေ အတော်အတန် ကုန်ကျလိမ့်မည်ပင် ဖြစ်သော်လည်း ကျွန်းနှောင်ရေးနှင့် ပတ်သက်သော ဗဟုသုတကို ကျေးရွာလူထုက နှံစပ်စွာ ဒင်ပြည့် ကျပ်ပြည့် ရရှိနိုင်ရေးအတွက် အထူးပင်အရေးပါ အရာရောက်ပါသည်၊ အမှန်မှာ ရွာသားများသဘောပေါက် နားလည် ကူညီမှသာလျှင်လည်း ရောဂါပြန့်ပွားခြင်းနှင့် မသေမပျောက် တိုက်သည်တို့ကို တားဆီးနိုင် ပါလိမ့်မည်။

ရောဂါများနှင့် ပတ်သက်၍ ဝါဒဖြန့်ချိမှု ရွာသားများ၏ ဗဟုသုတ တိုးတက်မှုတို့ အတွက် တိရစ္ဆာန်လက်ထောက်ဆေးကု ဆရာတယောက်ကို ဤသုံးငန်းများအတွက် သက်သက်သီးသန့်ထားရှိ နိုင်ပါက ပိုမို ကောင်းမွန်ပါသည်၊ ခရိုင်တခုသို့ ထိုကဲ့သို့သော ဆရာတဦး ထား၀စည် လိုအပ်မည် မဟုတ်ပါ၍ လုပ်ငန်းပြီးစီးပါက အခြားခရိုင်သို့ လွှဲပြောင်း ခန့်အပ်နိုင်ပါသည်။

အထူးသဖြင့်မှာ ရောဂါဖြစ်ပွားသည်နှင့် ရောဂါဖြစ်ပွားခနသော ကျွန်းများကို သီးသန့်နေရာ၌ ထားရှိရန် နိုးစပ်သော ကျေးရွာများ အချင်းအချင်း စုပေါင်း၍ ရောဂါဖြစ်ပွားသော ကျွန်းများအတွက် ခွဲခြားထားရှိရန် စားကျက်မြေနှင့် ကျွန်းဖြမ်းများ ခုတ်တွင်တည်ဆောက်ခြင်းကို လူထုနည်းအရ ကျွန်းများပြားသော ရွာများတွင် ဆောင်ရွက် ထားရှိစေသင့်ပါသည်။


ဤ ခရိုင်၏ ကျွန်းရောဂါ ဖြစ်ပွားခြင်း ရာဇ၀င်ကို ပြန်လည်လေ့လာပါလျှင် လည်ချောင်းကွဲ ရောဂါနှင့် ဒေါင့်သန်း ရောဂါ နှစ်မျိုးသာလျှင် ဖြစ်ပွား တတ်သည်ကို တွေ့ရှိရပါသဖြင့် လည်ချောင်းကွဲ ရောဂါနှင့်ဒေါင့်သန်းရောဂါ ကာကွယ်သော ဆေးများကို ရောဂါမဖြစ်ပွားမီ ကုပင် ရွာများတွင် တပြိုင်နက် ထိုးနှံခြင်းနည်းဖြင့် တတ်နိုင်သမျှ နှံစပ်စွာ ထိုးနှံပေးသင့်ပါသည်။

"ကျွန်း ရောဂါကာကွယ်ရေး နှင့် လယ်ယာမြေတိုးချဲ့လုပ်ကိုင်ရေး"

ကျွဲများမှာ သာမန်အားဖြင့် ၃ နှစ်မှသာလျှင် တကောင် တိုးပွားလေသည် ခရိုင်၌ လက်ရှိအခြေအနေအရ နှစ်စဉ် တိုးတက်သော ကျွဲဦးရေကို ခန့်မှန်းရန် မဖြင်နိုင်သေးသည် ဖြစ်၍ ကျွန်းတိုးတက်မှုအတွက်အဓိက ယိုပေါက်ကြီးဖြစ်သော ကျွန်းရောဂါဖြစ်ပွားခြင်းကို တားဆီးခြင်း ဖြစ်ပွားသောအခါလည်း ယခုကဲ့သို့ ပြန့်ကျဲယ်စွာ ကူးစက်ခြင်း မဖြစ်အောင် ဆောင်ရွက်ခြင်းကိုဖြင့် လက်ငင်း ဦးရေတိုးတက်မှုကို ဆောင်ရွက်ရမည် ဖြစ်ရာ ဤကိစ္စမှာ နိုင်ငံတော် အစိုးရ နှင့် လူထုတို့ ရင်းနှီးစွာ ကူညီဆောင်ရွက် မှသာ လျှင် အထမြောက်အောင်မြင်ပါမည်။

ကောက်ယူရရှိပြီးသော စာရင်းများအရ ၁၉၅၂-၅၃ ခုနှစ်အတွက် ကျွဲထီးများ ဦးရေမှာ (၉၁၂၆) ကောင် နွားသိုးနွားပိုက် ဦးရေမှာ (၃၁၀၂) နှင့်မျှဖြစ်၍ ဒါးစိုက်သော ဧကပေါင်းမှာ (၀၆၄၇၃) ကေ ဖြစ်လေရာ အထူးသဖြင့် လယ်ယာမြေ များပြားသော ပုလော်မြို့နယ်မှ ကျွန်းများ မလုံလောက်ကြောင်း အမီရင်ခံထားသည်ဖြစ်ပါ၍ ပြည်တော်သာ စီမံကိန်းအရ လယ်ယာမြေများကို မြို့နယ်အသီးသီးတွင် တိုးချဲ့စိုက်ပျိုးနေပြီဖြစ်သော ဤခရိုင်တွင် ကျွန်းရောဂါ ကာကွယ်ရေးကိစ္စကို အထူးသဖြင့် ဦးစားပေး၍ ဆောင်ရွက်အပ်သည်ဖြစ်ကြောင်း ရေးသားဘော်ပြအပ်ပါသဟုပ်ည်း။

AHAMED OOMER
အဟာမက်အူးမာနှင့် သားများ
အထည်ဆိုင်ကြီး ဆိပ်ငယ်ရပ်၊ ဖြူတိုက္ကြီ
ပြည်တော်သာရေးအတွက် ပြန်မာလက်ယက် ပျက်လုံးတံဆိပ် ပလေကွတ် လုံ ချည်များကို
ဟားပေးကြပါ။
ချည်ချော၊ ဆေးဆိုင်၌ တာရှည် အသုံးခံပါသဖြင့်
ဝယ်သူတိုင်း စွဲမက်စေပါသည်။ ဟူပီးဟည်း၊ ကိုယ်စားလှည့်



နှစ်စဉ် အုန်းနှင့် အုန်းထွက် ပစ္စည်းများ အတွက် ယိုဖိတ်နေသော ဗမာ့ ငွေ ၃၂၅-သိန်းကိုပိတ်ဆို့မည့် နိုင်ငံတော် အစိုးရ စီမံကိန်းတွင် မြိတ် ခရိုင်၏ ပါဝင် ဆောင်ရွက်ချက်။

မြိတ်မိုင်းသည် မိုင်းဦးကာလတွင် အထူးနာမည်ကြီးလေ သည်၊ နာ မည် ကြီး သည့် အ တိုင်း လည်း ၁၉၅၃ ခု မိုင်းဦးကာလ ဖြစ်သော ပြည်လုကုန်နှင့် မေလဆန်းတွင် မည်သူမတာ သဲသဲမဲမဲ ရွာသွန်းလေ သည်။ သို့စဉ်လွန် ၁၉၅၃ ခု မေလ ၄ ရက်နေ့တွင် နိုင်ငံတော် ဝန်ကြီးချုပ် ဦးနု၊ ဝန် ကြီး ချုပ် က တော် ဒေါ်မြဒု၊ တနင်္သာရီတိုင်းမင်းကြီး ဦးမိုးမြစ် တို့အား သယ်ယူလာသည့် အထူးလေယာဉ်ပျံသည် ကြည်လင် စွာ ထွန်းလင်းသော နေခြည်တွင် မြိတ်လေဆိပ်သို့ ဆိုက်ရောက်လာလေသည်။

ကလွင် ပြည်တော်သာ အုန်းမျိုးဥယျာဉ်

ငင်းနေ့ည့နေ ညွှန်းညံ့သော နေခြည်အောက်တွင် နိုင်ငံတော် ဝန်ကြီးချုပ်နှင့် အဖွဲဝင်တို့သည် မြိတ်မြို့မှ ၂ မိုင်ခန့် ကွာဝေးသော ကလွင်ရပ်သို့ သွားရောက်လျက် ပြည်တော်သာ အုန်းမျိုးဥယျာဉ်ကို ကြည့်ရှုခဲ့သည်သာမက နိုင်ငံတော် ဝန်ကြီးချုပ်ကိုယ်တိုင် မျိုးချခဲ့ပါသေးသည်။

အဆိုပါ ကလွင်အုန်းမျိုး ဥယျာဉ်သည် လယ်ယာလုပ်ငန်းနှင့် ရေအရင်းအမြစ်တို့ ၊တက်ရေး ကော်ပိုရေးရှင်းမှ နိုင်ငံတော် အစိုးရ၏ လယ်ယာလုပ်ငန်းတိုးတက်ရေး ကျေးလက်ကြီးပွားရေး ဥ့ဒ္ဓစ်မိမ်ကိန်း၏ အကိုင်းတခု ဖြစ်သော ဗုန်းသီးနှင့် အုန်းသီးထွက် ပစ္စည်းဖွ လုံရေး စီမံကိန်း၏ တစိတ်တဒေသ ဖြစ်ပါသည်၊ ကော်ပိုရေးရှင်း၏ အမှုဆောင် အရာရှိများ ဖြစ်ကြသော ဦးဖူး၊ ဦးသန်းကြွယ်နှင့် ဦးမျိုးမြင့်တို့သည်၊ ၁၉၅၃ ခု ဖေဖေါ်ဝါရီလအတွင်းက မြိတ်မြို့သို့ ဆိုက်ရောက်လာကြပြီးလျှင် မြိတ်ခရိုင်အတွင်း၌ အုန်းခြံများ အုန်းမျိုးများ အုန်းစိုက်ပျိုးနိုင်လောက်မည့် ဒေသများနှင့် အုန်းနှင့် ပတ်သက်သော အလားအလာများကို တောင်ဘက်စွန်း ကော့သောင်းအထိ တရိုင်လုံး အနှံ့အပြား လှည့်လည်လျက် စေ့ငုံလင့်စွာ ထောက်လှမ်းကြပြီးသည်၏ အဆုံးဌ မြိတ်ခရိုင်အတွင်း မျိုးအုန်းလုံးရေ ၂၆၁၀၀ စီ ပျိုးထောင်ရန် မြိတ်မြို့တွင် အုန်းမျိုးဥယျာဉ်တခုနှင့် ကော့သောင်းမြို့တွင် တခုပေါင်း ၂ခု ဖွင့်လှစ်ရန် စီစဉ်ခဲ့ကြပါသည်။

မျိုးအုန်း ဝယ်ယူထိန်းသိမ်း ရေးအဖွဲ့

ဤကိစ္စရပ်များကို ဆောင်ရွက်ရန် တာဝန်လွှဲအပ်ခြင်း ခံရသည့် မြိတ်ခရိုင် ပြည်တော်သာ အဖွဲသည် ၁၉၅၃ ခု မတ်လ ၄ရက်နေ့ တနင်္သာရီမြို့၌ ကျင်းပသော အစည်းအဝေးကြီးမှ စီမံကိန်းကို အသေးစိတ် ဆောင်ရွက် နိုင်ရေးအတွက် စည်းဝေးဆုံးဖြတ်ချက် အပိုဒ် ၁ အရ မျိုးအုန်း ဝယ်ယူရေးနှင့် စောင့်ထိန်းရေး အဖွဲဝင်ယဉ်ကို အဖွဲဝင်လူကြီး (၁၂) ဦး ပါဝင်စေပြီးလျှင် ဖွဲ့စည်းလိုက်ပါသည်။

အဆိုပါ အဖွဲ့ငယ် ဆောင်ရွက်ရသော လုပ်ငန်းများတွင် မျိုးအုန်း ဝယ်ယူရာ၌-

(က) အငင်ပေါက်နိုင်မည့် အုန်း မျိုးကောင်း မျိုးသန့် ရရှိရေး။

(ခ) ထိုမျိုးအုန်းများကို အဘိုးနှုန်း မများစေဘဲ ချိုသာစွာ ရရှိရေး။

(ဂ) တိုကောင်းသော အချိန်အတွင်း လိုအပ်သည့် အရေအတွက်ကို လျင်မြန်စွာ ရရှိရေး။

စသည်တို့ကို ဆောင်ရွက်ရရာ များစွာ မလွယ်ကူလှပါ၊ စတင် ဝယ်ယူစဉ်က အချို့ကုန်သည်တို့က အထင်မှားပြီး အုန်းစေ့းကို တိုးမြှင့်လိုဟန် ပြုကြသေးသော်လည်း ဤ အဖွဲ့ငယ်၏ ရှင်းလင်းပြောပြချက်ကြောင့် အဆင်ပြေသွားပြီးလျှင် အကူအညီပင် ရရှိပါသည်၊ ထို့ကြောင့် ၁၉၅၃ခုနှစ် မတ်လ ၂၁ရက်နေ့မှ စတင်ဝယ်ယူရာ လိုအပ်သော အုန်းမျိုး ၂၆၅၀၀ ကို ဖျန်းမျှခြေးအလုံး ၁၀၀ လျှင် အုန်းဥယျာဉ်အရောက် ၄၂-နှုန်းဖြင့် ၁၉၅၃ ခုနှစ် ဇွန်လ ၆ ရက်နေ့က အပြီးသတ် ဝယ်ယူရရှိခဲ့ပါသည်၊ ထိုနည်းအတူ ကော့သောင်းမြို့ အုန်းမျိုးဥယျာဉ်အတွက် သတ်မှတ်ထားသည့် မျိုးအုန်းပေါင်း ၂၆၅၀၀ ကိုလည်း ၁၉၅၃ ခု ဇွန်လ ၁၂ရက်နေ့ကပင် အပြီးအစီး ဝယ်ယူရရှိပြီးပါပြီ၊ ဤသို့ ရရှိခရေးအတွက် အထူး အင်တိုက်အားတိုက် ဆောင်ရွက်ကြသော ကော့သောင်း နယ်ပိုင်ဝန်ထောက် ဦးသိန်းသန်းမြတ်အနောက်ပိုင်း မြို့ပိုင် ဦးသူစိန်နှင့် မျိုးအုန်းဥယျာဉ်မှူး မောင်လှမြင့်တို့ကို ချီးကျူးထိုက်ပေသည်။

တနင်္သာရီ အိုန်းမျိုးဥယျာဉ်

တို့အပြင် မြိတ်ခရိုင် ပြည်တော်သာအဖွဲ့၏ တောင်းဆိုချက်အရ တနင်္သာရီမြို့နယ်တွင်လည်း အလားတူ အုန်းခြံမျိုး တခုကို ဖွင့်လှစ်ပေးရန် ရေအရင်းအမြစ် တိုးတက်ရေးအဖွဲ့က လက်ခံသဘောတူညီသဖြင့် မျိုးအုန်း ၂၀၀၀၀ ကိုလည်း တနင်္သာရီ မြို့တွင် ၁၉၅၃ ခု ဩဂုတ်လဆန်းတွင် စတင်မျိုးချပြီးပါပြီ။

သူဆင်းရဲတို့၏ စေတနာ

ရေအရင်းအမြစ် တိုးတက်ရေး ကော်ပိုရေးရှင်းမှ အမှုဆောင် အရာရှိ ဦးသန်းကြွေယ် မွေးချယ်ခဲ့သော ကလွင်ရပ်ရှိ အိုးရ ကျွဲစားကျက်မြေတွင် အဆိုပါ ဒကျးရွာလူထုက ၎င်းကိုအရပ်မှ ကျွဲ နွားများ ယခုတိုင် ကျက်စားနေပါသဖြင့် အဆိုပါ ကျွဲစားကျက်မြေကို အသုံးမပြုစေလိုပါကြောင်း၊ သို့သော် ပြည်တော်သာ စိမံကိန်းကို ထောက်ခံအားပေးသည့် အနေဖြင့် ၎င်းတို့ ဦးပိုင် မြေကို အသုံးပြုပါဟု စေတနာမှန်ဖြင့် ပြောဆိုလာကြပါသည်၊ ၎င်းတို့ လှူဒါန်းသည့် ၂၀၀ ကေရှိမြေကို အဖွဲ့ဝင်များ သွားရောက်ကြည့်ရှုရာဝယ် ခြံဝင်းများ သပ်ယပ်စွာ ခတ်ထားပြီး ဘေးတွင်သည်း ရေမြောင်းများ အဆင်သင့်သွယ်ထားပြီး ရှိသည့်ပြင် မြေအနေအနေမှာလည်း သဲဆန်ဆန်ဖြစ်သဖြင့် ရည်မှန်းထားသော မျိုးအုန်းဥယျာဉ်အတွက် အထူးအဆင်ပြေနေသည့်အတိုင်း ၎င်းတို့၏ အလှူကို ဂမ်းပန်းတသာ လက်ခံကြပါသည်။

မြေလှူသူ ဦးစံတင်၊ မည်ဟန်၊မစိန်မြ၊ မောင်ညွှာတို့မှာ ကြွယ်ဝချမ်းသာသူများ မဟုတ်ကြပါ၊ ဟင်းသီးဟင်းရွက် ဥယျာဉ်ခြံမြေကို လုပ်ကိုင်စားသောက် ကြရရှာသော နွေလုပ် နွေစာများ ဖြစ်ကြ သော်လည်း ပြည်တော်သာစိမံကိန်းကို နှစ်နှစ်ကာကာ လှိုက်လှိုက်လဲလဲ ထောက်ခံ အားပေး လိုက်ကြသည့် အတွက် အဖွဲ့က ၎င်းတို့နစ်နာမည့်ငွေ ၈၀၉-ကို ပေးပါရစေဟု ပြောသည့်ကိုပင် လက်မခံ ကြဘဲ ရက်ရက် ဆောရော လှူဒါန်းကြသည့်အတွက် အဖွဲ့ဝင်များမှာ ပီတိဖြစ်နေကြရပါသည်။

အလားတူ အတိုင်းပင် ကော့သောင်း ဥယျာဉ် အတွက်လည်း ကော့သောင်းမြို့မှ ၅မိုင်ခန့် ကွာဝေးသည့် နေရာတွင် ပိုင်ဒီးယားဆိုသူ အိမ်ရှေ့ တိုင်းရင်းသား တဦးက ကြည်ဖြူစွာ ပေးလှူပြန်ပါသည်။

စိမ်းလန်းရွှင်သန် မျိုးအုန်းခြံ

ယခုအခါ မြိတ် အုန်းခြံတွင် ဥယျာဉ်မှူး မောင်လှမြင့်နှင့် ဥယျာဉ်စောင့် ၂-ယောက် တို့၏ ကြိုးပမ်းမှုကြောင့် ဝယ်ယူရရှိပြီးသော မျိုးအုန်း ၂၆၅၀၀အနက် မျိုးအုန်းလုံးရေ (၁၇၂၀၀) ကို စိုက်ပျိုးထားရာ အပင်ပေါင်း ၁၆၆၃၀ ပင်သည် စိမ်းလန်း ရွှင်သန်လျက် အုန်းခြံတခုလုံးမှာ ကြည်နူးဖွယ်ရာ ဝေဆာတင့်တယ်နေပါသည်။

ဝံနှကြီးချုပ်၏ အုန်းပင်

နိုင်ငံတော် ဝန်ကြီးချုပ် ဦးနု ချမှတ် ခဲ့သော မျိုးအုန်းမှာ ရှင်သန် ထွားကြိုင်းလျက် ၎လိုင်လ ၄-ရက်နေ့တွင် ၁-ပေ ၈-လက်မ မျှပင် ရှိနေပေသည်။

အားဖြင့် လုံးရေ ၁၀၀ ကျော်ခန့် သိုးပသည်။)

(ခ) အုန်းစိုက်ပျိုးရန် မြေလွတ် မြေလပ်များ ကျန်းကြီး ကျန်းငယ်များ များပြားစွာရှိခြင်း။

(ဂ) အုန်းစိုက်ပျိုးရေးတွင် ဝါသနာပါ၍ တက် ကျွမ်းသော တောင်သူ လယ်သမားများ ပုဂ္ဂလိက လုပ်ငန်းပိုင်ရှင်များ ရှိခြင်းစသည့် အရေးတကြီးလိုအပ်သော အချက်အလက် များ နှင့် လည်း ပြည့်စုံနေပြန်သဖြင့် အုန်း တိုးချဲ့စိုက်ပျိုးရေး လုပ်ငန်းသည် မြို့ခရိုင် တွင် နိုင်ငံတော်အစိုးရ ရည်မှန်း ထားသည့် အတိုင်းလွယ်ကူ လျင်မြန်စွာ အောင်မြင် ဘွယ်ရာ အကြောင်းများ ရှိနေပါသည်။

အခက် အခဲများ

ဤသို့ အလားအလာများ ရှိပါလျက် အုန်းစိုက်ပျိုး ရေးလုပ်ငန်းသည် မြို့ခရိုင်အတွင်း ၁၉၂၆-၂၇ ခုနှစ် တွင် ကေပေါင်း ၂၃၇၂ ကေ ၁၉၃၆-၃၇ ခုနှစ်တွင် ကေပေါင်း ၂၄၁၀ ကေနှင့် ၁၉၄၆ ၄၇နှစ်တွင် ကေ ပေါင်း ၂၁၈၃ ကေသာ စိုက်ပျိုးခဲ့သည်ကို ထောက် ရှုပါလျှင် အုန်းတိုးချဲ့စိုက်ပျိုးရေးသည် တိုးတက်သင့် သလောက် မတိုးတက်ရုံသာမက အနည်းငယ်ပင် ကျဆင်းလာသည်ကို တွေ့ရှိပါသည်။

အကြောင်းရင်း များမှာ နိုင်ငံတော် အစိုးရ သည် ပြည်တော်သာ စီမံကိန်း မဟေါပေါက်မီ အချိန် တိုင် အောင် ဤ အုန်းစိုက်ပျိုးရေး လုပ်ငန်းအတွက် ကိုယ်တိ ရင်တိ ကူညီမှု မရှိခဲ့ခြင်းကြောင့် တကြောင်း၊ အုန်း စိုက်ပျိုးရေး လုပ်ငန်းသည် နှစ်ရှည်လုပ်ငန်း ဖြစ်သဖြင့် ဤလုပ်ငန်း၏အသီးအပွင့်ကို နှစ်ရှည်စောင့်ဆိုင်းနိုင်စွမ်း မရှိနိုင်ကြသော တောင်သူလယ်သမားများသည် စိတ် ပါဝင်စားမှု မရှိခြင်း ငွေကြေးတတ်နိုင်သော လုပ်ငန်း ရှင်ကြီးများကလည်း ကော်ပတ်ခြံ လုပ်ငန်း တံငါလုပ် ငန်း သတ္တုတွင်း လုပ်ငန်းတို့လောက် အကျိုးအမြတ် ခံစားခွင့် မရှိဟု ဆိုကာ စိုးပွားရေး တွက်ကိန်းအရ အင်တိုတ်အားတိုက် မလုပ်ကိုင်ကြခြင်း ယခုလက်ရှိ အုန်းခြံပိုင်ရှင်တို့မှာလည်း မိမိတို့ခြံထွက် အုန်းသီးများ ကို ရန်ကုန်မြို့သို့ သယ်ယူပို့ဆောင် ရာတွင် သယ်ယူခ စရိတ်ကြီးမားလှသဖြင့် များစွာ အကျိုးမရှိသဖြင့် တိုးချဲ့ လုပ်ကိုင်ရန် စိတ်မရှိကြခြင်း စသည့် အကြောင်းရင်းများ ပင် ဖြစ်ပေသည်။

မျိုးအုန်းဝေငှရေး

ဧရအရင်းအမြစ် တိုးတက်ရေး ကော်ပိုရေးရှင်းမှ ညွှန်ကြားချက်အရမူ မျိုးအုန်းစိုက်ပျိုးပြီးသည်မှ တနှစ် ကြာသည့် အချိန်တွင်သာ ဝေငှရန် သင့်သည်ဟု ဆို ထားပါသည်၊ ဤ ညွှန်ကြား ချက်သည် မြန်မာ နိုင်ငံ အခြားအရပ်ဒေသများအတွက် သင့်မြတ် လျော်ကန် ဘွယ် ဖြစ်သော်လည်း အုန်းပင် ကြီးကြီးနှစ်သက်သည့် မြေညြောနှင့် ရာသီဥတုရှိသော မြို့ခရိုင် အတွက်မူ များစွာမသင့်လျော် လှပေဟု အုန်းစိုက်ပျိုး လုပ်ကိုင် ကြသူ တောင်သူ လယ်သမားများက ဆိုကြပေသည်၊ ငှင်းတို့၏အဆိုအရ မျိုးအုန်းပင်ကို တနှစ်အထိ ပျိုး ထားပါလျှင် အမြစ်များ မြေတွင် မြဲစွဲစွာ ငြိတွယ်နေ မည် ဖြစ်သဖြင့် ရွှေ့ပြောင်းစိုက်ပါက အပင် နာမည် ဖြစ်သည့်အတွက် အပင်ပေါက် နိုင်သည့်တိုင် အသီး ထွက် ညံ့ဖျင်းမည်ဟု ဆိုကြပါသည်၊ နှစ်ပရိစ္ဆေဒ ကြာညောင်းစွာ လက်တွေ့လုပ်ကိုင်သူတို့၏ဗဟုသုတ နှင့်မူ မြို့တ် အုန်းခြံ စောင့်ထိန်းရေးအဖွဲ့သည် ယှဉ်ပြိုင် မင်ငြင်းဆိုခဲ့ပါ၊ သို့ပါ၍ မျိုးအုန်းဝေငှရေးနှင့်ပတ်သက်၍ စည်းမျဉ်း နည်းနာ နိသျတို့ကို ရေအရင်းအမြစ် တိုး တက်ရေး ကော်ပိုရေးရှင်းက ဆောလျင်စွာ ထုတ်ပြန် ကြေငြာသင့်သည်ဟု ယူဆပါသည်။

အုန်း စီမံကိန်းနှင့် မြို့တ်

၁၉၄၆-၄၇ ခုနှစ် အတွင်း၌ မြန်မာနိုင်ငံတဝှမ်းလုံး အုန်း စိုက်ပျိုးသော မြေဧရိယာ ကေပေါင်း ၇၀၆၆ အနက် မြို့တ် ခရိုင်တွင် ကေပေါင်း ၂၇၇၁ ကေကို စိုက် ပျိုးခဲ့သည်ကို ထောက်ရှုခြင်းအားဖြင့် မြို့တ် ခရိုင် သည် အုန်းနှင့် ပတ်သက်၍ မြန်မာနိုင်ငံ၏ အကြီးဆုံးသော အားထုတ်ရာဒေသဟု ဆိုနိုင်ပါသည်၊ ထိုကြောင့်လည်း ၁၉၅၂-၅၃ ခုနှစ်အတွင်း မျိုးဖေါက်ရန်ဒေသအလိုက် အစီအစဉ်တွင် မျိုးအုန်းလုံးရေ ၇၃၀၀၀ ဖေါက်ရန် တာဝန် အပ်နှံခြင်း ခံရသော မြို့တ် ခရိုင်သည် မိုလ်ဆွဲ ခြင်းမှာ မထူးဆန်းလှပေ။

အလား အလာများ

အုန်းစီမံကိန်း အထမြောက် အောင်မြင်ရန် မြို့တ် ခရိုင်တွင် အလားအလာ များစွာရှိပါသည်။

(က) ဧရ မြေ နှင့် ရာသီဥတုသည့် အုန်းစိုက်ပျိုး ရေးအတွက် အထူးသင့်လျော်ခြင်း။
(အုန်း တပင် လျှင် အုန်း သီး သာ မှန်

အကြံဉာဏ်ပေးချက်

ယခုအခါမှု နိုင်ငံတော်အစိုးရသည် ပြည်တွင်း ငွေယိုဖိတ်မှု မရှိရအောင် ပြည်သူလူထုအား အသိဉာဏ် ဖွင့်ပေးနေခြင်း၊ အုန်းစိုက်ပျိုးလိုသူ တို့အား ချိုးအုန်းများ အခမဲ့ ဝေငှခြင်း၊ အုန်းစိုက်ပျိုးရေး အတွက် လိုအပ်သော ရင်းနှီးငွေများကို နှစ်ရှည် အမတော်ကြေး အဖြစ် ထုတ်ချေးရန် ကြိုးပမ်းနေခြင်း၊ စသည်တို့ဖြင့်၊ အကြံဉာဏ်များသာမက လူထုအား ငွေအားပါ ဖိဖိစီးစီး ကူညီနေသဖြင့် မြိတ်ခရိုင် အတွင်းရှိ တောင်သူလယ်သမားများရော ပုဂ္ဂလိက လုပ်ငန်း ပိုင်ရှင်များကပင် အုန်းစိုက်ပျိုးရေး လုပ်ငန်းဘက်သို့ အာရုံ ကူးပြောင်းလာသည်ကို ကျေနပ်ဘွယ်ရာတွေ့မြင်ရပါသည်။

အုန်းထွက်ပစ္စည်း ထုတ်လုပ်ရေး ပမာဏများ

အုန်းသီး ပိုမိုထွက်ရှိရေးကို ခရိုင် ပြည် တော် သာ အဖွဲ့သည် ကြိုတင်ကြိုးပမ်း နေပြီဖြစ်ရာ နောင် ၅ နှစ် အကြာတွင် မြိတ်ခရိုင်မှ အုန်းထွက်သည် သိသိသာသာ တမဟုတ်ခြင်း တိုးဘက်လာမည်ကို ယုံကြည်ပါသည်။

သို့ ပိုမိုထွက်ရှိမည့် အုန်းသီးအားလုံးကို ရန်ကုန်မြို့ သို့တင်ဆောင်ပါလျှင် သယ်ယူ ပို့ဆောင်ခ အတွက် စရိတ်ကြီးမားမည် ဖြစ်ပါသဖြင့် ၎င်း အုန်းသီးများမှ မြိတ်ခရိုင်အတွင်း၌ပင် အုန်းဆီကြိတ်စက်၊ အုန်းခံကြိုး စက်များ တည်ထောင်ဖွင့်လှစ် ထုတ်ယူပါက ပိုမို အကျိုးရှိစရာအကြောင်း ရှိပါသည်၊ ဤစက်များ တည် ထောင်ရေး အတွက်လည်း နိုင်ငံတော် အစိုးရသည် သက်ဆိုင်ရာ ကျွမ်းကျင်သော ဥာနကိုယ်စားလည်တို့ကို ခရိုင်သို့ စေလွှတ် စုံစမ်းစေပါက များစွာ သင့်လျော် မည်ဟု ယုံကြည်ပါသည်၊

နိုင်ငံတော် အစိုးရ၏ ပြည်တော်သာ လယ်ယာ လုပ်ငန်း တိုးတက်ရေး ကျေးလက်ကြီးပွားရေး ၅ နှစ် စီမံကိန်း၏ အခက်အလက်ဖြစ်သော အုန်းသီးနှင့် အုန်း သီးထွက် ပစ္စည်းဖူလုံရေး စီမံကိန်းကို မြိတ်ခရိုင်သည် စွမ်းစွမ်းတမန်ထောက်ခံဆောင်ရွက်ခြင်းအားဖြင့် အုန်း သီးနှင့် အုန်းသီးထွက် ပစ္စည်းတို့အတွက် နိုင်ငံတွင်းမှ ယိုဖိတ်နေသော ငွေသိန်းပေါင်း ၃၂၅ သိန်းကို ကူညီ ပိတ်ဆို့မည် ဖြစ်ပါသတည်း။

နယူးစတိုး

တရိုင်းစုရပ်-မြိတ်မြို့


လွတ်လပ်သော ပြည်ထောင်စုသူ ပြည်ထောင်စုသားများ အတွက် ကျန်းမာရေးနှင့် ညီညွတ်သော ဗိတာမင်ဆေးများနှင့် စားကုန် သောက်ကုန် အမျိုးမျိုးကို အတိုးချိုသာစွာဖြင့် ရောင်းချနေပါပြီ၊ မဝယ်သော်လည်း တခါတခေါက် ကြွရောက်တော်မူကြပါ။

နိုင်ငံခြားကို အားမပေးကြပါနှင့် မိတ်ဆွေတို့၊ မြန်မာပြည်တွင် အကောင်းဆုံး အတိုး အသက်သာဆုံးဖြစ်၍ အနှစ် ၃၀-ကျော်တိုင်အောင်ပင် ကျော်စောလျက်ရှိသော မြန်မာပြည် လုပ် ကုတီး-ဘီဒို-ကို ဆိုင်တိုင်းတွင် မေးဝယ်တော်မူကြပါ။

မသုံးဆောင်သေးသော သူများကိုလည်း ဝယ်ယူစမ်းသပ်ကြပါရန် တိုက်တွန်းပါသည် ဖေါက်သည်စေ့ကို အောက်ပါဆိုင်တွင် စုံစမ်းကြပါ။

ကုတီး-ဘီဒို-ကိုယ်စားလှည့်

နယူးစတိုး၊ တရိုင်းစုရပ်-မြိတ်မြို့။



မြန်မာနိုင်ငံ တတ္တင်း မြိတ် ခရိုင်ဒေသ တခု တည်းမှ ထွန်းမြင်သော ကနုကမာ လုပ်ငန်း၏ စိတ် ဝင် စား ဘွယ်ရာ အချက်များ။

★

"အပျက်"မှသည် "အပြု"သို့ဝင်း၊ "အမှောင်" သည် 'အလင်း' သို့ဝင်း၊ တဖြစ်ထဲ ကူးပြောင်းတက်လှမ်း နေသည့် ဘဝသစ်တွင် နေရာအနှံ့အပြားဌ တိုးတက် နေသော တိုးတက်ရန် ကြံဆောင်သင့်သော ကိစ္စရပ် များကို တိုင်းပြည်သို့ ထုတ်ဖေါ် တင်ပြ သင့်သည်ဟု ယူဆသည့်အတိုင်း မြန်မာနိုင်ငံ အခြားဒေသ များနှင့် မတူ တမူကွဲပြားသော မြိတ်ခရိုင်၏ အထွေထွေ အ ပြားပြားသော စီးပွားရေး လုပ်ငန်းကြီးများ အနက် ကနုကမာလုပ်ငန်းဆောင်းပါးကြီးကို "ပင်လယ်အမြုံ စေတ" ဟူသော ခေါင်းစဉ်ဖြင့် ပြည်တော်သာ လွှာ တက်ကမ်းလား တချက်ကို အခါသင့်သည် အခိုက် ခတ် လိုက်ရပါကြောင်း။

ကနုကမာ လုပ်ငန်း၏ ဇစ်မြစ်

ရှေးဟောင်း သုတေသီတို့ထံမှ ဆည်းပူး မှတ်သား ရချက်အရ ဂျပန်ကျန်းဖိလစ်ပိုင်၊ စူမတြာ၊ ဂျာဝါမလေး အပါအဝင် ကမ္ဘာ့အရှေ့နိုင်ငံများနှင့် ဧပိန်၊ပေါ်တူဂီ ပြင်သစ်၊ ဒတ်(ချ)စသည့် အနောက် နိုင်ငံများ ကုန် စည်ကူးသန်း ဇလှယ် ဖေါက်ကားစ ပြုချိန် ၁၇-ရာစု ခန့်တွင် ဘန်ကောက်မြို့သည် အရှေ့နိုင်ငံထွက် ကုန် ပစ္စည်းများ စုပုံ သိုလှောင်ထားရာ မြို့တော်ဖြစ်၍ မြိတ် မြို့မှာမူ သဘော် ဆိပ်ကမ်းကောင်းသော မြို့တမြို့ ဖြစ် သည်တကြောင်း၊ ရှည်လျား ကွေ့ကောက်၍ ထိုစဉ် အခါက စလီးတား ခေါ် စဟော့ခေါ် လွန်တခေါ် လူသားစား ပင်လယ်ထားပြကြီးများ မင်းမူကျက်စားရာ မလေးကျွန်းဆွယ်ကို လှိုင်းဝဲလကြားထဲမှ ကွေ့ဝိုက်ခါ ဘန်ကောက်မြို့အထိ မသွားလို ကြသည် တကြောင်း မြိတ်မြို့ တွင်ပင် အနောက် နိုင်ငံမှ လာရောက်သော လှေတို့သည် စခန်းချကာ ၎င်းတို့နှင့် ပါလာသော အနောက်နိုင်ငံထွက် ကုန်များကို စုပုံသိုလှောင်ကြပေ သည်၊ ထိုနောက် ဘန်ကောက်မှ အရှေ့ နိုင်ငံထွက် ကုန်ပစ္စည်း များကို ကုန်းလမ်းဖြင့်၎င်း၊ မြိတ်မြို့မှ အ နောက် နိုင်ငံထွက် ပစ္စည်း များကို တနည်းရိမြစ် အတိုင်း ဒီရေဖြင့် ဆန်တက်လျက်၎င်း၊ ရှေးအခါက "ထနောင်စွိုး" ခေါ်တွင်သော တနင်္သာရီ မြို့၌ တွေ့ဆုံဖလှယ်ကြလေသည်။

ဤသို့နိုင်ငံတကာနှင့် ကုန် စည် ကူး သန်း ရေးတွင် ထွေးရောယှက်တင် ရှိခဲ့သော နောက်ကြောင်းရာဇဝင် ရှိခဲ့သည့် မြိတ်မြို့သို့ ၁၉၁၀ ခုနှစ် ခန့်တွင် ဖိလိပိုင် ကျွန်းသား မနီလာလူမျိုးများသည် ကနုကမာလုပ်ငန်း ကို စတင်လုပ်ကိုင်ရန် အတော်များပြားစွာ ရောက်ရှိ လာခဲ့ပေသည်။ ၎င်းတို့အား ဂျပန်ကုန်သည် ကြီး များ နှင့် တတ်ကျွမ်းသူက ခေါင်းဆောင်လာခဲ့ခြင်း ဖြစ်ပေ သည်။ ၎င်းတို့သည် အင်္ဂလိပ် အစိုးရထံမှ မြိတ်ခရိုင် အတွင်း ကနုကမာ ဘမ်းဆီးနိုင်ရေးအတွက် လိုင်စင် များကို ယူပြီးလျှင် လုပ်ကိုင်ခဲ့ကြပေသည်။

မုတ်ဥပဒေခြင်း

ဤသည်မှ စတည်၍ မြိတ်ခရိုင်အတွင်း၌ ကနုကမာ ကောင်များကို ဘမ်းဆီးခြင်း အတတ်ခေါ် မုတ်ဥပ ပညာသည် ထွန်းပေါ်ခဲ့ပါသည်။ ထိုကာလက ဂျပန် များသည် မုတ်ဥပဆရာကြီးများ ဖြစ်ပြီး မနီလာ လူမျိုး များက တပည့်ဖြစ်ကာ မြန်မာများကမူ နောက်လိုက်

လေသားများအဖြစ် လိုက်ပါခဲ့ကြရပေသည်။ သို့သော် မကြာမီအတွင်း ပင်လျင် သိလွယ်ဘတ်လွယ် ဖြစ်သည့် မြန်မာတို့သည် မုတ်ဂုပ်ပညာကို ကောင်းစွာ ဆည်းပူး ရယူခဲ့ပေသည်။


မုတ်ဂုပ်စခန်းများ

မုတ်ကောင်များသည် ပင်သယ်အောက် ရေပြင်တွင် နေရာတိုင်း၌ နေ ထိုင် ပေါက် ဖွား ကြ ခြင်း မဟုတ်ဘဲ၊ ၎င်းတို့ ဓလေ့အတိုင်း နေရာဒေသ အချို့တွင်သာ ရှိတတ်ကြလေသည်။ မြိတ်မြို့မှ အနောက်ဘက် (၄၀) မိုင်ကွာ ဒုံးကျွန်းနှင့် ပဂေါယ်ကျွန်း၊ မြိတ်မြို့မှ တောင်ဘက် (၉၁) မိုင်ကွာဘုတ်ပြင်းမြို့အပိုင် အလယ်မံကျွန်း လမ်းပိကျွန်း၊ အနောက်ဘက် တနင်္သာရီများသည် ယခုတိုင် မုတ်ဂုပ်သူများ ကျက်စားရာ ထင်ရှားသောမုတ်ဂုပ် စခန်းများ ဖြစ်ပေသည်။



ပင်လယ် ရေစောင်းက်မှ ကနုကမာများကို ဖမ်းဆီးဖြို တက်လာသည့် မုတ်ဂုပ်သမားတဦး

မုတ်ဂုပ်သမား တို့သည် စက်ကိရိယာများ အကူ အညီဖြင့် ပင်လယ်ရေအောက်သို့ဆင်းပြီးလျှင် ငါးမန်း ငါးလိပ်ကျောက်များ၏ ရန်နှင့် အခက်အခဲအမျိုးမျိုးတို့ ကြားထဲမှ တပင်တပန်း ရှာဖွေဘမ်းယူရပေသည်။



မုတ်ဆိုကောင်ပုံ

ကနုကမာကောင်ခေါ် မုတ်ခွံကောင်ခေါ် မုတ် ကောင်များသည် ပင်လယ်ရေအောက် သတ္တဝါများ ဖြစ်ကြလျက် အလွန်နှက်လွယ်သော ပင်လယ်ရေ အောက်သန့်ရှင်းနက် ကျောက်ဆောင်များ၌ ကျောက် ပန်း ကျောက်ခက် ကျောက်နွယ်များကြားထဲတွင် အတူ ရောယှက် စွဲကပ်သော သံသေဒဏ္ဍာရီကင်းဝင်သက်ဓဲမှ သက်ရှိဘဝသို့ ကူးပြောင်းလာသော အဆန်းတကြယ် သတ္တဝါများ ဖြစ်ပေသည်။




ပင်လယ်ထဲ၌ ကနုကမာများကို သေ့ကလေး တစင်းဖြင့် လှည့်လည် ရှာဖွေဖမ်းဆီး နေကြသည့် ဆလုံလူမျိုးများ

မုတ်ကောင်များကို အခွံခွါပြီးလျှင် အခြောက် လှန်း ရောင်းချခြင်း အခွံကိုမူ ကနုကမာ ပစ္စည်းထည်

များ ပြုလုပ်ရန်အတွက် ပိဿာအချိန် တရာလျှင် ယခု ပေါက်ဈေး အရ ၄၅၀ ဖြင့် ရောင်းချခြင်း မှတ်ကောင်းမှ ထွက်သော အမှန်များအတွက်သည်း ကြေးညှော်များကို တိုက်ချာ်ရာတွင် အသုံးချရပေသည်။ တိုက်ဆိုင်၍ ကံကောင်းထောက်မသဖြင့် မှတ်ကောင်တွင်းမှပုလဲများကို ရရှိပါမူ အရည်အသွေး အရွယ်အစား အလိုက် ထောင်၊သောင်းသိန်း အထိပင် ရှိနိုင်ပေသေးရာ မှတ်ကေါင်ခေါ်ကနုကမာကောင်များသည် အဘိုးထိုက်တန်လှသည့် ပင်လယ်အမြဲတေဟူ၍ ခေါ်တွင်နိုင်ပေသည်။


"ပုလဲ ဂေဟာ"

မြတ်မွှိသို့ ရောက်ရှိလာကြကုန်သော နိုင်ငံ၏ ခေါင်းဆောင်ကြီးများ ကမ္ဘာ့လှည့် နိုင်ငံခြားသား ခရီးသည်များသည် ပုလဲဂေဟာ (Pearl House) ကို မသိသူ မရောက်ခဲ့သူရှားလှပေသည်၊ အဆိုပါ ဂေဟာတွင် ကနုကမာနှင့် တကွ အခြား ပင်လယ်အောက် သတ္တဝါ အထူးအဆန်းများကို စုဆောင်းပြီးလျှင် ပြတိုက်ကဲ့သဘွယ် ဆင်ပြင်ထားရာ ဗဟုသုတ လိုလားသူတို့အတွက် စိတ်ဝါဝင်စားဘွယ်ရာ ဖြစ်ပါသည်၊ အဆိုပါ ဂေဟာပိုင်ရှင် ယခု ကွယ်လွန်ပြီ ဖြစ်သော ဦးခရွှမြဆိုသူမှာ ကနုကမာ ပုလဲလုပ်ငန်းဖြင့် ကြီးပွားသော ပုဂ္ဂိုလ်ဖြစ်၍ ၎င်း၏ အမည်သတင်းသည် အာရှကိုက်တွင်သာမက ပြင်သစ် အင်္ဂလန် စသော အနောက်နိုင်ငံ ပုလဲလောကအထိ ထင်ပေါ်ကျော်ကြားခဲ့သူ ဖြစ်ပါသည်။



လှေစက်ဂါတ်အောဖြင့် မုဆိုးများသွေးနေမျှ


မှတ်ကောင်များ ဘဝ်းဆီးပုံနှင့် ပုလဲများ ထုတ်ယူပုံ ကနုကမာပစ္စည်းထည်များ လုပ်ကိုင်ပုံတို့ကို ယခင်က သတင်းစာ ဂျာနယ် အသီးသီးတွင် ကွန်တော် အကြိမ်ကြိမ် ရေးသားခဲ့ဘူးပြီးဖြစ်၍ ထိုအကြောင်းတို့ကို ချန်လှပ် ထားလိုက်ရပါတော့သည်။




ဂါရင့်သော မုတ်ခွံဆရာကြီးတဦး ကနုကမာ ရွှံလုံးဖော်နေပုံ။

"ကနုကမာ ဆိုင်များ"

ယခင် အင်္ဂလိပ်လက်ထက်က မြတ်မွှိရှိဂျပန် ကနုကမာ ဆိုင်ကြီးများ ထယ်ဝါကြီး ကျယ် ခမ်းနားသလောက် ယခုခေတ် မြန်မာဆိုင်ငယ် ကလေးများသည် ဆင်းရဲနွံချွဲလှပေသည်၊ ကမ္ဘာအရပ်ရပ် တိုင်းပြည်အသီးသီး၌ အနုပညာလိုက်စားသူ လှပဆန်းကြယ်မှုကို လိုလားသူတိုင်းက နှစ်လိုတောင့်တရသည့် ဤ ကနုကမာ ပစ္စည်းထည် လုပ်ငန်းသည် ကြီလှီချည့်နဲ့သော လုပ်ငန်း တရပ် အဖြစ် ယခုအခါ အသက်ငင်လျက်ရှိရာ



နုံချာလှသော မြန်မာသုခုမ တင်းကုတ်ကဒေး။



မြန်မာတို့၏ သုခမလက်ရာ ကနုကမာရုပ်သုံးများ။

နိုင်ငံတော် အစိုးရ၏ ယဉ်ကျေးမှု ဝန်ကြီးဌာနနှင့် အိမ်ဘွင်း လက်မှုဌာန တို့က ပြည်တော်သာ အစိုးရပြိုပြု ပြည်တော်သာ လင်းရောင်ခြည်ဖြင့် ပြန်လည်အသက်သွင်း ချီးမြှောက် ထောက်ပံ့ သူကောင်းပြုသင့်သည်ဟု ထင်မြင်ပေတော့သတည်း။

အနုပညာ၏ ဘဝသစ်သို့-

တိုးတက်အောင်ကိုး အထည်ဆိုင်ကြီး

ဆိုင်ငယ်ရှင်-ဖြတ်ခြေ။


ကျွန်တော်များဆိုင်တွင် ယောကျ်ားဝတ် အထည်အမျိုးမျိုး၊ အမျိုးသမီးများအတွက် ခေတ်ဆန်း ပိုး-ဖဲ-ချည် အစရှိသော အင်္ကျီလုံချည် အမျိုးမျိုးတို့အပြင်၊ အိမ်သုံး အထည်အလိပ် များကိုပါ စျေးနှုန်းချိုသာစွာဖြင့် ဖြန့်ဖြူးလျက် ရှိပါကြောင်း။

ပန်းလေးအလှကုန်စတိုး

ဆိုင်ငယ်ရှင်—ဖြတ်ခြေ။

ကျား-မ ကြီး-ငယ် မရွေး ယွေစဉ်သုံး ပေါင်းဒါ ရေမွှေးစသည့် အလှကုန် အမျိုးမျိုးတို့နှင့် အိမ်သုံးပစ္စည်း အသုံးအဆောင်တို့ကို အဘိုးနှုန်း ချိုသာစွာဖြင့် စုံလင်စွာ ရောင်းချနေပါပြီ

ကြွ ရောက် ဝယ် ယူ ကြ ပါ။




တိမ်မြုပ်နေသော အိမ်တွင်းလက်မှုပညာတရပ်

"ပြည်တော်သာ ခေတ်တွင် နိုင်ငံတော် အစိုးရက ဤတိမ်မြုပ်လု မေးနီး ဖြစ်နေသည့် တနသ်ာရီ မြို့နယ်၏ အိမ်တွင်း လက်မှု လုပ်ငန်း တရပ် ဖြစ်သော သင်္ဘောက လုပ်ငန်းကို တားပေးသင့်ပြီ"

★

ရေမတွေ့ရသော ကြာပန်းအသွင် ညှိုးနွမ်း နေခဲ့ရသော ဤအိမ်တွင်း လက်မှုလုပ်ငန်းတရပ်သည် ပြည်တော်သာ ခေတ်တွင်မူ ပြည်တော်သာ ရေကြည်နှင့် တွေ့ထိရသည်နှင့် ရွှန်းရွှန်းဝင့်ဝင့် တင့်တယ် ဝေဆာလာမည်ဟု ယုံကြည်ရပေသည်။

တိုင်းပြည်နှင့်အဝှမ်း မြို့နယ်ပြည်တော်သာ ညီလာခံများကို အုတ်ဩသောင်းသောင်း ကျင်းပဆင်နွှဲ ခဲ့ကြသော ၁၉၅၂-ခုနှစ် နိုဝင်ဘာလအတွင်းက တနသ်ာရီ မြို့နယ် ပြည်တော်သာ ညီလာခံ ကိုလည်း စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်အလျောက် အခွင့်ကောင်းယူကာ မြို့နယ် ပြည်တော်သာ အဖွဲ့ဝင် တို့သည် ဤတိမ်မြုပ်လုခမန်း ဖြစ်နေသော လက်မှု ပညာကို ပြန်




မြို့နယ် ပြည်တော်သာ ညီလာခံ ကျင်းပ စဉ်က တိမ်ခဲတွင်းသက်မှု အနုပညာပြိုင်ပွဲတွင် ပြည်ဘော်သာ ဒွေတံဆိပ်နှင့် ဒွေတံဆိပ်ရရှိခဲ့သော ပဲမှပလာသို့) ပန္ဒမ-မဓိသန်းနှင့်ဒုတိယ-မသန်းသို့ ချီးမြှင့်ပုံ၊

လည်ဖေါ်ထုတ် မြှင့်တင်လိုသည့် စေတနာဖြင့် သင်္ဘောအလှဂက်နှင့် အမြန်ရက် ပြိုင်ပွဲ များကိုလည်း ထည့်သွင်းစီစဉ် ကျင်းပ ခဲ့ပါသည်၊ ပြိုင်ပွဲတွင် အနိုင်ရသူများအား ရွှေတံဆိပ် ဒွေတံဆိပ်ဆုများကို ချီးမြှင့်ခဲ့ခြင်းကြောင့်လည်း ဤလုပ်ငန်း၏ အခြေမှန်နှင့် အဆင့်အတန်းကို မြို့နယ်လူထုတို့သည် သဘောပေါက်လာခဲ့ကြပါသည်။

သင်္ဘောဂက် လုပ်ငန်းသည် အဓိက စီးပွားရေးလုပ်ငန်းကြီး တရပ် မဟုတ်သည့်ကိုင် တားဆီခံထောင်အတွက် လူတန်းစေ့ နေနိုင်မှု အတွက် အလောက် အပို့ဖြစ်စေသော အိခဲတွင်း လက်မှု လုပ်ငန်း တရပ် ဖြစ်သဖြင့်လည်း ဤလုပ်ငန်းနှင့် ပတ်သတ်သော အချက်အလက်များကို ကျွန်တော် လေ့လာခဲ့ရသမျှကို တင်ပြအပ်ပါသည်။

ဒွေပဒေသာပင်များ


"မသိသူကျော်သွားသိသူ ဖေါ်စား" ဆိုသကဲ့သို့ ဒွေဖြစ်စေသော ဤသင်ပင်များ၊ ဝါ၊ ဒွေပဒေသာပင်များသည် တနသ်ာရီမြို့နယ်တွင် သဘာဝအလျောက် ထူထပ်ပေါများစွာ ပေါက်ရောက်ပါသည်၊ များသောအားဖြင့် သင်ပင် များသည် စိမ်းလန်း စိုစွတ်သော နေရာများဖြစ်သည့် ချိုင့်ဝှမ်းစပ်ခြံများ ရေနီး ချောင်းစပ်များတွင် အလွယ်ကူ ပေါက်ရောက်တတ်ကြလေရာ တနသ်ာရီမြို့နယ်အတွင်းမှာမူ တနသ်ာရီမြို့မှ ၁၀ မိုင်ခန့် ဝေးကွာသော အင်းတော်ရွာနှင့် တနသ်ာရီ ချောင်းငယ်ရိုး တလျောက်သည် သင်ပင်အများဆုံးထွက်သော နေရာများဖြစ်ပေသည်။



သင်ပင်များကို သင်တောခိုရာ တရင်များတွင် ဤသို့ တပင်တပန်းရှာဖွေခုတ်ယူကြရသည်

ကုန်ကြမ်း

အဆိုပါ သင် ပင် များ ထွ က်ရာ အ ရပ် ဒေသသို့ တနေ့ခရီးပြို့မှ လှေ ငယ် က လေး များ ဖြင့် တ ညအိပ် သွားရောက်ကြရ ပေသည်၊ ဒူးဆစ်ခန့်ရှိ ရေပြင်တွင် ခြင်ကိုက်၊ မွှဲကိုက်၊ ကျတ်တွယ်၊ မြွေ့ တွယ် ခံ ကာ သင်ပင်များကို ခုတ်ယူကြရပေသည်။ သင် ပင် များ ကို ရေနည်းသည့် တန်ဆောင်မုန်းလမှ တန်ခူးလထိ အ တော အတွင်း လွယ်လင့်တကူ ရှာဖွေခုတ်ယူ ရရှိနိုင်၍၊




ရှိသမျှသော သင် ပင်များကို ကုလီမဂ္ဂါးဘိန်ခ်သို့ အရောက် သယ်ပို့း ယူဆောင်နေကြပုံ

ရေများလွန်းသော မိုစိုးရာသီတွင်မူ ရယူရန် မလွယ် ကူလှပေ၊ ဤမျှ ခဲရာ ခဲဆစ် ခုတ် ယူ ရ သ ဖြင့် လည်း သင်ပင်များ၏ တန်ဘိုးသည် အတော်အသင့် ရှေး ကောင်းသည်ဟု ဆိုရပေမည်။ သင်ပင် အလုံးရေတွက်ထောင်လျှင်ကို ၂ (ခုနစ်ကျပ်) ဈေးခန့်ရှိသဖြင့် တနေ့လျှင် သာမန်အား ဖြင့် သင် ပင် လုံးရေ ၃၀၀၀ ခန့် ခုတ် ယူလေ့ရှိသော လူတယောက်၏ဝင်ငွေမှာ ၂၀ ခန့် ဖြစ်ပေသည်။ သို့သော် လေ့ အ ရှယ် အစားမှာ ၃၀၀၀ ခန့်သာ ပါတတ် သဖြင့် အသွား အပြန် ၅ ရက် ခန့် ကြာ ညောင်း ခဲ့သည့် ရက် တွက် နှင့် နှိုင်းဆ ကြည့်မည် ဆိုပြန်သော် များစွာ အကျိုး ခံစားခွင့်ရှိသည်ဟု မဆိုသာချေ။

သင်ပင်မှ သင်ဖျာသို့

တပင်တပန်း ရှာဖွေခုတ်ယူ၍ ကိုယ် တိုင် သယ်ပိုးထမ်းရွက်လာရသော သင် ပင်များ အိမ်သို့ရောက်သည်နှင့် သင်ပင်များကို အိမ်ရှိ အားလပ်နေသော အဘိုးအို အမယ်အိုများက လုပ်ငန်း ၏ ပဌမအဆင့်အဖြစ်ဖြင့် ၄ စိတ်ခွဲပေးရကြလေသည်။



ပဌမ အဆင့်ဖြစ်သည့် သင် လုံးများကို ဤသို့ နွစ်ဘက်ပေးနေသည်။

ရံဖန်ရံခါ ညဦးယံအချိန်အခါများ၌ သင်ပင် အိမ်ရှင် သာမက အိမ်နီးနားချင်းတို့ပါ လာရောက် ပိုင်းဝန်း ကူညီကာ တေးသံတကျော်ကျော် သီချင်းသံ တည့် ညံဖြင့် တပျော်တပါး ခွဲစိတ်ပေးတတ်ကြ လေသေး သည်။


ဒုတိယဆင့်အနေဖြင့်မူ အိမ်ရှိ အမယ်အို အဘိုး အို စိတ်ပါဝင်စားသော ကျောင်းသားရွယ် ကလေး များက အဆိုပါ လေးစိတ်ခွဲထားပြီး သင်များကို

ထပ်မံ၍ စိတ်ဖြာပေးကြရပေသည်။ ဤသို့ စိတ်ဖြာပြီးနောက် ဝါးကလေးများဖြင့် အချောသပ် ပေးပြီးလျှင် ဖြူဖွေးလာရလေအောင် နေပူထဲတွင်သုံးရက်တိတိ လှန်းပေးရလေသည်။




ဒုတိယ အဆင့်ဖြစ်သော သင်္ဘဲပြီးသားကို စိတ်ထုတ်ခြင်းသည်။

တတိယအဆင့် အနေဖြင့်ကား ဖြူဖွေးလာပြီးဖြစ်သော သင်များကို ရေတွင် စိမ်ပြီးလျှင် ပြောင်ချောမွေ့သော အပြင်ခွန်များကို ရှင်းလင်းရအောင် ရေနှင့် စိမ်ပြီးနောက် တတ်ကွမ်းသော မိန်းကလေးများက အခွံများကို နှာပေးရလေသည်။ ဤပြောင်ချောမွေ့သော သင်္ဘခွန်က လေးများကို ရရှိလျှင်မူ နောက်ဆုံး အဆင့်ဖြစ်သည့် ရက်လုပ်ရေးသာလျှင် ကျန်ရှိပေသည်။



ပါးစပ်နှင့် နှာပြီးသား သင်များကို တဖန်ရေစိမ်ပြီး အမျိုးအမည်များက "သင် ဖျာ" အဖြစ် ဤသို့ ရက်လုပ်နေကြရသည်။



တတိယ အဆင့် ဖြစ်သည့် နေပူလှန်းပြီး သင်းဆင်များကို တတ်ကွမ်းသူ မိန်းကလေး များက ဤသို့ ပါးစပ်ဖြင့် နှာပေးနေရသည်။

သင်ပင်များ ရှာဖွေ ခုတ်ယူ သည့်မှ စ၍ အထက် ဘော်ပြပါ အဆင့်ဆင့်အဝိုင်း သင်ဖျာရရှိသည် တိုင်အောင် လုပ်ကိုင်သူများလည်း ရှိ၍ သင်ပင်ကို ရှာဖွေပြီးလျှင် အပင်လိုက် ရောင်းသူ များလည်း ရှိကြကာ အခွံနှာခြင်း၊ ရက်ခြင်းများကို လက်ခစား လုပ်ကိုင်ကြသူများလည်း ရှိကြပေသေးသည်၊ နွေအချိန်က ရှာဖွေခုတ်ယူလာသော သင်ပင်များကို စုဆောင်းသိမ်းဆည်းထားကြပြီးလျှင် နွေရော မိုးသီးပါ တန်စပတ်လုံး အမျိုးသမီးများက ရုက်လုပ်ကြပေသည်။

အနုပညာ

အမြင် အားဖြင့် လွယ်သယောင်ယောင် ရှိသော သင်ဖျာ ရက်လုပ်ခြင်းသည် အပှန်မှာ သိမ်မွေ့လျက် စိတ်ဝင်စားဘွယ်ကောင်းသော အနုပညာ တရပ် ဖြစ်သည်ဆိုက မှားမည်မထင်ပါ၊ လိပ်ပြာတောင်းလက်သဲစောင်း၊ ဆန်ကာပေါ်က်၊ ဂုံညှင်းနွယ်၊ ကြက်လျှာမိုးကျောင်း အစရှိသည်ဖြင့် မတတ်သိသူတို့ အတွက် ဆင်တူရိုးမှားဖြစ်သည့် ရက်နည်းအမျိုးမျိုး ရှိပေသည်၊ ရံဖန်ရံခါ လက်ဆောင်များအဖြစ် ပေးကမ်းရန် ဆေးရောင်စုံများဖြင့် အဆန်းတကြယ် ရက်လုပ် တတ်ကြရသေး ရကား၊ ၎င်းဖျာများကို မြင်ရပါက ရှုမြင်ရသူတို့တွင် နှစ်လိုဘွယ်ဖြစ်အောင် ပဏာရတင့်ဆန်းလှက် ရှိပါသည်။

ရရှိစေနိုင်ပါသည်၊ ထို့ကြောင့်လည်း တနင်္သာရီမြို့ပေါ်ရှိ လူထုအနက် ၆၀ ရာခိုင်နှုန်းမှာ သင်ဖျာရက်လုပ်ငန်းကိုပင် အသက်မွေး ဝမ်းကျောင်းအဖြစ် မှီခိုအားထားလုပ်ကိုင်ကြပါသည်။

"သင်ဖျာ ရက်လုပ်ရေးနှင့် ပြည်တော်သာ သဘောတရား"

အထက်တွင် ပြဆိုခဲ့သည့်အတိုင်း သင်ပင်မှ သင်ဖျာအထိ ဖြစ်မြောက်ရေးအတွက် အိမ်ထောင်တိုင်းရှိ အို ပျို ကြီး ငယ် ကျား မ မကျန် တယောက်တလက် ဝိုင်းဝန်းလုပ်ကိုင်ကြရသဖြင့် နိုင်ငံတော်၏ ဓနကို တနည်းဘဲဖုံ ဝိုင်းဝန်းစုပေါင်း ထိန်းသိမ်းခြင်းများအတွက် အချိန်ပိုကို အလဟဿ ဖြုန်းတီးမှုကို ကာကွယ်လျက် အကျိုးရှိ၍ စိတ်တည်ကြည်စေသော ငွေဝင်ပေါက် တခုလည်း မည်ပေသေး သောကြောင့် ပြည်တော်သာ၏ အခြေခံ သဘော တရား ကိုလည်း ဤ လုပ်ငန်းသည် တနည်း အားဖြင့် ထောက်ခံနေသည်ဟု ဆိုနိုင်ပါသေးသည်။

ပြည်သူ့ စီးပွားရေး ခြေ

တိုးမြှင့်နေသည့် အိမ်တွင်း လက်မှုပညာရပ်များကို ပြည်သူ့ စီးပွားရေး စံနစ်များဖြင့် မွမ်းမံ ပြုပြင်၍ ပြည်တော်သာ နိုင်ငံကြီးကို အင်တိုက် အားတိုက် ဆောင်ရွက်လျက်ရှိသော ဤ ခေတ် ဤအခါ မျိုးတွင် နိုင်ငံတော် အစိုးရ မင်းများ ကလည်း အခြားသော အိမ်တွင်းလက်မှု လုပ်ငန်းများ နည်းတူ သင်ဖျာရက် လုပ်ငန်းကို မြေတောင် မြှောက်ပေးသော သဘောဖြင့် အမတော်ကြေး ငွေများ ထုတ်ပေးတော့မည် သိရှိရ ပေရာ ဤ အမတော်ကြေး ငွေများ၏ အထောက်အပံ့နှင့် မိမိတို့လုပ်ငန်းကို ခေတ်မှီ စံနစ်အားဖြင့် နည်းသစ် လမ်းကောင်း ရှာဖွေပြုပြင်ပေးခြင်းအားဖြင့် သင်ဖျာရက် လုပ်ငန်းကို မှီငြမ်းပြုနေကြသော တနယ်ရိမြို့နယ် လူထု သည် မိမိတို့ ဝင်ငွေ၏ တိုးတက် မှုကို ဖန်တီး၍ ဤ တိုးမြှင့်လျက် ရှိသော သင်ဖျာရက် လုပ်ငန်းကို နေထိုင် စားသောက်မှု အတွက် လုံးဝ အမှီသဟဲ ဖြစ်စေနိုင်မည့် ပြည်သူ့ စီးပွားရေး တရပ် အသွင်သို့ ကူးပြောင်း ပေးနိုင်ကြတော့မည်ဟု မျှော်လင့်ပါကြောင်း။

သင်ဖျာ တချပ်၏ တန်ဘိုး


ယေဘူယျ အားဖြင့် သင်လုံး ၃၀၀-နှုန်း ဝင်တတ်သော သင်ဖျာတချပ်အတွက် ကုန်ကျသော အတိအကျ စားရင်းကို ဗဟုသုတ အလို့ငှါ ဖေါ်ပြရသည်ရှိသော်-

(၁) သင်လုံးရေ ၃၀၀ အတွက် သင်ဘိုး (တထောင်လျှင် ၇/ နှုန်း)

	၌	၁၀ ပြား
(၂)	သယ်ယူပုံရိတ်	၂၁ ပြား
(၃)	သင်ထိုးခ	၅၁ ပြား
(၄)	သင်စိတ်ခ	၃၀ ပြား
(၅)	သင်နှာခ	၇၅ ပြား
(၆)	ဖျာရက်ခ	၌ ၅၀ ပြား
(၇)	ချုပ်ခနှင့် ချည်ဘိုး	၄၄ ပြား

စုစုပေါင်းကုန်ကျစရိတ် ၆ ၈၀ ပြား

အလျား ၃-တောင်တထွာ၊ အနံ ၂-တောင် တမိုက်ရှိ သင်ဖျာအချော တချပ်အတွက် ကုန်ကျ စရိတ် စုစုပေါင်းမှာ အထက်တွင်ပြဆိုခဲ့သည့်အတိုင်း ၆/၈၀ ပြား ကုန်ကျပြီးလျှင် ယနေ့ ရောင်းနေရသော ပေါက်ဈေးမှာ တချပ်လျှင် ဂ ခန့် ဖြစ်လေသည်၊ အထက်ပါ စရိတ်တွင် ဝယ်ယူကုန်ကျရသော ငွေမှာ သင်ဘိုး သယ်ယူခနှင့် ချုပ်ခ ချည်ဘိုး ၃ရပ် ၌/၇၅ ပြား ဖြစ်သဖြင့် လက်ခအဖြစ် ၄ ခန့် ဖြစ်ပေသည်၊ သင်ဖျာတချပ်၏ အပေါ်လွှာ အောက်လွှာ နှစ်ဘက်လွှာ နှစ်ဘက်လွှာကို အမျိုးသမီး တဦးသည်၊ ၃ ရက်တာမျှ ရက်ရတတ်သဖြင့် ၃ ရက်ဘက် ဝင်ငွေမှာ အမြတ်ရော လက်ခပါ ပေါင်းလျှင် ၅/ ၂၅ပြားခန့် ဖြစ်သောကြောင့် အဓိက စီးပွားရေးလုပ်ငန်းသဘွယ်အားဖြင့် အားထားလောက် သည်မဟုတ်သော်လည်း အိမ်တွင်း လက်မှုပညာတရပ် အနေဖြင့် တဘက်တလမ်းမှ ဝင်ငွေ အထောက်အပံ့ တရပ်ဖြစ်စေ၍ ဓနလုပ်နေစားများအတွက်မူ တော်သင့်သော လုပ်ငန်းတရပ် ဖြစ်ပေသည်၊ ယောကျ်ားရော ဗိန်းမပါ တအိမ်တောင်လျှင် နှစ်ဦးစလုံး မိမိတို့ကိုယ်တိုင် သင်ပင်ကို ခုတ်ယူသည်မှ ရက်လုပ်သည်အထိ လုပ်ကိုင်ကြပါလျှင် တလလျှင် ဝင်ငွေ ၁၀၀ ခန့် အထိ



တိမ်ကောစပြုလာပြီ
ဖြစ်သောကြောင့်ရက်ကန်း
လုပ်ငန်းဇာ ဖြစ်တော့။
☆

ထောက်ပံ့ရေး အရာရှိ (တွဲဘက် စာတည်း)

"မိန်းမဖြစ်လျက်နှင့် ရက်ကန်းမတတ်လျှင် အကျိုး၊ ယောကျ်ားဖြစ်လျက်နှင့် စာမတတ်လျှင် အကန်း" ဟူသော ရှေးသူဟောင်း စကားရပ်များကို ထောက်ခုံ၍ ရက်ကန်းလုပ်ငန်းသည် ဗမာ့ရှေးရိုးစဉ်လာ သမရိုးကျ လုပ်ငန်းတရပ် ဖြစ်ကြောင်း သိသာပေပြီ။

၎င် သမရိုးကျ လုပ်ငန်းသည်ပင်လျှင် တပါးအစိုးရလက်အောက်တွင် ကွယ်ပျောက်လုမတတ် ဖြစ်နေ ရာမှ မျိုးချစ်စိတ်ဓါတ် ပြင်းပြသော ဝံသာနု ခေါင်းဆောင်ကြီးများတို့၏ "ကုမ္ပဏီ အမျိုးသမီးတို့ မျိုးချစ်စိတ်တွေ ထတ်သန်လာကြသည်၊ ဝတ်ကြဆင်ကြပါသည်၊ ဒို့ဗမာဖောင်ဝင်ခဲ့" စသည့် တပ်လှန့် နှိုးဆော်မှု၏ ကျေးဇူးကြောင့် ရက်ကန်းလုပ်ငန်းသည် ရေထိသော ချွေကြာပန်းကဲ့သို့ တဖုတ်ချင်း နလံထူခဲ့သည်နှင့် အမျှ ပခုက္ကူ၊ အမရပူရ၊ မိတ္ထိလာ၊ ဟံဇား၊ ရွှေတောင် စသော အရပ်များတွင် ရက်ထည် ရက်ကန်း လုပ်ငန်းသည် တရှိန်ထိုးကြီးပွားဖွံ့ဖြိုးလာရလေသည်။

မြိတ် ဝိုးထည် ရက်ကန်း

သို့သော် ဝိုးထည်လုပ်ငန်းကိုသာ လုပ်ကိုင်ခဲ့သော မြိတ်နှင့်ထားဝယ်တို့တွင်မူ အဆိုပါဝံသာနုလှိုင်းဂယက်၏အရှိန်တွင် ပါဝင်ခြင်းမရှိသည့်တိုင် မိမိတို့တာဝန်ကျ လုပ်ငန်းကိုကား မှန်မှန်ကြီး လုပ်ကိုင်လျက် ရှိခဲ့ပေသည်။

မြိတ် ဝိုးထည် ရက်ကန်း လုပ်ငန်းမှာ မန္တလေး၊ ရွှေတောင် မြို့များမှာကဲ့သို့ အထည်ထွက် မများလှချေ၊ မန္တလေးထည်များကဲ့သို့ ချိုပ်ဆင်များ၊ ပုလဲကွက် ဖေါ်ခြင်းများ စသည်တို့မရှိလှဘဲ ခွေကြိုးထိုး ရိုးရိုးပင် ဖြစ်သည်၊ တရုပ်ကပ် မာလဖုံစသော ကျူထရံကွက်များကိုသာရက်လုပ် တတ်ကြပေသည်၊ ဆိုးဆေးကိုလည်း နိုင်ငံခြား ဆိုးဆေး များကိုအသုံးပြုသူ နည်းပါးလှသည်၊ အရပ်ထွက် သီတင်းစေ့ ခေါ် သစ်စေ့တမျိုးကို အခြောက် လှန်း၍ အမှုန့်ထောင်းပြီးလျှင် ဆိုးဆေးအဖြစ် အသုံးပြုကြသည်၊ ထိုကြောင့်လည်း မြိတ်ရက်ပိုးထည်များမှာ အနီ၊ အညို၊ ယောဂီရောင်များသာ များပေသည်၊ အဆင်နှင့် အရောင် ရိုးသလောက် ရက်ပုံမှာလည်း တော်တော်ပင်ရိုးလှသည်၊ ဂျုတ် ရက်ကန်း နှင့် ရက်လုပ်သဖြင့် အနံ (၂၂) လက်မရှိသော အထည်ကိုပင် တနေ့လုံးရက်ပါမှ တထွာခန့် ပြီးစီးပါသည်၊ ပိုးဆွဲများကိုအထက်အရပ်မှ မှာယူရသဖြင့် တကြောင်း ရက်လုပ်မှုနှေးကွေးသည်နှင့် အမျှ ရက်လုပ်ခ စျေးကြီးမြင့်သည်တကြောင်း ရက်လုပ်ရာတွင်လည်း ချည်ပို၍ ကုန်စေသော နှစ်ပင်ပူးရက်ခြင်း၊ အကွက်ဖေါ်ခြင်းစသည့် နည်းတို့ကို အသုံးပြုခြင်းကြောင့် တကြောင်း မြိတ်လုံချည်သည် စျေးကြီးရပေသည်။

သို့တိုင်အောင် ၎င် အရပ်ထွက် လုံချည်များမှာ ရေထည့်၍ ရလောက်အောင်ထူထဲခြင်း (၁၅) နှစ်အနှစ် (၂၀) မျှ ကြာမြင့်အောင်ပင် ခံနိုင်စွမ်းသော သတ္တိတူးရှိခြင်းအကြမ်းပထမ်း အုပ်ခံခြင်း၊ ဆေးခိုင်ခြင်း၊ ဂုဏ်ဒြပ်များကြောင့် အကောင်းကြိုက်တတ်သည့် အညာသူ အညာသားများ (ဘိတ်အခေါ်ပုဂံ) များသည် ဘုရားသွား ကျောင်းတက် အခါသမယများတွင် ခေါင်းပေါင်းစကြီး တကားကား၊ မြိတ်လုံချည်ကြီး တကြွားကြွားနှင့် ဝတ်စား ဆင်ယင်သွားလာကြသည်ကို တွေ့မြင်ရတတ်ပေသည်။

ခေတ်နှိန်လာပုံ

စစ်မဖြစ်မီက မြောက်ပြုတွင် ပိုး ရက် ကုန်း စင်ပေါင်း ၁၀ ခန့် ရှိခဲ့၍ အလယ်ကျွန်း၊ သန်းဖို၊ မြစ်မ၊ ဈေးတန်း နှင့် နောက်လယ်စသော ရုပ်ကွက်တို့သည် ပိုးရက်ကန်း စင်များ အများအပြား တည်ရှိရာ ရပ်ကွက်များဖြစ် လေသည်။

သို့ အတော် အသင့် ထွန်းကားနေသော ပိုးထည် ရက်ကန်း လုပ်ငန်းသည် ဒုတိယ ကမ္ဘာစစ်ကြီး ရှေ့ မှောက်တွင် ကစဉ့်ကလျား ဖြစ်သွားရ ရှာပေသည်။ စစ်အတွင်းကာလ၏ နိုယာမအတိုင်း ပစ္စည်းကိရိယာ များ ရှားပါးခြင်း၊ ပိုးချည်များ မရရှိခြင်း စသည့် ဒဏ် များကြောင့် မြောက်ပိုးထည်ရက်ကန်း လုပ်ငန်းသည် စစ် အတွင်း လုံးဝ ပိတ်ထားခဲ့ရသည့် အခြေသို့ဆိုက်ရောက် ခဲ့ရလေသည်။

စစ်ပြီးခေတ်တွင် ပိုးရက်ကန်း လုပ်ငန်းရှင်များသည် တစတစ စုံဆောင်းကြိုးပမ်းရှာရှာနေလုံထူရန် အားယူနေခဲ့ အချိန်တွင် မြန်မာပြည် မြောက် ဖျားဒေသ၌ တရုပ်ဖြူ များ အရှုပ်အထွေးကြောင့် တရုပ်ပြည်မှ ပိုးချည်များ မန္တလေးသို့ မရောက်ရှိခဲ့သည်တွင် မြောက်ပိုးရက်ကန်းစင် များလည်း ဒုံရင်းဘဝသို့ တဖန်ပြန်လည်ဆိုက်ရောက် ၍ ပိတ်ထား ရဘဲပြန်ရာ မြောက်ပိုးထည် လုပ်ငန်းသည် မိုးအား နှစ်ခါနာ ကဲ့သို့ ဖြစ်ရရှာပေလေသည်၊

ဤအခြေသို့ မြောက် ပိုးထည် ရက်ကန်းလုပ်ငန်းဆိုက် ရောက်နေစဉ် အတွင်းဝယ် တဘက်မှမူ မြောက်ရိုင်းသည် သတ္တုစေ့ကောင်းများ ငါးပို ငါးခြောက်စေ့းတရှိန် ထိုး ကြီးမြင့်ချိန်နှင့် ကြုံကြိုက်ခဲ့ရာ ရက်ကန်းလုပ်ငန်းစင် များနှင့် ရက်ကန်းရက်လုပ်သမားတို့သည် ဤမရေမရာ ဖြစ်နေသော လုပ်ငန်းကို စွန့်လွှတ်ခဲ့ကြပြီးလျှင် ဖွေး ဖွေးလက်လက် မြင်ရသော အထက်ဖေါ်ပြပါ လုပ်ငန်း များသို့ ရောကြည်ရာ မြက်နုရာ ဆိုသည့်အတိုင်း ခြေစုံ ပစ်၍ ဝင်ခဲ့ကြပြန်သဖြင့် လှုပ်လှုပ်ဖြစ်နေသော ပိုးထည် ရက်ကန်းလုပ် ငန်း သည် မှုံမှုံလဲသည့် ဘဝသို့ ကျ ရောက်ခဲ့ရလေသည်။

ထိုကြောင့်လည်း မြောက်လုံချည် (၀၁) ဘိုတ်လုံချည် ၏ ဂုဏ်ဒြပ်ကို သိခဲ့ကြသူများက ပေါက်စေ့းတထည် လျှင် ၃၅ ၄၀ ကိုပင် ပေး၍ ဝယ်ယူလိုသည့်တိုင် လို သလောက် မရနိုင်တော့ပေ။

ဤတွင် မြောက် ပိုးရက်ကန်းလုပ်ငန်း ကျဆုံးရခြင်း၏ အကြောင်းရင်းများမှာ-

(၁) ကုန်ကြမ်း တည်းဟူသော ပိုးချည်ရယူရေး အတွက်နိုင်ငံခြားကို အားကိုးနေရသဖြင့် မရေမရာရှိလှခြင်း။

(၂) ရက်နည်းမှာ ခြေကျင်းခွန်း၍ အထည်ထွက်နည်း ပြီးလျှင် နှေးကွေးသည်နှင့်အမျှ ရက်လုပ်ခ ကြီး မြင့်သည့်အတွက် အကြိုးအကျယ် ရက်လုပ်ရေး ဌာနသည်းသည် အကျိုးဖြစ်ထွန်းနိုင်ဘွယ်ရာ မရှိ ခြင်း။

စသည်တို့ကြောင့် ဖြစ်ရာ ဤ အကြောင်းရင်း (၂) ရပ် ကို ဖယ်ရှားနိုင်ပါမူ မြောက် ပိုးထည်ရက်ကန်း လုပ်ငန်း သည် ပြန်လည် အသက်ဝင်လာနိုင်ဘွယ်ရာ အကြောင်း ရှိပါသည်။

ချည်ထည်ရက်ကန်း လုပ်ငန်း

မြောက်ရိုင်တွင် လွန်ခဲ့သည့် နှစ် (၃၀) ခန့်ကပင် မြောက်ဒီစတြိတ် ကောင်စီမှ ရက်ကန်းအမတော်ကြေး အ ရာရှိ ခန့်ထားပြီး ရက်ကန်းပညာကို တောနယ်များသို့ သွားရောက်ဖေလျက် သင်ကြားပို့ချစေခဲ့လေသည်၊ ဤ သို့ အားပေးမှုနှင့် စံသာန လုံ့ပ်ရှားမှု ကြောင့်ကြောင့် စစ်မဖြစ်မီက ချည်ထည် ရက်ကန်းစင်ပေါင်း (၂၅၀) ခန့် အထိ ဤ ခရိုင်အတွင်းတွင် ရှိခဲ့ပါသည်။

လွတ်လပ်ပြီးနောက် ယခုအခါတွင် နိုင်ငံတော်အ စိုးရ အိမ်တွင်းလက်မှုပညာ ဌာနမှ ထားဝယ်နှင့် မြောက် ခရိုင်အတွက် ရက်ကန်း အမတော်ကြေး အရာရှိတ ယောက်ကို စေလွှတ်ခန့်ထားခဲ့၍ ရက်ကန်း အမ တော်ကြေးများကို ဖေါ်ဖေါ်သီသီ ထုတ်ဝေချေးငှါး သော်လည်း အဆိုပါ အမတော်ကြေးများကို ရယူပြီး လျှင် ရက်ကန်းလုပ်ငန်း တိုးတက်ကြီးပွားရေးကို အား တက်သရော ဆောင်ရွက်သူ ရှားလှပါဘိတော်၊ ထို့ကြောင့်လည်း ချည်ထည် ရက်ကန်းစင် ပေါင်းမှာ ဤခရိုင်အတွင်းတွင် (၂၅၀) ထက် မများဘဲ ရှိနေသ ဖြင့် ခရိုင်သူ ခရိုင်သားတို့သည် နိုင်ငံခြားနှင့် မုံ့ ချောင်းဆုံ၊ မုံရွာ၊ ဒွေတောင် မြို့ရွာများမှ အထည် အလိပ်များကိုသာ မှီခိုအားထားရကြပေသည်။

ဤသို့ စိတ်ဝင်စားမှု နည်းပါးရသော အကြောင်း ရင်းတရပ်မှာ ချည်ထည် ရက်လုပ်တတ်သူ အချို့သည် သာမန် ချည် အထည်အလိပ်များကို ရက်သည်ထက်

တံငါလုင်ငန်းတွင် အသုံးပြုသော ဥပဒိုက်များ ရက်လုပ်သည်က ပိုမိုတွက်ခြေရှိသဖြင့် သာရာစီးတတ်သည့်လူ့သဘာဝအရ ချည်ထည်လုပ်ငန်းကို စိတ်ဝင်စားမှုမရှိခြင်းပင် ဖြစ်သည်။

ဤဖြစ်ထွေကို မြင်သောကြောင့်လည်း မုံးမုံးလဲနေပြီဖြစ်သော ပိုးထည်ရက်ကန်း လုပ်ငန်းကို ပြန်လည်အသက်သွင်းနိုင်သမျှ သွင်းစေရန်ကိုသော်၎င်း ပိုးထည်ရက်ကန်းလုပ်ငန်းမှသည် ချည်ထည် ရက်ကန်းလုပ်ငန်းသို့ လွှဲပြောင်း ပေးစေရန်ကိုသော်၎င်း ရည်သန်လျက် နိုင်ငံခတော်အစိုးရသည်၊ ၁၉၅၁ခု အောက်တိုဘာလမှစ၍ အစိုးရ ရက်ကန်းကျောင်း တကျောင်းကို ဖွင့်လှစ်တည်ဆောင်ပြီးလျှင် ကျောင်းသူ ကျောင်းသားပေါင်း တန္နစ်လျှင် (၃၀) ယောက်ကျစီကို အစိုးရ အထောက်အပံ့ဖြင့် ရက်ကန်း ပညာများကို ဖြန့်ဖြူးပေးနေပါသည်ယခုနှစ် ဧအောက်ဘိုဘာလကုန်တွင် ရက်ကန်း ပညာသင်ပေါင်း (၅၇) ယောက်အထိ ပေါ်ထွက်လာတော့မည်ဖြစ်ပါသည်။

ဤသို့ဖြင့် နိုင်ငံခတော် အစိုးရသည် ရက်ကန်းပညာကို အခမဲ့ ဖြန့်ဖြူးနေခြင်းသည် အလွန်လျော်ကန်သင့်မြတ်လှသော်ခြေလှမ်းတလှမ်း ဖြစ်ပါသည်၊ ထိုထက်တိုးတက်၍ အပြင်ပေါက်စေးထက် အဘိုးနှုန်းချိုသာသော ချည်ခင်များ ရက်ကန်း ကိရိယာများကိုလည်း လုံလောက်စွာ ဝေငှဖြန့်ဖြူးမည် ဆိုပါက ဤခရိုင်အတွင်း ရက်ကန်းလုပ်ငန်းသည် ဤထက် ပိုမိုထွန်းကားလာဘွယ်ရာ ရှိပါကြောင်း ရေးသားဖော်ပြအပ်ပါသည်။



အထက်ပါ ကွန်တော်၏ ပွဲရုံတွင် ဖြတ်ထွက် ကုန်
အမျိုးမျိုးများနှင့် စိမ်းစားငါးပိ၊ စိမ်းစား
ဝံပြာရည် ခေစ်စစ်များကို အဘိုး
ချို သာစွာဖြင့် လက်လီ–လက်ကား အလိုရှိ
သလောက် နိုးဝေး ဖိတ်ဆွေများ စိတ်ချ ယုံကြည်စွာ
ဖိတ်ဆက်ဝယ်ယူတော်မူကြပါ။

ရှင်းမောင်
ပွဲစား

ဘာကောင်းကြောလဲ



(ရေးသူ-ဦးဆန်းတင်)

တွဲဘက် စာတည်း

လမ်းပန်းဆက်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေးသည် တိုင်းနိုင်ငံတခု၏ ကြီးပွားတိုးတက် စည်ပင် သာယာမှုအတွက် အချက်အချာလိုအပ်သည့် ကိစ္စဖြစ်သည်အားလျော်စွာ အသက် သွေးကြော များဟု တင်စား ခေါ်ဆိုလေ့ရှိကြပါသည်။

ကျွန်းကြီး ကျွန်းငယ်ပေါင်း ရှစ်ရာကျော်မျှ ပါဝင်၍ တနသ်ာရီကမ်းမြောင်ဒေသ ဘောင်ဘက် အစွန်းဆုံး၌ အလျား ၂၄၀-မိုင် အကျယ်ဆုံးနေရာတွင် အနံမိုင် ၈၀ ရှိသော ဤမြို့တိုင်း၏ ပထဝီဝင် အနေ အထားတွင် တောင် အစီ အရီ တောအထပ်ထပ် ချောင်းကြီး ချောင်းငယ် အသွယ် သွယ်တို့ ရှိနေပြန် သဖြင့်လည်း ကုန်းလမ်းများ ဖေါက်လုပ်ရန် ခဲယဉ်းသည့်အလျောက် ဤ ခရိုင်၏ ကူးသန်းသွားလာ သယ်ယူပို့ဆောင် ရေးတွင် ရေလမ်းခရီးက မင်းမူစိုးပိုင်နေသည်မှာ လယ်ပြင်တွင် ဆင်သွားသကဲ့သို့ ထင်ရှားနေပါသည်။

ထိုကြောင့်ပင် ခေတ်ကောင်းစဉ်က ခရိုင်တွင်း ကူးသန်း သွားလာမှုနှင့် သယ်ယူပို့ဆောင်မှု လုပ်ငန်းများအနက် ခန့်မှန်းခြေ ၈၁-ရာခိုင်နှုန်းကို ရေကြောင်းခရီးဖြင့်သာ ဆောင်ရွက်ခဲ့၍ ကျန် ၂၀-ရာခိုင်နှုန်း မျှသာ လျှင် ကုန်းလမ်းခရီးပေါ်တွင် အမှီသဟဲ ပြုခဲ့ပေသည်၊ ပြီခဲ့ဝပ်ပြီးမှ မဲ့ရိုသေးသော ယခုလက်ရှိ အခြေအနေတွင်မူ ရေကြောင်း သယ်ယူပို့ဆောင်ရေးကို သာလျှင် ရာနှုန်းပြည့်မှီးခိုး အားထားရင်းပေသည်။

ဝေါလ် ဘရားသား ကုမ္ပဏီ

ခရိုင်အတွင်း ရေကြောင်း သယ်ယူ ပို့ဆောင်ရေးရာဇဝင်ကို လေ့လာရလျှင် ဒုတိယ ကမ္ဘာစစ် မဖြစ်မီ ကာလက ခရိုင်အတွင်း ရေကြောင်း သယ်ယူပို့ဆောင်မှု လုပ်ငန်းကို ဝေါလ် ဘရားသား ခေါ် အိန္ဒိယလူမျိုးများပိုင် မီးသင်္ဘော ကုမ္ပဏီ တခုက ရွေးခိုးစွာ မီးသင်္ဘောတစင်းမှ အစပြု၍ လုပ်ငန်းကို တဖြည်းဖြည်း ချဲ့ထွင် လုပ်ကိုင်ခဲ့ရာ ဒုတိယ ကမ္ဘာစစ် ဖြစ်ပွားသော အချိန်အထိတွင် မီးသင်္ဘော ၇-စင်းခန့်ကို အသုံးပြု၍ ခရိုင်၏ သယ်ယူပို့ဆောင်ရေး လုပ်ငန်း ကြီးကို လုံးဝ လက်ဝါးကြီး အုပ်ခါ ဆောင်ရွက်လျက် ရှိခဲ့ပါသည်၊ အဆိုပါ သင်္ဘောတို့မှာ သံကိုယ်ထည် သင်္ဘောများဖြစ်ပြီးလျှင် ထင်းကိုအသုံးပြု၍ ရေနွေးငွေ့ဖြင့် မောင်းနှင်လေရာ တစင်းလျှင် တန်ချိန် ၂၅-တန်မှ ၅၀ အထိ တင်ဆောင် နိုင်သော အရွယ်အစား ရှိကြလေသည်၊ သင်္ဘောသား များမှာ စစ်တကောင်း လူမျိုး များဖြစ်ကြ ပါသည်၊ အဆိုပါ သင်္ဘောတို့မှာ ခရိုင်၏ ရေကြောင်း သယ်ယူပို့ဆောင်ရေးခရီးလမ်းများအနက် ခရီးရှည်များကိုသာလျှင် လမ်းခရီးဘလျောက် ရွာစဉ် ဆိုက်ကပ်သွားလာခဲ့လေရာ ခရီးတိုအချို့နှင့် ရေတိမ်ရာ ဒေသတို့ဦးမှ လေ့တက်များမှတပါး အခြားရေယာဉ်များ သွားလာခြင်းမရှိခဲ့ပေ သို့ရာတွင် ဒုတိယ ကမ္ဘာစစ် မတိုင်မီတနှစ် နှစ်နှစ်ခန့်တွင် အချို့သော ခရီးလမ်းများနှင့် ခရီးတိုအချို့ အပါအဝင် တိုမီးသင်္ဘောများ

မရောက်ပေါက်နိုင်သောဒေသများသို့ပြည်တွင်းဖြစ်လေ့များတွင် စက်တပ်မောင်းနှင်သော ဂုံယဉ်ပိုင် မော်တော်ရေယာဉ် အချို့သည် အဆိုပါ သတ်ပံု တို့နှင့်စတင် ယှဉ်ပြိုင်သွားလာခဲ့ကြလေသည်။ သို့ရာတွင် ဤသို့ ယှဉ်ပြိုင်မှုမှာ တစုံတရာ ထိရောက်ခြင်း မရှိဘဲ မော်တော်ရေယာဉ်ပိုင်ရှင်တို့၌ လည်း အကျိုးမဖြစ်ထွန်းလှသည်နှင့် အမျှပင် ပေါလ်ဘရားသား ကုမ္ပဏီ၌လည်း ထိခိုက်နစ်နာခြင်း မရှိကြောင်း သိရှိရပေသည်။

ပေါလ်ဘရားသား ကုမ္ပဏီ၏ သတ်ပံုများကို ဥပဒေသ ကမ္ဘာစစ် ဖြစ်ပွါးလာသဖြင့် မြိတ်ခရိုင်မှ အင်္ဂလိပ် အစိုးရတို့ ဆုတ်ခွါရန် စီစဉ်သော အခါ၌ သိမ်းယူ၍ မြေလှန်စနစ်အရ အချို့ကို ဖေါက်ခွဲမြို့ပစ်ခဲ့ပြီးလျှင် အချို့ကို ရွှေ့ပြောင်းဆုတ်ခွါရာတွင် အသုံးချခဲ့လေရာ စစ်ပြီးတော်၌ ပေါလ်ဘရားသား ကုမ္ပဏီ၌ သတ်ပံု တစ်းမျှပင် မရှိပါ။ ဤတွင်မှ စစ်အတွင်းက ရေကြောင်း ကုန်သွယ်ကူးသန်းမှု၌ ဗဟုသုတ ပေါကြွယ်လာခဲ့သော သူတို့သည် ပြည်တွင်းဖြစ် လေ့များတွင် စက်တပ်မောင်းနှင်လျက် ခရိုင်အတွင်း ရေကြောင်း သယ်ယူပို့ဆောင်ရေး လုပ်ငန်းကို အမွေဆက်ခံနိုင်ခဲ့ကြလေသည်။

စစ်ပြီးခေတ် လူဦးရေတိုးတက်လာသည်နှင့်အမျှပင် မြို့ရွာများမြင့်မသက်သော အခြေးကြောင့် လေ့တက်များဖြင့် ကူးသန်းသွားလာမှုမှာ တစတစ နည်းပါးလာသဖြင့် လုပ်ငန်း၏အခြေ တရိုန်ထိုး ကြီးပွါးလာသည်ကို အကြောင်းပြု၍ မော်တော် ရေယာဉ် များ ၏ ဦးရေမှာ လည်း တစ၊တစ၊ များပြားလာလေရာ ၁၉၅၂ ခုနှစ်တွင် ဤခရိုင်ဆိပ်ကမ်းဘက် ငွာနတွင် မှတ်ပံုတင်ထားသော မော်တော်ရေယာဉ် ဦးရေမှာ ၆၅ မျှ ဖြစ်ခဲ့ပါသည်၊ ထိုအနက် တန်ချိန် ၃၉ မှ ၇၂ အထိ အသီးသီးရှိ၍ မြိတ်မှ မော်လမြိုင် ရန်ကုန်သို့ ကူးသန်းနေသော မော်တော်ယာဉ် ၅ စီးမှအပ ကျန်မော်တော်ယာဉ် ၆၀ မှာ ခရိုင်အတွင်း၏ ရေကြောင်း သယ်ယူပို့ဆောင်ရေး လုပ်ငန်း၌ အသုံးပြုလျက် ရှိလေသည်၊ ဤတွင် အခြားသော ဆိပ်ကမ်းမြို့များ၌ မှတ်ပံုတင်ခဲ့သော မော်တော်ရေယာဉ် များလည်း ရှိသေးလေရာ ဤ ခရိုင်အတွင်း၌ ပြည်တွင်းရေကြောင်းတွင် အမှန်သွားလာနေသော ရေယာဉ် ဦးရေမှာ ၆၀ နှင့် ၇၀ အကြားတွင် ရှိလိမ့်မည်ဟု ခန့်မှန်းရလေသည်၊ ၎င်းတို့မှာ တန်ချိန် ၅ တန်မှ ၄၆ တန်အထိ ရှိလေသည်။ မိမိတို့ကိုယ်ပိုင်လုပ်ငန်းများ၌ အသုံးပြုသော ရေယာဉ်များမှာ ပြောပလောက်အောင် မရှိဘဲ အားလုံးလိုလိုပင် ခရီးသည်နှင့် ကုန်များ သယ်ယူ ပို့ဆောင်ရာ၌ အသုံးချလျက် ရှိမလေသည်။

အဆိုပါ မော်တော်ရေယာဉ် များ၌ အသုံးပြုသော စက်များမှာ အမျိုးမျိုး အစားစား ရှိရာ အသုံးပြုသော ဆီအမျိုးအစားများလည်း ရေနံမဲ ရေနံ ဓါတ်ဆီ စသည်ဖြင့် အမျိုးမျိုး ရှိလေသည်။

မော်တော် ရေယာဉ် တစင်းလျှင် စက်မောင်းသူ တယောက် ပွဲ့ကိုင် တယောက် ရေယာဉ် ပိုင်ရှင်၏ ကိုယ်စားလှယ်တဦး လျှေသား တဦးမှ ၃-ဦး အထိ ပါရှိလေရာ အားလုံး လိုလိုပင် မြန်မာ ပြည်သားများ ဖြစ်ကြလေသည်၊ ရေယာဉ်တစီးအတွက် ဆီဘိုး၊ လူခ၊ စားစရိတ်မှစ၍ တလအတွက် ကုန်ကျငွေမှာ ၁၀၀ဝ မှ ၂၀၀ဝ အထိ ဖြစ်ကြောင်း သိရှိရပါသည်။

ဤသို့လျှင် ဤစစ်ပြီး ခေတ်တွင် ယခင် ရှေးအခါက လူမျိုးခြားများ ကြီးစိုး နေသည့် မြိတ်ခရိုင် အတွင်း ရေကြောင်း သယ်ယူ ပို့ဆောင်ရေး လုပ်ငန်း တရပ်လုံးမှာ မြန်မာနိုင်ငံတော်သားများ လက်တွင်းသို့ လုံးဝ ရောက်ရှိလာခဲ့၍ ဝမ်းမြောက် ဘွယ်ရာပင် ဖြစ်သော်လည်း စစ်ပြီးခေတ် မော်တော်ရေယာဉ်များ လုပ်ငန်း ဆောင်ရွက်နေပုံကို ဆန်းစစ် ဝေဘန်ရပါလျှင် လွတ်လပ်သော နိုင်ငံတဦး၏ ဂုဏ်အင်္ဂါနှင့် မမျှလောက်အောင်ပင် အစစအရာရာတွင် နိမ့်ကျနုံချာလျက် ရှိလှပါသည်။

ဤတွင် ယခုလက်ရှိ သွားလာနေသော ရေယာဉ် ခရီးလမ်းများနှင့် ရေယာဉ် ဦးရေ များကို စစ်မမြင်မီ ကာလ ပေါလ်ဘရားသား မီးသတ်ပံု ကုမ္ပဏီ လက်ထက်နှင့် နှိုင်းယှဉ်ပြရပါလျှင်-

(က) တနင်္သာရီ ဖြို့နယ်

၁။ မြိတ်မှ တနင်္သာရီ အထိ မြစ် စဉ် လမ်း (၄၅) မိုင်၊

(က) စစ်မဖြစ်မီကသွားလာနေသော မီးသတ်ပံု ဦးရေ ၂-စင်း နှစ်စဉ်သွားလာသည်။

(ခ) စစ်ပြီး ခေတ်တွင် တလလျှင် ၇ ခေါက်စီ သွားလာနေသော မော်တော် ရေယာဉ် ၄-စင်း၊ တစင်းလျှင်ပျမ်းမျှတန်ချိန် ၁၈.၅။

၂။ မြိတ်မှ တနင်္သာရီ ၎င်းမှ သီဇော်ရွာ အထိ (၈၀) မိုင်

(က) စစ်မဖြစ်မီက အထက်တွင် ဘော်ပြ ထား သည့်အတိုင်း တနင်္သာရီအထိသွားလာပါ သည်။

(ခ) စစ်ပြီး ခေတ်တွင် တလလျှင် ၄-ခေါက်စီ သွားလာ နေသော မော်တော် ရေယာဉ် ၃-စင်း၊ တစင်းလျှင် ပျမ်းမျှတန်ချိန် ၁၇။

၃။ မြိတ်မှ တနင်္သာရီ ၎င်းမှ ညောင်ပင် ကွင်း (၆၅) မိုင်

(က) စစ်မဖြစ်မီက အထက်တွင် ဘော်ပြ ထား သည့်အတိုင်း တနင်္သာရီ အထိသာ သွား ပါသည်။

(ခ) စစ်ပြီး ခေတ်တွင် တလလျှင် ၄-ခေါက်စီ သွားလာနေသော မော်တော်ယာဉ် ၂စင်း တစင်းလျှင် ပျမ်းမျှ တန်ချိန် ၁၃၄။

သို့ဖြစ်၍ ယခင်စစ်မဖြစ်မီကမီးသင်္ဘော ၂စင်း သွား လာနေသော မြိတ်မှ တနင်္သာရီ မြစ်ဝကျလမ်းတွင် ယခု အခါ မော်တော်ယာဉ် ၉-စင်းမျှသာ သွားလာလှုပ် ရှားပြီးလျှင် တနင်္သာရီမြို့မှ ကျောက်လွှန်၍ စစ်ပြီး ခေတ်တွင် ခဲ့ထွင် သွားလာသော ခရီးမိုင် ပေါင်းမှာ ၅၅-မျှ ရှိပါသည်။

(ခ) ပုလော မြို့နယ်

၁။ မြိတ်မှ ပုလော။ (၄၅) မိုင်။

(က) စစ်မဖြစ်မီက မြိတ်မှ ပုလော ပြင်ဘုဝထိ မီးသင်္ဘော တစင်း သွားသင့်ပါသည်။

(ခ) စစ်ပြီး ခေတ်တွင် တလလျှင် ၄-ခေါက်စီ သွားလာ နေသော မော်တော် ရေယာဉ် ၇-စင်း တစင်းလျှင်ပျမ်းမျှတန်ချိန် ၁၄၅။

၂။ မြိတ်မှ ခန္ဓီပြင်ဘု (၅၂) မိုင်

(က) စစ်မဖြစ်မီက အထက်တွင် ဘော်ပြ ထား သည့်အတိုင်း မီးသင်္ဘောတစင်းသာ သွား လာပါသည်။

(ခ) စစ်ပြီးခေတ်တွင် ငြိမ်းချမ်းသော အချိန်က ၂-စင်းမျှ တလလျှင် ၄-ခေါက်စီ သွား လာပါသည်၊ သို့ရာတွင် ယခုအခါ အခြေ အနေ မကောင်း၍ တစင်းသာ သွားလာ ပါသည်။ ပျမ်းမျှတန်ချိန် ၁၄။

၃။ မြိတ်မှ ပလောက်ရွာ (၆၃) မိုင်

(က) စစ်မဖြစ်ခဲ့က မီးသင်္ဘောတစင်း တခါတရံ သွားသည်၊ ၎င်းနောက် ခန္ဓီ ရွာမှ ပ လောက်သို့ မော်တော်ယာဉ် တစင်း ထား ရှိသည်။

(ခ) စစ်ပြီးခေတ် ငြိမ်း ချမ်း သော အချိန်က ၃-စင်းနှင့် တလလျှင် ၃-ခေါက်စီ ခန့် သွားလာသည်၊ ဆူပူမှုများ ဖြစ်ပြီးနောက် မသွားလာကြချေ။

သို့ဖြစ်၍ မြိတ်၊ ပုလော၊ ခန္ဓီ၊ ပြင်ဘု လမ်းခရီးရှိ စစ်မဖြစ်မီက အတိုင်း ရေလမ်း ခရီးတွင် ယခင်က မီး သင်္ဘောတစင်း သွားလာသော နေရာ၌ မော်တော် ယာဉ် ၈-စင်းမျှ သွားလာလှုပ် ရှိပါသည်၊ အခိုက် အတန့်တွင် ဆူပူမှုများကြောင့် ပုလောက်ရွာသို့ မော် တော်ယာဉ်များ မသွားကြပါ။

(ဂ) မြိတ် ဆနောက်ဝိုင်း မြို့နယ်

၁။ မြိတ်မှ ကံမော်ရွာ (၅၅) မိုင်

(က) စစ်မဖြစ်မီက ဤလမ်းခရီးကို မြိတ်မှ ဘုတ် ပြင်းသို့ သွားသော မီးသင်္ဘော တစင်း တည်းပင် ရွာစဉ် တလျှောက် သွားလာ သည်။

(ခ) စစ်ပြီးခေတ်တွင် တလလျှင် ၃-ခေါက်စီခန့် သွားသော မော်တော်ယာဉ် ၁၂-စင်း သွားလာ နေသည်၊ တစင်းလျှင် ပျမ်းမျှ တန်ချိန် ၂၁၅။

၂။ မြိတ်မှ နိုင်ကွေး (၄၀) မိုင်

(က) စစ်မဖြစ်မီက မီးသင်္ဘောတစင်း တလလျှင် ၁၀-ခေါက်မျှ သွားလာနေပါသည်။

(ခ) စစ်ပြီးခေတ်တွင် မော်တော်ယာဉ် ၂-စင်း တလလျှင် ၆-ခေါက်စီ သွားနေ ပါသည်၊ တစင်းလျှင် ပျမ်းမျှတန်ချိန် ၂၁။

၃။ မြိတ်မှ ဘဏ်နဲရွာ (၃၆) မိုင်

(က) စစ်မဖြစ်မီက မသွားလာပါ။

(ခ) စစ်ပြီးခေတ်တွင် မော်တော်ယာဉ် တစင်း တလလျှင် ၁၅-ခေါက် သွားနေ ပါသည်၊ တစင်းလျှင် ပမာဏ တန်ချိန် ၉။

၄။ မြေတိုမှ ကုတန်ရွာ (၁၆) မိုင်

(က) စစ်မဖြစ်မီက မြေတိုမှ ပိုင်းတွေး သွားသော မီးသင်္ဘောပင် ၅၂ ခရီးတွင် ဝင်ရောက် ဆိုက်ကပ်ပါသည်။

(ခ) စစ်ပြီး ခေတ်တွင် မော်တော်ယာဉ် ၂-စင်း တလလျှင် ၁၅-ခေါက်စီ သွားလာ ပါသည်၊ တစင်းလျှင် ပမာဏ တန်ချိန် ၁၃.၅။

သို့ဖြစ်၍ မြေတိအနောက်ပိုင်း မြို့နယ် အတွင်း၌ စစ်မဖြစ်မီက မီးသင်္ဘော ၂-စင်း သွားနေသော ခရီးတွင် ဝင်ပြီးခေတ်၌ မော်တော်ယာဉ် ၁၇-စင်းမျှ သွားနေ ပြီးလျှင် စစ်မဖြစ်မီကထက် တိုးခဲ့၍ သွားလာ နေသော ရေလမ်းခရီးမှာ ၃၆-မိုင် ဖြစ်ပါသည်။

(ဃ) မြေတိ အရှေ့ပိုင်း မြို့နယ်

၅။ မြေတိမှ ပဓေသင်း (၂၅) မိုင်

(က) စစ်မဖြစ်မီက မသွားလာပါ။

(ခ) စစ်ပြီးခေတ်တွင် မော်တော် ရေယာဉ် ၄-စင်း တလလျှင် ၁၅-ခေါက် သွားနေ ပါသည်၊ တစင်းလျှင် ပမာဏတန်ချိန် ၈။

မြေတိ အရှေ့ပိုင်းမြို့နယ်အတွင်း၌ ဤ ခရီး လမ်းမှာ စစ်ပြီးခေတ်၌ ခဲ့ထွင် သွားလာသော ခရီး ဖြစ်ပြီးလျှင် အရှည် ၂၅ မိုင်မျှရှိ၍ ရေယာဉ် ၄ စင်း သွားလာပါ သည်။

၆။ မြေတိမှ ဘုတ်ပြင်း မြို့နှင့် ရွာများ (၉၅) မိုင်

(က) စစ်မဖြစ်မီက မီးသင်္ဘောတစင်း တလလျှင် ၄ ခေါက်ခန့် သွားလာပါသည်။

(ခ) စစ်ပြီးခေတ်တွင် မော်တော်ယာဉ် ၆ စင်း တလ ၂ ခေါက်စီ သွား နေ ပါ သည်။ တစင်းလျှင် ပမာဏ တန်ချိန် ၂၂။

ဘုတ်ပြင်း မြို့နယ်အတွင်း၌ စစ်မဖြစ်မီကမီးသင်္ဘော တစင်း ခန့်တွင် မော်တော်ရေယာဉ် ၆ စင်းက ယခင် က မဲရောက်ပေါက်သော ဒေသများကိုပါ နှံ့စပ်စွာသွား လာနေပါသည် ခဲ့ထွင်သွားလာသော ရေးခရီး မိုင်ပေါ် ၃၀ မျှ ဖြစ်ပါလိမ့်မည်။

၇။ မြေတိမှ ကော့သောင်း (၁၉၅) မိုင်

(က) စစ်မဖြစ်မီက ကမ်းရိုးတန်းတလျှောက်ဆိပ် ကမ်းမြို့များသို့ သွားလာနေသော တရုတ် သင်္ဘော ကုမ္ပဏီမှ မီးသင်္ဘော တစင်းရှိ သည်။

(ခ) စစ်ပြီးခေတ်တွင် ၎င်းမီးသင်္ဘော အပြင် ဒေါ်တော်ရေယာဉ် ၄ စင်းက တလလျှင် တခေါက် ၂ ခေါက်စီ သွားလာပါသည်။ တစင်းလျှင် ပမာဏတန်ချိန် ၂၆.၅။

ကော့သောင်း မြို့နယ်အတွင်း၌ စစ်မဖြစ်မီက နှစ် လလျှင် ၃ ကြိမ်သွားနေသော မီးသင်္ဘော တစင်းရှိရာ စစ်ပြီးခေတ်၌ အဆိုပါ မီးသင်္ဘော အပြင် မော်တော် ယာဉ် ၄ စင်းက တလလျှင် ၂ ခေါက်စီ သွားလာသေး ပါသည်။

ဤသို့လျှင် စစ်ပြီးခေတ်၌ စစ်မဖြစ်မီက မသွားလာ သော ခရီးလမ်းများကို ခဲ့ထွင်သွားလာခြင်း၊ခရီးလမ်း တခု၌ မော်တော်ရေယာဉ်များ အထပ်ထပ် သွားလာ ခြင်း၊ရေကြောင်း သယ်ယူမှု တန်ချိန်များလည်း ပိုမိုလာ ခြင်း၊ ရေယာဉ် ဦးရေလည်း များပြား လာခဲ့သည်ကို ထောက်ရှုပါလျှင် ဤခရိုင်အတွင်း ရေကြောင်း သယ်ယူ ပို့ဆောင်ရေး လုပ်ငန်း၏ တိုးတက်လာမှုနှင့် ရေးစဉ် များတွင် အလုအယက် အပြိုင်အဆိုင် သွားလာမှုကို အကဲခတ် သိရှိနိုင်ပါသည်။

ဤသို့ စံနစ်မကျသော ပုဂ္ဂလိက လုပ်ငန်းပိုင်ရှင်များ ၏ ယှဉ်ပြိုင်မှုကြားတွင် လူထုသာလျှင် မြေ ၈၁ ပင် သင်္ဘယ် နစ်နာမှု အစုစုကို ခေါင်းငုံ့ ခံကြရပေသည်။ ပမာဆိုသော် သောင်းကျန်းမှုက အဓိက်အတန့် အား ဖြင့် ဖန်တီးခဲ့ပးထားသော အခြေအနေကို အခွင့်အရေး ယူကာ ရေယာဉ်ပိုင်ရှင်တို့သည် ရေယာဉ်ခကိုရနိုင်သမျှ တိုးမြှင့်ကောက်ယူသဖြင့် စစ်မဖြစ်မီက နှုန်းထက် ယနေ့ နှုန်းသည် ၄ ဆခန့် ကြီးမြင့်နေပါသည်။ အကြီးမြင့် နေရုံမျှမက ခရီးသည်တို့၏အသက်နှင့် ပစ္စည်း ဝန်စည်

တို့ သက်သာချောင်ချိမှုနှင့် လုံခြုံမှုမှာ မရေမရာ ရှိလှပေသည်။

လောဘတကြီးနှင့် အကန့်အသတ် မရှိဘဲ တန်ခိုန်ပမာဏများကို တင်ဆောင်တတ် သဖြင့် ခရီးသည် များမှာ ကြပ်တည်းစွာ စီးနင်းလိုက်ပါ ရရှားသည့်ပြင် လှိုင်းလေပြင်းထန်သော ရာသီများတွင် ဝန်ပိုများကို ပင်လယ်ထဲသို့ ပစ်ချရသည် ဆိုသောသတင်း၊ အင်ဂျင်စက်များ မီးလောင်ရှ ပြိမ်းသတ် ရသည်ဆိုခြင်း၊ ရေယာဉ်များ နစ်မြုပ်သည်ဆိုသော သတင်းစသည်တို့ကို စိတ်မချမ်းမြေ့စရာ မကြာခဏ ကြားသိရပေသည်။

ထို့အပြင် အချို့ရေးလမ်းများတွင်မူ လိုအပ်သော ရေယာဉ် ဦးရေထက် ပိုမို၍ အပြိုင်အဆိုင် သွားနေသဖြင့် ရေယာဉ်ပိုင်ရှင်အား အံကျိုးကျေးဇူးရှိစေလောက်မည့် ခရီးသည်ဦးရေနှင့် ကုန်ချိန်တို့ကို မရရှိနိုင်သည့်နှင့် အမျှပင် ရေယာဉ်ခကိုလည်း မလျော့ပေါ့နိုင်ကြတော့သဖြင့် လူထုတွင် ၎င်းတို့၏ ပြိုင်ဆိုင်မှုကိုသာ ထောက်ပံ့နေရသည်နှင့် တူနေပေသည်၊ တနည်းအားဖြင့်ဆိုလျှင်လည်း လိုသည်ထက်ပိုမို၍ ရေယာဉ်ဦးရေနှင့် အခေါက်များ များပြားစွာ သွားလာ နေသည့် အတွက် အလဟဿဖြုန်းတီးရာ ရောက်နေပေသည်။

ဤအခြေအနေ ဆိုက်ရောက်နေသော မြောက်ခရိုင် ရေကြောင်း သယ်ယူပို့ဆောင်ရေး ကိစ္စနှင့် ပတ်သက်၍ နိုင်ငံတော်အစိုးရ သက်ဆိုင်ရာ ဌာနကမူ လွန်ခဲ့သည့် ၁၉၅၂ ခုနှစ် မေလအတွင်း ရေယာဉ်များကို လာရောက်တိုင်းတွာ၍ ရေယာဉ်တို့၏ သယ်ယူပို့ဆောင်နိုင်သော တန်ချိန်တို့ကို သတ်မှတ်ပေးရုံမှအပ ရေယာဉ်မောင်းသမား ပဲ့ကိုင်များ လက်မှတ် ရရှိရေး၎င်းတို့၏ ရေကြောင်း ကျွမ်းကျင်မှု စစ်ဆေးရေးစသည့် ကိစ္စရပ်များနှင့် ပတ်သက်၍မူ တစုံတရာ ဆောင်ရွက်ခြင်း မရှိသေးသည်ကို ဝမ်းနည်းစွာ တွေ့ရှိရပေသည်။

၎င်၏ လုပ်ငန်းတွင် မြတ်စွန်းနိုင်သည့် အလားအလာ စီးပွားရေး မျက်စေ့နှင့် ကြည့်ပါလျှင် ၎င် ခရိုင်တွင်း ယခုလက်ရှိ သွားနေသော ရေယာဉ် ၇၀ ခန့်၏ တစင်းလျှင် တလ ၁၀၀၀ ခန့်း အသုံးဝရိတ်အရ ရင်းတည်ငွေ ၇၀၀၀၀ ခန့် ကုန်ကျတွယ်ရာ ဖြစ်ပါသည်။ ၎င်တွင် စက်ဆီ ဓါတ်ဆီတိုး စက်များ၏ ချို့ယွင်းမှုနှင့် တန်ဘိုး လျော့မှုများ မပါသေးချေ။ ထို့ကြောင့် လူထုက ပေးဆောင်နေသော မော်တော်ရေယာဉ်ခမှာ တလလျှင် ၇၀၀၀၀ ထက် ယုတ်လျော့စရာ အကြောင်း မရှိသည်အတွက် နိုင်ငံတော် အစိုးရ၏ ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေး ဌာနသည် ၎ခရိုင်နှင့် တော်သင့်သော ရေယာဉ်များနှင့် ၎ လုင်ငန်းကို ဦးစီးလုပ်ကိုင်ပါက နိုင်ငံတော် အစိုးရတွင်သော်ငင်း၊ လူထုတွင်သော်ငင်း၊ နှစ်ဦး နှစ်ဘက် စလုံး အကျိုးဖြစ်ထွန်းဘွယ်ရာ အလားအလာ များစွာ ရှိပါသည်။

ဦးလွန်းဘော်သည် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေး လုပ်ငန်းရပ်များ အတွက် အဖွဲ့ဝင်များနှင့်အတူ ၎ ခရိုင်သို့ ၁၉၅၀-ခုနှစ် နိုဝင်ဘာလက လာရောက် ပြီးလျှင် ဘုတ်ပြင်း။ တနသ်ာရီ။ ကော့သောင်း စသော ခရိုင်တွင်း ဒေသအနှံ့အပြားသို့ လှည့်လည် ကြွရောက် စစ်ဆေး စုံစမ်း ခဲ့ပါသေးသည်။

မည်သို့ပင် ဖြစ်စေ၊ ၎ကမ္ဘ နိမ့်ကျ ညံ့ဖျင်းလျက် လူထုအတွက် ဒုက္ခအသွယ်သွယ် အနှံ့အပြား အဝဝနှင့် ရင်ဆိုင် နေရသော မြောက်ခရိုင် လက်ရှိ ရေကြောင်း သယ်ယူ ပို့ဆောင်ရေး လုပ်ငန်းကိုမူ နိုင်ငံတော် အစိုးရသည် စနစ်တကျ စုပေါင်း လှုပ်ရှိင် နေသော စနစ်ဖြင့်သော်ငင်း၊ နိုင်ငံတော် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေး ဘုတ်အဖွဲ့က သိမ်းယူ ဦးစီးလုပ်ကိုင်ခြင်းဖြင့်သော်ငင်း၊ ၎ ခရိုင်၏ ပြဿနာတရပ်ကို ဖြေရှင်းပေး၍ ပြည်တော်သာရေးကို ဖန်တီး ဆောင်ကျဉ်း ပေးပါရန် တိုက်တွန်းအပ်ပါသတည်း။

[ဦး မောင် ဝင်း]
ဒေါ်ဖွား - ဒေါ်နုမေ - မဲ့ရုံ
နံ၊ပါ၊တိ ၄၆-၄၈၊ ၁၀-လမ်း၊ ရန်ကုန်မြို့။
DAW PHWA, DAW NU MAY PWE YONE,
No. 46-48, 10th Street, Rangoon.
မြတ်စိန်စားငါးဝိ-ငံပြာရည် နှင့် မြတ်မြို့ထွက် ကုန်းမျိုးမျိုးတို့ကို ဝယ်ယူ ဖိတ်ဆက်တောက်မှကြပါ။

ဆလုံ

လူသိနည်းသွေးသောပြည်ထောင်စုထဲမှ
လူမျိုး တမျိုး။

ရေးသူ-ဦးသိန်းတင် ထောက်ပံ့ရေးအုပ်

(၁၉၅၃-ခု၊ ဖေဖော်ဝါရီလ ၁၂-ရက် နေ့တွင် ရန်ကုန်မြို့၌ ကျင်းပသော ပြည်ထောင်စုနေ့ အခမ်းအနားသို့ နိုင်ငံတော်အစိုးရ၏ ဘိတ်ခေါ်ချက်အရ ဆလုံ ၁၀-ယောက်၊ ပဿူး ၃-ယောက် နှင့် ယိုးဒယား ၂-ယောက်တို့အား ဦးသိန်းတင် ခေါင်းဆောင်လျက် တက်ရောက်ခဲ့ပေသည်)။

မြိတ် ဒီပါကျွန်းတဝိုက်၊
စဉ်ပျော်ပိုက်လှည့်လည်၊
ရေပေါ်ခြံကယ်၊ တကယ်၊
ပြိုင်ဘက်ကွယ်လွန်ရှား၊
လှိုင်းကြီးလည်း ငိုမဖြုံသည်၊
အိုဆလုံထူးတဲ့ လူစား၊
မိကျောင်းကဆလံတင်၊
မြန်တခွင်ကျော်ကြား၊
ပေပေါ်မှာမောင်ကြွားလို့၊
စော်ကားနဲ့သူ့ကို၊
ပုလဲ၊ ကမ်းလာ၊ အစုံငှဲ၊
ရှဉ်၊ ပလုပ်၊ စသည်ထိုထို၊
ပုဆိုးစုတ်နှင့်နံတိုတို၊
ဟန်သလို၊ ခါးတောင်းကြိုက်၍၊
စောင်းလိုက်လိုက် ကျော်ဝယ်သာ၊
သားလွယ်၍လာ၊
အကျော်၊ ကခုမက်စမ္ဘာပါ၊
ရံတခါလာရောင်းလို့လေး။

မြိတ်ခရိုင်သို့ ရောက်ရှိသူတိုင်း၊ မြိတ်ခရိုင်၏ထူးခြားဆန်းကြယ် ဗဟုသုတ ဖြစ်ဘွယ် ကြည့်ရှုရာ တစုမှာ ဆလုံရုပ်ကွက် ကလေးနှင့် ဆလုံလူမျိုးတို့ပင် ဖြစ်လေသည်။

ရာဇဝင်

ရှေးဟောင်းစာပေ၊ ဂီတ သုခုမ အနုပညာရပ်တို့သည်ငင်း၊ သက်ကြီး စကား သင်္ဂယကြား ဟူသော ဒဏ္ဍာရီပုံပြင်၊ ရာဇဝင် တို့သည်ငင်း၊ လူမျိုး တမျိုး၏ ဇစ်မြစ်ဇာတိ သမိုင်းကို လေ့လာဆင်ခြင် နိုင်ဘွယ်ရာ အထောက်အပံ့များ ဖြစ်လေရာ၊ ရှေးယဉ်ကျေးမှုနှင့် စာပေပုံပြင် ဂီတတို့နှင့် ဖြစ်ခဲ့သော ဆလုံ လူမျိုးတို့၏ ရာဇဝင်ကို လေ့လာရန်မှာ လွယ်ကူ လှသည် မဟုတ်ပါဘူး။

သို့ ဖြစ်လင့်ကစား၊ နိုင်ငံခြားသားများ လေ့လာဆည်းပူးရေးသားပြုစုခဲ့သည့် စာပေများမှငင်း၊ သက်ကြီးဝါရင့်များထံမှ မေးမြန်းရရှိခဲ့သမျှမှ ငင်း၊ မိမိ ကိုယ်တွေ့လိုက်လံ စူးစမ်း ထောက်လှမ်းခဲ့ရသမျှမှငင်း၊ သဲလွန်စအသင့်အတင့် ကိုမူ ရရှိခဲ့လေသည်။

ဆ လုံ များ သည်၊ ပ စိ ဖိတ် သ မု ဒ္ဒ ရာ တောင်ဘက် ကွန်း



စာရေးသူနှင့် ဆလုံတစုတို့၏ပုံ

များ၌ နေထိုင်ခဲ့ကြ၍၊ ၁၇-ရာ စုံ နှစ် အတွင်းမှ စ၍ အဆိုပါကွန်း ပင်လယ်ပြင်တဝိုက်တွင် သွားလာသော သင်္ဘောများကို အကြီး အကျယ် တိုက် ခိုက် လု ယက် မင်းမူခဲ့ကြသည့် (Saleeters) ဆ လိတား ခေါ် ပင်လယ်ဆားပြ လူမျိုးများဖြစ်ကြောင်း၎ ပင်တို့ အား တစတစ ပသျူးလူမျိုးများက တိုက်ခိုက် နှင်ထုတ်ခဲ့ရာမှ မြန်မာပြည် တောင်ပိုင်း မြိတ် ရှိုင် ကမ်းရိုးတန်း တလျောက်ရှိ ကျွန်းစုများသို့ တဖြည်းဖြည်း လာရောက် နေထိုင်ကြကြောင်းစသည်ဖြင့် (Maurice Collis) ရေး (Siamese White) တွင်၎င်း (Dr. Mason) ရေး (Burma-its people and production) တွင်၎င်း ဖော်ပြခဲ့ရေးသားကြလေသည်။

၁၉-ရာစုနှစ်တိုင်သောအခါ အင်္ဂလိပ် လူမျိုးတို့က မြိတ်ရိုင် ကမ်းရိုးတန်း အပါအဝင် တနင်္သာရီတိုင်းကို အပြီးအပိုင် သိမ်းပိုက်လျက် စနစ်တကျ အုပ်ချုပ်နိုင် ခဲ့သဖြင့် ဆလိတားခေါ် ဆလုံလူမျိုးများသည် ၎င်းတို့ ၏ အစဉ်အလာဖြစ်သော ပင်လယ်ထားပြ လုပ်ငန်းကို စွန့်လွှတ် ကြပြီးလျှင်၊ ၎င်းတို့ ကျွမ်းကျင် ကျက်စားခဲ့ သော ပင်လယ်ရေပြင်ကို အမှီပြု၍၊ ပင်လယ်ထွက် ကုန်များ စုဆောင်း ရောင်းချ လဲလှယ်ခြင်းဖြင့်၊ မြိတ်ရိုင် အတွင်း၌ ချမ်းစွာ အသက်မွေး နေထိုင် ခဲ့ကြလေသည်။

ဆလုံများမှာ ၎င်းတို့နေထိုင် ကြသော ကျွန်းများ၌ ရာသီဥတု ပြင်းထန် လှသဖြင့်၎င်း၊ တခါက ပင်လယ် ရေပြင်တွင် တန်ခိုး ကြွယ်ခဲ့ရသည်မှ အဆင့် အတန်း နိမ့်လျော ခဲ့ရသည်၏အဖြစ်တို့ကို နှစ်မြော တသခြင်းမှ ပြေပျောက်စေရန် အလို့ငှါ၎င်း၊ မူးယစ် ဓေတတ်သော ဘိန်း၊ အရက် စသည်တို့ကို မှီဝဲစားသောက်ခဲ့လေရာမှ တစတစ နှင့် အဆိုပါ အကျင့်ဆိုးများသည် ဆလုံလူမျိုး တို့အား ဝါးမျိုခဲ့လေသည်။

လူဦးရေ

ရှေးယခင်က ဆလုံလူမျိုးတို့၏ လူဦးရေကို အတိ တကျ ခန့်မှန်းနိုင်ရန် အထောက် အထားများ ရှာဖွေ မတွေ့ခဲ့ရတော့ပေ၊ အထက်တွင် ဘော်ပြ ခဲ့သည့် အ တိုင်း လူမျိုးကို အညွှန် တုံးစေသည့် ဘိန်း၊ အရက် စသည်တို့ကို မပြတ်မှီဝဲခြင်း၊ ခေတ်သစ် ယဉ်ကျေးမှု နောက်ဆွယ်တွင် ထိန်ကွယ်ခဲ့ရခြင်း စသည်တို့ကြောင့် ဆလုံဦးရေသည် တစတစနှင့် လုံးပါးပါးခဲ့ရလေသည်။ ထိုသည်သာမက လွန်ခဲ့သည့် ဒုတိယ ကမ္ဘာစစ်ကြီး အတွင်းတွင်လည်း၊ ကျောက်ရောဂါ၊ ဝမ်းရောဂါ တို့၏ ဘီစီးနှိပ်စက်မှုကြောင့်၊ ဆလုံလူဦးရေ (၂၀၀) ကျော် ဆုံးပါးခဲ့ရသည်ဟု သိရှိရလေသည်။

ထို့အပြင် ပင်လယ်ရေနက်၌ ၎င်းတို့၏ အသုံးကျပုံ ကို ယိုးဒယားအစိုးရက သိရှိသဖြင့် ကော့သောင်းမှ ရေ ကြောင်းခရီးဖြင့် တရက်သွားရသော ကွန်ပါဆိပ်ကမ်း တွင် ဆလုံတရာခန့်အား ပင်လယ် ယိုးဒယားလူမျိုးဟု ကင်မွန်'တပ်ကာ၊ သွတ်သွင်းထားခဲ့သည်ဟု သိရှိရ လေသည်၊ သို့ဖြစ်သဖြင့် ယခုအခါမူ မြိတ်ရိုင်အတွင်း တွင် ဆလုံ လူမျိုးဦးရေသည် (၅၀၀) ခန့်မျှသာကျန်ရှိ တော့၍ မြိတ်မြို့ နောက်လင်းရပ်ကွက် ဆိပ်ကမ်းတွင် ဆလုံ အိမ်ခြေ သုံးဆယ်ခန့်ကိုသာ မြိတ်အနောက်ပိုင်း မြို့နယ် ကတန်ကျွန်း ဇရွပ်ရွာ တို့တွင်၎င်း ဘုတ်ပြင်မြို့ နယ် ပြင်စဉ်ကွန်း လမ်းပိကွန်းတွင်၎င်း ကော့သောင်း မြို့နယ် လင်းကွန်း ဇာထိပ်ကြီးကွန်းနှင့် ကော့သောင်း မြို့ပေါ်တွင်၎င်း အနှံ့အပြား နေထိုင်ကြလေသည်။

နေထိုင်ပုံ

၎င်းတို့သည် တနေရာတည်း၌ အတည်တကျနေကြ သည်မဟုတ်ဘဲ ကျွန်းတကျွန်းမှ တကျွန်းသို့လှည့်ပတ် သွားလာ နေထိုင်ကြလေသည်၊ အရှေ့မြောက် မုတ်သုန် ရာသီလေ တိုက်ဆင်ချိန် ဆောင်းနှင့် နွေရာသီတို့တွင် ၎င်းတို့သည် ဖေါ့ကဲ့သို့ ပေါ့ပါးသော ရင်ငန်းသားဖြင့် ပြုလုပ်သည့် လှေငယ်များပေါ်တွင်သာ အနေများကြ လျက် မိုးရာသီခွင်တွင်မူ ပင်လယ်ကမ်းစပ် မြေပေါ်တွင် ဖြစ်ကတတ်ဆန်း သစ်ငယ် ဝါးငယ်များဖြင့် ဆောက် လုပ်သည့် တဲငယ်များတွင် နေထိုင်ကြလေသည်၊ အမိုး အကာအတွက် ဓနိဖက်အစား ကဆိုင်းရွက်ကို အသုံးပြု လျက် နွေပေါက်ချိန် လှေပေါ်သို့ အိမ်ထောင်ပြောင်း ရာတွင် ၎င်းအမိုးများကိုပါ ဖြုတ်လျက် လှေတွင်တပ် ဆင်ကြပြန်လေသည်။

ဝတ်ဆင်ပုံ

ဒို့စို့ အရွယ်မှ ကျောင်းသား အရွယ် ခန့်အထိ အဝတ်လုံးဝမရှိနေ၊ လူပျိုအပျိုဘော်ဝင်စ အချိန်တွင်မူ အဝတ်ကို ဝတ်ဆင်ကြလေသည်။

မိန်းမ ယောကျ်ား ခါးအထက်တွင် အဝတ်မရှိချေ၊ အများအားဖြင့် ခါးတောင်းကြိုက် သက္ကဲသိုသာ ဝတ်ဆင်ကြလေသည်။

အစား အသောက်

မိုးတွင်းအခါ၌ ဆလုံများသည် ပင်လယ်မှ ရရှိသည့် ငါး ခရု ကမာ ရှဉ့် ပလုပ် ပင်လယ် ဂဏန်း ပုဇွန် ပင်လယ်ပို လိပ်ဥ ရေသူရဲခေါ် ဘဝဲနှင့် မကန်း စသည်တို့ကို ပိန်းဥ မြောက်ဥ ကြေးဥ စသည်များဖြင့် ရောနှောပြီး ပြုတ်ကင် စားသောက် ကြလေသည်။

နွေရာသီအချိန်တွင်မူ လေများသွားလာမှု ချွေးပြားလေသည်နှင့်အမျှ ကူးသန်း ရောင်းဝယ် ဖေါက်ကား ရေး တွင်ကျယ် လာသည့် အဘွက် ဆန် တင်လဲ ဆေးရွက်ကြီး စသည်တို့ကို ရှဉ့်ပြီးလျှင် ၎င်းတို့ အတွက် ခတ်မျက်မျက် စားရချိန်ဖြစ်လေသည်၊ တခါတရံ ၎င်းတို့သည်၊ ဂဏန်းများကို ပြုတ်လျက် ပျားရည်နှင့် ရောနှော စားတတ် လေသည်၊ ကလေး များအား မြောက်ဥနှင့် ဘုတ်သီးအစေ့ကို ထောင်းထုလျက် သားရေစာအဖြစ် ကျွေးမွေး လေ့ရှိလေသည်။

အလုပ်အကိုင်

ဆလုံတို့သည် ပင်လယ်ရေသတ္တဝါ တမျိုးသဘွယ် ပင်လယ်ရေပြင်တွင် ကျက်စားလျက်၊ ပင်လယ် ရေအောက် ငါးလုံမဆယ်လုံအထိ ရေငုပ်ရိုးသာ တစုံတရာ မပါဘဲ ဆယ်မိနစ်ခန့်အထိ နေနိုင်ကြလေသည်။ ၎င်းတို့သည် မျက်မှန်တပ်လျက်၊ တူ၊ ဒါး နှင့် တူးခွင်း ငယ်ပါသော လွယ်အိတ်ကို လွယ်ကာ၊ ရေအောက်ရှိ မုတ်ခွံ၊ ပုလဲ၊ရေကမာ၊ စတီး၊ကျောက်ကော်၊ကျောက်ပန်း စသည်တို့ကိုတူးဖေါ်ခုတ်ဖြတ်ယူနိုင်ကြလေသည်။

ရေပေါ်တွင်လည်း၊ ငါးဘမ်းခြင်း၊ ပင်လယ်မျှော်ဘမ်းခြင်း၊ သဲသောင်ပြင်များတွင် လိပ်ဥတူးခြင်းနှင့် အမဲဖန်းခေါ် ငါးကြီးအိုဖတ်ကို ရှာဖွေကြ၏။ ငါးကြီးအိုဖတ်ကို ရယူနည်းမှာ၊ အနောက်တောင် ရာသီလေပြင်းထန်ချိန် မိုစ်းရာသီဦး၌၊ ငါးကြီးအိုဖတ်တို့သည် ရေပေါ်၌ ပင်လယ်ရေမြုပ်သဏ္ဌာန် ဟိုမှဒီမှ လွင့်မျော လာတတ်ကြလေသည်။ ၎င်းတို့သည် နံစော်လျက်နေတတ်ကြလေသည်။ ဤသည်ကို ဧတ္တမြင်သောအခါ ဆလုံတို့က ဆယ်လျက် ကုန်သည်များအား ရောင်းချကြလေသည်။ ရှားပါးသဖြင့်၎င်း၊ လိုင်းကြား လေကြားတွင် သက်စွန့်ကြိုးပမ်း ဆယ်ယူရသဖြင့်၎င်း၊ ငါးကြီးအိုဖတ်တို့သည် ဈေး အလွန် ကြီး မြင့် လေသည်။ ယခုအခါ တကျစ်သားလျှင်၊ ဆလုံများက ၂၀- ၃၀-နှင့် ရောင်းကြလျက်၊ ကုန်သည်များကမူ ၅၀-၆၀၊ ဈေးနှင့်ရောင်းကြလေသည်။

ငါးလိပ်ကျောက်သဏ္ဌာန်ရှိသော၊ ငါးအူမျှင်ခေါ် ငါးကြီးများမှာ အရွယ်အားဖြင့်အငယ်ဆုံး ၁၆ တောင် ခန့်ရှိလေသည့် ၎င်းငါးကြီး ရေပေါ်ထက်သို့ ပေါ် တက်လာလျှင် ဆလုံတို့သည် မိမိတို့တွင် ပါလာသော သုံးခွသံစူး (မြှိန်း) နှင့် ငါးကြီးကို တအားကုန် ထိုးစိုက် လိုက်ပြီးလျှင်၊ ၎င်းမြှိန်းအရင်းခံ ခြေြစွာချည်ထားသော ကြိုးစကို မိမိတို့လှေဦးခွံ ချည်တုပ်ထားလျက်၊ ကြိုးကို လှန်ထားလိုက်လေသည်။ ငါးကြီးမှာ နာကျင်သဖြင့်၊ ရေထဲ၌သူးလာကူးယက် သွားလေရာနောက်သို့ အရှိန် အဟုန်ပြင်းထန်စွာဖြင့် လှေငယ်ကလေးသည် မျောပါ သွားလေသည်။ ငါးကြီး အ မော ဆိုက်မှ ကြိုးစကို တဖြည်းဖြည်း ဆွဲယူလျက် နီးစပ်ရာ သဲသောင်ပြင်ပေါ် သို့ဆွဲတင်ပြီးလျှင်၊ ငါးကြီးကို ခုတ်ထစ်လျက် အခြောက် လှန်းကာ၊ ငါးအူမျှင် ခြောက်အဖြစ်ဖြင့် ရောင်းချလေသည်။

အခြို့ဆလုံများမှာလည်း၊ ငှက်သိုက်၊ ပျားရည်နှင့် အကျော်တို့ကို ရှာဖွေရောင်းချလေ့ ရှိကြပါသည်။

ကျန်းမာရေး

ပင်လယ်ရေငုံတွင် သဘာဝကျကျနေထိုင်ကြသဖြင့် အစားအသောက် ချို့တဲ့ခြင်း၊ အနေအထိုင် ညံ့ဖျင်းမှုတို့၏ ဒဏ်ကို ခံနိုင်ရည်စွမ်း ရှိလေသည်။ ခေတ်နောက်များစွာ ကျန်ခဲ့သော လူတန်းစားတရပ်အဖြစ် ခေတ်၏ ကျန်းမာမှု အကာအကွယ်များ မရှိရှာပေ။ အထူးသဖြင့် အသားအရည်နှင့် စပ်ဆိုင်သော ပွေး ညှင်းများ များပြား ထူထပ်လေသည်။

မည်သည့်ရောဂါမဆို ဖြစ်ပေါ်လာလျှင် ဆလုံ နတ် ဆရာ တဦးကို ခေါ်၍ ကုသစေသည်၊ နတ် ဆရာနှင့် လူနာတို့သည် သေတ္တာတခုခြားလျက် မျက်နှာခြင်းဆိုင် ထိုင်ရလေသည်၊ သေတ္တာပေါ်တွင် ဖရောင်းတိုင် ထွန်းညှိပြီးလျှင် နတ်ဆရာက မိမိမျက်နှာကို အလင်းရောင်မှ ယပဲတောင်ဖြင့်ကွယ်လျက်၊ ဆလုံဘာသာဖြင့် ထုံးမန်း မန်းပြီးလျှင် လူနာ၏ရောဂါ ဖြစ်ရာ နေရာကို ဝက္ခင်းကာ သုတ်လိမ်းပေးလေသည်။

ဘာသာ

ငှင်းတို့သည် နတ်ကိုးကွယ်ကြသူ ဖြစ်၏၊ သစ်သား ကို နတ်ဖို၊ နတ်မ ထုလုပ်လျက်၊ နတ်ရုပ်များခါးဝိုက် အ ဝတ်မဲ့ပိုင်း ပတ်စည်း ပေးထား ကြ၏၊ တန္ခစ် တကြိမ် ငှင်းတို့၏ နတ်ပွဲတော် ကျင်းပ ကြ၏၊ ထိုပွဲတော်တွင် ဒေါ်လာခေါ် ပသူ့ မုံဆန်ဆန်မုံကို တီးလျက် သီချင်း ဆို က ခုန် ကြ၏။ ကရာတွင် ယိုးဒယားဟန်ဆန်ဆန် နွဲ့နှောင်းပြောင်းပြောင်း၏။ သို့သော် စည်းချက် ဝါးချက် မရှိပေ။ တီးသူနှင့်ကသူ၊ မောသူက မည်သူမဆို ရုတ် ချင်းရပ်လိုက်တတ်၏။

စာပေနှင့်စကား

ငှင်းတို့တွင် စာပေ မရှိပေ။ ၁၉၀၀-ခုနှစ်တွင် မြ ဝ် နှင့် ထားဝယ်ခရိုင်အတွက် အစိုးရခန့် ခရစ်ယန် သာသ နာပြု ဆရာ ဒေါက်တာပိုက် ဆိုသူသည် ဆလုံလူမျိုး ကို ကြားထဲတွင် ၂-နှစ်ခန့် နေထိုင်ပြီးလျှင် ဆလုံတို့၏ တိုးတက် ကြီးပွားရေး အတွက် ကြိုးစားသေးသည်ဟု သိရှိရလေသည်။ အဆိုပါ ဆရာကြီးက ဆလုံလူမျိုးတို့ စာပေကို ကြိုးစားပြုစု လမ်းထွင်သည်ဟု သံရှိရသော် လည်း၊ မဲည်မျှ အောင်မြင် ခဲ့ရီးရောက်သည်ကိုမူ မသိရ ဘော့ပေ။

ငှင်းတို့၏စကားမှာ များသောအားဖြင့် ပသူ့ားနွယ် ၏ တလုံးစ၊ နှစ်လုံးစတို့မှာလည်း မွန်စကားနှင့် တူပြန် လေသည်။အဆိုအကမှာလည်း ယိုးဒယား ပသူ့ားတို့နှင့် ဝေ့ဆင်ဆင် တူသကဲ့သို့ ဟန်အမူအရာမှာ မွန်တို့နှင့် အနည်းငယ် တူပြန်လေသည်။

သို့ဖြစ်သဖြင့် မစ္စတာမောရစ် ကောလစ်နှင့် ဒေါက် တာ-မေဆင်တို့၏ ဆလုံတို့သည် ဆလိတားခေါ် ပစိ ဖိတ် ဧတောင်ပိုင်းမှ ပင်လယ်ထားပြ လူမျိုးအဆက် အနွယ်များလော၊ သို့တည်းမဟုတ် သင်္ဃမန် အားဖြင့် အများ ယူဆနေကြသကဲ့သို့ ၁၈-ရာစုတွင် အလောင်း ဘုရားက ပဲခူးကိုတိုက်ခိုက်သဖြင့် ထွက်ပြေးတိမ်းရှောင် ရင်း လွှင့်မျော လာကြသည့် မွန် အဆက်အနွယ်များ လော ဟူသော ပြဿနာကို သုတေသီတို့ စူးစမ်း လေ့ လာ သင့်ပေသည်။

ဝတ်လေ့ထုံးတမ်း

ကလေး မွေးဖွါးပြီးလျှင်ပြီးချင်း မိခင် ဖြစ်သူသည် ပင်လယ်ရေငံထဲသို့ ချက်ချင်း ခုန်ချလျက် ကိုယ်လက် သုတ်သင်လေသည်၊ တနာရီခန့်မျှ ရေငံထဲတွင် ရောက္ခး ၏၊ ကလေးကိုမူ လွေထဲတွင်ပင် ရေငံဖြင့် ဆေးကြော သုတ်သင် ပေးလေသည်။

သတို့သမီးကို သွားတောင်းရာတွင်၊ သတို့သား ဘက်မှ၊ တကျွမ်တန်ခန့် ကွမ်းပွဲတပွဲကိုတင်ရ၏၊ သတို့ သမီးဘက်မှ သဘောမတူပါက၊ ကွမ်းပွဲကိုပြန်အပ်ရ မည်ဖြစ်ပေသည်။ တကြိမ်ပြန်အပ်သော်လည်း ထပ်ဖန် တလဲလဲ တင်တောင်းခိုင်းခွင့် ရှိလေသည်။ သဘောတူ သည်ဆိုပါက၊သတို့သမီးဘက်မှတယောက်ယောက်က ကွမ်းပွဲထဲမှ ကွမ်းသီးစသည် တို့ကို ကောက်ယူစား သောက်ရလေသည်။ ထပ်ဖန်တလဲလဲ တင်တောင်း၍ ထပ်ဖန်တလဲလဲပြန်အပ်ပါက၊အိမ်ခေထောင်ပြုပွဲမခမြောက် တော့ပေ။

သဘောတူညီပြီးနောက်၊ သတို့သားဘက်မှ တင် လဲနှင့် အုန်းသီး ရောစပ် ကြို ထား သော မုန့်ကို ဆလုံ လူထုမင်္ဂလာပွဲ ပရိသတ်အား မြေပေါ်တွင် ကျွေးမွေး ကြွေခံရ၏။ ထိုနောက် ထိုနေ့ည ဿတို့သားနှင့် သတို့ သမီးတို့သည် သတို့သမီးမိဘအိမ်မပေါ်တွင် ရှိနေခိုက်၊ ည ၆ နာရီမှ နံနက် ၆ နာရီ အထိ၊ ဆလုံမိတ်ဆွေ သင်္ဂဟများက၊ ငါးသားရေဖြင့်ပြုလုပ်ထားသော ဆလုံ ဗုံကိုတီးလျက်၊ သီးချင်းသီဆိုကခုန်ကာ စောင့်ရှောက် ကြရလေသည်။ သို့ဖြင့် မင်္ဂလာပွဲ ပြီးမြောက်လေသည်။

အိမ်ထောင်ကျပြီး နောက် ဆလုံ မဲသည် တစုံတဦး နှင့် ဖေါက်ပြန်သည်ကို လင်ယောကျ်ားက မျက်မြင် ကိုယ်တွေ့ဖြစ်သည့်တိုင်အောင် ကြ်မ်းမောင်းခြင်းပင်မပြု ရဘဲ ကလေးမွေး ဘွားသည့် အခါကျမှသာလျှင်ထို ကလေးကို၊ လှေပေါ်တွင်တင်းပြီ၊ ဆလုံယောကျ်ားက မိမိနှ်မိတ်ဆွေသင်္ဂဟများကို ခေါ်ဆောင်လျက်၊ ပင် လယ်ပြင်ကြီးတွင် ကလေးကို ပစ်ချလွှဲရှိသည်။ ဤသို့ လျှင် လင်ကြီးသည် စိတ်ကျေနပ်မှုကို ရရှိလျက်၊မယား ဖြစ်သူနှင့်ပြန်လည်ပေါင်းသင်းနေထိုင်နိုင်ပြန်လေသည်။

ဆလုံတဦးတယောက် သေဆုံးသောအခါတွင် အ လောင်းနှင့်တကွ ငှင်းပိုင်ဆိုင်သမျှသော ပစ္စည်း အား လုံးကိုပါ၊ကျွန်းတကျွန်းကျွန်းသို့ ယူဆောင်သွားလျက်၊ အဆိုပါကျွန်းဆိပ်ကမ်းပေါ်တွင် စင်ကလေးတခုပြုလုပ် ပြီးလျှင် အလောင်းနှင့်တကွ ငှင်းပိုင်ဆိုင်သော ပစ္စည်း အားလုံးကိုပါ ထိုစင်က လေးပေါ်တွင် ထားခဲ့လေ သည်။ ငှင်းတို့သည် အလောင်းများကို ရေတွင် မျော

ခြင်းကိုသော်၎င်း၊ ဖြေတွင် မြုပ်နှံခြင်းကို သော်၎င်း၊ မီးသင်းရှိပ်ခြင်းသော်၎င်း၊ ဘယ်သောအခါမျှ မပြုလုပ်ကြချေ၊ အလောင်းကောင်များကိုလည်း လွန် စွာကြောက်လန့်ကြလျက်၊ အလောင်းကောင်ကို နတ်စင်ပေါ်တွင်ထားဦးလျှင်ပြီးခြင်း၊ ဝေးရာသို့ အမြန် ထွက်ခွါသွားတတ်လေသည်။

စိတ်နေ သဘောထား

ယေဘူယျအားဖြင့် ဆလုံတို့သည် ရိုးသား၏။ ရန်မူလိုစိတ်မရှိဘဲ ကြင်နာဟန်လည်းရှိလေသည်။ ဘိန်း၏ တန်ခိုးကြောင့်လောမသို၊ ၎င်းတို့သည် ကြောက်တတ်ကြလေသည်၊ ခေတ်နောက်ကျသူများဖြစ်သည့်အတိုင်း စကားကို ဘွင်းဘွင်းပြောတတ်ကြ၍၊ အရှက်နည်းပါးလေသည်။

အလုပ်အကိုင်ကို ပင်ပင် ပန်းပန်း လုပ်ကိုင်နိုင်ကြသော်လည်း စားစရာရှိနေသမျှ မလုပ်ဘဲ စားစရာမရှိသည့်အခါမှ ထလုပ်ကြလေသည်၊ တခါတရံအဆင်သင့်၍ တနေ့တွက်ငွေ ၂၀-၃၀ ရသည့် အခါတွင် တရက်တည်းနှင့် ကုန်အောင် သုံးစွဲဖြုန်းတီး ပစ်၏၊ နေ့ဘို ညစာဟူ၍ ဘယ်တော့မှ မထားတတ်ပေ။

၎င်းတို့၏ ရိုးသားမှုနှင့် ရေတွင် ကျင်လည်မှုကို အခြေတုတ်လိုကြသော တရုပ်အချို့နှင့် ပဿုံးအချို့တို့သည်၊ ဆလုံမများနှင့် အိမ်တောင်ပြုကာ ဆလုံမိုလ်များအဖြစ် စီးပွါးရှာကြလေသည်၊ ယခုအခါတွင် ဆလုံများသည်လည်း လူရည်အကော် အတန်ဝလာပြီဖြစ်သဖြင့် ဤသို့သောအရေးကြုံ အိမ်ထောင်ပြုမှုများ နည်းပါးလာလေပြီ။

၎င်းတို့အား လွန်မင်းစွာ ဖိစီးနှိပ်စက် နေသောဘိန်းနှင့် အရက်တို့ကြောင့် ဆလုံတို့၏ တိုးတက်ရေးက် ကြီဆမှုသည် များစွာ မလွယ်ကူ လှပေ၊ ၁၀၇၆ ခုနှစ်လောက်က မြိတ်တွင်အုပ်ချုပ်ရေး ဒေကြီးဒေကဲဖြစ်သူ ကပ္ပတိန်မက်ကလို့ဂ််နှင့် တိုးပင့်က တနင်္သာရီတိုင်းဝန်ရှင်တော်မင်းကြီး ဓေ ဂျာ ဘရက်ဖို့ဘို့သည် ဆလုံလူမျိုးတို့၏ ကြီးပွါးတိုးတက်ရေးကို အထူးအရေးပေး ဆောင်ရွက်ခဲ့ကြောင်းကိုလည်း၊ အဆိုပါ ဝန်ရှင်တော်မင်းကြီးက မိမိအိမ်ထဲမှ ကိုယ်တိုင်ငွေ ၁၀၀၀ ကို စိုက်ထုတ်၍ ဆလုံတို့ရေးတတ် ဘတ် တတ်မည့်စာ ဖြစ်ပေါ်ရေးကိုလည်း ကြိုးပမ်းခဲ့သည်ဟု ရတတ်သမျှသော စာတမ်းများအရ သိရှိရလေသည်၊

ထို့မတိုင်မီ ၁၀၄၆ ခုနှစ်တွင်လည်း ဆလုံလူမျိုးတို့ သက်သာ ချောင်ချိမှုကို ရည်စူးလျက် ထိုစဉ်က တနင်္သာရီတိုင်း ဝန်ရှင်တော် မင်းကြီး မစွတာ အိင်ခ်ျ၊ အမ်၊ ဘူရန်းကတစင်းလျှင် ဥ နှုန်းကောက်ခံခဲ့သော ဆလုံလေ့ခွန်များကို လျှော့ပြစ်ခွင့် ပြုခဲ့လေသည်။


ဤသို့ဆလုံလူမျိုးများ ကြီးပွါးရေးနှင့် ပတ်သက်၍ အသင့်အတင့်ကြံဆမှုမှအပ လွန်လေပြီးသော ဗြိတိသျှအစိုးရတို့သည် အားထုတ်မှု ပြုဟန်မဟူကြချေ။

ပြည်ထောင်စုနှင့် ဆလုံ

သို့သော် ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရက ပြီးခဲ့သော ၁၉၅၁ ခုနှစ် ပြည်ထောင်စု နေ့တွင်မူ ဖြိတ်ခရိုင်မှ ဆလုံး ၁၀ ယောက် ပဿုံး ၃ ယောက်နှင့် ယိုးဒယား ၂ ယောက်တို့အား ခေါ်ယူ ခြင်းဖြင့် ဆလုံတို့အား ကျောသားရင်သား မခွဲခြားဘဲ သဘောထားသည်ကို လက်တွေ့ ပြခဲ့သည်နှင့် အမျှ အဆိုပါ ပြည်ထောင်စုနေ့ အခမ်းအနားသို့တက်ရောက်ခဲ့ပြီး ပြန်ရောက်လာကြသော ဆလုံ များကလည်း နိုင်ငံတော်အစိုးရအား ဆထက်ထမ်းပိုး ပိုမိုတိုးတက် ကြည်ညိုလာသည်ကို ကျေနပ်ဘွယ်ရာတွေ့မြင်ရလေသည်။

ဤသည်အဝိုင်းဆက်လက်၍ နိုင်ငံတော်အစိုးရက ဤမျှ အောက်ကျ နောက်ကျဖြစ်နေကြ ရှာသေးသော ဆလုံလူမျိုးတို့၏ ကြီးပွါးတိုးတက်ရေးကို ကြံဆ စီစဉ် ဆောင်ရွက်ပေးလိမ့်မည်ဟု လေးနက်စွာ ယုံကြည်မြော်လင့်ပါကြောင်း။

(ဤဆောင်းပါး အတွက် လိုအပ်သော အချက်အလက်များ ရရှိရလေအောင် ကူညီဆောင်ရွက်ပေးကြသော မြိတ်မြို့ အထက်တန်းအမ်နဲ့တော်ရှင်းရွေယွန်းနှင့် မြိတ် ခရိုင်ဝန် ရုံးစာရေးချုပ် ဦးဆန်းတင် တို့ကို ကျေးဇူးတင်ရှိကြောင်းဘော်ပြအပ်ပါသည်)။



ကယ် ဆယ် ရေး
လုပ် ငန်း ရဲ ၏
အောင်မြင်မှု။

ရေးသူ-ဦးမြသန်း ထောက်ပံ့ရေး အရာရှိ

ပြည်တော်သာ လုပ်ငန်းသည် သည်မှ အပေါင်း လက္ခဏာ ဖြစ်ရလေအောင် ကြိုးပမ်းမှုနှင့် တူနေလျက် ကယ်ဆယ်ရေး လုပ်ငန်းမှာမူ အနှုတ်လက္ခဏာမှ သည် ဖြစ်လာရအောင် ဆောင်ရွက်နေရခြင်းနှင့် နှိုင်းယှဉ်နိုင် ပါသည်။ ဤအချက်ကို လက်ခံနိုင်ပါမူ ကယ်ဆယ်ရေး လုပ်ငန်းသည် ပြည်တော်သာ လုပ်ငန်းများ၏ အဓိဋ္ဌာန် ဟူ၍လည်း ဆိုသင့်ပါသည်။

ထို့ကြောင့်လည်း မြို့တစ်ရိုင် ပြည်တော်သာ အဖွဲ့ တွင် ကယ်ဆယ်ရေး လက်အောက်ခံ အဖွဲ့ငယ်ဟူ၍ ဖွဲ့စည်းထားခဲ့ခြင်းပင် ဖြစ်ပေသည်။

သာမန်အားဖြင့် ကယ်ဆယ်ရေးဟူသည် ရေဘေး မီးဘေး အစရှိသော ကပ်ဆိုးများ ဘေးဒဏ်ကြောင့် အတိဒုက္ခ ရောက်နေသူများကိုပါ စောင့်ရှောက်ကယ် တင်ရန် အကြိုးဝင်လျက် ရှိသော်လည်း ယခုအချိန် အထိမူ သောင်းကျန်းသူများ ဘေးဒဏ်ကြောင့် ခိုကိုး ရာမဲ့ဖြစ်နေသူများကိုသာလျှင် ပြုစုစောင့်ရှောက် နေရ ပေသည်။

သို့ဖြစ်၍ ကယ်ဆယ်ရေး လုပ်ငန်း ရာဇဝင်သည် သောင်းကျန်းမှု ရာဇဝင်ပင် ဖြစ်နေပေတော့သည်။ သောင်းကျန်းသူများ၏ လှုပ်ရှားခြင်း ဆိုးဝါးပြင်းထန် လေလေ ကယ်ဆယ်ရေးလုပ်ငန်းကိုပို၍ လုပ်ရလေလေ ဖြစ်နေပေသည်။ ထို့ကြောင့် တတ်နိုင်လျှင် ဤလုပ်ငန်း ရပ်မျိုးကိုပါ မလုပ်ရပါစေနှင့်ဟူ၍သာ အမြဲဆုတောင်း အပ်ပါသည်။

၁၉၄၉ ခုနှစ် နွေဦးပိုင်းတွင် ကောအင်ဒီအိုများ မြို့ရိုင်းအတွင်း စတင်လှုပ်ရှား ဆူပူလာရာမှ ပုလော မြို့နယ်အတွင်း ပုလောကဲ့ရှာ ဂျူးကော်လုံးကြီး ဆင် ထိုးကြီး ဆင်ထိုးငယ် ခန္ဓီ လံပ်သောင်ရွာကြီး ရွာငယ် များကို တိုက်ခိုက်ဖျက်ဆီး မီးရှို့ခဲ့သည်တွင် အဆိုပါ ရွာသူရွာသား အချို့သည် သေကြေပျက်စီးကြလျက် ကျန်ရစ်သော ရွာသူရွာသားများမှာ ဘေးလွတ်လုံခြုံရာ ပုလောမြို့နှင့် မြို့တိုမြို့သို့ ရွာလုံးကျွတ် ပြေးလွှားတိမ်း ရှောင် ခိုကပ်ခဲ့ကြရလေသည်။

ထိုစဉ်က ပြည်တော်သာ စီမံကိန်း မပေါ်ပေါက် သေးသည့်အတွက် ရိုင်ကယ်ဆယ်ရေး အဖွဲ့ကို ဖွဲ့စည်း လျက် ရိုင်ဝန်က ဥက္ကဋ္ဌအဖြစ်ဖြင့်ဝင်း၊ ထောက်ပံ့ရေး ဒေရာရှိက အတွင်းရေးမှူး အဖြစ်ဖြင့်ဝင်း၊ အခြားအရာ ရှိကြီးများနှင့် ဖဆပလ အဖွဲ့ခေါင်းဆောင်များ စေတ နာဝန်ထမ်း အသင်းအဖွဲ့ ကိုယ်စားလည်များ ပါဝင် ပြီးလျှင် ကယ်ဆယ်ရေး လုပ်ငန်းများကို အားတက် သရော ဆောင်ရွက်ခဲ့ကြပါသည်။

ထိုသို့ဒုက္ခတွေ့ ပင်လယ်ငေလျက် ရှိသော လူထု ကြီးအား နိုင်နင်း စံနစ်ကျနစွာ ပြုစုစောင့်ရှောက် နိုင်ရေးအတွက်-

၁။ ကြိုဆိုရေး လက်အောက်ခံ အဖွဲ့ငယ်။
၂။ နေရာချထားပေးရေး။
၃။ ပစ္စည်းဝေငှရေး။
၄။ ကျန်းမာမှု လက်အောက်ခံ အဖွဲ့ငယ်။
၅။ လုံခြုံရေး လက်အောက်ခံ အဖွဲ့ငယ်။

စသည့် အဖွဲ့ငယ်များ အားဖြင့် ဖဆပလအဖွဲ့ဝင်များ မီးသတ် လူငယ် အမျိုးသမီး ဗမက တရုပ်အမျိုးသား အမျိုးသမီး အဖွဲ့ဝင်များနှင့် ရိက္ခာထောက်ပံ့ရေး အ မှုထမ်းပျက် ပါဝင်စေပြီးလျက် တာဝန်ခွဲဝေ ထမ်း ဆောင်စေခဲ့ပါသည်။ ဤအသင်းအဖွဲ့ဝင်များ အပြင်

တသီးပုဂ္ဂလ အနေအားဖြင့် စေတနာထက်သန်စွာ ကူညီဆောင်ရွက် ကြသူများမှာ ဆရာဝန်ကြီးဟောင်း ဦးကျော်ဇံနှင့် ကွယ်လွန်သူ သမ္မာမိုင်္ဂဝန် ဦးကြည်ဝမ်တို့ ဖြစ်ပါသည်။

အဆိုပါ ဒုက္ခသည်များ၏ နေရေး ထိုင်ရေးစား ရေး သောက်ရေး ကျန်းမာရေး ကလေးများ ပညာ သင်ကြားရေး စသည့် ကိစ္စ ရပ်များကို လိုလေသေး မရှိအောင် နိုင်ငံတော် အစိုးရကယ်ဆယ်ရေး ရုံပုံငွေမှ သော်ငုံးမြို့လူထု၏ ဒါန ပါဝင်မှုများဖြင့် သော်ငုံး ပြုစုစောင့်ရှောက်ခဲ့ကြသည့်ပြင် ငုံးတို့၏ သက်မွေးဝမ်း ကျောင်းမှု အတွက် သတ္တုတွင်းများ၊ ကော်ပတ်ခြံများ တံငါလုပ်ငန်းများ၊ အစိုးရလမ်းပန်း အဆောက်အဦး ဌာနစသည်တို့တွင်လုပ်ငန်းများကိုရှာဖွေပေးခဲ့ပါသည်။

၁၉၅၀-ခုနှစ် နိုဝင်ဘာလ (၂၉) ရက် နေ့တွင် ကယ်ဆယ်ရေး ဝန်ကြီး ဦးသန်းဆောင် ကိုယ်တိုင် ကြွ ရောက်လာကာ၊ အထည် အဝတ် များကို ပုလောက်ရွာ ဒုက္ခသည်များအား ဝေငှခဲ့သေးရာ ထို ဒုက္ခသည်များမှာ ကျေနပ်ဖွယ်ဆုံး ဖြစ်နေကြပေသည်။

အိမ်ရှေ့ပူ-အိမ်နောက်မချမ်းသာ

အိမ်ရှေ့ပူ-အိမ်နောက်မချမ်းသာ ဆိုသည့်အတိုင်း မြို့ရိုင်းပြည်ဘော်သာ ကယ်ဆယ်ရေးလက်အောက်ခံ အဖွဲ့သည် မိမိရိုင်းတွင်း ကယ်ဆယ်ရေး လုပ်ငန်း များသာမက ၁၉၅၃-ခုနှစ် မတ်လအတွင်း အကြမ်း ကြမ် မီးဘေးဒုက္ခသည်များအတွက် အဖွဲ့ဥက္ကဋ္ဌ ခေတ္တ ရိုင်းဝန် ဦးချစ်စိန် ကြီးမှူးကာ အလှူငွေ ၁၅၀၀၀ နှင့် ခန့်ဖက်ပေါင်း ၂၄၀၀၀ တို့ကို ကောက်ခံ ပြီးလျှင် ရန်ကုန်မြို့ မတို မီးဘေး ဒုက္ခသည်များ ကယ်ဆယ် ရေး ဥက္ကဋ္ဌ ရန်ကုန် ခရိုင်ဝန်ထံ ပေးပို့ခဲ့ပါသေးသည်။

တနင်္သာရီ

၁၉၄၃-ခုနှစ်တွင် ကေ-အင်-ဒီ-အို မှားပင်လျှင် တနင်္သာရီ ချောင်းရိုးတလျောက် ရွာများကိုမွေနှောက် ပြန်သည့်အတွက် တနင်္သာရီမြို့နယ်များ၌ ရွာသူရွာသား အများ မြို့ပြသို့ ဝိုလ့်ံရန် ရောက်ရှိလာကြ သဖြင့် မဆွ နည်းဒေတိုင်း စံနစ်တကျ ထိန်းသိမ်း စောင့်ရှောက်ရ ပြန်ပါသည်။

ဘုတ်ပြင်း

၁၉၅၂-ခုနှစ်သည်ကား ဘုတ်ပြင်းမြို့နယ် အလှည့် ဖြစ်လေသည်၊ ထိုနှစ် ဇွန်လတွင် ဘုတ်ပြင်း မြို့အား ကေအင်ဒီအို ယိုးဒယား တောပုန်းများနှင့် ပဒ္ဓူး လူဆိုးများ ပူးပေါင်းတိုက်ခိုက်မှုကြောင့် ဘုတ်ပြင်းမြို့ ပေါ်နှင့် ဒေနီးအနား မြန်မာရွာများရှိ ရွာသူရွာသား များသည်၊ လှေကြီးလှေငယ်များဖြင့် မြို့တိုမြို့သို့ ပြေး လွှားခိုအောင်းရန် ရောက်လာ ကြပြန်သည်တွင် ရှေး နည်းအတူပင် စံနစ်တကျ ကြည့်ရှုစောင့်ရှောက် ပြုစု ကြရပြန်လေသည်။

တနင်္သာရီမြို့နယ်နှင့် ဘုတ်ပြင်းမြို့နယ်များတွင်ကား အစိုးရ တပ်မတော်သည် လျင်မြန်စွာပင် ရန်သူများ အား ပြန်လည်တိုက်ခိုက် ဖြိုခွင်းနိုင်ခဲ့သဖြင့် အဆိုပါ မြို့နယ်များမှ ဒုက္ခသည်များသည် မြို့တိုမြို့ဦ တာရှည် မနေကြဘဲ ၁-လမှ ၂-လ စသည် ခိုအောင်း နေထိုင် ကြပြီးလျှင် မိမိတို့နေရင်း ဒေသ အေးချမ်း အခြေကျ သည်နှင့် တပြိုင်နက် ပြန်သွားကြပါသည်။

ပုလောက်ရွာ ပြန်လည်ထူထောင်ရေး


သို့ရာတွင် ပုလောမြို့နယ် တွင်းရှိ ပုလောက် ဆင် ထိုးကြီး ကျောက်လုံးကြီး စသော ကျေးရွာ များကိုမူ သွားရေး လာရေး ခက်ခဲ လှသည်တကြောင်း၊ ရန်သူ အင်အား အစိုင်အခဲ တည်နေသည့် ဒေသများ ဖြစ် နေသည့်အတွက်ကြောင့် တကြောင်း၊ တပ်မတော်က ရွာတရက် ပြန်လည် မသိမ်း နိုင်ခဲ့သည့် အတိုင်း အဆိုပါ ရွာများမှ ဒုက္ခသည်တို့သည် ၁၉၄၉-ခုနှစ် မှသည် ၃-နှစ်ခန့် တိုင်တိုင် မြို့တိုမြို့တွင် စွဲမြဲကုတ်ကပ် မှီခိုနေကြ ရရှာပေသည်။

၁၉၅၂-ခု နိုဝင်ဘာလ ကုန်တွင်မှ ပုလောက်ရွာ ကို တပ်မတော်က ပြန်လည်သိမ်းပိုက် နိုင်ခဲ့သည့် အ တိုင်း ထိုအချိန်တွင်မှ ပုလောက်ရွာသူ ရွာသားများ အား ပြန်လည်နေရာချထားရေးကို စီစဉ်နိုင်ပါတော့ သည်။

၁၉၅၂-ခု ဒီဇင်ဘာလ (၀) ရက်နေ့တွင် မြို့တိုမြို့ ဂုက်ရုံ၌ ပုလောက်ရွာသူ ရွာသား ပြန်လည်ထူထောင် ရေးနှင့် နေရာပြန်လည် ချထားရေးအတွက် ထိုစဉ်က ခရိုင်ဝန် ဦးချစ်စိန်သည် လူထုစည်းဝေးတရပ် ခေါ် ယူကာ အသေးစိတ် ရှင်းလင်း ပြောပြချက် အရ မြို့တိုမြို့ ရှိနေကြသော ပုလောက်ရွာ ဒုက္ခသည် များကလည်း မိမိတို့ နေရင်း ရပ်ဌာန်သို့ ပြန်ကြရန်



ပုလောက်ရွာ စာသင်ကျောင်း



ခုက္ခသည်များ ပုလောက်သို့ ပြန်စခြင်

အတိုင်း ချုံနွယ် ပိတ်ပေါင်း တို့သာ ကျန်ရစ်ခဲ့သော ပုလောက်ရွာ ကလေးသည် ၂-လ အတွင်းတွင် နေချင့်စဖွယ် သာယာစည်ကား လာပြီးလျှင် တဲအိမ် ကလေးပေါင်း (၁၀၄) ဆောင်နှင့် ရွာသူရွာသား ပေါင်း (၅၀၀) ကျော်ပင် ရှိလာခဲ့ပါသည်။

ပိတ်ထားရသည့် မူလတန်း စာသင်ကျောင်း ကလေးကိုလည်း ရပ်ရွာ၏ ပြည်တော်သာ နည်းဖြင့် စုပေါင်းဆောက်လုပ်ထားသော ကျောင်းကလေးတွင် ၁၉၅၃-ခု ဇွန်လအတွင်းက ဖွင့်လှစ်နိုင်ခဲ့၍ ကျောင်းသား (၁၆) ယောက်ခန့် အထိပင် ရှိလာခဲ့လေပြီ ပုလောမြို့နယ် ပြည်တော်သာ အဲ့ဒကလည်း ကျောင်းသုံး စာအုပ် ကျောက်တံ၊ ခဲတံ စသည် တို့ဖြင့် ကူညီခဲ့ပါသေးသည်။

လုံးဝ ပျက်စီးသွားသော ဘုန်းတော်ကြီး ကျောင်းကိုလည်း ရွာသူ ရွာသားများက စုပေါင်းဆောက်လုပ် ပြီးစီးခဲ့သဖြင့် ကျောင်းထိုင်ဆရာတော်နှင့် အပေါင်းပါ သံဃာတော်များအား ပင့်ဆောင်ကိုးကွယ် ထားကြပါပြီ။

ငှင်းတို့၏ကျန်းမာရေးအတွက် ကျောက်ရောဂါ ဝမ်းရောဂါ ကာကွယ်မှု ဆေးများကိုလည်း ကျန်းမာရေး အင်းပိတ်တော်အား စေလွှတ်ထိုးနှံခြင်း၊ ရွာသူ ရွာသားများအတွက် ဆေးဝါး သင့်တင့် စုံလင်စွာ ပါရှိသော ဆေးသေတ္တာကို သက်ဆိုင်ရာ စစ်ဘက်ဆိုင်ရာ တာဝန်ခံနှင့် အပ်နှံပေးကမ်းဝေငှ စေခဲ့ခြင်း စသည်ဖြင့်လည်း ဖေဆာင်ရွက် ခဲ့သဖြင့် ဤမျှ သစ်တပင်ရင်း ဝါးတပင်ရိုင်အောက်မှ တစ တစ အိုးအိမ် တဲငယ်များ ပြန်လည် ထူထောင်ခဲ့ရ


သစ်ယဝိခသာ တဲငယ်များဖြင့်

သည့် ရွာသူရွာသားများမှာ ရောဂါဘယများမှ ဝေးကွာလျက် ကောင်းမွန်ကျန်းမာစွာ နှင်ကြပါသည်။

ဤသို့ ရွာ၏အင်္ဂါရုပ်များနှင့် တဖြည်းဖြည်း စုံညီလာခြင်းဖြစ်သော ပုလောက်ရွာ၏ စီးပွားရေး အခြေအနေမှာမူ မူလပြန်လည် သိမ်းပိုက် ရရှိခဲ့ချိန်ထက် များစွာ ထူးမခြားနား ဖြစ်နေသေးကြောင်းကို ဝမ်းနည်းစွာ ဖော်ပြအပ်ပါသည်၊ ရွာအပြင်ဘက် ၂-မိုင် ၃-မိုင်ထက် ပိုလွန်၍ ဘေးမကင်းနိုင်သေးသည့် အဖြစ်ကြောင့် ရွာမှ (၇) မိုင်ခန့်ကွာဝေးသော သတ္တုတွင်းပေါ်တွင် သာ အဓိကစီးပွားရေး လုပ်ငန်းအဖြစ် မှီဘင်းကြရရှာသော ပုလောက်ရွာ အတွက် ဂိုယ့်ခြေပေါ်တွင် ကိုယ်ရပ်တည်နိုင်သည့် အခြေအနေသို့ မရောက်ရှိသေးပါ၊ တံငါလုပ်ငန်းသည်၎င်း၊ လယ်ယာခြံမြေစိုက်ပျိုးရေး လုပ်ငန်းသည်၎င်း၊ ကော်ပတ် လုပ်ငန်းသည်၎င်း၊ လူဦးရေ (၅၀၀) ခန့် ရှိသော ရွာအတွက် ဖူလုံနိုင်လောက်သည့် စီးပွားရေးလုပ်ငန်းရပ်များ မဟုတ်သဖြင့် ၎င်းတို့သည် အခက်အခဲနှင့်ရင်ဆိုင်နေကြရပါသည်၊ ဤအချက်ကို ကောင်းစွာ သိရှိသော မြတ်ဧရိုင် ပြည်တော်သာ အဖွဲ့သည် ပြန်လည်ဆန်းစစ်ဆုံးဖြတ် ပေးပြီးသော ဒုက္ခသည်များအား ရက်သတ္တပတ် နှစ်ပါတ်ထက် ပိုရှိ ရိက္ခာများကို မထောက်ပံ့ရဟူသော ကယ်ဆယ်ရေး ညွှန်ကြားချက်ကိုပင် ဇွတ်မိုက် ဆန့်ကျင်ခဲ့ ရလျက် ယခုတိုင် ဆန်များကို ထောက်ပံ့ နေခဲ့ပါသည်။ ဤအခြေအနေကို ကောင်းစွာ သိရှိသော တနယ်ဘ၌ တိုင်းမင်းကြီးကလည်း ထောက်ခံ ပေးချက် အရ နိုင်ငံခြား အစိုးရ ကယ်ဆယ်ရေး ဌာနဝန်ကြီးကလည်း ဤသို့ ထောက်ပံ့မှုကို အထူး ကိစ္စတရပ် အနေဖြင့် အနှုံးအညွှတ် လိုက် လျော ခွင့် ပြုခဲ့ပါသည်။

ပုလောက်ရွာ တဝိုက် သတ္တုတွင်း တည်ရာဒေသများတွင် လုံခြုံမှုမရှိမချင်း ဤသို့ပင် သောင်မတင် ရေမကျ ဖြစ်နေမည် ဖြစ်သဖြင့် တိုင်းမင်းကြီးသည် ဤကိစ္စကို အရေးတယူ ဆောင်ရွက်လျက် ရှိနေသည်ဟု ကြားသိရပါသည်၊ မည်သို့ပင်ဖြစ်စေ လယ်ယာလုပ်ငန်း တိုးတက်မှုကိုလည်း တဘက်က ဖြစ်စေ၊ ၎င်းတို့၏ စီးပွားရေး ကိုလည်း တဘက်က ချောင်ချိစေလိုသည့် သဘောဖြင့် ၂၇-၆-၅၃ နေ့တွင် အိမ်ထောင်ပေါင်း (၁၇) အိမ်ထောင်ကို မျိုးစပါး (၁၆၁) တင်း၊ ထယ်သွား (၂၅) လက် လှိုင်တုံး (၆၃) တုံး လယ်ယာ အမေတော်ကြီး ၂၀၀၀ ကိုထုတ်ဝေဆောက်ပံ့ ခွင့်ပြုခဲ့ပါသည်။

ထို့ကြောင့် ဤစီးပွားရေးဘက်မှအပ ပုလောက်ရွာ ပြန်သည် ထူထောင်ရေးသည် ပြည်တော်သာ သရုပ်ဖော်ရေး၌ အချောသတ်၍ ဘောင်တင်ရန်သာ လိုတော့သည့် ပန်းချီကားချပ်အဖြစ်နှင့် မူပေါ်ထွက်လာပြီ ဖြစ်ပေတော့သတည်း။




ဒုက္ခသည် များအား ဝေဒနေပုံ

လိုင်စင်ရ ဓလေ့ ခြိန် ဟို သွားစိုက်ဆရာဝန်

ထားဝယ်စုရပ် မြတ်ဖြို
(၁၉၄၀-ခုနှစ်က စတင် ဖွင့်လှစ် တည်ထောင်သည်)

မြတ်ဖြို့ပေါ်တွင် အကောင်းဆုံးနှင့် ဈေးအသက်သာဆုံး ဖြစ်သည်၊ အထူးသဖြင့် ကျန်းမာရေးနှင့် ညီညွတ်စေသော နည်းများဖြင့် သွားများကို ပြုပြင်ပေးသည့်ပြင်၊ သွားစိုက်ဂိရိယာများကိုလည်း ခေတ်မှီအောင် သန့်ရှင်းစွာ ပြုလုပ်ထားပါသည်။

သင်တို့၏ မျက်နှာပန်း မွှင့်လန်းရေးအတွက် သွားများကိုဂရုလေ့အောင်ပြုပြင်ပေးဘို့ရာ တာဝန်ခံ၍ ဆောင်ရွက်ပေးနေပါကြို့။



မီးဘေး ကာကွယ်ရေး နှင့် ပတ်သက်၍ နိုင်ငံတော် အစိုးရ၏ ဆောင်ရွက်ချက်များ

မြန်မာ့ ထမင်းပွဲတွင် မပါလျှင် မပြီးသည့် ငါးပိ ငံပြာရည် အကောင်းဆုံး ထွက်ရာ ဒေသ ဖြစ် သော ကြောင့် မြိတ်-သို့မဟုတ် "ဘိတ်" ကို ပြည်တောင်စု တရပ်လုံး ဒေသတိုင်းမှ သိရှိကြ၏။ ဤသည်သာမက သေး ခဲ သံ စသော သတ္တုများနှင့် ကော်ပတ်လည်း အမြောက် အများ ထွက်ပေ သေးသည်။ မြေပေါ် မြေအောက် သယံဇာတ ပစ္စည်းများ ပေါကြွယ်ရာ ဒေသ လည်း ဖြစ်နေသဖြင့် ပြည်တော်သာခေတ်နှင့် မြိတ်ရိုင်းသည် ပဏာတင်နေပေသည်။

ဘာသစ် စခန်းသို့ တက်သွမ်း ရာတွင် မြိတ်ရိုင်းသည် ရွှေတန်းမှ ဆောက်ရှိနေ သည်ကို ကိုယ်တိုင် တွေ့မြင်ခဲ့ရသော ကြောင့်လည်း အားရဝမ်းမြောက်လှပေသည်၊ သို့သော် ဥစ္စာစောင့် သိုက် ပွင့်လှလှတွင် အဖျက်အဆီး ယက္ခ ကုမ္ပန် တို့ ရှိတတ်သည်နည်းတူ ပြည်တော်သာ ခရိုးလမ်းတွင် ရန်သူများလည်း ရှိတတ်သဖြင့် မျက်ခြေမပြတ်သင့်ပေ သတိမပေါ့သင့်ပေ။

အဆိုပါ ဒို့ရန်သူကား အသူနည်း။ လူကြီးသူမများ ပြောကြသော ရန်သူမျိုး ငါးပါးတွင် (မင်း) ပေလော မဟုတ်ပါ ဇွန်းလေစွ ပြည်တော်သာခေတ်တွင် တိုင်းပြည်အုပ်ချုပ် မင်းလုပ်သော အစိုးရသည် ရန်သူမဟုတ်သည့်ပြင် ငါတို့၏ အကျိုးကို ပြုနေသော ဒိတ်ဆွေစစ်ငင် ဖြစ်သည် 'မင်း' မဟုတ်လျှင် 'ရေ' လော။ 'ရေ' သည်လည်း ငါတို့အား ကြီးမားသော အန္တရာယ်ကို ပြုစွမ်းနိုင်သေး သို့တည်းမဟုတ် 'ခိုးသူ' နှင့် 'မေ့ချော် မနှစ်သက်သူ' များလော။ ဤသို့ လည်း မဟုတ်သေးပါ။ တိုင်းပြည်ကို မချစ် သဖြင့် သောင်းကျန်းနေသော ခိုးသားထားပြ မောင် သောင်း ကျန်းတို့၏ ရန်ကိုလည်း ငါတို့တစ်မတော်က အောင်မြင်စွာ ဖြိုခွင်းနေခဲ့ပြီ၊

ထို ကြောင့် အကြီးမားဆုံးသော ဒို့ရန်သူသည် မီးပင်ဖြစ်ပေသည်။

အစီရင်ခံစာ များအရ ၁၉၇၃ ခုနှစ် ပြည်တော်သာနှစ် ၆ လ ကာလ အတွင်းပင်လျှင် မီးဘေးခံကြောင့် ဆုံးရှုံးမှုသည့် ပြည်ထောင်စုအား ငါးကုဋေ ငါးသန်း သုံးသိန်း ငါးသောင်း ငါးထောင် တရာ့ တဆယ်ကျပ် ထိခိုက်ဆုံးပါးခဲ့သဖြင့် ပြည်တော်သာ၏ အကြီးမားဆုံးဒသာ ရန်သူမှာ မီးဖြစ်ကြောင်း ထင်ရှားနေပေပြီ။

ဤအရေးကို မြော်တွေး၍ ဤရန်သူကြီးကို ဖြိုခွင်းရန်အတွက် နိုင်ငံတော် အစိုးရက—


(၁) ၁၉၅၁-ခု မီး သတ် ဝန် ထမ်း နှင့် မီးသတ်အဖွဲ့ အက်ဥပဒေကို ပြဋ္ဌာန်း အတည်ပြုခြင်း။

(၂) နိုင်ငံတော် အစိုးရ မီးသတ်ဌာနဟူ၍ ဖွဲ့စည်းခဲ့ခြင်း။

(၃) ရိုင်း မီးသတ်အရာရှိများကို အစိုးရက ခန့်အပ်ခဲ့ခြင်း။

မကြာ ခြင့်မီ အခါ အဝင်း မြို့ နယ် မီးသတ် အရာရှိ ရဲဘော်များ ကို အမိုးရ အမှုထမ်းများအဖြစ် ဒန်ထားရန် စီစဉ် စိုင်း ပြင်း နေခြင်း။

(၄) တနိုင်ငံလုံးရှိ စေတနာဝန်ထမ်း မီးသတ် အဖွဲများအား မီးသတ် ဂ်ရိယာ ပစ္စည်း များကို ငေ့ဖြန့်ပေးဖြူးခဲ့ခြင်း။



ထန်းရက်ခြောက်မီးသတ် အဖွဲ့အား ဆောက်ပုံ သော မီးသတ်မန္တလေးပုံး။

မကြာမီ အတွင်း ပိုမို ခေတ် မှီ သော မီးသတ်စက်များ မော်တော်ယာဉ် များကို ခရိုင် များ သို့ ပို့လွှတ်ရန်အတွက် တည် ဆောက်နေခြင်း။

(၅) မြန် မာ ပြည် နှင့် သင့် လျော်မည့် မီးသတ် ဂ်ရိယာများကို ဝန်ကြီး ဗိုလ်မှူးခေါင် အဝယ်တော် အဖွဲ့ သည် နိုင်ငံခြားသို့ သွားရောက်ဝယ် ယူနေခြင်း။

(၆) ခရိုင်နှင့် မြို့နယ်များတွင် နိုင်ငံတော် အစိုးရက မီးသတ် အဆောက်အဦး ဌာန မျော်စင်များ ဆောက်လုပ်ပေး ရန်ကြံရွယ်ထားခြင်း။

စသည်တို့ကို ဆောင်ရွက်နေရာ နိုင်ငံတော် အစိုးရ ၏ စေတနာကို သိရှိလောက်ပါပြီ။

သို့သော် "ပြည်တော်သာရေးသည်၊ လူတိုင်း အရေး" "အစိုးရသည် လူထု လူထုသည် အစိုးရ" စသည့် ကြွေကြော်သံများ ပဲ့တင်ထပ်နေသည့် ဤ ပြည်တော်သာ ခေတ်ဝယ် နိုင်ငံတော် အစိုးရက စေတနာထားသည်နှင့် အမျှ လူထုသည်လည်း သတိ ပေါ့လျော့ လစ်ဟင်းမှု မရှိစေဘဲ စေတနာဝန်ထမ်း မီးသတ်အဖွဲများအား အခါသင့်အခွင့်သာသလို မြေ တောင်မြောက် ထောက်ပံ့ အားပေးခြင်းဖြင့် ပြည် ဒေါ်သာ၏ ရန်သူ ငါတို့၏ ရန်သူ "မီး" အား ချေမှုန်းဖြိုခွင်းကြပါစို့။

ယုံ ကြည် စိတ် ချ ရ သော

ပွဲစားကြီး ဦးမောင်ဝယ်

ဖြတ်မြို့နှင့် ရပ်ရွာအတွင်းမှ ထွက်ကြသော စိမ်းစား ငါးပိ အမျိုးမျိုး၊ ငံပြာရည်၊ ငါးခြောက် များနှင့် ဘူးရင်းပို အမျိုးမျိုးတို့ကို လွန်ခဲ့သော နှစ်ပေါင်း (၅၀) ကျော်မှ စတင်ခေါင်းဝယ် ဖေါက်ကား လာခဲ့သော ပွဲစားကြီး ဦးမောင်ဝယ်၏ လုပ်ငန်းများသည်။

(၁) အထက်အောက် မြန်မာပြည် အဝှမ်းတွင် မှန်ကန်တည်ကြည်မှုအတွက် နာမည်ကျော်ကြားခြင်း။
(၂) ဖေါက်သည်ကောင်းတို့၏ အားထားယုံကြည် ခံရခြင်း၊
(၃) လုပ်ငန်း အရပ်ရပ်တွင် ကိုယ်တိုင်ကြပ်မတ် ဂရုတစိုက် ဆောင်ရွက်ခြင်း။
(၄) ငွေရေးကြေးရေးတွင် "ပြား" က အစ စိတ်ချရခြင်း။
(၅) လုပ်ငန်းတွင် စနစ်တကျ ကျွမ်းကျင် နားလည်မှု ရှိခြင်း။
(၆) ဈေး ရိပ် ဈေးကဲ နားလည်ခြင်း၊ အရေးအခင်းများကို တင်ကြိုရှင်မြင်ခြင်း။

တိုတိုသော စိသသများဖြင့် နာမည် အစဉ်သဖြင့် ဝင်းပြောင်ခဲ့သော ပွဲစားကြီး ဦးမောင်းဝယ် နှင့် ဆက်သွယ်ကြည့်ပါ။

BANKES
"INDIAN OVERSEAS BANK"
(သံကြိုးသင်္ဘော ပွဲစားကြီး) တယ်လီဖုန်းနံပါတ် S. 34.

ဦးဒမောင်ဝယ်-ဒဂုံ မြေသန်း
ပွဲစားကြီး
အမှတ်-၁၀၄ ဗိလပုံနီလမ်း ရန်ကုန်မြို့။



တောင့်တင်းမှုကို မြတ်သို့ကြရောက်လာစဉ်က ကိုယ်တိုင်မြင်သွားသော နိုင်ငံတော်ဝန်ကြီးချုပ် ကပင် တအံ့တသြ ချီးကျူး ခဲ့ပါသည်။ မြတ်မြို့တွင် မီးသတ်အဖွဲ့ပေါင်း (၁၃) ဖွဲ့ ရှိ၍ အဖွဲ့ဝင်ပေါင်း (၂၀၃) ယောက် ရှိပါသည်။ ''မီးသတ်အဖွဲ့သည် အရံတပ်မတော် ဖြစ်ရမည်'' ဆိုသော ပြည်လဲ့ရေးဝန်ကြီးဦးလှဒင်မောင်လေး မိန့်ကြားချက်ကို မြတ်မြို့သို့ ကော အင်ဒိအိုများ ၁၉၅၁ ခုနှစ်တွင် ဝင်ရောက်စဉ်က မြတ် မီးသတ် အဖွဲ့က ထိုရန် သူများ ကို အောင်မြင် စွာသုတ်သင် လိုက်ခြင်းဖြင့် လက်တွေ့အကောင် အထည် ဖော်လိုက်ပါသေးသည်။

''မြတ်ခရိုင် မီးဘေးကာကွယ်ရှု ဆောင်ရွက်ချက်များ''

တိုင်းပြည်၏ ငြိမ်ဝပ်ပိပြားမှုကို လက်နက်ကိုင် တပ်မတော်သည် ရင်မြေကတုတ်လုပ်လျက် ထိန်းသိမ်းကာကွယ်ရသကဲ့သို့ အပြုလုပ်ငန်းနှင့် ထူထောင်ရေးလုပ်ငန်း သက်သက်သာဖြစ်သော ပြည်တော်သာ စီမံကိန်းကိုဖျက်ဆီးမည့် မီးလောင်ကျွမ်းမှုကို ထိန်းသိမ်း ကာကွယ်ရသည့် မီးသတ်အဖွဲ့ကို ပြည်တော်သာ တပ်မတော်ဟု ခေါ်ဆိုလျှင်လည်း ခေါ်ဆိုနိုင်စကောင်းဘွယ်ရာ ဖြစ်ပေသည်။

သမင်မွေးရင်း ကျားစားရင်း

ကျောင်းကန်များ အဆောက် အဦးများ အိုးအိမ်များကို ပြည်တော်သာ စီမံကိန်းအရ မြေးနားထည် ဝါစွာ ပြန်လည် ထူထောင်ပြီးချိန်တွင် ရန်သူမီး၏ ခွင်စက်ကလူ ပြုမူချက်ကို ခံလိုက်ရပါက တပင်တပန်း ကြိုးစားခဲ့ရသော အောင်မြင်မှုများသည် သဲထဲရေသွန်ဖြစ်သွားဘွယ်ရာ ရှိပေသည်။ တနည်းအားဖြင့်ဆိုသော် သမင်မွေးရင်း ကျားစားရင်းဆိုသကဲ့သို့ ပြည်တော်သာ စခန်းသို့ ရောက်နှောက်နှေး ကြန့်ကြာဘွယ်ရာ ဖြစ်ပေသည်။

မြတ် မီးသတ်

ဤအချက်ကို မြတ်လူထုက ကောင်းစွာ သဘော ပေါက်ကြောင်းမှာ မြတ်မီးသတ်၏ တောင့်တင်းမှုက ထင်ရှိုင်းအံ့မာ သာဓက ပြနေပါသည်။ မြတ်မီးသတ်၏ ဆောင်ရွက်ချက်များသည် တန်ဖြိုးလုံးရှိ အမှီကသရိုက်

များကို ဖြိတ် သန့်ရှင်းရေးနေဟု သတ်မှတ် ထားသော ၁၉၅၃-ခု ပြေလ(၁၀)ရက် နေ့တွင် မော်တော်လေးလီ (၂၂)စင်းနှင့် ရှင်းလင်း ခဲ့ပါသေးသည်။

ထို့အပြင် အိမ်တိုင်း မီးကပ်၊ မီးချိပ်၊ ရေပုံး၊ သဲပုံး၊ ထားရှိရေး၊ မီးလောင်စာ ရှိသည့် အိမ်များအား လောင်စာများကို ဖယ်ရှားပြောင်းရွှေ့ရေး မီ.ဖိုတိုင်းကို ရပ်ကွက် လူကြီးများ ရပ်ကွက် ဖ-ဆ-ပ-လ ခေါင်းဆောင်များ ရပ်ကွက်မီးသတ် အဖွဲ့ဝင်များက လိုက်လံ ကြည့်ရှု စစ်ဆေး၍ အကြံပေးခဲ့ခြင်း၊ မီ.ကင်းများကို ပိုမိုကြပ်ကြပ်ညှာ အစောင့်ချထားခြင်း၊ မီးကို သတိထားရန် နံရံကပ် ကြော်ငြာ ရုပ်ရှင်ရုံ အသံ ချဲစက်များဖြင့် တဖွဖွ သတိပေးခြင်း၊ မီးကို ပေါ့ဆစွာ ကိုင်တွယ်သူများနှင့် မီ ရှိုသူများအား ပေးမည့် ဒဏ်များကို ပုံနှိပ်ဝေငှ သတိပေးခြင်း စသည့် ကြိုတင် ကာကွယ်မှုများကိုလည်း အပူတပြင်း ဆောင်ရွက် ခဲ့ပါသည်။

"မိုးမပို့ဘူး ပြုခဲ့သော်" ဆိုသည့် စကားအတိုင်း ဤ ကြိုတင်ကာကွယ် မှုများ ကြားထဲမှ မီးလောင်ခဲ့သော် တိုက်ပွဲတွင် ရန်သူနှင့် စစ်ဆင်နည်း အတိုင်း စံနှစ်တကျ ခုခံရန် အချက်ပြရေး ရပ်ကွက် အလိုက် ထိန်းသိမ်းရေး၊ လုံလောက်သော ရေရရှိရေး၊ မီးလောင်ရာသို့ လွယ်လင့် တကူ သွားလာ နိုင်ရေး၊ ရပ်ကွက်ခွဲခြား တာဝန်ဝေငှချထားရေး၊ တောကြောင်နှင့် အချောင်သမားများအား နှိမ်နင်းရေး၊ မီးသတ် စစ်ကူ ဖြည့်တင်းရေး စသည့် အသေးစိတ် အစီအစဉ်များကိုလည်း ထိုစဉ်က ခေတ္တ ရှိုင်ဝန် ဦးချစ်စိန် စစ်ဝန်ထမ်း တပ်ရင်းမှူး ဗိုလ်မှူ ကျန်တော်နှင့် မြိတ် မြို့လုံးဆိုင်ရာ မီးသတ်အဖွဲ့ ဦ.စီ.အမှုဆောင်များသည် တိုင်ပင် နေးဆွေးလျက် မီးသတ်အဖွဲ့တိုင်းသို့ လှည့်လည် ပြောဟော ညွှန်ပြခဲ့ပါသေးသည်။

မြို့နယ်များတွင်

တနင်္သာရီ ပုလောနှင့် ကော့သောင်း မြို့နယ်များ တွင်လည်း အထက်ပါအတိုင်း မီးသတ် ရေလှောင်ကန် များကို ၂လုံး ၆လုံး ၂လုံးစီနှင့်အသီးသီး ပြည်တော်သာ အဖွဲ့များက ကြိုးကြပ်တူးဖေါ် ဆောက်လုပ်ပေး ခဲ့သည့်ပြင် လိုအပ်သော ကြိုတင် ကာကွယ် မှုများကို လည်း ပြုလုပ်ခဲ့ပါသည်။

အသီးအပွင့်

ဤသို့ ကြိုးပမ်းမှုကြောင့် ပုလောမြို့တွင် ၁၁၊၁၀၂ နေ့က ကမ်း နားလမ်းရှိ တဲအိမ်ငယ် ၅လုံး တန်ဘိုး ၃၄၇၀ ခန့် မီးလောင်ဆုံးရှုံးမှုမှတပါး တခြိုင်လုံးတွင် ၁၉၅၃ ခုနှစ် အတောအတွင်း မီးဘေးကြောင့် အဆုံး အရှုံး မရှိလိုက်ရပေ၊ အောင်မြင်လျက်ရှိသော မြိတ်ခရိုင် ၏ ပြည်တော်သာ လုပ်ငန်းကို ဤသို့ ကာကွယ်နိုင်ခဲ့ သဖြင့်လည်း တင်းတိမ်ကျေနပ်မိပါသည်။

လာမည့်နှစ်တွင် မြိတ်မြို့၌ ၄၇၀၀၀ တန် မီးသတ် အဆောက်အဦးဘဏ္ဍာကိုငုံး ပုလော တနင်္သာရီနှင့် ကော့သောင်းမြို့နယ် အသီးသီး တို့ ဒေတွက် ၇၇၀၀ တန် မီးသတ် အဆောက်အဦး များကိုလည်း နိုင်ငံ ဘော် အစိုးရထံတွင် ရှိုင်ပြည်တော်သာနှင့် တိုင်း ပြည်တော်သာ အဖွဲ့များက ထောက်ခံတောင်း ဆိုပေး ထားရာ ရရှိလိမ့်မည်ဟု မျှော်လင့်ပါသည်။

ဤသို့အားဖြင့် ၁၉၅၂- ၅၃ ခုနှစ် မြိတ်ရှိုင် ပြည် ဘော်သာ လုပ်ငန်းများကို နှောက်ယှက် ဖျက်ဆီးမည့် ရန်သူမီးအား အောင်မြင်စွာ ကာကွယ်နိုင်ခဲ့သည့် နည်း တူ လာမည့် နှစ်များ တွင်လည်း ခဘက ထမ်း ပိုး တိုးတက်ကြိုးပမ်းကာကွယ်ရန် အဓိဋ္ဌာန်ပြု အားယူ လျက် ရှိနေကြပါသတည်း။

ဖြိတ်-ခ်ိတ်ဆက်ပွဲရုံ

၅၅၆- ကမ်းနားလမ်း ၀၀-လွန်းထိပ် ရန်ကုန်မြို့

စိမ်းစားငါးပါ၊ ငိမ်းစားငံပြာရေ၊ မြိတ်ငါးခြောက်အမျိုးမျိုး၊ မြိတ်ပုဇွန်ခြောက်နှင့်၊ မြိတ်မြို့ ရာသီအလိုက် တွက်ကုန် အမျိုးမျိုးများကို အဘိုးနှုန်းချိုသာစွာဖြင့် ရောင်းချနေပါ၍၊ ရပ်ဝေး-ရပ်နီးနေ မိတ်သင်္ဂဟ ဒေါ်ငါးတို့ ယခုနှ ကြွရောက်ဝယ်ယူ မိတ်ဆက်တော်မူကြပါ။

လျှပ်စစ်ခါတ်မီး

ဦးအံ့နိ-ဖြတ် ရွှေနီစပ်ဂါယ ဥက္ကဋ္ဌ
ရေးသည်

"ထွန်းညိမ်း" ကုမ္ပဏီဟုဆိုလျှင် မြို့တွင်သူ မြို့တွင်သား များသောအားဖြင့် မြို့တွင်သို့ ရောက်ဘူးသည့် အစိုးရ အရာရှိကြီးများတိုင်း ကောင်းစွာသိနှင့်ကြပါသည်။

"ထွန်းညိမ်း" ကုမ္ပဏီမှာ ပိုးထည် တိုက်ဆိုင်ကြီး မဟုတ်ပါ၊ ပုလဲ ကနုကမာ ရောင်းသော အလှပစ္စည်း ကုမ္ပဏီဟူ၍လည်း မမှတ်ယူပါလင့်၊ ကော်ပတ် သတ္တုများ ရောင်းဝယ်နေသော ကုမ္ပဏီကြီးလည်း မဟုတ်ပါ။

"ထွန်း-ညိမ်း ဆိုသည်မှာ ထွန်းပြီး မကြာပို့ အတွင်း ငြိမ်းသွား တတ်သော တခါတရံ ၃-ရက်ခန့် ထွန်းရပြီး ၄-ရက်ခန့် ငြိမ်းနေ တတ်သော မြို့တ် လျှပ်စစ် ဓာတ်အား ပေးရေး ကုမ္ပဏီ ကို အမည်သစ် သမုတ်ထားခြင်း ဖြစ်ပါသည်၊ ဤမျှနေးရလျှင်ပင် မြို့တ်မြို့၏ လျှပ်စစ် ဓာတ်အားပေးရေး အခြေ အနေသည် သိသာ ပေါ်လွင်လောက် ပေသည်။

သို့သော် မြို့တ်မြို့ လျှပ်စစ် ဓါတ်အား ပေးရေး ကုမ္ပဏီမှာ ၎င်း၏ နောက်ကြောင်း ရာဇဝင်ကို လေ့လာပါလျှင် အပြစ်မဲ့ဆိုသာပါ။

မြို့တ်မြို့ လျှပ်စစ် ဓာတ်အား ပေးရေး ကုမ္ပဏီဟူ၍ မြို့တ်မြို့ သူဌေးကြီး ၂-ဦးက ၁၉၂၃- ခုနှစ်တွင် စတင် တည်ထောင် ခဲ့လျက်၊ နိုင်ငံတော် အစိုးရထံမှ ဘန့် (၂၅) လိုင်စင် ခံယူကာ မြို့ပေါ်ရှိအိမ်များ ဆိုင်ကနား များနှင့် မြို့နှစ်ပါယ်လမ်း အချို့ကိုပါ ဒုတိယ ကမ္ဘာ စစ်ကြီး ဖြစ်ချိန် ၁၉၄၁-ခုနှစ် အထိ လျှပ်စစ်ဓာတ် အားကို ကောင်းမွန်စွာ ပေးစွမ်းနိုင်ခဲ့ လေသည်။

အပျက်အစီး

စစ်အတွင်း တိုင်းပြည်နှင့်အဝှမ်း ပျက်စီး ခဲ့ရသည် တွင် မြို့တ်မြို့လည်း မလွတ်ကင်းခဲ့ ရကား ၎င် လျှပ်စစ် ဓာတ်အား ပေးရေး ကုမ္ပဏီလည်း များစွာ ထိခိုက် ဆုံးရှုံး ခဲ့ရလေသည်။ ၁၉၄၅-ခုနှစ် မဟာမိတ် ဆို သော အင်္ဂလိပ် အမေရိကန် မုဟ်ကြဲလေယာဉ်များ၏ တိုက်ဖိုက် မုဟ်ကြဲမှုကြောင့် ကုမ္ပဏီပိုင် အဆောက် အဦးသည် တိုက်ရိုက် ထိမှန်ခြင်း ခံရသဖြင့် များစွာ နစ်နာ ပျက်စီးရပါသည်။

စစ်အပြီးတွင် ကုမ္ပဏီသည် ရတတ်သမျှ ပစ္စည်း ကိရိယာ အတိုအစများကို စုဆောင်း စပ်ဟပ်လျက် ပြန်လည်ပြုပြင် မောင်းနှင်ရာတွင် ချို့ယွင်းနေပြီ ဖြစ် သော စက်များမှ ဆီများ ယို ဖိတ်လျက် "မီးလောင်ရာ လေပင့်" "ဘူလေးရာ-ဖရုံဆင့်" ဆိုသကဲ့သို့မီးသင့် လောင်ကျွမ်းပြန်သဖြင့် ထပ်မံ ပျက်စီးရ ရှာပြန်လေ သည်။

မှောင်နှင့် မဲမဲ

ဤသို့မုဟ်ကြဲခြင်းကိုခံရသည့်ပြင် မီးနှစ်ခါ အလောင် ခံရသော မြို့တ်မြို့ လျှပ်စစ်ဓာတ်အားပေးရေး ကုမ္ပဏီမှ စက်သည် အဘယ်မှာလျှင် ကောင်းနိုင်တော့ဘဲနည်း၊ ဓါတ်အားကိုလုံလောက်စွာပေးနိုင်စွမ်းမရှိသောကြောင့် မြို့နှစ်ပါယ်လင်းများမှာလည်း ညအချိန်ဆိုလျှင်မှောင်နှင့် မဲမဲသာ ဖြစ်ရပေတော့သည်၊ အိမ်များ ဆိုင်ကနားများ မှာလည်း လင်းတလီ မှောင်တခါ ထွန်းဘချို ငြိမ်းတ လှည့် ဖြစ်နေရသဖြင့် လျှပ်စစ် ဓာတ် အားပေး ရေး ကုမ္ပဏီ အပေါ်တွင်အာ မလို အားမရဖြစ်သည့်အတိုင်း "ထွန်း ညိမ်း" ကုမ္ပဏီဟူ၍ အမည်မှည့် ခေါ်ကြခြင်း ဖြစ်ပါသည်၊ အချို့ ငွေကြေး တတ်နိုင်သူတို့မှာကား ကိုယ်ပိုင် စက်ကလေးများကို ဝယ်ယူတပ်ဆင် မောင်း နှင်လျက် မိမိတို့အိမ်အတွက် လျှပ်စစ် ဓာတ်မီးများကို ထွန်းစပြုကြပါသည်။

လူထု ဆန္ဒ

ဤသို့ ကိုယ်ပိုင်စက်ကလေးများ ဖြင့် ထွန်းညှိခြင်းဌါ မတတ်နိုင်ကြ ရှာသူများမှာမူ ကောင်းမွန်သော လျှပ်စစ် ဓာတ်အား ပေးရေးကို ပြင်းပြစွာ တောင့်တလာကြပေ သည်။

မြို့ရေး ရွာရေးကွင် စိတ်ပါဝင်စား ကြသော မြို့မိ မြို့ဘတစုတို့ကလည်း မြို့လူထု၏ တောင့်တ မှုကို သိရှိ လာကြသည်ပြင် မှေးမှိန်ဖြော့တော့သော လျှပ်စစ်ဓာတ် ကြောင့် ရန်သူ သောင်းကျန်းသူများ လူဆိုး သူဆိုးများ

မေတ္တာ ရပ်ခံချက်

ဤပြဿနာကြီးချက်ကို ရရှိသော အခါ မြိတ်မြို့ လျှပ်စစ် ဓာတ်အား ပေးရေး သမဝါယမ လီမိတက်သည် ၁၉၅၃-ခုနှစ် ဇွန်လ ၂၃-ရက် နေ့တွင် အထူး စည်းဝေးပွဲတရပ်ကို ခေါ်ယူကျင်းပလျက် ဆွေးနွေးဝေဘန်ကြပါသည်။

အဆိုပါ စည်းဝေး ပွဲတွင် လျှပ်စစ် ဓာတ်အား ပေးရေး လင်ဒန်းဒေတွက် ခန့်မှန်းခြေ ကုန်ကျ ငွေမှာ ၅-သိန်းနှင့်ဖြစ်၍ ဤမျှကြီးမားသည့် ငွေပင် ငွေရင်းကို မြှုပ်နှံရမည့်အတွက် နိုင်ငံတော်အစိုးရက ခွင့်ပြုသည့် ၅-နှစ်တာမျှသော အချိန်သည် လွန်စွာပင်တိုတောင်းနည်းပါး လွန်းသည့်ပြင် လိုအပ်သော ဓာတ်အားပေး စက်များကို နိုင်ငံခြားမှ မှာ ယူ ရ မည် ဖြစ်ခြင်း၊ အဆောက်အဦးများကို ခိုင်ခန့် သပ်ယပ်စွာ ဆောက် လုပ်ရမည့် ဖြစ်ခြင်း၊ အခြား ငွေသည်း ငွေယ များကို စုဆောင်းရမည့် ဖြစ်ခြင်း၊ ကျွမ်းကျင်သော အလုပ် သမား များ ကို လည်း ရှာဖွေ ရမည့် ဖြစ်ခြင်း၊ စသည့် ကြောင့် လေး သော ဆောင်ရွက်ဘွယ် ကိစ္စ ရပ်များကို ဆောင်ရွက်ရန်မှာ နိုင်ငံတော် အစိုးရက နှစ်ရှည် လိုင်စင်ကို ထုတ်ပေး ချီးမြှင့် မှသာလျင် ဖြစ် ဘွယ်ရာ အကြောင်းရှိသဖြင့် နိုင်ငံတော် အစိုးရက အဆိုပါ လိုင်စင်ကို ယခုခွင့်ပြု ထားသည့် ၅-နှစ်မှ အနည်းဆုံး ၁၅-နှစ် အထိ တိုးမြှင့်ခွင့် ပြုပါမည့် အကြောင်း လျှောက်ထားရန် ဆုံးဖြတ် ခဲ့သည်နှင့် အညီ ၁၉၅၃-ခု၊ ဇွန်လ ၂၇-ရက်နေ့တွင် အထက်ပါ အတိုင်း နိုင်ငံတော်အစိုးရထံ သက်ဆိုင်ရာမှ ပြန်လည် စဉ်းစား ဆုံးဖြတ် ပါရန် ထပ်မံ လျှောက်ထား ခဲ့ပါသည်။

မြိတ်လူထုကလည်း မိမိတို့၏ စွမ်းအားဖြင့် တတ် စွမ်းသလောက် မိမိတို့မြို့ရွာ စည်ပင်ရေး၊ သက်သာ ချောင်ချိရေး တည်းဟူသော ပြည်တော်သာ သဘော တရား ပါဝင်နေသည့် ဤလုပ်ငန်းကို အားယူ ကြိုးပမ်း နေရာဝယ် နိုင်ငံတော်အစိုးရက လည်း ပြည်တော်သာ အစိုးရ ဝီဒီ မြိတ်လူထု၏ ဆန္ဒကို လိုက်လျော ကူညီ ပေးပါရန် မေတ္တာရပ် ခံလျက် နိဂုံး ချုပ်လိုက်ပါသည် တည်း။

အတွက် အဆင်ပြေမည့် ဖြစ်သည်နှင့်အမျှ မြို့၏ ကြက် သရေမှာ လွန်းလင်း သင့်သလောက် ထွန်းလင်းမှု မရှိ ခြင်း စသည်ဝိုက်ကို သတော ပေါက်လာကာ လျှပ်စစ် ဓာတ်အားပေးရေး ကိစ္စတွင် စိတ်ပါဝင်းစား လာခဲ့ကြ ပါသည်။

မြိတ်ရှိ လျှပ်စစ် ဓာတ်အားပေးရေး သမဝါယမ အသင်း

ထိုကြောင့် ၁၉၅၂ ခု အောက်တိုဘာလတွင် မြို့ပေါ် ရှိ လူကြီးလူကောင်းများ ဖြစ်ဆပါလ၊ အဖွဲ့ဝင်များနှင့် ရပ်ကွက် ကိုယ်စားလည် တို့သည် ဧရေးကာ လျှပ်စစ် ဓာတ် အား ပေး ရေး ပြဿနာကို ဆွေးနွေး ဩွားလျှင် သမဝါယမ အခြေစနစ်ဖြင့် တည်ထောင် လုပ်ကိုင်မည့် လျှပ်စစ် ဓာတ်အားပေးရေး သမဝါယမအသင်း လိဒ် တက်ကို တည်ထောင်ဖွဲ့စည်းခဲ့ပါသည်။

ဤအဖွဲ့သည် မြိတ် မြို့သူ မြို့သား များ၊ အ တွက် လျှပ်စစ် ဓာတ်အားကို ကောင်းမွန် လုံလောက်စွာနှင့် သက်သာချောင်ချိစွာ သုံးစွဲစေရန်၎င်း မြို့ပြစည်ပင်သာ ယာရေး မြှင့်မြှင်းခြင်းရေးစသော ပြည်တော်သာရေးကို ရှေ့ရှုထား သည့်ပြင် လူတိုင်း တယောက် သို့မဟုတ် လူတစုံ၏ အကျိုးစီပွား ဖြစ်ထွန်းရေး မဟုတ်ဘဲ မြို့နေ လျှပ်စစ် ဓါတ် သုံ စွဲသူတိုင်း ပိုင်ဆိုင်ခွင့် ရှိစေမည့် သမဝါယမ အခြေခံ သဘောတရားနှင့် လျော်ညီစွာ ဖွဲ့စည်းအပ်သည်ဖြစ်၍ လူများစု အထူးသဖြင့် ဆင်းရဲ သား လူဘန်းစား များ အစုဝင်ငွေများကိုသာ ဦးစား ပေး ခေါ်ယူလက်ခံမည့် ဖြစ်ပါသည်၊ ဆင်းရဲသားများ ပါဝင်နိုင်ရအောင်လည်း တစုလျင် ငွေ ၁၀ သတ်မှတ် လျက် သင်္ကေးများ လက်ဝါးကြီး အုပ်ခြင်းမှ တားဆီး ကာကွယ်ရန် အလို့ငှါလည်း လူတယောက်လျှင် အစု ငွေ-၃၀၀၀ ထက် ကျော်လွန်၍ မပါဝင်ရန် ကန့်သတ် ချုပ်ချယ်ထားပါသည်။

ဤသို့ စနစ်တကျ ဖွဲ့စည်း၍ သမဝါယမ မင်းကြီး ထံတွင် မှတ်ပုံတင်ပြီး ဖြစ်သော ဤအဖွဲ့အား မြိတ်မြို့ လျှပ်စစ် ဓာတ်အား ပေးရေး ကုမ္ပဏီ၏ လိုင်စင် သက်တန်း ကုန်ဆုံးသော ၁၉၅၃-ခုနှစ် ဇူလိုင်လ ၁၀-ရက်နေ့မှစ၍ အနှစ် ၃၀-လိုင်စင် ထုတ်ပေး ပါ ရန် လျှောက်ထားသည်ကို နိုင်ငံတော်အစိုးရက ၅-နှစ် မျှသာ လိုင်စင်ထုတ်ပေးမည်ဟု ပြန်ကြားခဲ့ ပါသည်။

ဇော်ဂြစ်စိုးရင်း ရေးတတ်

ဖြတ်မြို့၏ ရေရှိရေး ပြဿနာ

ယုံနိုင်စရာအကြောင်း မရှိပါ။

ပင်လယ်ကမ်းခြေ မြို့တမြို့သည်ရေရှိရေးပြဿနာ တရပ်ကို ရင်ဆိုင်နေရသည်ဟု ဆိုပါက ပင်လယ်နှင့် ဝေးကွာသော အရပ် ဒေသများမှ လူများအတွို့ ယုံ တန်းစကား ဖြစ်ချင် ဖြစ်နေပေမည်။

ပြာလဲ့လဲ့ရှိ သော အကျွာပြင်၏ ကမ်းခြေပေါ် တွင် တည်ရှိနေသော ဖြတ်မြို့ဆွ နွေအခါတွင်၊ နေ့ရှိ ရေး ပြဿနာသည် ဆိုးဝါးလှခြင်းမှာ အမှန်ပင် ဖြစ်ပေ သည်။ တခါတရံ ကန့်လန့်လှင်တတ်ဘော သဘာဝ မွေ၏ လက်ဆုပ်ပင်လောဟူ၍ တွေးထင်ဘွယ် ရှိပေ သည်။

ရေအခက်အခဲ၏ ဒွန်တွဲ ပြဿနာများ

အထူးသဖြင့် နွေရာသီများတွင် ရေရှားပါးမှုသည် ဖြတ်မြို့အတွက် စိတ်မချခံမြေ့ဘွယ်ရာ ခံစားရတတ်မှု တရပ် ဖြစ်မပသည်။ အဆိုပါ အခက်အခဲ၏ နောက် ဆွယ်တွင် အခြားပြဿနာရပ်များလည်း ဒွန်တွဲကာ လိုက်ပါလာတတ်ပေသေးသည်။

ရေလုံလောက်စွာ မရရှိခြင်းကြောင့် ညစ်ပတ် ပေကျံမှုများ ရှိနေသည်နှင့် အမျှ လမဲကြိုလမ်းကြား အိမ် ကြိုအိမ်ကြားများ၏ မြောင်းသည် ရွှမလှ မြောင်းမျိုး ဖြစ်ပေသည်။ ဤသို့ သန့်ရှင်းမှု မရှိခြင်းကြောင့်လည်း နွေအခါ ပေါ်ပေါက်လေ့ရှိသော ကျောက်ရောဂါ ဝမ်း ရောဂါ စသည့် ကပ်ရောဂါအမျိုးမျိုးတို့သည် မြို့ပြုသို့ ကြွမဖန်များစွာ အလည်လာတတ်ကြပေသည်။

ဤတွင်မျှ မကသေး ကြောက်မက်ဘွယ်ရာ မီးဘေး များနှင့်လည်း ကြုံကြိုက်ရတတ်ပေသေးရာ အုပ်ချုပ် ရေး အရာရှိကြီးများနှင့် မြို့လူထု သည် နွေအခါတွင် ဤဘေးဆိုးကြီးကို တွေ့ရခဲ့၊ တွေ့ရခဲ့ဖြင့် စိတ်တထင့် ထင့်နှင့်သာ အချိန် ကုန်လွန်ခဲ့ကြရပေသည်။ မြို့ကွက် ကွဲများ၌ အိုးစိတ်ပြိုလျှင် ၿစ်ဒဏ်ကြောင့် ယုက်စီး နေရသောတိုက်တာအိမ်များ၏နေရာ၌ ယာယီအိမ်များ တဲများ ပြွတ်သိပ် နီးကင်စွာ ဆောက် လုပ် ထား ရသဖြင့် မြိတ်တမြို့လုံးသည် နွေအခါ၌ ဧလောင်စာစု ကြီးသာလျှင် ဖြစ်နေပေရာ အဘယ်မှာလျှင် စိတ်ချမ်း မြေ့ဘွယ်ရာ ရှိတော့အံ့နည်း၊

လက်ရှိ ရေ ရှားနေကြရုံ

ယခုအထိမူ ဖြတ်မြို့သည် သာမန်မျက်နှာပြင် ရေ တွင်းများကို သာလျှင် အားကိုးအားထား ပြုကြရ၍ ဒွေကြေးတတ်နိုင်သူတိုင်းတို့သည် မိမိတို့ အိမ်အောက် တွင် ရေတွင်းတတွင်း တူး၍ အသုံးပြုကြလေသည်၊ အဆူးသဖြင့် ထားဝယ်စုနှင့် တလိုင်းစု ရပ်ကွက်တွင် ဤနည်းနှင့်နှင့်သာ ဖြစ်ကြ၏။ ပင်လယ်ရေစင်ဖြစ်သော တလိုင်းစုရပ်ကွက်၌ ရေတွင်း များသည်၊ ရေငံဓာတ်များ ဖြစ်သဖြင့် သောက်ခရ မရရှိကြသည်တိုင် သုံးခရများ အလို့ငှါ ထိုသို့ တူးဖေါ်ထားကြလေသည်၊ ဆင်းရဲသား ရပ်ကွက်များဖြစ်သော နောက်လယ်စေးတန်းကံခေါင်း ကံကြီး တပ်ပြင် မြစ်ငယ် ရပ်ကွက်များတွင်မူကား မြို့နီ စီပါယ်က ဖြစ်ခဲ့ စေတနာထက်သန်သူများက ဖြစ်စေ တူးဖေါ် ပေးထားသော အများသုံး ရေတွင်းများတွင် စုပြုံလျက် ဝိုင်းဝန်း အသုံးပြုကြပေသည်။

ရေ ရှားပါးမှု ဒဏ်ကို မခံရပ်နိုင်သူ အမြင်ကွယ် သော သူဌေးအချို့ကမူ အဝိစိ Arte sian လည်းမ ကျ ယုက်နှောပြင်ရိုးရိုး ရေတွင်းလည်း မကသော Tube Well ခေါ် ပြွန်ရေတွင်းများကို ပေ ၁၀၀၀ ခန့်အထိ အနက်တူးကာ ရေကြော တွေ့သည်နှင့် တပြိုင်နက်ရေ စုပ်စက်များဖြင့် စုပ်တင်လျက် ရေကို ရရှိရန် ကြိုးစားခဲ့ ကြပါသည်၊ ရေ အထွက် နည်းပါးက မိမိတို့ တအိမ် ထောင်သာ သုံး၍ ရေအထွက်များလျှင်မူ ရပ်ကွက်လူ ထုအား ရေပေးလှူကြပေသည်။

ဤရေတွင်းမျိုး မြို့တွင် ၅ လုံးခန့် တူးဖော် အောင်မြင်နေပြီ ဖြစ်ပေသည်၊ ရေ အလွန် ရှား သော ရပ်ကွက်၌ တည်ရှိသည့် မြို့ဆေးရုံ အတွက်လည်း မြို့ခရိုင်ပြည်တော်သာအဖွဲ့က အဆိုပါ ပြွန်ရေတွင်းတ လုံး တူးဖေါ်ရန် ငွေ ၁၀၀၀၀ ခွင့်ပြုသတ်မှတ် ခဲ့သည့် အတိုင်း ယခုအခါ ခရိုင်ဆရာဝန်ကြီး ဒေါက်တာ ကျိုင်

ကုယ်တိုင်ဦးစီး၍ တူးဖေါ်နေပြီဖြစ်ရာ မကြာမီအတွင်း ပြီးစီး အောင်မြင်မည်ဟု ခန့်မှန်းရ ပေသည်။

ရေအလွန် ရှာ၍ ဆင်းရဲသား ရပ်ကွက် ဖြစ်သော နောက်လယ်ရပ်ကွက်၌ အသုံးမပြုဘဲ ရှိနေသည့် မြေတ် မြို့သူငွေးကြီး မစ္စတာ အေ၊အီး အာမက်၊ ပိုင် အဆိုပါ ရေတွင်းမျိုးတလုံးကို မြို့ခံရိုင် ပြည်တော်သာ အဖွဲ့က ငွေတွေ အသုံးချခွင့် ပြုပါရန် အလှူခံ ရရှိခဲ့ပြီးလျှင် ရိုင် ပြည်တော်သာ အဖွဲ့က ၃၅၀၀ တန် အင်ဂျင်စက်နှင့် ရေစုပ်စက်ကို ငယ်ယူပေး၍ ရပ်ကွက်လူထုက လိုအပ် သော အင်ဂျင်စက်ရုံ ပိုက်များ ရေလောင် ကန်များကို စိုက်ထုတ် ဆောက်လုပ်ကြပေသည်။

မည်သို့ပင်ဖြစ်စေ လူဦးရေ ၃၃၀၀၀ ခန့်ရှိသော ခရိုင်မြို့ကြီး တမြို့အတွက် ဤစံနစ်သည် ဝေါ်မို့ သော စံနစ်လည်း မဟုတ် အကျိုး ရှိစွာ လုံလောက် စေနိုင် သောစံနစ်လည်း မဟုတ်ပါပေ၊

ထို ကြောင့်လည်း နွေတိုင် လျှင် အထူး သဖြင့် ရုံးတောင်တဝိုက်ရှိ အိမ်များသည်၊ တောင်၏ အမြင့် ကြောင့်ဝှင်း ရေရှားပါးမှုကြောင့်ဝှင်း ရေတသမ်းလျှင် ပြား ၅၀ ပေးသည် တိုင်အောင် ရေထမ်း သမား များက ကြည်ဖြူစွာ မခပေးလိုကြပေ၊ ခရိုင်ဝန် အဆက် ဆက်တို့သည် ဤပြဿနာကို ခေါင်းရွှပ်စွာ ရင်ဆိုင်ခဲ့ ကြရလေပြီ၊ သာမန် မြေညီအရပ် ထဲတွင်ကား ရေ တထမ်းလျှင် ၂၅ ပြား ပေးခဲ့တတ်ပေသည်။

စစ်မဖြစ်မီ ကာလ စီမံကိန်း

ဤပြဿနာကို လေ့လာ၍ တတ်နိုင်သမျှ စုံစမ်း ခဲ့ရာ မြေတ်ခရိုင်ဝန်ရုံး မှတ်တမ်း ခန်းမ မှတ်တမ်း အချို့ကိုဝှင်း၊ မြေတ်မြို့နှိစီပါယ်အဖွဲ့တွင် အဖွဲ့ဝင်လူကြီး အဖြစ် အနှစ် ၃၀၊ ဥက္ကဋ္ဌအဖြစ် ၁၀-နှစ်ခန့် ဆောင် ရွက်ခဲ့၍ ထူးချွန်သော မှတ်ဉာဏ်ရှိသည့် အမိန့်တော်ရ မင်း ဦးရွှေယွန်း(M.B.E., K.I.H.)ထံမှ စုံစမ်း ဆည်းပူး ခဲ့ရာမှဝှင်း၊ ရှေးယင်းအခါက မြေတ်မြို့ ရေ ရရှိရေး အတွက် စီမံကိန်းတရပ်ရှိခဲ့သည်ကို အထောက် အထား အခိုင်အလုံနှင့် တွေ့ခဲ့ရ ပေသည်၊ သို့ရာတွင် မြေတ်မြို့နှိစီပါယ်ရုံး၏ စစ်မဖြစ်မီက မှတ်တမ်းများမှာမူ စစ်အတွင်း ပျောက်ရှ ပျက်စီးကုန်သဖြင့် လိုအပ်သော အရေးကြီးသည့် အချက်အလက်များ ပျောက်ဆုံးနေ ပါသည်။

မြေတ် ခရိုင်ဝန်ရုံး မြေတ်မြို့ ရေရရှိရေးအတွက် မြေ နေရာ သီးသန့်မှအခွန်တော်ငှာန (မြေ) စာတွဲ အမှတ် ၁-၁၀၊ ၁၉၁၃/၁၄၊ ခုနှစ်တွင် မော်လမြိုင် မြို့တွင် ၁၉၁၃-ခုနှစ် နိုဝင်ဘာလ ၁၇-ရက် နေ့၌ ကျင်း၊ သော တနင်္သာရီတိုင်းမင်းကြီး မစ္စတာဂိုက် (Mr.A.Gaitskell)သန့်ရှင်းရေး အင် ဂျင် နီ ယာ မြန်မာပြည် မစ္စတာ ဂက်ဘက်(Mr.E.Gabbett) ထားဝယ် ခရိုင်ဝန် မစ္စတာ ဂျေ၊ ပီ၊ ဟာဒီ မင်(Mr. (J.P.Hardiman)နှင့် ထားဝယ်ခရိုင် အင်ဂျင်နီ ယာ မစ္စတာ ဟုမ်း(Mr.G.Holme)တို့ပါဝင်သည့် တနင်္သာရီတိုင်း ကျန်းမာ သန့်ရှင်းရေး ဘုတ် အဖွဲ့၏ စည်းဝေးမှတ်တမ်း (၂ ခ) အရ။

မြေတ် မြို့နှိစီပါယ်

ရေပေးရေး။ မြေပုံကို လေ့လာ အကဲ ဓတ်ခြင်း အားဖြင့် အမြင့်မှ အနိမ့်သို့ အလိုအလျောက် စီးဆင်း စေသော နည်းဖြင့် ရေပေးရေး ကိစ္စသည် ဖြစ်မြောက် နိုင်ဘွယ်ရာ အကြောင်း ရှိပေသည်။ သက်ဆိုင်ရာ ခရိုင်ဝန် (မြေတ် ခရိုင်ဝန်) အား အဆိုပါ မြေကွက် တဝိုက်ကို ဤနေ့ပေးရေး စီမံကိန်း အတွက် သီးသန့် ထားရန် ညွှန်ကြားရန် ဆုံးဖြတ် ကြသည်၊ သန့်ရှင်းမှု အင်ဂျင်နီယာကလည်း အဆိုပါ စီမံကိန်းတင်ပြနိုင်ရန် ပြင်ဆင်မှုများကို တတ်နိုင်သမျှ ဆောလျှင်စွာ ဆောင် ရွက်ရန် ဖြစ်ပါသည်။

အဆိုပါစီမံကိန်းမှာ မြေတ်မြို့မြောက်ဘက် ၁၂မိုင်ခန့် အကွာရှိ ခေပေါင်း ဂဂဂ-ပေ မြင့်သည့် နတ်တလင်း တောင် ဆိုသော တောင်ကုန်းမြင့်ပေါ်တွင် တောင်ရိုး များမှ စွမ်းထွက် နေသော ရေများကို ပိတ်ဆို့ကန် ဒဲ့ပြီးလျှင် အမြင့်မှ အနိမ့်သို့ သဘာဝ အလျောက် စီးဆင်း စေနည်း ဖြစ်သော (Gravitation) နည်းဖြင့် မြေနိမ့်ဖြစ်ရာ မြေတ်မြို့သို့ ပိုက်လုံးဖြင့်သွယ် ယူရေးပင် ဖြစ်ပေသည်။

အထက်ပါ ဘုတ်အဖွဲ့၏ ဆုံးဖြတ်ချက်တွင် ပါရှိ သည့် ညွှန်ကြားချက်အရ ထိုစဉ်က မြေတ်ခရိုင်ဝန်သည် အဆိုပါ မြေကွက်တဝိုက်တွင် ကော်ပတ်စိုက်ရန် ဂရံ လျှောက်ထားသော မားဂိုးကရောင်း ရာဘာ အက်စ တိတ် ကုမ္ပဏီ မန်နေဂျာ မစ္စတာ ဂဒ်နာအား ဒီမိ လျှောက်ထားမြေမှာ ယခု ဖေါ်ပြပါ မြေကို ချန်လှပ် လျှောက်ထားရန်ဆင့်ဆိုခဲ့ပေသည်။

အဆိုပါ စာတွဲအရ ဤအချက်အလက်များကိုသာ တွေ့ရှိရပြီးနောက် မြောက်ခရိုင်ဝန်ရုံး အခွန် တော် ဌာန (မြေ) စာတွဲအမှတ် I ၁၁ ၁၉၂၀-၂၁ ခုတွင်လည်း အဆိုပါ မြေကို နယ်နိမိတ်သီးခြား သတ်မှတ်ထားစေ ရန် ခရိုင်ဝန်က မြေစာရင်းဌာန အရာရှိများအား ညွှန် ကြား ပြောဆိုသည့် အတိုင်း လိုက်နာ ဆောင်ရွက်ကြ သည် ကို သိရှိရရုံမှ အပ မည်သို့မျှ ထူးခြားသော အကြောင်းအချက် သဲလွန်စများကို မတွေ့ ရပြန်ပါ။

အမှန်မှာ ဤစီမံကိန်း သည်၊ မြင် မြုန်စီပါယ် အဖွဲ့ နှင့် အစိုးရတို့ကိစ္စရပ်သာ ဖြစ်သည့်အလျောက် ရိုင် ဝန်အနေဖြင့်မူ လို အပ်သော မြေကွက်ကို သီးသန့်ပေး ရေးအတွက် မျှသာ ဤစီမံကိန်းတွင် ပါဝင်ခဲ့ရသဖြင့် အခြားစာရွက်စာတမ်းများ မတွေ့ ရှိရသည်မှာ အံ့သြ စရာမဟုတ်ပေ။

အရေးကြီးသည့် မြုန်စီပါယ်အဖွဲ့၏ မှတ်တမ်းများ ပျောက်ပျက်ကုန် သဖြင့်သာ ဝမ်းနည်း ရပါသည်၊ သို့သော် ကံအားလျော်စွာ ထိုစီမံကိန်း၏ အဖြစ်အ ပျက်ကို ဆက်လက်ဘော်ပြနိုင်သေးသော ထိုစဉ်က မြုန် စီပါယ်အဖွဲ့ဥက္ကဋ္ဌ ဦး ရွှေ ယွန်း ထံ မှ လိုအပ် သော အချက်အလက်များကို ရယူနိုင်ခဲ့ပေသည်။

ဦးရွှေယွန်း၏ ပြောပြချက်အရ မိခြုံမြုန်စီပါယ်ဥက္ကဋ္ဌ ဖြစ်စဉ် ၁၉၂၄-၂၅ ခု နှစ်တွင် အိုရ် ကျန်းမာသန် ရှင်းရော် ဌာနမှ အင်ဂျင်နီယာ ကာနယ် ဟင်စတန် (Col Hingston) နှင့် အငြိုငြယဉ်းသား အရာရှိ တဦးတို့သည် မြောက်မြို့သို့ လာရောက်ကြ ပြီ လျှင် အဆိုပါ ရေပေးရေး စီမံကိန်းကို ၂-နှစ်ခန့်မျှ အသေးစိတ် စုံစမ်းလေ့လာကြပေသည်၊ ၎င်းတို့၏ ကြံရွယ်ချက်မှာ ပြဿနာဖြစ်ပြီးသော နတ်တလင်းတောင် ရေကန်မှ ဖြလင်မ ပြန်များနှင့် အမြင့်မှ အနိမ့်သို့ သဘာဝ အလျောက် စီးဆင်း စေသော နည်းကို အသုံးပြုရန် ဖြစ်ပေသည်၊ အကယ်၍ ရုတ်တရက် ထိုစံနစ်၏ ချွတ်ယွင်းမှုကြောင့် အခက် အခဲ ပေါ်ပေါက်ခဲ့သည် ကြိုတင် ကာကွယ်စီမံ သောင့် ပြိတ်မြို့လည် ခရိုင်ဝန်ရုံး တောင်ပေါ်၌ ယခု ရှေ့နေများ အသင်းတိုက်တည်ရာ ဌာနတွင် မြို့အတွက် ၃-ရက်စာရေကို သိုလှောင်ထားရန်လည်း ရည်ရွယ်ခဲ့ ပေသည်၊ ၎င်းတို့၏ တွက်ချက်မှုအရ မြို့ပေါ်ရှိ အိမ် တိုင်းကို တနေ့လျှင် ဂါလံ ၁၀ ဝ-မျှ ပေးနိုင်မည်ဖြစ်၍၊ ရေသွယ် နည်းမှာလည်း အလွန် အဘိုးချိုသာသော စံနစ်ဖြစ်သဖြင့် အိမ်တအိမ်လျှင် ရေတိုး တလလျှင်-ဒေါ် ၃-ခန့်မျှသာ ကျသင့်မည် ဖြစ်ပေသည်၊ အဆိုပါအင် ဂျင်နီယာ များသည်၊ နတ်တလင်းတောင် ရေ ကန် အောက်နှင့် ရေကန်တဝိုက်ရှိ မြေအမျိုးအစားကိုလည်း သေချာဂနစွာ စမ်းသပ်ကြသည်ဟု သိရှိရ ပါသည်၊ ၎င်းတို့ စမ်းသပ် တွေ့ရှိ ချက်အရ အဆိုပါ မြေသည် ရေကန်အောက်နှင့်ပတ်ဝန်းကျင်တဝိုက်တွင် ရေကိုစိမ့် ၍ စုပ်ယူစေတတ်ခြင်းမျိုးမှ ကာကွယ်နိုင် လောက် သည့် ရွံ့စေးမျိုးရှိကြောင်းကိုလည်း သိရှိရ့ပေသည်။

၎င်းတို့၏ ခန့်မှန်းချက်အရ ဤစီမံကိန်း တခုလုံး သည်၊ သိန်းပေါင်း ၁၉-သိန်းခန့် ကုန်ကျတွယ်ရာ ရှိသည်ဆို၏။

အထက် ဟော်ပြပါ အချက်အလက်များ ပါရှိ သည့်အစီရင် ခံစာကို ၎င်းတို့သည် အစိုးရအား တင် သွင်းလျက် မြောက်မြုန်စီပါယ်အဖွဲ့အား လည် းမိတ္တူတ စောင်ပေးပို့ပါသည်။

အဆိုပါ အစီရင်ခံစာကို ရရှိရာတွင် မြောက်မြုန်စီ ပါယ်အဖွဲ့သည်ဤကိစ္စနှင့်ပတ်သက်၍ စည်းဝေးပွဲ တ ရပ်ကို ခေါ်ယူလျက် တိုင်ပင်ဆွေးနွေးကြပြီးလျှင် မြုန် စီပါယ်အဖွဲ့ဥက္ကဋ္ဌအား သက်ဆိုင်ရာ အစိုးရအရာရှိကြီး များ ဌာနအကြီး အကဲများနှင့် တွေ့ဆုံကာ လိုအပ် သော ငွေကြေး အထောက် အပံ့ကို ရယူနိုင် စေရန် တာဝန်လွှဲအပ်လိုက်ပါသည်၊ အဆိုပါ တာဝန်လွှဲအပ် ခြင်း ခံသည်နှင့်အညီ ထိုစဉ်က မြောက်မြုန်စီပါယ် အဖွဲ့ ဥက္ကဋ္ဌ ဦးရွှေယွန်းသည် အစိုးရ ပြည်သူ့ကျန်းမာရေး ဌာန ပညာ ရေးဝန်ကြီး ဘဏ္ဍာ ရေး ဝန်ကြီး အစရှိ သည်တို့နှင့်ဝင်း အခြား အရာရှိကြီး မြောက်များစွာတို့ နှင့် တွေ့ဆုံခဲ့ပြီးသည်၏ အဆုံးတွင် နိုင်ငံတော် အစိုး ရက ငွေ ၇ သိန်းခွဲ စိုက် ထုတ် အကုန် အကျ ခံ၍ ကျန် ၃ သိန်းခွဲကိုမူ မြောက် မြုန်စီပါယ်အဖွဲ့က အနှစ် ၂၀ အတွင်း ပြန်လည်ပေးဆပ်ရန် ချေးငှါးငွေ အဖြစ် ထောက် ပံ့ရန် သဘောတူ ခွင့်ပြုခဲ့ပါသည်၊ အဆိုပါ အစိုးရက လိုက်လျောသည့် အချက် အလက် များကို ဦးရွှေယွန်းက မြောက် မြုန်စီပါယ်အဖွဲ့အား ပြန်လည် တင်ပြရာ အဖွဲ့က အများ သဘောတူ အတည် ပြု လက်ခံ ကြပါသည်။ ထို အခါ သည် ၁၉၂၆ ခုနှစ် လောက်ရှိနေပေပြီ။

ထိုနောက် ဦးချွေယွန်းသည် ၁၉၃၀ ခုနှစ်တွင် မြိတ်ပြန်စီပါယ် အဲ့ဒ်မှ ထွက်လာပြီး နောက်တွင် မူကား ဌာမှု ခရီးရောက်ခဲ့ပြီးဖြစ်သော ဌာစီမံကိန်းသည် မည်သို့ ဆုံးခန်းသိုင် သွားသည်ကိုမူ မှတ်တမ်းများလည်း ရှာမရ လူအများအား မေးမြန်းသော်လည်း မသိရှိဘဲ ဖြင့်ခဲ့ရ၍ ဌာစီမံကိန်းသည် ရေစုန်မျောခဲ့ရပေသည်။

ထိုကြောင့် ပြည်တော်သာ ခေတ်ဟယ် နိုင်ငံတော် အစိုးရ ပြည်သူ့အိုးအိမ်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေး အဖွဲ့သည် ဌာပျောက် ဟုက်နေသော စီမံကိန်းကို ပြန်လည်ဖေါ်ယူဆောင်ရွက်ပေးခြင်း၊ အားဖြင့်ဖေါ်စီးရင်း ရေငတ်နေသော မြိတ်မြို့၏ ရေရေမျှ ငြိသနာကို ဖြေရှင်းပေးသင့် သည်ဟု ထင်မြင်ပါကြောင်း ရေးသား အပ်ပါသည်။

အကောင်းကြိုက်သူများအတွက်

လွန်ခဲ့သော နှစ်ပေါင်း (၅၀)ကျော်ကာစ၍ တည်ထောင်ခဲ့သဖြင့်

(၁) ပိဌကတ်ပါဠိတော် အဋ္ဌကထာ ဋီကာ အနုယောဇနာ ဂန္ထံတို့၏ ကျမ်းပေါင်း ၁၀၀၀ ကျော် ရိုက်နှိပ်ခဲ့ခြင်း။

(၂) ကျွဲလုပ်ငန်း (ခက်ကလေးအလုပ်) ရှင်ပြု နားသမက်လာ ဘိတ်ခေ ပြေခ ဘီပုံစံ ရှင်းတမ်း စာရေးစက္ကူ၊ အောင်လက်မှတ် ဩဇာခေ ဇည့်သည် အိမ်လယ်ကဒ် (VISITING CARD)များ စိတ်တိုင်းကျပုံနှိပ်ပေးခြင်း။

(၃) အခန်အထား မင်သား ကျနသော ပုံနှိပ်တိုက်အဆင့်အတန်းကို ဖြိအောင် ပြုလုပ်ပေးခြင်း။

သုဓမ္မတိကာပုံနှိပ်တိုက်

စစ်ကဲမြောင်နိုင်လမ်း ၅၅-ရန်ကုန်မြို့

စာတိုက်သေတ္တာ နံပါတ် ၄၀၉၊ စကားပြော ဆနောက် ၁၃၉၁

ပြည့်တော်သာစျေးကြီး

ရေးသူ-ဦးအင်ခိုး
မြတ်မြွှန်စိပါယ်အဖွဲ့-ဘဘွင်းရေးမှူး

★

ဒုတိယ ကမ္ဘာစစ်ကြီးအတွင်းက မြိတ် မြူနီစီပါယ် ရုံးမှ အရေးကြီးသော စာရွက်စာတမ်းများ ပျောက်ဆုံးသွား၍ မြူနီစီပါယ် ဆိုင်ငယ် စျေးကြီး၏ ရာဇဝင်ကို အတိအကျ ရေးသားဖော်ပြခြင်းငှါ မစွမ်း ဆောင်နိုင်သော်လည်း မြူနီစီပါယ် အမှုထမ်း အရာထမ်းဟောင်း များထံမှ ရတတ်သမျှသော အချက် အလက် များကို စုပေါင်း၍ တတ်စွမ်းသမျှ ရေးသား ဖော်ပြလိုက် ပါသည်။

မြိတ်မြို့ ကမ်းနားလမ်း ဧည့်ဖိုးနောက် မြူနီစီပါယ် ဆိုင်ငယ် စျေးကြီး ဆောက်လုပ်ခုနှ ယခု မြိတ် လျှပ်စစ် ဓာတ်အားပေးရုံ တည်ရှိသည့်မြေကွက်နှင့် မျက်နှာချင်း ဆိုင် မြေကွက်ကြီးကို အစိုးရထံမှ ငြေငှါး ပတ္တာဖြင့် ငှါးယူရရှိခဲ့ပါသည်။ ဆိုင်ငယ်စျေးကြီးကို ၁၉၃၉-၄၀ ခုနှစ်တွင် စတင်ဆောက်လုပ်ခဲ့ရာ ဒုတိယ ကမ္ဘာ စစ်ကြီး ဖြစ်ပွားသည့်အချိန်အထိ အေရုံ၊ ဘီရုံ၊ စီရုံ၊ ငါးရုံ နှစ်ရုံ၊ ဝက်သားရုံ၊ အမဲသားရုံနှင့် ဆိတ်သားရုံ တို့သာ အဲ့ဒီးတိုင် ဆောက်လုပ်ပြီးစီးခဲ့ပါသည်၊ မဆောက်လုပ်ဘဲ ကျန်ခဲ့သည့်ရုံများမှာ အထည်ရုံ၊အခြောက်အခြမ်းရုံ၊ ဟင်းသီး ဟင်းရွက်ရုံနှင့် စားသောက်ဘွယ် ရုံတို့ ဖြစ်ပါသည်။

စစ်အတွင်းက အဆိုပါ ဆောက်လုပ် ပြီးစီးခဲ့သော စျေးရုံများအနက် အေရုံနှင့်ဘီရုံတို့မှာ မုံးဒဏ်ခံကြောင့် များစွာ ပျက်စီး ခဲ့ပါသည်၊ စစ်ပြီးဆုံး၍ မြူနီစီပါယ် ပြန်လည်ဖွင့်လှစ် ဖွဲ့စည်းသောအခါ ပျက်စီးသွားသော အေရုံနှင့် ဘီရုံတို့ကို ယာယီ အသုံးပြုနိုင်ရုံမျှ ပြုပြင်ပြီး ယာယီ အထည်ရုံ၊ အခြောက် အခြမ်းရုံ၊ ဟင်းသီး ဟင်းရွက်ရုံနှင့် စားဘွယ်သောက်ဘွယ် ရုံများကိုပူးတွဲပါ (က) အမှတ်အသား ရှိသည့် အဆောက်အဦး အနေ အထား ပုံအတိုင်း ဆောက်လုပ် ခဲ့ပါသည်၊ စျေးအ ဆောက် အဦးဟောင်းများကို ဖျက်ဆီးပွန်စွာ ပြုပြင်ပြီး



ဖြိတ်ခြိုးသုခုလက်ရှိစျေးတွင်
ယာယီရုံများကို အမြဲတမ်း ရုံများအဖြစ်သို့ ပြောင်းလဲ ဆောက်လုပ်ပေးသော်လည်း မူလစျေးအဆောက်အဦး များ၏ အနေအထား အဆင် မပြေမှုနှင့် အဆောက် အဦး အမျိုးအစား ခေတ်မမှီခြင်းတို့ကြောင့် စျေးရောင်း



ချိုသို့ ရောင်းဝယ်နေကြရပါသည်။
သူနှင့် ဝယ်သူများပါ ထာဝစဉ်တွေ့ကြုံ ခံစားနေရသော အခက်အခဲပြဿနာများကို ဖြေရှင်းမပေးနိုင်သည်သာ

နံပါတ် ၁၃ ခ
အိပ်ငယ်မြောက်ရပ်
မြို့မအုပ်စု
မြို့တော်မြို့နယ်အာရှ
မြို့တော်စီရင်စု
စကေး- ၆၄ လက်မ=တစ်မိုင်
၁၉၅၅-၅၃
လမ်းနံပါတ်-၆
မြောင်းကူးတံတား
အိုင်သာများ
ဘိုးသူတော်ကြီးဘုရား
ဘုရားကျောင်း
ဘုရားကျောင်း
ဘုရားကျောင်း

ငါးဈေးများ၊ သို့သား၊ အမဲသား နှင့် ဝက်သား ဆိုင်များမှာ
ရှိရင်း အ ဆောက် အဦးများဖြစ် ၍ ကျန် အဆောက် အဦး
များမှာ ထပ်မံ ဆောက်ရန် ရည်ရွယ်ထား သည့် အဆောက်
အဦးများ ဖြစ် သည်။

ကျေးဇူးများ ခံစားရမည်ကို သုံးသပ်ရန် လိုပေလိမ့်မည်၊ ဆိုင်ငယ်စျေးကြီးကို ပြန်လည်မွမ်းမံ ဆောတ်လုပ်ပြီးစီးသောအခါ စျေးပတ်ဝန်းကျင်၌ အနောက်မှက်နှာမှတပါး ဆိုင်ခန်းများ ရှိနေမည်ဖြစ်၍၎င်း၊ ဆိုင်ခန်းများကို လမ်းဘေးဆိုင်များက အရှေ့ဘက်မှကာဆီးနေမည်ဖြစ်သောကြောင့် ၎င်းလမ်းဘေးဆိုင်များမှဆိုင်ခွန်များ ဆက်လက်ရရှိရန် အကြောင်းမရှိသဖြင့် စျေးဟောင်း၏ ဝင်ငွေကို တွက်ချက်ရာတွင် ထိုလမ်းဘေး ဆိုင်ခွန်များကိုပါ ထည့်သွင်း တွက်ချက်ရန် လိုအပ်ပေသည်၊ စျေးပြန်လည်မဆောက်လုပ်မီက ရရှိသည့် တန္ခစ် အတွက် ပျမ်းမျှကြေး ငင်းငွမှာ (လမ်းဘေးဆိုင် ၁၅၅၀၀ နှင့် အေရုံ၊ ဘီရုံ၊ စီရုံ၊ ဝက်သားရုံ၊ အမဲသားရုံ နှင့် ဆိတ်သားရုံတို့ရှိ ဆိုင်ခန်းများ ၁၃၀၀၀ နှင့် နွေစဉ် စျေးကောက် လိုင်စင်ခွန် ၁၄၅၀၀- ဒုစုပေါင်း ၄၃၀၀၀ မျှသာ ဖြစ်ပါသည်၊ စျေးပြန်လည် ဆောက်လုပ် ပြီးစီးသောအခါ ရရှိရန် မျှော်လင့်သည့်ဝင်ငွေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

အေရုံ (အရွှေ့၁၂ခန်း) တခန်းလျှင်တလ	၁၅၀
တန္ခစ်အတွက်	၂၁၆၀၀
၎င်း (အနောက်၁၂ခန်း) တခန်းလျှင်တလ	၇၅
တန္ခစ်အတွက်	၁၀၈၀၀
ဘီရုံ (၁၆ခန်း) တခန်းလျှင်တလ	၁၅၀
တန္ခစ်အတွက်	၂၈၈၀၀
အီရုံ (အရွှေ့၂၅ခန်း) တခန်းလျှင်တလ	၉၀
တန္ခစ်အတွက်	၁၅၀၀၀
၎င်း (အနောက်၂၂ခန်း) တခန်းလျှင်တလ	၂၅
တန္ခစ်အတွက်	၆၆၀၀
ဝက်သားရုံ၊ အမဲသားရုံ၊ ဆိတ်သားရုံတို့မှ	
တန္ခစ်အတွက်	၂၃၀၀
စျေးအနောက်မျက်နှာရှိလမ်းဘေးဆိုင်များမှ	
တန္ခစ်အတွက်	၂၄၀၀
နွေစဉ် စျေးကောက် လိုင်စင်ခွန်	၁၄၅၀၀
ရရှိမည့် ငွေပေါင်း	၁၀၂၀၀၀

ဤမှသော ဝင်ငွေတွက်ကိန်းအရ နိုင်ငံတော်အစိုးရ ထံမှခွေးငွေ ရှစ်သိန်းကျော်ကိုအတိုးနှင့်အရင်းအရှစ်ကျ

မက မြူနီစီပါလိတ်တွင်လည်း ရံပုံငွေ ရသင့်သလောက် မရရှိဘဲ ဆုံးရှုံး နစ်နာလျက်ပင် ရှိခဲ့ချေမည်။ အေရုံ၊ ဘီရုံနှင့် စီရုံတို့ကို စျေးမြေခြေးမှ ၁၉၄၀-ခန့် အတွင်း ဘက်ကသော နေရာများ၌ ဆောက်လုပ် ထားခြင်းကြောင့် ၎င်းအဆောက် အဦးများ အတွင်းဘက်ရှိ မြေကွက်သည် ကျယ်သင့် သလောက် မကျယ် သဖြင့် ဈေးသည်များအတွက် ရောင်းချရန်နေရာ ကျဉ်းမြောင်း သွားပါသည်၊ အဆိုပါ စျေးရုံများရှိ ဆိုင်ခန်းများလည်း အတွင်းကျဉ်းခြင်း အရောင်းအငေါ်ညံ့ဖျင်းသည်နှင့်အမျှ ဆိုင်ခန်းခ ရသင့်သည်ထက် များစွာ လျှော့ပေါ့ခွာ ရှိနေပါသည်၊ အထူးသဖြင့် စျေးပတ်ဝန်းကျင်ကို ပိတ်ဆို့ကာရံ ထားသော ဝင်းခြံ သော်ငင်း ဆိုင်ခန်းများ သော်ငင်း မရှိခြင်းကြောင့်လည်း စျေးဝိတ်ခိုနှုန်းဘင် လူများဥဒဟို ဝင်ထွက်သွားလာ နိုင်သဖြင့် စျေးအဆောက်အဦးများကို စောင့်ရှောက် ထိန်းသိမ်းရာတွင် များစွာခက်ခဲပါသည်။

အထက်ဖေါ်ပြပါ အဆင်မပြေမှုများ ပပျောက်ရန် နှင့်မြူနီစီပါယ်ငွေ တိုးတက်မှုတို့ကိုရှေ့ရှု၍ (ခ) အမှတ် အသား ပါရှိသည့် အဆောက်အဦး အနေအထားပုံ အတိုင်း ဧေတ်မှိသော ပြည်တော်သာ စျေးကြီးအဖြစ် သို့ မွမ်းမံ ဆောက်လုပ်ရန် ကြံရွယ် ထားပါသည်၊ အဆောက်အဦး အသစ်များအပြင် အဆောက်အဦး တခုမှ တခုသို့ သွားလာရန် ၁၆-ပေ ကျယ်ပြန့်သော ကတ္တရာစေးခင်း လမ်းများ ဖေါက်လုပ်ပေးခြင်း လမ်းများနှင့် အဆောက်အဦးစပ်ကြားရှိ မြေကွက်လပ်များကို ကွန်ကရိပြားများဖြင့် ခင်းပေးခြင်း လမ်းဘေးတွင် ကွန်ကရိရေမြောင်းများ ပြုလုပ်ပေးခြင်း ရေမြောင်းများနှင့် သားငါး ရောင်းချသည့် ရုံများတွင် နေ့စဉ်ဆေးကြောပေးနိုင်စေရန် ရေပိုက်များ ဆက်သွယ်ပေးခြင်းနှင့် ခေတ်မှီ စျေးဒိမ်သာများ ဆောက်လုပ် ပေးခြင်းတို့ အတွက် ခန့်မှန်းခြေ ငွေပေါင်း ၈၅၁၀၁၀၀-ကျပ်ခန့် ကုန်ကျပါမည်၊ ဆိုင်ငယ်စျေးကြီးကို ပြန်လည်မွမ်းမံ ဆောက်လုပ်ရန် လိုအပ်သော ငွေများကို နိုင်ငံတော် အစိုးရထံမှ ချေးငှါးရန် တနည်းနှိုတိုင်း ပြည်တော်သာ အဖွဲ့မှ တဆင့် လျှောက်တောင်းထားပြီး ဖြစ်ပါသည်။

နိုင်ငံတော် အစိုးရထံမှ ငွေရှစ်သိန်းကျော် ချေးငှါးပြီး ဆိုဝင်ငယ်စျေးကြီးကို ပြန်လည်မွမ်းမံ ဆောက်လုပ် ခြင်းမှကြောင့် မြို့ မြူနီစီပါယ်တွင် မည်ကဲ့သို့သောအကျိုး

တန္ခစ် တကြိမ် ပေးဆပ် သွားပါလျှင် ငွေပြန်လည် ပေးဆပ်ရန် ကန်သတ်ထားသော နှစ်ပေါင်း ၁၅-နှစ် အတွင်း အပြေပေးဆင်နိုင်ရန် အကြောင်းရှိပါသည်။

မြို့ဖွံ့ဖြိုးရေးပါတီ ရံပုံငွေအထဲမှ တပြား တချပ်မျှ စိုက်ထုတ်ခြင်း မပြုရဘဲ ရှစ်သိန်းကျော်တန် ဈေးကြီးကို လက်ဝယ်ရှိပြီးလျှင် ချေးငွေ အတိုးနှုန်း အရင်း ပေးဆပ်ရမည့် ၁၅-နှစ် ကျော်လွန်သော အချိန်တွင် မြို့နယ်စီပါယ်၏ ဝင်ငွေမှာ ဈေးဘက်မှ တန္ခစ်လျှင် ငွေ-၄၉၀၀၀ ပိုမို ရရှိမည်ဖြစ်၍ မြို့၏ စည်ပင်သာယာရေး လုပ်ငန်းရပ်များအတွက် ငွေပို များကို လွှဲပြောင်းအသုံးချနိုင်မည် ဖြစ်ပါသည်။

မြို့တိုး မြို့နယ်စီပါယ်အဖွဲ့ကြီး၏ ဆိုင်ငယ် ဈေးသစ်ကြီး တည်ဆောက်ရန် ကြိုးပမ်းချက်သည် အထက်ပါအတိုင်း ခိုင်လုံသင့်မြတ်သော အခြေခံအချက်များ ပေါ်တွင် တည်ရှိနေသည်ဖြစ်သဖြင့် နိုင်ငံတော် အစိုးရက မြို့မြို့ကြီးပွားတိုးတက် ပိုမို စည်ပင် သာယာရေး ၊ ဝါ၊ ပြည်တော်သာရေးကို ရှေ့ရှုကာ မြို့ဖွံ့ဖြိုးရေးပါတီ အဖွဲ့မှ ဈေးအတွက် ချေးငွေ ၁၅၁၀၀၀ ကို မြန်မာကြေးထုတ်ချေးလိမ့်မည်ဟု တထစ်ချ ယုံကြည်ကိုးစားလျက် ရှိပါသည်။

ဗမာ့ဂုဏ်ရောင် ပွဲရုံကြီး

မြို့တိုး စိမ်းစားငါးပိ အမျိုးမျိုး- စိမ်းစားငံပြာရည်- ငါးဘုတ်ပြား- ပုဇွန်ခြောက်- ကွမ်းသီးခြောက် မှစ၍- မြို့တွင်းမှ ထွက်သော ငါးခြောက် အမျိုးမျိုးများအပြင် တခြား ကုန်ခြောက် များကို နည်းများမဆို ရနိုင်ပါသည် ဝယ်ယူမိတ်ဆက်တော်မူကြပါ။

အထူးသဖြင့် မြို့တွင်းမှ ကုန်သည်ကြီးငယ်များ၏ တင်ပို့ပေးကြသော ငါးပိငံပြာရည်မှစ၍ မြို့တွင်းထွက်ကုန်များကို တွင်ကျယ်စွာဖြင့် အချိန်မှီခေါင်းချပေးလျက် ရှိပါကြောင်း။

"ဗမာ့ဂုဏ်ရောင်"

ဈေးကြီးရှေ့ ပွဲစား

အမှတ် ၃၅-၁၀-လမ်း ရန်ကုန်မြို့။



DR. S. H.GOH. (L.D.P)
NEAR POST OFFICE,
M E R G U I.
(ESTABLISHED SINCE 1932).

ဒေါက်တာ အော့ စ် အိဝ်ချ် ဂို့ ရှ်၊ အယ်လ်ဒီဘီ
စာဘိုက်ကြီးအနီး ဖြာဘွဲ့
(၁၉၃၂-ခုနှစ်မှ စတင်တည်ထောင်သည်)

သွားစိုက်ခြင်း၊ သွားနှုတ်ခြင်း၊ ဖျဲထေးခြင်းတို့ကို မနာကျင်စေသော ခေတ်မှီစံနစ်သစ်ဖြင့်ဂင်း၊ သွားပုံတူများကို အမေရိကာ၊ အနောက် နိုင်ငံကြီးများ စံနစ်အရ သဘာဝကျကျနှင့် တာရှည်ခံအောင် ပလပ်စတစ်များဖြင့်ဂင်း၊ အဘိုးနှုန်းသက်သာစွာဖြင့် ဆောင်ရွက်ပေးနေပါပြီ။

ကြွရောက် ချီးမြှင့်တော် မူကြပါ။

ကျေးဇူးတင်လွှာ

ဖြတ်နှင်ပြည်တော်သာ စာစောင်ကား ထွက်ပေါ်ခဲ့ပေပြီ။

ဤစာစောင် အောင်မြင်စွာ ပြီးမြောက်ရေး အတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီကြသူများအား ကျေးဇူးစကား ဆိုအပ်ပါ၏။

ရှေ့ဦးစွာ ဤစာစောင် ကော်မိတီအဖွဲ့ဝင် အပေါင်းတို့အား အထူး ကျေးဇူးတင်ပါ၏။ ဒိမိက္ခိသာမန် ရယူသင့်သည့်နှုန်းထားထက် လျော့ပေါ့၍ ပြည်တော်သာစိတ်ဓါတ်ဖြင့် အားကြိုးမာန်တက် ကူညီကြသည့် ပန်းချီ တာဝန်ခံ ဦးရွှေဘင် နှင့် ဓါတ်ပုံ တာဝန်ခံ ဦးအေးသောင်တို့အား၎င်း၊ ကြော်ငြာများ ရရှိရေးအတွက် ပင်ပန်းကြိုးစွာ လိုက်လံ ဆောင်ရွက် ကြသော အလုပ် မန်နေဂျာ ဦးရှုအင် နှင့် တွဲဘက် မန်နေဂျာ ထောက်ပံ့ရေးအုပ် ဦးဗခင်တို့အား၎င်း၊ ရန်ကုန်မြို့ရှိ မြတ်ခရိုင် နှင့် ပတ်သက်သော လုပ်ငန်းရှင်များတံမှ ကြော်ငြာများ ရအောင် ကြိုးစားကူညီကြသည့် မြတ်အသင်းဥက္ကဋ္ဌ ပွဲစားကြီး ဦးယုဆိုင် ဦးချစ်ထုံးနှင့် မြတ်အသင်းအမှုဆောင်လူကြီးများအား၎င်း ကျေးဇူးတင်ရှိပါ၏။

ဤစာစောင် ငွေရေး ကြေးရေး အတွက် အင်တိုက် အားတိုက် ကူညီခဲ့ကြသည့် မြတ်ခရိုင်အတွင်း မြို့နယ်ပြည်တော်သာအဖွဲ့ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်အပေါင်းတို့အား၎င်း ဥပကာရတင်ရှိကြောင်း ကျေးဇူးအပ်ပါသည်။

ဤစာစောင်တွင် ပါဝင်ကူညီရေးသားကြသော ဌာနဆိုင်ရာ အရာရှိများနှင့် ဆောင်းပါးရှင်တို့၏ ကျေးဇူးများကိုလည်း မှတ်တမ်းတင်ပါ၏။

အထူးသဖြင့် ဤစာစောင်ပါ ဆောင်းပါး အများအပြားကို ကူညီ ရှာဖွေရေးသားသည်သာမက ရန်ကုန်မြို့သို့ အလုပ်ဝတ္တရား ပြောင်းရွှေ့ထမ်းရွက်ရာတွင် ပရမတ် ပုံနှိပ်မှုကြွင်းများ သုတ်သင်ကူညီခဲ့၍ ဤစာစောင် အောင်မြင်စွာ ဖြစ်ပေါ်လာရေးကို အစွမ်းကုန်ကူညီခဲ့သော ကျွန်တော်၏ တွဲဘက်စာတည်းယခင် မြတ်ခရိုင်ဝန်ရုံး စာရေးချုပ် ယခု ရန်ကုန်မြို့ ကုန်သည်လမ်း နယ်သာလင်ဘဏ် အဆောက်အဦး အပေါ်ထပ် စက်မှုလက်မှု သုတေသန အဖွဲ့ လုပ်ငန်းဘက်ဆိုင်ရာ အထက်တန်း လက်ထောက်အရာရှိ ဦးဆန်းတင် အား ကျေးဇူး အထူးတင်ရှိပါကြောင်း ကျေးဇူးစကား ဆိုအပ်ပါသည်။

စာတည်း။

ဥတုမရွေး–လူမျိုးမရွေး သုံးဆောင်နိုင်သော

သိန်းမြင့် ဆေးပေါ့လိပ်



အလှူမင်္ဂလာ ရှင်ပြု သာဓေး–နာဓေး နှင့် ရောင်းစား

လိုသူတိုင်း အထူးနှုန်းနှင့် ပေးနေပြီ

ဖြန့်ဖြူးရောင်းချသူ

သိန်းမြင့်

ဒါးဝယ်စု-မြိတ်မြို့။

ဝယ်သူများစွာကြွရောက်လာ
ကိုယ်စိတ်ချစ်ဖြာ ချဖြီးသာပါစေ။

ဝင်း စိန်လွန်း အောင် ဆန်း

☆

ရွှေ ငွေ ရတနာ နှင့် မန္တလေးပိုးထည် အမျိုးမျိုး လက်လီ လက်ကား ရနိုင်ပါသည်။

★

ကမ္ဘာလုံးတံဆိပ် သက်နှံး ပရိက္ခရာ ဂျစ်ပါးအစုံ ချေးနှုန်း မှန်ကန်စွာနှင့် လက်လီ လက်ကား ရောင်းပါသည်။

★

နိုင်ငံခြားမှလာသော ပိုး ဓဲ နိုင်လွန် ဆင်ဖြန်းရန်အထည် အမျိုးမျိုး ရနိုင်ပါသည်။

★

ခေတ်မှီသော ထီးဘိနပ်အမျိုးမျိုးနှင့် အလှကုန်အမျိုးမျိုး ရနိုင်ပါသည်။



ဒုစ်ပေါင်း-၃၀-ကျော်က
နာမည်ကျော် ကြာ:ခဲ့သော
ကုတ်တီဘီဒီ
ကိုသုံးစွဲတော်မူကြပါ—
မြို့တိုင်းမြို့။ - အာတွက် - ကိုယ်စား: လည်ပျား: -
နယူး:စတိုး:
HEAD OFFICE:- တလိုင်:စုရပ် မြို့တိုင်းမြို့။
KUTTY & Co., 285, FRASER ST., RANGOON.
ကုတ် တီ:အင်ကုမ္ပဏီ
၂၈၅-ဖရေဇာလမ်း ရန်ကုန်မြို့။

ပါဒါး(နှ)အာ(ဓ) ဘာလ်ဟင်ဒိုချား အင် ကုမ္ပဏီ
ဆိုင်ယန်ရပ်-မြောက်ဖို့။

PRADHAN AMBANAN HINDOCHA & Co.,
General Merchants & Commission Agents.
SEIKNGE QUARTER
MERGUI
(L.BURMA)
Tele. Add: "JAI-HIND"
You will get here always fashionable
clothes at moderate rates

ဖြတ်ပင်ရင်းပွဲရုံ

ကျွန်တော်များထံတွင် စိမ်းစားငါးဝိ အမျိုးမျိုး စိမ်းစားငံပြာရည် အစစ်-အကောင်းစားနှင့် အခြားပြိတ်မြို့မှ ထွက်သော ကုန်အမျိုးမျိုးများကို ဈေးနှုန်းမှန်ကန်စွာနှင့် အဝယ်တော်များ စိတ်တိုင်းကျ ဆောင်ရွက်ပေးနေပါသည်။

၎င်းနေးက် ဆေးပြင်းလိပ် အကောင်းသောက်လိုသူများအတွို့ အထူးကောင်းမွန်လပ်ဆပ်သော ဆေးကောင်း ဆေးသန့်များနှင့်သာ စိမံသားသည့် ဒေါ်မြင့်၏ လင်းယုံနှင့် ကမ္ဘာလုံး တံဆိပ်ဆေးပြင်းလိပ်များကို သုံးဆောင်တော်မူကြပါ။

မည်သည့် အနံ့အသက် အမွှေး၊ အကြိုင်များ၊ ရောစပ်ထားခြင်းမရှိဘဲ ပကတိသဘာဝဆေး၏-အနံ့နှင့် အရသာကိုသာလျှင်ကြိုက်နှစ်သက်၍ သုံးဆောင်သူတိုင်း၊ ထောက်ခံအားပေးလျက်ရှိပါသည်။

လင်းယုံနှင့် ကမ္ဘာလုံး ဆေးပြင်းလိပ် ဖြန့်ချိရေးဌာန

ဒီဂျန်-ဒေါ်မြင့် | မောင်လှိုင်သိန်း
အမှတ် ၂၅-၂၇-၁၀လမ်း | ထား၀ယ်စုရပ်-ဘီလမ်း
ရန်ကုန်မြို့ | မြို့ဘ်မြို့

THE MODERN STORES

GENERAL MERCHANT AND COMMISSION AGENTS

Seiknge Quarter, Mergui Lower Burma.

သံတန်ဆာများ၊ လျှပ်စစ်ခဲတံမီး ကိရိယာများ၊ ကော်ပါတ်ခြိုလုပ်ငန်း အတွက် ပစ္စည်းများ၊ ဝိသုကာ တန်ဆာများ၊ သတ္တု ဟူးပေါ်ရန် တန်ဆာပလာများ၊ သံ, သံမဏိ၊ သွပ်ပြား အမျိုးမျိုး၊ စာရေးကိရိယာများ၊ ဘိလပ်မြေ၊ ခဲမိသုတ်ဆေး အမျိုးမျိုး အရောင်တင်ဆေး၊ စက်ဆီ၊ အမဲဆီ၊ ကြေးချောင်း၊ ကြေးပြားများ၊ ကြေးနှုန်းကြိုးများ၊ ပါကင်ပြားများ စသည်တို့ အပြင် စက်ကိရိယာများ၏ အစိတ်အပိုင်း အမျိုးမျိုးကို မှန်ကန်သောဈေးနှုန်းဖြင့်ရနိုင်ပါသည်။

ဂိုလာ(တ်)နှင့် မူလာကုမ္ပဏီ (မုတ်ဆိတ်ဆိုင်ကြီး)

GOOLAB & MOOLLA COMPANY.

General Provisions & Chemical Merchants

C/o 288, Edwards Street,
Post Box 1384, Rangoon.

Dawezoo Quarter,
Mergui.

မြိတ်ခရိုင်အတွင်း ဆေးမျိုးမျိုးကို အများဆုံး
သိုလှောင် ရောင်းချသည်။

(၁) အင်ပီးရီးရယ် ကယ်ဒီကယ်-အင်ဒတ်စထြေး (ထွက်ကုန်) လီမိတက်၊
(၂) ဂူးမက် ကော်-စ်
(၃) အယ်သ ဘက်ဒေဗစ် ကုမ္ပဏီ လီမိတက် တို့အတွက် တဦးတည်း ကိုယ်
စားလှယ် ရှိ၍ ခြောက်ခြှေ့ ဆရောင်း အသီးသီးက အားပေး ချီးမြှင့်လျက်
ရှိပါသည်။

ထို့ ပြင်

စားကုန်အမျိုးမျိုး၊ ဆီအမျိုးမျိုးကို လက်လီလက်ကား ရောင်းချပါသည်။
တကြိမ်တခါ အလည်အပတ် ကြွရောက်တော် မူကြပါ။

The Central Pweyone

No 45, 10th Street,
Rangoon.

ဗဟိုရိပ်သိုရုံ

အမှတ် ၄၅-၁၀ လမ်း ရန်ကုန်မြို့

ဖြတ်ထွက်ကုန်များ စိမ်းစားငါးပိ စိမ်းစားငံပြာရည်
စသော ကုန် အမျိုးမျိုးများနှင့် ပြည်တွင်း ထွက် ကုန်များ
ကိုလည်း ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းဝယ်
ပေးနေပါသည်။

ထူးခြားမည်

ထောင် သောင်း ချီ၍ ငွေကုန်ခံပြီး နိုင်ငံခြားသို့ သွားမည့် အစားပြည်တွင်းပြည်ပ ဘာသာ သာသနာ ဗဟုသုတလိုလား သူတို့အတွက်-

နိုင်ငံခြားဗဟုသုတ စာအုပ်ကြီးကို ဘတ်ပါ

ဖြတ် ဒီစတြိဘ် ပုလေဝမြို့ မေဝိသာယာကျောင်း တိဝိဒုကာလက်ခရဲ့ဇွဲတံဆိပ် ဘော်ရဲ ဘိက္ခု ဦးဃောသဓမ္မ(T.P.K.)တိဝိဒုက ပထမကျော် ဆရာတော်ရေးသားသည်။

(ဒုတိယအကြိမ်-ရိုက်နှိပ်နေပြီ)

တအုပ်မှ ဒို-တည်း
ဓမ္မ ဒါနအတွက် အကျိုးဆောင်
ဦးချစ်ထုန်း-ဖြတ်ပဲ့ရံ
နံပါတ် ၃၃-ဘုန်းကြီးလမ်း ရန်ကုန်မြို့

ကိုယ်စားလည် လုပ်လိုသူများ အဖြေနိုဝံ့ခဓမ်းပါ
ပြည်တော်သာ၍ နိုင်ငံသူ နိုင်ငံသား အပေါင်း
ကျမ္မာ ချမ်းသာ ကြပါစေ။
(ပုံ) ဦးဃောသဓမ္မ T.P.K.

အိတ်ဟွပ်ပဲ့ရုံ

နံပါတ် ၈၆-လှည်းတန်း{စတီဗင်ဆင်}လမ်း ရန်ကုန်မြို့

ဓာတိုက်သေတ္တာနံပါတ် ၇၉၃-ကြေးနန်းလိပ်

အိတ်ဟွပ်ရန်ကုန်

တယ်လီဖုံး ရီဂျင့် ၄၀၉-

ဖြတ်မြို့နှင့် ခရိုင်မှထွက်သော စိမ်းစားငပိ ငံပြာရည် ငါးခြောက် ခူးရင်းယို များနှင့် ကုန်ခြောက်အမျိုးမျိုးတို့ကို ရောင်းဝယ်ဖေါက်ကားပေးနေပါပြီ။

ကုန်သည်အပေါင်းတို့၏ အားထားယုံကြည်ခြင်းခံရပြီး လုပ်ငန်းအရပ်ရပ်တွင် ကိုယ်တိုင်ကြပ်မတ်ဂရုစိုက်ဆောင်ရွက်ပေးနေပါသဖြင့်ကုန်သည်တိုင်းမိတ်ဆွေဖြစ်ဆက်သွယ်ကြစေလိုပါသည်။

မြတ်ခရိုင်လူထုနှင့်တကွ ကုန်သည်အပေါင်းတို့အားပြည်တော်သာ ပန်းတိုင်သို့ကိုယ်စိတ် နှစ်ဖြာကျမ္မာစွာဖြင့် ရည်မှော်ကာ တက်လှမ်းနိုင်ကြပါစေသော်။

စနစ်မြင်-မုန့်ဆိုင်ကြီး

ထားဝယ်စုရပ် ဖြတ်မြို့။

ကျွန်တော်တို့၏ စန်စွမ်ရှင် မုန့်ဆိုင်ကြီးမှ အနုံအရသာနှင့်ပြည့်စုံသော နွားထပ်မုန့်၊ မုန့်ပဲလျော်၊ မုန့်လက်ညှိုး၊ စားငွဲတင် မုန့်အမျိုးမျိုးတို့ကို အဘိုးနှုန်း ချိုသာစွာဖြင့် လက်သီလက်ကား ရောင်းချလျက်ရှိပါသည်။ ၎င်းပြင်မုန့်လုပ်သော ပစ္စည်းများကိုလည်း ရောင်းချနေပါကြောင်း။

မိတ်ဆွေများ စိတ်တိုင်းကျ ဝယ်ယူမိတ်ဆက် အားပေးတော်မူကြပါ။

အက်စ်၊ အီး၊ မာရက် ဘရားသား

ဆိပ်ငယ်ရပ်၊ မြို့တွင်းမြို့။

S.E. MAYET.BROS.

SEIK NGE QUARTER.

MER GUI.

Dealer in

Mill Stores, Hardwares, Planters, Mining Stores, Automobile Parts, Boirsion and Oilman Stores.

ပြည်တော်သာ

PATEL & Co.,

DAWE ZU MERGUI

Tele Address: - Hajico - Mergui

Kosamd Rangoon

ပထားခရိုင်တစ်ခုလုံး၏

ပြတ်-ပထားဆိုင်ကြီး

ထာဝစဉ်စုရုပ်-ဖြတ်ဖြို့။

The Stores That Serves The District.


Honesty Is Our Best Policy.

WHOLE SALE & RETAIL

Dealers In Provisions, Oilman Stores, Patent Medicines Etc.

Suppliers To The Minings, Rubber Estates Etc.

Be Sure That The Goods You Have Purchased From Our Shop Is Genuine.


မြို့မ
ပန်းချို
ဒါ:ဝယ်စို့
မြိတ်မြို့
မြိတ်နယ်လူထုတို့၏
အလုပ်တွင်ကျယ် လိုလျှင်-
ကြွရောက်စုံစမ်းတော်မူကြပါ
-သပ်ရပ်ခန့်ငြားသော-
•ကျော်ငြာအာမီး:မီး:
•ဆိုင်းဘုတ် " "
•ပုံတူများ: ဆီသော ရေသော:
•ရွှမျှော်ခင်: " "
•တံဆိပ်များ:နှုံ:ဒီဇိုင်:
•ဘလောက်· ရုပ်ရှင်ပိုစတာ
•ဆလိုက်များ:လုပ်ပေးနေပါပြီ